
# ကျွန်တော်သိသော
# ဒေါက်တာခင်ရွှေ



## မောင်ပန်းမွှေး

# ကျွန်တော်သိသော

# ဒေါက်တာခင်ရွှေ



## မောင်ပန်းမွေး

# ကျွန်တော်သိသော ဒေါက်တာခင်ရွှေ

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| **စိစစ်သူ** | **မောင်မန်းမွှေး (အယ်ဒီတာချုပ်)**<br>သာသနာ့အလင်းဂျာနယ်<br>ဌာနမှူး၊ သတင်းနှင့်ပြန်ကြားရေးဌာန၊<br>မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ<br>ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်<br>တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ အုပ်ရေ (၂၀၀၀) |
| ထုတ်ဝေသည့်ကာလ | ၂၀၁၄ ခုနှစ်၊ မတ်လ။ |
| ထုတ်ဝေသူ | ဒေါ်မျိုးမျိုးလတ် (၀၅၀၈၉)<br>ရွှေခေတ်စာပေ<br>အမှတ် (၂၁)၊ ဒါနလမ်း၊ သာယာကုန်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | ဦးကျော်စန်းလင်း (မြ-၈၆၉)<br>EVERGREEN OFFSET<br>အမှတ် (၁၉၉)၊ လမ်း (၅၀)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | စုရည်မွန် (သာသနာ့အလင်းဂျာနယ်) |

မောင်မန်းမွှေး CIP - 294.3

ကျွန်တော်သိသော ဒေါက်တာခင်ရွှေ - ရန်ကုန်

၈ - ၃၆၀ ; ၁၃ × ၂၀ စင်တီ။

မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့်
ရဟန်းထူး ပေါင်းချုပ်ကြီး ပထမတွဲ၊ ဒုတိယတွဲ၊
တတိယတွဲ
အပါးပေါင်း (၃၀၀)၊ မြန်မာနိုင်ငံ ဝိဇ္ဇာပေါင်းချုပ်ကြီး၊
ကျိုက်ထီးဆောင်းဋီကာ ပေါင်းချုပ်ကြီး စသည်
ရေးသားပူဇော်သော
ဝိဇ္ဇာအထွေထွေဂုဏ်ထူး၊ မဟာဝိဇ္ဇာဘွဲ့ထူး ရ
ကဗျာဆရာ၊ စာရေးဆရာ၊ ကျမ်းပြုဆရာ

## မောင်ပန်းမွှေး

## ၏

# ကျွန်တော်သိသော ဒေါက်တာခင်ရွှေ

# မိတ်ဆက် အမှာစကား

အမျိုး၊ ဘာသာ၊ သာသနာအကျိုးဆောင်၊ အများအကျိုးဆောင်၊ ဘုရားဒါယကာကြီး အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ၏အကြောင်းကို ခရစ်နှစ် (၂၀၀၀) အထိ စာတွေ့ ငါတွေ့ ကျွန်တော်မှတ်မိသမျှ ပြန်လည် ပြောဆိုခြင်းသာ ဖြစ်ပါသည်။ ကြွင်းကျန်သော အကြောင်းအရာများ ရှိပါလိမ့် ဦးမည်။ ခရစ်နှစ် (၂၀၀၀) ပြည့်နှစ်မှစ၍ယနေ့ (၂၀၁၃) အထိ များစွာကျန်ပါသေးသည်။ ထို့ကြောင့် ယခုစာ ကား နိဒါန်းမျှသာ ဖြစ်ပါသည်။ အကြို မိတ်ဆက်မျှသာ ဖြစ်ပါသည်။

ဒေါက်တာခင်ရွှေနှင့် စပ်လျဉ်း၍ ကျွန်တော် သိသမျှ အချက်အလက်များ(ဝါ) လူမသိသေးသော (ဝါ) လူသိနည်းသော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

(၁) တပုဿ၊ ဘလ္လိကလက်ထက်တွင် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အချိန်က မြန်မာနိုင်ငံသို့ (ဝါ) သုဝဏ္ဏဘူမိသို့ ပထမအကြိမ် သာသနာတော်ကြီး ရောက်တော်မူပါသည်။ ထိုစဉ်က တပုဿ၊ ဘလ္လိက ကုန်သည် ညီနောင်တို့သည် ရွှေတိဂုံစေတီတော် မတည်မီအချိန်ကဖြစ်၍ ဒလတောကြီးတန်းတစ်လျှောက် ယခု ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ တွံတေးမြို့နယ်တို့တွင် ဆံတော်ကြုံစေတီ (၉) ဆူ တည်ထားကိုးကွယ်ခဲ့ပါသည်။ ထိုဆံတော်ကြုံစေတီ (၉) ဆူ အပါအဝင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စေတီပုထိုးများနှင့် သာသနိကအဆောက်ဦများ နာဂစ်မုန်တိုင်းကာလ (၂၀၀၈) ခုနှစ်က ပြိုလဲပျက်စီးခဲ့သည်ကို တစ်ဦးတည်းပဓာန ဒါယကာပြု၍ ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ၏ ဦးဆောင် ညွှန်ကြားမှုဖြင့် ဘက်စုံ ပြန်လည်ပြင်ဆင်မွမ်းမံသော ဘုရားဒါယကာကြီး ဖြစ်ခြင်း ဟူသော အကြောင်းတစ်ချက်။

(၂) ဘုရားရှင် (၄) ဝါမြောက်ကာလတွင် အရှင် အနုရုဒ္ဓါ ဦးဆောင်သော ရဟန္တာ (၆) ပါးတို့အား ဆံတော် (၆) ဆူ ပေးသနားတော်မူခဲ့ရာတွင် ထိုဆံတော် (၆)ဆူတို့သည် မည်သည့်နေရာ၊ မည်သည့် တိုင်းပြည်၊ မည်သည့် မြို့နယ်တွင် တည်ထားကိုးကွယ်ခဲ့သည်ကို သာသနာတော်သက္ကရာဇ် နှစ်ပေါင်း (၂၅၀၀)

အထိ မည်သူမှ ဖွင့်ဖော်နိုင်ခဲ့ခြင်း မရှိသည်ကို ကျိုက်ထီးဆောင်း ဆရာတော်က နေရာဌာနနှင့်တကွ တိတိကျကျဖွင့်ဖော်ခဲ့သည်ကို ဇေကမ္ဘာ ဥတ္တရ ဒေါက်တာခင်ရွှေက ဘက်စုံ ပမာနဒါယကာ ပြု၍ ဖွင့်ဖော်ခဲ့သော ဘုရားဒါယကာဖြစ်ခြင်းတည်း ဟူသော အကြောင်း တစ်ချက်။

(၃) ဘုရားရှင် (၈) ဝါမြောက်ကာလ မဟာသက္ကရာဇ် (၁၁၁) ခုနှစ်တွင် အရှင်ဂဝံပတိရဟန္တာ မထေရ်မြတ် ပင့်ဆောင် ခဲ့တော်မူသောကြောင့် သုဝဏ္ဏဘူမိသို့ ဘုရားရှင် ကိုယ်တော်တိုင် ကြွတော်မူ၍ မြသပိတ်တောင်တွင် ခြေချပြီး ကေလာသတောင် ဘုင် ရသေ့ (၆) ပါးတို့အား ဆံတော်ရှင်များ ပေးသနားတော် မူခဲ့ပြီးနောက် သုဝဏ္ဏဘူမိတစ်ခွင်တွင် တည်ထားကိုးကွယ်ခဲ့သော ကျိုက်ထီးရိုးဆံတော်ရှင်၊ ကေလာသဆံတော်ရှင်၊ မြသပိတ် ဆံတော်ရှင်၊ ဇင်းကျိုက်ဆံတော်ရှင်၊ ကုသိနာရုံဆံတော်ရှင်၊ ကျိုက်ထီးဆောင်း ဆံတော်ရှင် အစရှိသည်ဖြင့် သုဝဏ္ဏဘူမိ ဆံတော်ရှင်များကို ကျိုက်ထီးဆောင်းဆရာတော်က တစ်ကျော့ ပြန် ပြန်လည် ဖွင့်ဖော်ရာတွင် ပျောက်ဆုံးနေသော သုဝဏ္ဏဘူမိ ဆံတော်ရှင်များနှင့်တကွ ဆံတော်ရှင်စေတီ အားလုံးလိုလို ငွေ သိန်းပေါင်းများစွာ အကုန်ကျခံလျက် စေတီပေါင်း (၂၂၂) ဆူ ဖွင့်ဖော်ခဲ့သော တစ်ဦးတည်းသော ပမာန ဘုရားဒါယကာကြီး ဖြစ်သည် ဟူသော အချက်ကြီးတစ်ချက်။

(၄) မနုဟာမင်းလက်ထက်တွင် သုဝဏ္ဏဘူမိ သာသနာ ရောင်ကြီး မှေးမှိန်၍ သာသနာတော် အထက်အညာ ပုဂံသို့ ရောက်ရာတွင် တည်ထား ကိုးကွယ်တော်မူသော မောင်းတီး

စေတီတော်သည် သုဝဏ္ဏဘူမိ သာသနာ၏ အဆုံးနိဂုံးစေတီတော် ဖြစ်ခဲ့သည်ကို ကျိုက်ထီးဆောင်းဆရာတော်၏ နာဂစ်ကာလတွင် တစ်ကျော့ပြန် ဖွင့်ဖော်ရာ၌ ဘက်စုံ ဒါယကာပြုခဲ့ခြင်းတည်းဟူသော အချက်ကြီးတစ်ချက်။

(၅) ၂၀၀၈ ခုနှစ်၊ မေလ၊ (၄/၅) ရက်နေ့က ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စေတီတော် (၁၇၈) ဆူတို့ကို ငွေသန်းပေါင်းများစွာ အကုန်အကျခံလျက် သဒ္ဓါသန့်သန့်၊ စေတနာသန့်သန့်ဖြင့် ကျိုက်ထီးဆောင်းဆရာတော် ဦးဆောင်ညွှန်ကြားမှုကို ခံယူလျက် ကလေးဝ နာဂလိုဏ်ဂူ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ၏ကူညီမှုဖြင့် ဘဒ္ဒန္တနာဂဒီပ ဆရာတော်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဇေကမ္ဘာ ဥက္ကဌ ဒေါက်တာခင်ရွှေက ငွေသန်းပေါင်းများစွာ အကုန်ကျခံပြီး စေတီတော် (၁၇၈) ဆူနှင့်တကွ သာသနိက အဆောက်အဦများ ပျက်စီးသည်ကို ပြင်ဆင်ခြင်း၊ လမ်းဖောက်ခြင်း၊ အသစ်ဆောက်ခြင်း စသည်တို့အပြင် ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ စိန်ဖူးတော်များ တစ်ကျော့ပြန် ပြန်လည်တင်ဆောင်ရာတွင် ပဓာနဘုရား ဒါယကာကြီးအဖြစ် သာသနာ့အကျိုး ဆောင်ရွက်ခဲ့ခြင်းတည်း ဟူသော အကြောင်းကြီးတစ်ချက်။

(၆) ၎င်းအပြင် ကေလာသ သုဝဏ္ဏဘူမိက စူဠသီရိမာသောက တည်ထားကိုးကွယ်ခဲ့ပြီးနောက် ဇကရိ ဘုရင်မကြီးရှင်စောပုနှင့်ဓမ္မစေတီမင်းခေါင်တို့ ဉာဏ်တော် မြှင့် ပြန်လည်ပြုပြင်တည်ထားကိုးကွယ်ခဲ့သော ကျိုက်ခနုတ် ဆံတော်ရှင်စေတီတော်

မြတ်ကြီးသည် ငလျင်ဒဏ်ကြောင့် လုံး၀ ဂျုံးဂျုံးကျ မြေခလျက် ပျက်စီးယိုယွင်းခဲ့သည်ကို ကျိုက်ထီးဆောင်းဆရာတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဘဒ္ဒန္တနာဂဒီပ၏ အနီးကပ် ကြီးကြပ်၍ လင်းသုံးလီအဖွဲ့သားတို့၏ ပံ့ပိုးကူညီမှုဖြင့် ဇေကမ္ဘာ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေသည် ပဓာန ဒါယကာကြီးအဖြစ် ခံယူ၍ ငွေသန်းပေါင်းများစွာ အကုန်အကျခံကာ ဘက်စုံမွမ်းမံ ပြန်လည် တည်ဆောက် ဖွင့်ဖော်ပူဇော်လျက် ရှမ်းထီးတော်၊ မွန်ထီးတော်၊ မြန်မာထီးတော်တည်း ဟူသော ထီးတော်သုံးဆင့်ဖြင့် ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို သဒ္ဓါသန့်သန့်ဖြင့် အများပြည်သူတို့ ပူဇော်နိုင်ရန် ပဓာန ဒါယကာကြီးအဖြစ် ခံယူခဲ့ခြင်းတည်းဟူသော အကြောင်းကြီး တစ်ချက်။

(၇) ယခုလည်း ကျိုက်ခနေ့တ်ဆံတော်ရှင်နှင့် မြေကြောတစ်ကြောတည်းဆက်လျက်ရှိသော ဓမ္မစေတီ ခေါင်းလောင်းကြီးကို ကျိုက်ထီးဆောင်းဆရာတော်က အဓိဋ္ဌာန်ဖြင့် ပူဇော်လျက် ဋ္ဌာနည်းဖြင့် အဓိဋ္ဌာန်ထားကာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် တန်ခိုးတော် အာနုဘော်ဖြင့် ပြန်လည် တူးဖော် ကယ်တင် ဆယ်ယူ မ,တင် ပူဇော်သည်ကို ကုန်ကျစရိတ် ရာနှုန်းပြည့် ခံယူလျက် ပဓာနဒါယကာပြုပြီးလျှင် ယင်း ခေါင်းလောင်းတော်ကြီးကို တူးဖော် ကယ်တင် ဆယ်ယူ ဆောင်၍ ရွှေတိဂုံကုန်းတော် ပေါ်မြေမြတ်ပေါ်သို့ မူလနေရာတွင် ပြန်လည် ပူဇော်ပြီးနောက် ထိုခေါင်းလောင်းကြီးကို စကြ၀ဠာတိုက်တစ်သောင်း ကြားရအောင် ခေါင်းလောင်းထိုး ပူဇော်ပြီး သတ္တမအကြိမ် သင်္ဂါယနာတင်ရန် ရည်စူး ရည်မျှော် စိတ်အား

ထက်သန် သဒ္ဓါပေါက်လျက်ရှိသော သုဝဏ္ဏဘူမိ သာသနာ့ဒါယကာ ဒေါက်တာခင်ရွှေ၏ လူမသိသေးသော အကြောင်းအရာများကို အကြိုမိတ်ဆက်တင်ပြခြင်းဖြင့် အမျိုး၊ ဘာသာ၊ သာသနာကို အထောက်အကူပြုလိုသောကြောင့် ဤစာအုပ်ကို ပြုစုခြင်းဖြစ်ပါသည်။

**မောင်ပန်းမွှေး**

# မာတိကာ


| | | |
|---|---|---|
| ၁။ | မိတ်ဆက်အမှာစကား | ၇ |
| ၂။ | ဒေါက်တာခင်ရွှေ၏ရုပ်ပုံလွှာ (သို့မဟုတ်) ပန်းချီကားတစ်ချပ်အတွက် ပုံကြမ်းများ | ၁၅ |
| ၃။ | ဒေါက်တာခင်ရွှေနှင့် ဒူးရင်းသီးရောင်းသော မိန်းမကြီးတစ်ယောက်အကြောင်း | ၁၇ |
| ၄။ | ဒေါက်တာခင်ရွှေ (သို့မဟုတ်) နှံ့ထဲကကြော | ၂၄ |
| ၅။ | သစ္စာပြုလိုက်သော ငှက်ကလေးတစ်ကောင်အကြောင်း | ၃၀ |
| ၆။ | ဘဝအရှက်ဦးမှာ တံခါးလာခေါက်သော အခွင့်အရေး | ၃၂ |
| ၇။ | အိပ်မက်ထဲကဇေကမ္ဘာ | ၃၃ |
| ၈။ | ဒွဲ့ကောင်းသော လူတစ်ယောက် | ၃၉ |
| ၉။ | ငွေမှာ ခြေလေးချောင်းရှိသည်၊ လူမှာ ခြေနှစ်ချောင်းရှိသည်။ ငွေနောက် မလိုက်ပါနှင့်။ | ၄၄ |
| ၁၀။ | ဒေါက်တာခင်ရွှေ၏ ကိုယ်တိုင်ပြောအတ္ထုပ္ပတ္တိ | ၄၅ |
| ၁၁။ | သက်ထဲမှာ ငွေတစ်ထောင်နှင့် ဘဝကိုစတင်ခဲ့သော ကျေးတောသားတစ်ယောက် | ၆၄ |
| ၁၂။ | အသက်(၅)နှစ်မှစ၍ ယနေ့ထိ Holiday မရှိသူ | ၆၇ |
| ၁၃။ | ဇေကမ္ဘာအဆောက်အဦးသစ်ဖွင့်ပွဲနှင့် စီးပွားရေးသော့ချက်များ | ၇၃ |
| ၁၄။ | ဆယ်နှစ်တာ ရုပ်ပုံလွှာ | ၇၇ |
| ၁၅။ | ဆယ်နှစ်တာ ဇေကမ္ဘာခရီး | ၈၃ |
| ၁၆။ | အမေးကျွဲကျောင်း အဖြေဘုရားလောင်း | ၈၇ |
| ၁၇။ | လူ (၅၀၀၀)ကို နေ့စဉ် ထမင်းကျွေးနေသူ | ၉၀ |

၁၇။ ကလေးများကို ပိုက်ဆံပေး၍ တရားဟောခြင်း ၉၄
၁၈။ မြန်မာပြည်တွင် ပထမဦးဆုံးဖြစ်ပုံရသော ကလေးတရားပွဲ ၉၈
၁၉။ ပင်လယ်ထဲမှာ စာသင်ကျောင်းဆောက်ခြင်း ၁၀၂
၂၀။ ဆရာ ဆရာမတစ်ယောက်လျှင် တစ်လတစ်ထောင်နှင့် ဆယ်နှစ်စာငွေအလှူ ၁၀၅
၂၁။ ဦးပဥ္စင်းဦးခင်ရွှေ တရားဟောကောင်းသောကြောင့် ပျံလွန်တော်မူသွားသော ဦးပဥ္စင်းတစ်ပါးအကြောင်း ၁၀၉
၂၂။ ၁၉၈၉ခုနှစ်က ဖိတ်စာအဟောင်းကလေးတစ်စောင် ၁၁၇
၂၃။ နိုင်ငံသစ်တည်ဆောက်နေသော မြန်မာနိုင်ငံ၏ အားကစားကဏ္ဍနှင့် ဒေါက်တာခင်ရွှေ၏ ကူညီခွင့် ၁၂၁
၂၄။ ဝေါမှာ တစ်ယောက်နားစဉ်က ၁၂၆
၂၅။ ဗဟင်းရွာမှ ရှင်တစ်ထောင် ၁၃၀
၂၆။ ကံထူးသော ၁၉၉၈ ၁၃၈
၂၇။ နိုင်ငံခြားတက္ကသိုလ်ကြီးများမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (၂)ကြိမ်တိတိ ချီးမြှင့်ခံရသော မြန်မာတစ်ဦး ၁၄၂
၂၈။ အမေရိကန် ဝါရှင်တန်တက္ကသိုလ်မှ ချီးမြှင့်သော ထိပ်တန်းအဆင့်မြင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို မြန်မာတစ်ယောက်ရရှိခြင်း ၁၄၆
၂၉။ တောင်ထိပ်ပေါ်မှကြည့်၍မြင်သော မြင်ကွင်းများ ၁၄၇
၃၀။ ဒါနပါရမီ ၁၅၁
၃၁။ မြန်မာအားကစားလောကသို့ အသစ်ဝင်ရောက်လာသော မြားပစ်အားကစားနှင့်စပ်လျဉ်းသော ဒါနခန်းကြီး ၁၅၄
၃၂။ ဒေါက်တာခင်ရွှေနှင့် ဘန်ကောက်ဖိတ်ခေါ် မာရသွန်ပြိုင်ပွဲ အောင်မြင်မှု ၁၅၈

၃၃။ ဒေါက်တာခင်ရွှေနှင့် မြရိပ်ညို မြန်မာပြည်တံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ ရှပ်ပုံလွှာ ၁၆၂
၃၄။ ဇေကမ္ဘာဒေါက်တာခင်ရွှေနှင့် တွေ့ခဲ့ရသော အင်တာဗျူးများ ၁၆၆
၃၅။ ဒေါက်တာခင်ရွှေနှင့် သူ၏ဝါသနာ ၁၆၉
၃၆။ နိုင်ငံခြားသတင်းထောက်တစ်ဦး၏ ဒေါက်တာခင်ရွှေအပေါ် အမြင် ၁၇၃
၃၇။ ဈေးကွက်စီးပွားရေးနှင့် ဒေါက်တာခင်ရွှေ၏အမြင် ၁၈၁
၃၈။ ယခုတစ်ခေါက် သင်ကျိုက်ထီးရိုးသို့ ရောက်လာပါလျှင် ၁၈၆
၃၉။ ကျိုက်ထီးရိုးအလှူတော် သာခု (၂၇)ကြိမ် ခေါ်ခဲ့ ရခြင်း အကြောင်းရင်း ၁၈၇
၄၀။ ရွှေဘုံသာဆုတောင်းပြည့် စေတီတော်မြတ် ငွေပဒေသာပင်အလှူ ၁၉၀
၄၁။ ဘုရားတစ်ဆူနှင့် ဘုရားတကာ ၁၉၂
၄၂။ ဒေါက်တာခင်ရွှေနှင့် ကေလာသဥ္စီကာ ၁၉၅
၄၃။ ဒုတ်သုတ်သားနှင့် ရဟတ်ယာဉ် ၁၉၆
၄၄။ ကေလာသတောင်တော်ကို တစ်ခေတ်ပြောင်းလိုက်သူ ၁၉၉
၄၅။ ရွှေဝါရောင်လမ်းမကြီး ၂၀၁
၄၆။ ပေပေါင်း ၁၆၅၀ မြင့်သော ကေလာသတောင် ၂၀၂
၄၇။ နေရစ်တော့ခေတ်ဟောင်း ၂၀၄
၄၈။ ဒင်္ဂုံမြို့သစ်တောင်ပိုင်းက အောင်ဗောဓိစေတီတော်မှ အမျှဝေသံ သာခုခေါ်သံများ ၂၁၀
၄၉။ မမေ့နိုင်သော နေ့တစ်နေ့ (သို့မဟုတ်) အောင်ဗောဓိ စေတီ ထီးတင်သောနေ့ ၂၁၄
၅၀။ သူသိနည်းသော လုပ်အားဒါနများ ၂၁၇
၅၁။ ညလည်းမအိပ် နေ့လည်းနေပူ ၂၁၉

၅၂။ မယုံချင်နေ တစ်ပတ်အတွင်းအပြီးတည်လိုက်သော မော်ကွန်းစေတီတော်၊ မော်ကွန်းကျောက်စာ ၂၂၂
၅၃။ ကျိုက်ထီးရိုး သမိုင်းစာမျက်နှာ အသစ်များ ၂၂၄
၅၄။ လူမသိသေးသော ကျိုက်ထိုက သာသနာ့အစည်းအဝေးကြီး ၂၂၈
၅၅။ ကျိုက်ထီးရိုးဆံတော်ရှင် ထီးတင်သောနေ့ ၂၃၁
၅၆။ ပင်လယ်ထဲမှာ ဘိုးရဟန်းကို သွားကန်တော့သော ဖွဲ့ဘိုးတော် ၂၃၃
၅၇။ ဘိုးရဟန်းပူဇော်ပွဲကြီးတွင် ဖွက်တောထဲနစ်ခြင်း ၂၃၅
၅၈။ ပင်လယ်ထဲတွင် ရှင်ဥပဂုတ္တပြာသာဒ်ကြီး တည်ဆောက်ရန် ဒေါက်တာခင်မွှေ့ ကြံစည်ခြင်း ၂၃၇
၅၉။ ရှင်ဥပဂုတ္တကိုယ်တော်ကြီး ဘယ်မှာရှိသလဲ ဒေါက်တာခင်မွှေ့၏ သဘောထား ၂၄၀
၆၀။ နှစ်ပေါင်း (၂၀၀၀)ကျော်က ဂဝံယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်သူတစ်ဦး ၂၄၂
၆၁။ ရွှေတိဂုံစေတီတော်တွင် အပူဇော်ခံတော်မူသည့် ဂဝံဆင်းတုဗုဒ္ဓရုပ်ပွားတော် မဟာအတုလ ရာဇသုခနှင့် ဂဝံရဟန္တာဆင်းတုကိုးဆူ ပင့်ဆောင်လာသူ ၂၄၅
၆၂။ သာသနာ (၅၀၀၀) ရောင်တော်ဖွင့် ၂၄၇
၆၃။ ဆံတော်ရှင် (၆)ဆူ နေ့ချင်းဖူးနိုင်ရန် စီစဉ်နေသောသူ ၂၄၉
၆၄။ ဆံတော်ရှင် (၆)ဆူကို နေ့ချင်းပြီး ပထမဆုံးဖူးခဲ့ရသူများ ၂၅၀
၆၅။ သာသနာ့အကျိုးတော်ဆောင် ၂၅၄
၆၆။ ကေလာသတောင်ထိပ်က ဇေကမ္ဘာမိသားစု ၂၅၆
၆၇။ ကေလာသနှင့် ဇေကမ္ဘာ ၂၅၉

၁၈။ မူလပထမ မနုသီဟကြီးကို ပြုပြင်ခြင်း ၂၆၁

၁၉။ ကွက်တိကြိုတင်၍ ပေးသောအိပ်မက်ကြောင့် ဘုရားဒါယကာဖြစ်လာရသူ ၂၆၃

၂၀။ ဒေါက်တာခင်ရွှေနှင့် တစ်ပိုင်းတစ်စမှတ်စုများ ၂၆၉

၂၁။ ပြည်မြန်မာက ဇေကမ္ဘာ ၂၇၅

၂၂။ သာသနာပြုဇေကမ္ဘာ ၂၈၁

၂၃။ ဒေါက်တာခင်ရွှေလာလျှင် ပုန်းနေရင်ကောင်းမလား ၂၈၇

၂၅။ ပင်လယ်ဝတွင် ရွှေမိုး ငွေမိုး ရွာသွန်းခြင်း ၂၉၀

၂၆။ ညညတွင် ခြင်္သေ့ဟိန်းသံကြားရသည်ဆိုသော စေတီညီနောင် ၂၉၄

၂၇။ ရဟန္တာသမုတ်ခဲ့သော ရှေးဟောင်းကလျာဏီ သိမ်ကြီးကို ဒေါက်တာခင်ရွှေပင် ဒါယကာဖြစ်ပြန်သည် ၂၉၇

၂၈။ ဆင်တပ် မြင်းတပ်ရှိသော ဘိုးရဟန်းရွာတွင် ဘပ်တော်ဦးစေတီ တည်ပြန်ခြင်း ၂၉၉

၂၉။ ပြည်နယ်ဖွံ့ဖြိုးမှုအတွက် ဒါနခန်းများ ၃၀၂

၃၀။ ဘာသာရေးကြောင့် လောကီရေးရာ စီးပွားရေးမှာ လုပ်ဆောင်မှုများ အားနည်းသွားနိုင်ပါသလား ၃၀၄

၃၁။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အစုရှယ်ယာများလှူဒါန်းခြင်း ၃၀၈

၃၂။ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်တွင် ဒေါက်တာခင်ရွှေ ဥက္ကဋ္ဌဖြစ်ခြင်း ၃၁၂

၃၃။ အာရှဒေသတွင် စီးပွားရေးနဂါးများ အမောက်ထောင်လျက်ရှိစဉ် မြန်မာ့စီးပွားလောက၏ ဆင်ကြီးများ ၃၁၅

၃၄။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟု သက်သေပြလိုက်သော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် ၃၁၈

၈၅။ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၏ သဘောထားအမြင် ၃၂၀

၈၆။ ရတနာဆင်ဖြူတော်နှင့် လေးပြင်လေးရပ်မှ ဒါယကာ နီးမောင်နှံများ ၃၂၈

၈၇။ ရန်ကုန်မြို့တော်၏ ဦးခေါင်းပိုင်းမှ ထူးခြားသော ကုသိုလ်များ ၃၃၀

၈၈။ အစဉ်အလာကောင်းသော မင်္ဂလာဒုံဥယျာဉ်မြို့တော် ၃၃၄

၈၉။ စေတနာမှန်၍ ကံကောင်းသူ ၃၃၇

၉၀။ ဆေးရုံပေါ်က လူမမာနှင့် ရွှေတိဂုံစနေထောင့်က ဗောဓိပင် ၃၄၀

၉၁။ သဒ္ဓါတရားကို တိုင်းတာနိုင်သော ပြဒါးတိုင် သိပ္ပံဆရာတို့ မတွင်နိုင် ၃၄၂

၉၂။ သာသနာ ၂၅၀၀ တစ်ဝက် ၅၀၀၀သို့ဆက်နိုင်ရန် ရည်စိတ်သန်၍ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးခြင်း ၃၄၆

၉၃။ အမျှဝေသံ သာဓုခေါ်သံနှင့်တကွ နိဂုံးအမှာစကား ၃၅၄

# ဒေါက်တာခင်ရွှေ၏ရုပ်ပုံလွှာ

## (သို့မဟုတ်)

## ပန်းချီကားတစ်ချပ်အတွက် ပုံကြမ်းများ

သူ၏ ရုပ်ပုံလွှာမှာ အလွန်များပြားပါသည်။ မိုးကောင်းကင်တွင် ဆန်းကြယ်သောအရုပ်များ ရေးဆွဲထားသကဲ့သို့ ပန်းချီဆရာတစ်ယောက် အနေဖြင့် ပုံကြမ်းများ သွန်းလောင်းရာတွင် အရုပ်ရှစ်မျက်နှာကို ကြည့်၍ ရေးဆွဲရသကဲ့သို့ သူ၏ ရုပ်ပုံလွှာကို ရေးဆွဲရာတွင် မိုးအထိ ကျယ်ပြန့်ပေသည်။

ယခု ရေးဆွဲလိုက်လျှင် အင်ဂျင်နီယာတစ်ယောက်၏ ရုပ်ပုံလွှာကို တွေ့ရ၏။ နောက်တစ်ကြိမ် ရေးဆွဲလိုက်ပြန်လျှင် အုပ်ချုပ်သူ လူကြီးတစ်ယောက်၏ ရုပ်ပုံလွှာကို တွေ့ရပြန်၏။ နောက်တစ်ကြိမ် ရေးဆွဲရန် ကြိုးစည် ကြိုးစားပြန်လျှင် နိုင်ငံတော် ညှိနှိုင်းပွဲကြီးများတွင် ညှိနှိုင်းပြုစုနေသောသူ တစ်ယောက်၏ ရုပ်ပုံလွှာကို တွေ့ရ ပြန်လေသည်။ နောက်တစ်ကြိမ် ရေးဆွဲရန် ကြိုးစည်လိုက်ပြန်သောအခါ ဘုန်းကြီးတစ်ပါး၏ ခြေတော်ရင်းတွင် ထမင်းခံနေသော တပည့်တစ်ဦး၏ ရုပ်ပုံလွှာကို တွေ့ရပြန်လေသည်။

နောက်တစ်ကြိမ် ရေးဆွဲရန် ကြံစည်ပြန်သောအခါ စက်ရုံများ တည်ဆောက်နေသော ရုပ်ပုံလွှာကို တွေ့ရပြန်လေသည်။ နောက်တစ်ကြိမ် ရေးဆွဲရန် ကြံစည်ပြန်သောအခါ ကိုးပါးသီလနှင့် သက်သတ်လွတ်စားနေသော ဝတ်ဖြူစင်ကြယ်နှင့် သူတစ်ဦး၏ ရုပ်ပုံလွှာကို တွေ့ရပြန်လေသည်။ နောက် တစ်ကြိမ်ရေးဆွဲရန် ကြံစည်ပြန်သောအခါ ရတနာ ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးရန် ဒါယကာပြုနေသော ဘောဂရာဇာအသွင်ဖြင့် တွေ့ရပြန်လေသည်။ နောက်တစ်ကြိမ် ရေးဆွဲရန်ကြံစည်ပြန်သောအခါ စက်မှုဇုန် ဖန်တီးသူအဖြစ် တွေ့ရပြန်လေသည်။ နောက်တစ်ကြိမ်ရေးဆွဲရန် ကြံစည် ပြန်သောအခါ ဥယျာဉ်ကြီး တစ်ခုထဲတွင် ပန်းပင်ကလေးများ မြုစိုက်နေသော သူအဖြစ် တွေ့ရပြန်လေသည်။

ဤသို့ဖြင့် ကောက်ကြောင်းဆွဲရန် ပုံကြမ်းသွန်းလောင်းနေသော ပန်းချီဆရာတစ်ယောက်အဖို့ သူ၏ ရုပ်ပုံလွှာကို အဖမ်းရခက်လှပေသည်။ သို့သော်လည်း ပန်းချီဆရာသည် ပန်းချီဆရာ ဖြစ်၏။ ဘာပဲဖြစ်ဖြစ် လောက၏ အလှ၊ လောက၏ သဘာဝကို သူ၏ ပန်းချီကားတစ်ချပ်ထဲတွင် အလုံးစုံ ရိုပ်မိအောင် ထည့်သွင်းနိုင်ခဲ့လေသည်။ လောကကြီးသည် မည်၍ မည်မျှ ကျယ်ပြန့်စေကာမူ ပန်းချီဆရာသည် သူ၏ ပန်းချီကား သေးသေး ကလေးထဲတွင် တတ်နိုင်သမျှ ရုပ်ပုံပေါ်အောင် ဖန်ဆင်းနိုင်ခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းသူသည် သူရသာတီနတ်ဒေဝီ၏ မစခြင်း ခံရသူ ဖြစ်သောကြောင့် ဖြစ်လေသည်။

ဤသို့ဖြင့် ဦးခင်ရွှေ၏ ရုပ်ပုံလွှာသည် ခြယ်မှုန်း၍ ပြီးစီးခဲ့လေသည်။

◆ ◆ ◆

# ဒိုးရင်းသီးရောင်းသော မိန်းမကြီးတစ်ယောက်နှင့် ဒေါက်တာခင်ရွှေအကြောင်း

ဒေါက်တာခင်ရွှေနှင့် ခရီးအတူတူသွားဖူးသည်မှာ ဆရာမြတ်ခိုင် ၏ ကျေးဇူးကြောင့်ဖြစ်သည်။ ကျိုက်ထီးဆောင်းကို သွားကြစို့ဟု ဆရာ မြတ်ခိုင်က အဖော်စပ်သည်။ ကျိုက်ထီးဆောင်းဆရာတော်နှင့် ဆရာ မြတ်ခိုင်အဖေနှင့်က သူငယ်ချင်းတွေတဲ့။ ငယ်ငယ်တုန်းက အတူတူကျင့်ကြ ...။ အချိန်တွေကုန်၊ အရွယ်တွေကုန်လာတော့ မြတ်ခိုင်အဖေက လောကီ ...ယ်ထဲပြန်ပြီး ခြေဦး လှည့်ခဲ့သည်ဟု ဆိုသည်။ ယခု ကျိုက်ထီးဆောင်း ...တော်ဖြစ်မည့် ပုဂ္ဂိုလ်က တောကျင့်တောင်ကျင့် ဆက်၍ကျင့်သည်ဟု ...သည်။

သည်လိုဆိုလျှင် ကျိုက်ထီးဆောင်းဆရာတော်ကို ဖူးလိုက်ရလျှင် ... အသိထူး၊ အမြင်ထူးများ လင်းခနဲ လက်ခနဲ မုချရမှာပဲဟုလည်း ...ခဲ့သည်။

◆ ◆ ◆

ကျိုက်ထီးဆောင်းမရောက်ခင် လမ်းသွားတုန်းမှာ လမ်းမှာပဲ ကားကို ခဏခဏ ရပ်ရသည်။ အထူးသဖြင့် လမ်းဘေးမှာ မြန်မာမုန့် ကောင်းကောင်း တွေ့လျှင်ပဲဖြစ်ဖြစ်၊ ပြောင်းဖူးပြုတ်၊ မြေပဲပြုတ် စသော အရောင်းသမားကို တွေ့လျှင်ဖြစ်ဖြစ် သို့တည်းမဟုတ် ဒူးရင်းသီးသည် တွေ့လို့ပဲဖြစ်ဖြစ် ကားကို ဖျတ်ခနဲ ထိုး၍ရပ်ခိုင်းသည်။

ကားဆရာကလည်း သူ့ဆရာ၏ သဘောသဘာဝကို သိသည်။ ထို အသည်များ အနားရောက်လျှင် သူ့ဆရာက ရပ်လိုရပ်ငြားဟု ကားကို အရှိန် လျှော့၍ မောင်းတတ်သည်။

တစ်ရုံရောအခါ ဒူးရင်းသီးသည်တစ်ယောက်ကို တွေ့ရသည်။ ကျွန်တော်တို့လည်း ကေလာသ၊ ကေလာသဖသို့ ကားနှင့်အတက်ဖြစ်သည်။ အတက်လမ်းဖြစ်သဖြင့် ကားကို သတိနှင့်မောင်းရသည်။ ခပ်လှမ်းလှမ်းတွင် ဒူးရင်းသီးတောင်းကြီးကို ရွက်၍ တောင်ပေါ်တက်နေသော မိန်းမတစ်ယောက်ကို တွေ့ရသည်။ လူတောင် မနည်း လေးဘက်ပစ်ပြီး တက်နေရတာ။ ဒီလောက်တောင်လေးသည့် တောင်းကြီးရွက်နေရတော့ ဘယ်လိုနေမလဲ၊ စဉ်းစားသာကြည့်ပါတော့။

ခါးတစ်ခြမ်းစောင်းနေသော ထိုမိန်းမကြီးသည် နောက်က ကားလာသည့်အသံ ကြားသဖြင့် သတိထားပြီး တောင်းကြီးကို ပင်ပင်ပန်းပန်းထိန်းကာ လမ်းဘေးသို့ဆင်း၍ ရပ်ပေးရှာပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ "ရပ်. . . ရပ်" ဆိုပြီး ကားဆရာကို ကားရပ်ခိုင်းပါသည်။ ကားဆရာကလည်း အလွန်ကျွမ်းပါသည်။ ကွက်တိပါပဲ။ ဒူးရင်းသီးသည် အနားသို့ ထိုးရပ်လိုက်သည်။ ထိုအခါ ဒူးရင်းသီးသည်က ကားချောင်ချောင်ချိချိသွားရအောင်ဟု လမ်းဘေးသို့ နောက်ထပ်ပို၍ ဆင်းပေး လိုက်သည်။ သနားစရာပါပဲ။

ထိုအခါ ဒေါက်တာခင်ရွှေက ဒူးရင်းသီးတစ်လုံး ဘယ်လောက်လဲဟု မေးပါသည်။ တစ်လုံး ၃၀၀ ဟု ပြောပါသည်။ ကောင်း၊ မကောင်းလည်း မကြည့်ပါ။ ဒေါက်တာခင်ရွှေက မိန်းမကြီးကို ကြည့်လိုက်သည်။

ဈေးသည်ကြီးကလည်း စုတ်စုတ်ပြတ်ပြတ်ကြီး၊ ပုံကလည်း နွမ်းနွမ်း

သုံးလုံးကြီး။ ဒေါက်တာခင်ရွှေက သူ့တောင်းကိုကြည့်၍ ဒူးရင်းသီး ဘယ်နှစ်လုံး လောက်ပါသလဲ ဟု မေးလိုက်ပါသည်။ မိန်းမကြီးက မသိပါဟု မှန်းမှန်းပဲ ဖြေပါသည်။

ဤတွင် ဒေါက်တာခင်ရွှေက ဒူးရင်းသီးတွေ ဘယ်နှစ်လုံးပါပါ အရေးမကြီးပါဘူး။ တစ်တောင်းလုံး ဝယ်မယ်၊ ဘယ်လောက်လဲဟု မေးပါသည်။

မိန်းမကြီးက မော့၍ ကြည့်ပါသည်။ နားကို မယုံလို့ ဖြစ်ပါလိမ့်မည်။ ထိုအခါ ဒေါက်တာခင်ရွှေက "အစ်မကြီး ရောင်းမှာလား" ဟု မေးတော့မှ "ဟုတ်ကဲ့. . . ဟုတ်ကဲ့" ဟု ပြောပြီး သူ့ ဒူးရင်းသီးများကို ဘယ်နှစ်လုံးရှိသလဲဟု ရေတွက်ပါတော့သည်။ ပြီးမှ အလုံးရေကို မှတ်ပြီး တစ်လုံး ၁၀၀ နှင့်။ အင်း . . . (၁၀) လုံးဆိုတော့ ၁၀၀၀ ပေါ့ဟု သူ့ဟာသူ ပြောပါသည်။

ပြီးတော့. . . မလုံမလဲနှင့် ကားပေါ်က ဆရာကြီးကို လှမ်းကြည့်ပါသည်။ သိန်း (၁၀၀၀) ကျော်တန်သော အကောင်းစားကားကြီးနှင့်ဆိုတော့ ဆေးသည် စိတ်ထဲ ဘယ်လိုထင်မလဲ မသိ။ ဘာပဲဖြစ်ဖြစ် တစ်တောင်းလုံး ဝယ်မယ်ဆိုတော့ ဟုတ်ပါ့မလားဆိုပြီး တွေးပူပုံရသည်။

ကောင်းတာ ရွေးပေးမယ်လေဟု စကားချိုသွေးပါသည်။ သို့သော် ဒေါက်တာခင်ရွှေက "အစ်မကြီး . . အားလုံးယူမှာ၊ ရေမနေနဲ့တော့၊ ဘယ် လောက်ကျလဲပြော" ဟုဆိုပါသည်။ ထိုအခါမှ ဈေးသည်မကြီးက ဝမ်းသာချလက်ချ ငွေတွက်ပါတော့သည်။ "အင်း . . . ဟိုဘက်ခြမ်းက လေးလုံး၊ ဒီဘက်ခြမ်းက ခြောက်လုံး" စသည်ဖြင့် လက်ချိုးရေ ရေတွက်ကာ ငွေကို တွက်ပါသည်။

ဒေါက်တာခင်ရွှေက တစ်ထောင်တန်အထုပ်ကို ကိုင်၍ "ရော့ ရော့ . . သုံးထောင်" ဟု ငွေပေးလိုက်ပါသည်။ ထိုအခါ ငွေကို တုန်တုန် ယင်ယင်နှင့် လှမ်းယူပြီး သူ့ဒူးရင်းသီးများကို ပြန်၍ကြည့်ပါသည်။ အားလုံး ယူမည်ဆိုတော့ ဟုတ်ပါ့မလား၊ ကမန်းကတန်း အမြတ်အစွန်းကို စိတ်

တွက်,တွက်လိုက်သည်။ "အင်း. . . ငါးရာ" ဟု စိတ်ချလက်ချ တွက်လိုက်သည်။

ဒေါက်တာခင်ရွှေက ကြားသွားတော့. . . ဘာလဲ အမြတ်လားဟု ပြောပါသည်။ မိန်းမကြီးက "ဟုတ်ပါတယ်" ဟု ပြောပါသည်။ ထိုအခါ ဒေါက်တာခင်ရွှေက "ကလေး ဘယ်နှစ်လောက်ရှိသလဲ" ဟု ဈေးသည်မကြီးကို မေးပါသည်။ ဈေးသည်မကြီးက "ကလေး ခုနစ်ယောက်" ဟု ပြန်ပြောပါသည်။

ထိုအခါ ဒေါက်တာခင်ရွှေက "အတူတူပဲ . . . ကျွန်တော့်မှာလည်း ငယ်ငယ်တုန်းက ညီအစ်ကို မောင်နှမ ခုနစ်ယောက်ရှိတာပဲ" ဟု ဖြည့်စွက်၍ ပြောပါသည်။

"ကဲ. . . ကဲ အမြတ်ငါးရာပဲဆိုရင် နည်းသေးတယ်။ ရောင်းလို့ကုန်သွားရင် အိမ်ကို စောစောပြန်မှာလား" ဟု ပြောနေပါသည်။ မိန်းမကြီးက "ဟုတ်ပါတယ်. . . အိမ်စောစောပြန်မှာ" ဟု ဝမ်းသာသော မျက်နှာထားဖြင့် ပြောကြောင်း ကောင်းစွာ အကဲခတ်လိုက်မိပါသည်။

ကျွန်တော်တို့မှာ ပွဲကြည့်ပရိသတ်ဖြစ်သဖြင့် ဘာမျှဝင်၍ မပြောပါ။ သူ ဘာလုပ်မလဲဟုသာ ဇာတ်လမ်းကို ဖြတ်လမ်းက ကြည့်နေပါသည်။ ထိုအခါ ဒေါက်တာခင်ရွှေက "ရော့ . . . ရော့ . . . အမြတ်များသွားအောင် တစ်ထောင်ထပ်ယူဟု ငွေတစ်ထောင် ထပ်ပေးပါသည်။ ထိုမျှသာမကသေး။ ကားဆရာ ကိုကျော်အောင်ဘက်သို့လှည့်၍ "ဟေ့. . . ကျော်အောင်၊ ဒူးရင်းသီးရော၊ ခြင်းရော တစ်ခါတည်းတင်ကွာ၊ တောင်ပေါ်ရောက်တော့ လမ်းဖောက်နေတဲ့ လုပ်အားပေး ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေကို လှူရတာ ပေါ့ကွာ" ဟု ဆိုပါသည်။

ထိုအခါ ဒူးရင်းသီးသည် မိန်းမကြီးက "ခြင်းတောင်းတော့ မရဘူး" ဟု ပြောပါသည်။ ထိုအခါ ဒေါက်တာခင်ရွှေက "ကဲ . . . ရော့ဗျာ ငွေတစ်ထောင် ထပ်ယူ၊ အစ်မကြီး လူသစ်စိတ်သစ်နဲ့ တောင်းအသစ်ထပ်ဝယ်ဗျာ" ဟု ငွေ တစ်ထောင် ထပ်၍ပေးပါသည်။ ထိုအခါ ဈေးသည်မကြီးက တုန်တုန်ယင်ယင်ဖြင့် လှမ်း၍ယူပါသည်။

ထိုအခါ မိန်းမကြီးလက်ထဲမှာ တစ်ထောင်တန်ငါးရွက် ရောက်ရှိသွားပါသည်။ ကားကလည်း ပြန်ထွက်ခါနီးမှာ မိန်းမကြီးက တွေဝေဝေးမော၍ ကြည့်နေပါသည်။ သူ၏ ဈေးသည်သက်တမ်းတစ်လျှောက်တွင် ဤကဲ့သို့ ဈေးရောင်းကောင်းသော၊ ငွေရွှင်သောနေ့ကို ဘယ်နှစ်ရက်တောက်ရှိမလဲဟု တွေးတောနေပုံရပါသည်။

ကျွန်တော်တို့လည်း အတွေးကိုယ်စီနှင့် ကားကို ဆက်မောင်းခဲ့ပါသည်။ ဤမျှ ဤမျှအထိ ကျွန်တော်၏စိတ်တို့သည် အဖြေမရှိသေးပါ။ ဒေါက်တာခင်ရွှေ၏ ဈေးဝယ်ပုံဝယ်နည်းကိုသာ တွေး၍နေပါသည်။ သူငွေးဆုံးတော့ ငွေကပေါတော့ ဝယ်နိုင်တာပေါ့လေ ဟု တိတ်တခိုး တွေးမိတွေးရာတွေးမိပါသည်။

ထိုအခါ ဒေါက်တာခင်ရွှေက ဇာတ်လမ်း စပါသည်။ "ဒီလိုဗျာ. . . မိန်းမွေးကတော့ သိမှာမဟုတ်ဘူး။ ဒီလို ဒီလို ဈေးတောင်း ခေါင်းရွက်ရောင်းစားနေရတဲ့ ဈေးသည်တွေကိုတွေ့ရင် ကျွန်တော် သိပ်ပြီး စိတ်မကောင်းဖြစ်တယ်ဗျာ။ ကျွန်တော် ငယ်ငယ်တုန်းက သိပ်ဆင်းရဲတော့ ဈေးရောင်းစားရတယ်။ အဖေက နောက်မိန်းမယူသွားတော့ အမေ. . . ကလေး (၇) ယောက်နဲ့ ကျန်ခဲ့တယ်။ ကလေးထဲမှာ ကျွန်တော်က အကြီးဆုံးဆိုတော့ အမေကို လုပ်ကျွေးရတယ်ဗျာ။"

အမှတ်မထင် ကြားလိုက်ရသော စကားများကြောင့် ကျွန်တော်လည်း ဘာဆက်ပြောရမှန်းမသိပါ။ အသာကလေးငြိမ်၍ နားထောင်နေလိုက်ပါသည်။

"ဒီတော့. . . ကျွန်တော်. . . မြန်မာမုန့်မျိုးစုံ ထွက်ရောင်းရတယ်ဗျာ။ ကျွန်တော် မရောင်းဘူးတဲ့မုန့် မရှိပါဘူး။ ဒူးရင်းသီးလည်း ရောင်းဖူးပါတယ်ဗျာ။ ကျွန်တော်က မော်လမြိုင်သားဆိုတော့ ဒူးရင်းသီးအကြောင်း ကောင်းကောင်းနားလည်ပါတယ်။ဒါပေမဲ့ အခု. . . ဒူးရင်းသီးတွေကိုတော့ ကောင်း၊ မကောင်း ကြည့်မနေတော့ပါဘူး"

ဒေါက်တာခင်ရွှေသည် တွေဝေငေးမောသော မျက်နှာအနေအထားရှိကြောင်း အလွယ်တကူ အကဲခတ်နိုင်ပါသည်။

ကျွန်တော် ငယ်ငယ်တုန်းက ဈေးရောင်းတော့ ခံစားမှုရှိတယ်။ ဈေးရောင်းကောင်းလို့ အိမ်ကို စောစောပြန်ရရင် သိပ်ပျော်တာဗျ။ အမေ လုပ်သူကလည်း 'ဟယ်. . . အစောကြီး ပြန်လာပါလား' ဆိုပြီး သိပ် ဝမ်းသာတယ်။ ကျွန်တော်ကလည်း လက်ထဲက ငွေတွေကို အမေကို အပ်လိုက်တော့ သိပ်ပြီး ဝမ်းသာတယ်။ ဒီလိုနဲ့ အမေကို ရှာကျွေးလာတာ။ အခုလည်း ဒီမိန်းမကြီးက သူ့ပစ္စည်းတွေရောင်းလို့ကုန်ရင် အိမ်ကို အစော ကြီးပြန်လိမ့်မယ်။ သူ့ကလေးတွေနဲ့ သူနဲ့ စောစောပြန်တွေ့ရမယ်။ သူတို့ မိသားစု ပျော်ကြလိမ့်မယ်။ ဒီနေ့ ဘယ်လောက်မြတ်တာလဲလို့ လက်ချိုးရေ ပြီးတော့ ဝမ်းသာနေလိမ့်မယ်။ လမ်းမှာ မော်တော်ကားနှင့် လူကြီး တစ်ယောက်က အမေ့ ဒူးရင်းသီး တွေကို ဘာမပြော ညာမပြော အကုန် ဝယ်သွားတယ်။ ပြီးတော့ ဈေးမဆစ်ဘူး။ အမြတ်နည်းနေသေးလားဆိုပြီး နောက်တစ်ထောင် ထပ်ပေးသေးတယ်။ ပြီးတော့. . . ခြင်းတောင်းပါ ယူသွားသေးတယ်။ ခြင်းတောင်းဖိုးလည်း ငွေ တစ်ထောင်ပေးခဲ့သေးတယ် ဆိုပြီးတော့ မိသားစုတွေ အိပ်ရာမဝင်ခင်မှာ ပျော်ပျော်ရွှင်ရွှင် ပြောနေကြ လိမ့်မယ်။ သူတို့ဘဝမှာ ဒီလို ရွှေရောင်တောက်တဲ့ နေ့ရက်တွေ ဘယ် နှစ်ရက်ရှိမှာလဲ။ ဒါကြောင့် သူတို့မိသားစု ဒီလို ဒီလိုတွေးပြီး၊ ဒီလို ဒီလို ပျော်ပါစေတော့ဆိုပြီး ကျွန်တော် ဒူးရင်းသီးတွေ အကုန်ဝယ်လိုက်တာပါ ဗျာ။ ဘယ်လိုလုပ်ပြီး ဒီလောက် အများကြီး စားနိုင်မှာလည်းဗျာ၊ ကျွန်တော်ငယ်ငယ်တုန်းက ဒူးရင်းသီးရောင်းဖူးတော့ ကိုယ်ချင်းစာတာပါ။ ကျွန်တော် အခုလို ချမ်းသာနေတုန်းမှာ ဒီလောက်ငွေလေးက ကျွန်တော့် အတွက် ဘာမှုမဟုတ်ပါဘူး။ သူတို့မိသားစုအတွက်ကတော့ ဒီနေ့ ထီပေါက် တာပါပဲ။ အဲဒီလို မိသားစုတွေဟာ စကားစုပြောပြီး သူတို့ နာမည်မသိတဲ့ လူဝဝကြီးတစ်ယောက်က ငွေတွေပေးပြီး ဒူးရင်းသီးတွေ ဝယ်သွားတာ ကောင်းတော့ လူရှိုးရှိုးမဟုတ်နိုင်ဘူး။ မိုးပေါ်က သိကြားမင်းကြီး လူယောင် ဖန်ဆင်းပြီး ငါတို့ကို လာ,မသွားတာ။ ကဲ. . . ဒီတော့ ဒီနေ့ ဘုရားစောစော ရှိခိုးပြီး စောစော အိပ်လိုက်ကြပါစို့လို့ သူတို့တွေပြောနေကြလိမ့်မယ်လို့ ကျွန်တော့် စိတ်မျက်စိထဲ မြင်ယောင်မိပါတယ်လို့" ဒေါက်တာခင်ရွှေက သူ့ဘဝ သံသရာဇာတ်လမ်း တစ်စိတ်တစ်ပိုင်းကို ရှည်ရှည်ဝေးဝေး

...မ်းလွမ်းဆွေးဆွေး၊ တမ်းတမ်းတတ၊ မှတ်မှတ်ရရ ပြောဆိုခဲ့ပါသည်။

ကျွန်တော်သည် ကဗျာဆရာလည်း ဖြစ်ပါသည်။ ဆောင်းပါးဆရာ ...ည်း ဖြစ်ပါသည်။ စာတမ်းရှင်လည်း ဖြစ်ပါသည်။ တက္ကသိုလ်က ...ရာကြီးလည်း ဖြစ်ပါသည်။ သို့သော်လည်း သူ တွေးသလို မတွေးမိခဲ့ပါ။ ... ပြောသလိုလည်း မပြောတတ်ခဲ့ပါ။ ထို့ကြောင့် ဘဝကို သိသော၊ ဘဝကို ...းသည်သော၊ ဘဝကို အောက်က စခဲ့သော ဒေါက်တာခင်ရွှေ၏ စကား ...းကို ကြားလိုက်ရသောအခါ. . .

"ဆရာမြတ်ခိုင် ခဏ ခဏ ပြောတတ်သလိုပါပဲ။ တစ်ခါတုန်းက ...ကြီးတစ်ယောက်ရှိဖူးတယ်။ အဲ့ဒီလူကြီးဟာ ငွေတစ်ထောင်သာ ...က်ထဲမှာ အရင်းအနှီးရှိတယ်။ အဲ့ဒီငွေတစ်ထောင်နဲ့ မြို့ကို တက်ခဲ့တယ်။ မြို့ကို ရောက်လာတဲ့ ကျေးတောသား တစ်ယောက် ပေါ့။ အဲ့ဒီလူကြီးဟာ ...က်ထပ် နှစ် (၂၀) ကြာတဲ့အခါမှာ ကမ္ဘာကျော်တဲ့ "ဇေကမ္ဘာ ကုမ္ပဏီ" ...ဥက္ကဋ္ဌကြီးပေါ့။ သူဟာ တစ်ရံရောအခါက အဲ့ဒီလို ဒူးရင်းသီးသည် ...ယောက်နဲ့ တွေ့တော့ . . ."

. . . စသည်ဖြင့် လွမ်းစရာ ဇာတ်လမ်းကလေးကို တွေးမိတိုင်း ...န်တော်သည် ဒေါက်တာခင်ရွှေ၏ ဒူးရင်းသီး ဝယ်ပုံဝယ်နည်းများမှ ...ဆင့် လောကကြီးကိုလည်း ရှင်းရှင်းကြီးမြင်သွားပါသည်။ လောကကြီး ...ကိုလည်း ရှင်းရှင်းကြီး ကြားသွားပါသည်။ ထိုအခါမှစ၍ ကျွန်တော်၏ ...က်သမျက်စိ ထဲတွင် ဒေါက်တာခင်ရွှေသည် အသိထူး၊ အမြင်ထူးရှိသော ... ဘစ်ဦးဟု ဦးဦးဖျားဖျား တွေးမိလိုက်ပါတော့သည်။ ထိုအခါမှစ၍ သူ့ ...ဥ္စတ္တိ ရုပ်ပုံလွှာကို ရေးသားပြုစုရန် အားသန်မိပါတော့သည်။

◆ ◆ ◆

# ဒေါက်တာခင်ရွှေ (သိုမဟုတ်) နှံ့ထဲက ကြာ

၁၉၉၉ ခု၊ ဇွန်လတွင် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့မှ ထုတ်ဝေသော စာအုပ်တစ်အုပ်ကို ဖတ်ရပါသည်။ ထိုစာအုပ်မှာ Peter Church ဆိုသူ ရေးသားသော Added Value ဟူသော စာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်ထဲ တွင် The Life Stories of Leading South East Asian Business People ဟူသော ခေါင်းစဉ်ဖြင့် အရှေ့တောင်အာရှတွင် ထင်ပေါ်ကျော်ကြား၍ ကမ္ဘာ့အဆင့်ထိ ရောက်သွားသော ပုဂ္ဂိုလ်ထူးများအကြောင်းကို ရေးသား ဖော်ပြထားကြောင်း တွေ့ရပါသည်။ ထိုစာအုပ်ထဲတွင် စာမျက်နှာ (၂၅) ၌ Dr. Khin Shwe, Founder & Chief Executive Zaykabar Co., Ltd, Myanmar. ဟူ၍ တွေ့ရရာ ဖတ်ကြည့်မိပါသည်။ အလွန်စိတ်ဝင်စား ဖွယ်ရာ ကောင်းလှပါသည်။ ကမ္ဘာကသိအောင် ရေးသောစာအုပ် ဖြစ်ပါ သည်။ ကမ္ဘာကတော့ သိသွားပါ လိမ့်မည်။ သို့သော် ထိုအထဲတွင် မြန်မာ များကိုယ်တိုင် မသိသေးသော ဒေါက်တာခင်ရွှေအကြောင်းကို တွေ့ရှိရပါ သည်။

## ဒေါက်တာခင်ရွှေ၏ ဘဝ တစေ့တစောင်း

ဒေါက်တာခင်ရွှေသည် ဇေကမ္ဘာ ကုမ္ပဏီကို ၁၉၉၀ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ သူ တည်ထောင်ခဲ့စဉ်က မြန်မာနိုင်ငံတွင် စီးပွားရေး တံခါးဖွင့် မူဝါဒများ စတင်ကျင့်သုံးစဉ်ကာလက ဖြစ်သည်။ ဒေါက်တာခင်ရွှေသည် ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများနှင့် စီးကရက်ထုတ်လုပ်မှုလုပ်ငန်းများတွင် အရင်းအနှီးပေါင်း သန်းပေါင်းများစွာ စိုက်ထုတ်ရင်းနှီးထား၍ မြန်မာပြည်တွင် အကြီးအကျယ်ဆုံးသော လုပ်ငန်းပိုင်ရှင်ဖြစ်ကြောင်း ထိုအထက်ဖော်ပြပါ စာအုပ်၏ စာမျက်နှာ (၂၅၅) တွင် ဖော်ပြထားကြောင်း တွေ့ရပါသည်။

ဒေါက်တာခင်ရွှေသည် တနင်္လာသား ဖြစ်သည်။ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ဖွားမြင်သည်။ ဖွားသက္ကရာဇ်မှာ ခရစ်နှစ် ၁၉၅၂ ခုနှစ်ဖြစ်သည်။ မော်လမြိုင်သားဇာတိ ဖြစ်သည်။

မော်လမြိုင်မှာ မွန်ပြည်နယ်က မြို့တော်ကြီးဖြစ်သည်။ မွန်ပြည်နယ်သည် မြန်မာပြည်၏ တောင်ပိုင်းမှာ ရှိသည်။ မွန်ပြည်နယ်သည် ယိုးဒယားနှင့်မြန်မာတို့ကို ထင်ထင်ရှားရှား ပိုင်းခြားထားသော တောင်တန်းမြေပြန့်နှင့်တွေ့ရသော ပြည်နယ်ကြီး ဖြစ်သည်။

ကမ္ဘာ့မြေပုံအရဆိုလျှင် မလေးကျွန်းဆွယ်ကြီး၏ ထိပ်ဆုံးပိုင်းတွင် မွန်ပြည်နယ်ရှိသည်ဟု လွယ်လွယ်ကူကူ ပြောနိုင်ပါသည်။

ဒေါက်တာခင်ရွှေ၏ဖခင်မှာ အလွန်ချမ်းသာသော ကုန်သည်ကြီးတစ်ယောက် ဖြစ်သည်။ စက်လှေပေါင်းများစွာ၊ ရွက်လှေပေါင်းများစွာ ပိုင်ဆိုင်သူ ဖြစ်သည်။ ထိုစက်လှေ၊ ရွက်လှေတို့ဖြင့် အကြီးအကျယ် ကုန်ကူးသူသည်းဖြစ်သည်။

သူ၏ဖခင်သည် ကုန်သည်ကြီးဖြစ်သည်။ မော်လမြိုင်က ကုန်ပစ္စည်းများကို မလေးရှား၊ ပလောပီနံတို့သို့လည်းကောင်း၊ ရန်ကုန်သို့လည်းကောင်း အကြီးအကျယ်တင်ပို့သော ရိုးရိုးကုန်သည်ကြီး ဖြစ်သည်။

ဒေါက်တာခင်ရွှေ၏ အဖေရော အမေပါ မျိုးရိုးစဉ်လာမပျက် မြန်မာတိုင်းရင်းသားစစ်စစ်များ ဖြစ်ကြပါသည်။ ဒေါက်တာခင်ရွှေ၏ ဖခင်မှာ စီးပွားရေးခြေလှမ်းကျဲသူဖြစ်သည့်အလျောက် တစ်လမှာ (၅) ရက်လောက်သာ အိမ်ကို ကပ်နိုင်သည်။ ဤရွေ့ဤမျှ အလုပ်များပါသည်ဟု ဒေါက်တာခင်ရွှေက ပြောပြပါသည်။

လွတ်လပ်သော ငယ်စဉ်ကာလ ကလေးဘဝကို ဒေါက်တာခင်ရွှေသည် မကြာခဏ သတိရလေ့ရှိသည်ဟု ပြောပြပါသည်။ ပျော်ရွှင်စွာနေထိုင်ခဲ့သော အပြစ်ကင်းမဲ့သည့် ကလေးဘဝသည် ၁၉၆၂ ခုနှစ်လောက်တွင် ကုန်ဆုံးသွားကြောင်း ဒေါက်တာခင်ရွှေက ဝမ်းနည်းစွာ ပြောပြတတ်ပါသည်။ ထိုစဉ်က သူသည် အသက် (၁၀) နှစ်လောက်မျှသာ ရှိပါသေးသည်။

"ပုံပြင်ထဲကလိုပဲပေါ့။ အပြစ်ကင်းတဲ့ ကလေးလေးဘဝဟာ သူ့အဖေ နောက်အိမ်ထောင်ပြုသဖြင့် သူ့ အမေကို စွန့်ခွာ၍သွားသောအခါ ကုန်ဆုံးသွားပါသည်ဟု သူက ပြောပြပါသည်။ ထိုစဉ်က မိသားစု (၆) ယောက် ရှိကြောင်း ပြောပြပါသည်။ သူ့အဖေ နောက် အိမ်ထောင်ပြုသည်မှစ၍ ကလေး (၆) ယောက်နှင့် ကျန်ရစ်ခဲ့သော သူ့အမေအတွက် သူသည် အမေနှင့် ဘဝတူ ခံစားခဲ့ရကြောင်း"

သူက ပြောပြပါသည်။

"ကျွန်တော့်အဖေက ကျွန်တော်တို့ကို အဆက်အသွယ် ဖြတ်လိုက်တယ်။ လူချင်းလည်း ဖြတ်လိုက်တယ်။ ငွေလည်းမပို့တော့ဘူး။ ဒီတော့ ကျွန်တော်တို့ ဘဝဟာ မော်လမြိုင်မှာ အချမ်းသာဆုံး ဘဝကနေပြီးတော့ နေ့ချင်းညချင်းဆိုသလို မြင်မကောင်းအောင် ဆင်းရဲတဲ့ အဆင်းရဲဆုံးဘဝကို ရောက်သွားတာပါပဲ"

ဟုလည်း တမ်းတမ်းတတ ပြောပြတတ်ပါသည်။

"အသက် (၁၂) သားလောက်ကအချိန်တွေကို ကျွန်တော် မကြာခဏ ပြန်စဉ်းစားမိပါတယ်။ ကျွန်တော်ဟာ ကျွန်တော့်အမေ ဝယ်လာခဲ့တဲ့ သစ်သီးတွေ၊ ဟင်းရွက်တွေကို ဘယ်လိုဘယ်လို အမေ့ကိုကူပြီး

ခေါင်းခဲ့ရတယ် ဆိုတာတွေပါ သတိရနေပါတယ်။ အမေဟာ မော်လမြိုင်ကနေပြီးတော့ ရွာနီးချုပ်စပ်မှာရှိတဲ့ နေရာတွေကို အသီးအနှံတွေ၊ ဟင်းသီးဟင်းရွက်တွေ ရောင်းခဲ့ပါတယ်။ လောကရဲ့၊ ဘဝရဲ့ဒဏ်ကို အမေနှင့်အတူ ကျွန်တော်ဟာ ရုန်းကန်ရင်း အမေကို လုပ်ကျွေးခဲ့တဲ့အတွက် ငယ်စဉ်က ဘဝတွေကို ဘယ်လိုပဲ ပြန်တွေးတွေး အမေ့အိုကို ပင်ပန်း၊ စိတ်ပင်ပန်းခံပြီး လုပ်ကျွေးခဲ့ရတဲ့အတွက် တစ်ခါမျှ နောင်တမရခဲ့ပါဘူး။ ဒီလိုရှာကျွေးခဲ့တဲ့အတွက် ကျွန်တော်ဟာ ဘဝပေးကံကြောင့်ကျေခဲ့သလို အမေ့ကျေးဇူးတွေကိုလည်း ဆပ်နိုင်ခဲ့တယ်လို့ အခုလို ခန့်သောတဲ့အခါ ကျတော့ ကျွန်တော် ရင်ကော့ပြီး ပြန်ပြောနိုင်ခဲ့ပါတယ်။ လောကဓံတရားက ထုထောင်းလို့ ကျွန်တော်သာ အခုလို လူတစ်လုံး သူတစ်လုံး မဖြစ်ခဲ့ဘူးဆိုရင် ကျွန်တော့်အမေဟာ ကျွန်တော့်အတွက် ဆိုပြီး ဝမ်းနည်းကြေကွဲမှာပါပဲ။ အခုတော့ နွံထဲက ကြာပွင့် တစ်ပွင့်လိုပါပဲ၊ ကျွန်တော်ဟာ ဘဝရဲ့ ဒဏ်ရာဒဏ်ချက်၊ လောကဓံရဲ့ မုန်တိုင်းတွေကြား ထဲကနေပြီးတော့ ရွှံ့ထဲနွံထဲကပေါက်တဲ့ ကြာပွင့် တစ်ပွင့်လိုပဲ၊ ရေကို အခြေခံလို့ မြေမှာ ဘဝကို မမေ့မလျော့ အမြစ်တွယ်ပြီးတော့ ရေညှိကိုဖြတ်ပြီး အခုအခါ လေထဲမှာ ကြွားကြွားဝင့်ဝင့် ဝင့်နိုင်ခဲ့ပါပြီ။ ဒါဟာလည်း အမေ့ ကျေးဇူးကြောင့်ပါပဲ။ အမေ့ဆီကရခဲ့တဲ့ ရိုးသားမှုဂုဏ်ဟာ ကျွန်တော့်ဘဝရဲ့ ဂုဏ်ပါပဲ"

ဟု ဒေါက်တာခင်ရွှေက ပြန်ပြောပြလေ့ရှိပါသည်။

ဒေါက်တာခင်ရွှေ၏ ဘဝများသည် လောကဓံတရားကြောင့် ဆင်းရဲကျက် လွယ်သောအခြေသို့ ရောက်ခဲ့သည်။ အချော့အမော့၊ အယုအယ ကြားနှင့်သာ နေခဲ့ရလျှင် ဤရွှေ့ ဤမျှ ဘဝပေးအသိ ကြွယ်ဝနိုင်စရာ အကြောင်း မရှိပါဟုလည်း ဒေါက်တာခင်ရွှေက ခံယူပါသည်။

"ငယ်စဉ်က သင်ခန်းစာတွေဟာ ကြီးလာတော့လည်း သင်ခန်းစာတွေ ဖြစ်လာတာပါပဲ။ လောကရဲ့ အခက်အခဲတွေကိုဖွင့်ဖို့ အောင်မြင်မှု သော့ဟာ ဘဝက ရခဲ့တာပါပဲ။ ဒီရွှေသော့ကတော့ ရိုးသားမှု ဂုဏ်ရည်ပါ။ ရိုးသားမှုကို ကြိုးစားမှုနဲ့ ပေါင်းလိုက်တော့ ရွှေ၊ ငွေ၊ စိန်၊ ကျောက်

ဖယ်တောက် ကစားနိုင်တဲ့ ဘဝရောက်ခဲ့တာပါပဲ။"

"ငွေတစ်ထောင်နဲ့ ဘဝကို စခဲ့တာပါပဲ။ ဒီနေ့ ကျွန်တော်ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို အမျိုး၊ ဘာသာ၊ သာသနာအတွက် အကုန်လှူပစ်လိုက်လည်း ကျွန်တော် ဝမ်းနည်းကြေကွဲမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော့်ဘဝကိုစခဲ့တုန်းက လက်ထဲမှာ ငွေတစ်ထောင်သာ ရှိခဲ့လို့ပါပဲ။"

"တကယ်လို့ လက်ထဲမှာ ငွေတစ်ထောင်သာ ကျန်မယ်ဆိုရင်လည်း ကျွန်တော်မမှုပါဘူး။ အရင်းပါပဲ။ မော်လမြိုင်ကိုပြန်ပြီး တောမှာတောင်မှာ သဘာဝအတိုင်း နေလိုက်ရုံပါပဲ။ ပြုခဲ့သမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် အစုစုအဖို့ကို နောင်တ မရပါဘူး။ လုပ်ခွင့်ရလို့ လုပ်ခဲ့ရတာ ပါရမီနဲ့ ကုသိုလ်ချည်းပါပဲ။"

"လုပ်ခွင့်ဆိုတဲ့ စကားက အလွန်ထူးဆန်းပါတယ်။ ကျွန်တော် ယခု အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဆိုတဲ့ အမြင့်ဆုံးဘွဲ့ထူးကြီး ရခဲ့ပြီးပါပြီ။ နိုင်ငံတကာက ပေးအပ်တဲ့ စီးပွားရေး ပါရဂူဘွဲ့ကြီးက နှစ်ဘွဲ့၊ လူမှုထူးချွန်ဆု စတဲ့ ဘွဲ့တွေအပြင် အမျိုး၊ ဘာသာ၊ သာသနာအတွက် ကျွန်တော် မော်ကွန်းတိုင်တွေ စိုက်ခဲ့ပြီးပါပြီ။ ဒီတော့ နောင်တ မရကြေးဟု သဘောထားကာ လှူခဲ့ပြီးပါပြီ။ နောက်ထပ် ဘွဲ့လည်း မျှော်လင့်စရာ မရှိတော့ပါဘူး။ အခု ကျွန်တော် လုပ်နေတာတွေဟာ ဘွဲ့ထူး ဂုဏ်ထူးအတွက် မဟုတ်ပါဘူး။ သံသရာက လွတ်မြောက်မှုအတွက် သက်သက်ပါပဲ" ဟူ၍ ဒေါက်တာခင်ရွှေက ခဏ ခဏ ပြောဖူးပါသည်။

တည်ငြိမ်အေးဆေးသော ချောင်းနှင့် ရွှံ့နွံတို့အကြားမှာ ပေါက်၍နေသော ကြာဖူးကြာစွယ် ကြာငုံတို့နှင့်တကွ ထည်ထည်ဝါဝါ ပွင့်နေသော ကြာပန်းပွင့်ကြီးများကိုတွေ့တိုင်း ကျွန်တော်သည် ဒေါက်တာခင်ရွှေ၏ စကားကို သတိရ၍ နေတတ်ပါသည်။ ဒေါက်တာခင်ရွှေ၏ စကားကို ကြားတိုင်းလည်း ရေကန်ထဲက ကြာပွင့်များကို စိတ်မျက်စိထဲတွင် မြင်ယောင်ယောင် ဖြစ်နေပါသည်။ အမှန်စင်စစ်မှာ ဒေါက်တာခင်ရွှေ

အတွက် စကားကလေးတစ်လုံး ရှိပါသည်။ ထိုစကားမှာ အခြားမဟုတ် "ဒေါက်တာခင်ရွှေ (သို့မဟုတ်) နွံထဲက ကြာ" ဟူ၍ ဖြစ်ပါသည်။

♦ ♦ ♦

# သစ္စာမြဲလိုက်သော ငှက်ကလေးတစ်ကောင်အကြောင်း

"ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ပြောရမယ်ဆိုရင်တော့ ကံ့ကံ ၏ အကျိုးကို ယုံတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကံကိုဘယ်သူမှ အံတုလို့ မရပါဘူး။ ကံဟာ လောကကြီးကို ခြယ်လှယ်နေတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ အားလုံးဟာ သူ့သဘော အတိုင်းဖြစ်တာပါပဲ" ဟု ဦးခင်ရွှေက သူ့အဖေ အကြောင်း ပြန်၍ ပြောပါသည်။

"အဖေဟာ ကျွန်တော်တို့မိသားစုကို စွန့်ခွာသွားပြီးတဲ့နောက် အကြောင်းကြောင်းကြောင့် ကံဆိုးမိုးမှောင် ဝင်တော့တာပါပဲ။ သူ့အလုပ် တွေကလည်း အဆင်မပြေဘူး။ ပြီးတော့ ဆင့်ကဲဆင့်ကဲ ဒုက္ခတွေ ပေါ်လာ ပါတယ်။ သူထောင်ထားတဲ့ စက်လှေတွေကလည်း တစ်စင်းပြီးတစ်စင်း နစ်လို့ ဆုံးရှုံးပျက်စီးသွားတာဟာ စီးပွားပျက်တော့တာပါပဲ။ စီးပွားပျက် တာနဲ့ တစ်ပြိုင်တည်းပါပဲ ဘဝလည်းပျက်တော့တာပါပဲ" ဟု ဦးခင်ရွှေက သူ့အဖေအကြောင်း ပြန်၍ ပြောပါသည်။

"ကျွန်တော့်အဖေဟာ ဘဝမှာဆောက်ထားတဲ့ သံတိုင်တွေဟာ သံမခိုင်တော့ ပျက်ကုန်တာပေါ့။ ဒီတော့ ဘဝပေးဒဏ်ကို မခံနိုင်တော့ဘဲ

အရက်သမားတစ်ပိုင်း ဖြစ်တော့တာပါပဲ။ အလောင်းအစားကလည်း ်သနာပါတော့ ပိုဆိုးတာပေါ့။

ဟူ၍ ဦးခင်ရွှေက သံဝေဂစကား ဆိုပါသည်။

သူ၏အဖေသည် ဒုတိယအိမ်ထောင်ပြုလိုက်သော အိမ်ထောင် နေး ပြိုကွဲသွားပြန်သည်။ ထို့ကြောင့် ဒုတိယအိမ်ထောင်ကိုစွန့်ပြီး ပထမ အိမ်ထောင် ဆီသို့ ပြန်လည်ရောက်ရှိလာပြန်သည်။ "ဘာပဲဖြစ်ဖြစ် သူဟာ အရင်ကလို ဘဝအမှန် မဟုတ်တော့ပါဘူး။ ကျိုးသွားတဲ့ သစ်သား ဘစ်ချောင်းလိုပေါ့။ ပြန်ဆက်ဖို့ မလွယ်ပါဘူး။ ဆက်တော့လည်း အဆက် ကြီးနဲ့ပေါ့။ အရင်လိုတော့ အကောင်းပကတိ မဟုတ်တော့ဘူးပေါ့။"

ထို ၁၉၆၈ ခုနှစ်မှာပဲ မောင်ခင်ရွှေဟူသော လူငယ်လေးတစ်ယောက် သည် အထက်တန်းကျောင်းကို အောင်မြင်ခဲ့ပါသည်။ မေမြို့သို့ ကျောင်း သွား၍ တက်ရပါသည်။ မေမြို့ရှိ စက်မှုကျောင်းကို တက်ရသည်။ တက်ခွင့် သည်။ ဤသို့ဖြင့် မောင်ခင်ရွှေဟူသော လူငယ်ကလေးတစ်ယောက်သည် အတောင်မစုံသော ငှက်ငယ်ဘဝမှ အတောင်စုံသောဘဝသို့ ပြောင်းလဲ၍ လောကတစ်ခွင် အာကာပြင်၌ သွားလာကျက်စားနိုင်သော ဘဝသို့ ရောက်ရှိလာသည်ဟု ကဗျာဆန်ဆန် ပြောလိုက်လျှင်ပင် ထိုအချက်ကို ဦးခင်ရွှေသည် မှန်ပါပေသည် ဟု ရယ်မောပျော်ရွှင်စွာ ပြန်၍ ပြောလေလိမ့် မည်လား မသိပါ။

◆ ◆ ◆

# ဘဝအရက်ဦးမှာ တံခါးလာခေါက်သော အခွင့်အရေး

၁၉၇၀ ခုနှစ်တွင် ကျောင်းသားကလေး မောင်ခင်မွေသည် ကိုခင်မွေဘဝသို့ ရောက်ရှိခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုနှစ်မှာပင် သူသည် အင်ဂျင်နီယာသင်တန်းများအောင်မြင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၁၉၇၀ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ တပ်မတော် အင်ဂျင်နီယာ တပ်ခွဲတွင် လုပ်ငန်းပြ အင်ဂျင်နီယာအဖြစ် အမှုထမ်းခဲ့ပါသည်။

ထို ၁၉၇၈ ခုနှစ်မှာပင် ရန်ကုန်သို့ အလုပ် ပြောင်းရွှေ့လာခဲ့သည်။ ဆည်မြောင်းဌာနသို့ ရောက်လာသည်။ ကွင်းဆင်းရသော အင်ဂျင်နီယာ ဖြစ်လာသည်။

"မော်လမြိုင်မှာ (၈) နှစ်ကြာလုပ်ခဲ့ရတော့ အင်ဂျင်နီယာဘဝနှင့် ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေဟာ ဘဝပေးအသိကြောင့် ကံပွင့်လာတယ်

ဒီနေရာပါပဲ။ ဘာ့ကြောင့်လည်းဆိုတော့ အလုပ်ကျွမ်းကျင်လာတာနဲ့အမျှ အကွက် အကွင်းကလည်း မြင်လာတော့ ပုဂ္ဂလိက ကန်ထရိုက်တာအလုပ်ကို သုံးလိုက်ရလျှင်ဖြင့် ကောင်းမှာပဲ" ဟူသော အသိတို့က လှောင်အိမ်ထဲက ငှက်ကလေးကို မျက်စိဖွင့်ပေးလိုက်သကဲ့သို့ အင်ဂျင်နီယာ ဦးခင်ရွှေကို မျက်စိဖွင့်ပေးလိုက်သည်။ ထို့ကြောင့်ပင် ၁၉၇၉ ခုနှစ်တွင် သူသည် နေအိမ်သမြိုင်ကို စွန့်ခွာခဲ့သည်။ ထိုအချိန်မှစ၍ အချိန်ပြည့် ပုဂ္ဂလိက လုပ်ငန်းရှင် ဘဝတည်း ဟူသော ဘဝလမ်းကို စတင်လျှောက်လှမ်းခဲ့ရလေသည်။

သူ့ဘဝတွင် ကြီးမားသော အပြောင်းအလဲတို့သည် ၁၉၈၈ ခုနှစ် နှောင်း ဖြစ်ပေါ်ခဲ့ပါသည်။ ထိုအချိန်တွင် တစ်နိုင်ငံလုံးအနေအထားဖြင့် ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလိုက်သည်မှာ ကမ္ဘာသိဖြစ်ပါသည်။ ထိုကာလတွင် ဦးခင်ရွှေသည် ဦးထိန်ဝင်းဆိုသူနှင့်တွဲဖက်၍ အမေရိကန်နိုင်ငံသို့ လေ့လာရေးခရီး ထွက်ခဲ့ရသည်။ ရည်ရွယ်ချက်မှာလည်း စီးပွားရေးလုပ်ငန်းဆိုင်ရာ အကွက်အကွင်းများ၊ လုပ်နည်းလုပ်ဟန်များ၊ အခွင့်အလမ်းများ စူးစမ်းရှာဖွေ လိုခြင်းဖြစ်သည်ဟု ပြောလိုက်လျှင် မမှားနိုင်ပါ။

ဦးခင်ရွှေသည် ဦးထိန်ဝင်းနှင့်တွဲဖက်၍ ကုမ္ပဏီတစ်ခု ထောင်လိုက်သည်။ ထိုကုမ္ပဏီတွင် အခြားသောလုပ်ငန်းရှင်နှစ်ဦးလည်း ပါလာပါသည်၊ ကုမ္ပဏီ၏အမည်မှာ "ပတ္တမြား ကုမ္ပဏီ" ဖြစ်ပါသည်။

"ပတ္တမြား ကုမ္ပဏီ" တွင် ဦးခင်ရွှေသည် မိမိတတ်သမျှ မှတ်သမျှ အတွေ့အကြုံ ပညာအားလုံးကို အကုန်သုံး၍ ကိုယ်ရောစိတ်ပါ မြှုပ်နှံလိုက်ပါသည်၊ မြို့ပြအင်ဂျင်နီယာဘဝဖြင့် စက်ရုံများဆောက်လုပ်ရခြင်းသည် သူ့အတွက် စီးပွားရေးမျက်စိ ပွင့်လာစေပါသည်။

ထိုဘဝအစသည် တိုးတက်မှုလမ်း၏ လမ်းစဖြစ်ကြောင်းကို ဦးခင်ရွှေသည် ဘဝပေးအသိအရ ချက်ချင်းရိပ်မိလိုက်သည်။ ထို ...ဘင်ပြက်ဉာဏ်ကို ဘယ်ကရသည်ဟု သူ မစဉ်းစားမိ။

"ပတ္တမြားကုမ္ပဏီဟာ ကျွန်တော့်ကို အခွင့်အလမ်းတွေ ဖွင့်ပေးခဲ့ပါသည်။ စက်ဘူ အစရှိသည့် နိုင်ငံများသို့လည်း ပို့ပေးခဲ့ပါသည်။ အမေရိကန် အစရှိတဲ့ နိုင်ငံများမှာလည်း လေ့လာခွင့်ရအောင် ဖန်တီးပေးခဲ့ပါသည်။ ဒီတော့ ဘာတွေမြတ်ခဲ့သလဲ ဆိုတော့ ကျွန်တော့် ဘဝမှာ တောင့်တခဲ့တဲ့ နည်းသစ်၊ ပညာသစ်တွေပါပဲ။ ဒါတွေဟာ ငွေနဲ့ဝယ်လို့ မရပါ။ ဘဝနှင့်ရင်း၍ ဝယ်ခဲ့ရပါသည်။ အချိန်သည် အကောင်းဆုံးသော တရားသူကြီး ဖြစ်ပါသည်"

ဟူ၍ ဦးခင်ရွှေသည် မိမိ၏ ဘဝအစကို နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး ပြန်ပြောတတ်ပါသည်။

ဘဝဆိုသည်မှာ အလွန်ဆန်းကြယ်ပါသည်။ အခွင့်အရေးသည် တံခါးလာ၍ ခေါက်တတ်၏။ သင် ဘယ်သူလဲဟု မေးသောအခါ ကျွန်တော့် နာမည် အခွင့်အရေးပါဟု ပြောတတ်သည်။ ထိုအခါ အိပ်မောကျနေသူ တစ်ယောက်က အိပ်ရေးမဝသဖြင့် ခင်ဗျားကြည့်ရတာ ပျင်းစရာဗျာဟု ပြောကာ ခေါင်းမြီးခြုံကာ ပြန်အိပ်လိုက်တတ်ပါသည်။

ထိုအခါ အခွင့်အရေးသည် ပြန်၍ လှည့်ထွက်သွားပါသည်။ ထိုသူ အိပ်ရာနိုးသောအခါ ထိုအခွင့်အရေးသည် ဘယ်တော့မှ ပြန်၍ မလာတော့ ကြောင်း တွေ့ရပါသည်။

အခွင့်အရေးသည် တစ်သက်မှာ တစ်ခါလာသည်။ တစ်ခါမက အခါခါ လာတတ်သည်။ သိသူက ဉာဏ်မျက်စိရှိဖို့လိုသည်။ အခွင့်အရေး သည် ကတုံးပြောင်နေ၏။ သူ၏ သျှောင်ကိုမိအောင် ဆွဲနိုင်ဖို့လို၏။

ဒေါက်တာခင်ရွှေဖြစ်လာမည့် "ဇေကမ္ဘာ" ဥက္ကဋ္ဌလောင်းသည် မင်္ဂလာဒုံ စက်မှုဥယျာဉ်တည်ဆောက်သော အတတ်ပညာများကို ထို တည်းက စိတ်ထဲမှာ တတ်မြောက်ခဲ့လေသည်။ အင်ဂျင်နီယာကလေ ဦးခင်ရွှေသည် ဉာဏ်မျက်စိဖြင့် အခွင့်အရေးဟူသော တံခါးလာခေါ

ဒုကို အမိဖမ်းနိုင်ခဲ့လေသည်။ ဤအချက်ကို လူငယ်တို့ သဘောပေါက်ရန် အရေးကြီးလှပါသည်။

◆ ◆ ◆

# အိပ်မက်ထဲက

# ဇေကမ္ဘာ

အိပ်မက်ထဲက ကမ္ဘာလေးတစ်ခုကို အပြင်ဘက်မှာ လက်ေ
ဖန်ဆင်းလိုက်သောအခါ ဇေကမ္ဘာကုမ္ပဏီဟူ၍ ဖြစ်ပေါ်လာပါသည်

၁၉၉၀ ခုနှစ်တွင် “ဇေကမ္ဘာကုမ္ပဏီ” ဟူသော အမည်ဖြင့် ဦးခင်
သည် ကုမ္ပဏီတစ်ခု ထောင်လိုက်လေသည်။ ဇေဟူသော စကားမှာ သူ့သ
နှင့် သမီးထံမှရသော စကားဖြစ်သည်။ သူ့သား၏အမည်မှာ “ကိုဇေသီဟ
သမီးမှာ မဇေဇင်လတ် ဖြစ်သည်။ ထို့ကြောင့် ထို “ကိုဇေသီဟ” နှင့် သ
မဇေဇင်လတ် မှ “ဇေ” ကို ယူရခြင်း ဖြစ်၏ဟု သူက ပြန်ပြောပြပါသည
“ကမ္ဘာ” မှာကား အများသိပြီးသော စကားလုံး ဖြစ်ပါသည်။

ကုမ္ပဏီထောင်ခြင်း၏ ရည်ရွယ်ချက်မှာလည်း သူ၏ သားသမီးမျ
ကို လက်ဆင့်ကမ်း၍ လွှဲပြောင်းပေးနိုင်သော လုပ်ငန်းတစ်ခုကို လုပ်
သော သဘောဖြစ်ကြောင်း သူက ပြန်လည်ပြောကြားပါသည်။

မြန်မာနိုင်ငံတော်ကြီးသည် စီးပွားရေးအရှိန်အဟုန် မြင့်လာသ
နှင့် အမျှ မိမိတို့ ကုမ္ပဏီသည်လည်း စီးပွားရေးအရှိန်အဟုန် မြင့်လာ

ည်ဟု သူက ယုံကြည်၏။ သူတို့၏ စီးပွားရေးအရှိန်အဟုန် မြင့်မားလာ ည်နှင့် အမျှလည်း “ရေမြင့် ကြာတင့်” ဆိုသကဲ့သို့ နိုင်ငံတော်ကြီးသည် ည်း တဖြည်းဖြည်း မြင့်မားလာလိမ့်မည်ဟု သူက ယုံကြည်ထားပါသည်။

နိုင်ငံတော်က ရေကန်ကြီးတစ်ကန်ဆိုပါလျှင် သူတို့သည် ကြာပွင့် ကြီးများ ဖြစ်ပါလိမ့်မည်။ ရေသည် ကြာရှိမှ တင့်တယ်၏။ ကြာသည် ရေရှိမှ တင့်တယ်၏။ ရေပြာပြာသည် ရွှေကြာရှိမှ တင့်တယ်၏။ “ရေပြာနှင့် ရွှေကြာ” ခွဲ၍ မရပါ။ “ရွှေကြာနှင့် ရေပြာ” လည်း ခွဲ၍ မရပါ။

တစ်နေ့သောအခါ ကျွန်တော်၏ မျိုးဆက်သစ်သားသမီးများသည် ည်း မြန်မာပြည်၏ ကောင်းကျိုးကို ကျွန်တော်ဆောင်ရွက်သကဲ့သို့ ဆောင်ရွက်စေလိုသော နမူနာအဖြစ် ဖခင်အဖြစ် ရပ်တည်လိုပါသည်။ ကျွန်တော်၏ မိသားစုအတွက် “ဇေကမ္ဘာ ကုမ္ပဏီ” ကို တည်ထောင်ရာတွင် တည်ထောင်လိုသော စိတ်ကူးစိတ်သန်းကို စင်္ကာပူနိုင်ငံသား တစ်ယောက် မှ ရရှိ၍ လျှပ်တစ်ပြက် အသိဉာဏ်ပွင့်ခဲ့ပါသည်ဟု သူကဆိုပါသည်။

သူ၏ စီးပွားရေးဆိုင်ရာ အတွေးအခေါ် အယူအဆများသည် ည်းကောင်း၊ ဆုံးဖြတ်ချက်ချရာတွင် တိကျခြင်း၊ မှန်ကန်ခြင်း၊ မြန်ဆန် ခြင်း စသော အရည်အချင်းများသည်လည်းကောင်း၊ ကျွန်တော့်အား များစွာ ဆောင်ခဲ့ပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် မိသားစုကမ္ဘာကလေးကို ငြိမ်းငြိမ်းချမ်းချမ်း တည်ထောင်လိုသောသဘောဖြင့် “ဇေကမ္ဘာ” ဟူ၍ မက်ထဲက ကမ္ဘာကလေးတစ်ခုကို လက်တွေ့အကောင်အထည် ဖော်လိုက်ခြင်း ဖြစ်ပါသည်ဟု သူကဆိုပါသည်။

ယနေ့ “ဇေကမ္ဘာ” သည် မိသားစုအတွက် ချမ်းမြေ့ခြင်းဖြစ်စေ ည်သာမက အမျိုး၊ ဘာသာ၊ သာသနာအကျိုး သယ်ပိုးဆောင်ရွက်ရာ ရှေ့တန်းရောက်နေပါသဖြင့် “ဇေကမ္ဘာ”ကလုပ်လျှင် သေချာသည်။ “ဇေကမ္ဘာ” ကလည်း သေချာမှလုပ်သည်။ မသေချာလျှင် မလုပ်ဟူ၍ ဝန်းသဘော နာမည်ကောင်းလက်မှတ် ရရှိနေပါသည်။

ယနေ့ "ဇေကမ္ဘာ" သည် မြန်မာများအတွက် တစိမ်းဆန်သော "ဇေကမ္ဘာ" မဟုတ်ပါ။ စီးပွားရေးလောကမှာလည်း ဇေကမ္ဘာ၊ ထို့မှသာ မက ပညာရေးလောက အကျိုးဆောင် "ဇေကမ္ဘာ"၊ ဘာသာ သာသနာမှာ လည်း အကျိုးဆောင် "ဇေကမ္ဘာ" အဖြစ် ဇေကမ္ဘာသည် အသေအချာ ရှည်ကြာစွာ နေရာရလျက် ပွင့်လင်းလျက် ရှိနေပါသည်။

◆ ◆ ◆

# ထူးခွဲကောင်းသော လူတစ်ယောက်

၁၉၈၉ ခုနှစ်တွင် အမေရိကန်၊ ဂျပန် စသော နိုင်ငံများသို့ သွားရောက်ခြင်းသည် ဈေးကွက်စီးပွားရေးမျက်စိများ ပွင့်လင်းလာကြောင်း ဦးခင်ရွှေက ဝန်ခံပြောဆိုပါသည်။

သူ အတွေ့ယူခဲ့သည်ဆိုသော ဂျပန်နှင့် သူ့ကို စီးပွားရေးမျက်စိ ပွင့်လင်းအောင် လမ်းညွှန်ခဲ့သော အမေရိကန် စီးပွားရေးသမားတို့ အကြား ထူးခြားမှုရှိပါသည်။ ထိုအချက်မှာ တခြားမဟုတ်။ ဂျပန်နိုင်ငံသား များသည် အနာဂတ် ကို အကောင်းမျှော်၍ ကြည့်ကြသည်။ သို့သော်လည်း အမေရိကန်တို့သည် အတိတ်ကို ငေးမော၍ ကြည့်တတ်သည်ဟု ဦးခင်ရွှေ က ပြောပြတတ်ပါသည်။

၁၉၇၅ ခုနှစ်တွင် ဦးခင်ရွှေသည် အိမ်ထောင်ပြုခဲ့လေသည်။ ဒေါ်ကျွမ်းဆွေနှင့်ပင် မော်လမြိုင်မှာ ပြန်လည်တွေ့ဆုံခဲ့ရာ အိမ်ထောင်ပြု ခြင်း ဖြစ်ပါသည်ဟု ဦးခင်ရွှေက ပြောဆိုခဲ့ပါသည်။ ထိုအိမ်ထောင်ရှင် နှစ်ဦးမှ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့ပါသည်။

သားဖြစ်သူမှာ "ကိုဇေသီဟ" ဟု ခေါ်ပါ၏။ သမီးဖြစ်သူမှာ "မဇေဇင်လတ်" ဟု ခေါ်ပါ၏။

ဦးခင်ရွှေ မျှော်မှန်းသည့်အတိုင်းပင် သားနှင့်သမီးတို့သည်လည်း လုပ်ငန်းရှင်လောကထဲ ခြေတစ်လှမ်းချခဲ့သည်ဟု ဆိုနိုင်ခဲ့ပါသည်။ ထိုချခဲ့သော ခြေလှမ်းကလည်း အောင်မြင်သောခြေလှမ်းများဟု ဆိုနိုင်ပါသည်။

ဇနီးဖြစ်သူ ဒေါ်စန်းစန်းကြွယ်မှာ မြရိပ်ညိုဟိုတယ်များအုပ်စုတွင် မန်နေဂျင်းဒါရိုက်တာအဖြစ် အောင်မြင်စွာဆောင်ရွက်နေခြင်းကပင် ဦးခင်ရွှေ၏အိမ်မက်များသည် အောင်မြင်နေခြင်းကြောင့် ဦးခင်ရွှေ ဝမ်းသာနေလိမ့် မည်ဟု မှန်းဆနိုင်ပါသည်။

ထို့အတူ အသက် (၂၂) မျှသာရှိသေးသော သမီးဖြစ်သူ မဇေဇင်လတ်ကလည်း မြရိပ်ညိုကလပ်တည်းဟူသော လုပ်ငန်းကြီးကို ဦးစီးဦးဆောင်ပြုလျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များလောကတွင် အသက်အငယ်ဆုံးသော လုပ်ငန်းရှင် မန်နေဂျင်းဒါရိုက်တာအဖြစ် လူသိများလှပါသည်။

ထို့အတူပင် အသက် (၂၅) နှစ်မျှသာရှိသေးသော သားဖြစ်သူ ကိုဇေသီဟကလည်း ကရဝိက်နန်းတော်တည်းဟူသော ကမ္ဘာ့အကောင်းဆုံး ဟိုတယ်များထဲတွင် မြန်မာသိ ကမ္ဘာသိ ဖြစ်နေသော ကရဝိက်နန်းတော်ကြီး၏ မန်နေဂျင်းဒါရိုက်တာအဖြစ် ဆောင်ရွက်နေကြောင်း သိရပါသည်။

သမီးနှင့်သား၊ ဇနီးမယားအတွက် အောင်မြင်မှု အောင်ဆုပေးချင်သောဆန္ဒဖြင့် မျိုးဆက်သစ်များကို မြေလောင်းပေါင်းသင်ချင်သော ဇေကမ္ဘာ ဦးခင်ရွှေသည် အိပ်မက်ထဲတွင် တည်ဆောက်ထားသော ကမ္ဘာကလေးသည် အပြင်ဘက်တွင် ပကတိမျက်စိဖြင့် ထင်ထင်ရှားရှား မြင်နိုင်နေပြီဖြစ်ရာ အသက်အရွယ် (၅၀) ကျော်လာပြီဖြစ်သော ဦးခင်ရွှေ၏ ရွှေထီးဆောင်းသော စီးပွားရေးလောကနေ့ရက်များသည် သားသမီးများသို့ စတင်လွှဲအပ် မြေတောင်မြှောက်ရနေပြီဖြစ်သောကြောင့် မိမိလည်း

ဆက်ထမ်းပိုး တိုး၍ အမျိုး၊ ဘာသာ၊ သာသနာအကျိုးသယ်ပိုးလျက်ရှိသည်ဟု နိုင်ငံတော်ကို ကျေးဇူးဆပ် စကားအဖြစ် ယခင်တစ်လောက ပွင့်လင်းသွားသော "ဇေကမ္ဘာကုမ္ပဏီ အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနား" တွင် နိုင်ငံတော်အကြီးအကဲများ၏ ရှေ့မှောက်၌ ဖွင့်ဟဝန်ခံသွားကြောင်း သိရှိရပါသည်။

ဦးခင်ရွှေ၏လုပ်ငန်းများထဲတွင် မင်္ဂလာဒုံဥယျာဉ်မြို့တော် စီမံကိန်းသည် အကြီးကျယ်ဆုံး ဖြစ်ပါလိမ့်မည်။ ဧကပေါင်း (၃၅၀၀) ပါဝင်၏။ အိမ်ပေါင်း (၃၀၀၀) ကျော်မှန်းထား၏။ (၁၈) ကျင်း ဂေါက်ကွင်းလည်း ပါ၏၊ နိုင်ငံတကာဆိုင်ရာ ကျောင်းတစ်ကျောင်းလည်း ရည်စူးထား၏။ စီးပွားရေးဇုန်နယ်မြေအဖြစ် လျာထားလျက်ရှိပေသည်။

ကုသိုလ်ကံသည် အလုပ်ကို ပို၍ ကောင်းစေသည်ဟုလည်း ဆိုပါသည်၊ ဦးခင်ရွှေအနေနှင့်ကား ကောင်းသောအလုပ်ကို လုပ်ခြင်းသည် ကောင်းသောကံကို ဖြစ်စေ၏ဟု ယုံကြည်ပါသည်။ အလုပ်ကောင်းလျှင် ကံကောင်းမည်ဟု ဆိုလိုပုံရပါသည်။ ထို့ကြောင့် ကောင်းသောအလုပ်ကို ကောင်းသော စိတ်ထားဖြင့် ကောင်းအောင်လုပ်ခြင်းသည် ကောင်းသောကံ၏ ဒ်တ်ခေါ် လိုက်ခြင်း ဖြစ်ပါသည်။

ရိုးသားခြင်းသည် အကြီးဆုံးဂုဏ် ဖြစ်၏။ ဖြောင့်မတ်ခြင်းသည် အကောင်းဆုံး အောင်မြင်မှုကို ဖြစ်စေ၏။ ထို့ကြောင့် ရိုးသားခြင်းနှင့် ဖြောင့်မတ်ခြင်းကို အသည်းရတနာ၊ ဖွဲ့ရတနာအဖြစ် ဦးခင်ရွှေက သတ်မှတ်ထားကြည်ပါသည်။

မြန်မာပြည်သူပြည်သားများသည် မြန်မာပြည်ကြီး ကြီးပွားဖို့ အခွင့်ရှိသူများ ဖြစ်ကြသည်။ ထိုအထဲတွင် ဒေါက်တာခင်ရွှေသည် ထေရဦးဆုံး၏ ပထမအဖြစ် ထိပ်တန်းတစ်နေရာတွင် ပါဝင်နေမည်ဟု လေးစားသူများက သက်သေခံယူလျက်ရှိပါသည်။ ထိုသို့ဖြစ်အောင်လည်း ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးကို အမွန်မြတ်ဆုံးဖြစ်အောင် ဆောင်ရွက်လျက်

နိုင်ငံ့ကျေးဇူးကို ဆပ်နိုင်အောင် စိတ်ထား နေ့စဉ်လွှတ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းရောက်ရန်အတွက် သို့မဟုတ် ကမ္ဘာ့အဆင့်မီနိုင်ငံတော်အဖြစ် လျင်မြန်စွာရောက်ရှိရန်အတွက် ဘက်စုံ ဖွံ့ဖြိုးအောင် ဆောင်ရွက်ဖို့လိုကြောင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံငွေများ ဖိတ်ခေါ်ရန် လိုအပ်ကြောင်း၊ နည်းပညာများရရှိရန် နည်းပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ လူရောစိတ်ပါမြှုပ်နှံရန် အားထုတ် သင့်ကြောင်း သူ ယုံကြည်ပါသည်။ ထိုသို့ ကြိုးပမ်းရာတွင်လည်း ရိုးသားမှု၊ ဖြောင့်မတ်မှုတို့ အသွေးထဲ အသားထဲမှာစွဲမြဲလျက် ကြိုးပမ်းအားထုတ်မှသာ အောင်မြင်မှုသည် တာရှည်ခံပေလိမ့်မည်။ သို့မဟုတ်ပါက အောင်မြင်မှု သည် နေ့မြင်ညပျောက် ဖြစ်လိမ့်မည်ဟု သူ ယုံကြည်ကြောင်း သိရပါသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးပီပီ အလှူအတန်း ရက်ရောသူများထဲ တွင် သူသည်လည်း ထိပ်တန်းက ပါဝင်နေပါသည်။ ကောင်းသောအမှုကို မပြုဘဲ အတိတ်က ကောင်းသောကံသည် ပွင့်လင်းလာရန် ခက်ခဲလှပေ သည်။

ပထမဆုံးအကြိမ်အဖြစ် မြန်မာပြည်တွင် ရှင်တစ်ထောင်ကို ရှင်ပြု ပေးခဲ့သည်။ ဦးခင်ရွှေ ရဟာန်းခံပေးသော ရဟာန်းလောင်းများမှာ (၃၅၀၀) ကျော် ရှိပေသည်ဟု သိရသည်။ ၁၉၉၈ ခုနှစ်တွင် သီရိသုဓမ္မမဏိဇောတ ဓရ ဟူသော ဘွဲ့ထူးဂုဏ်ထူးကို နိုင်ငံတော်မှ ချီးမြှင့်ခဲ့ပေသည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင်ကား ဦးခင်ရွှေသည် မြန်မာ့သာသနာရေးလောက တွင် အမြင့်မားဆုံးဖြစ်သော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ကို ရရှိခဲ့ပေသည်။

ထို့ကြောင့် အတိအကျသာပြောရပါလျှင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးခင်ရွှေဟု ခေါ်ရပေလိမ့်မည်။ သို့သော်လည်း စီးပွားရေးဆောင်ရွက်ချက်များကြောင့်လည်းကောင်း လူမှုရေး၊ ဘာသာရေး ဆောင်ရွက်များကြောင့်လည်းကောင်း အကောင်း ဟူသမျှ စုနေသောကြောင့် အမေရိကန်နိုင်ငံတက္ကသိုလ်ကြီးများက စီးပွားရေး

ပါရှိသော အစုံကို (၂) ကြိမ်တိုင်တိုင်ဆိုးမြှင့်ခဲ့ခြင်းကြောင့် ပါရဂူ (၂) ထပ်ကွမ်း ရရှိခဲ့သည်။ ထို့ကြောင့် သူ၏အမည်ကို ရှည်ရှည်လျားလျား ပြည့်ပြည့်စုံစုံပြောရမည်ဆိုလျှင် **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေ** ဟု ပြောရပေလိမ့်မည်။

ဒေါက်တာခင်ရွှေ၏ မယုံနိုင်သောဝါသနာတစ်ခုမှာ မြင်းစီးခြင်းဝါသနာ ဖြစ်ပါသည်။ သူ့တွင် မြင်းကောင်ရေ (၂၀) ကျော် ပိုင်ဆိုင်သောမှတ်တမ်းရှိသည်။ ပြိုင်မြင်းအကောင် (၂၀) မွေးထားကြောင်း အမြဲဂုဏ်ယူနေတတ်သည်။ ဤ၏ဤမှု မြင်းဝါသနာပါသည်။ သို့သော် ထိုမြင်းမွေးဝါသနာကို နောင်သောအခါ သူ၏သားဖြစ်သူ ကိုဇေသီဟထံသို့ ဝါသနာအမွေပေးဝေရောက်ရှိသွားခဲ့လေသည်။

မြင်းကိစ္စပြီးသောအခါ မြားကိစ္စပေါ်လာပြန်သည်။ မြန်မာပြည်တွင် မရှိသေးသော မြားပစ်အဖွဲ့ကြီးကို စတင်တည်ထောင်သူ ပထမပုဂ္ဂိုလ် ဖြစ်သည်သာမက မြားအဖွဲ့ချုပ်၏ ပထမဦးဆုံးသော ဥက္ကဋ္ဌကြီးအဖြစ် ဆောင်ရွက်လျက် ငွေကုန်ကြေးကျခံပြီး နိုင်ငံတော်မျက်နှာရှိအောင် ထမဦးစွာ စပွန်ဆာ ပြုလုပ်ခဲ့သူဖြစ်ပေရာ၊ မြန်မာ့အဆင့်သည် အာရှအဆင့်ကျော်၍ ကမ္ဘာ့အဆင့်မှာပင် တတိယနေရာလောက် ရှိသွားခဲ့ဖူးလေသည်။ ထိုဇွဲကိုလည်း စီးပွားရေး နယ်ပယ်မှာသာမက သာသနာရေးနယ်ပယ်အထိ သုံးသောကြောင့် ကျိုက်ထီးဆောင်း ဆံတော်ရှင် သာသနာ့နယ်မြေတွင် ဒွိဘိုးတော်ကြီးအဖြစ် ကျိုက်ထီးဆောင်း ဆရာတော်ကြီး ကိုယ်တိုင်ကပင် ဘွဲ့ပေးကာ ချီးကျူးရလေသည်။ ဇွဲကိုပင် အတည်မြဲကြမှ အောင်လိမ့်မည် ဆိုတတ်ပါလေ၏။

♦ ♦ ♦

# ငွေမှာ ခြေလေးချောင်းရှိသည် လူမှာ ခြေနှစ်ချောင်း ရှိသည် **ငွေနောက် မလိုက်ပါနှင့်**

၁၉၉၉ ခုနှစ်ထုတ် Added Value စာအုပ်ကိုပြုစုသူ Peter Church နှင့်တွေ့ဆုံရာတွင် ဒေါက်တာခင်ရွှေပြောသော စကားတစ်ခွန်းမှာ လူငယ်များအတွက် မှတ်သားလောက်ပေသည်။ ထိုစကားမှာ အခြား မဟုတ်။ "ငွေနောက် သို့ မလိုက်ပါနှင့်" ဟူသော စကားဖြစ်လေသည်။

ငွေနောက်သို့ မလိုက်ပါနှင့်။ လူသည် ခြေနှစ်ချောင်းသာ ရှိသည်။ ငွေသည် ခြေလေးချောင်းရှိပေသည်။ ထို့ကြောင့် ခြေနှစ်ချောင်းရှိသောလူက ခြေလေးချောင်းရှိသော ငွေနောက်သို့ တစ်ကောက်ကောက်လိုက်သော်လည်း ဘယ်တော့မှ မမှီနိုင်ပါ။ မမိနိုင်ပါ။ မောရုံသာ အဖတ်တင်ပါလိမ့်မည်။ သို့သော် သင်သည် ငွေနောက်သို့မလိုက်တော့ဘဲ ဂရုမစိုက်တော့ဘဲ ကိုယ့် အလုပ်ကိုသာ ကိုယ်ကောင်းအောင် ကြိုးစားလိုက်ပါလျှင် ငွေသည် သင့် နောက်သို့ ကောက်ကောက်ပါအောင် လိုက်လာပေလိမ့်မည်။ ဖိတ်ခေါ်စရာ မလိုပါ။ သူ့အလိုလို လာပါသည်။ စေတနာကောင်းလျှင် ကံကောင်းသည်၊ ကံကောင်းလျှင် ငွေကောင်းကောင်း လာပါသည်။ ဤကား ဒေါက်တာခင်ရွှေ၏ ခံယူချက် ဖြစ်ပေသည်။

ထိုစကားကို စာရေးဆရာ Peter Church သည် သူ၏ နာမည်ကျော် စာအုပ်ကြီးဖြစ်သော အရှေ့တောင်အာရှကို ဦးဆောင်ဦးရွက်ပြုနေသော စီးပွားရေးလုပ်ငန်းရှင်များအကြောင်း စာအုပ်ထဲတွင် စာမျက်နှာ ၂၅၈) တွင် အတိအလင်းဖော်ပြထားကြောင်း တွေ့ရပါသည်။ ဤအချက်သည် ငွေမှ ငွေ၊ ငွေရှိမှ လူရာဝင်သည်။ ငွေသာ အမိ၊ ငွေသာ အဖ၊ ငွေသည်သာ ကိုးကွယ်ရာ ဟူသော ပုဂ္ဂိုလ်များတို့၏ အယူများ အတွေးများသမ်းများကြောင့် နောက်လာ နောက်သားတွေ အတွေးများ အယူများမဖြစ်ရအောင် ပြောပြလိုက်သော ဒေါက်တာခင်ရွှေ၏ စကားများ ဖြစ်ပါသည်။ထိုစကားများသည် မျိုးဆက်သစ် လူငယ်များ အတွက် အတုယူစရာသံဝရိများ ဖြစ်သင့်ပါသည်။

◆ ◆ ◆

# ဒေါက်တာခင်ရွှေ၏

# ကိုယ်တိုင်ပြော အတ္ထုပ္ပတ္တိ

ကိုယ်ရေးအတ္ထုပ္ပတ္တိဟူ၍ ရှိ၏။ တစ်ဆင့်ခံရေးသော အတ္ထုပ္ပတ္တိလည်း ရှိ၏။ ယခု အတ္ထုပ္ပတ္တိကား တစ်ဆင့်ခံလည်း မဟုတ်၊ နှစ်ဆင့်ခံလည်း မဟုတ် မိမိကိုယ်တိုင် ပြောပြသော ကိုယ်ရေးအတ္ထုပ္ပတ္တိ ဖြစ်၏။ သို့သော် ကိုယ်တိုင် ရေးသည်မဟုတ် ကိုယ်တိုင်ပြောသည်ဖြစ်သော ကြောင့် ကိုယ်တိုင်ပြော အတ္ထုပ္ပတ္တိ ဟု စကားအသစ် တင်စားရခြင်း ဖြစ်ပါသည်။

ပြောသောနေ့မှာ ၁၆-၂-၂၀၀၂ တနင်္ဂနွေနေ့ဖြစ်ပါ၏။ ပြောသော နေရာမှာ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ဦးရှိ ဇေကမ္ဘာအဆောက်အဦခန်းကြီးတွင် ဖြစ်ပါ၏။ ဒေါက်တာခင်ရွှေသည် အဆောက်အဦသစ် ဖွင့်ပွဲတွင်

အများက မမျှော်လင့်ထားဘဲ ရုတ်တရက် သဒ္ဓါပေါက်၍ အတွင်းရေးမှူး (၁)နှင့်တကွ အများပရိသတ်ရှေ့မှောက်တွင် ဖွင့်ဖော်လိုက်သော မိမိ၏ ကိုယ်တိုင်ပြော အတ္ထုပ္ပတ္တိကြီး ဖြစ်၍ အကျိုးများလှပါ၏။ အောက်တွင် အသေးစိတ် ဖတ်ရှုတော်မူကြပါ။

◆ ◆ ◆

အခုလို မအားလပ်တဲ့ကြားထဲကနေပြီးတော့ ကျွန်တော်ရဲ့ "ဇေကမ္ဘာ" ဖွင့်ပွဲအခမ်းအနားကို အားပေးတဲ့ အတွင်းရေးမှူး (၁) နှင့်တကွ ဧည့်သည်တော် အပေါင်းတို့သည် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သလိုက်ရပါတယ် ခင်ဗျား။

ကျွန်တော့် ကုမ္ပဏီအနေနဲ့ တင်ပြရမယ်ဆိုရင် နိုင်ငံတော်ဟာ တံခါးဖွင့်ဝါဒ စတင်ကျင့်သုံးတဲ့ ၁၉၉၀ ခုနှစ် အစပိုင်းလောက်ကတည်းက ကျွန်တော်ဟာ စတင်ထူထောင်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့ရင်းနှီးမြှုပ်နှံမှုကတော့ သန်း (၁၀၀၀) "သန်း တစ်ထောင်" သိန်းပေါင်း (၁၀၀၀၀) "သိန်းပေါင်း တစ်သောင်း" ဖြစ်ပါတယ်။ ကုမ္ပဏီမှာ ကုမ္ပဏီခွဲလေးတွေ ကျွန်တော်လုပ်ထားပါတယ်။ ဒီကုမ္ပဏီ ခွဲလေးတွေအနေ နဲ့ ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင်တော့ "ဇေကမ္ဘာ ဆောက်လုပ်ရေး ကုမ္ပဏီ" ဆိုပြီးတော့ တည်ထောင်ခဲ့ပါတယ်။

ပြီးတော့ မြရိပ်ညိုဟိုတယ်ဆိုပြီး လုပ်ဆောင်နေပါတယ်။ ပြီးတော့ ကရဝိက်နန်းတော်ဆိုပြီးတော့ ကရဝိက်နန်းတော်ကိုလည်း လုပ်ဆောင်ခဲ့ ပါတယ်။

တစ်ပြည်လုံးမှာရှိတဲ့ ဟိုတယ်တွေကို ဆပ်ပြာတို့ ဘာတို့ ဟိုတယ်သုံး ပစ္စည်းတွေကိုဖြန့်ဖို့ ကုမ္ပဏီတစ်ခုကိုလည်း ၁၉၉၁ ခုနှစ်ကတည်းက တည်ထောင် ပြီး ဖြန့်နေခဲ့ပါတယ်။

ပြီးတော့ "ဇေကမ္ဘာ ခရီးသွားလုပ်ငန်း" ဆိုပြီးတော့ "ဇေကမ္ဘာ

ဆိုင်တယ်နှင့်တွဲပြီးတော့ ကျွန်တော်လုပ်ထားပါတယ်။ ပြီးတော့ Myanmar Sampoena Tobacco Co., Ltd. ဆိုပြီးတော့ သန်လျင်ဘက်မှာ စက်ရုံ ထူထောင်ပြီးတော့ ဒီနေ့ Vegas wdkY Sampoena ဆိုပြီးတော့ ထုတ်ပြီး ရောင်းချနေပါတယ်။

ပြီးတော့ (Zaykabar Landscape & Design) ဆိုပြီးတော့ ထိုင်းနိုင်ငံက ကျွမ်းကျင်သူတွေနဲ့ပေါင်းပြီးတော့ အထူးသဖြင့် ဟိုတယ်တို့ ပြီးတော့ မန္တလေး အင်တာနေရှင်နယ် အဲယားပို့စ်တို့ ဘာတွေ ညာတွေမှာ ကျွန်တော်လိုက်လုပ်ပါတယ်။

၁၉၉၇ ခုနှစ်လောက်မှာ နိုင်ငံတော်ရဲ့ကျေးဇူးပါပဲ။ အိုးအိမ်ဦးစီး ဌာန နှင့်ပေါင်းပြီးတော့ ဥယျာဉ်မြို့တော် ထူထောင်ပါတယ်။ နောက်တစ်ခါ အဲဒီ ဥယျာဉ်မြို့တော်မှာပဲ Royal Mingalardon Golf and Country Club ဆိုပြီး တော့ စတင်တည်ဆောက်နေပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၀ ခုနှစ်ကနေ စပြီးတော့ ကျွန်တော်တို့ Crisis ဖြစ်နေ တဲ့အခါမှာ စက်မှုလုပ်ငန်းလုပ်တာလည်း နိုင်ငံကို ထူထောင်တာ ဆိုပြီး တော့ ရန်ကုန်စက်မှုဇုန်ကြီး ထူထောင်ရမယ်ဆိုပြီး ခွင့်ပြုချက်ရလို့ ရန်ကုန် စက်မှုဇုန်ကြီးကို ထူထောင်လိုက်ပါတယ်။

ရန်ကုန်စက်မှုဇုန်ကြီး အောင်မြင်မှုကြောင့်လည်း ဒီနေ့ ဒီရုံးခန်း ကြီး နှင့်ပြီး ဒီအခြေအနေမှာ ကျွန်တော် နလန်ပြန်ထူပြီလို့ တင်ပြရခြင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဇေကမ္ဘာကုမ္ပဏီရဲ့အောက်မှာရှိတဲ့ ဒီ ဇေကမ္ဘာ ဆောက်လုပ်ရေးကို ၁၉၉၁ ခုနှစ်မှာ ကျွန်တော် စတင်ပြုလုပ်ခဲ့ပါတယ်။ အစပိုင်း ကျွန်တော် Shell နဲ့ပတ်သက်ပြီးတော့ အဖြောင့်လမ်းမကြီးတွေ ဆောက်ခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင်ပဲ ဥတိုအထိ (၄) (၅) ရက် လမ်းလျှောက်ရာ ပြီးတော့ ရေနံတူးတဲ့နေရာမှာ (၄၅) ရက်နဲ့အပြီး (၇) မိုင် (၁၀) ပေ

လောက်မြင့်တဲ့ တာကြီးတွေဖို့ပြီးတော့ လုပ်ခဲ့ပါတယ်။ ဒေါ်လာ (၁၀) သန်း လောက် Shell ရေနံကုမ္ပဏီက ကျွန်တော်ရခဲ့ပါတယ်။ ၁၉၉၈ လောက် ကပါ။

၁၉၉၁ ခုနှစ်လောက်မှာ Sedona ကျွန်တော် တဖြည်းဖြည်းနဲ့ ဆောက်ပါတယ်။ ပြီးတော့ ဘိုးဘွားရိပ်သာဘေးနားက Japan Project YKK ကိုလည်း ကျွန်တော် ဆောက်ခဲ့ပါတယ်။

ပြီးတော့ စက်ရုံတွေ တစ်ပြည်လုံး လိုက်ဆောက်ပါတယ်။ မန္တလေး မှာရော၊ စစ်ကိုင်းမှာရော။ အခုလည်း ကျွန်တော်တို့ ဇေကမ္ဘာ Construction ကုမ္ပဏီနှင့် စက်ရုံများ ဆောက်လျက်ရှိပါတယ်။

ပြီးတော့ ဒုတိယအနေနဲ့ ကျွန်တော် Mya Yeik Nyo Hotel နဲ့ ပတ်သက်လို့ တင်ပြပါရစေ။ တံခါးဖွင့်ဝါဒ စတင်ကျင့်သုံးတဲ့အခါမှာ နိုင်ငံခြား က တခြားဟိုတယ်တွေ ဝင်ရောက်လာမယ်။ ဒီတော့ အညီ အဟောက် ဘာညာ ဝင်လာပြီး ယဉ်ကျေးမှုကို မထိန်းဘဲ ပိုက်ဆံရှာကြမယ်။ မြန်မာမှုကို ထိန်းကြမှာ မဟုတ်ဘူး။

ဒီတော့ မြန်မာမှုကို ထိန်းသိမ်းရင်းနဲ့လည်း ပိုက်ဆံရှာလို့ ရတယ်ဆို တဲ့ ကြီးမားတဲ့ ရည်ရွယ်ချက်နှင့် ကြီးမားတဲ့အမြော်အမြင်နဲ့ ကျွန်တော်တို့ မြရိပ်ညိုဟိုတယ်ကို လုပ်ဆောင်ပါတယ်။

ပထမတော့ ကျွန်တော် အမှတ် (၁) စက်မှုဝန်ကြီးဌာနနဲ့ အကျိုးတူ ပူးပေါင်းပြီးတော့ မြရိပ်ညို ဆူပရင်းဟိုတယ်နှင့် မြရိပ်ညို ဒီလပ်စ်ဟိုတယ် များ လုပ်ခဲ့ပါတယ်။ ပြီးတော့ မြရိပ်ညိုရှိုင်ရွယ် အကောင်းဆုံးနေရာမှာ မြန်မာမှုကို ထိန်းပြီးတော့ မြရိပ်ညိုရှိုင်ရွယ်ကြီးကို ကျွန်တော့်ကို လုပ်ခွင့်ပေး ပါတယ်။

အဲ့ဒီလိုပေးတဲ့အချိန်မှာ တခြားဟိုတယ်တွေက နိုင်ငံတော်ကို အများဆုံး Three to Five Percent လောက်ပေးတဲ့အချိန်မှာ ကျွန်တော် ကိုယ်တိုင်ပဲ Offer လုပ်ပြီးတော့ ကျွန်တော့်ဝင်ငွေရဲ့ (၅၀) ရာနှုန်းကို ပေးပါမယ်ဆိုပြီးတော့ ဒီနေ့အထိပေးပြီးတော့ ကျွန်တော် Operate လုပ်ပါ တယ်။

လုပ်တဲ့အချိန်မှာလည်း ကျွန်တော် လူကြီးတွေရဲ့ ကြီးမားတဲ့ ...ည်နှယ်ချက်ဖြစ်တဲ့ မြန်မာမှုကို ထိန်းသိမ်းရတဲ့ အလုပ်ကို လုပ်ပါတယ်။ ...ကောင်အထည်ဖော်တဲ့ ကျွန်တော့်အနေနဲ့ ယဉ်ကျေးမှုကို အဓိက ထိန်း ...တယ်။ သရုပ်ပျက်လမ်းကြောင်းကို လုံးဝမသွားဘဲ နေခဲ့ပါတယ်။ ဒီနေ့အထိ ...ဉ်ကျေးမှုကိုထိန်းတဲ့ ဟိုတယ်တစ်ရပ်အနေနဲ့ ကြံ့ကြံ့ခိုင်တည်နေခဲ့ပါတယ်။ ဒီနေ့အထိ ဂုဏ်ယူစွာ ရပ်တည်နေခဲ့ပါတယ်။

ပြီးတော့ တင်ပြချင်တာကတော့ ကရဝိက်နန်းတော်ပါပဲ။ MIC ...နေပြီးတော့ နှစ် (၂၀) လွှဲပြောင်းပေးတဲ့အချိန်မှာ ကျွန်တော့်ကို ဒါကြီး ...တော့ ငါ ဦးစီးပြီးလုပ်မယ် ဆိုပြီးတော့ ကျွန်တော်ရင်းလိုက်တာ သိန်းပေါင်း (...၀၀) ကုန်ခဲ့ပါတယ်။

ပြင်တာ ဒီလောက်ကုန်ခဲ့ပါတယ်။ မူလ ဆောက်တုန်းကတောင် ...နေတဲ့ သူ့အခါက သိန်း (၄၀၀) ကျော်လောက်ပဲ ကုန်ပါတယ်။ ပြင်တာ ... သိန်း (၂၀၀၀) ကျော် ကုန်ပါတယ်။

နိုင်ငံခြားသားလုပ်တာနဲ့စာရင် ငါတို့လည်း လုပ်တတ်တယ်ဆိုပြီး ...တော့ ပြုပြင်ပြီးလုပ်တာ။ စီးပွားရေးအရ မကိုက်ပါဘူး။ နဂိုကတည်းက ...တယ်အတွက် Restaurant အတွက်လုပ်တဲ့ အဆောက်အဦ မဟုတ်တဲ့ ...တွက်ကြောင့် တစ်ခန်းမှာမှ လူ (၂၀၀) ကျော်လောက်ပဲ ဆန့်ပါတယ်။

ဒီနေ့ဆိုရင် ပြင်ပက လာသမျှ နိုင်ငံခြားသားအကုန်လုံး Hundred ...ent လောက်နီးနီး ကရဝိက်ကို လာကြပါတယ်။ မရောက်ရင် မဖြစ် ...လောက်အောင် ဖြစ်နေပါတယ်။ ညတိုင်းလိုလို Tour တွေကလည်း ...နေပါတယ်။

မြန်မာ့ယဉ်ကျေးမှုကိုလည်း ပြချင်တော့ ယဉ်ကျေးမှုဝန်ကြီးဌာနက ...တွေကိုခေါ်ပြီးတော့ ထိန်းထားတဲ့အတွက်ကြောင့် ကရဝိက်ဟာ ...ခါ ကမ္ဘာမှာ နာမည်ကြီးနေပါတယ်။

ကျွန်တော်တို့ ကမ္ဘာမှာ လျှောက်လည်တော့လည်း ဟောင်ကောင် ...ပြင်သစ်တို့ နိုင်ငံတွေမှာ သူတို့ထုတ်ဝေတဲ့ Tour စာစောင်တွေမှာ

ကရပိုက်ကြီးကို ပြပြီးတော့ ဆွဲဆောင်နေတဲ့ အနေအထားဖြစ်နေပါတယ်။

နိုင်ငံတော်ကချထားတဲ့ ကြီးမားတဲ့ရည်ရွယ်ချက်ကြီးကို ကျွန်တော် အကောင်အထည်ဖော်ခွင့်ရတဲ့အတွက်ကြောင့် ကျွန်တော် နိုင်ငံတော်ကို လည်း ကျေးဇူးတင်ပါတယ်။ ကူညီရတဲ့အတွက်လည်း ဝမ်းမြောက်တဲ့အကြောင်း တင်ပြရင်းနဲ့ ကရပိုက်နဲ့ပတ်သက်တဲ့ကဏ္ဍကို တင်ပြပါရစေ။

ကျွန်တော်တို့ ဆက်ပြီးတင်ပြချင်တာကတော့ ကမ္ဘာ ကုမ္ပဏီပါ။ ကမ္ဘာ ကုမ္ပဏီကို ၁၉၉၇ ခုနှစ်လောက်ကတည်းက တည်ထောင်ခဲ့တာပါ။ ကမ္ဘာ ကုမ္ပဏီအနေနဲ့ ပြင်သစ်က Group G.M နဲ့ပေါင်းပြီးတော့ လုပ်ပါ တယ်။ တစ်ကမ္ဘာလုံးမှာမှ အဖွဲ့ဝင် (၃၄) နိုင်ငံသာ ရှိပါတယ်။

ရေမွှေးက အစ၊ ဆပ်ပြာက အစ၊ ဘီးက အစ တင်သွင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့အပတ်က ကျွန်တော့်အမျိုးသမီးနဲ့ သမီးတို့ ပြင်သစ်သွားပြီး စီးပွား ရေးလုပ်ငန်း ဆွေးနွေးခဲ့ပါတယ်။ ဒီမှာ ဒီစက်ရုံထောင်ပြီးတော့ ဖြန့်ဖြူး ပါပဲ။ ဒီမှာလာပြီးတော့ စက်ရုံဆောက်ဖို့ ဟိုတယ်တွေကို Supply လုပ်နိုင် အောင် ရေမွှေးအစ ဒီမှာထုတ်ဖို့ လုပ်နေကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ တဆက်တည်းမှာပဲ "ဇေကမ္ဘာ ခရီးသွားလုပ်ငန်း" ကို ဟိုတယ်နှင့်ဆက်စပ်ပြီးတော့ ကျွန်တော် ထူထောင်ခဲ့ပါတယ်။ ထူထောင် ပြီးတော့ ကျွန်တော့်ဟိုတယ်မှာ တည်းပြီးတော့ ပုဂံတို့၊ မန္တလေးတို့ စတဲ့ နေရာတွေ ကို ပို့ပေးပါတယ်။

နောက်တစ်ခုကတော့ Myanmar Sampoena Tobacco Co., Ltd ဆိုပြီး ထူထောင်ပြီးတော့ အခု တော်တော်များများ London နှင့်ယှဉ်ပြီး တော့ ထုတ်လုပ်နေတဲ့ Vegas ဆိုတာ ရှိပါတယ်။ အဲ့ဒီမှာ ကျွန်တော့်အနေနဲ့ (၃၅) ရာနှုန်းတွေ ပါဝင်ပြီးတော့ အင်ဒိုနီးရှားက ကျွန်တော့်ရဲ့ ပါတနာ Sampoena က (၆၅) ရာနှုန်းပါပြီးတော့ စီးကရက်စက်ရုံကြီးကို စီးပွားရေး တစ်ရပ်အနေနဲ့ ကျွန်တော်လုပ်နေပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဇေကမ္ဘာ Landscape လုပ်ငန်းပါပဲ။ Zay Kabar Landscape လုပ်ငန်းကိုတော့ ကျွန်တော် မက်ဆဲ

ချဆက်နှင့်ပေါင်းပြီးတော့ ကျွန်တော် တော်တော်များများလုပ်ပါတယ်။ အငှာ်သမားတွေလည်း တော်တော်များများ ခန့်ပြီး မင်္ဂလာဒုံဥယျာဉ် မြို့တော်ကစပြီး လုပ်နေပါတယ်။

ကျွန်တော်စောစောကတင်ပြခဲ့သလို မန္တလေးအဲယားပို့ အပါအဝင် တယ် တော်တော်များများမှာ လိုက်လုပ်ပါတယ်။ ဒီမှာလည်း စိုက်ပျိုး ဥယျာဉ် ထောင်ထားပါတယ်။

နောက်တစ်ခုကတော့ မင်္ဂလာဒုံဥယျာဉ်မြို့တော်ဆိုပြီးတော့ ၁၉၉၇ ခုနှစ်လောက်တည်းကစပြီး ထူထောင်ခွင့်ရခဲ့ပါတယ်။ အဓိက ရည်ရွယ် ချက်ကတော့ မင်္ဂလာဒုံဆိုပြီးတော့ မြို့တွေရှိသေးတော့ အိမ်တွေလည်း မရှိဘူး။ ဆေးရုံနှင့် တပ်ပဲရှိပါတယ်။ ဒီတော့ ဒီနေရာမှာ develope လုပ်ခဲ့ခါပြတော့ စီးပွားရေးသမား အတော်များများက မကြိုက်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ သချိုင်းနဲ့ နီးလို့ပါပဲ။ ဒါပေမဲ့ ကျွန်တော်က Mitsui Industry Parkကို လာလုပ်ရင်းနဲ့ ကျွန်တော်က ကြိုက်လို့ ကျွန်တော် ခါကြီးကို Negotiate လုပ်ပြီးတော့ ဒီနေရာကို ကျွန်တော် ဖော်ပါတယ်။

၁၉၉၇ မှာ ကျွန်တော်စပြီး ဖော်ကာစက (၆) လပိုင်းအထိကို ကျွန်တော် မြေကွက်ပေါင်း (၅၉၀) ကျော် ရောင်းခဲ့ရပါတယ်။ အဲ့ဒီလို (၅၉၀) ကျော် ရောင်းပြီးတော့ Crisis ဖြစ်တဲ့အချိန်မှာ လူတွေအားလုံးက အကြောင်းကြောင်းကြောင့် ကျွန်တော့်ဆီ ပြန်လာပြီး ငွေပြန်လာထုတ်ကြ ပါတယ်။

တချို့ကလည်း မြို့ထဲက တိုက်ခန်းတွေရောင်းပြီးတော့ ဒီမှာလာပြီး နေမယ်ဆိုတဲ့ ရည်ရွယ်ချက်ပါ။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ငွေပြန် ထုတ်ကြပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်က ငွေပြန်ထုတ်ပေးရ တယ်၊ တစ်ဖက်ကလည်း ကျွန်တော်က ရင်းထားရတယ်။

တစ်ဖက်က ဆက်လုပ်ရမယ့်လုပ်ငန်းအနေနဲ့ ရှိပါတယ်။ ဒါကြောင့် ၁၉၉၉ မှ ၂၀၀၀ ပြည့်နှစ်လောက်အထိ ကျွန်တော် တော်တော် ဒုက္ခရောက် ခဲ့ပါတယ်။

ဖွင့်ပေးပြီး (၆) လအတွင်းမှာ မြေကွက်ပေါင်း (၅၀၀) ကျော် စံချိန်တင် ရောင်းချခဲ့ရလို့ သိန်းပေါင်း (၄၀၀၀၀) ကျော် ရရှိခဲ့ပါတယ်။ အားလုံးပေါ စရန် (၂၅) ရာနှုန်း ယူထားတဲ့အတွက်အကြောင့် အကြောင်း အမျိုးမျိုးကြော Crisis ဖြစ်တဲ့အခါမှာ ဆက်ပြီးရောင်းလို့ မရတော့တဲ့ အတွက် ယူထားတဲ့ ငွေတွေ ပြန်ပြီးပေးလိုက်ရပါတယ်။

ကျွန်တော့်ရဲ့ မူလ Plan ကိုကတည်းက စနစ်တကျနဲ့ Apartment ဖြင့် ဆောက်မယ်၊ Golf ကွင်းတွေ ဆောက်မယ် စတဲ့ ရည်ရွယ်ချက်တွေ အများကြီးရှိပါတယ်။ ရည်ရွယ်ချက်ကလည်း ကြီးပါတယ်။

ဒီလိုနဲ့ ဆက်သွယ်ရေးစခန်းတွေ၊ ရဲစခန်းတွေ ဆောက်မယ်။ ပြီး တော့ အလုပ်သမားတွေအတွက် အလုပ်သမား တန်းလျားတွေဆောက်မယ် ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောက်ခဲ့တာပါပဲ။ ဒါပေမယ့် ကျွန်တော့်ရဲ့ အိပ်မက်ဟာ (၂) နှစ် (၃) နှစ်လောက် ပျက်သွားခဲ့ပါတယ်။

အဲ့ဒီနောက်ပိုင်းမှာ Royal Mingalardon Golf and Country Club ကို လုပ်ပါတယ်။ MIC ခွင့်ပြုချက် တင်ပါတယ်။

နောက်ဆုံး ကျွန်တော်တင်ပြချင်တာကတော့ ရန်ကုန်စက်မှုဇုန်ကြီး ပါ။ စောစောက ကျွန်တော်တင်ပြသလို ကျွန်တော့်အတွက် ကျွန်တော်ပြန် ပြီး နလန်ထူလာနိုင်စေခဲ့တဲ့ စက်မှုဇုန်ကြီးအဖြစ် ကျွန်တော် တင်ပြလိုပါ တယ်။

ကျွန်တော် တကယ်တမ်း အခက်အခဲဖြစ်နေတဲ့အချိန်မှာ စက်မှုဇုန် လုပ်ဆိုပြီးတော့ ခွင့်ပြုတဲ့အတွက်ကြောင့် စက်မှုဇုန်ကြီး ဖြစ်သွားခဲ့ပါတယ်။ ဒီလို စက်မှုဇုန်ကြီးဖြစ်သွားတဲ့အတွက်ကြောင့် ကျန်တဲ့ အိမ်ယာများလည်း မကြာခင် ဖြစ်လာလိမ့်မည်ဟု ကျွန်တော် မှန်းပါတယ်။

စည်းကမ်းအနေနဲ့ Infrastructure က စပြီးတော့ ရေမီးကအစ Landscape က အစ ကျွန်တော် အကောင်းဆုံးဖြစ်အောင် လုပ်ထားပါ တယ်။ တစ်ချိန်ကျရင် နိုင်ငံတော်ဧည့်သည်များရောက်လာခဲ့ရင် စက်မှုဇုန်ကြီး ဆောက်ထားတာကို ဧည့်သည်တွေကို ရှင်းပြမယ်။ ပြီးတော့ လူငယ်တွေလာ

ပေးသောရင်လည်း ရှင်းပြမယ်။ ပြီးတော့ ကျွန်တော်လုပ်နေတဲ့ Infrastructure ကိုလည်း ပြမယ်။ ပြီးတော့ ဘယ်လိုလုပ်ရတယ်ဆိုတာလည်း ပြမယ်။ ဒီလို ရည်ရွယ်ချက် ကြီးကြီးနဲ့ လုပ်ခြင်း ဖြစ်ပါတယ်။

ကျွန်တော် ခက်ခဲနေတဲ့ Crisis ကာလကြီးဆိုတဲ့ ၁၉၉၈ ခုနှစ်ကနေ ပြီးတော့ ၂၀၀၀ ပြည့်နှစ်အထိ အခက်ခဲဆုံးကာလတွေတောင်မှ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ပင်ကိုယ်စံချိန်ကို ထိန်းပြီးတော့ နေခဲ့ပါတယ်။ ဟိုစပ်စပ် ဒီစပ်စပ် ဖြစ်တဲ့လုပ်ငန်းတွေကို သွားမလုပ်ခဲ့ပါဘူး။

ဒီနေ့အထိဆိုရင်လည်း သိတဲ့အတိုင်းပါပဲ။ ကားပါမစ်ဆိုလည်း တစ်စီး မှ ကျွန်တော် မယူဖူးပါဘူး။ စားအုန်းဆီဆိုလည်း တစ်ပိဿာမှ ကျွန်တော် မယူဖူးပါဘူး။ ကျွန်တော့်ရဲ့ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ဆောက်လုပ်ရေး နဲ့ပဲ ပြန်ပြီးတော့ ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ နလန်ထူအောင် လုပ်ခဲ့တယ် ဆိုတာလည်း အားလုံးအသိပါပဲ။

ကျွန်တော် ဘာ့ကြောင့် ဒီလိုလုပ်နိုင်သလဲ။ ၁၉၈၈ ခုနှစ်မှာ ကျွန်တော် အပါအဝင် စီးပွားရေးလုပ်ငန်းရှင်များအားလုံးဟာ ဘာမှုမရှိ ပါဘူး။ (၁၀) သိန်း၊ သိန်း (၂၀) နဲ့ စတဲ့သူဟာ တော်တော်ချမ်းသာတဲ့သူပါ။

အဲဒီနောက်ပိုင်းမှာ နိုင်ငံတော်က တံခါးဖွင့်လိုက်တဲ့အတွက်ကြောင့် ကျွန်တော်ရဲ့ ကျေးဇူးဟာ အများကြီး ကြီးမားလှပါတယ်။ အဲ့ဒါကို ကျေးဇူး ဆပ်တဲ့အနေနဲ့ ကျွန်တော်အပါအဝင် ကျွန်တော့်ရဲ့ လုပ်ငန်းရှင်များ အားလုံး ဟာ နိုင်ငံတော်က ဦးဆောင်လုပ်တဲ့ လုပ်ငန်းတွေအားလုံး ဝိုင်းလုပ် ကြပါတယ်။

အထူးသဖြင့် ကျွန်တော့် ကုမ္ပဏီအနေနဲ့ကတော့ နိုင်ငံတော်က လုပ်နေတဲ့ လုပ်ငန်းတွေပေါ်မှာ ပါဝင်ခဲ့ပါတယ်။ နံပါတ် (၁) က ပညာရေး ကဏ္ဍ ဖြစ်ပါတယ်။

ပညာရေးကဏ္ဍကဆိုလျှင်လည်း ကျွန်တော်စောစောက တင်ပြခဲ့ သလိုကျောင်း ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အဆောက်အဦ မာတ်လေ့ကား ဆင်းတော့ ဟိုဌာန ဒီဌာနကို လှူတာတို့၊ တာမွေထဲမှာ စာသင်ကျောင်း

အသစ် ဆောက်လှူတာတို့၊ ပြီးတော့ အဲ့ဒီဆရာမတွေကို (၁၀) နှစ်လုံးလုံး တစ်ယောက်ကို တစ်လ (၁၀၀၀) နှုန်းနဲ့ ဒီနေ့အထိ လစာပေးခဲ့တာတို့ ပြီးတော့ မြောက်ဥက္ကလာမှာရှိတဲ့ အထက်တန်းကျောင်း တစ်ကျောင်းနဲ့ မူလတန်းကျောင်းတစ်ကျောင်းကိုလည်း ဆရာ၊ ဆရာမ တစ်ဦးကို တစ်လ (၁၀၀၀) နှုန်းနဲ့ ဒီနေ့အထိ ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။ လှူခဲ့တဲ့ ငွေအနေကတော့ ဒီနေ့အထိ ကျပ်ပေါင်း (၅၈၁) သိန်းနဲ့ ဒေါ်လာ (၄၀၀၀၀) လှူခဲ့ပြီး ဖြစ်ပါတယ်။

အားကစားကဏ္ဍအနေနဲ့ကတော့ ပထမဦးဆုံး တံခါးဖွင့်လိုက်တာနဲ့ ပထမဦးဆုံး ကျွန်တော့်ရဲ့ ပြေးခုန်ပစ် မာရသွန်အဖွဲ့ကို (၃) နှစ်လုံးလုံး ဘန်ကောက်ကို ခေါ်သွားခဲ့ပါတယ်။ အဲ့ဒီမှာ လူ (၂၀) လောက်သွားရင် အနည်းဆုံး ရွှေ (၁၀) ခုကနေ (၂၀) ကြားလောက် ရအောင်ယူပေးခဲ့ပါတယ်။

အဲဒါကတော့ ၁၉၉၂ ခုနှစ်၊ ၁၉၉၃ ခုနှစ်၊ ၁၉၉၄ ခုနှစ် (၃) နှစ်လုံးလုံးမှ ရွှေအများဆုံးယူနိုင်ခဲ့တဲ့ အားကစားအနေနဲ့ ဖြစ်ခဲ့ပါတယ်။ ထိုနည်းလည်းကောင်းပဲ ဘောလုံးအသင်းကြီးကို မကာအိုအထိ ကျွန်တော် ခေါ်သွားခဲ့ပါတယ်။ စပွန်ဆာလုပ်ခဲ့ပါတယ်။ ဘောလုံးလေ့ကျင့်တဲ့နေရာမှာ ကျွန်တော်ကိုယ်တိုင် ထမင်းကျွေးခဲ့ပါတယ်။

နောက်ဆုံး စက်ာပူမှာ ဒုတိယရတဲ့ ပွဲပေါ့လေ။ အဲ့ဒီပွဲကြီးတို့ ကျွန်တော် ဘောလုံးကိုစွလုပ်ပြီးတော့ ဘောလုံးအဖွဲ့ချုပ်ကနေပြီးတော့ ကျွန်တော် မြားဘက်ကို ရောက်ခဲ့ပါတယ်။

အခုလည်း ကျွန်တော့်မြားပစ်အဖွဲ့ဟာ ဘန်ကောက်မှာ ဒီနေ့ ပြိုင်နေပါတယ်။ ပြီးခဲ့တဲ့ပွဲမှာ ဆီးမီးဖိုင်နယ်အရောက်မှာ ရှုံးခဲ့တဲ့အတွက် ကျွန်တော် မကျေမနပ်နဲ့ အခုနည်းပြတွေ ထပ်သွင်းပြီး ဘန်ကောက်မှာ ပြိုင်နေပါတယ်။

အဲ့ဒီအခေါက်ပေါင်း (၂၀) ကျော်မှာ စရိတ်စကခံတဲ့အပြင် အားလုံးပေါင်း ဒေါ်လာပေါင်း (၃) သိန်း၊ မြန်မာငွေ သိန်း (၃) (၄)ထောင်လောက် အကုန်ခံထားပြီးဖြစ်တဲ့အတွက်ကြောင့် အားကစားကဏ္ဍ

…ဆက်ပြီးတော့ ကျွန်တော် အမေရိကန်ဒေါ်လာ (၃) သိန်းခွဲနဲ့ မြန်မာ …ငွေ သိန်း (၄၀၀၀) အားကစားကဏ္ဍမှာ လှူခဲ့ပြီး ဖြစ်ပါတယ်။

လူမှုရေးကဏ္ဍအနေနဲ့က ပဲခူးတိုင်း ရေဘေးကိစ္စတို့၊ မိခင်နှင့် …ငယ်များအသင်း အဆောက်အဦကိစ္စ ထောက်ပံ့တာတွေ မှတ်မိ သလောက် …လိုက်လံစုဆောင်းတာ သိန်းပေါင်း (၂၃၀) ခန့် လှူဒါန်းပြီး ဖြစ်ပါတယ်။

ထိုနည်းလည်းကောင်းပဲ သာသနာရေးလုပ်ငန်းအနေနဲ့ …ကျွန်တော် အများဆုံးလှူဒါန်းခဲ့ပါတယ်။ သာသနာကို နိုင်ငံတော်ကလည်း …အားပေးနေပါတယ်။ ဒီတော့ သာသနာတော် ပြန့်ပွားထွန်းကားရေး …အတွက် အမိက လှူဒါန်းပါတယ်။

တံခါးဖွင့်ဝါဒ ကျင့်သုံးပြီးတဲ့နောက် ပြီးခဲ့တဲ့ အရေးအခင်းကာလ …မှာ သန်လျင်မြို့မှာရှိတဲ့ အလွမ်းဆွတ်ကျေးရွာမှာရှိတဲ့ ဖောင်တော်ဦး …ား တည်ခဲ့ပါတယ်။ ထီးတော်တင်ခဲ့ပါတယ်။ အဲ့ဒီအချိန်မှာပဲ (၅) …ကြီးမှာ ကျွန်တော် ကျောင်းဆောက်လှူခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင် …ည်း ရဟန်း တက်ခဲ့ပါတယ်။

(၇) ရက်လုံးလုံး အလှူပေးခဲ့ပါတယ်။ ကျွန်တော် ဒီကနေ့အထိ …ရေးရတာဟာ အလှူအတန်းကြောင့် ဖြစ်ပါတယ်။ လှူလေလေ တစ်ဖက် …ကြက်ဆံဝင်လေလေ ဖြစ်ပါတယ်။ ၁၉၈၈ နောက်ပိုင်းမှာ အလှူများ …ကြီးအကျယ်လုပ်ခဲ့တဲ့အတွက် ဒီနေ့ ဒီလိုအခြေအနေမျိုး ရောက်ခဲ့တယ်လို့ …ယုံကြည်နေပါတယ်။

ထိုနည်းလည်းကောင်းပဲ ပုဂံက "မဟာစေတီ" နှင့် ပုဂံမျှော်စေတီ …ပြန်လည်ပြုပြင်ခဲ့ပါတယ်။ ပဲခူးက "မဟာစေတီ" ဝတ္တကမြေအတွင်း …သိန်း (၇၀၀) လောက် အကုန်ခံပြီးတော့ "မဟာအာနန္ဒာစေတီ" ကို …ထားခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်က ဥက္ကဋ္ဌဆရာတော်ကြီးရဲ့ အသက် (၉၀) နှစ်မြောက် …နေ့မှာ "အောင်ဗောဓိစေတီ" ကိုလည်း ကျွန်တော် ဦးဆောင်ပြီးတော့ …သိန်း (၂၀၀) ကျော် အကုန်ခံပြီးတော့ အမိက မတည်လှူဒါန်းခဲ့ပါတယ်။

ထိုနည်းလည်းကောင်းပဲ ပြည်တစ်ဖက်ကမ်းမှာရှိတဲ့ "ရွှေဘုံသာမုနိ
မှာ ကျွန်တော် သိန်း (၁၀၀) မတည်ခဲ့ပါတယ်။ ဘုရားနဲ့ပတ်သက်
လှူဒါန်းခဲ့ပါတယ်။ ကျွန်တော်တို့ ရဟန်းခံရှင်ပြုအနေနဲ့ ပထမဦးဆ
မြန်မာနိုင်ငံမှာ ရှင် (၁၀၀၀) ပြုခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်
ဗဟင်းရွာမှာ လုပ်ခဲ့ပါတယ်။ ထူးထူးခြားခြားဖြစ်အောင်ဆိုပြီးတော့ ကျွန်တေ
နေတဲ့နေရာနဲ့ အဝေးဆုံးတစ်နေရာမှာ သွားလုပ်ခဲ့ပါတယ်။

ဒီကနေပြီးတော့ ငါးသလောက် ကား (၂)စီး၊ ခြောက်တန်လော
ရှိတဲ့ ငါးသလောက်ပေါင်းကို သွားကျွေးခဲ့ပါတယ်။ အဲ့ဒီလို သွားကျွေး
အတွက် ဗဟင်းကျေးရွာမှာ ရွာ (၉) ရွာလောက်ရှိတယ်။ ရွာပေါင်း (၉
ရွာနဲ့ ပတ်ဝန်းကျင်က အကုန်လာရောက်တျတဲ့အတွက် ပရိသတ် (၆၀၀
လောက် ရှိပါတယ်။ အဲ့ဒီပရိသတ်ကို တစ်ခါကျွေးရင် (၃၀၀၀)၊ (၃၀၀
စီစဉ်ရပါတယ်။

ငါးသလောက်ပေါင်းတဲ့ လူကစပြီး ရန်ကုန်က ခေါ်သွားပါတယ
စက်ချုပ်တဲ့ စက်ချုပ်သမားတွေကိုလည်း ခေါ်သွားပါတယ်။ ဒါကလည
ကျွန်တော်လုပ်လို့ မရပါဘူး။ တပ်မတော်ထောက်လှမ်းရေးက ဗိုလ်ချ
ကျော်ဝင်းတို့က ကူညီပေးတာပါ။ ဒီကနေပြီးတော့ စက်ချုပ်သမားကအ
ငါးသလောက်ပေါင်းတဲ့လူအထိ လူတွေ တကူးတကခေါ် သွားပြီး ဗဟင်း
ရှိတဲ့ တကယ့် ဆင်းရဲသားတွေကို ကျွန်တော် ရဟန်းခံပေးလိုက်နိုင်ပါတယ

ထိုနည်းလည်းကောင်းပဲ မြောက်ဥက္ကလာမှာရှိတဲ့ ဆင်းရဲတဲ့လူတ
ကို ရဟန်းခံပေးတယ်။ ပြီးတော့ အင်းစိန်မှာရှိတဲ့ ဆင်းရဲသူတွေကိုလည
ရဟန်းခံ ပေးတယ်။ ပြီးတော့ လသာ အ-ထ-က (၂) က ကျောင်းသူပေါ
(၂၃၄) ဦးကိုလည်း သီလရှင်အဖြစ် ကျွန်တော် လုပ်ပေးခဲ့ပါတယ်။ သိ
(၁၅၀) လောက် သုံးခဲ့ရပါတယ်။

ဒီတော့ အထွေထွေလှူဒါန်းမှုအနေနဲ့ကတော့ ကျောင်းတို့ ဇရပ်
စာသင်တိုက်တို့ ကလေးဝဆရာတော်ကျောင်းတိုက်တို့ ပြီးတော့ မြို့ဦးစေ

အဆင်ခပ်တွေကို အားလုံးပေါင်းလိုက်ရင် သိန်းပေါင်း (၄၂၃၁) လှူဒါန်းခဲ့ပြီး ဖြစ်ပါတယ်။

နောက်ဆုံး ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ ယခု ကျောက်သီးဆောင်းမှာသွားပြီး သာသနာပြုနေပါတယ်။ အဲ့ဒီမှာတော့ ဆရာတော်နဲ့ သာသနာ (၅၀၀၀) ရောင်တော်ဖွင့်လုပ်ငန်းတွေ လုပ်နေပါတယ်။

မြတ်စွာဘုရားလက်ထက်က တော်ဝင်ခဲ့တဲ့ ကေလာသ၊ မြသပိတ်၊ ဇာတ္တလိ ကုသိနာရုံ စတဲ့ စေတီများ၊ စေတီတွေ၊ တောင်တက်လမ်းတွေ လုပ်ခဲ့ရပါတယ်။ အဲဒီလို လုပ်ခွင့်ရတဲ့အတွက်ကြောင့် အင်မတန်ကုသိုလ်ကြီးပါတယ်။

ဆရာတော်ကြီးဟာ အခုဆိုရင် သက်တော် (၇၅) နှစ်ရှိပါပြီ။ ကျွန်တော်တို့အနေနဲ့ ပိုက်ဆံ လုံလုံလောက်လောက်ရှိမှပြုမယ်ဆိုရင် ကျွန်တော့်အနေနဲ့ ကုသိုလ်တွေ နောက်ကျသွားနိုင်ပါတယ်။ ဆရာတော်အနေနဲ့ကလည်း နောက်ထပ် အလွန်ဆုံး လှူပ်ရှားနိုင်မှ (၁၀) နှစ်ပေါ့။ အလွန်ဆုံး (၈၅) (၉၀) အထိပဲ လှူပ်ရှားနိုင်မှာပေါ့။ အဲ့ဒီတော့ ကျွန်တော့်အတွက်လည်း နောက်ကျမယ်။ ဆရာတော့်အတွက်လည်း နောက်ကျသွားနိုင်ပါတယ်။

အဲ့ဒါကြောင့် သူလုပ်ချင်တာလေးတွေ လုပ်မသွားရမှာကို ကျွန်တော် စိုးရိမ်ပါတယ်။ ဒါကြောင့် နောင်တ မရကြေးဆိုပြီး ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ဆရာတော်လုပ်ချင်တဲ့ သာသနာပြုလုပ်ငန်းတွေမှာ အရင်းကျကျအားအဖြစ် ကျွန်တော် လုပ်ခဲ့ပါတယ်။

အမြင့်ဆုံးဖြစ်သော အဂ္ဂမဟာသီရိသုဓမ္မဓဇ်ဓောတတံခွဲ့ကို ကျွန်တော် ရပြီးသားပါ။ ကျွန်တော်လှူခဲ့တဲ့ ငွေကလည်း အတော်ကလေး များနေခဲ့ပါပြီ။ အဲ့ဒီတော့ တကယ်တမ်း နောင်တမရကြေးဆိုပြီး လုပ်ခဲ့တာပါ။ ဒါပြီးတော့လည်း လုပ်ခွင့်ရတုန်းရခိုက်ကလေး ကျွန်တော်လုပ်လိုက်ခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ ဆရာတော့်အတွက်လည်းကောင်း၊ ကျွန်တော့်အတွက်လည်း ကောင်းပါပဲ။

တကယ်က ဘုရားတစ်ဆူတစ်ဆူ တည်ဖို့ဆိုတာ မလွယ်တဲ့ကိစ္စပါပဲ။ အခု ဆရာတော်ဟာ အဆူပေါင်း (၄၀) ကျော် တည်ထားခဲ့ပြီးဆိုတော့ အံ့ဩစရာတစ်ခုပါပဲ။ ဒါ့ကြောင့် ကျွန်တော့်အနေနှင့်လည်း ဆရာတော်ကြီးရဲ့ သာသနာပြုလုပ်ငန်းများမှ မရှိ ရှိတာ ရှာပြီး ပါရမီ ဖြည့်ခဲ့တာပါပဲ။

တကယ်လို့ ကျွန်တော့်မှာ မရှိရင်လည်း ရှာပြီး လှူမှာပဲ။ ဒီငွေတွေက နောင် (၁၀) နှစ် (၁၅) နှစ်အတွင်း ကျွန်တော် ပြန်ဆပ်လို့ရပါတယ်။ ဒီအတိုင်းပဲ ကျွန်တော် ခံယူပါတယ်။ အဲ့ဒီခံယူချက်ကိုလည်း ဆရာတော်ကြီးကို လျှောက်ထားပြီးသားပါ။ ဒါကြောင့် ဒီနေ့ပွဲကိုလည်း ဆရာတော်က ဦးစီးပြီး လုပ်တဲ့ သာသနာရေးကိစ္စမှန်သမျှကို ပါခဲ့တာပါပဲ။ ရွှေတိဂုံဘုရားမှာ ပြုလုပ်တဲ့ ဆရာတော်ရဲ့ သာသနာရေးကိစ္စတွေကလည်း သိန်း (၁၀၀၀) ကျော် (၁၅၀၀) လောက် ကုန်ခဲ့တာပါပဲ။

ဝင်းကြီးတစ်ခုလုံးကို လုပ်မယ်ဆိုလျှင် အများကြီး ကုန်မှာပါပဲ။ အရင်ကလည်း ဒီမင်္ဂလာဒုံဥယျာဉ်က ရွှေတိဂုံ ပုံတော်စေတီက သိန်း (၃၀၀) ကျော် မြုပ်ပြီးသားပါ။ နောက်လည်း သိန်း (၁၀၀၀) ကျော် ကုန်ဦး မှာပါပဲ။ သိန်း (၁၀၀၀) အထက် ကုန်ဦးမှာပါပဲ။ ဒီရွှေတိဂုံ ပုံတူတော်စေတီ ပြီးသွားရင် ဆရာတော်ကြီးကိုယ်တိုင် ထီးလာတင်မှာပါ။

ကျွန်တော့်အနေနဲ့ သာသနာပြုလုပ်ငန်းတွေ ဆရာတော်ကြီး ဆက်လုပ်နိုင်ဖို့ လာတိုင်းလာတိုင်း ဘီးလင်းမြို့က ဘဏ်ကို ဒီကနေပြီး သိန်း (၁၀၀) (၁၀၀) အမြဲတမ်း ဘီးလင်းဘဏ်ကို လွှမ်းပြီးတော့ ထည့်ပေးပြီး လှူနေပါတယ်။ ဘိလပ်မြေဆိုလည်း လှူလျက်ပါပဲ။ ဘာလိုလို သာသနာပြုလုပ်ငန်းမှာ ဆရာတော်အရွယ်ရှိတုန်း အချိန်ရှိတုန်းမှာ နောင်တ မရချင်ဘူး။ သာသနာရေးကိစ္စတွေမှာ ကျွန်တော်လှူလိုက်တာ အခုဆိုရင် သိန်းပေါင်း (၉၄၇၀) လှူဒါန်းပြီး ဖြစ်ပါတယ်။

အဲဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ အကျဉ်းချုပ် ချုပ်ပြီး တင်ပြမယ်ဆိုရင် ကျွန်တော်တို့ရဲ့ အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ တက်လာပြီးတဲ့နောက်ပိုင်းမှာ အစိုးရရဲ့ အခြေ

အမြင့်ကြီးမားစွာနဲ့တံခါးဖွင့်လိုက်တာရယ် .. ပြီးတော့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်နဲ့ ကျွန်တော်တို့ကို လုပ်ခွင့်ပေးလိုက်တာရယ်. . . အဲဒါကြောင့် ကျွန်တော်အပါအဝင် ကျွန်တော့် စီးပွားရေးလုပ်ငန်းရှင်အားလုံး စီးပွားရေး လုပ်နိုင်တဲ့အတွက် အားလုံးလှူနိုင်တန်းနိုင်ခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ချုပ်ပြီး ပြောရမယ်ဆိုရင်တော့ ၁၉၈၈ က စပြီး ၂၀၀၂ အထိ ကျွန်တော့်ငွေစာရင်းက ထုတ်ပေးခဲ့တဲ့ငွေ၊ ကျွန်တော်လှူခဲ့တဲ့ငွေတွေဟာ ပညာရေးကဏ္ဍမှာ (၅၈၁) သိန်းနှင့် အမေရိကန်ဒေါ်လာ (၁၁၀၀၀) ကတော့ ဓာတ်လှေကားလှူလို့ ကုန်တာ။

အားကစားကဏ္ဍမှာ သိန်း (၅၀၀) ကျော်၊ ပြီးတော့ အမေရိကန်ဒေါ်လာ (၃၅၀၀၀၀)၊ လူမှုကဏ္ဍမှာ သိန်းပေါင်း (၂၃၀)၊ သာသနာရေးကဏ္ဍမှာ (၉၄၇၀) ဖြစ်တဲ့အတွက်ကြောင့် ဒီနေ့အထိ ကျွန်တော့်ကုမ္ပဏီက လှူဒါန်းပြီးငွေဟာ သိန်းပေါင်း (၁၀၇၈၂) သိန်း၊ အမေရိကန်ဒေါ်လာ (၃၆၁၀၀၀)။

ဒါတွေ လှူလိုက်တဲ့အတွက်ကြောင့်မို့လို့ လွယ်လွယ်ကူကူ မဟုတ်ပါဘူး၊ ကျွန်တော့်အနေနဲ့ ဒီနေ့ ကုမ္ပဏီဖွင့်ပွဲနေ့ကလည်းဖြစ်တော့ ကျွန်တော် ပြောချင်တာကတော့ ကျွန်တော့်မိဘ၊ ကျွန်တော့်အဖေဟာ နဂိုက စက်လှေပိုင်ရှင်း လောက်ပိုင်ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် နောက်မိန်းမ ယူသွားတဲ့ အတွက် ကျွန်တော်က (၅) နှစ်သားကတည်းက အမေ့ကို လုပ်ကျွေးခဲ့ပါတယ်။

ဒါ့ကြောင့် အမေ့ကျေးဇူးကြောင့် ကျွန်တော် ဒီဘဝရောက်တယ်။ ပြီးတော့ ၁၉၇၀ လောက်ကနေစပြီးတော့ တပ်မတော် (ကြည်း) မှာ ကချင်ပြည်၊ လှိုင်းဘွဲ့တို့၊ ဖာပွန်တို့မှာ (၂) နှစ် (၃) နှစ် သွားနေပြီးတော့ ခဲရာခဲဆစ် လုပ်ကိုင်စားသောက်ခဲ့ရပါတယ်။

မော်တော်ဆို (၂) ခါ မှောက်ဖူးပါတယ်။ ကားအက်စီးဒင့်ဆို (၂) ခါလောက် ဖြစ်ဖူးတယ်။ သူပုန်တွေနဲ့လည်း ခဏခဏ တွေ့ခဲ့ဖူးပါတယ်။ ပြီးတော့ ရန်သူတွေက ဝိုင်းပစ်တာလည်း ခဏခဏ ခံခဲ့ရပါတယ်။

၁၉၇၈ ခုနှစ်မှာ ရန်ကုန်ရောက်လာပြီး ၁၉၈၈ အထိကို ဆယ်နှ
အတွင်းမှာ စက်ရုံပေါင်း (၄၀) ကျော် ဆောက်ခဲ့ရပါတယ်။ ဆောက်ခွင့်ရခဲ့
တယ်။ ကျွန်တော် အများဆုံးဆောက်ခဲ့ရပါတယ်။

သန်လျင်မှာရှိတဲ့ ကျိုက်ခေါက်ဘုရားအနားကရှိတဲ့ လမ်းကစပြီ
တော့ သီလဝါ ဖွံ့ဖြိုးရေးဆိုပြီးတော့ အထည်ချုပ် (၃) (၄) (၅) တွေက
စပြီးတော့ ကျွန်တော် ဆောက်ခဲ့ရပါတယ်။

နောက်ပြီးတော့ ရန်ကုန်မှာရှိတဲ့ ဗူးတို့ သရေတို့ ထုတ်ပိုးတို့၊ ပြီးတော့
ပြည်ထောင်စုနေ့ပြခန်း စသည်တို့ကို ၁၉၇၈ က စပြီးတော့ ၁၉၈၈ အထ
ပြည်ထောင်စုကွင်းမှာ ကျွန်တော် ဆောက်ခွင့်ရခဲ့ပါတယ်။

အဲ့ဒီလိုနဲ့ တွန်းတွန်းတိုက်တိုက်နဲ့ ဗိုလ်ချုပ်တင့်ဆွေဆီက နည်းစနစ်
တွေ ရခဲ့ပါတယ်။ ဘာလုပ်လုပ် အကောင်းဆုံးလုပ်ပါ။ အဲ့ဒီစကားလုံးလေး
ကို ဗိုလ်ချုပ်တင့်ဆွေဆီက သင်ယူတတ်မြောက်ခဲ့ပါတယ်။

လစဉ် လာပြီးတော့လည်း ကျွန်တော့်ကို သွန်သင်ဆုံးမပါတယ်
မနေ့ကတောင် ဒီကိုလာပြီး ဆုံးမပါသေးတယ်။ နည်းပေးပါသေးတယ်
ဘာလုပ်လုပ် အကောင်းဆုံးလုပ်ပါ။ မြို့တော်ကြီး တည်ထောင်တဲ့နေရာမှ
လည်း ဥယျာဉ်မြို့တော်လို့ ပြောထားတဲ့အတွက် ရေရှိရမယ်၊ အပင်ရှိရမယ်
ဆိုတာတို့၊ ပြီးတော့ Inferstructure နဲ့ အမိုးပေါင်းရမယ်ဆိုတာတို့ နည်းလမ်း
ပေးပါတယ်။ အဲ့ဒါတွေကြောင့်လည်း ကျွန်တော်ဒီနေ့ စီးပွားရေးလောကမှ
အောင်မြင်တဲ့ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ခဲ့ရပါတယ်။ ဒါဟာလည်း ဆရာကောင်း
ဆီက နည်းကောင်းလမ်းကောင်း ရခဲ့လို့ပါပဲ။

အဲဒီတော့ ကျွန်တော့်အနေနဲ့ စီးပွားရေးအရ အောင်မြင်တယ်
ဆိုတာ ကျွန်တော့်မှာ "စံ" ရှိပါတယ်။ အဓိကတိုင်းတဲ့ "စံ" ကတော့ ကျွန်တော်
မိဘကို လုပ်ကျွေးခဲ့တဲ့ "စံ" ပါပဲ။ ကျေးဇူးပါပဲ။

ကျွန်တော်ဟာ ကျွန်တော့်အမေကို (၅) နှစ်သားကတည်းက စပြီ
လုပ်ကျွေးခဲ့တာ ယခုအထိပါပဲ။ ပြီးခဲ့တဲ့ (၈) နှစ်လောက်က အမေဆုံးတဲ့

…ပါပဲ။ အမေဆုံးပေမယ့် အမေ့ကို အမြဲသတိရနေပါတယ်။ ကျွန်တော် …နေ့အထိ အမေ့ကို လုပ်ကျွေးဖို့စိတ်က လုပ်ကျွေးလို့ကို မဝသေးဘူး။

ဒီတော့ လူတစ်ယောက်ရဲ့အောင်မြင်မှုဟာ ဘာနဲ့တိုင်းသလဲ …တော့ စံချိန်က၊ ၊ သူဟာ သူ့အမေအပေါ် ဘယ်လောက်ကောင်းခဲ့သလဲ … အပေါ်မှာ မူတည်ပြီးတော့ တိုင်းရမှာပါပဲ။ ကျွန်တော့် မောင်နှမထဲမှာ …ဟာ ကျွန်တော့်အမေကို လုပ်အကျွေးရဆုံး အခွင့်ရခဲ့တဲ့လူပါပဲ။

ဒါကြောင့် ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာက … ကျွန်တော်ဟာ "ဇေကမ္မာ ကုမ္ပဏီ" ဆိုပြီးတော့ အမိက ထူထောင် …တယ်။ ပြီးတော့ ကျွန်တော့်အနေနဲ့ ကျွန်တော်ရဲ့ စံချိန်ကို ကျွန်တော် …ပြီးတော့ နေခဲ့ပါတယ်။

ဘုရားတော်နှင့်အညီ မလုပ်သင့် မလုပ်ထိုက်တာ မှန်သမျှ ကျွန်တော် … မလုပ်ခဲ့ပါဘူး။ ထိန်းထိန်းသိမ်းသိမ်း နေခဲ့ပါတယ်။ လုပ်သင့်တာ …မှုတော့ လုပ်ခဲ့ပါတယ်။

မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ကြီး ထူထောင်ရာမှာ ကျွန်တော့်မှာ အများ … အတွေးရှိပါတယ်။ ကျွန်တော်ပထမဆုံး တွေးမိတာကတော့ ကျွန်တော့် …ပေါ်မှာ လေယာဉ်ပျံကြီး ဖြတ်နေတယ်။ အဲ့ဒီတော့ ကျွန်တော် …ာက် ရောက်တယ်၊ အမေရိက ရောက်တယ်။ ဘယ်ကိုပဲရောက် … ကျွန်တော်ကြည့်တာကတော့ အဲ့ဒီလေယာဉ်ပျံဆင်းတဲ့မြို့ဟာ လှလား …း ဆိုတာ ကြည့်ပါတယ်။

အဲ့ဒီလို ရောက်တဲ့အခါမှာ ဒီမြို့လှလားဆိုပြီးတော့ ကျွန်တော် …ပြီး ကြည့်တတ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် စဉ်းစားမိတာက … ကျွန်တော့် မင်္ဂလာဒုံဥယျာဉ်မြို့တော်မှာ လေယာဉ်ပျံကြီး ဖြတ်ဖြတ် …၊ ဒီတော့ အမျိုးသားစိတ်နဲ့ တွေးပါတယ်။ အမျိုးသားစိတ်မရှိရင် …ပေါ့။ စီးပွားရေးအရ ကြည့်မယ်ဆိုရင်တော့ Crisis ကာလမှာ Low … ဆောက်သွားတာတွေ ဘာတို့ဆိုပြီး စီးပွားရှာလို့ ရပါတယ်။ ဒါပေမဲ့ …နဲ့ ကျွန်တော် စီးပွားမရှာခဲ့ပါဘူး။

ကျွန်တော့်ရဲ့ စံချိန်အတိုင်းပါပဲ။ ဒီနေရာမှာတော့ ဒီလိုဖြစ်သင့်တယ်။ ဒီလိုဆောက်သင့်တယ်ပေါ့။ ဒီလိုပဲ တွေးပါတယ်။ ငါတို့နိုင်ငံမှာတော့ လေယာဉ်ပျံကြီး ဖြတ်သွားတဲ့အခါ First Impression အဖြစ်နဲ့ ရပ်တည်ပြီးတော့ လုပ်ခဲ့ပါတယ်။ အဲ့ဒီလို အမျိုးသားစိတ်နဲ့ နိုင်ငံဂုဏ်ရှိအောင် လုပ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့လည်း မင်္ဂလာဒုံဥယျာဉ်မြို့တော်ကြီးကို လှအောင် လုပ်တာလည်း ပါပါတယ်။

နိုင်ငံခြားသားတွေလာလို့ လေယာဉ်ပျံပေါ်ကနေ အောက်ကို ငုံ့ကြည့်လိုက်တဲ့အခါဟ . . မြန်မာပြည်ကြီး တယ်လှပါလားဟု ထင်သွားရင် ကျွန်တော် လုပ်ရကျိုးနပ်ပါပြီ။ အဲ့ဒီလို First Impression ဖြစ်အောင် ကျွန်တော် ကြိုးစား ခဲ့တာပါပဲ။ ဒါဟာလည်း နိုင်ငံတော်ကို တစ်နည်းတစ်ဖုံ ကျေးဇူးဆပ်တာပါပဲ။

တစ်ခါတလေ ည (၁၀) နာရီ (၁၁) နာရီ ညလုံးပေါက် ပြင်ဆင်ရပါတယ်။ ပြီးတော့ နံနက်စောစော ထရပြန်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း (၅) နှစ်သားက စပြီးတော့ ဒီနေ့အထိ Holiday ဆိုတာ မရှိခဲ့ပါဘူး။

ဥပမာအားဖြင့် ဖျားနေရင်တောင်မှ ညဘက်မှာသာ ဖျားပြီး နေ့ဘက်ဆို အလုပ်လုပ်ရပါတယ်။ အဖျားကိုလည်း နေ့မှာ ရွှေ့ထားရပါတယ်။ ညမှာမှ ဖျားခိုင်းပါတယ်။

ဒါကြောင့် ကြီးပွားဖို့ဆိုတာက Honest ဖြစ်ဖို့ လိုပါတယ်။ အဲ့ဒီပြင် ရိုးသားမှုသာမက ကြိုးစားမှုလည်း လိုပါတယ်။ ကံ၊ ဉာဏ်၊ ဝီရိယလည်း လိုပါတယ်။

ပြီးတော့ ကျွန်တော့်ကို ပံ့ပိုးတဲ့ ကျေးဇူးရှင်များကလည်း ရှိပါသောကြောင့် ကျွန်တော့်အနေနဲ့ ကျေးဇူးရှင်များဖြစ်သော ကျွန်တော့်ကို ပံ့ပိုးကူညီခဲ့သော ပုဂ္ဂိုလ်အပေါင်းတို့ကို ကျေးဇူးတင်ဂါရဝပြုပါကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ် ခင်ဗျား။"

အထက်ပါအကြောင်းအရာတို့မှာ ဇေကမ္ဘာအဆောက်အဦးသစ် ဖွင့်ပွဲနေ့တွင် အများပရိသတ်ရှေ့မှောက်၌ ဒေါက်တာခင်ရွှေကိုယ်တိုင် ပြောကြားခဲ့သော ဒေါက်တာခင်ရွှေ၏ ဒေါက်တာခင်ရွှေဖြစ်ပါသည်။ အကူးသူဖွယ် နည်းယူဖွယ်တို့ များလှပါသည်။

♦ ♦ ♦

# လက်ထဲမှာ ငွေတစ်ထောင်နှင့် ဘဝကို စတင်ခဲ့သော ကျေးတောသားတစ်ယောက်

၂၀၀၂ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် မင်္ဂလာဒုံ ဥယျာဉ်မြို့တော် ရန်ကုန်စက်မှုဇုန် Mingalardon Garden City, Yangon Industrial Park Royal Mingalardon Golf & Country Club တို့ကို ဦးဆောင်ဖွင့်လှစ်လျက်ရှိသော ဇေကမ္ဘာ ကုမ္ပဏီအဆောက်အဦး ရုံးသစ် ကြီး ဖွင့်ပွဲကို နံနက် (၁၀) နာရီခွဲတွင် ကျင်းပခဲ့ရာ ဒေါက်တာခင်ရွှေ တင်ပြသော ဖြစ်စဉ်အရ ဒေါက်တာခင်ရွှေ၏ ရုပ်ပုံလွှာသည် အများရှေ့ တွင် ထင်သာမြင်သာ ရှိလာ ခဲ့ပါသည်။

စီးပွားရေးမျက်စိဖြင့်ကြည့်လျှင် အတုယူဖွယ် များစွာရှိသကဲ့သို့ ဘာသာ၊ သာသနာရှုထောင့်မှ ကြည့်လျှင်လည်း သာသနာ့အကျိုးဆောင် ပုဂ္ဂိုလ်၊ နိုင်ငံ့ အကျိုးဆောင်ပုဂ္ဂိုလ်အဖြစ် သူ၏ရုပ်ပုံလွှာက အထင်းသား ပေါ်လွင်လျက်ရှိပါသည်။

ပြောကြားနေစဉ်ကာလမှာပင် သူ့ရုပ် သူ့အသွင် သူ့အသံတို့ကို ခန့်မှန်း ကြည့်ရုံဖြင့် သူ၏ ရိုးသားမှု၊ ကြိုးစားမှု၊ ပွင့်လင်းမှုတို့ကို သူ၏ ဝန်ခံချက်၊ ရှင်းလင်းချက်များနှင့်အတူ သိမြင်ပြီး ဖြစ်ပါသည်။ သူ ဖွင့်ဟ သော ပြောကြားခြင်းများသည် အမှန်က သူ၏ဖြစ်ရပ်မှန် ရင်ဖွင့်သံများ ဖြစ်သည်ဟုဆိုလျှင် မမှားနိုင်ပါ။

သူ ခဏခဏ ပြောလေ့ရှိသော စကားအရ သူ့ဘဝဇာတ်လမ်းကို ငွေကျပ်တစ်ထောင်နှင့် သူ စခဲ့သည်။ ရန်ကုန်ရောက်စက လက်ထဲမှာ ငွေကျပ် တစ်ထောင်သာ ပါရှိခဲ့ပါသည်။

သို့သော်လည်း စေတနာကောင်းလျှင် ကံကောင်းမည် ဟူသော စကားအရ ကြိုးစားခဲ့ရာ ထိုငွေတစ်ထောင်ပိုင်ရှင်သည် ယနေ့ သိန်း ထောင်ချီဆောင် သန်းတစ်ထောင်ပိုင်ရှင်ဘဝသို့ ရောက်ရှိခဲ့လေသည်။

အမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် ရှိသမျှငွေတွေ အကုန် လှူဒါန်းပြီး ငွေတစ်ထောင်သာချန်ပြီး တောသို့ပြန်သွားလျှင်လည်း အရင်း အတိုင်းပဲ ဟု အမြဲပြောလေ့ရှိသည်။

လူငယ်တို့ အတုယူစရာ အချက်တစ်ချက် ဖြစ်ပါသည်။ ထိုအချက်မှာ သူ၏ ချမ်းသာကြွယ်ဝမှု မဟုတ်ပါ။ သူ၏ စီးပွားရေးအောင်မြင်မှု အချက်များ မဟုတ်ပါ။ ထိုသို့ အောင်မြင်ရာတွင် သူ့မှာ သော့ချက်ရှိသည်။ ထို သော့ချက်ဖြင့် သော့ခလောက်ကို ဖွင့်သည်။ ထို သော့သည် အခြားမဟုတ် ရိုးသားခြင်း၊ ကြိုးစားခြင်း ဖြစ်သည်။

ထို သော့ချက်ကို အရောင်တင်ပေးသောအရာ သို့မဟုတ် သံချေး မတက်အောင် ပြုလုပ်ပေးသောအရာလည်း ရှိနေသေးသည်။ ထိုအရာ သည် အခြားမဟုတ်။ မိဘကျေးဇူးသိခြင်း၊ မိဘကို လုပ်ကျွေးခြင်း၊ ခင်ပွန်း ကြီး ငါးပါး ကို အမြဲတသ အောက်မေ့နေခြင်းတို့ကြောင့် ပြန်၍ပြန်၍ အရောင်တင်တတ်ခြင်း တို့ပင် ဖြစ်သည်။

ထိုအချက်တို့သာမရှိခဲ့လျှင် ရိုးခြင်းတစ်ဝက်မှာ အ,ခြင်းတစ်ဝက် ပါနေ၍နေမည်ဖြစ်သောကြောင့် ရိုးရိုးအအဘဝသို့ ရောက်နိုင်စရာရှိ ပါသည်။ ရိုးရိုးအအ မဖြစ်ဘဲ၊ ရိုးရိုးထက်ထက် ဖြစ်ရခြင်းမှာ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးစလုံးနှင့် ဆိုင်လေသည်။

၁၉၈၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့အထိ ဒေါက်တာခင်ရွှေ လှူဒါန်းခဲ့သော ငွေများမှာ ပညာရေးကဏ္ဍအတွက် ကျပ် သိန်းပေါင်း (၅၈၁) (ငါးရာရှစ်ဆယ့်တစ်သိန်း) ရှိ၏။ အမေရိကန်

ဒေါ်လာ (၄၀၀၀၀) (လေးသောင်း) ရှိ၏။ ၎င်းအပြင် နိုင်ငံတော်
အားကစားအတွက် လှူဒါန်းငွေမှာ ကျပ်ငွေသိန်းပေါင်း (၅၀၀) ရှိ၏။
အမေရိကန်ဒေါ်လာ (၃၅၀၀၀၀) ရှိ၏။ ၎င်းအပြင် နိုင်ငံတော် လူမှုရေး
ကဏ္ဍအတွက် ကျပ်သိန်း ပေါင်း (၂၃၀) ကျော်ကျော်ရှိ၏။ ၎င်းအပြင် ထေရဝါဒ
သာသနာတော် ဖွံ့ဖြိုးရန်အတွက် လှူဒါန်းငွေစုစုပေါင်းမှာ သိန်းပေါင်း
(၁၀၇၈၂) ကျော်၏။ အမေရိကန်ဒေါ်လာ (၅၀၀၀၀၀) ရှိ၏။

ဤသို့ဖြင့် စုစုပေါင်းလှူဒါန်းငွေသည် မြန်မာငွေ သိန်းပေါင်း
(၁၀၀၀၀) ကျော်၏။ အပေါင်း အမေရိကန်ဒေါ်လာ (၅၀၀၀၀၀) ကျော်
ရှိ၏။ ကဲ. . . ဘယ့်နှယ်ရှိပါစ။

လက်ထဲ ငွေကျပ် တစ်ထောင်နှင့် လုပ်ငန်းစခဲ့သော ကျေးတော
သားတစ်ယောက်က ဤ၍ဤမျှ အလှူဒါနပြုခဲ့၏။ မြန်မာနိုင်ငံတွင် လှူ
မကုန်ခမ်းနိုင်လောက်အောင် အတွင်းပစ္စည်း၊ အပြင်ပစ္စည်း၊ မရေမတွက်
နိုင်အောင် များစွာရှိသောပုဂ္ဂိုလ်တို့ မြန်မာပြည်တွင်ရှိကြောင်း ကျွန်တော်
သိသင့်သလောက် သိပါသည်။

ငွေကို လေလို သုံးနိုင်သူများ ရှိခဲ့ကြောင်း၊ ငွေကို ရေလိုသုံးနိုင်တဲ့သူ
များရှိခဲ့ကြောင်း သိသင့်သလောက် သိပါသည်။ သို့သော် ဤကဲ့သို့ နိုင်
ကျေးဇူးသိတတ်သူတစ်ယောက် ပေါ်ထွန်းခဲ့သည်ကို ကျွန်တော်မသိခဲ့လျှင်
ကျွန်တော် သည် တော်တော်ညံ့သောသူ ဖြစ်ပါလိမ့်မည်။

ဤကဲ့သို့သော သဒ္ဒါထက်သန်သောသူတစ်ယောက်အဖို့ စေတနာ
အိုး မခမ်းခြောက်သမျှ အသပြာမိုးသည်လည်း ရွာမြဲရွာနေပါလိမ့်မည်။
မျိုးဆက်သစ်ကလေးများ သိစေချင်ပါသည်။

"ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကျိုး၍ ကောင်းကျိုးကိုယ်
တည်ပါစေ" ဟု မျိုးဆက်သစ်များကို မှာကြားလိုက်ပါသည်။

◆ ◆ ◆

# အသက် (၅) နှစ်မှစ၍ ယနေ့အထိ Holiday မရှိသူ

"အရင်းရှိမှ အမြတ်ရှိသည်" ဟူသော စကားသည် အမှန်ပင် ဖြစ်လေ[illegible]၊ အရင်းမရှိက အမြတ် မရှိနိုင်ပါ။

## ငွေမှာ ခြေလေးချောင်းရှိသည်

ငွေရှိမှ လူရာဝင်သည်ဟု လူတွေက ငွေကို ရှာကြသည်။ ငွေမှာ [illegible]ထောက်လေးချောင်းရှိသည်။ လူမှာ ခြေထောက်နှစ်ချောင်းသာ ရှိသည်။ [illegible]ကြောင့် ငွေကို မီအောင် မလိုက်နိုင်ပါ။ ငွေသည် အလွန်အပြေးမြန်[illegible][illegible]သန်၏ဟု သူကဆိုပါသည်။

## အလုပ်ကောင်းလျှင် ကံကောင်းသည်

သို့သော် ဉာဏ်ရှိသူက ငွေနောက်သို့ မလိုက်။ ရိုးသားမှုနောက်သို့ [illegible]၏၊ ကြိုးစားမှုနောက်သို့ လိုက်၏။ စေတနာနှင့် ငါးကို မြှား၏။ ငါးစာ[illegible]၏၊ ထိုအခါ ငွေသည် အစာကို လာ၍ ဟပ်လေသည်။ အစာသည် [illegible]မှု ကြိုးစားမှုဖြစ်၏။ သူ့နောက်မှာ ကံပါ၏။ ကံနောက်မှာ ဉာဏ်ပါ[illegible]ဉာဏ်ကောင်းသူသည် ကောင်းသောအလုပ်ကို လုပ်ရန်လိုပါသည်။ [illegible]င်းသောအလုပ်သည် ကံကို ကောင်းစေပါသည်။ အလုပ်ကောင်းလျှင်

ကံကောင်း၏။ စေတနာကောင်းလျှင် ကံကောင်း၏ဟု သူကဆိုပါသည်။

## ဘာလုပ်လုပ် အကောင်းဆုံးလုပ်

ဒေါက်တာခင်ရွှေ၏သဘောမှာ အကောင်းဆုံးဖြစ်အောင် အမြဲ လုပ်ခြင်းဖြင့် အကောင်းဆုံး သဒ္ဒါတရားကို ပြလိုက်ခြင်းအားဖြင့် ငွေကို စောင့်သောနတ်သည် အလိုလို ရောက်ရှိလာရလေသည်။

(၅) နှစ်သားအရွယ်လောက်ကတည်းက အမေနှင့် တစ်ထမ်း တစ်ရွက်အတူတူ လုပ်စားရ၏။ ထို့ကြောင့် (၅) နှစ်သားအရွယ်ကစ၍ အမေကို ကူညီလုပ်ကိုင်ပေးခဲ့ရာ ကြီးကြီးကျယ်ကျယ်ပြောရလျှင် (၅) နှစ် သားအရွယ်မှစ၍ မိဘကို လုပ်ကျွေးခြင်းဖြစ်သည်ဟု စာဆန်ဆန် ခံ့ခံ့ညားညား ပြောနိုင်ပါသည်။

## ငွေဖြင့် ဝယ်၍မရ

အတွေ့အကြုံသည် ဝယ်၍မရနိုင်ပါ။ (၅) နှစ်သားကစ၍ ဟင်းရွက် ရောင်း၊ သစ်သီးရောင်း၊ ဈေးရောင်းဈေးဝယ် လုပ်ခဲ့ရသော ကလေးသူငယ် တစ်ယောက်အဖို့ ရင်ထဲမှာ ဘယ်ကိုကြည့်ကြည့် သူ့ထက်မှာ သူ့ထက်သာ သော သူတွေကိုသာ တွေးတော အားငယ်စရာများအဖြစ် မြင်မိနေပေ လိမ့်မည်။

## ငါးနှစ်သားမှ ယနေ့အထိ

သို့သော်လည်း (၅) နှစ်သား မောင်ခင်ရွှေသည် မိဘကို တွယ်တာ စွာ လုပ်ကျွေးခဲ့သည်။ ဇေကမ္ဘာ အဆောက်အဦသစ် ဖွင့်လှစ်လိုက်သော အခါ ဝန်ခံပြောဆိုသည်မှာ သူသည် (၅) နှစ်သားမှစ၍ ယနေ့ အသက် (၅၁) နှစ်အထိ တစ်ရက်မှ Holiday ဟူ၍ မရှိခဲ့ပါဟု ဆိုပါသည်။

## အလုပ်ဦးစားပေး

ထိုစကားသည် မှန်ပါလိမ့်မည်။ ညကို အလုပ်ပြီးမှ အိပ်ရသည်။ မနက်ကို အလုပ်ပြီးအောင်ဟု စောစောထရသည်။ နေ့ကို အလုပ်ပြီးအောင် လုပ်ရသည်။ အိပ်ချိန်မရှိ စားချိန်မရှိ အိပ်ချိန်မသိ၊ စားချိန်မသိ။ သင့်သ

...၏၊ သင့်သလို နေရ၏။ ဤရွှေ့ ဤမျှ အလုပ်ကို ဦးစားပေးရသည်။

သူဌေးသည် သူဌေး မဟုတ်။ သူဌေးသားသည်သာ သူဌေး ဖြစ်... သူဌေးသည် သူဌေးဖြစ်အောင် လုပ်နေရသဖြင့် မအားပါ။ သူဌေး ...သားသည်သာ သူဌေး၏ သားဖြစ်သောကြောင့် သူဌေးစည်းစိမ်ကို အပြည့် ...စားရပါသည်။

## ကရင်ပြည်နယ်မှာ

ကရင်ပြည်နယ်၊ ဘားအံ၊ ဖားပွန်၊ ကမမောင်းမြို့နယ်များရှိ ...မတော် အဆောက်အအုံပေါင်းများစွာကို တပ်မတော်ဆောက်လုပ်ရေး ...န်သရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ခွင့်ရခဲ့ပါသည်။

## စက်ရုံပေါင်း (၄၀)ကျော်

ထိုအတွေ့အကြုံများကိုအခြေခံပြီးလျှင် နောင်သောအခါ အင်ဂျင် ...ဦးခင်ရွှေသည် စက်ရုံ အလုပ်ရုံပေါင်း (၄၀) ကျော်ကို ဆောက်လုပ် ...ခဲ့သော အတွေ့အကြုံများ ထပ်မံရရှိပြန်ပါသည်။

## အတွေ့အကြုံသစ်

အမှတ် (၁) စက်မှုဝန်ကြီးဌာနလက်အောက်ရှိ အင်းစိန်၊ သံမဏိ ...ရုံ၊ သမိုင်းစွပ်ကျယ်စက်ရုံ၊ သားရေစက်ရုံ၊ အထည်ချုပ်စက်ရုံ စသော ...ရုံပေါင်း များစွာဆောက်လုပ်ခဲ့သော အတွေ့အကြုံများသည် မင်္ဂလာဒုံ ...မှုဇုန်ကြီး မဆောက်မီက ရရှိခဲ့သော အတွေ့အကြုံများဖြစ်ပါသည်။

ပါတီဌာနချုပ်အဆောက်အအုံနှင့်တကွ အကောက်ခွန် သိုလှောင် ...များတို့သည်လည်း အင်ဂျင်နီယာဦးခင်ရွှေ၏ လက်ရာများ ဖြစ်ပါသည်။

## ဈေးကွက်စီးပွားလာ

၁၉၈၉-၉၀ ခုနှစ်များတွင် နိုင်ငံတော်မှ တံခါးဖွင့် စီးပွားရေးမူဝါဒ ...ကျင့်သုံးလိုက်ပါသည်။ ထိုအခါ ဈေးကွက်စီးပွားရေးကို အကောင်အထည် ...၍ ဆောင်ရွက်လာခဲ့ကြောင်း အများသိပြီး ဖြစ်ပါသည်။ ထိုအခါ

အင်ဂျင်နီယာ ဦးခင်ရွှေသည် ကိုယ်ပိုင်ကုမ္ပဏီတစ်ခုထောင်ရန် မျက်စိပွင့်လာ၏။ ဉာဏ်ပွင့် လာ၏။ ဉာဏ်ကလည်း ရင့်လာ၏။

## မအိပ်မနေ အသက်ရှည်

အခွင့်အလမ်းကို အမြဲတမ်း နားစွင့်နေသူအဖို့ အခွင့်အလမ်းသည် အောင်စည်အောင်မောင်းတီး၍ မိုးကောင်းကင်မှ ကျရောက်လာတတ်ပါသည်။ အိပ်ပျော်နေသူများအဖို့ကား အခွင့်အလမ်းက တံခါးလာခေါက်သောအခါ အိပ်မောကျနေသဖြင့် မနိုးပါ။ မအိပ်မနေ အသက်ရှည်သူများအဖို့ကား ကွက်တိဖြစ်ပါ၏။

## ကိုယ်ပိုင်ဇေကမ္ဘာ

အင်ဂျင်နီယာ ဦးခင်ရွှေသည် ၁၉၉၀ ပြည့်နှစ်တွင် မိမိကိုယ်ပိုင် "ဇေကမ္ဘာ" ကုမ္ပဏီလီမိတက်ကို ထောင်လိုက်၏။ နိုင်ငံတော်မှ လမ်းဖွင့်ပေးသည့်အတိုင်း ဘက်စုံစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့၏။ ရိုးသားမှု ကြိုးစားမှု ဇွဲ . . ဇွဲ . . ဇွဲရှိမှ အောင်နိုင်မည်ဟူသော စကားအရ ဇွဲ အင်ဂျင်နီယာ ဦးခင်ရွှေသည် "ဇေကမ္ဘာ" ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်လာသည်။

## ထိပ်သို့ရောက်

ဤသို့ဖြင့် နောက် (၁၀) နှစ်ကြာသောအခါ "ဇေကမ္ဘာ" ကုမ္ပဏီသည် တိုင်းရင်းသားပိုင် ကုမ္ပဏီကြီးဖြစ်သည်သာမက မြန်မာနိုင်ငံ၏ ထိပ်ဆုံးသော ကုမ္ပဏီကြီးအဖြစ်သို့ ရောက်ရှိလာကြောင်း စီးပွားရေး လောကသားအားလုံးက ဝန်ခံကြရ၏။

## အရှေ့တောင်အာရှအထိ လူသိ

အရှေ့တောင်အာရှ၏ စီးပွားရေးဦးဆောင်ပုဂ္ဂိုလ်ကြီးများစာရင်းတွင် ဦးခင်ရွှေသည် ပွဲဝင်ဆုံလာလေသည်။ နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ခွင့်ပြုထားသော စီးပွားရေးလုပ်ငန်းများမှ ရရှိသည့်ငွေများမှ ကျပ်သိန်း ပေါင်းများစွာကိုလည်း နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများသို့ ထာဝရ လှူဒါန်းလျက်ရှိကြောင်း အများသိပြီး ဖြစ်ပါသည်။

## နိုင်ငံတော်ကျေးဇူး

"မိမိသည် အိပ်မပျော်သော နေ့ရက်များကို ကျော်လွှန် လာခဲ့ရသည် မှာ မိမိ၏ကြိုးစားမှုကြောင့်သာမက ခင်ပွန်းကြီး (၁၀)ပါး၏ ကူညီပံ့ပိုး မှုများ ကြောင်းကြောင်း၊ နိုင်ငံတော် ၏ လမ်းစဉ်လမ်းကြောင်းမှာ တစ်သဝေ မတိမ်း လျှောက်ခဲ့ကြောင်း၊ မိဘကို ဦးထိပ်ထားကြောင်း ဝန်ခံရင်း မိမိ သည် နှစ်ပေါင်း (၅၀)လုံးလုံး နားရက်မရှိ Holiday မရှိ လုပ်ခဲ့ရကြောင်း"

ပြောဆိုလိုက်သည်မှာ အံ့ဩစရာ ဖြစ်ပါသည်။

## နောင်တမရစေတမ်း

"ကောင်းကောင်းအိပ်မှ ကောင်းမည်။ ကောင်း ကောင်းစားမှ ကျန်းမာပါသည်။ ဒီကနေ့ အိပ်ရေး မဝသေးလို့ပါ။ ဒီအလုပ်က မနက် ဖြန်လုပ်လည်း ရတာပဲ။ နောက်တစ်နေ့မှလုပ်လည်း ရတာပဲ စသည်ဖြင့် အချိန်ကို ရွှေ့၍ ရွှေ့၍နေကြသူများ၊ ယနေ့ နေပူသေးသည်၊ အလုပ် မလုပ်သေး၊ ယနေ့ မိုးရွာသေးသည်၊ အလုပ် မလုပ်သေး၊ ယခုစောသေး သည်၊ အလုပ် မလုပ်သေး။ ယခုမှောင်သွားပြီး၊ နောက်တစ်နေ့မှ လုပ်မည် ဟူ၍ ဟူ၍ နေ့ရွှေ့ညရွှေ့ အချိန်ကို ရွှေ့သောသူများအတွက် အခွင့် အလမ်းဆိုတာ လုပ်ခွင့်ရှိမှ လုပ်ရတာ။ လုပ်ခွင့်ရတုန်းမှာ အမျိုး၊ ဘာသာ၊ သာသနာအတွက် လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ရမယ်။ နောင်တ မရစေတမ်း"

ဟု ဦးခင်မွေက အတိအလင်း ပြောဆိုကြွေးကြော်ခဲ့ပါသည်။ မျိုးဆက် သစ်များ အတုယူသင့်သည်ဟု ထင်ပါသည်။

ဤတွင် အံ့ဩစရာစကားတစ်ခွန်းမှာ "နောင်တ မရစေတမ်း" ဟူသော စကားဖြစ်ပါသည်။ ထိုစကားလုံးကလေးကို သူသည် အမျိုး၊ ဘာသာ၊ သာသနာကိစ္စတွင် မကြာခဏ သုံးစွဲလေ့ရှိကြောင်း သတိထားမိ ပါသည်။ တစ်ခါတရံ နိုင်ငံတော်အကြီးအကဲများ၏ ရှေ့မှောက်၌ပင်လျှင်

သူသည် ရိုးသားစွာ သုံးစွဲခဲ့ပါသည်။ နိုင်ငံတော်၏ ကူညီမှုကြောင့်သာ သူသည် ဆင်းရဲသားဘဝမှ ယခုကဲ့သို့ ကြီးပွားလာရကြောင်း။ ထို့ကြောင့် ထိုငွေများမှာ မိမိလက်ထဲမှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်ကြောင်း။ အမျိုး ဘာသာ၊ သာသနာအတွက် မိမိက ခေတ္တခဏ ကိုင်တွယ်ထိန်းသိမ်းထားရခြင်း ဖြစ်ကြောင်း။ ထို့ကြောင့် မိမိလက်ထဲကငွေများကို အမျိုး၊ ဘာသာ၊ သာသနာအတွက် ပြန်လည်အသုံးပြုခြင်းဖြစ်ကြောင်း။ အကယ်၍ အမျိုး ဘာသာ၊ သာသနာအတွက် အကျိုးရှိရှိ ထိုက်ထိုက်တန်တန် သုံးပစ်လိုက်သောကြောင့် မိမိရှိသမျှ ငွေများအားလုံး ကုန်သွားလျှင်လည်း မိမိ နောင်တရလိမ့်မည် မဟုတ်ကြောင်း။ အကယ်၍ လက်ထဲမှာ လက်ကျန် ငွေ (၁၀၀၀) သာရှိခဲ့လျှင် မိမိ မူလကရင်းခဲ့သော အရင်းဖြစ်သဖြင့် နောင်တမရစတမ်းဟု ဆိုလိုခြင်း ဖြစ်ကြောင်း။ အခါအခွင့်သင့်တိုင်း ဖွင့်ဟပြောဆိုသည်မှာ နှုတ်ခမ်းဖျားမှထွက်သောစကားမဟုတ်။ အသည်းနှလုံးကြားမှ ထွက်သော စကားလုံးများ ဖြစ်ကြောင်း အကဲခတ်နိုင်ပါသည် ဟုဆိုလျှင် ကျွန်တော် မှားလိမ့်မည် မထင်မိပါ။ ကျွန်တော် သည့်လောက် မညံ့ပါ။

◆ ◆ ◆

# ဇေကမ္ဘာအဆောက်အဦသစ်

# ဖွင့်ပွဲနှင့်

## စီးပွားရေး သော့ချက်များ

ဇေကမ္ဘာ ကုမ္ပဏီလီမိတက်ရုံးချုပ် အဆောက်အဦသစ်ဖွင့်ပွဲသည် အမှန်စင်စစ် အဆောက်အဦအသစ် ဖွင့်ပွဲမည်ရုံသက်သက်မဟုတ်။ ကံ၊ ဉာဏ်၊ ဝီရိယ၊ ဇွဲတို့၏ သက်သေကောင်းအဖြစ် မျိုးဆက်သစ်တို့အတွက် နမူနာပြ အောင်မြင်မှု အဆောက်အဦသစ်ကြီးတစ်ခု ဖွင့်ပွဲဟူ၍ ယူဆစရာ ရှိပါသည်။

ဇေကမ္ဘာသည် ကာရန်သဘောအရ သေချာသည်ဟု ကဗျာဆန်ဆန် တွေးမိပါသည်။ မသေချာလျှင် မလုပ်၊ သေချာမှလုပ်သော ဇေကမ္ဘာ၏ စီမံကိန်းများမှာလည်း အားလုံးအတွက် သေချာသည်၊ ရေရာသည်၊ အကျိုးပြုသည် ဤသို့ တွေးမိပါသည်။

**နိုင်ငံသစ်နှင့် ဇေကမ္ဘာ**

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီ (၁၆) ရက်က ဖွင့်လိုက်သော ဇေကမ္ဘာ ကုမ္ပဏီအဆောက်အဦသစ်ကြီးသည် နောက်ထပ်နှစ်ပေါင်း (၅၀၀)၊ (၁၀၀၀) ကြာသည့်တိုင်အောင် မြန်မာ့သမိုင်းတွင် အမှတ်တရ ဖြစ်နေပေဦးမည်။ အဘယ့်ကြောင့်ဆိုသော် ဇေကမ္ဘာ၏အောင်မြင်မှုသည်

စီးပွားရေးသက်သက်၊ အောင်မြင်မှုသက်သက်မဟုတ်သေးဘဲ နိုင်ငံတော်ကို အထောက်အကူပြုနေသော ဇေကမ္ဘာ၊ နိုင်ငံသစ်ကို ကျေးဇူးဆပ်နေသော ဇေကမ္ဘာ၊ နိုင်ငံတော်၏ ပညာရေး၊ လူမှုရေး၊ အားကစား၊ သာသနာရေး စသည်တို့ကို အထောက်အကူပြုနေသော ဇေကမ္ဘာ။ ဤသို့သော ဇေကမ္ဘာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

## ဆံတော်ရှင် သာသနာပြု

သုဝဏ္ဏဘူမိဆံတော်ရှင်များ သာသနာတော် တစ်ကျော့ပြန် ပြန်လည်ပေါ်ပေါက်အောင် ကြိုးစားလျက်ရှိသော ကျိုက်ထီးဆောင်း ဆရာတော်ကြီး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ၏ ဦးဆောင်မှု ဖြင့် နိုင်ငံတော်က ပါဝင်ဆောင်ရွက်လျက်ရှိသော သာသနာပြု လုပ်ငန်းကြီး ကို အဓိက အထောက်အကူပြုနေသော မဏ္ဍိုင်ကြီးတစ်ခုမှာ ဇေကမ္ဘာ ကုမ္ပဏီ၏ အုပ်ချုပ်မှု ဒါရိုက်တာကြီးဖြစ်သော အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာခင်ရွှေ ဖြစ်ပါသည်။

## ဒါနသူဌေးကြီး

ဒေါက်တာခင်ရွှေ၏ စွမ်းဆောင်မှုများအပြင် ကျိုက်ထီးဆောင်း ဆရာတော်ကြီး၏ သာသနာအတွက် ပါရမီဖြည့်ဘက်များကို ရှာဖွေစုစည်း ရာ တွင်လည်း ဇေကမ္ဘာသည် ထိပ်တန်းမှ ပါဝင်လျက်ရှိကြောင်း ဘုရား ပေါင်းများစွာ ကျောင်းပေါင်းများစွာ၊ တန်ဆောင်းပေါင်းများစွာ၊ လမ်းပေါင်း များစွာတို့က သက်သေအဖြစ် ပြသလျက်ရှိပါသည်။

## တစ်နိုင် ကျေးဇူးဆပ်

ဇေကမ္ဘာ၏ စတင်တည်ထောင်ပုံမှစ၍ ယနေ့ယခုအထိ အောင်မြင်မှု၏ ဇာတ်ကြောင်းများကို ဒေါက်တာခင်ရွှေကိုယ်တိုင် ရင်ဖွင့် ပြောကြားချက်များသည် မျိုးဆက်သစ်လူငယ်များအတွက် များစွာ အတုယူ ဖွယ်၊ အားကျဖွယ် ဖြစ်ပါသည်။ နိုင်ငံ၏ကျေးဇူးကို တစ်နိုင်တစ်ပိုင် ဆပ် လျက်ရှိသော ပုဂ္ဂိုလ်အဖြစ်လည်း မြင်သာနိုင်ပါသည်။

## ပါရမီဖြည့်ခဲ့

ဇေကမ္ဘာ ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ မြေယာပြုပြင်မှုလုပ်ငန်းများ၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်းနှင့် ရန်ကုန်စက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်းများ စသည့် စီးပွားရေးလုပ်ငန်း အခြေအနေများ နိုင်ငံတော်၏ ပညာရေး၊ လူမှုရေး၊ အားကစားနှင့် သာသနာရေးကဏ္ဍအသီးသီးတို့တွင် ဇေကမ္ဘာကုမ္ပဏီက ပါဝင်၍ ပါရမီဖြည့်ခဲ့ပုံများကို ဒေါက်တာခင်ရွှေက ဗီဒီယိုဖြင့် ရှင်းရှင်းကြီးတင်ပြခဲ့ပါသည်။

ဤသို့ဖြင့် ဇေကမ္ဘာသည် မိမိ၏ ကိုယ်ပိုင်စီးပွားရေးဖြစ်သော်လည်း နိုင်ငံတော်ကို ပါရမီဖြည့်လျက်ရှိသည်ဟု ဂုဏ်ယူဖွယ်ရာဖြစ်သည်။ အတုယူဖွယ်ရာလည်း ဖြစ်သည်။

## သာဓု သာဓု သာဓု

ထိုထို ဤဤ အလီလီသော ကောင်းမှုကုသိုလ်များမှာ အခမ်းအနားဖွင့်ပွဲသို့ တက်ရောက်သူများအားလုံးအတွက် အမျှဝေ၍ သာဓုခေါ်စရာများ ဖြစ်ကြရပါသည်။

သာဓုသံများအကြားတွင် သင်ခန်းစာများလည်း များစွာရရှိပါသည်။ တိတိကျကျပြောရလျှင် ဇေကမ္ဘာ၏ အကြီးအမှူးဖြစ်သော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေထံမှရခြင်းဖြစ်ပါသည်။

## ဦးထိပ်ထား

မိမိသည် ဤသို့အောင်မြင်ရသည်မှာ ရတနာသုံးပါးဦးထိပ်ထားသော ကြောင့်ဖြစ်ကြောင်း၊ ခင်ပွန်းကြီး (၁၀) ပါးကို ထာဝရကျေးဇူးဆပ်၊ ကျေးဇူးတင်၊ တမ်းတ၊ သတိရ၍ ထိုဂုဏ်တို့ကို မိမိ၏ ခန္ဓာကိုယ်မှ ထုံမွှမ်းထားသောကြောင့် မိမိသည် အောင်မြင်ရကြောင်း၊ ငယ်စဉ်ကတည်းက မိခင်ကြီးကို ရှာဖွေကျွေးမွေးရသော ကျေးဇူးတို့ကို မိမိယခု ခံစားရခြင်း

ဖြစ်ကြောင်း၊ မိမိ၏ ပထမ ကျေးဇူးရှင်၊ ဒုတိယကျေးဇူးရှင်၊ တတိယ ကျေးဇူးရှင် စသည်တို့ကို အမည် နာမနှင့် တပ်၍ တိတိကျကျ အများရှေ့မှာ ဝန်ခံဖော်ထုတ်လိုက်ခြင်းသည်ပင် လျှင် အလွန်အမင်း အံ့ဖွယ်ဖြစ်၏၊ အတုယူဖွယ်ဖြစ်၏။ အားကျဖွယ်ဖြစ်၏။

## အောင်မြင်မှု သော့ချက်

ထို့ကြောင့် ဇေကမ္ဗာ ကုမ္ပဏီလီမိတက်ရုံးချုပ် အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကြီးသို့ တက်ရောက်လိုက်ရသော အကျိုးကျေးဇူးများထဲက သင့်ရင်ထဲမှာ စွဲသွားလောက်သော ရင်တုန်စရာ၊ ခံစားမှုတစ်ခုကို ပြောပြပါဟုဆိုလျှင် ကျွန်တော်ပြောပြချင်သည်မှာ အခြားမဟုတ်ပါ။

မိဘကို ပြုစုလုပ်ကျွေးခြင်း၊ ဘုရားကို ဦးထိပ်ထားခြင်းတို့အပြင် ကျေးဇူးရှင်ခင်ပွန်းကြီး (၁၀) ပါးကို ထာဝရချစ်သော မျက်စိဖြင့် ကြည့်၍ ထာဝရချစ်သော အသည်းနှလုံးဖြင့်ခံယူကာ မိမိလုပ်ငန်းကို (ဝါ) ကောင်းသော၊ မှန်သော၊ မြတ်သောလုပ်ငန်းကို လုပ်နေသမျှကာလပတ်လုံး မြေကြီးကို လက်ခတ်လွဲချင် လွဲပါလိမ့်မည်၊ အောင်မြင်မှုသည်က လွဲလိမ့်မည်မဟုတ် ဟူသော အောင်မြင်ရေးသော့ချက်ကို ဒေါက်တာခင်မွှေးသည် အများကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ဝေငှလိုက်ပါသည်။

ထိုအောင်မြင်မှု ဝိဇ္ဇာသော့ခလုတ်ကို အလုပ်လုပ်သူအပေါင်းတို့ ရကြပါစေဟူသော စေတနာကို ကျွန်တော်က စိတ်မျက်စိဖြင့် မြင်မိလိုက်ပါကြောင်း။

◆ ◆ ◆

# ဆယ်နှစ်တာရုပ်ပုံလွှာ

ပတ္တမြားသည် ယနေ့မှသာ ပတ္တမြားဖြစ်သည် မဟုတ်ပါ။ ယနေ့ ...ဘူမြားဟုခေါ်နေသော ပတ္တမြားသည် ပတ္တမြားဟု လူတွေက ဂုဏ်မတင် ...င်ကပင်လျှင် ပတ္တမြားသည် ပတ္တမြား ဖြစ်ခဲ့ပါသည်။

**ပါရဂူဘွဲ့ နှစ်ကြိမ်ရခဲ့**

ယနေ့ ဦးခင်ရွှေသည် မနေ့က ဦးခင်ရွှေနှင့် မတူပါ။ ယနေ့ ဦးခင်ရွှေ သည် ပါရဂူဘွဲ့ (၂) ဘွဲ့ရ ဦးခင်ရွှေ ဖြစ်နေပါသည်။ ယနေ့ ဦးခင်ရွှေသည် ၉ တန်းကျောင်းသားဘဝက မောင်ခင်ရွှေ မဟုတ်ပါ။ အဂ္ဂမဟာသီရိသုဓမ္မ ...ကိတ္တိဗေဒတမရ ဒေါက်တာခင်ရွှေ ဖြစ်နေပါသည်။ သို့သော်လည်း ယနေ့ ...ည်သော သန္တေသည် ငယ်ကတည်းက တည်ခဲ့လေသည်။

**အပွင့်ကိုမြင် အပင်ကိုကြည့်**

အပွင့်ကိုမြင်လျှင် ပင်စည်ကိုကြည့်၊ ပင်စည်ကိုကြည့်လျှင် အမြစ်ကို ကြည့်ရသည်။ အပွင့်ရှိက အပင်၊ အပင်ရှိမှ အပွင့်ဖြစ်၏။ အမြစ်ရှိလျှင် အပင် ဖြစ်၏။အပင်ဖြစ်လျှင် အမြစ်ရှိ၏။ အပွေးကိုမြင်လျှင် အသွင်ကိုသိ ၏ဟု ဆိုပါသည်။

## ဘဝဆိုတာ ဝက်ပါ

ယနေ့ လူသိများသော ဦးခင်မွှေသည် (၅) နှစ်သားကတည်းက သန္နေတည်ခဲ့သော အမြုတေကြောင့် ဘဝဝက်ဘာထဲမှာ ရှန်းထွက်နိုင်ခဲ့ပါသည်။

အမှန်က ဘဝဆိုတာ ဝက်ပါဖြစ်ပါသည်။ အချို့လည်း ဒီမှာရစ်ခွေကြာခဲ့လေ၏။ ဝက်ပါထဲ တဝဲလည်လည် မထွက်နိုင်သည်က များပါသည်။ ဥမှအခွံပေါက်သကဲ့သို့ အတောင်အလက်စုံပြီးနောက် လူတစ်လုံး သူတစ်လုံး ဖြစ်ရန်ကား ကံဇာတ်ဆရာ၏ ဖန်တီးမှုသာ ဖြစ်ပါသည်။

## ယယ်ယယ်ဘွန်းက ရုပ်ပုံလွှာ

ဦးခင်မွှေ၏ ၂၀၀၀ ပြည့်နှစ် ရုပ်ပုံလွှာမှ နောက်သို့ပြန်လှည့်လိုက်လျှင် ၁၉၆၈ ခုနှစ်တွင် (၁၀) တန်းအောင်စ ဘဝရုပ်ပုံလွှာ။ ပြီးတော့ မေမြို့ အင်ဂျင်နီယာကျောင်းသားဘဝ ရုပ်ပုံလွှာ။ ပြီးတော့ မော်လမြိုင် ပြန်ရောက်ပြီး အိမ်ထောင်ရှင်ဘဝ ယယ်ချစ်ဦးနှင့် ရုပ်ပုံလွှာ။ ပြီးတော့ သားတစ်ယောက် သမီးတစ်ယောက် ထွန်းပေါက်ပြီး မိသားစုဘဝ ရုပ်ပုံလွှာ။ ပြီးတော့ ဆောက်လုပ်ရေး ကန်ထရိုက်တာတစ်ဦး၏ ဘဝရုပ်ပုံလွှာ။

## ၁၉၈၀ မှ ၁၉၉၀ အထိ

၁၉၈၀ မှ ၁၉၉၀ ကာလအတွင်း ရုပ်ပုံလွှာမှာ တပ်မတော် ဆောက်လုပ်ရေး ကန်ထရိုက်တာတစ်ဦး၏ တဝဲလည်လည် ရုပ်ပုံလွှာသာ ဖြစ်ပါသည်။ ၁၉၉၀ နောက်ပိုင်းရုပ်ပုံလွှာသည် ယနေ့ရုပ်ပုံလွှာ၏ ပထမခြေလှမ်းများ ဖြစ်ပါသည်။

ကျွန်တော်သိသော ရုပ်ပုံလွှာမှာ ယနေ့ ရုပ်ပုံလွှာကို အထောက်အကူပြုနေသော မနေ့တစ်နေ့က ရုပ်ပုံလွှာများ ဖြစ်ပါသည်။ ပစ္စုပ္ပန်တည့်တည့်ကို ရှုသည် မှန်ပါသည်။ သို့သော် ယနေ့ ပစ္စုပ္ပန်ကို မနေ့က အတိတ်က အထောက်အကူပြုနေသည်။ ယနေ့ သူ ဘာလုပ်သလဲဟုသိလျှင် မနက်ဖြန် သူ့အကြောင်းကို မှန်းဆနိုင်ပါသည်။

## ၁၉၈၉ ခုနှစ်မှာ

၁၉၈၉ ခုနှစ်လောက်တွင် ဗဟန်း (၅) ထပ်ကြီး စာသင်တိုက် အကြောင်းမှာ "မဏိဇောတကကျောင်းဆောင်" ကို ဆောက်လုပ်လှူဒါန်း ခဲ့သော ဦးခင်ရွှေသည် ယနေ့ ဦးခင်ရွှေ၏အစ ဖြစ်၏။

ယနေ့ ဦးခင်ရွှေသည် သုဝဏ္ဏဘူမိဆံတော်ရှင်များ သာသနာကို ထွန်းလင်း ဖော်ထုတ်လျက်ရှိသော ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ၏ ဦးဆောင်မှုဖြင့် သာသနာပြုနေ သော ပုဂ္ဂိုလ်ထူးတစ်ဦး ဖြစ်လေသည်။ ထိုခြေစလက်စကို ၁၉၈၉ လောက် တည်းက ထင်ရှားစွာ အကဲခတ်နိုင်ပါသည်။

## ၁၉၈၈ ခုနှစ်တွင်

၁၉၈၈ ခုနှစ်တွင် သန်လျင်မြို့ အလွှမ်းဆွတ်ကျေးရွာရှိ ရှေးဟောင်း ဖောင်တော်ဦး စေတီတော်ကြီးအား အသစ်ထီးတော် တင်ပြီးခဲ့သော ဦးခင်ရွှေသည် ယနေ့ သာသနာရေးခြေလှမ်းများကို ထိုကတည်းက စခဲ့ ကြောင်း သိရှိနိုင်ပေသည်။

## တွံတေးဇောင်းတော်ချုပ် ဆရာတော်

ပခုံးတစ်ဖက်က သာသနာ့တာဝန်များကို အသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်နိုင်အောင် စတင်နိုးဆော်သူမှာ တွံတေးမြို့ ဇောင်းတော်ချုပ် ဆရာတော်ကြီးဖြစ်ကြောင်း မကြာခဏ သူက ပြောလေ့ပြောထ ရှိပါသည်။ ဇောင်းတော်ချုပ် ဆရာတော်သည် အလွန်ကြည်ညိုဖွယ်ရာကောင်းကြောင်း၊ ဆရာကောင်းဖြစ်ကြောင်း၊ ဆရာကောင်းနှင့် ပေါင်းမိသဖြင့် မိမိလည်း တပည့်ကောင်းဖြစ်အောင် ကြိုးစားခဲ့ရကြောင်း သူက မကြာခဏ ပြန်လည် ဖွင့်ဟ ပြောပြလေ့ရှိပါသည်။

## အလွှမ်းဆွတ်ကျေးရွာ

အလွှမ်းဆွတ်ကျေးရွာတွင် ဖော်တော်ဦးစေတီတည်စဉ်က တွေ့ကြုံ ခဲ့ရသော အခက်အခဲများကြောင့် ဘာသာရေးမျက်စိတည်း ဟူသော

တတိယမျက်စိသည် သူ့ဝယ်ရရှိလာအောင် ဗောင်းတော်ချုပ်ဆရာတော် ကပင် ကြပ်မတ်ပေးကြောင်း အမြဲဂုဏ်ဖော် ပြောဆိုလေ့ရှိပါသည်။

ဘာသာရေးကောင်းမှုကြောင့် အောင်မြင်မှုလမ်းကြောင်းမှာ ပထမခြေလှမ်း လှမ်းနိုင်ခဲ့ကြောင်း၊ မိုင်ပေါင်း တစ်ကုဋေချီတက်ရာတွင် ပထမခြေလှမ်းသည် နိုင်မြဖို့ အရေးကြီးကြောင်း၊ ထိုစဉ်က မအောင်မမြင် ဆုံးရှုံးနေသော ဆောက်လုပ်ရေးလုပ်ငန်းများသည် ဗောင်းတော်ချုပ် ဆရာတော်၏ သာသနာရေးဆိုင်ရာ သွန်သင်ဆုံးမမှုများကြောင့် အစစအရာရာ ပွင့်လန်းလာရကြောင်း အမြဲကျေးဇူးတင်စကား ဦးထိပ်ထား ပြောဆိုလေ့ ရှိပါသည်။

**တံခါးဖွင့်ခါစ**

၁၉၈၉-၉၀ ခုနှစ်များတွင် နိုင်ငံတော်မှ စီးပွားရေးမူဝါဒများ တံခါးဖွင့်ကျင့်သုံးပြီးလာသောအခါ ထိုရေစီးကြောင်းထဲတွင် ဦးခင်ရွှေသည် ဦးစွာဝင်ရောက်ခဲ့သူများတွင် ဦးဦးဖျားဖျား ဖြစ်လေသည်။

၁၉၉၀ လောက်မှ စတင်ပြီးလျှင် Myanmar Shell B.V ဒရှဲန် ကုမ္ပဏီအတွက် Drill Site ဆောက်လုပ်ရေးလုပ်ငန်းများ၊ ယာဉ်၊ ယန္တယားများ သယ်ယူပို့ဆောင်နိုင်မည့်လမ်းများနှင့် အဆောက်အအုံများကို ဦးခင်ရွှေ ပါဝင်ဆောက်လုပ်ခဲ့ပါသည်။

**အဖျောက်မြို့ တစ်ခေါက်**

ရောဝတီတိုင်း၊ အဖျောက်မြို့ဆိပ်ကမ်းမှ Drill Size သို့ ပို့ဆောင်ရေး ယာဉ်များနှင့် လုပ်ငန်းသုံး ယန္တယားများအတွက် အဝင်လမ်းကို အချိန်တိုအတွင်း အမြန်တည်ဆောက်ပေးရန် အလုပ်အပ်နှံ တာဝန်ပေးချက်အရ ဦးခင်ရွှေ ဆောက်လုပ်ခဲ့ပါသည်။

**ဇေကမ္ဘာအစ**

ထိုအချိန်တွင် ဇေကမ္ဘာကုမ္ပဏီဟူ၍ ကုမ္ပဏီတည်ထောင်ပြီး ဖြစ်ပါ

...ည်။ ဇေကမ္ဘာ ကုမ္ပဏီလီမိတက်ကို ၁၉၉၀ ခုနှစ်၊ စက်တင်ဘာလ (၁၉) ...နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။

## မတည်ငွေ သန်း (၁၀၀)

နိုင်ငံတော်မှ စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ချမှတ်ပေးခဲ့ချိန် တွင် ...ကလုပ်ငန်းရှင်များကလည်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လာ ...သည်။ ပွင့်လန်းလာမည့် အခွင့်အလမ်းများကလည်း မျက်စိရှေ့တွင် ...သာ နေပါသည်။ ကုမ္ပဏီသည် မတည်ငွေကျပ် သန်းပေါင်းတစ်ရာ ...ထိ တိုးမြှင့်နိုင်ခဲ့သည်မှာ သဘာဝကျပါသည်။

## (၄၅)ရက်နှင့် အပြီး

ဇေကမ္ဘာကုမ္ပဏီသည် အရှည် ၆.၅ ကီလိုမီတာရှည်သော ...ရာ လမ်းကြီးကို ရက်ပေါင်း ၄၅ ရက်အတွင်း အပြီးတည်ဆောက်ပေး ...ခဲ့ပါသည်။ ထို့ကြောင့်ပင်လျှင် Myanmar Shell B.V ရေနံကုမ္ပဏီက ...သာချီးကျူး ထောက်ခံမှုပေးခံရသော ဇေကမ္ဘာ ကုမ္ပဏီဟူ၍ စီးပွားရေး ...ကတွင် ခိုင်မြဲသော ခြေတစ်လှမ်း ချနိုင်ခဲ့ပါသည်။

## မထာမခြေလှမ်းများ

အလားတူပင် အခြားရေနံရှာဖွေရေး ကုမ္ပဏီများအတွက်လည်း ...ည်ဆောက်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းများစွာကို ဇေကမ္ဘာက ...သချာအောင် စေတနာနှင့် ဆောင်ရွက်ပေးခဲ့ပါသည်။ ဇေကမ္ဘာ ကုမ္ပဏီ ...နှင့် ပူးတွဲ၍ ရေနံရှာဖွေရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီများမှာ ...အောက်ပါအတိုင်း ဖြစ်ပါသည် -

၁။ Myanmar Shell B.V
၂။ Pacific Thailand Limited (PTL)
၃။ Clyde Exploration Myanmar Limited
၄။ Hallibarton Geophysical Services (HGS)
၅။ Croft Exploration Myanmar Limited

ဖြင်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လိုက်ခြင်းသည် အတ္တပရ အကျိုး ထင်ရှားပါသည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်ပေးမှုကြောင့် နိုင်ငံတော် အတွက် အထူးလိုအပ်လျက်ရှိသည့် နိုင်ငံခြားငွေ အမြောက် အမြားကိုလည်း မိမိနိုင်ငံအတွင်းသို့ ဝင်ရောက်လာအောင် ဆောင်ရွက်ပေး နိုင်ခဲ့ပါသည်။

ဤသို့ဖြင့် ဇေကမ္ဘာ ကုမ္ပဏီသည် စီးပွားရေးလောကတွင် ခိုင်မာ သော ပထမခြေလှမ်းကြီးကို လှမ်းနိုင်ခဲ့ပါသည်။

◆ ◆ ◆

# ဆယ်နှစ်တာ ဇေကမ္ဘာခရီး

၁၉၉၀ ခုနှစ်တွင် စတင်ခဲ့သော ဇေကမ္ဘာ ဆောက်လုပ်ရေးလုပ်ငန်းများသည် အထူးအောင်မြင်ခဲ့ကြောင်း သိသာနိုင်ပါသည်။ ၁၉၉၁ ခုနှစ်မှစ၍ ၂၀၀၁ ခုနှစ်အထိ (၁၀) နှစ်တာ ကာလအတွင်းတွင် ဇေကမ္ဘာ ဆောက်လုပ်ရေးကုမ္ပဏီမှ တည်ဆောက်ပေးခဲ့သော ဆောက်လုပ်ရေးလုပ်ငန်းများမှာလည်း များပြားလှပါသည်။

ဇေကမ္ဘာ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီတို့ကို သီးခြားဖွဲ့စည်းထားသည်။ ဇေကမ္ဘာကုမ္ပဏီသည် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အထူးကျွမ်းကျင် စွမ်းရည် ထက်မြက်သော အင်ဂျင်နီယာများကို ရှာဖွေစုစည်း ဖွဲ့စည်းထားနိုင်ခဲ့ပါ သည်။

နိုင်ငံခြား ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သော Mitsui ကုမ္ပဏီနှင့် ပူးပေါင်းပြီးလျှင် ရန်ကုန်မှာသာမက ယနေ့ ကမ္ဘာသိဖြစ်နေသော Sedona Hotel Yangon ကိုလည်း တည်ဆောက်ပေးခဲ့သည်။ ဘယ်ကကြည့်ကြည့် ခံ့ညားသည်။ ထည်ဝါသည်။ မြန်မာဆန်သည်။ သို့သော် ခေတ်မီသည်။ အရှေ့တိုင်းဟန်နှင့် အနောက်တိုင်းဟန်ကို

အဆင်ပြေစွာ ပေါင်းစပ်ထားနိုင်သည်။ ဤသို့သော စိတ်နေစိတ်ထားကို Sedona Hotel ကို မြင်တိုင်း လူတိုင်း ခံစားမိပါသည်။ ထိုဟိုတယ်ကြီး၏ လက်ရာရှင်မှာ ဇေကမ္ဘာကုမ္ပဏီနှင့် Mutsui ကုမ္ပဏီ ဖြစ်ကြောင်း သိသူတို့ သိကြပါသည်။

၁၉၉၆ ခုနှစ်တွင် ဇေကမ္ဘာ ဆောက်လုပ်ရေးလုပ်ငန်းများသည် ပိုမို ထက်မြက်လာသည်။ Myanmar Sampoena Tobacco ကုမ္ပဏီ အတွက် စက်ရုံနှင့် ကုန်သိုလှောင်ရုံများကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ သည်။ ၎င်းအပြင် Yangon Commercial Tower အတွက် လည်းကောင်း၊ Mingalardon Industrial Park အတွက်လည်းကောင်း၊ ရုံများ၊ လမ်းများ တည်ဆောက်ပေးခဲ့ သည်မှာလည်း ဇေကမ္ဘာပင် ဖြစ်လေသည်။

၁၉၉၇ ခုနှစ်တွင် Marina Residence၊ မင်္ဂလာဒုံဥယျာဉ်မြို့တော် နှင့် YKK Golden Hill Tower တို့ကို တည်ဆောက်ပေးခဲ့သည်မှာလည်း ဇေကမ္ဘာ ပင် ဖြစ်ပေသည်။

ထို့နောက် ၁၉၉၈ ခုနှစ်ကား အလွန်ထူးခြားပါသည်။ အဘယ် ကြောင့်ဆိုသော် ဇေကမ္ဘာသည် Myanmar Fujitsu Factory ကို ဂုဏ်ယူ ဝင့်ကြွားစွာ တည်ဆောက်ပေးနိုင်သောကြောင့် ဖြစ်ပါသည်။

၁၉၉၉ ခုနှစ်သည်ကား လုပ်ငန်း များပြားလှပါသည်။ စက်ရုံ အလုပ်ရုံပေါင်း (၉) ခုကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား တည်ဆောက် ပေးခဲ့ပါသည်။ ထိုအထဲတွင် Mikko Factory လည်း အပါအဝင်ဖြစ်ပါသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၁ ခုနှစ်များတွင်ကား ဇေကမ္ဘာ ၏ ဂုဏ်သိက္ခာသည် အလွန်ကြီးကျယ် မြင့်မားလာပါသည်။ အဘယ်ကြောင့် ဆိုသော် ထိုနှစ်ထဲတွင် အလုပ်ရုံပေါင်း (၁၀) ရုံတည်ဆောက်ပေးခဲ့ရာ အထည်ချုပ် စက်ရုံကလည်း (၂) ရုံ ပါ၏။ ဖွဲ့နှဆီစက် စက်ရုံကလည်း (၂) ရုံ ပါ၏။

ဤသို့အားဖြင့် မကြာမြင့်လှသော (၁၀) နှစ်တာကာလအတွင်း တွင် ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းကြီးများ အပါအဝင် စက်ရုံ အလုပ်ရုံပေါင်း နှုံကို ခံ့ညားထည်ဝါစွာ တည်ဆောက်ပေးခဲ့သောကြောင့် ဇေကမ္ဘာ ချွန် သေချာသည်ဟု လူတိုင်းသိလာကြပါသည်။

၁၉၉၁ မှ ၂၀၀၁ ခုနှစ်အထိ (၁၀) နှစ်တာကာလအတွင်း ဇေကမ္ဘာ ကုမ္ပဏီမှ တည်ဆောက်ပေးခဲ့သော ဆောက်လုပ်ရေးလုပ်ငန်းများကို မှတ်တမ်းတင်ထားသင့်သည်ဟု ယူဆသောကြောင့် အောက်တွင် ဖော်ပြ လိုက်ပါသည်။ နောင်လာနောက်သား မျိုးချစ်လူငယ်များ နာခံ မှတ်သား ထားကြပါစေသတည်း။

| Year | Project |
|---|---|
| 1991-92 | Drill site and accsee road for Myanmar Shell B.V (Netherland) Construction and supplying of materials |
| 1991-92 | Drill site and accsee road for Croft Exploration (U.K.) |
| 1994-96 | Materials supply & construction of Sedona Hotel Project |
| 1996-97 | Construction of factory and warehouses for Myanmar Sampoerna Tobacco Company |
| 1996-97 | Construction of Yangon Commercial Tower |
| 1996-97 | Construction of Mingaladon Industrial Park |
| 1998 | Construction of Myanmar Fujitsu Computer Factory |
| 1997-99 | Marina Residential Apartment |
| 1997-99 | Construction of Minagaladon Garden City Project |
| 1999 | Mikko Factory (South Dagon) (120 ft x 200 ft) |

| | |
|---|---|
| 1999 | Wire Nait & Binding Wire factory Hlang |
| 1999 | Showroom and Sale Centre (Thingankyun) (51 ft x 76 ft two storey) |
| 1999 | Hong Pang Textile Factory (Sagaing) (200 ft x 240 ft) |
| 1999-20 | Myanmar Texcamp Industires Ltd (200 ft x 200 ft factory with mezzanine floo 4000 sq. ft) |
| 1999-20 | Sea Food Factory (Son Life Co. (88 m 24.4m) |
| 1999-20 | Dyeing Factory (Pakokku) (60 ft x 100 ft) |
| | Dyeing Factory (Monywa) (120 ft x 160 ft |
| | Rice Bran Oil Mill (Mawlamyaing Kyun) (80 ft x 45 ft) |
| 2000 | Hong Pang Group of Factories (Sagaing) (200000 sq. ft) |
| 2000 | Construction of Pearl Garment Factory (26 m x 88 m) & mezzanine floor 26 m x 3 m |
| | Construction of Peral Carton Box Factory (180' x 360') & mezzanine floor 2700 sq. ft |
| | Construction of Factory (Polymer) (110' x 200') & mezzanine floor 3080 sq. ft |
| | Construction of Saw Mill (Woodland) (110' x 310') |
| | Warehouse Building (Polymer) (60' x 100') |
| 2000-01 | Rice Bran Oil Mill (Bogalay) (80' x 45') |
| | Myanmar Postraion Garment Factory (20 m x 100 m) |
| | Glue Plant (Wataya) (15 m x 28 m) |
| | Garment Factory (150 ft x 150 ft storey) |

◆ ◆ ◆

# အမေးကျွဲကျောင်း
# အဖြေ ဘုရားလောင်း

ကျိုက်ထီးဆောင်းဆရာတော်အား ဖူးတွေ့သောအခါ ဒေါက်တာခင်မွေက စကားအထူးအဆန်းတစ်ခု လျှောက်ထားသည်။

"တပည့်တော်က ဘာသာရေးတွေချည်း သိပ်ပြီး ဖိလုပ်နေရင် စီးပွားရေးဘက်မှာ စိတ်ဓာတ်အား လျော့သွားမလား မသိဘူး။ ဒီဘက်က လောဘလျှော့ရတဲ့ အလုပ်၊ ဟိုဘက်က လောဘနဲ့ လုပ်ရတဲ့အလုပ်။ အဖြူ အမည်း ဆန့်ကျင် ဘက်ဖြစ်နေတယ်"ဟူ၍ လျှောက်ထားလိုက်သည်။

စိတ်ထဲတွင် စီးပွားရေးနှင့် ဘာသာရေး ဒွန်တွဲလျှောက်ထားလိုက်သော မေးခွန်းဖြစ်ကြောင်း သိသာပါသည်။ ဘာသာရေးကလည်း သံသရာ ကျွတ်ရေးအတွက် နေ့ရောညရော လုပ်ချင်သည်။ သို့သော်လည်း တစ်ဖက်ကလည်း လုပ်လက်စလုပ်ငန်းကြီးများကလည်း သူ မရှိလျှင် မဖြစ်။ ဤသို့ဖြင့် စီးပွားရေးလုပ်နေသောအခါ မအားလပ်သည့်ကြားထဲက ကျိုက်ထီးဆောင်းဆရာတော်ထံကို ကြိုးစား၍ ကမန်းကတန်း အရောက်သွားရသည်။

မနက်စောစော ဝေလီဝေလင်း (၅) နာရီ (၆) နာရီလောက် ထသွားရသည့်အခါများလည်း ရှိပေသည်။ သို့မှသာ နေ့ချင်းပြန်ခရီး ဖြစ် မည်။ သို့ဖြစ်သည့်တိုင်အောင် ရန်ကုန်သို့ မိုးကြီးစုံးစုံးချုပ်မှ ပြန်ရောက် တတ်သည်။

ဆရာတော်ကလည်း ဒကာခင်ရွှေ ရောက်မလာလျှင် ဖွင့်မပြော သော်လည်း အကြောင်းအားလျော်စွာ မျှော်နေတတ်သည်။ လမ်းတွေက ဖောက်လက်စ၊ တံတားတွေက ဆောက်လက်စ။ အချို့က အသစ်ဖောက်ဆဲ၊ အချို့က အကြမ်းကိုင်ပြီး။ ဤသို့ဖြင့် တစ်ခါတလေ ဘီလပ်မြေ လို၏၊ တစ်ခါတလေ သံလို၏။ တစ်ခါတလေ ငွေလို၏။

သို့သော်လည်း ဆရာတော်က ဘယ်တုန်းကမျှ ဘယ်သူကိုမှ အလှူ ခံလေ့မရှိ။ သူ့ဟာသူ လာလှူလျှင်တောင် လက်မခံတတ်။ ဒီမှာ ပြည့်စုံပြီး သားပဲ။ ဒီက တောထဲ တောင်ထဲနေတာပဲ။ ဘာမျှမလိုပါဘူး စသည်ဖြင့် ပြောတတ်သည်၊ မိန့်ကြားတတ်သည်။

ယခုလည်း ဒေါက်တာခင်ရွှေက လျှောက်ထားလိုက်သော မေးခွန်း မှာ အတော်ခဲယဉ်း၏။ စီးပွားရေးသည် လောဘရှိမှ ဖြစ်၏။ ဘာသာရေး သည် လောဘ မရှိမှ။ ထိုနှစ်ချက်သည် လွန်ဆွဲလျက် ရှိ၏။ အားပြိုင်လျက် ရှိ၏။ ဘယ်သူက နိုင်မည်နည်း။

ဆရာတော်က ဖြေလိုက်ပုံမှာ ကွက်တိ ဖြစ်ပါသည်။

"ဒကာရယ်. . . ဒီက ဘုရားတွေ တည်နေတာ၊ လောဘ မရှိ လို့ ဘယ်မှာလာပြီး တစ်ဆူပြီး တစ်ဆူ ရှိမှာလဲ"

ဟူ၍ ဖြစ်ပါသည်။

အမေး ဒေါက်တာခင်ရွှေ၊ အဖြေ ကျိုက်ထီးဆောင်းဆရာတော် ဖြစ်၏။ မေးသူကလည်း ဗွီဟနှင့် မေး၏။ ဖြေသူကလည်း ဗွီဟမရှိအောင် ဖြေ၏။ အမေးကျွဲကျောင်း အဖြေဘုရားလောင်း မဟုတ်ပါလော။

ဒေါက်တာခင်ရွှေ အလွန်ကျေနပ်သွားသည်။ ဒီကလည်း သေချာမှ

...င်တဲ့ဇေကမ္ဘာပဲ။ ဇေကမ္ဘာဆိုတာ မသေချာလျှင် မလုပ်ဘူး။ ဒီက ဖြေတာ ...း ဒီက သဘောပေါက်မှာပေါ့။ ပါရဂူ နှစ်ထပ်ကွင်းတောင် ရထားတာပဲ ...၍ ကျိုက်ထီးဆောင်းဆရာတော်က ထပ်ဆင့်၍ မိန့်ကြားလိုက်ပြန်သည်။

"ရှင်းပါပြီ . . . . ဘုရား။ လောဘဆိုတာ ကောင်းသောလောဘ ...ည် ထားအပ်သော လောဘ ဖြစ်ပါတယ်။ မကောင်းသော လောဘ ...ည် မထားအပ်သော လောဘဖြစ်ပါတယ်။ သာသနာပြုရာမှာ ကောင်း ...သော လောဘ ဖြစ်ပါတယ်။ ထားအပ်သော လောဘဟာ ဘာလဲ၊ မထား ...ပ်သော လောဘဟာ ဘာလဲဆိုတာ သိပါပြီဘုရား"

ဟု ဒေါက်တာခင်ရွှေက လျှောက်ထားလိုက်ပါသည်။ မေးသူနှင့်ဖြေသူ ...က်တိပါပဲ။

◆ ◆ ◆

# လူ (၅၀၀၀) ကို
# နေ့စဉ် ထမင်းကျွေးနေသူ

ယခုတစ်ခေါက် ကေလာသသို့ အရောက်မှာ ပဋ္ဌာန်းပွဲတော် အောင်ပွဲနှင့် ဆုံ၍နေလေသည်။ ကေလာသတောင်ထိပ်မှ ပဋ္ဌာန်းအောင်သံတွေ အရပ် (၁၀) မျက်နှာသို့ ပျံ့နှံ့လျက်ရှိစဉ် ကျွန်တော်တို့လည်း အနီးအနားမှာ ရှိပါ သည်။

ပဋ္ဌာန်းပွဲအပြီးမှာ ကျောက်လှေကားဘက်သို့ ဆင်းသွားကြပါသည်။ ဆရာတော်သည် သောက်ရေကန်ပေါ်မှာ တည်ဆောက်ထားသော ကျောင်းကလေးပေါ်မှာ ထိုင်ရင်း "ဒကာ . . . လာ" ဟု ခေါ်ပါသည်။ ဒကာ ဦးခင်ရွှေသည် မခေါ်မီကပင် ခေါ်ရန် စောင့်နေသောသဘော ဖြစ်သည်။

မနက်စောစော ငါးနာရီကတည်းကထ၍ ကေလာသသို့ လာခဲ့ကြရသည်။ ပဋ္ဌာန်းပွဲတော်ကြီး အောင်ပွဲကို ကေလာသတောင်ထိပ်တွင် ပြုလုပ် မည်ဖြစ်သဖြင့် အမျှဝေသံတွေအကြားမှာ သာဓုခေါ်ချင်သော ကြောင့် လာရခြင်း ဖြစ်ပါသည်။

ဆရာတော်နှင့်တွေ့လျှင်ပင် ဦးခင်ရွှေက လျှောက်ထားပုံမှာ ဤသို့ ပြောပါသည်။ "တပည့်တော် လမ်းလာရင်း စဉ်းစားနေမိပါတယ်။ အရှင်ဘုရားရဲ့ သာသနာပြုလုပ်ငန်းတွေမှာ လုပ်အားပေးနေတဲ့လူတွေဟာ ကိုယ့်ထမင်း ကိုယ်စားပြီး လုပ်အားပေးနေတဲ့လူတွေပါပဲ။ အင်မတန်ချစ်ဖို့ကောင်းပါတယ်။ ဒီလူတွေရဲ့ စားဝတ်နေရေးဟာ မရေရာပါဘူး။ သူတို့ လုပ်အားပေးနေတဲ့ အတွက် အရှင်ဘုရားဟာ လုပ်အားပေးဖို့လူကို အထွေ အထူး မရှာရပါဘူး။ ခေါင်းထုလိုက်လျှင် လူစုပြီးသား ဖြစ်သွားတာပါပဲ"

ဦးခင်ရွှေက ဆက်၍ လျှောက်၏။

"ဒီလူတွေဟာ အရှင်ဘုရားရဲ့ သုဝဏ္ဏဘူမိဆံတော်ရှင် သာသနာ ဘော်ကြီး တစ်ကျော့ပြန် ပေါ်ထွန်းလာအောင် ဆောင်ရွက်တဲ့ကိစ္စမှာ အဆောက်အကူဖြစ်နေပါတယ်။ ဒီလူတွေအတွက် တပည့်တော် ရေရှည် လုပ်အားရှင် တွေဖြစ်အောင် စီမံချင်ပါတယ်"ဟု လျှောက်ထားသည်။

ဆရာတော်က နားထောင်နေသည်။

"ဒီတော့ သူတို့အတွက် တစ်လ ငါးသိန်း၊ ဆယ်သိန်းလောက်ဝင်နိုင် တဲ့ အလုပ်တစ်ခု တပည့်တော် ထွင်ပေးပါမယ်။ အဲ့ဒီငွေကို သူတို့ ဝေခြမ်း စားသောက်ရင်းဖြင့် သာသနာ့အကျိုးကိုလည်း ပိုပြီး သယ်ပိုးနိုင်မယ်၊ သားစုအတွက်လည်း နောက်ကြောင်းအေးမယ်" ဟု ဦးခင်ရွှေက လျှောက်ထားပါသည်။

ဆရာတော်သည် ဦးခင်ရွှေကို အံ့သြစွာ ကြည့်နေလေသည်။ ပြီးတော့ ကျေနပ်နေပုံလည်း ရပါသည်။

"တချို့က ကျောင်းလှူတယ်ဆိုတာ လှူတုန်းလေးလာတာ တစ်ခါ ပဲ။ အချို့ကတော့ တစ်သက်လုံးပဲ ဒကာဖြစ်သွားကြပါတယ်။ ဒီတော့ ကျောင်းတစ်ခါနှင့် ကျောင်းဒကာဆိုတာ အသံထွက်ချင်း နီးစပ်ပေမယ့် အဓိပ္ပာယ်ချင်း ကွာပါတယ်"ဟု ဆရာတော်က လေးလေးနက်နက် မိန့်ကြား သည်။

"တပည့်တော် ရန်ကုန်မှာ အလုပ်လုပ်တယ်ဆိုတာ ကုသိုလ်လည်း ရ ဝမ်းလည်းဝပါတယ် ဘုရား။ ကိုယ့်ဝမ်းဝသလို သူများဝမ်းလည်း ဝစေပါ တယ် ဘုရား။ တပည့်တော် ရန်ကုန်မှာ အလုပ်သမားသဘောနဲ့ မဟုတ်ဘဲ မေတ္တာသဘောနဲ့ စေတနာထားပြီး ငါ့အလုပ်သမားတွေကို ငါ ရှာဖွေ ကျွေးမယ် ဆိုတဲ့ သဘောမျိုးနဲ့ တပည့်တော် လုပ်တာပါဘုရား"

"ဥပမာအားဖြင့် မြရိပ်ညိုဟိုတယ်မှာဆိုရင် ဝန်ထမ်း (၄၀၀) လောက် ရှိပါတယ်။ ပြီးတော့ ကရဝိက်နန်းတော်မှာလည်း လက်ရှိဝန်ထမ်း (၃၀၀) ကျော်ရှိပါတယ်။ ပြီးတော့ ဇေကမ္ဘာခရီးသွားလုပ်ငန်းမှာလည်း ခန့်ထားတဲ့ လူတွေ ရှိပါသေးတယ်။ Myanmar Sampoerna ကုမ္ပဏီမှာ ဆိုလျှင် ဝန်ထမ်းပေါင်း (၆၀၀) ကျော်ရှိပါတယ်။

ပြီးတော့ ဇေကမ္ဘာ မြေခင်း အလှပြုပြင်ရေး လုပ်ငန်းဆိုတာက လည်း လူပေါင်း (၄) (၅) ရာ ရှိပါတယ်။ ပြီးတော့ မင်္ဂလာဒုံဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းမှာလည်း လူပေါင်း (၅၆၀) လောက် ရှိပါတယ်။ နေ့စားလုပ်သားရော၊ လက်ရှိ ဝန်ထမ်း အပါအဝင်ဆိုရင်တော့ စုစုပေါင်း (၂၅၀၀) လောက်ရှိပါတယ်။ ပြီးတော့ Royal Mingalardon Golf and Country Club မှာလည်း ဝန်ထမ်းပေါင်း ရာကျော်ရှိပါတယ်။ စက်မှုဇုန်မှာ လည်း အလုပ် သမားပေါင်း (၁၀၀၀) ကျော် ရှိပါတယ်"

"ဒီတော့ ရှိသမျှ အလုပ်သမားတွေ အားလုံးပေါင်းလိုက်လျှင် တပည့်တော် နေ့စဉ်နေ့စဉ် ထမင်းအိုးကြီးတည်ပြီး ကျွေးနေတဲ့ လူပေါင်း ဟာ တစ်နေ့ တစ်နေ့ (၅၀၀၀) ကျော် ရှိပါတယ် ဘုရား။ ဒီလိုကျွေးနေတဲ့ အတွက်လည်း တပည့်တော် သဒ္ဓါလည်း ထက်သန်ပါတယ်။ ကျွေးလည်း ကျွေးချင်ပါတယ်။ ကျွေးလည်း ကျွေးနိုင်ပါတယ်။ တပည့်တော် ငယ်ငယ်က ချမ်းသာ တစ်လှည့် ဆင်းရဲတစ်လှည့်ဖြစ်ခဲ့တော့ လောကဓံကို နားလည်ပါ တယ်။ တပည့်တော်မှာ အမြင့်ဆုံးဘွဲ့ကိုလည်း အကုန်ရပြီးပါပြီ။ တပည့် တော် သံသရာက လွတ်မြောက်မှုအတွက် အလုပ်လုပ်တာပါ ဘုရား"

ဒေါက်တာခင်ရွှေ၏ စကားကြောင့် ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးသည် မည်သို့ မည်မျှ စိတ်ထဲဝမ်းသာကြည်နူး ကျေနပ်နှစ်သိမ့်နေမည်ကို မစဉ်းစားတတ်ပါ။ ကြားနာလိုက်ရသော ကျွန်တော်၏ စိတ်ထဲမှာ[illegible] မသိမဆိုင် ဝမ်းသာလွန်းသဖြင့် ဆို့တို့တို့ကြီး ဖြစ်နေပါတော့သည်။

♦ ♦ ♦

# ကလေးများကိုပိုက်ဆံပေး၍ တရားဟောခြင်း

ရုတ်တရက်ကြည့်လျှင် ပိုက်ဆံပေးပြီး တရားဟောတယ်ဆိုတော့ အတော်ကလေး တစ်မျိုးကြီးဖြစ်နေသည်။ အချို့ကလည်း နားထောင်မည့်သူ မရှိလို့ဘဲ ပိုက်ဆံပေးရသလား၊ သို့တည်းမဟုတ် ဖိုးဟောချင်မှု ဟောချင်လွန်းလို့ မနေနိုင်မထိုင်နိုင် ပိုက်ဆံပေးရသလား။ ဤသို့ဤသို့ သောင်းပြောင်းထွေလာ စဉ်းစားပါလိမ့်မည်။ အမှန်မှာ ဤသို့ မဟုတ်ပါ။

ကျွန်တော်တို့တစ်တွေ ဘုန်းကြီးဝတ်ကြစဉ်က ဖြစ်ပါသည်။ ဇာတ်လမ်းမှာ မဟာကလျာဏီ သိမ်တော်ကြီးကို ဖွင့်စဉ်က ဖြစ်ပါသည်။ သောဏုတ္တရ စေတီညီနောင်အနီးတွင် ဒေါက်တာခင်ရွှေက ဒကာပြု၍ ACE ဆောက်လုပ်ရေးမှ ဆရာဦးတင့်ဆန်းတို့က ပညာဒါနပြုလုပ်သော မဟာကလျာဏီ သိမ်တော်ကြီးဖွင့်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ကောင်းမှု (၁၀၈) ပါးသော ဒုလ္လဘရဟန်းများ ရဟန်းခံပွဲတွင် ကျွန်တော်တို့ (၆) ဦးလည်း ရှေ့ဦးစွာ အထူးပါဝင်ခဲ့ပါသည်။

ထို (၆) ဦးတို့မှာ ဒေါက်တာခင်ရွှေ ဦးစောနေဝင်း ဦးဇော်ဖေ၊ ဦးဇေယျာ၊ ဦး နန်းမွေး စသည်တို့ ဖြစ်ပါသည်။ ထို (၆) ဦးတို့သည် ဆံတော်ရှင်တစ်ဆူ င်ဆူတွင် တစ်ညတစ်ည အဓိဋ္ဌာန်ဝင်ခဲ့ကြသည်။ ဆံတော်ရှင် (၉) ဆူ၊ ောင်ကြီး (၉) တောင်၊ (၉) ည၊ (၉) ဘုရား အဓိဋ္ဌာန်ဝင်စဉ်က ဖြစ်ပါသည်။ င်ည်က ကျွန်တော်တို့သည် ဇုကွာလိ မြသိန်းတန် ဆံတော်ရှင်သို့ ရောက်သွား ကြ သည်။

ဇုကွာလိ မြသိန်းတန် ဆံတော်ရှင်သည် တံငါရွာကလေးတစ်ရွာတွင် ည့်ရှိပါသည်။ ရွာသူရွာသားများသည် ငါးဖမ်းခြင်းဖြင့် အသက်မွေးဝမ်း ောင်း ပြုကြသည်။ မပြုလို့ကလည်း မရ။ ရေတစ်ဝက် ကုန်းတစ်ဝက် ည်နေသော ရွာကလေးမှာ ငါးဖမ်းစားတဲ့အလုပ် မလုပ်လျှင် ဘာအလုပ် ်မလဲဟု သာသာထိုးထိုး တွေးမိပါသည်။ အပြစ်မတင်ပါ။

ထိုစဉ် ကျွန်တော်တို့ အသစ်စက်စက် ရဟန်း (၆) ပါးမှာ ထိုညက ံတော်ရှင် ဇုကွာသိမြသိန်းတန်မှာ အဓိဋ္ဌာန်ဝင်ဖို့ ရောက်သွားကြပါသည်။

ထိုအခါ ရွာက ကလေးတွေတစ်အုပ်ကြီး ကားနောက်သို့ ပြေး၍ ိုက်ကြပါသည်။ ကျွန်တော်တို့ တွေ့ဖူးသော ကလေးများမှာ ငွေတောင်း ည် ပြီးတော့ ရေရောင်းသည်။ ဤသို့ ရထားလမ်းတစ်လျှောက်၊ ကားလမ်း င်လျှောက် တွေ့နေကျဖြစ်သည်။ မဆန်းပါ။

ယခု ကလေးတွေကတော့ အဆန်း။ ဘုန်းဘုန်းတို့ ဒီမှာ ညအိပ် ား ဟု မေးပါသည်။ အိပ်မည်ဟုပြောသောအခါ အော်ဟစ်ကာ ခုန်ပေါက် ်ပြေးဆင်းသွားကြပါသည်။ ဘယ်က ကလေးတွေလဲဟု မေးတော့ ွာက ဟု ပြောပါသည်။ မူလတန်းကျောင်းက ကျောင်းသားကလေးတွေ ဟု ပြောပါသည်။

ဟဲ့. . . စာမသင်ဘူးလားဟု မေးတော့၊ ကျောင်းပိတ်ထားသည့် ဒ်လိုဆို ဘာလာလုပ်တာလဲဟု မေးတော့၊ ဘုန်းကြီးတွေကို လာကြည့် ာ ဟု ပြောပါသည်။ အဆန်းပဲဟု တွေးမိပါသည်။

တော်တော်ကြာတော့ ကလေးတစ်အုပ်ကြီး ရေအိုးကိုယ်စီနှင့် တောင်ပေါ်တက်လာကြသည်။ ဟာ. . . ဘာလုပ်တာတုန်းဟု မေးတော့ ရေ လာ[illegible] တာဟု ပြောပါသည်။

ဟုတ်ပါသည်။ ဘုန်းကြီးတွေ ညဘက်တည်းမှာဆိုတော့ ချိုးစရာ ရေလိုပေလိမ့်မည်။ ထိုအချက်ကို ကလေးတွေက စဉ်းစားမိသတဲ့။ တင် ယောက်ယောက်က ပြောလိုက်သလား မသိ။ ဘာပဲဖြစ်ဖြစ် လက်တွေ့တော ရေတွေ သယ်လာကြသည်။

ကလေး သေးသေးလေးက ချိုင့်ကလေး သေးသေးလေးနှင့် သယ် လာသည်။ ကလေးကြီးကြီးက အိုးကြီးကြီးနှင့် သယ်လာသည်။ အိုးကလည်း တကယ့် အိုးမဟုတ်။ အိမ်မှာ ထမင်းချက်တဲ့ ဒန်အိုး။

ကလေးများ ရေသယ်ဖို့ ရေပုံးကြီးကို မနိုင်။ နိုင်ပုံမရ။ ထို့ကြောင့် ကလေးတွေက ရရာအိုးကို ရေသယ်ဖို့ ယူလာဟန်တူပါသည်။ ထို့ကြောင့် မိမိခွန်အားအလိုက် ကလေးကြီးကြီးက အိုးကြီးကြီးရွက်လာသည်။ ကလေး သေးသေးက အိုးသေးသေး ရွက်လာသည်။ ကြည့်လို့ပဲ ကောင်းသေးတော့

တောင်ထိပ်မှနေ၍ကြည့်နေရာ လမ်းတစ်လျှောက် စီတန်း၍ တက်လာသော ကလေးအုပ်ကြီးမှာ မနည်း။ ရွာလုံးကျွတ်ဖြစ်ပုံရသည် အနည်းဆုံး နှစ်ရာ၊ သုံးရာ ရှိပေလိမ့်မည်။ အလွန်အံ့သြဖို့ ကောင်းပါသည် ကလေးတွေ ဒီလောက်အများကြီး လိုက်လံစုဆောင်းတယ်ဆိုတာ အတော် ကလေး ခက်ပေ လိမ့်မည်။

ဘုန်းကြီးဒေါက်တာခင်ရွှေက ကျွန်တော့်ကိုလှမ်း၍. . . ကြည့်[illegible] ဦးဇင်းပန်းမွေး ဘယ်လောက်အံ့သြဖို့ကောင်းသလဲ။ အနာဂတ် သာသနာ ဒီကလေးတွေ လက်ထဲမှာရှိတယ်။ မိဘတွေကတော့ တံငါမို့ ထားလိုက်တော့ ဒီကလေးတွေလက်ထက်မှာ ဒီဆံတော်ရှင်ဘုရားကြီး သာသနာပွဲ့ဖြိုးဖို့ လိုတယ် ဒီတော့ ဒီကလေးတွေကို အားရှိအောင် လုပ်ပေး ရမယ်ဟု ပြောပါသည်။

ကျွန်တော်လည်း အလိုက်သင့် ခေါင်းညိတ်၍နေလိုက်ပါသည်

လေးတွေ ရေသယ်နေပုံကိုတော့ မှတ်ပုံဆရာကို ဓာတ်ပုံရိုက်ခိုင်းရပါ သည်။ ကမ်းရှိဖို့ လိုပါသည်။ အလွန်ထူးသည် မဟုတ်ပါလော။

ကလေးတွေ တစ်မနက်လုံး ရေသယ်လိုက်ကြတာ နေ့လယ်ရောက် ၊ အုတ်ကန်ကြီးတစ်ခုလုံး လျှံသွားပါလေရော။ ဒီတော့ ဦးဇင်း က်တာခင်ရွှေက ဝမ်းသာပီတိဖြင့် အံ့ဩဖို့ကောင်းလိုက်တာဟု ဆိုပါသည်။ အံ့ဩခြင်းနောက်တွင် ဆုလာဘ်များ ပါလာလေသည်။ ကလေးအားလုံး န်းစီခိုင်းလိုက်သည်။ ပြီးတော့ ကလေးတစ်ယောက် လျှင် ငွေ (၅၀၀) ာ်စ်ရွက်စီ ဝေငှလိုက်သည်။

ရေအိုးကိုယ်စီနှင့် (ဝါ) ခွက်ကိုယ်စီနှင့် (ဝါ) ရေပုံးကိုယ်စီနှင့် လေးတွေ ခုန်ပေါက်ကာ တောင်အောက်သို့ ပြေးဆင်းသွားကြသည်ကို ည့်ရင်း ဦးဇင်း ဒေါက်တာခင်ရွှေက. . . "အေးဗျာ ဒီကလေးတွေ ပြ်မှာ ဘုန်းကြီးတွေကို ငါတို့ ရေလှူလိုက်လို့ ဒီလိုဒီလို ဆုတွေ၊ လာဘ် ရတယ်ဆိုပြီး မိဘတွေကို ပြောလိမ့်မယ်။ ပြီးတော့ ကျန်နေသေးတဲ့ လေးတွေက ထပ်ပြီး လာကြဦးမယ်။ ဒီလိုဆိုရင် ဒီနေ့အဖို့ ဆံတော်ရှင် င်တော်ပေါ်ကို သူတို့ (၂) ခေါက် (၃) ခေါက် ရောက်ပြီးသား ဖြစ်သွား ။

ဒီလိုဆို သူတို့လည်း ရေအကျိုးကြောင့် ကုသိုလ်ဆန်းဆန်းကလေး ရကြရောဗျာ။ ဘုရားပေါ်ကို သူတို့ တက်ရကောင်းမှန်းသိအောင် ားကို ရှိခိုးရမှန်းသိအောင် ကျွန်တော် ဆုချလိုက်တာပါ" ဟု ဆိုပါသည်။

ဦးဇင်း ဒေါက်တာခင်ရွှေမှာ ဤသို့ နူးညံ့သော၊ သိမ်မွေ့သော ကွေ့အခေါ် ရှိမှန်း ကျွန်တော် မသိသည်မှာ ညံ့ရာရောက်ပါသည်။ ခါတုန်းက ဖြစ်ပါသည်။

◆ ◆ ◆

# ဒေါက်တာခင်ရွှေ၏
# ကလေးတရားပွဲ

မြန်မာပြည်မှာ ကလေးတွေချည်းသက်သက် ဟောတဲ့ တရားပွဲ ရှိသလားဟု ဦးဇင်း ဦးခင်ရွှေက မေးပါသည်။ ကျွန်တော် သိသလောက်တော့ မရှိပါဘူး ထင်ပါသည်ဟု ကျွန်တော်က ဖြေခဲ့ပါသည်။

ဘာစိတ်ကူးဖြင့်မေးမှန်း ကျွန်တော်မသိပါ။ ဒီလိုဆို ကလေးတရားပွဲ လုပ်လိုက်ရအောင်ဟု ဦးဇင်း ဒေါက်တာခင်ရွှေက ပြောပါသည်။ လူကြည့်တော့ နိုးနိုးကြီး။ စိတ်ကူးကျတော့ ခပ်ဆန်းဆန်း။ ဤသို့ တွေးမိသည်။

မနက်စောစော ရေသယ်သော ကလေးတွေက ရွာထဲက လက်ကျန်ကလေးတွေကို ထပ်ခေါ်ပြီး တောင်ပေါ်တက်လာကြသည်မှာ ပုရွက်ဆိတ်အုံကြီးအတိုင်းပါပဲ။ ကျွန်တော်က လှမ်း၍ ပြောလိုက်ပါသည်။

ဦးဇင်း ဒေါက်တာခင်ရွှေက အတော်ပဲဗျာဟုပြောကာ ကလေးတွေကို တရားဟောမည်။ နားထောင်သူကို တစ်ယောက် ၂၀၀ိ/-ပေးမည်ဟု ဆိုပါသည်။ ထိုအခါ သတင်းက ဘယ်လိုပျံ့သွားသည် မသိ။ ကလေးတွေသာမက ကလေးအမေတွေပါ ပါလာသည်။

ကလေးတွေချည်းပဲ ဟောမှာ။ လူကြီးတွေ မပါဟု ဖယ်ရှားပစ်သည်။ ကလေးတွေကို ဇရပ်ထဲအားလုံး ဝင်စေပါသည်။ ကျွန်တော်တို့ ဦးဇင်း (၆)ပါးက ထိပ်မှာထိုင်လိုက်ကြပါသည်။ ဦးဇင်း ဦးခင်ရွှေက တရားဟောရန် မတ်တပ်ရပ်ပါသည်။ ဘာတွေ ဟောမလဲဟု တွေးနေမိသည်။

ဦးဇင်း ဒေါက်တာခင်ရွှေသည် ကလေးများကို ငြိမ်ခိုင်းလိုက်သည်။ ကလေးတွေ ငြိမ်သွားသောအခါမှစ၍ ဟောရသည်။ ကလေးတွေက ...ရမယ်ဆိုတော့ တိုးကြ၊ ဝှေ့ကြတာ ကျောင်းကြီး ကိုးကျွလုမတတ်ပါပဲ။

လောကကြီးမှာ ဘာအရေးကြီးဆုံးလဲသိလားဟု ဦးဇင်း ဒေါက်တာ ခင်ရွှေက မေးပါသည်။ ကလေးတွေက မသိပါဘူးဟု အသံပြကြီးနှင့် စု၍ ဖြေကြသည်။ ထိုအခါ ဦးဇင်း ဒေါက်တာခင်ရွှေက အေး ... ...ခုပြောမယ်။ နားထောင်ဟု ပြောကာ ဆက်ပြီး တရားဟောပါသည်။

မင်းတို့မှာ ဆရာ ရှိတယ်။ ဆရာမ ရှိတယ်။ သူတို့ကို ရိုသေရမယ်။ ...တို့က စာသင်ပေးမယ်။ မင်းတို့က လိုက်နာရမယ်။ ဒါမှ မင်းတို့ ချမ်းသာ ...။ ထိုအခါ ကလေးတွေက ဟုတ်ပါတယ် ဟုတ်ပါတယ် ဟု အော်၍ ...ပါသည်။

မင်းတို့အိမ်မှာ သားတို့သမီးတို့အိမ်မှာ အမေ အဖေ ရှိမယ်။ အမေ ...ကို ရိုသေရမယ်။ ညညကျရင် ရှိခိုးရမယ်။ အဖေ အမေရှေ့မှာ၊ ...ကြီး ရှေ့မှာ ခါးကလေးကုန်းပြီး သွားရမယ်။ ဘုန်းကြီးကို ခွမကျော် ...။ အမေ အဖေကို ခွမကျော်ရဘူး။ ဆရာ ဆရာမကို ခွမကျော်ရဘူး။ ...ကြီးပါတယ်ဟု ဦးဇင်း ဦးခင်ရွှေက ဟောပါသည်။ ဟုတ်ပါတယ် ဟုတ်ပါ ...ယ်ဟု ကလေးတွေက ပြန်၍ အော်ပါသည်။

သူဟာနဲ့သူတော့ ဟုတ်နေတာပဲဟု စိတ်ထဲ တွေးမိပါသည်။ ပြီး ...လည်း ကလေးတွေ နားလည်အောင် ပြောနေပုံကိုလည်း စဉ်းစားနေ ...သည်။

ပြီးတော့... သားတို့သမီးတို့ ဒီဘုရားကို လာကြရမယ်။ ရှိခိုးကြရ ...။ ဒီဘုရားထဲမှာ ဘုရားဆံတော်ရှိတယ်။ (ထိုအခါ ကလေးများက ...ယ်နေရာမှာလဲဟု ပြန်၍ မေးကြပါသည်။)

သားတို့သမီးတို့ အသွားမှာတစ်ခါ ဘုရားကန်တော့မယ်၊ အပြန်မှာ ...စ်ခါ ကန်တော့ကြရမယ်။ ဒီတော့ ကုသိုလ် နှစ်ခါရကြမယ်။ တစ်ခါ ...ရင် ကုသိုလ် နှစ်ခါရမယ်။ နှစ်ခါလာရင် ကုသိုလ်လေးခါ ရမယ်။

(ထိုအခါ ကလေးများ သုံးခါလာရင် ကုသိုလ်ခြောက်ခါရမယ်ဟု ဆက်၍ ပြောကြပါသည်)

ဦးဇင်း ဒေါက်တာခင်ရွှေက ရယ်မောလျက် ဟုတ်တယ်... ဟုတ်တယ်ဟု ဆိုကာ ဆက်ဟောပါသည်။

ဒီမှာ ဘုန်းကြီးရှိတယ်။ ဘုန်းကြီးကို သံဃာလို့ ခေါ်ပါတယ်။ (ထိုအခါ ကလေးများက သိပါတယ်... သိပါတယ်ဟု ဆိုပါသည်။) ထိုအခါ ဦးဇင်း ဒေါက်တာခင်ရွှေက ရယ်မောမပျက် ဆက်၍ ဟောပါသည်။

သားတို့သမီးတို့ ငါးသုံးလီကို သိသလား။ (မသိပါဘူးဟု ဖြေပါ သည်) ကဲ... မသိရင် လိုက်ဆိုဟုဆိုကာ ဦးဇင်း ဦးခင်ရွှေက ငါးပါးသီလ ကို ချပေးပါ သည်။ ပြီးတော့ သူများအသက်ကို မသတ်ရဘူး၊ သူများ ပစ္စည်းကို မခိုးရဘူး။ သူများ အိမ်ယာ မပြစ်မှားရဘူး။ လိမ်မပြောရဘူး၊ အရက် မသောက်ရဘူး။ (သိပါပြီ... သိပါပြီဟု ကလေးများက အော်၍ ပြန်ပြောပါသည်။)

ပြီးတော့... သားတို့သမီးတို့ ကျွဲသား၊ နွားသား မစားရဘူး၊ ဝက်သား မစားရဘူး။ မြင်းသား မစားရဘူး။ ဆင်သား မစားရဘူးဟု ဆက်ပြောပါသည်။ (မစားပါဘူး မစားပါဘူးဟု ကလေးများက အော်၍ ပြန်ဖြေပါသည်။) တရားပွဲ မြန်မြန်ပြီးမှ မြန်မြန်ပိုက်ဆံရမှာဟု ကလေးတွေ တွေးနေပုံရပါသည်။

ထိုအခါ ဦးဇင်း ဒေါက်တာခင်ရွှေက လိုက်ဆိုဟုဆိုကာ ရှေ့က တိုင်ပေးပါသည်။ ကလေးတွေက လိုက်၍ ဆိုပါသည်။

**"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**

**ဓမ္မံ သရဏံ ဂစ္ဆာမိ၊**

**သံဃံ သရဏံ ဂစ္ဆာမိ။**

**ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**

**ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊**

**ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆမိ။**

**တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**
**တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊**
**တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။"**

ဤသို့ဖြင့် ကလေးပေါင်း လေးရာကျော်လောက်က စုပေါင်း၍ ...နေသံဖြင့် တစ်ညီတည်း တစ်ပြိုင်တည်း အော်လိုက်သော ရွတ်လိုက် ...သော ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဟူသော အသံသည် ဇရပ်ကိုကျော်၍၊ တောင်ကို ...ကျော်၍၊ တောကို ကျော်၍၊ မြန်မာပြည် နယ်နိမိတ်ကို ကျော်၍ ကမ္ဘာ့ ...နယ်နိမိတ်အထိ စကြဝဠာနယ်နိမိတ်အထိ ပျံ့နှံ့သွားလိမ့်မည်လား မသိပါ။

တရားပွဲပြီး၍ ကလေးတွေ တန်းစီကြသည်။ လူတိုင်းလူတိုင်းကို ...ဆောင်ပေးသည်။ ကလေးတွေက တစ်ခါမက၊ နှစ်ခါမက ဝင်၍ တန်းစီ ...ကြသည်။ ကလေးတွေသာမက ရွာထဲက လူကြီးတွေပါ ဝင်၍တန်းစီကြ ...သောကြောင့် မနည်းကြီး တားထားရသည်။ ကလေးတွေပွဲပါဟုပြောတော့ ...ပြီး ကျေနပ်ပုံမရကြပါ။

ကလေးမိဘတွေက သူ့သားသမီးကိုယ့်သားသမီးလက်ထဲမှ ငွေတွေ ...ပျောက်မှာ၊ ရှုမှာ စိတ်ပူလို့ ဖေးဖေးမမ သာသာယာယာ အိမ်သို့ ...၍ ခေါ်သွားကြသည်ကိုကြည့်ရင်း ဦးဇင်း ဒေါက်တာခင်ရွှေသည် ...ကျက်ရှိပါသည်။ သူ၏ အပြုံးသည် ထိုသူတို့၏ ခန္ဓာကို ဖောက်ထွင်း ...ကာ စိတ်ထဲအထိ သိနေပုံရသောအပြုံး ဖြစ်ပုံရပါသည်။

ထိုနေ့က ငွေ (၂) သိန်းကျော် ကုန်သွားသည်ဟု သိရပါသည်။ "...ကုန်ချင်ကုန်ပါစေဗျာ။ ဒီလို ကလေးတွေရဲ့စိတ်ထဲမှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ...ရွတ်လိုက်လို့ ပိုက်ဆံရတာဟု တွေးချင် တွေးနေပါစေ။ သူတို့ စိတ်ထဲမှာ ...ရွတ်လို့ ဒီလိုရတယ်ဆိုပြီး နောင်သောအခါ အိပ်မက်ထဲမှာတောင် ...ဆောင်လို့ရွတ်နေရင် ကျွန်တော် ကုသိုလ်ရနေပါပြီဗျာ။ ဒီလို ကုသိုလ် ...ဆန်းဆန်းယူချင်လို့ ကျွန်တော် ငွေလှူတာပါ။ ငွေပေါလို့ လှူတာ မဟုတ်ရ ...ဘူး။ ဘုရားသာသနာ သူတို့စိတ်ထဲ ရှိစေချင်လို့ သာသနာပြုခြင်း ...စ်မျိုး ပါပဲဗျာ"ဟု ပြောသံကို ကြားလိုက်ရ၏။

♦ ♦ ♦

# ပင်လယ်ထဲမှာ
# စာသင်ကျောင်း ဆောက်လုပ်ခြင်း

ကျိုက်ထီးဆောင်းဆရာတော်သည် ပင်လယ်ကိုဖြတ်၍ လမ်းဖောက်ခြင်းဟု ကျွန်တော် ရေးဖူးပါသည်။ ထိုကဲ့သို့ပင် ယခုလည်း ပင်လယ်ထဲမှာ စာသင်ကျောင်းဆောက်ခြင်းဟု ရေးပြန်ပါသည်။

ရေတစ်ဝက် ကုန်းတစ်ဝက်ကျွန်းပေါ်တွင် တည်နေသော ဆံတော်ရှင် (၃) ဆူရှိကြောင်း သိရပါသည်။ ဆံတော်ရှင်တစ်ဆူမှာ ပုသိမ်ခရိုင် ငပုတောမြို့နယ်က မော်တင်စွန်း (ခေါ်) နာဂရေအငူ၌ရှိသော ဆံတော်ရှင် မော်တင်စွန်းဘုရား ဖြစ်ပါသည်။

ထိုနေရာသည်လည်း ရေတစ်ဝက် ကုန်းတစ်ဝက်ဖြစ်သည်။ ရေငန်ပိုင် ဦးရှင်ကြီးနေသော မိန်းမလှကျွန်းနှင့် နီးသည်။ လူသိများ၍ အရောက်အပေါက် များလှသည်။

အခြား မြတ်စွာဘုရားတစ်ဆူမှာ ကျိုက္ခမီရေလယ်ဘုရား ဖြစ်ပါသည်။ ထူးခြားမှု ရှိပါသည်။ ဆံတော်ရှင်တော့ မဟုတ်ပါ။

အခြား တစ်ဆူမှာ ယခု ဇုက္ကလိ မြသိန်းတန်ဆံတော်ရှင် ဖြစ်ပါသည်။ ထိုဘုရားမှာ ရေတစ်ဝက် ကုန်းတစ်ဝက်ရှိနေသဖြင့် ကျိုက်ထီးဆောင်းဆရာတော်က တိမ်ကောသွားသောကုန်းမြေကို မြေဖို့ကာ

...ပေါက်ပါသည်။ တံတား ဆောက်ပါသည်။ ဤသည်ကို တင်စား၍ ...ဘက်က ပင်လယ်ကိုဖြတ်၍ လမ်းဖောက်သည်ဟု ရေးခဲ့ဖူးပါသည်။ ...ဒကာ ဘုဒ္ဓိဇကြီး လှူသော ဒကာမှာလည်း ဒေါက်တာခင်ရွှေဖြစ် ... ရှေ့က မသိခဲ့ပါ။ ယခုမှ သိရပါ သည်။

သုဝဏ္ဏဘူမိတစ်ခွင်မှာ ဆံတော်ရှင်တွေ တစ်ကျော့ပြန် ဖွင့်ဖော်ရာ ...ကျိုက်ထီးဆောင်းဆရာတော်က ဆရာပြု၏။ ဒေါက်တာခင်ရွှေက ...ကာပြု၏။ ဆရာကလည်း သာသနာကို ပြုနိုင်သမျှ ပြု၏။ ဒကာက ...း နောင်တမရကြေးဟု ဒါနအမှု ဒါယကာပြု၏။ ဆရာနှင့်ဒကာ ...ဖက်ပါ၏။

ဒကာပြုသမျှကိုလည်း ဇနီးသည်မှစ၍ သမီးနှင့်သားတို့ကလည်း ...ခြင်းမရှိ။ စောင်းမြောင်းခြင်းမရှိ။ ဖြူစင်၏။ သဘောတူ၏။ နုတ်ဖက်တဲ့ ...းစုပါပဲဟု တွေးမိ၏။

ယခုလည်း ဇင်္ကလိက မြသိန်းတန် ဆံတော်ရှင်စေတီတော်မြတ်ကြီး ... အမိဌာန်ဝင်နေရင်း ရေလှူသော ကလေးတွေနှင့် တွေ့ရ၏။ ထိုကလေး ... မျက်နှာမှာ အပြစ်ကင်း၏။ ကြည်လင်နေ၏။ ဖြူစင်နေ၏။ သို့သော် ...း ထိုကလေးတွေ နေသောကျောင်းမှာ အပေါက်နှင့်အပြဲ၊ အကျိုးနှင့် ... အယိုင် နှင့် အနွဲ့။

ထိုအခါ သွားရင်းလာရင်း မျက်စိလုတ်တိုက်သလို ခံစားရသဖြင့် ...က်တာခင်ရွှေက ထိုကလေးများနေသော ကျောင်းစုတ်ကြီးကို လုံးဝ ...ဖျက်ပြီးလျှင် ကလေးများအတွက် နောင်ရေးစိတ်အေးရအောင် မူလတန်း ...ကျောင်း အသစ်စက်စက်လှူမည်ဟု အာမခံခဲ့ကြောင်း ကြားသိခဲ့ရပါသည်။

ကလေးတွေရဲ့ ကုသိုလ်ပါပဲ။ သို့မဟုတ် ဦးခင်ရွှေရဲ့ ကုသိုလ်ပါပဲဟု ...ရမလား မသိပါ။ ကံကလည်း ဆုံလွန်းလှသည်။

ထို့နောက် ထိုကိစ္စ မေ့မေ့ပျောက်ပျောက် ရှိနေခဲ့ပါသည်။ သို့သော် ...တစ်လောက ကေလာသတောင်ခြေ ဝင်းကကျေးရွာ၊ ယက္ကန်းသည်မ

ကျေးရွာတို့တွင် ရာဇမုနိ (ခေါ်) ရာဇကုမာရစေတီတော်နှင့် ရွှေစာ
စေတီတော်တို့ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူ
အခမ်းအနားကို ၂၀၀၂ ခုနှစ်၊ မေလ (၁၁) ရက်၊ စနေနေ့က ကျင်းပခဲ့
ထို အလှူတော် မင်္ဂလာ အခမ်းအနားတွင် ကျိုက်ထီးဆောင်းဆရာတော်
ဘုရားမှ ကျောင်းဆောင် လွှဲပြောင်းပေးအပ်လှူ မင်္ဂလာအခမ်းအနား
တွေ့မြင်လိုက်ရသဖြင့် ရှေးက ပဋ္ဌင်းဝတ်တုန်းက အဖြစ်အပျက်များ
ပြန်လည်တွေးမိပါသည်။

ကလေးတွေကို ငွေပေး၍ ဘုရား၊ တရား ဝါသနာထုံအောင် ပါ
ဖြည့်ခဲ့သော ဒေါက်တာခင်ရွှေသည် ယခု ဘုရားဒကာသာမက စာသ
ကျောင်း ဒကာပင် ဖြစ်နေပါပကောဟု တွေးတောနေမိပါသည်။

ထိုသို့တွေးတောနေခိုက် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးနေချိန်
ငွေတစ်ထောင်တန် အသစ်စက်စက်များကို လိုက်လံ၍ ကောက်ယူနေသူ
များ ကိုယ့်ကို တက်မနင်းမိအောင် အပြေးအလွှား ရှောင်ရှားလိုက်ရ
သည်။

◆ ◆ ◆

# ဆရာ၊ ဆရာမ တစ်ယောက်လျှင် တစ်လတစ်ထောင်နှင့် ဆယ်နှစ်စာ ငွေအလှူ

တစ်ယောက်တစ်ထောင်ဆိုတော့ သိပ်များသော ငွေတော့ မဟုတ် ..၊ ထူးသောသတင်း ဖြစ်သဖြင့် သတင်းရေးရပြန်ပါသည်။ ကုသိုလ် ..န်းဆန်းကလေးတွေ လုပ်တတ်သော လူတစ်ယောက်အဖြစ် ဒေါက်တာ ..ခင်ရွှေကို မြင်နေမိပါသည်။

ကျွန်တော် အိမ်ပြန်လျှင် တာမွေ၊ ကျောက်မြောင်းဘက်မှ လှည့်၍ ..န်နေကျ ဖြစ်ပါသည်။ ကျောင်းမြောင်း ပွဲစားတန်းတွင် အသိဆရာမ ..စ်ဦး ရှိပါသည်။ သူ့ထံမှ သတင်းတစ်ခုကြားရရာ အလွန်စိတ်ဝင်စားစရာ ..ပါသည်။

ပြီးလွန်ခဲ့သော (၃) နှစ်လောက် ဇေကမ္ဘာကုမ္ပဏီနှင့် ဇေကမ္ဘာ ..ဆောက်လုပ်ရေးဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကျောင်းဆောင်သစ်ဆောက် ..၍ လှူခဲ့ကြောင်း၊ ထိုကျောင်းမှာ တာမွေမြို့နယ်၊ အခြေခံပညာမူလတန်း ..ကျောင်း၊ အမှတ် (၂၆) ဖြစ်ကြောင်း၊ ထိုကျောင်းရှိ ဆရာ/ဆရာမများအား ..စ်ဦးလျှင် တစ်လ ကျပ်တစ်ထောင်နှုန်းဖြင့် ဆယ်နှစ်အတွက် ထောက်ပံ့ ..ငွေကျပ် သိန်း ၂၀ လှူဒါန်းခဲ့ကြောင်း ကြားရပါသည်။

အလွန်ဆန်းသော စိတ်ကူးဖြစ်ပါသည်။ ငွေတစ်ထောင်မှာ များလှသော ငွေပမာဏ မဟုတ်ပါ။ သို့သော်လည်း နာသုံးနာ စေတနာရှိသော ဆရာ ဆရာမများ၊ ပိဋကကိုစား၍ အားရှိသည်ဟု တင်စားခံရသော ဆရာ/ဆရာမများအပေါ် မှာ ဒီလောက်အလုပ်များသည့်ကြားထဲက ပေါ် လာသော စေတနာပြ လက်တွေ့အလုပ်တစ်ခုဖြစ်သဖြင့် အလွန်ဆန်းသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

ထိုအကြောင်းကို သေသေချာချာ စုံစမ်းသောအခါ ပို၍ပို၍ သိလာရပါသည်။

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အဝေရာလမ်းရှိ အခြေခံပညာမူလတန်းကျောင်း အမှတ် (၂၆) ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို (၇-၆-၁၉၉၈) ခုနှစ်နံနက် (၁၀)နာရီ (၁၅) မိနစ်တွင် ပြုလုပ်ခဲ့ကြောင်း သိရပါသည်။

ထိုသတင်းကို ကျွန်တော်လိုက်သောအခါ (၈-၆-၉၈)·သတင်းစာထဲတွင် အောက်ပါအတိုင်း တွေ့ရပါသည်။

"အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းအရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန် ဒုတိယဝန်ကြီးများ၊ ဒုတိယတိုင်းမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၊ မိဘဆရာအသင်း အမှုဆောင်များ ဆရာ/ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရွှေဦးစွာ တာမွေမြို့နယ်၊ အခြေခံပညာမူလတန်းကျောင်း အမှတ်

(၉) ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအံ့ကျော်နှင့် ဇေကမ္ဘာ ကုမ္ပဏီနှင့် ဇေကမ္ဘာ ဆောက်လုပ်ရေးဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ကြီးခင်ညွန့်က ကျောင်းဆောင်သစ် မော်ကွန်းကမ္ဗည်းစာတန်း စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနသို့ ကျောင်းဆောင်သစ် လွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားကို ကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပရာ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ အခမ်းအနားမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက တင်ပြသည်။

ယင်းနောက် ဇေကမ္ဘာ ကုမ္ပဏီနှင့် ဇေကမ္ဘာ ဆောက်လုပ်ရေး ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရ ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက် စာတမ်းများကို အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ချုပ် ဦးအံ့ကျော်က ပညာရေးဝန်ကြီးဌာနသို့ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် မြေဂရံနှင့် စာရွက်စာတမ်းများကို အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဇေကမ္ဘာကုမ္ပဏီနှင့် ဇေကမ္ဘာ ဆောက်လုပ်ရေး ကိုယ်စား ဒါရိုက်တာ ဦးတင်အောင်မြင့်က တာမွေမြို့နယ်၊ အခြေခံပညာ မူလတန်းကျောင်း အမှတ် (၂၆) ရှိ ဆရာ ဆရာမများအား (၁၀) နှစ်အတွက်

ယောက်ပုံငွေကျပ် သိန်း (၂၀) လှူဒါန်းသည့် စာရွက်စာတမ်းများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ကြည်က လက်ခံရယူသည်။

ယင်းနောက် ဇေကမ္ဘာ ကုမ္ပဏီနှင့် ဇေကမ္ဘာ ဆောက်လုပ်ရေး ကိုယ်စား ဒါရိုက်တာ ဦးကျော်လင်းက ကျောင်းရှိ ဆရာ/ဆရာမများ အတွက် ကျောင်းဝတ်စုံများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ကြည်ထံ ပေးအပ် လှူဒါန်းသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ကြည်နှင့် ဆရာ/ဆရာမ များအား တွေ့ဆုံ၍ ပညာသင်ကြားရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။"

◆ ◆ ◆

# ဦးပဉ္စင်းဦးခင်ဈွေ

# တရားဟောကောင်းသောကြောင့်

## ပျံလွန်တော်မူသွားသော ဦးပဉ္စင်းတစ်ပါးအကြောင်း

ကျွန်တော်တို့အုပ်စု ဦးပဉ္စင်းအဖြစ် ရောက်ရှိပြီးနောက် ပထမ ညမှာ မြသပိတ်ဆံတော်ရှင်မှာ အဓိဋ္ဌာန် အောင်ခဲ့ကြသည်။ နောက် တနေ့ မနက်မှာ ကေလာသတောင်တော်ကို ကူးကြသည်။ မြသပိတ်နှင့် ကေလာသမှာ လှမ်းကြည့်၍ မြင်ရ၏။ အနီးကလေး ဖြစ်၏။

ကေလာသတောင်မှာ ခဏခဏရောက်နေကြဖြစ်၏။ သို့သော်လည်း ရောက်တိုင်းရောက်တိုင်း ဆန်း၏။ ရိုးသွားသည်ဟူ၍ မရှိ။

ထုံးစံအတိုင်းပင် ရောက်လျှင်ရောက်ချင်း ဘုရားကို လက်ယာရစ် ပတ်၏။ ကန်တော့ခြင်းတစ်မျိုးဟု ခံစား၍ ပတ်လိုက်ခြင်း ဖြစ်၏။ အားလုံးကမပြောဘဲ သိနေကြ၏။ သက်တမ်းရာထောင် မခန့်မှန်းနိုင် သော ညောင်ပင် အိုအိုကြီးအောက်မှာရပ်၍ ဘုရားကို ကန်တော့၏။ မော့ကြည့် လိုက်သောအခါ ရောက်နေကျနေရာများမှာ အသစ်အဆန်း ရှိ၍ တွေ့ရပြန်၏။ ပတ်ပတ်လည်တွင် မနုဿီဟ ခြင်္သေ့တွေ ဝိုင်းရံ နားသည်မှာ (၁၀၈) ကောင် မကပေ။ အရင့်အရင်က မနုဿီဟ ခြင်္သေ့ကြီးတစ်ကောင်တည်း ရှိတာတောင် မကောင်းဆိုးဝါးတွေ

ထွက်ပြေးရသေးလျှင် ယခုလို (၁၀၈) ကောင်အားနှင့် ဆိုတော့ သိဒ္ဓိ
မဟိဒ္ဓိ အားတွေ ဘယ်လောက်တောင် ကောင်းမလဲဟု မဆီမဆိုင်
တွေးမိ၏။

ရင်ပြင်တော်ကို အောက်ခြေမှ တစ်ပတ်ရစ် ပူဇော်၏။ သေရာမှ
ပြန်၍ရှင်လာသော အင်ကြင်းပင်ကြီးကလည်း အသက်ဝင်နေ၏၊
ပန်းတွေ ပန်းတွေ ဝေနေ၏။ မြင်တိုင်း အားရှိ၏။ အားသစ်ရ၏၊
အတွေးသစ်ရ၏။

မှန်ကျောင်းကြီးမှာလည်း အသစ်ဖြစ်နေ၏။ ပြီးတော့ မပြီးသေး
သို့သော် မှန်းကြည့်လျှင် ဘယ်လောက်လှမလဲဟု တွေးမိ၏။ မီးစက်
အဟောင်းကြီးမှာ မရှိတော့။ မီးစက်အသစ် ဖြစ်နေ၏။ နေရာအသစ်
ရောက်သွား၏။

ကေလာသတောင်သို့ ကူးသောလမ်းကလည်း အသစ်ဖြစ်နေ
၏။ တောင်နှစ်တောင်သည် တစ်ဆက်တည်း ဖြစ်သွား၏။ ဟိုတောင်
ဒီတောင် အလွယ်ကူးနိုင်၏။

တစ်ပတ် ပတ်လိုက်သောအခါ သေရာမှ ပြန်ရှင်လာသော
ပိန္နဲပင်ကြီးကို သတိထားမိ၏။ အသီးတွေ အသီးတွေ သီးနေသည်မှာ
ခူး၍ နိုင်မည် မထင်။

ပိန္နဲပင်၏ အရှေ့ဘက်တွင် ကျောင်းဆောင်အဟောင်း ရှိ၏၊
ထိုအဟောင်းကို မကောင်းဟုထင်သဖြင့် အသစ်ဆောက်မည်ဟု
ဦးပဥ္စင်း ဦးခင်ရွှေက ဆိုနေ၏။ ထိုအဟောင်းထဲတွင် ကျောက်စာ
အဟောင်းကြီး ရှိ၏။ မွန်ကျောက်စာ ဖြစ်၏။ မူရင်းကျောက်စာ ဖြစ်၏၊
ရေးထိုးသူမှာ ဓမ္မစေတီမင်း ဖြစ်၏။ ထိုကျောက်စာအရ ကေလာသ
တောင်တော်၏ သမိုင်းလမ်းကြောင်းသည်လည်းကောင်း၊ ကေလာသ
ဆံတော်ရှင်၏ သမိုင်းလမ်းကြောင်းသည်လည်းကောင်း ခိုင်လုံသော
အထောက်အထား ဖြစ်လာ၏။

ထို ကျောက်စာရုံထဲမှာပင် ဦးပဍ္ဍင်း (၆) ပါး ကျိန်းကြမည့် နေရာ ဖြစ်လာ၏။ ရန်ကုန်က. . . ဇေကမ္ဘာက ဘုန်းကြီးလာဝတ်သတဲ့ ၍ ဦးခင်ရွှေကို မမြင်ဘူးသူများက လာကြည့်ကြသည်။ တစ်နည်း ဘူးကြ၏။ အထူးခြားဆုံးမှာ ဘုန်းကြီးအိုအိုကြီး (၈) ပါး ဖြစ်၏။ ဘုန်းကြီးများမှာ လည်း ဟိုတစ်နေ့ကမှ အတူတူဘုန်းကြီးဝတ်လာကြ များ ဖြစ်၏။ အားလုံး အသစ်စက်စက်ဖြစ်၏။ သို့သော် အသက် က ကြီးလှပြီ။ အငယ်ဆုံးပဍ္ဍင်း အသစ်စက်စက်ကလည်း (၇၁) ဖြစ်၏။ ငယ်ငယ်ကတည်းက တစ်ခါမှ ဘုန်းကြီးမဝတ်ဘူးကြပါဟု ၏။ ရွာတွင် အလွန်နာမည်ကြီးသော လူမိုက် ကြီးများ ဖြစ်ကြ၏ဟု ၏။ ထိုလူမိုက်ကြီးများအားလုံး တစ်စုတစ်ရုံးတည်း သိမ်တက်၊ င်းခံသွားကြပြီဆိုတော့ ရွာကလူတွေက ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးကို ပို၍ပို၍ ကြည်ညိုကြသည်ဟု သိရ၏။

ထို လူမိုက်ကြီးများထဲတွင် အသက် (၈၅) နှစ်လောက်ရှိသော ကုလ်ကြီးတစ်ဦးလည်း ပါ၏။ သို့သော် ခပ်မိုက်မိုက် ဖြစ်၏။ သူ့ကို င်ထွန်းတင် ဟုခေါ်ကြ၏။ ဂျစ်ကန်ကန် လူတစ်မျိုးဟု ဆို၏။ ဘုန်းကြီး ဘယ်ဘုန်းကြီးမှ တယ်ပြီး မရှိသေဟု ဆို၏။ သိပ်ပြီး ဂရုလည်း က်ဟုဆို၏။ ထို့ကြောင့် တစ်သက်လုံး ပျော်သလိုသာ နေခဲ့ကြပါ ဘဲ့။

ဟိုတုန်းကဆိုလျှင် (နှစ်ပေါင်း ၃၀ လောက်က) ကျိုက်ထီး ဆောင်း ဆရာတော်ကြီးကလည်း ရသေ့ဘဝသာ ရှိသေး၏။ နာဂသစ္စာ သေ့ကြီးဟု လည်းကောင်း၊ ဘိုးသစ္စာဟူ၍လည်းကောင်း လူသိများ၏။ ရွာတောထဲတွင် လမ်းလျှောက်သွားလျှင် သူနေရာ ကွက်ကွက် လေးသာ မိုးကွင်း၏။ ကျန်တဲ့ နေရာအားလုံး မိုးရွာ၏။ သည်လိုနှင့် ကြောင်းရသေ့ကြီးဟု အလွန် နာမည်ကြီး၏။ မသိသူ မရှိ။

၁၉၆၉ ခုနှစ်လောက်တွင် ရသေ့ဘဝမှ ရဟန်းဘဝသို့ ပြောင်းလိုက်၏။ သက်သတ်လွတ် ကိုယ်တော်ကြီးဖြစ်၏။ သို့သော်လည်း ဇုတ်သုတ်ရွာမှ လူမိုက်ကြီးတွေ ပေါသောရွာဖြစ်သဖြင့် အမဲသား ဝက်သား မပါလျှင် ထမင်းမစားဟုဆိုကြ၏။ ထိုအခါ ကျိုက်ထီးဆောင်းဆရာတော်က ငါးသုံးလီ ကျင့်စဉ်ကို ချ၏။ ထိုအခါ အားလုံးလိုလိုက ဆန့်ကျင်ကြ၏။ ထိုထိုဤဤ အလီလီသော ဆန့်ကျင်သူများထဲတွင် ယခု ပဋ္ဌင်းအသစ်စက်စက်ကလေးများဖြစ်သော ဂျစ်ထွန်းတင် စသည်တို့လည်း ပါကြသည် ဆို၏။

သည်လိုသည်လို ဆရာတော်ကို မကြည်ညိုကြ။ သို့သော် အသက် (၇၀-၈၀) လောက် ရောက်လာကြသောအခါ ထိုလူမိုက်ကြီးတစ်စုမှာ ဇရာဒုက္ခဖြင့် ဒုက္ခကို နည်းနည်းသိလာကြ၍ ကလျာဏီ သိမ်တော်ကြီးဖွင့်ပွဲ တွင် အလုအယက် ပါဝင်လာကြ၏။ သို့သော် ကိုယ့်ကိုယ်ကို သိပ်မယုံကြ။

သည်လိုအချိန်မှာ ကျွန်တော်တို့အုပ်စုကလည်း ပဋ္ဌင်းအသစ်စက်စက် ဖြစ်လာကြ၏။ သူတို့အုပ်စုကလည်း ပဋ္ဌင်းအသစ်စက်စက် ဖြစ်လာကြ၏။ ရန်ကုန်က အသစ်စက်စက်နှင့် ဇုတ်သုတ်က အသစ်စက်စက်တို့သည် ကေလာသတောင်ထိပ်မှာ ကံဆုံကြ၏။ ကျွန်တော်တို့ ဦးပဋ္ဌင်း (၆) ပါးက ဓမ္မစေတီကျောက်စာနေရာမှာ နေရာယူ၏။ သူတို့အုပ်စုက ဟိုဘက်က တန်ဆောင်းမှာ နေရာယူကြ၏။

ကျွန်တော်တို့အုပ်စုသည် တစ်ညသာ သည်တောင်မှာ အဓိဋ္ဌာန်ဝင်မည်။ နောက်တစ်နေ့မှာ နောက်တစ်တောင်သို့ ကူးပြောင်းမည်ဟု အားလုံးက သိထားပြီးဖြစ်၏။ တစ်ညလျှင် တောင်တစ်တောင် ဆံတော်ရှင် တစ်ဆူ အဓိဋ္ဌာန်ဝင်ကြမည်ဟု အားလုံးက သိကြ၏။ သူတို့လည်း သိကြ၏။

ထို့ကြောင့် ဇေကမ္ဘာက ဒေါက်တာခင်ရွှေဆိုသူ အဂ္ဂမဟာသိ

နမ္မမဏ်ိဖောတမရဘွဲ့ရ ဘုရားဒကာကြီးရောက်တုန်းမှာ အခွင့်
အရေးကို လက်မလွှတ်ဘဲ ကောင်းကောင်းယူကြဖို့ တရားဟော၏။
ဘောက လူရိုးကြီး များဖြစ်သော လူရိုးကြီးတွေအဖို့ အကြိုက်ဖြစ်၏။
တို့က လူတွေကသာ တစ်မျိုးကြီး ပြောကြတာ တကယ်က
တောဟောဒိုင်းဒိုင်းသမားတွေ၊ တောသားကြီးတွေဆိုတော့ ဘာပြော
ပြော တဲ့တိုးကြီးပဲ။ မနက်စောစော တွေ့တွေ့ချင်းကတည်းက စကား
ပြောလိုက်ကြတာ။ ဘုရားအကြောင်း၊ တရားအကြောင်း၊ သေခြင်း
အကြောင်း၊ ရှင်ခြင်းအကြောင်း၊ နတ်ရွာအကြောင်း၊ ငရဲပြည်
အကြောင်း၊ သောင်းပြောင်းထွေလာ အစုံပါ၏။ ဦးခင်ရွှေက "အခွင့်"
ဆိုသော စကားလေးအကြောင်းကို ထူးထူးခြားခြား "တရားအဆန်း"
ဟော၏။ ပြီးတော့ ဘာပြောသလဲဆိုတော့ ဦးပဥ္စင်းက သီလသိက္ခာ၊
သမာဓိသိက္ခာ၊ ပညာသိက္ခာ ဘာမှ ထူးထူးခြားခြား မရှိပါ။ သို့သော်
လည်း ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကို ရွေးချယ်ကြည်ညိုသည့်နေရာမှာ တော့
ဘော်တော်ကံကောင်းခဲ့ပါတယ်။ ယခုလည်း ဆရာတော်ကြီးနဲ့
တွေ့ခွင့်ရခဲ့၊ ဆရာတော်ကြီးကို ပါရမီဖြည့်ခွင့်ရခဲ့၊ ဆံတော်ရှင် သာသနာ
ကြီးကို ဒကာပြု၍ ဖွင့်ဖော်ခွင့်ရခဲ့ပါတယ်။ ဒီလိုပဲ ဦးပဥ္စင်းတို့အားလုံး
လည်း လုပ်ခွင့်ရတုန်း လူဖြစ်ခွင့်ရတုန်းမှာ အခွင့်အရေးကို
လက်လွှတ်မခံဘဲ အနေတတ်ဖို့၊ အသေတတ်ဖို့ လိုပါတယ်။ ဒါမှ
အနေမြတ်မယ်၊ အသေမြတ် မယ်ဟု ပြောပါသည်။

ဒီတော့ ဦးပဥ္စင်းအိုအိုကြီး (၈) ပါးထဲမှ ဦးဇင်း ဂျစ်ထွန်းတင်
တော့ သည်တရားကို ပိုပြီးသဘောကျပုံရပါတယ်။ ဘာကြောင့်လဲ
ဆိုတော့ သူနှင့် ဦးပဥ္စင်း ဦးခင်ရွှေတို့သာ အတိုင်အဖောက်၊ မမောမပန်း၊
မပန်းတသာ ပြောနေကြလို့ပါပဲ။ ဦးပဥ္စင်း ဂျစ်ထွန်းတင် ခဏခဏ
ပြောတဲ့ စကားလုံးက "သိပ်ပြီး နောက်ကျသွားပြီလား မသိဘူး"
ဆိုသော စကား ဖြစ်ပါသည်။

ဦးပဥ္စင်း ဦးခင်ရွှေကလည်း "နောက်မကျပါဘူး"၊ "အကာလိ
ကော" ဆိုပါသည်။ အခါမလင့် ကောင်းကျိုးချမ်းသာပေးပါသည်။
"နောက်မကျပါ" ဟု ခဏခဏ ပြောပါသည်။ ဦးပဥ္စင်း ဂျစ်ထွန်းတင်
ပြောချင်တာက သူ ငယ်ငယ်တုန်းက မဟုတ်တာ အကုန်လုပ်ခဲ့သည်။
ယခုအသက်ကြီးမှ နောင်တရသည်။ ပဥ္စင်းဝတ်သည်။ "သိပ်ပြီး
နောက်ကျသွားပြီလား မသိ" ဟု ဆိုလိုပါသည်။

ဘုရားဟောတရားက ချက်ချင်း အကျိုးပေးပါသည်။ စိတ်ထား
ယခု ထားတတ်ဖို့ လိုသည်။ စိတ်ထား ယခု မှန်ဖို့လိုသည်။ စိတ်ထား
ယခု တည်ငြိမ်ဖို့ လိုသည်။ ယခုပင်လျှင် ထွက်လေ၊ ဝင်လေကို ရှု
ထွက်တာကို သိပါစေ။ ဝင်တာကို သိပါစေ။ တခြား ဘာမှ မသိပါစေ
နှင့်။ သမာဓိကလေးတစ်လုံး ရအောင်လုပ်။ ဒီလိုနှင့် ငါးမိနစ်၊ ဆယ်မိနစ်
လောက် ရအောင်လုပ်။ ငြိမ်ငြိမ်နေ။ မိအောင်ဖမ်း။ ဝင်လေ၊ ထွက်လေ
သိပ်နောက် မကျပါဘူး စသည်ဖြင့် ခဏခဏ ပြော၏။ မေးသူက
လည်း သူ့ကိုယ်သူ စိတ်မချ။ ဖြေသူကလည်း သူ့ကိုယ်သူ စိတ်ချ၏။
ခဏခဏ ဖြေ၏။

သူတို့နှစ်ယောက် (ဝါ) ဦးပဥ္စင်းနှစ်ပါး ဆွေးနွေးလိုက်ကြတာ
တစ်နေ့ လုံးပါပဲ။ ကျန်တဲ့လူတွေက ညောင်းတော့ ဟိုလျှောက်
ဒီလျှောက်။ ပြန်ရောက် တော့လည်း သူတို့က ပြောဆဲပါပဲ။ ဟောဆဲပါ
ပဲ။ ဆွေးနွေးဆဲပါပဲ။ ဦးပဥ္စင်း ဦးခင်ရွှေက တရားဆွေးနွေးမည်
မည်သူမဆို တက်ကြပါဟု ဖိတ်သည်။

ဦးပဥ္စင်း ဦးခင်ရွှေ စည်းရုံးရေး ဘယ်လောက်ကောင်းသလဲ
ဆို တော့ တောင်တစ်လုံးမှာရှိတဲ့ ပုပ္ပရွရ လူမှန်သမျှ လာလိုက်ကြတာ
ဇရပ် ကြီး တစ်ခုလုံး ကျိုးကျလုမတတ်ပါပဲ။ ဒီတော့ ဦးပဥ္စင်း ဦးခင်ရွှေ
ကလည်း ယခုလို အခွင့်ကြုံတုန်း လူတွေကိုလည်း တစ်ယောက်လျှင်
ငွေ (၁၀၀၀) ကျပ်၊ (၂၀၀၀) ကျပ်၊ (၃၀၀၀) ကျပ်၊ (၅၀၀၀) ကျပ်
စသည်ဖြင့် လှူလိုက် တာ။ ငါးသိန်းလောက် ကုန်သွားပါတယ်။ သို့သော်

ဒီလို "လှူခွင့်" က အင်မတန် ရခဲပါတယ်။ ယခုလို ကျိုက်ထီး ဆရာတော်၏ သာသနာနှင့် ဆုံခွင့်ရ၍၊ ဆွေဟောင်း ဟောင်းများနှင့် ယခုလိုဆုံခွင့်ရ၍ ယခုလို သူကလည်း ငွေလှူခွင့်ရ အလွန်ထူးသော အခါအခွင့်ကြီး ဖြစ်ကြောင်း အစချီ၍ အခွင့် ကြောင်း ဆွေးနွေးပါသည်။ ပြောကြပါ သည်။ သို့နှင့် မိုးကြီး စုပ်စုပ် ပါသည်။

အားလုံးပျော်ပျော်ရွှင် ပြန်သွားကြပါသည်။ သို့သော် မပြန်ဘဲ နေသူမှာ ဂျစ်ထွန်းတင် ဖြစ်ပါသည်။ ရန်ကုန်မှာ ရွှေတိဂုံ အနောက် မုခ် စောင်းတန်းအနီး ထီးဒီပံ မမွှာရှုံသစ် ဖွင့်ပွဲအခမ်းအနား အခွေကို ပြပါသည်။ ပြီးတော့ ကျိုက်ထီးရိုး ထီးတင်အခွေကိုလည်း သည်။ ဦးပဥ္စင်း ဂျစ်ထွန်းတင်သည် မက်မက်မောမော၊ လိုလို ခင်၊ အံ့အံ့သြသြ၊ လေးလေးစားစား၊ ရိုရိုသေသေ ကြည့်ပါသည်။ ခေါင်းလောက်ရောက် တော့လည်း သူက မပြန်ချင်သေး။ ဦးပဥ္စင်း ခင်ရွှေက. . . ကဲဗျာ. . . ကိုယ်တော် မနက်ကျတော့မှ ဆက်ပြီး ဆွေးနွေးကြသေးတာပေါ့ဟု ဖွင့်ပြောရသည်။ "နောက်မကျပါဘူး" ကော်ရာအရပ်မှာ ဆက်၍ ကျင့်ပါဟု မှာလိုက်သေး၏။ ဟိုကလည်း ". . . နောက်မကျသေးပါဘူးနော်"ဟု ပြောရှာ၏။ အားလုံးသော ဥ္စင်းမှာ ကျိန်းကြ၏။ နောက်တစ်နေ့မနက်ရောက်တော့ အရုဏ် ဆွမ်းစားကြသည်။ သို့သော် ဦးပဥ္စင်း ဂျစ်ထွန်းတင်ကို မတွေ့ရ။ မနေ့ည ဘစ်ညလုံးလိုလို ဘုရားရှိခိုးနေ၏ဟု ဆို၏။ တစ်ညလုံး မေတ္တာပို့နေ ဟု ဆို၏။ မနက်စောစောမှာ အားလုံး အားလုံး အရုဏ်ဆွမ်း စားရန် သောအခါမှာလည်း ဦးပဥ္စင်း ဂျစ်ထွန်းတင်မှာ ဘုရားရှိခိုး၍ မပြီးသေးဟုဆို၏။ သို့နှင့် အားလုံးက စိတ်ပူ၍ တော်တော်ကြာ ကိုယ်တော်တော့ ဆွမ်းငတ်တော့မှာပဲ ဆိုပြီး သွားကြည့်ပြန်တော့ လည်း ငုတ်တုတ် ကလေးထိုင်ပြီး ဘုရားရှိခိုးနေတုန်းပါပဲတဲ့။ ကဲ. . . ကာနားပါဦး။ ဟိုမှာ မိုးလင်းတော့မယ်။ အားလုံး ဆွမ်းစားပြီးပြီ။

ကိုယ်တော်တစ်ပါးတည်း ကျန်တော့တယ်ဆိုပြီး လက်တို့၍ ပြောလိုက် တော့မှ ဘေးကို ဘုတ်ခနဲ လဲသွားသတဲ့။ တကယ်က ဘုရားရှိခိုးရင်း တရားအားထုတ်ရင်း သေနေ ခြင်းဖြစ်သည် (ဝါ) ဘဝတစ်ပါးသို့ ပြောင်းသွားခြင်းဖြစ်သည် (ဝါ) ပျံလွန် တော်မူသွားခြင်း ဖြစ်သည်။

ကဲ. . . ဒီတော့မှ ကေလာသတောင်ကြီး တစ်တောင်လုံး အုတ်အော်သောင်းတင်း ဖြစ်သွားပါသည်။ ဒီသတင်းက ကေလာသ တောင်ခြေအထိ ရောက်သွားပါသည်။ ထိုမှတစ်ဆင့် ဇုတ်သုတ်အထိ ရောက်သွားပါသည်။ ဇုတ်သုတ်မှတစ်ဆင့် ဘီးလင်း၊ ဘီးလင်းမှတစ်ဆင့် ကျိုက်ထီးရိုး၊ ကျိုက်ထီးရိုး မှတစ်ဆင့် ကျိုက်ထီးဆောင်း ဆရာတော် အထိ သတင်းပေါက်ကြားသွားပါသည်။

ဦးပဥ္စင်း ဦးခင်ရွှေ တရားဟော ကောင်းလိုက်ပုံကတော့ ဦးပဥ္စင်း တစ်ပါး တရားအားထုတ်ရင်း ပျံလွန်တော်မူသွားသတဲ့။ ကျိုက်ထီး ဆောင်း ဆရာတော်လည်း မရယ်စဖူး အရယ်ထူး၍ ရယ်ပါ၏။

ဦးပဥ္စင်း ဦးခင်ရွှေကလည်း မနေ့က တရားပွဲမှာ ပေးလိုက်တဲ့ ငွေ ငါးရာတန်ကလေးကို ပျံလွန်တော်မူသွားတဲ့ ဦးပဥ္စင်းဆီမှာ တပည့်တော် တွေ့လိုက်ရပါတယ်။ သူ့အိမ်ကလူတွေ လိုက်လာတော့ လည်း ဟဲ့. . . ကိုယ့်အတွက် ကိုယ်ပူကြ၊ အသေဖြောင့်အောင် ကြိုးစားကြ။ ပျံလွန်တော်မူသွားတဲ့ ဦးပဥ္စင်းကြီးအတွက်တော့ဖြင့် စိတ်မပူကြနဲ့တော့။ လောကကြီးမှာဗျာ ဒီလောက်တောင် အနေမြတ်၊ အသေမြတ်၊ အနေတတ်၊ အသေတတ်၊ မြင့်တာ မြတ်တာ မရှိတော့ဘူး ဘူးဟု ပြောပြောဆိုဆို နှစ်သိမ့်ရင်း (ကိုယ့် ပယောဂ တယ်မကင်းဘူး ဗျာဟု) ပြောပြောဆိုဆိုနှင့် အသုဘစရိတ်ငွေ ငါးသောင်းလှူလိုက် ရကြောင်း ဦးပဥ္စင်းမောင်ပန်းမွှေးက မျက်မြင်သက်သေကောင်း ဖြစ်ပါကြောင်း။

◆ ◆ ◆

# (၁၉၈၉) ခုနှစ်က
# ဗိုက်စာအပေါင်းကလေးတစ်စောင်

သူ့လုပ်ငန်းတွေ ကမောက်ကမဖြစ်နေချိန် အဆင်မပြေ ဖြစ်နေ…များရှိနေသော်လည်း သူ့စိတ်က ဘာသာ သာသနာမှာ အမြဲရှိနေ…ည်၊ ၁၉၈၈ ခုနှစ်တွင် သန်လျင်မြို့ အလွမ်းဆွတ်ကျေးရွာပေါင်း…နှိုသော ဖောင်တော်ဦးစေတီတော်ကြီးကို အသစ်ပြုပြင်လိုက်ခြင်း…ည် ကံပေါင်းတွင် ကံသစ်ဆင့်လိုက်ခြင်းဖြစ်ကြောင်း သူ့ဘာသာသူ…ောင်းစွာ သိပုံရပါသည်။

**အလုပ်သည် ကံဖြစ်၏၊ ကံသည် အလုပ်ဖြစ်၏၊ အလုပ်…ောင်းလျှင် ကံကောင်း၏၊ ကံကောင်းအောင် အလုပ်ကောင်း…ုပ်ပါ** ဟု သူက ပြောပါ၏။ အလွန်မှတ်သားဖွယ်ရာ ဖြစ်ပါ၏။

ရုတ်တရက်ကြည့်လျှင် ဘာသာရေးယောင်ယောင် ထင်ရ၏။ …တ်ပါ။ တကယ့်လက်တွေ့ ဖြစ်ပါသည်။ စိတ်ထားကောင်းလျှင် …ကောင်းသည် မဟုတ်ပါလော။ ကံကောင်းအောင် စိတ်ထားကောင်း…အောင် လုပ်ရမည် မဟုတ်ပါလော။

အဆောက်အဦတွေ ဆောက်လိုက်၊ အဆင်မပြေ ဖြစ်လိုက်၊ အဆင် မပြေ ဖြစ်လိုက် ပြန်ဆောက်လိုက်၊ ပြန်ဆောက်လိုက် ငွေတွေ ပြန်ကုန်လိုက်၊ ထိုသို့သောအချိန်တွင် သူသည် တွံတေးမြို့ရှိ ဗောင်းတော်ချုပ် ဆရာတော်ကြီးကို ချဉ်းကပ်၍ နည်းနာများခံယူသည်။ ဆရာတော်ထံမှ လောကီလောကုတ် အမြတ်ထုတ်နိုင်သော တရား ကောင်းများ ရရှိသည်။ ထိုတရားများဖြင့် သူသည် စိတ်ကို သန့်ရှင်း အောင် ဆေးကြောလိုက်သည်။

ဤသို့ဖြင့် သူသည် စိတ်ကို မြားဖြောင့်သလို ဖြောင့်အောင် မြှုပြင် လိုက်၏။ ဤသို့ဖြင့် တဖြောင့်တည်းသောစိတ်ဖြင့် သူသည် လက်တစ်ဖက်က သာသနာ့အလုပ်ကို လုပ်၏။ လက်တစ်ဖက်က အမျိုးသားရေးအလုပ်ကို လုပ်၏။

ပခုံးတစ်ဖက်ဖြင့် သူသည် သာသနာ့ဝန်ကို ထမ်း၏။ ပခုံး တစ်ဖက်ဖြင့် သူသည် မိသားစုတာဝန်ကို ထမ်း၏။ ဤသို့ဖြင့် သူ၏ ဘဝတစ်ဝက်ကို အမျိုး ဘာသာ သာသနာအတွက်သို့ မြှုပ်နှံ ကြိုးစားခဲ့၏။ ထိုအချိန်မှစ၍ သူသည် အောင်မြင်မှုလမ်းစကို နင်းခဲ့၏။ ထိုအချိန်မှစ၍ လုပ်ငန်းအားလုံး အဆင်ပြေလာ၏။ ချောမွေ့လာ၏။

ယခုအချိန်ထိပင်လျှင် သူသည် တစ်နေ့တစ်ရက်မှ မမေ့မလျော့ ဘဲ ဗောင်းတော်ချုပ် ဆရာတော်ကြီးကို ပထမ ကျေးဇူးရှင် ဆရာတော် ကြီးဖြစ်ကြောင်း မကြာခဏထုတ်ဖော်၍ ကျေးဇူးဆပ်တတ်၏။

တစ်ခါတလေ မြို့တစ်ခုခုကို ရှတ်တရက်မေ့နေလျှင် အလွမ်းဆွတ်ရွာဟု ရုတ်တရက် ဆိုတတ်၏။ အမှန်မှာ ထိုသို့ဆိုခြင်း သည် ယောင်၍ ဆိုခြင်းဖြစ်၏။ သို့သော်လည်း သူ၏ ယောင်ရမ်းခြင်း သည် အကောင်း ယောင်ရမ်းခြင်း ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သူသည် ၁၉၈၈ ခုနှစ်က သန်လျင်မြို့ အလွမ်းဆွတ်ကျေးရွာဟောင်းရှိ

...ောင်တော်ဦးစေတီတော် အား အသစ်ပြုပြင် ထီးတော်တင်ခြင်းကို အမှတ်သ သတိရလျက်နေသောကြောင့် ဖြစ်မည်ဟု တွေးတောမိပါသည်၊

ထိုသို့ တွေးတောမိအောင်လည်း ကျွန်တော့်အား ဟောင်းနွမ်းနေသော ဖိတ်စာဟောင်းလေးတစ်ခုက လှုံ့ဆော်လိုက်သောကြောင့် ဖြစ်ပါသည်။

ထိုဖိတ်စာဟောင်းကလေးမှာ ၁၉၈၈ ခုနှစ်က ဖိတ်စာကလေး ဖြစ်၍ စာလုံး အနေအထားမှစ၍ ဘာဘာညာညာ သားသားနားနား မရှိပါ။ ရိုးရိုးဖိတ်စာကလေးသာ ဖြစ်ပါ၏။ သို့သော်လည်း ထိုဖိတ်စာကလေးမှာ ယနေ့ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန် ဒုတိယအဆင့်၊ လူမှုထူးချွန် ပထမအဆင့် ...ဘာဆိပ်ရ ဒေါက်တာ ခင်ရွှေ (ဇေကမ္ဘာ) ၏ အောင်မြင်မှုဇာတ်လမ်း ...က ဖိတ်စာ ကလေးဖြစ်သဖြင့် တန်ဖိုးထားတတ်လျှင် တန်ဖိုးရှိပါသည်။ အတုယူတတ်လျှင် အတုမြင်၍ အတတ်သင်နိုင်ပါသည်။ ...ဆိတ်ကလေး ဖတ်ကြည့်စေချင်ပါသည်။

## ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက သဘင် ဖိတ်ကြားလွှာ

ဟောင်းတော်ချုပ် ဆရာတော်ကြီးနှင့် မနော့မယ ဆရာတော်ကြီးတို့ထံမှ ဩဝါဒ ခံယူလျက် ဆရာတော် ဘဒ္ဒန္တပညာသာမိနှင့် အလှမ်းဆွတ် ကျောင်းဆရာတော် ဦးနာယကတို့အား အကြီးအမှူးပြု၍၊ ...ကုဇ္ဇီရှင် နှစ်ဖက်သော မိဘများအား နာယကအရာထားကာ. . .

"ဘုရားဒါယကာ ဦးခင်ရွှေ ဘုရား ဒါယိကာမ ဒေါ်စန်းစန်းကြွယ်၊ ...သား မောင်ဇေသီဟ၊ သမီး မဇေဇင်လတ်" တို့နှင့်တကွ ရွှေထီးတော် အလှူရှင်များ၊ စေတီတော် အလှူရှင်များ၊ အလှမ်းဆွတ်ရွာ ရွာသူ

ရှာသားများက လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အလွှမ်းဆွတ်ကျေးရွာ ရှိ "သန်လျင်-ဒလ-ကွမ်းဒေး ရှေးဟောင်းသမိုင်းဝင် ဆုတောင်းမြ ဖော်တော်ဦးစေတီ တော်" အား ပြန်လည် ပြုပြင် တည်ဆောက်ပြီးဖ အောင်မြင်ပြီးဖြစ်ပါ၍ ပင်မ စေတီတော်ကြီး ပထမ ပစ္စယံစေတီတော် ၄ ဆူ၊ ဒုတိယပစ္စယံစေတီတော် ၈ ဆူ၊ မြေပေါက်စေတီတော် ၂ ဆူ တို့အား ရွှေထီးတော်များ တခမ်းတနား တင်လှူပူဇော်ခြင်း၊ ပင့်သံဃာ တော် ၃၇ ပါးတို့အား ဒါတပစ္စဝတ္ထု အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း တို့ကို ၁၃၅၀ ပြည့်နှစ်၊ တပေါင်းလပြည့် (၂၁-၃-၈၉) အင်္ဂါနေ့၊ နံနက် ၉ နာရီအချိန်မှစ၍ ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကြွရောက် ပူဇော် သာဓုခေါ်နိုင်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

♦ ♦ ♦

# နိုင်ငံတော်သစ် တည်ဆောက်နေသော မြန်မာနိုင်ငံ၏ အားကစားကဏ္ဍနှင့် ဒေါက်တာခင်ရွှေ၏ကူညီမှု

နိုင်ငံတော်မှအားပေးလျက်ရှိသော အားကစားကဏ္ဍတွင် အားသွန် ခွန်စိုက် စိတ်ရောကိုယ်ပါ ပါဝင်လျက်ရှိသူ တစ်ယောက်ကို လက်ညှိုးထိုး ပြပါဆိုလျှင် ဒေါက်တာခင်ရွှေကို ထိုးပြရပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် အားကစားကဏ္ဍ မြင့်မားလာရေးအတွက် ဇေကမ္ဘာမိသားစုမှ လှူဒါန်းသောငွေ ငွေပေါင်းမှ အမေရိကန်ဒေါ်လာပေါင်း (၃၅၀၀၀၀) ကျော်နှင့်တကွ မြန်မာကျပ်ငွေ သိန်းပေါင်း (၅၀၀၀) ခန့်ကို (၁၆-၂-၂၀၀၂) နေ့အထိ ထောက်ပံ့ခဲ့ကြောင်း သိရပါသည်။

အလွန်အံ့ဖွယ် ဖြစ်ပါသည်။ နိုင်ငံ့ကိစ္စကို ကိုယ့်ကိစ္စဟု သဘောထား ထားခြင်းမှာလည်း သေးသိမ်သောစိတ်ထားရှိလျှင် မဖြစ်နိုင်ပါ။ ကိုယ့်ဥမှ ကိုယ့်ဥ၊ ကိုယ့်အိမ်မှ ကိုယ့်အိမ်၊ ကိုယ့်မိသားစုမှ ကိုယ့်မိသားစုဟု ထင်နေ သည့်ကား အမျိုး ဘာသာ သာသနာ ဖွင့်ဖော်သောကိစ္စများတွင် ကပ်စီးနည်း ကော်တစ်ရာ ဖြစ်နေမည်မှာ သေချာပါသည်။ ထိုစိတ်ထားမျိုး ကင်းပါက လည်း အရှည်ကို မြော်မြင်၍ ကိုယ့်ပြည်အကျိုးကို ကိုယ့်အကျိုးနှင့်အတူ ဆောင်ရွက်ချင်စိတ် ဖြစ်ပေလိမ့်မည်ဟု တွေးမိပါသည်။

၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင်

နှစ်စဉ်ကျင်းပခဲ့သော ဘန်ကောက်မာရသွန်ပြိုင်ပွဲသို့ (၃) နှစ်တိတိ (၃) ကြိမ်ဆက်၍ နိုင်ငံဂုဏ်ဆောင်ခဲ့သော လုပ်ရပ်တချို့ကို ကျွန်တော် တွေ့ထားပါသည်။

ထို အားကစားသမားတို့ ဘန်ကောက်တွင် နေစရိတ်၊ စားစရိတ် အစရှိသော ကိစ္စအဝဝများကို သူက နိုင်ငံအတွက် တာဝန်ယူ လှူဒါန်းခဲ့သည်မှာ ပါရမီကြီးမှ၊ စိတ်ကြီးမှ၊ အမြင်ကြီးမှ ပြုလုပ်နိုင်သောကိစ္စ ဖြစ်သည်။ ပါရမီ ငယ်သူ၊ စိတ်ငယ်သူ၊ အမြင်ငယ်တို့၏ ကိစ္စမဟုတ်ချေ။

၁၉၉၃ ခုနှစ်တွင် ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပခဲ့သော ပွဲများအနက် လူအများ ယနေ့တိုင်မမေ့နိုင်သော ပွဲတစ်ခုမှာ မြင်းခုန်းသဘင် ဖြစ်ပါသည်။ ထိုနှစ်က ထိုမြင်းခင်းသဘင်မှာ ပထမအကြိမ် ဖြစ်ပါသည်။ ခမ်းနားဆန်းပြားသော မြင်းခင်းသဘင်အတွက် ဝတ်စုံများအတွက် လည်းကောင်း၊ ပြိုင်ပွဲသုံးပစ္စည်းများအတွက် လည်းကောင်း၊ လုပ်အားပေး ကျောင်းသူကျောင်းသားများကို ကျွေးမွေး၍ ကုန်ကျသော စရိတ်စခအားလုံးကိုလည်းကောင်း သူက တာဝန်ယူခဲ့သည်ဟု ဆိုသည်မှာ လူသိနည်းသော ကောင်းမှုတစ်ခုဖြစ်ပါသည်။ လူမသိသော်လည်း နတ်သိနိုင်ပါသည်ဟု ထင်မိပါသည်။

၁၉၉၃ ခုနှစ်တွင် အလွန်မထင်မှတ်သော ကိစ္စတစ်ခု တွေ့ရပါသည်။ နိုင်ငံရပ်ခြားဖြစ်သော မကာအိုသို့ မြန်မာချစ်ကြည်ရေး ဘောလုံးအသင်း ရောက်ရှိခဲ့ကြောင်း သတင်းကောင်း ကြားရပါသည်။ ချစ်ကြည်ရေးဘောလုံး ပြိုင်ပွဲများကျင်းပခဲ့ရာ နိုင်ငံ့အတွက်များစွာ ဂုဏ်ယူစရာ ဖြစ်ခဲ့ပါသည်။

မြန်မာအားကစားသမားများ ပြည်ပတွင် တည်းခိုနေထိုင်သော စရိတ်မှာ အလွန်ကြီးလေးပေလိမ့်မည်ဟု တစ်ကိုယ်တော်အတွေးဖြင့် တွေး၍ သိနိုင်ပါသည်။ ထိုအထွေထွေကုန်ကျစရိတ်များအားလုံးကို နိုင်ငံသစ်တည်ဆောက်နေသော မြန်မာနိုင်ငံအတွက် ဒါနပြုသည်မှာ သူ ဖြစ်ကြောင်း သိရသောအခါ များစွာ အံ့ဩမိပါသည်။ လှူသောကြောင့် အံ့ဩသည်

ော့တ်ပါ။ နိုင်ငံသစ်တည်ဆောက်ရာတွင် နေရာတကာမှာ သူသည် ပါ၍ ြ၍ နေပါကလားဟု တွေးမိသောကြောင့် ဖြစ်ပါသည်။

ယနေ့ယခု နိုင်ငံတော် အားကစားကဏ္ဍတွင် ဘောလုံးသည် ပံ့တန်းတစ်နေရာသို့ ရောက်နေသည်မှာ အများသိပါသည်။ မြန်မာပြည် ၏ နယ်နိမိတ်ကိုကျော်၍ ကမ္ဘာ့နယ်နိမိတ်အထိ တက်လှမ်းရန် ကြိုးစားနေ သော အားကစားကြီးတစ်ခု ဖြစ်ပါသည်။ လူတိုင်းကလည်း မက်မက် မောမော အားပေးကြသည်။

တစ်ရံရောအခါက ထိုဘောလုံးသမားများကို မကာဒိုသို့ ခေါ်ဆောင် ၍ ပြင်ပ ချစ်ကြည်ရေးပွဲစဉ်များတွင် ပါဝင်ခဲ့သော အတိတ်ကို အရိပ် သဏ္ဍာန် မြင်ယောင်မိပါသည်။

၁၉၉၄ ခုနှစ်၊ အောက်တိုဘာလတွင် မြရိပ်ညို တံခွန်စိုက် ကြက်တောင်ရိုက်ပွဲများ ကျင်းပပေးခဲ့သည်မှာလည်း သူပင် ဖြစ်ပါသည်။ ထမဆုရ အားကစားသမား အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ာမ္ဘာဝန်ထမ်းအဖြစ် အသိအမှတ်ပြုပြီးသကာလ တစ်လလျှင် ကျပ်ငွေ ၁၀၀၀နှင့် ဝန်ဆောင်စရိတ်များကို တစ်နှစ်တိတိ လစဉ်ထောက်ပံ့ခဲ့ခြင်း မှာ သူ၏ ထူးခြားသော စိတ်ကူးစိတ်သန်းကို အကောင်အထည် ဖော်လိုက် ခြင်း ဖြစ်သည်။

တစ်နေ့သောအခါ ထိုသူတို့ကိုအားကျ၍ နိုင်ငံအတွက် အားကစား သမားများ ကမ္ဘာ့အဆင့်မှီ ပေါ်ပေါက်လာလျှင် သူ နေပျော်ပါပြီဟု ပြောပါ သည်။

ဘာသာ သာသနာ ကိစ္စမဟုတ်သော်လည်း ဝမ်းသာတတ်သော ခလေ့၊ သူ့စိတ်မှာ ကိန်းဝပ်လျက်ရှိသည်ကို သဘောကျမိပါသည်။ သို့သော် ာည်း သူက ပြန်ပြောင်း သတိရကြောင်း၊ ထိုကောင်းမှုများအတွက် ပီတိ ာ်စားလျက် အသက်ရှည်ခဲ့ကြောင်း ပြောကြားသွားပါသည်။

၁၉၉၅ ခုနှစ်တွင်ကား လူတကာ လုပ်နိုင်ခဲ့သော လုပ်ရပ်တစ်ခု ကို နိုင်ငံအတွက် စွန့်စွန့်စားစား သူ ပြုလုပ်လိုက်လေသည်။ ထိုအချက်မှာ

အခြားမဟုတ် ဖေကမ္ဘာကုမ္ပဏီ၏ မတည်မှုဖြင့် မြန်မာနိုင်ငံ မြားပစ် အဖွဲ့ချုပ်ကို တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

လေ့ကျင့်ရေးပစ္စည်းများကို ပြည်ပမှ မှာယူရသည်ကိုက တကူး တက လုပ်ရသောကိစ္စ ဖြစ်ပါသည်။ ပြည်ပပြိုင်ပွဲများသို့ မြားသမားများကို စေလွှတ်ယှဉ်ပြိုင်ရန်အတွက် မိမိ၏ ချွေးနည်းစာဖြင့် ရှာထားသောငွေမှ နိုင်ငံသစ်၏ အားကစားကို မြှင့်တင်ရန်အတွက် ကူညီပံ့ပိုးခဲ့သည့်အတွက် ကြောင့် မည်သည့်အခါမှ နောင်တရလိမ့်မည်မဟုတ်ကြောင်း သူက မကြာ ခဏ ပြောဆိုခဲ့ပါသည်။

မြားပစ်သမားများ ကမ္ဘာ့စံချိန်မီရန်အတွက် ကမ္ဘာ့မြားသမားများ နှင့် တွေ့ဆုံမှုဖြစ်မည်ဟု သူက ယူဆသည်။ ထို့ကြောင့် မြန်မာ့မြားသမား များကို ကမ္ဘာ့မြားသမားများနှင့်တွေ့ရန် ပြည်ပသို့ သင်တန်းနည်းပြများ စေလွှတ်ရန် သူ၏ စိတ်ကူးကို သူ အကောင်အထည်ဖော်ခဲ့သည်။

ဝန်ထမ်းနှင့်အားကစားသမားများအား လစာထောက်ပံ့ခြင်း စသောကိစ္စများအပါအဝင် ယနေ့အထိ ထည့်ဝင်သုံးစွဲလှူဒါန်းပြီး ငွေပေါင်း မှ အမေရိကန်ဒေါ်လာ (၅၀၀,၀၀၀)ခန့်နှင့် မြန်မာကျပ်ငွေ (၅၀,၀၀၀, ၀၀၀) ခန့်ဖြစ်ကြောင်း သိရပါသည်။ ဤသို့ဖြင့် နိုင်ငံတော်၏ အားကစား ကဏ္ဍအတွက် သူ လှူဒါန်းခဲ့သော ငွေပေါင်းမှာ စုစုပေါင်း အမေရိကန် ဒေါ်လာ (၅၀၀၀၀၀) နှင့် မြန်မာကျပ်ငွေ (၅၀၀၀၀၀၀၀) ဖြစ်ကြောင်း သိရှိရပါသည်။

သူဌေးတစ်ဦးအနေဖြင့် ငွေအမြောက်အမြား လှူဒါန်းကာ မိမိ ကိုယ်ကိုမိမိ အရာရောက်အောင်လုပ်သော သဘောမျိုးမဟုတ်ဘဲ နိုင်ငံ တော်ကို ကူညီချင်၊ ကျေးဇူးဆပ်ချင်သောကြောင့်သာ ပြုလုပ်ခြင်းဖြစ် ကြောင်း တွေးတောမိလျှင် ထိုအတွေးသည် မြှောက်ပင့်ရာ ရောက်လေ မည်လားဟု စဉ်းစားစရာရှိပါသည်။

ထိုအချက်ကိုလည်း ကျွန်တော် မစဉ်းစားဘဲ နေသည်မဟုတ်ပါ။ စဉ်းစားမိပါသည်။ စဉ်းစားလေလေ အဖြေက ရှင်းလေလေ ဖြစ်ပါသည်။

အခြေဖြတ်လဲတွင် သူ၏ နိုင်ငံတော်အပေါ် ထားအပ်သော မေတ္တာ၊ စေတနာ တို့ကို အထင်းသား တွေ့မြင်ရပါသည်ဟု အဆိုပြုချင်ပါသည်။ အဘယ့် ကြောင့်ဆိုသော် သူသည် တွေးလေလေ သူ၏ စေတနာက ပေါ်လေလေ ဖြစ် သောကြောင့် ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်တွင်လုံလောက်သော ဆင်ခြေ ခိုင်သက်ရှိပါသည်။ ထိုဆင်ခြင်တုံတရားမှာ ဖီးကြမ်းငှက်ပျောသီးက ဆက်သေခံပါသည်။

သူသည် ဘန်ကောက်ဖိတ်ခေါ် မာရသွန်ပြိုင်ပွဲသို့ သွားစဉ် အခါက ရှိသမျှ စရိတ်အားလုံးကို သူက အကုန်ခံပါသည်။ ဤအတွက် သူ့ကို မချီးမွမ်းချင် နေနိုင်ပါသည်။ သို့သော် မချီးမွမ်းပဲ နေလို့မရသော အချက်တစ်ခု ရှိပါသည်။ ထိုအချက်မှာ အခြားမဟုတ်။ သူနှင့် အတူသွား သော အားကစားသမားများသည် ဘန်ကောက်ရောက်သောအခါ ဘော်တဆ မြန်မာပြည်ကိုအောက်မေ့၍ မြန်မာအစားအစာများ စားချင် သည် ရနိုင်အောင်ဆိုပြီး သူ့စိတ်ကူးနှင့်သူ သူသည် ဖီးကြမ်း ငှက်ပျောသီး များကို လေယာဉ်ပျံဖြင့် ဘန်ကောက်အထိ သယ်၍ သွားခဲ့လေသည်။ ဘန်ကောက်တွင် အားကစား နေ့ရက်များတွင် မြန်မာကြိုက်ဖြစ်သော ဖီးကြမ်းများကို သူကျွေးခဲ့သည်။ အဘယ်ကဲ့သို့သော သူဌေးသည် သူကဲ့သို့ အပင်ပန်းခံ၍ စိတ်ညောင်း လူညောင်းခံကာ ဖီးကြမ်းငှက်ပျောသီးများကို သယ်၍ သွားလိမ့်မည်နည်း။ စဉ်းစားကြည့်ကြပါ။ ထိုအကွက်ကလေး တစ်ကွက်နှင့်ပင် သူ၏စေတနာတရားသည် ပေါ်လောက်ပါသည်။ ထို့အတူပင် သူသည် ဗဟန်းရွာတွင် ရှင်တစ်ထောင်ပြုစဉ်ကလည်း ဗဟန်း နှ သူ့ရွာသားများ စားရအောင်ဟု ငါးသလောက်တန်ချိန် (၆)တန်ကို ကား(၂)စီးဖြင့်သယ်ကာ ယူ၍ သွားခဲ့ပေသေးသည်။ ထိုအချက်ကလည်း သူ့အတွင်းစိတ်ကို ပြသလျက် ရှိပါသည်။ ဒီလို မေတ္တာရှိသောသူဌေးမျိုး နှံခုင်ရှိပါမည်။ သို့သော် ရှားလိမ့်မည်။

◆ ◆ ◆

# ဝေါမှာ တစ်ထောက်နားစဉ်က

ကျွန်တော်တို့အုပ်စု ကျိုက်ထီးဆောင်း ဆံတော်ရှင်သို့ သွားရောက်ဖူးမြော်တိုင်း ဝေါမြို့တွင် တစ်ထောက်နားရပါသည်။

အမြဲလိုလို နားလေ့ရှိသော နေရာတစ်ခုမှာ ရတနာဦး စားသောက်ဆိုင်ဖြစ်ပါသည်။ ထိုဆိုင်တွင် သက်သတ်လွတ် ထမင်းသုတ်စားသည် လက်ဖက်ရည်သောက်သည်၊ ဖလင်လိပ် ဝယ်သည်၊ ရေသန့်ဗူးဝယ်သည် အချိုအချဉ် ဝယ်သည်။ ပြီးတော့ လှူဒါန်းစရာ မုန့်ပဲသွားရေစာများကို ကျိုက်ထီးဆောင်းရှိ သီလရှင် အစရှိသော တရားအားထုတ်နေသူများ အတွက် တစ်နိုင်တစ်နိုင်သယ်၍ သွားလေ့ရှိပါသည်။

တစ်ခါက ဒါရိုက်တာ ဆရာမြတ်ခိုင်လည်းပါခဲ့ရာ သူက ရေမြောင်ဘက်သို့ လက်ညှိုးထိုး၍ "အရင်က ဒီနေရာမှာပေါ့ ရေတွေကြီးတာ" ဟု မှတ်မှတ်ရရ ပြောဆိုပါသည်။ "ကိုအောင်ဇော်တို့ ကျွန်တော်တို့ လာခဲ့ရတာ ဒု-ညွှန်လည်း ပါတာပေါ့" ဟု တမ်းတမ်းတတ ပြောဆိုပါသည်။

ရေတွေ ရေတွေ လျှံနေသည်ကို စိတ်မျက်စိဖြင့် မြင်၍ ရပါသည်။ အိုးတွေ အိမ်တွေ ရေပေါ်မှာ ပေါ်လောပေါ်လာ မျောသည်ကိုပင် စိတ်ကူး

[illegible] ကြည့်မိပါသည်။ ထိုအခါ အဖွဲ့ခေါင်းဆောင်ဖြစ်သော ဒါယကာ ဦးခင်ရွှေ
[illegible] ဘဲဒီတုန်းက ကျွန်တော်တို့လည်း တတ်နိုင်သလောက် ကူခဲ့ရသေးတာ
[illegible]ဗျာဟု အမှတ်တမဲ့ ပြောပါသည်။

သူက အမှတ်တမဲ့ ပြောသော်လည်း ကျွန်တော်က အမှတ်တမဲ့ [illegible]ပါ။ မှတ်တမ်းသမားပီပီ မှတ်တမ်းပြန်၍ ရှာပါသည်။ (၂၄-၈-၉၇) [illegible]တ် ကြေးမုံသတင်းစာ သတင်းစဉ်တွင် သတင်းတစ်ပုဒ်တွေ့ရာ မိတ္တူ[illegible]၍ ထားခဲ့ပါသည်။ ထိုသတင်းမှာ ဦးခင်ရွှေလှူသော ငွေသိန်း (၂၀) [illegible] ဘစ်နေရာမှာ တွေ့ရပါသည်။ အောက်တွင် ဖော်ပြထားပါသည်။ [illegible]ကြည့်ပါ။

**ပဲခူးတိုင်းအတွင်း ရေကြီးဒေသများသို့ စေတနာရှင်ပြည်သူများ ငွေနှင့် ပစ္စည်းထောက်ပံ့ ရန်ကုန် ၊ ဩဂုတ် ၊ ၂၃**

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ရွှေကျင်မြို့နယ် နှင့် ဝေါမြို့နယ်အတွင်း ရေကြီးနေသည့် နေရာဒေသတွင် ရှိနေသည့်အိမ်ထောင်စုများအတွက် စေတနာရှင် ပြည်သူ များက ဆန်၊ ဆေးဝါးနှင့် အဝတ်အထည်များ ထောက်ပံ့ ခဲ့သည်။

ထောက်ပံ့မှုများမှာ ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ) မှ ငွေကျပ် သိန်း (၃၀)၊ Myanmar Ves Group ကိုယ်စား ဦးခိုင်စိုးသာမှ ငွေကျပ် (၂၅) သိန်း၊ ဦးခင်ရွှေ (ဇေကမ္ဘာ) မှ ငွေကျပ် သိန်း (၂၀)၊ လွယ်ဟိန်းကုမ္ပဏီမှ ငွေကျပ် သိန်း (၂၀) ဦးယောဆက် (ရွှေလိပ်ပြာဟိုတယ်) မှ ငွေကျပ် (၁၅) သိန်း၊ ဒေါက်တာသာယဉ်မြတ် (Auto World Enterprise) မှ ငွေကျပ် (၁၅) သိန်း၊ ဦးခင်မိုးအောင် (မဟာအနုပညာ) မှ ငွေကျပ် (၁၀) သိန်း၊ ဦးစိုးသိန်းမှ ငွေကျပ် (၁၀) သိန်း၊

ဦးအေးကျော် (ဂိုးလ်ဒင်းသဇင်)မှ ငွေကျပ် (၁၀) သိန်း၊ ဒေါ်ဝင်းဝင်းနု (မြန်မာရောင်ခြည်ဦး ကုမ္ပဏီ) မှ ငွေကျပ် (၁၀) သိန်း၊ ဦးကျော်ညွန့် (Kyaw Group) မှ ငွေကျပ် (၅) သိန်း၊ ဦးနေအောင် (အောင်ရိုးဖြိုး ကုမ္ပဏီ) မှ ငွေကျပ် (၅)သိန်း၊ ဦးကြည်စိန် (ကယားဖူး အင်တာပရိုက်)မှ ငွေကျပ် (၅) သိန်း၊ ဦးမျိုးအေး (မျိုး လျှပ်စစ်)မှ ငွေကျပ် (၅) သိန်း၊ ဦးသန်းအောင် (ရာသက်ပန်ထရိတ်ဒင်းကုမ္ပဏီ)မှ ငွေကျပ် (၂) သိန်း၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)မှ ငွေကျပ် (၂) သိန်း၊ ဦးမောင်မောင်စိုးတင့် (အငြိမ်းစား) သံအမတ် ကြီးမှ ငွေကျပ် (၁) သိန်းနှင့် ဆေးဝါးများ၊ ဦးမောင်မောင် လွင်-ဒေါ်စိန်စိန် (လွင်မိသားစု ဆောက်လုပ်ရေး)မှ ငွေကျပ် (၁) သိန်းနှင့် စောင်အထည် (၄၀၀)၊ ဦးမောင်မောင်တင်-ဒေါ်ငွေကြည် (ရွှေချိုးအထည်စက်) မှ ငွေကျပ် (၁) သိန်း၊ ဦးခင်မောင်ဦး (ရောဝတီ၊ မြေပဲဆီ) မှ ဆန်အိတ် (၁၀၀)၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများနှင့် ဦးသန်းဝင်း (ကန်တော်လေး ထီဆိုင်) မှ အဝတ်အထည်များ စုစုပေါင်း ကျပ်ငွေ (၁၉၂) သိန်းနှင့် ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

**သွားရောက်လှူဒါန်း**

ကာကွယ်ရေးဝန်ကြီးဌာန စစ်ဗဟိုဗျူဟာ လေ့လာရေးရုံးမှ ဦးစီးပြီး နယ်မြေခံ တပ်မတော်သားများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရန်ကုန်တက္ကသိုလ်မှ ဆရာများ၊ ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအဖွဲ့ဝင်များ ပူးပေါင်းပြီး ဩဂုတ် ၁၃ ရက်မှ ၁၆ ရက်အထိ ရွှေကျင်မြို့နယ်နှင့် ညောင်လေးပင်မြို့နယ် များသို့လည်းကောင်း၊ ဩဂုတ် ၁၈ ရက်မှ ဩဂုတ် ၂၀

ရက်ထိ ဝေါမြို့နယ်သို့လည်းကောင်း ရေကြီးနေရာများ သို့ အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြသည်။

အထက်ပါ သတင်းအရ အလှူရှင်များကို များစွာတွေ့ရှိရပါသည်။ ...အနုပညာမှ ဦးခင်မျိုးအောင်ကို တွေ့ရ၏။ ဒေါက်တာမတင်ဝင်း (...ရေးတက္ကသိုလ်) ကိုလည်း တွေ့ရသည်။ အငြိမ်းစား သံအမတ်ကြီး ဦး...ောင်မောင်စိုးတင့်ကိုလည်း တွေ့ရသည်။ ဘာပဲဖြစ်ဖြစ် မိတ်ဟောင်း ...ဟောင်းတချို့၏ အမည်နာမများကိုပါ ဖူးတွဲတွေ့ရသဖြင့် ဝမ်းသာမှု ...သည် အမှတ်တမဲ့ ဝင်ရောက်စီးဆင်းလျက် မိမိ၏ ခန္ဓာကိုယ်ကို ပီတိဖြင့် ...သီးထစေခဲ့ပါသည်။

♦ ♦ ♦

# မဟာင်းရွာမှ ရှင်တစ်ထောင်

ဟိုတစ်လောက ရဟန်း (၁၀၈) ပါး ပဋ္ဌင်းခံပွဲတော်သို့ သွားကြ အလွန်ကြီးကျယ်သော ပွဲတော်ဖြစ်ကြောင်း တွေ့ရပါသည်။ ရဟန်းပေါင်း (၁၀၈) ပါး ရဟန်းဘောင်သို့ တစ်ဦးတည်း ဒကာခံ၍ သွတ်သွင်းပူဇော် သော အခမ်းအနားမှာ မကြီးကျယ်လျှင် အဘယ်အခမ်းအနားသည် ကြီးကျယ်ပါလိမ့် မည်နည်းဟု တွေးမိပါသည်။

ဒါယကာမှာ မဟာဂျာနယ် မဟာအနုပညာမှ ဆရာဦးခင်မိုးအောင် တို့ မိခင် သီဟသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ခင်သိန်း၏ အလှူတော်မင်္ဂလာ ဖြစ်ပါ သည်။ သို့သော်လည်း ကျွန်တော်သည် မဆီမဆိုင် သို့မဟုတ် ဆီဆီဆိုင်ဆိုင် တိုက်တိုက်ဆိုင်ဆိုင် သတိရမိသောအချက်မှာ ရှင်တစ်ထောင်ကို ရဟန်း ဘောင်သို့ သွတ်သွင်းပူဇော်သော ဦးခင်ရွှေအကြောင်း ဖြစ်ပါသည်။

၁၉၉၇ ခု၊ ဒီဇင်ဘာလထုတ် အင်္ဂလိပ်သတင်းစာများတွင် မြန်မာ ပြည်၊ မြိုင်မြို့နယ်တွင် ရှင်တစ်ထောင်ပြုပွဲကြီး ခြိမ့်ခြိမ့်သဲ ကျင်းပကြောင်း သတင်းကောင်းများ အင်္ဂလိပ်ဘာသာဖြင့် ဖတ်ခဲ့ရပါသည်။ အင်္ဂလိပ် သတင်းစာများကို ကျွန်တော်တို့ မြန်မာပြည်မှ မှာယူ၍ ဂျပန်ပြည်တွင် မြတ်မြတ်နိုးနိုး ဖတ်ရှုရပါသည်။ အဘယ့်ကြောင့် အင်္ဂလိပ်ဘာသာဖြင့်

…ပါ သနည်းဆိုသော် အင်္ဂလိပ်ဘာသာသည် နိုင်ငံတကာသုံး ဘာသာ … ဖြစ်နေသောကြောင့် ဂျပန်လူမျိုးများထဲတွင် မြန်မာပြည်အကြောင်း … ပြောပြသောအခါ သူတို့ အလွယ်တကူ ဖတ်ရှုနိုင်အောင် အင်္ဂလိပ် ဘာသာ …ဘာတွေ ဝယ်ယူ စုဆောင်းခြင်း ဖြစ်ပါသည်။

ဤတွင် ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်၊ တနင်္ဂနွေနေ့ နေ့စွဲဖြင့် … စုဆောင်းထားသော ရှင်တစ်ထောင် အကြောင်းပါ သော …စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ မှတ်မှတ်ရရ ပြန်ပြောပါရစေ။

# THE NEW LIGHT OF MYANMAR

**1,000 novitiated, ordained in Myaing Township.**

Yangon, 27 Dec

The ceremony for novitIation and ordination of 1,000 organized by the Office of the Strategic Studies and sponsored by Zaykabar U Khin Shwe, Daw San San Kywe and family, took place at Bahin Village in Bahin Village-tract in Myaing Township, Pakokku District, Magway Division, on 24 and 25 December. At 10 am on 24 December, respects

were paid to 100 elders 76 to 100 years. Zaykabar U Khin Shwe and family presented gifts to them.

At 1 pm, a traditional procession of 126 persons to be ordained and 874 to be notiviated from nine villages of Bahin Village-tract totalling 1,000 was held.

On 25 December, ordination ceremonies were held at seven simas in the village-tract. Novitiation ceremony took place at the central pandal at 11 am. Over 40,000 visitors were served with lunch.

At 12.30 pm, all shared merits.

Present on the occasion were member of the State Peace and Development Council Commander of North-West Command Brig-Gen Soe Win, Commander of No 101 LID Brig-Gen Aung Thein Lin, Chairman of Magway Division Peace and Development Council Col Thein Zaw, Tatmadaw officers and wellwishers Zaykabar U Khin Shwe and family.

အထက်ပါ စာသားများအရ မြိုင်မြို့နယ်တွင် ကျင်းပသော ရှင်တစ်ထောင်အခမ်းအနားကို စိတ်မျက်စိတွင် ထင်ယောင်မြင်ယောင် ရှိခဲ့ပါသည်။ သို့သော်လည်း ကိုယ်တွေ့ မဟုတ်သဖြင့် ရှုခင်းလှသာကို အသေအချာ ပြန်၍ မပြောနိုင်ပါ။ ဤတွင် ကိုယ်တွေ့ မျက်မြင် တစ်ဦး၏ ပြန်ပြောချက်ကို ကြားနာရပါလျှင် အလှူရှင်၏ ဂုဏ်နှင့်တကွ အမျိုး ဘာသာ သာသနာ၏ဂုဏ်တို့ပါ တစ်ပြိုင်တည်း ထင်ယောင်မြင်ယောင် ဖြစ်လာပြီးလျှင် ယနေ့မြန်မာနိုင်ငံသည် သာယာလျက် ရှိပါပကောဟု ဟူသော ယနေ့ မြန်မာပြည်၏ သရုပ်သကန်ကို ထင်မြင်လာစေနိုင်မည်ဖြစ်ပါသဖြင့် ဦးခင်ရွှေ အကြောင်းသာ ကွက်ကွက်ကလေးမဟုတ်ဘဲ နယ်နိမိတ်ကျယ်ပြန့်လာနိုင်စရာဖြစ်သဖြင့် အောက်တွင် (၂၅-၂-၉၈) ခုထုတ် ကြေးမုံ သတင်းစာတွင် ပါရှိခဲ့သော စာတစ်ပုဒ်ကို ပူးတွဲတင်ပြလိုက်ပါသည်။ ဖတ်ရှု၍ ဝမ်းမြောက်နိုင်ကြပါစေသတည်း။

## စိမ့်စိမ့်သဲသဲ ရှင်တစ်ထောင်ပြုပွဲနှင့် သက်ကြီးတစ်ရာ ပူဇော်ပွဲ

ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာသို့ ပြန်မရောက်သည်မှာ (၁၆) နှစ်ကျော်ခဲ့ပြီ။ ယခုကား ရှင်တစ်ထောင်ပြုပွဲ အလှူရှင် ဒေါက်တာ ဦးခင်ရွှေ၏ အထူးဖိတ်ကြားချက် အရ မမျှော်လင့်ဘဲ ရောက်ခဲ့ရသည်။ ရွာအခြေအနေ သည် အထင်နှင့်အမြင် လုံးဝကွာခြားနေသည်။ ကျွန်တော်တို့ ငယ်စဉ်က ထိုရွာသည် သူပုန်သူကန်တို့ ကြီးစိုးရာ

အမည်းရောင်နယ်မြေသက်သက် ဖြစ်ခဲ့သည်။ နေ့ရော ညပါ မကြာခဏ ထွက်ပေါ်လာတတ်သည့် သေနတ်သံများကြောင့် အိမ်အောက်ပုန်းကျင်းတွင် စုပေါင်း ခိုအောင်းခဲ့ရသည့် အကြိမ်ပေါင်းများစွာ မရေမတွက်နိုင်ခဲ့။ တစ်ရွာနှင့် တစ်ရွာအကူးတွင် ချုံခိုဓားပြတိုက်ခြင်း၊ လူသတ်ခြင်းများ မကြာမကြာ ကြုံကြရ၍ ရပ်သူရွာသားများ ကြောက်ကြောက် ရွံ့ရွံ့ အကူးအသန်း ပြုကြရသည်။ ကျွန်တော့်မျက်လုံးအိမ်တွင် ယခုတိုင် မြင်တွေ့နေရဆဲ ဖြစ်သည့် မြင်ကွင်းကား ရွှေဟင်္သာ မြတ်စွာဘုရားဝင်း အတွင်းရှိ သိမ်ကျောင်းတုတ်တန်းတွင် ရွာသားတစ်ဦးအား ကျွမ်းပြန်ဆွဲထားပြီး စိတ်တိုင်းကျ ညှဉ်းဆဲနှိပ်စက်နေသော မြင်ကွင်းတစ်ခုပင် ဖြစ်၏။ ဟိုရွာဝင်ပြီး ဘယ်သူကို သတ်သွားပြီတဲ့။ ဒီရွာဝင်ပြီး ဘယ်သူတွေကို ဖမ်းသွားပြန်ပြီတဲ့ စသော သတင်းများ မကြာခဏ ကြားနေရပြန်၏။ မည်သို့ပင် ဖြစ်စေ လွန်ခဲ့သော နှစ် ၅၀ ခန့် ကလေးဘဝသည် ကလေးလိုပင် အမှတ်တမဲ့ နေခဲ့သည်။

ခေတ်နှင့်စနစ်တို့သည် ထာဝရအိပ်ပျော်မနေ ပါ။ အချိန်နှင့်အမျှ လှုပ်ရှားပြောင်းလဲနေသည်။ လွန်ခဲ့သော ဗဟင်းရွာလေးသည် ဟိုကလေးဘဝကထက် ငြိမ်းချမ်းသလိုလို ရှိခဲ့သော်လည်း သာယာမှု မရှိခဲ့ပါ။ နွားလှည်းတစ်စီးရှောင်ရန် ခက်ခဲသော ဝက်ပါ လမ်းကျဉ်းကလေးများအကြားတွင် ခနော်ခနဲ့ ယိုင်ယဲ့ယဲ့ အိမ်အိုကလေးများက ရွာ၏အလှကို မီးခဲပြာဖုံး နေရာယူထားသည်။ သို့သော် ယခုတစ်ခေါက်ရောက်ခဲ့သော ဗဟင်းရွာကား ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံနိုင်အောင် ဖြစ်ခဲ့ရသည်။ ကားသုံးစီးမျှ ရှောင်တိမ်းနိုင်သော ကျယ်ပြန့်

ဖြောင့်ဖြူးနေသည့် ထုတ်ချင်းပေါက်ရွာ လမ်းကျယ်ကြီးများနှင့် တစ်ချိန်က အိမ်အိုကလေးများ သည် သားနားသပ်ရပ်သော အိမ်သန့်သန့်ကလေးများ ဖြစ်နေကြပြီး မြို့ကြီးပြကြီးများတွင်သာ အံ့ဩဖွယ်ရာ တွေ့မြင်နေရသည်။ ပြည်တွင်းတွင်မက ပြည်ပပါ ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနှင့် ကားကြီး ကားငယ် (၁၀) စီးခန့် ရှိနေပြီဖြစ်သည်။ လျှပ်စစ်မီးများ ရရှိတော့ မည်ဖြစ်၍ မီးကြိုးများ သွယ်တန်းနေသည်။ မကြာမီ တွဲဖက် အထက်တန်းအဆင့်မှ အစိုးရအထက်တန်းကျောင်းဖြစ်ရန်နှင့် တိုက်နယ်ဆေးရုံတစ်ရုံဖြစ်ရန် နယ်မြေလူထုက မျှော်လင့် ချက်ဖြင့် ကြိုးစားနေကြသည်။ ဖြစ်လာတော့မည်ဟုလည်း သတင်းကြားခဲ့ရသည်။ အမြန်ဖြစ်လာပါစေဟုလည်း ဆန္ဒပြုခဲ့မိပါသည်။

ဗလင်းကျေးရွာ၏ ယခုမြင်ကွင်းကား နိုင်ငံတကာစကားဖြင့်ဆိုရလျှင် ဖွံ့ဖြိုးဆဲ ရွာကြီးတစ်ရွာဆိုရပေမည်။ ယင်းသို့ ဖွံ့ဖြိုးရန် တာစူအားယူနေချိန်တွင် (၁၃-၄-၉၇) နေ့ထုတ်သတင်းစာများတွင် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ ထပ်မံတွေ့ရှိဟူသော ခေါင်းစီးများဖြင့် ဗဟင်းကျေးရွာအနီးမှ ရှာဖွေတွေ့ရှိရသော ရုပ်ကြွင်းဖြစ်သည့်အတွက် အမ်ဖီပီသီးကပ် ဗဟင်းရန်းစ် (Amphipithecus Bahinensis) ဟု ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့က အမည်ပေးသတ်မှတ်လိုက်ကြောင်း ဖော်ပြပါရှိသဖြင့် ဗဟင်းရွာကို မြန်မာတွင်မက ကမ္ဘာကပါ သိလာချိန်နှင့် တိုက်ဆိုင်၍ ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ ဦးခင်ရွှေ-ဒေါ်စန်းစန်းကြွယ် မိသားစုတို့က သူတို့ကိုယ်တိုင် သွားရောက်၍ သိန်း (၆၀) မျှ အကုန်

အကျခံကာ ရှင်ရဟန်းတစ်ထောင်ပြုပွဲနှင့် သက်ကြီးတစ်ရာပူဇော်ပွဲ ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။ ထိုအကြောင်းကို (၂၈-၁၂-၉၇) နေ့ထုတ် သတင်းစာများကို သာယာစည်ပင် မြန်ပြည်တစ်ခွင်အခန်းမှာ တခမ်းတနား ဖော်ပြထားသည်ကို တွေ့ရပြန်သည်။

ဗဟင်းရွာသည် ဇေကမ္ဘာ ဦးခင်ရွှေ-ဒေါ်စန်းစန်းကြွယ်တို့၏ ဇာတိရပ်ရွာ မဟုတ်ပါ။ အလှူရှင်တို့၏ အဆိုအရသူတို့ဇာတိနယ်မြေဖြစ်သော မော်လမြိုင်သို့ သွားရောက်ပြီး ဤအလှူမျိုးပြုလုပ်က သံယောဇဉ် အနှောင်အဖွဲ့မကင်းသော အလှူမျိုးဖြစ်နေ၍ စိတ်သန့်ရှင်းမှု မဖြစ်နိုင်။ ဆွေမျိုးဉာတိ အနှောင်အဖွဲ့ကင်းသော ဗဟင်းရွာ၌ပြုလုပ်ခြင်းသည် ပိုမို၍ လွတ်လပ်ပြီး စိတ်သန့်ရှင်းမှုရသည်ဟုဆိုသည်။ မည်သို့ဖြစ်စေ ဤသို့သော အလှူကြီးမျိုးကို အောင်မြင် ပြီးမြောက်အောင် ပြုလုပ်ခြင်းသည် ငွေအင်အား တစ်ခုတည်း ပြည့်စုံရုံမျှဖြင့် ပြီးမြောက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့်လည်း ဒေသခံနယ်မြေလူထုက ရန်ကုန်မြို့၊ ငါးထပ်ကြီး စာသင်တိုက်ပဓာန နာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တနာယက၏ လမ်းညွှန်ဩဝါဒကို ခံယူကြရသည်။ ကာကွယ်ရေးဝန်ကြီး ဌာန စစ်မဟာဗျူဟာလေ့လာရေးရုံးက ကြီးမှူး ကျင်းပပေးခြင်းဖြစ်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အမှူးပြုသော တပ်မတော်သားများက အနီးကပ်ကြီးကြပ်၍ဝေယျာဝစ္စများ ပြုလုပ်

ပေးကြသည်။ ဒေသခံ ပြည်သူတို့ကလည်း လမ်းညွှန်ချက်များနှင့်အညီ သိုက်သိုက် ဝန်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြသည်။ ထို့ကြောင့်ပင် ရှင်ရဟန်းတစ်ထောင်ပြုပွဲနှင့် သက်ကြီးတစ်ရာ ပူဇော်ပွဲသည် ခလုတ်မထိ ဆူးမငြိဘဲ မျှော်မှန်းသည်ထက် ပိုမို၍ အောင်မြင်မှုရရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေ အချိန်နှင့်အမျှ ရှင်သန်ဖွံ့ဖြိုးတိုးတက်နေသော ဗဟင်းရွာသည် ဇေကမ္ဘာမိသားစု၏ ရှင်၊ ရဟန်းတစ်ထောင်ပြုပွဲနှင့် သက်ကြီးတစ်ရာ ပူဇော်ပွဲ အမှီ အဝါကြောင့် အလှတွင် အယဉ်ဆင့်ကာ လူမှုရေး၊ ဘာသာ၊ သာသနာထွန်းကားရေးများ ပိုမိုတိုးတက်လာသော ရွာကြီးတစ်ရွာ ဖြစ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ချက်များဖြင့် မွေးဇာတိရွာ၌ သုံးရက်အကြာတွင် ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။

အထက်ပါအကြောင်းအရာများမှာ မျက်မြင်ကိုယ်တွေ့ ပြန်လည်ရေးသားချက်များဖြစ်သဖြင့် နောက်လူများအတွက် အထောက်အထားဖြစ်ပါလိမ့်မည်။ ထို ရှင် (၁၀၀၀)အကြောင်းကို ပြန်၍ ပြန်၍ ပြောတိုင်း ဒေါက်တာခင်ရွှေက “အဲဒီတုန်းကဗျာ . . . အဲဒီ ဗဟင်းရွာက လူတွေကို ငါးသလောက်ကျွေးချင်လို့ ငါးသလောက်တွေ ဖိတန်တီတီ ပေါင်းပြီးတော့ ကားကြီးနဲ့တင်ပြီး ယူသွားရတယ်။ သူတို့ စားဖူးအောင်လို့ ပါ။ ပင်ပန်းရကျိုး နပ်ပါတယ်ဗျာ။ စားလိုက်ကြတာ”ဟူ၍ ဝမ်းခေါင်းသံကြီးနှင့် ပြန်၍ ပြောတိုင်း သူ့စေတနာ သူ့အကျိုးပေးတာပဲဟု ကျွန်တော် တွေးမိပါသည်။

◆ ◆ ◆

# ကံထူးသော
# ၁၉၉၈

ယခုလည်း တိုက်တိုက်ဆိုင်ဆိုင်ပင် ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီ တစ်လတည်းမှာပင် မမေ့နိုင်သော ထူးခြားသည့်ဖြစ်ရပ်များကို တွေ့ရ သည်။

(၅) နှစ်သားကတည်းက အဖေစွန့်ပစ်ခံရသော ကလေးသူငယ် တစ်ယောက်အဖို့ ဘဝကို ဝက်ပါထဲကမှ ရုန်းထွက်ရန် အတော်ကလေး မျက်စိလည်နေပေလိမ့်မည်ဆိုသည်မှာ မမှားနိုင်ပါ။ သို့သော်လည်း သူသည် မျက်စိမလည်ဘဲ နွံထဲ ဗွက်ထဲမှ ရုန်းကန်နိုင်ခဲ့သည်သာမက ရေပြာပြာမှာ ပင် ရွှေကြာတို့ ပွင့်နိုင်ခဲ့သည်။

ကံပွင့်ဖို့ဆိုသည်မှာ ကံ၊ ဉာဏ်၊ ဝီရိယ အားလုံး လိုအပ်ပါသည်။ ကံလည်း ရှိမှ၊ ဉာဏ်လည်း ရှိမှ၊ ဝီရိယလည်း ရှိမှ။ ခြေထောက် သုံးချောင်း ပြည့်စုံမှသာ ဘဝခိုင်မာပေလိမ့်မည်။

၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလသည်ကား သူ့ဘဝတွင် အထွက်တင် သော မှတ်တိုင်တစ်တိုင်ပင် ဖြစ်သည်။ ရွှေရောင်အတောက်ပဆုံးသော နေ့များဟုပင် ဆိုနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စောစောက ပြောသကဲ့ သို့ပင် (၅) နှစ်သားကတည်းက ကိုယ့်အားကိုယ်ကိုး၍

အ..လုပ်ကျွေးခဲ့ရ သော လူတစ်ယောက်၏အောင်မြင်မှု အောင်လမ်း ..ကို တလူလူတွေ့မြင် ရသောကြောင့် ဖြစ်ပါသည်။ ထိုအချက်ကို ..သေပြပါမည်။

၁၉၉၈ ခုနှစ် ဇန်နဝါရီလတွင် သူသည် သီရိသုဓမ္မမဏိဇောတဓရ ..ဘွဲ့ဆိပ်တော် ချီးမြှင့်ခံရသည်။ ထိုနှစ် ဇန်နဝါရီလ (၉) ရက်နေ့မှာပင် ..သည် အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက် ..(ရန်ကုန်) တည်ဆောက်ရေးအတွက် ငွေကျပ် (၁၀) သိန်း လှူခဲ့ ..သည်။

ထိုနှစ် ဇန်နဝါရီလ (၁၂) ရက်နေ့မှာပင် (၄) ကြိမ်မြောက် အမျိုးသား ကြက်တောင် တံခွန်စိုက်ပြိုင်ပွဲမှာ မိန့်ခွန်းအမှာစကား ..ကြားနေသော ရုပ်ပုံလွှာကို တွေ့ရပြန်သည်။

တစ်ဖန် ထိုနှစ် ဇန်နဝါရီလ (၁၆) ရက်နေ့မှာပင် မြရိပ်ညို ..ကြက်တောင်ပြိုင်ပွဲ ပြီးဆုံးအောင်မြင်၍ ဆုပေးနေသော ဥက္ကဋ္ဌအသွင် ..တွေ့ရပြန်သည်။

ဤသို့ဖြင့် ဇန်နဝါရီလ ရုပ်ပုံလွှာသည် အတော်ကလေး လှုပ်ရှား ..တွေ များသည်။ မှတ်သားစရာတွေ များသည်။ အတုယူစရာတွေ ..များသည်။ ထိုဇန်နဝါရီလ၏ ကုသိုလ်ကံတို့သည် ဖေဖော်ဝါရီလတွင် ..၍ အထွတ်တင် လိုက်ပြန်လေသည်။ အဘယ့်ကြောင့်ဆိုသော် ..ဖေဖော်ဝါရီလတွင် သူသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန် ..တက္ကသိုလ်မှ ပါရဂူ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို ချီးမြှင့်ခံရသော ..ကြောင့် ဖြစ်ပါသည်။

မျက်စိလည်လောက်ပါသည်။ အစကပြန်၍ ရှင်းရှင်းကြီးပြောပြ ..ည်။ အဘယ့်ကြောင့်ဆိုသော် တစ်သက်လုံး ဇွဲအရင်းတည်၍ ..းစားခဲ့ရသူတစ်ယောက်အဖို့ ရွှေထီးဆောင်းသောနေ့များကို ..ကျနန မှတ်တမ်းတင်သင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော်

ထိုရွှေရောင်နေ့ရက်များ၏ ဆန့်ကျင်ဘက်သည် ဆင်းရဲမွဲတေသော ငယ်ဘဝ၏ ဆန့်ကျင်ဘက် အောင်မြင်မှုများ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

သာမန်အားဖြင့် ဖွဲ့သည် ဖွဲ့ ဖြစ်ရပါသည်။ ဆန်ကွဲသည် ဆန်ကွဲ ဖြစ်ရပါမည်။ ယခုကား ကျောက်တုံးကို သူလက်နှင့်ထိသဖြင့် ရွှေဖြစ် သွားရသည်မှာ သူ၏ ကံကြောင့်ဟု ကံကိုချည်းပဲ လွှဲချနေမှာစိုးသော ကြောင့် ဖြစ်ပါသည်။ ထိုအခါ လူ၏ ဥာဏ် လုံ့လ ဝီရိယတို့၏ အခန်းကဏ္ဍ သည် လူတို့တွင် ပျောက်ဆုံးနေမှာ စိုးရိမ်နေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် သူ၏ မှတ်သားထိုက်သော အောင်ပွဲများကို ပြန်ပြောရခြင်း ဖြစ်ပါသည်။ အောက်တွင် စိတ်ရှည်ရှည် ဖတ်ရှုမှတ်သားခြင်းဖြင့် စာဖတ်သူတွင် အကျိုးမယုတ်နိုင်ပါ။ သူ့ထက်တောင် ပို၍ လာဘ်မြင် လာနိုင်ပါသေးသည်။ အကြံတူနေလျှင် နောက်လူ ပို၍တိုးတက်စေချင် ပါသည်။ ဖတ်ကြည့်ပါ။

**သာသနာတော်ဆိုင်ရာ အဲ့တံဆိပ်တော်များဆက်ကပ်သည့်**

**အမိန့်ကြော်ငြာစာ (၂/၉၈) ထုတ်ပြန်ကြေညာ**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**အမိန့်ကြော်ငြာစာ အမှတ် ၂/၉၈**

**၁၃၅၉ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်**

**(၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂဏ္ဍဝါစက ပရိယတ္တိဝန်ဆောင် စာချ

ဆရာတော်များ၊ ဝိပဿနာရှုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်း နည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေ ကြသည့် ပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် လှူဒါန်း အပ်နှင်းလိုက်ပါသည် -

### သိရိသုဓမ္မမဏိဇောတဓရဘွဲ့

၁။ **ဦးရွှေမှို**

အမှတ် ၁၀၅၊ သမိန်ဗရမ်းလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ **ဦးခင်ရွှေ**

အမှတ် ၇၇ (အက်ဖ်)၊ တက္ကသိုလ်ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ **ဦးငွေးမြင့် (ယုဇန)**

အမှတ် ၃၀၊ ဝါးတန်းလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း။

အထွတ်အထိပ် ဘွဲ့ထူးဂုဏ်ထူးတစ်ခု၏ နောက်ကွယ်တွင် ...ပ်အားတွေ အများကြီးပါဝင်နေကြောင်း အကဲခတ်လိုက်ပါသည်။ ...မန် ဖတဆိုးကလေးတစ်ယောက်အဖို့ ထိုနေ့တွင် ဘယ်ပုံ ...ယ်နည်း စိတ်ခံစားမှု ရှိမည်ကို စဉ်းစားကြည့်မှ သိနိုင်ပါလိမ့်မည်။

◆ ◆ ◆

# နိုင်ငံခြားတက္ကသိုလ်ကြီးများမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (၂) ကြိမ်တိုင်တိုင် ချီးမြှင့်ခြင်းခံရသော မြန်မာတစ်ဦး

အလွန်အံ့ဖွယ်ကောင်းသော အချက်တစ်ချက်မှာ (၅) နှစ် သားမှစ၍ ကိုယ့်အလုပ် ကိုယ်လုပ်ပြီး ကိုယ့်ကျောင်း ကိုယ်နေခဲ့ရ သော ကလေးသူငယ်တစ်ယောက်အဖို့ အသက် (၄၀) ကျော်ကျော် တွင် မမျှော်မှန်းထားသော ကမ္ဘာ့တက္ကသိုလ်ကြီးများမှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကြီးများ တကူးတက ချီးမြှင့်မြှောက်စား ပေးအပ်ခြင်းခံရ သည်ကိုမှ ဂုဏ်မယူတတ်ပါလျှင် အဘယ်သို့သောကိစ္စကို ဂုဏ်ယူရ ပေမည်နည်း။

ကျွန်တော်ကား တက္ကသိုလ်ကြီးတစ်ခုက ကျောင်းဆရာကြီး တစ်ဦး ဖြစ်ခဲ့သဖြင့် ဘွဲ့၏တန်ဖိုးကို ကောင်းစွာသိခဲ့ပါသည်။ မိမိ ကိုယ်တိုင်ပင်လျှင် ဘွဲ့ထူးဂုဏ်ထူးများရအောင် ကျက်ရ၊ မှတ်ရ ကြိုးစားခဲ့ရပါသည်။ ယခုကား ထင်ပေါ်သဖြင့် စင်တော်ကောက်ခံ ရသော လူတစ်ယောက်ကို မြန်မာပြည် စီးပွားရေးလောက ဘာသာရေးလောကတို့တွင် တွေ့ရသဖြင့် မြန်မာပီပီ ဂုဏ်ယူမိပါ သည်။ ကိုယ့်အိမ်သားတစ်ယောက်ယောက်သာ ရခဲ့လျှင် လူတိုင်း

ကျောင်း ဝမ်းသာဂုဏ်ယူမည်မှာ ဗေဒင်မေးစရာ မလိုပါ။ ယခုသော် အများက ရခြင်းဖြစ်သဖြင့် ဂုဏ်မယူတတ်လျှင်ကား မုဒိတာနည်းရာ ရောက်ပါလိမ့်မည်ဟု ထင်မြင်မိပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကား ကျွန်တော်၏ ပတ်ဝန်းကျင်တွင် ကျောင်းသူကောင်း သူတော်ကောင်းများနှင့် ဆက်စပ်နေရသည် ဆိုလျှင် သူတော်ကောင်း အငွေ့အသက်ဖြစ်သဖြင့် ဝမ်းသာနေမိပါသည်။

မြန်မာတစ်ယောက် နိုင်ငံခြားတက္ကသိုလ်ကြီးတစ်ခုမှ ဘွဲ့ထူး ရသူ ချီးမြှင့်ခြင်းခံရသဖြင့် အလွန်ဝမ်းသာကြပါသည်ဟု သိရပါသည်။ ထိုအချက်ကို ပေါ်လွင်အောင် အချစ်ဂျာနယ်၏ ဖော်ပြချက် ... အောက်တွင် ဂုဏ်ယူဖော်ပြလိုက်ပါသည်။

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေ (လူမှုထူးချွန် ပထမဆင့်) အား အမေရိကန်ပြည်ထောင်စု၊**

**ကယ်လီဖိုးနီးယား တောင်ပိုင်းတက္ကသိုလ်၊ အသက်မွေးဝမ်းကျောင်းပညာဌာနမှ စီးပွားရေးစီမံခန့်ခွဲမှု ပါရဂူ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ချီးမြှင့်**

ရန်ကုန်မြို့ရှိ ဇေကဗ္ဗာ ကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေအား အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယား တောင်ပိုင်းတက္ကသိုလ် အသက်မွေးဝမ်းကျောင်း ပညာဌာန၏ စီးပွားရေး စီမံခန့်ခွဲမှု ပါရဂူဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ (Ph.D) ချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ (၁၅) ရက်နေ့ မွန်းတည့် (၁၂) နာရီက ကရဝိက်နန်းတော်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဗိုလ်မှူးချုပ်တင့်ဆွေ (အငြိမ်းစား)နှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက် သည်။

ဘွဲ့လက်မှတ်အပ်နှင်းပွဲအခမ်းအနားတွင် အမေရိကန် ပညာရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ Dr. Robert Dalton နှင့် ဒု-ဥက္ကဋ္ဌ ပါမောက္ခ Dr. Patrick Doani ညွှန်ကြားရေးမှူး ပါမောက္ခ Dr. John Lim တို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ဒေါက်တာခင်ရွှေအား မိမိတို့ ဘွဲ့လက်မှတ် ပေးအပ်ရခြင်း အကြောင်းအရာများနှင့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ များကို ပြောကြားကြသည်။

ထို့နောက် ပါမောက္ခ Dr. Robert Dalton က ကယ်လီဖိုးနီးယား တောင်ပိုင်းတက္ကသိုလ် အသက်မွေးဝမ်းကျောင်း ပညာဌာန၏ စီးပွားရေးစီမံခန့်ခွဲမှုပါရဂူ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ (Ph.D) ကို ချီးမြှင့် အပ်နှင်းလိုက်သည်။

အဆိုပါဘွဲ့သည် အမေရိကန် တက္ကသိုလ်များ၏ အမြင့်ဆုံးဘွဲ့တစ်ဘွဲ့ဖြစ်ပြီး ဒေါက်တာခင်ရွှေ၏ ကုမ္ပဏီ တိုးတက်ရေး နိုင်ငံဖွံ့ဖြိုးရေးကိစ္စများတွင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ခြင်း၊ အောင်မြင်မှုများ၊ အတွေ့အကြုံများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အရည်အသွေးများကို အခြေခံ၍ ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်း Scups သည် အာရှနှင့် ပစိဖိတ်သမုဒ္ဒရာက

လမ်းတစ်လျှောက်ရှိ နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများကိုလည်း မကြာမီက အဆိုပါ ဘွဲ့မျိုးကို ချီးမြှင့်ပေးအပ်ခဲ့ပြီး ဖြစ်သည်။

ယင်းတို့မှာ ဟောင်ကောင်မှ Salom Films ဥက္ကဋ္ဌ ဖြစ်သူ Dr. Chartes Wng ဘရူနိုင်းနိုင်ငံမှ Brunci Petroleum၊ ညွှန်ကြားရေးမှူး Dr. Suny Mat Husseino၊ တရုတ်နိုင်ငံ၊ ရှင်စင်းမြို့၊ တရုတ်ကုန်သည်များ ဘဏ်ဥက္ကဋ္ဌ Dr. Wang Shighen၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘိုရိုဆူဒါ တက္ကသိုလ် ပါမောက္ခချုပ် Dr. Basir Barthos၊ မလေးရှားနိုင်ငံ Ekra Berhad ကုမ္ပဏီဥက္ကဋ္ဌ Dr. Tan Sri Ting Pek Khiing တို့ ဖြစ်ကြသည်။

ဒေါက်တာ ခင်ရွှေသည် (၃၀-၁-၉၈) နေ့က အမေရိကန်နိုင်ငံ၏ ဝါရှင်တန်တက္ကသိုလ်မှ စီးပွားရေးထူးချွန်မှု (Ph.D) ဒေါက်တာဘွဲ့ကို ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ခန်းမတွင် ပထမအကြိမ် အပ်နှင်းခြင်းခံခဲ့ရပြီး ယခု ဒုတိယအကြိမ် ဘွဲ့အပ်နှင်းခြင်းခံရသူဖြစ်ရာ မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ငန်းရှင်များထဲတွင် ထူးထူး ခြားခြား ပုဂ္ဂိုလ်တစ်ဦးအဖြစ် ဂုဏ်ယူဖွယ်ရာ ဖြစ်နေပါ သည်။

ဘွဲ့အပ်နှင်းခြင်း အခမ်းအနားကို မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေပြီး မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

◆ ◆ ◆

## အမေရိကန်၊ ဝါရှင်တန်တက္ကသိုလ်မှ ချီးမြှင့်သော ထိပ်တန်းအဆင့်မြင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို

# မြန်မာတစ်ဦးရရှိခြင်း

အမေရိကန်နိုင်ငံ ပညာရေးဖောင်ဒေးရှင်း၏ ယခုနှစ် ဆုံးဖြတ်ချက်မှာ ၁၉၉၈ခုနှစ်အတွက် အာရှတိုက်မှ စီးပွားရေးလုပ်ငန်း ရှင်များ အနက်မှ မြန်မာနိုင်ငံမှ ဦးခင်ရွှေကို ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။ ထိုဆုံးဖြတ်ချက်အတိုင်းပင် ဝါရှင်တန် တက္ကသိုလ်မှတစ်ဆင့် အမေရိကန် ပညာရေးဖောင်ဒေးရှင်း မှ ချီးမြှင့်လိုက်သော စီးပွားရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ကို ၁၉၉၈ ခုနှစ်အတွက် ရရှိသူမှာ မြန်မာနိုင်ငံမှ ဦးခင်ရွှေဖြစ်ကြောင်း သတင်း ကောင်းကို (၂၀-၂-၉၈) ခုနှစ်ထုတ် အင်္ဂလိပ်သတင်းစာ The New Light of Myanmar တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

> "မြန်မာ့သမိုင်းတွင် နိုင်ငံရပ်ခြားမှ ချီးမြှင့်သော ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရရှိသော သတင်းမျိုး အလွန် ကြားနာရခဲပါသည်။ မရှိသလောက်ကို ရှားပါသည်။ ရှားတော့ရှားသည်။ သို့သော် ရှိသည်ဟူသော စကား အတိုင်းပင် ယခင်က မရှိပေမယ့် ယခု ရှိလာရပါ သည်။ ထိုအချက်ကို မြန်မာ့ပညာရေးသမိုင်းတွင် မှတ်တိုင်တစ်တိုင် ဖြစ်သည်"

◆ ◆ ◆

# တောင်ထိပ်ပေါ်မှ ကြည့်၍မြင်သော မြင်ကွင်းများ

တောင်ထိပ်တစ်ခုပေါ်ကို မရောက်လျှင် ရောက်အောင် …က် ကြည့်ဖို့ကောင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် တောင်ထိပ် …မှ နေ၍ တောင်အောက်ရှိ ရှုခင်းများကိုကြည့်လျှင် မိမိလာရာ …မ်းကြောင်း ကို သိနိုင်သောကြောင့်ဖြစ်ပါသည်။

မူလခရီးသွားစဉ်က ထိုခရီးသည်အဖို့ ခရီးလမ်းတစ်လျှောက် …ည် အကောက်အကွေ့များစွာဖြင့် တွေ့ကြုံရပါလိမ့်မည်။ တစ်ချို့ …သော နေရာတို့သည် ချောင်းရှိ၏။ မြောင်းရှိ၏။ အချို့သောနေရာ …တွင် တွင်းရှိ၏။ ချိုင့်ရှိ၏။ ခလုတ်ကန်သင်းရှိ၏။

ဤသို့ဖြင့် လာရာလမ်းတစ်လျှောက်တွင် အဖုအထစ် …ကောက် အကွေ့တို့သည် ရှိစမြဲဖြစ်ပါသည်။ လူတစ်ယောက်၏ …လမ်းကြောင်းသည်လည်း ထို့အတူပင်ဖြစ်ပါသည်။ တောင်ထိပ် …ရောက်မှ တောင်အောက်သို့ပြန်ကြည့်လျှင် မြင်ရသောမြင်ကွင်း …ည် ပို၍ လာရာလမ်းကို သိသာစေပါသည်။

အပေါ်စီးမှလှမ်း၍ အောက်သို့ကြည့်လိုက်ခြင်းသည
မြင်ကွင်းတစ်မျိုးဖြစ်၏။ တောင်ခြေမှရပ်၍ တောင်ပေါ်သို့ကြည့်လို
ခြင်းကလည်း မြင်ကွင်းတစ်ခုဖြစ်၏။

ကျွန်တော်ခံစားကြည့်သည်မှာ တောင်ခြေမှ တောင်ပေါ်သ
ကြည့်လျှင် ခရီးသည် ခက်ခဲ၏။ ဝေး၏။ မြင့်၏။ တက်ရန်ခက်ခဲ

တောင်ပေါ်မှ တောင်အောက်သို့လှမ်းကြည့်လိုက်လျှင် ခ
သည် မခက်ခဲ၊ မဝေး၊ မမြင့်။

ဤသို့သောအတွေးဖြင့် တွေးကြည့်လိုက်သောအခါ ငှက်
လေတစ်ကောင်ကဲ့သို့သော အချိန်အနေမျိုးမှ ရုန်းထွက်၍ မ
သောငှက်ဘဝသို့ ပြောင်းလဲသွားသော လူတစ်ယောက်၏ ကြိုး
မှုကို ဒေါက်တာခင်ရွှေ၌ တွေ့ရပါသည်။

သူသည် ဘာသာတရားကို လက်ကိုင်ထား၏။ စိတ်ဓာတ်
မြင့်အောင်လုပ်၏။ သူများအကျိုးကို သယ်ပိုး၏။ မိမိအတွက်လည
အကျိုးရှိစေ၏။ ဤသို့ဖြင့် အတ္တတစ်ဖက်၊ ပရတစ်ဖက်ဖြင့်သွား
လောဘလွန်သော အနေအထား တစ်ခါမျှ မတွေ့ခဲ့ရ။ ဒေါသလ
သော အနေအထားလည်း တစ်ခါမျှ မတွေ့ခဲ့ရ။ မောဟလွန်သေ
အနေအထားလည်း တစ်ခါမျှ မတွေ့ခဲ့ရ။

ထိုသို့သောစိတ်ထားဖြင့် သူသည် စီးပွားရေး နယ်နိမိတ်ထဲ
နာမည်ပျက်မရှိ။ ဘာသာရေး နယ်နိမိတ်ထဲတွင်လည်း နာမည်ပ
မရှိ။ သူသည် အမြဲလှုပ်ရှားနေ၏။ သူသည် အရာရာကို စိတ်ဝင်
တတ်၏။ ဤကိစ္စပေါ်အောင် သူနှင့် အားကစားလောကကိုပဲ မ
မဆိုင် ကြည့်ကြပါစို့။

စီးပွားရေးသမားတစ်ယောက်အဖို့ (ဝါ) စီးပွားရေးလုပ်ငန်း
တစ်ယောက်အဖို့ အားကစားနှင့် ဘာမျှပတ်သက်စရာမရှိ။ သို့ေ
လည်း သူ့အမြင်က မိမိကိုအမြင့်သို့ရောက်စေသော နိုင်ငံတော်

ရုံးဆပ်ခြင်းသည် နိုင်ငံတော်၏ လုပ်ငန်းတစ်ရပ်ရပ်ကို အမြဲစိတ်ထားစွာ အနီးကပ်ကူညီခြင်းပင်ဖြစ်သည်ဟု သူခံယူပုံရ၏။ ထို့ကြောင့်သည်း သူ့ခံယူချက်အတိုင်း နိုင်ငံတော် အားကစားလုပ်ငန်း များတွင်ပင်ခြင်းမှာ သံသရာမျက်နှာအတွက်မဟုတ်။ နိုင်ငံတော်မျက်နှာ ကျက်သာဖြစ်ပေသည်ဟု အကဲခတ်နိုင်ပါသည်။ ဤအချက်ကို သောပေါက်အောင် သတင်း(၃)ပုဒ်ကို ကောက်နုတ်တင်ပြပါမည်။

ပထမသတင်းမှာ ကုက္ကိုင်းရေကူးအသင်း နှစ်ပတ်လည်ငံးလုံးကျွတ် အစည်းအဝေးသတင်းဖြစ်သည်။ ဤသတင်းတွင်ရားဒကာကြီးကိုလည်း လူပုံလယ်တွင် စိတ်ဝင်စားဖွယ်မြင်ရသည်။ လောကီနယ်ပယ်ထဲမှာ ရှိနေဆဲဖြစ်သောကြောင့် လောကီသားများကိုည်ကြောင်း ထင်ရှားပါသည်။

ဒုတိယသတင်းမှာ အာရှအငယ်တန်း တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲဝင်များအား ကြိုဆိုဂုဏ်ပြု ညစာစားပွဲ တည်ခင်းသတင်း ဖြစ်သည်။ ဤသတင်းမှာလည်း ဘုရားဒကာကြီးကို လူပုံအလယ်တွင် စိတ်ဝင်စားဖွယ်တွေ့ရသည်။ လောကီနယ်ပယ်ထဲမှာ ရှိနေဆဲဖြစ်သောကြောင့် လောကီသားများကို ကူညီစိတ်ရှိကြောင်း သိသာပါသည်။

ပထမသတင်းတွင် ဒေါက်တာခင်ရွှေကိုမြန်မာနိုင်ငံ ကြက်တောင်ဂိုက်အဖွဲ့ချုပ် နာယကအဖြစ် ရှုမြင်ရသည်။ ဒုတိယသတင်းတွင် ဒေါက်တာခင်ရွှေကို ကုက္ကိုင်းရေကူးအသင်း၏ အမှုဆောင်ကော်မတီဥက္ကဋ္ဌအဖြစ် ရှုမြင်ရသည်။

ဆိုလိုသောအချက်မှာ အသင်းတစ်သင်း၏ ဥက္ကဋ္ဌဖြစ်သည်မှာ မဆန်းလှပါ။ ဥက္ကဋ္ဌဆိုသည်မှာ နှစ်တိုင်း နှစ်တိုင်း တစ်ယောက်တစ်ယောက်တော့ဖြစ်စမြဲဖြစ်ပါသည်။ သူ မဖြစ်လျှင် နောက်တစ်ယောက် ဖြစ်မည်။ နောက်တစ်ယောက်မဖြစ်လျှင် သူဖြစ်မည်။

သူတို့မဖြစ်လျှင် အခြားတစ်ယောက်ယောက်ဖြစ်မည်။ ဤအခ
သည် သေချာပါသည်။ ထို့ကြောင့် သူဥက္ကဋ္ဌဖြစ်သည်ကို အကျယ်
စရာ အကြောင်းမရှိပါ။

ဤနေရာတွင် ကျွန်တော်၏ဆိုလိုရင်းမှာ သူသည် ဘုရာ
တရားသမားဖြစ်သော်လည်း နေရာတကာမှာ ဘုရား ဘုရား
ဟန်ကြီးပန်ကြီးလုပ်မနေဘဲ လောကီသားပီပီ လောကီအလုပ်များ
စိတ်ဝင်စားစွာ လုပ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်တည်ဆော
ရေးတွင် ပါဖြစ်အောင် သူပါခဲ့ကြောင်း ဆိုလိုရင်းဖြစ်ပါသည်။

◆ ◆ ◆

# ဒါနပါရမီ

၁၀-၁၁-၂၀၀၂ ခု တနင်္ဂနွေနေ့တွင် ခမ်းနားကြီးကျယ်စွာ ပြုလုပ်ခဲ့သော မင်္ဂလာဒုံမြို့တော်ဦး စေတီတော်ပွဲ(၆)ဆူတို့၏ ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားသည်ကား မမြင်စဖူးသော ...ပေါင်းကူး တံတားများဖြင့် ထူးထူးကဲကဲ ပြုလုပ်ခြင်းဖြစ်သော ကြောင့် ရန်ကုန်မြို့ တော်သူ မြို့တော်သားများပင် အထိတ်တလန့် အံ့ဩသွားကြရလေသည်။ ထိုသို့ အံ့ဩစရာကောင်းသော ကုသိုလ် ကောင်းကြီးကို ဒေါက်တာခင်ရွှေသည် ပြုမူနိုင်သည်မှာ ရှေးရှေးက ပါရမီ ကြောင့်ဟု ပါရမီကို ယိုးမယ်ဖွဲ့၍ မရနိုင်စကောင်းချေ။

ပါရမီဆိုသည်မှာလည်း အကြိမ်ကြိမ် အဖန်ဖန် ဆည်းပူး ပြုလုပ်အပ်သော ကိစ္စတစ်ခုဖြစ်သည်။ အကြိမ်ကြိမ် အထပ်ထပ် ပြုလုပ်ခြင်းဖြင့် ထူးခြားစွမ်းရည်တစ်ခု ပေါ်ပေါက် ဖြစ်ထွန်းလာသည် အပိုင် ပါရမီဟု ဆိုနိုင်ပါသည်။ ကျပ်ငွေ (၁၀၀၀) နှင့် ရန်ကုန်တက် လာခဲ့သော ရန်ကုန်ရောက် မော်လမြိုင်သား တောသားကလေး တစ်ယောက်၏ ဇာတ်လမ်းသည် မျိုးဆက်သစ်များအတွက် အံ့စဖွယ် အတုယူစရာဖြစ်လေသည်။

ကုသိုလ်ထူးများဖြင့် ပြည့်လျှံနေသောကြောင့် ကုသိုလ် သက်သက် လောကုတ္တရာသက်သက်ဟူ၍ မထင်မှတ်ပါလေနှင့်။ သူ၏ ဖြစ်စဉ်တွင် လောကီအကျိုးပြုကိစ္စတို့ကလည်း နိုင်ငံသစ်တို့ အထောက် အကူပြုနေကြောင်း ပြောပြချင်ပါသည်။ ဒါနသူဌေးကြီး ဟုဆိုသော်လည်း သူ၏ ဌေးပုံဌေးနည်းမှာ လောကုတ္တရာသက်သက် မဟုတ်ချေ။ အကယ်၍ လောကီကို လုံးလုံးလျားလျားကြီး စွန့်လွှတ်ပြီး နောက် လောကုတ္တရာလမ်းကြောင်းသက်သက်သာ သွားမည်ဆိုလျှင် လည်း သူ၏အထုပ္ပတ္တိသည် တစ်မင် တစ်ဖိုလ်အထိ သွားမည်ဖြစ် သဖြင့် လောကီလူသားတို့အတွက် အတုယူစရာတစ်ခုကို ရုတ်တရက် ပြန်ပြောရန် ခဲယဉ်းလှပါသည်။

သူ၏ ဌေးပုံဌေးနည်းမှာ ဒါနတို့၏ ဌေးပုံဌေးနည်းသာမက ငွေတို့၏ ဌေးပုံဌေးနည်းသာမက လောကီလူသားတို့အတွက်လည်း မေတ္တာအပြည့် စေတနာအပြည့်ဖြင့် စိတ်သူဌေးကြီးဖြစ်သည်သာမက နိုင်ငံ အကျိုးပြု မျိုးချစ်စိတ်ဓာတ်တို့ကလည်း ဌေးကြွယ်၍နေသော ကြောင့် ဒါနသူဌေးကြီးဟုဆိုရာတွင် တိုင်းချစ်ပြည်ချစ် ဒါနတို့က လည်း ပါနေသည်ဟု ဆိုချင်ပါသည်။ ထိုအချက်ကို သက်သေပြရန် အထောက်အထားများစွာရှိပါသည်။

ကျွန်တော်ပြချင်သော အထောက်အထားများထဲတွင် - (၁) မြန်မာ့အားကစားလောကသို့ အသစ်ဝင်ရောက်လာသော မြားပစ် အားကစားနည်းကြီး မြန်မာ့အားကစားလောကတွင် ဖွင့်ဖော်လာရ သည်မှာလည်း ဒေါက်တာခင်ရွှေ၏ ကောင်းမှုမကင်းချေ။ ၎င်းအပြင် (၂) ဇေကမ္ဘာ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဘန်ကောက် ဖိတ်ခေါ် မာရသွန် ပြိုင်ပွဲအောင်မြင်မှုတို့ကလည်း ဒေါက်တာခင်ရွှေ၏ ကောင်းမှုနှင့် မကင်းချေ။ ၎င်းအပြင် (၃) မြရိပ်ညို မြန်မာပြည် တံခွန်စိုက် ကြက်တောင်ပြိုင်ပွဲကြီး လျှမ်းလျှမ်းတောက် အောင်မြင်

ည့်မှာလည်း ဒေါက်တာခင်ရွှေ၏ ကောင်းမှုနှင့် မကင်းချေ။

ထိုအချက်တို့ကို တစေ့တစောင်း ပြလိုက်လျှင်ပင် ဒေါက်တာ ခင်ရွှေ၏ လောကီရုပ်ပုံလွှာသည် ထင်သာမြင်သာ ဖြစ်လာလိမ့်မည် ဟု ယူဆနိုင်ပါသည်။

♦ ♦ ♦

# မြန်မာ့အားကစားလောကသို့ အသစ်ဝင်ရောက်လာသော မြားပစ်အားကစားနှင့် စပ်လျဉ်းသော

# ဒါနခန်းကြီး

၁၉၇၇ ခုနှစ်တွင်ကျင်းပခဲ့သော အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီး (၉)ကြိမ်မြောက် ပြိုင်ပွဲကြီးဖြစ်၏။ ထိုပွဲမှစတင်၍ မြားပစ် အားကစားနည်းသည် စတင်ပါဝင်လာခဲ့ကြောင်း သတိထားမိပါ သည်။

၁၉၀၀ပြည့်နှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သော ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲကြီးသည် အိုလံပစ်သမိုင်းတွင် ဒုတိယအကြိမ် မြောက် ဖြစ်ခဲ့သည်။ ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲကြီး၏ တတိယအကြိမ် မြောက်ကို ၁၉၀၄ခုနှစ်တွင် အမေရိကန်နိုင်ငံ စိန့်လူဝီမြို့တွင် ကျင်းပ ခဲ့ကြောင်း သိရပါသည်။ ၎င်းနောက် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ အိုလံပစ် ပြိုင်ပွဲကြီးကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပခဲ့ကြောင်း သတိထားမိပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးလှုပ်ရှားမှုများ အကြီးအကျယ် ပြင်းထန်နေသော ၁၉၂၀ခုနှစ်တွင်ကား သတ္တမအကြိမ်မြောက် ကမ္ဘာ့ အိုလံပစ် ပြိုင်ပွဲကြီးကို ဘယ်လ်ဂျီယံနိုင်ငံ အန်ကာဝပ်မြို့တွင် ကျင်းပခဲ့ ကြောင်း သတိထားမိပါသည်။

သို့သော်လည်း ထိုသို့သော ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကြီးများ၌ ...သျှင် မြားပစ်အားကစားနည်း ပါဝင်ခဲ့သည်ဟု ကျွန်တော်သတိ ...ထားမိပါ။ ပထမဦးဆုံးအကြိမ် သတိထားမိသည်မှာ ၁၉၇၂ခုနှစ်တွင် ကျင်းပခဲ့သော အကြိမ်(၂၀)မြောက် ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲဖြစ်ပါသည်။ ထိုပြိုင်ပွဲတွင်မှစတင်၍ မြားပစ်အားကစားကြီးသည် ပြန်လည်ရှင်သန် ...ကြောင်း သိရပါသည်။

သို့သော်လည်း ၁၉၂၀ခုနှစ်တွင် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် မြားပစ်အားကစားနည်းသည် ပါဝင်ခဲ့ကြောင်း သတိပြုခဲ့ပြီးသည့် နောက် အားကစားလောကမှ တဖန်ငုပ်လျှိုးသွားသည်မှာ အတော် ...လေး ကြာခဲ့ကြောင်း သတိပြုမိပါသည်။

၁၉၇၂ခုနှစ် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကြီးကို မြူးနစ်တွင် ကျင်းပ ...ပါသည်။ ထိုအကြိမ်သည်ကား အကြိမ်(၂၀) မြောက် အိုလံပစ်ဖြစ် ...သည်။ ထိုမြူးနစ် ကမ္ဘာ့အိုလံပစ် ပြိုင်ပွဲကြီးတွင် မြားပစ်အားကစား နည်းသည် တစ်ဖန်ပြန်လည် ရှင်သန်လာခဲ့ကြောင်း သတိပြုမိပါ သည်။

၁၉၇၇ ခုနှစ်တွင် ကျင်းပခဲ့သော (၉) ကြိမ်မြောက် အရှေ့ တောင် အာရှအားကစားပြိုင်ပွဲတွင်ကား မြားပစ်အားကစားနည်း ...ဘင်ပါဝင်ခဲ့ကြောင်း သိရပါသည်။

မြန်မာနိုင်ငံတွင်ကား ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ (၈)ရက်နေ့ ...ွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပုလဲလမ်း အမှတ် (၂၂) တွင် တည်ရှိ သော မြရိပ်ညိုရှိုင်ရယ်ဟိုတယ်တွင် ကျင်းပခဲ့သော အစည်းအဝေး ကြီးသည် မြန်မာ့အားကစားလောကတွင် မဖွဲ့စည်းရသေးသော မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ကို ဖွဲ့စည်းရန် စတင်ဖွင့်ဖော်လိုက်ခြင်း ဖြစ်ကြောင်း ကောင်းစွာသတိပြုမိပါသည်။ ထို မြရိပ်ညိုသည်ကား ဒေါက်တာခင်ရွှေ၏ မြရိပ်ညိုပင် ဖြစ်ပါတော့သည်။

အဆိုပါ အစည်းအဝေးမှ စတင်၍ မြန်မာမြားပစ်အဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းခဲ့ကြောင်း သိရပါသည်။ ဇေကမ္ဘာကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာခင်ရွှေသည် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်လာခဲ့လေသည်။

ထိုအကြောင်းနှင့်စပ်လျဉ်း၍ မြန်မာအားကစားလောကတွင် အသစ်ဝင်ရောက်လာသော မြားပစ်အားကစားနည်းနှင့် ပတ်သက်၍ ဒေါက်တာခင်ရွှေ၏ သဘောထားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"ယနေ့တိုင် မြန်မာတိုင်းရင်းသားတို့သည် လေးမြားအတတ်ပညာကို မိမိတို့ရိုးရာ အမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းထားဆဲပင်ဖြစ်ကြောင်း၊ ယခုအခါ တစ်ချိန်က ပျောက်ကွယ်ခဲ့ရသော မြန်မာ့လေးမြား အတတ်ပညာကို ပြန်လည်ဖော်ထုတ်ကာ အပြည်ပြည်ဆိုင်ရာ မြားပစ်အားကစားနည်းနှင့်အညီ စနစ်တကျ ဖွဲ့စည်းခွင့်ရရှိခဲ့၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ရပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ မြားပစ်အားကစားနည်း ပြိုင်ပွဲသုံး အားကစားပစ္စည်းတန်ဖိုးများမှာ မသေးလှကြောင်း၊ တစ်ခုလျှင် အနည်းဆုံး ဒေါ်လာ ၂၀၀၀ မှ ၄၀၀၀ ကြား ရှိကြောင်း၊ လောလောဆယ်တွင် တစ်လက်လျှင် အမေရိကန် ဒေါ်လာ ၃၀၀၀ တန် အပြည်ပြည်ဆိုင်ရာ မြားပစ်အားကစားနည်းသုံး လေး မြားကို ဝယ်ထားပြီးဖြစ် ကြောင်း၊ မိမိနှင့်တကွ အများတကာ အကျွမ်းမဝင်သေးသော အားကစားနည်း တစ်ရပ်ကို ယခုကဲ့သို့ စနစ်တကျ ဖွဲ့စည်းကာ လုပ်ကိုင်ခွင့်ရခဲ့၍ များစွာ ဂုဏ်ယူမိပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသ အသီးသီးသို့ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့်စတင်ကာ ကွင်းဆင်း၍ မြားပစ်အားကစားနည်းကို စည်းရုံးသိမ်းသွင်းသွားမည်ဖြစ်

ကြောင်း၊ ဒီအတွက်လည်း လူများ ရှာဖွေပြီးဖြစ်ကြောင်း၊ မကြာမီအတွင်း ပြည်နယ်နှင့်တိုင်း တံခွန်စိုက်ပြိုင်ပွဲများ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရေတိုအဖြစ် အသက် အပိုင်း အခြားမရွေး ဖိတ်ခေါ် ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ရေရှည်အဖြစ် အသက် ၁၂ နှစ် ၁၃နှစ် လူငယ် မောင်မယ် များကို စည်းရုံး လေ့ကျင့်၍ မြေတောင်မြှောက်ပေးရန် ရည်ရွယ်ကြောင်း"

ဒေါက်တာခင်ရွှေက ပြောကြားသွားခဲ့ပါသည်။

ဤသို့ဖြင့် ခေတ်သစ်မြန်မာ့သမိုင်းတွင် မြားပစ်အားကစား နည်းသည် မြန်မာ့မြေတွင် ရှင်သန်လာခဲ့လေသည်။ ဤသို့ရှင်သန် အောင် ဒါနသူဌေးကြီးအဖြစ် ဒေါက်တာခင်ရွှေသည် ပါဝင်ခဲ့သည် ကိုကပင် သူ၏ ကံကောင်းခြင်းဟု ဆိုရမည်လား။ သို့တည်းမဟုတ် သူ၏ နိုင်ငံအပေါ် ထားအပ်သော စေတနာကြောင့်ဟုပင် ဆိုရမည် လား။ မသိနိုင်တော့ပါ။

◆ ◆ ◆

# ဒေါက်တာခင်ရွှေနှင့်

## ဘန်ကောက်ဖိတ်ခေါ် မာရသွန်ပြိုင်ပွဲ အောင်မြင်မှု

စေတနာထက်သန်သော စီးပွားရေးလုပ်ငန်းရှင်များသည် တည်ဆောက်လျက်ရှိသော နိုင်ငံသစ်ကို စိတ်ဝင်စားကြသည်မှာ အလွန်မှတ်သားလောက်ပေသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်လျက်ရှိသည်ကို တွေ့ရသည်မှာလည်း အလွန်အားရစဖွယ်ဖြစ်လေသည်။

မြန်မာ့အားကစားသည် ကမ္ဘာကို လုံးဝလွှမ်းမိုးရစေမည် ဟူသော စကားကလေးကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွက် မေတ္တာစေတနာအပြည့်ဖြင့် ပါဝင်လာခဲ့သော စီးပွားရေးသမားများ (ဝါ) ပုဂ္ဂလိက လုပ်ငန်းရှင်များထဲတွင် ဒေါက်တာခင်ရွှေသည် ထိပ်ဆုံးတစ်နေရာမှ ပါဝင်ခဲ့ကြောင်း သတိပြုမိပါသည်။ ထိုအချက်ကို ဘန်ကောက်ဖိတ်ခေါ် မာရသွန်ပြိုင်ပွဲ အောင်မြင်မှုက သက်သေထူလျက်ရှိပါသည်။ ဒေါက်တာခင်ရွှေကဲ့သို့ စေတနာထက်သန်သော စီးပွားရေးလုပ်ငန်းရှင်များသည် ဆထက်ထမ်းပိုးတိုး၍

နိုင်ငံတော်ကို ကူညီပံ့ပိုး သွားကြမည်ဆိုပါလျှင် နိုင်ငံအတွက် အထူး အားရှိစရာ ဖြစ်ပါလိမ့်မည်။ ထိုအချက်ကိုပြချင်သောကြောင့် ဒေါက်တာခင်ရွှေကို နမူနာ တင်ပြပါမည်။

မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်ဟူသော ရည်မှန်းချက် အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရသည် ဘက်စုံမှ အားပေးလျက်ရှိပါသည်။ ထိုသို့သော အချိန်အခါတွင် ဒေါက်တာခင်ရွှေ ကဲ့သို့ အလားတူပါဝင်ကြသော ပုဂ္ဂလိက လုပ်ငန်းရှင်တို့၏ ကူညီပံ့ပိုး မှုကြောင့် မြန်မာ့အားကစားလောကသည် ကမ္ဘာ့အလယ်တွင် ထည်ဝါ စပြုလာကြောင်း တွေ့ရပါသည်။ မာရသွန်ပြိုင်ပွဲ အောင်မြင်မှုသည် နိုင်ငံတော်၏ အောင်မြင်မှုဟု ဆိုနိုင်ပါသည်။

၁၉၉၄ ခုနှစ် နိုဝင်ဘာလ (၂၇) ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဘန်ကောက်ဖိတ်ခေါ် မာရသွန်ပြိုင်ပွဲကို ကျင်းပခဲ့ ပါသည်။ မြန်မာနိုင်ငံမှ အားကစားသမားများလည်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပါသည်။ ပြိုင်ပွဲဝင်ဦးရေမှာ (၁၂)ဦးတိတိဖြစ်ပါသည်။ ၎င်းတွင် ထူးထူးခြားခြား မှတ်တမ်းတင်ရမည်မှာ ထို(၁၂)ဦးစလုံးပင် အောင်ပန်းဆွတ်ခူးခဲ့ခြင်းမှာ အံ့စဖွယ်ဖြစ်ကြောင်း မှတ်တမ်းတင်ရ မည် ဖြစ်ပါသည်။

ရွှေတံဆိပ်(၉)ခု၊ ငွေတံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၁)ခု ရရှိခဲ့ ကြောင်း သိရပါသည်။ ဤသို့ နိုင်ငံအတွက် ဂုဏ်ယူစရာ ကိစ္စကြီးတွင် ဒေါက်တာခင်ရွှေသည် ဒါနသူဌေးကြီးအဖြစ် နိုင်ငံတော်အပေါ် ကိုယ် စား စိတ်ပါ ကူညီခဲ့ကြောင်း မှတ်တမ်းများရှိပါသည်။

အဆိုပါ ဘန်ကောက် ဖိတ်ခေါ် မာရသွန်ပြိုင်ပွဲသို့ နိုင်ငံပေါင်း (၂၀)မှ ပါဝင်ခဲ့ကြောင်း၊ အားကစားသမားပေါင်း (၃၂၅၀) ပါဝင်ခဲ့ ကြောင်း သိရပါသည်။ ထိုသို့သော နိုင်ငံများထဲတွင် တရုတ်လည်း ပါ၏၊ ဂျပန်လည်း ပါ၏၊ တောင်ကိုရီးယားလည်း ပါ၏၊ တူရကီလည်း

ပါ၏၊ အမေရိကန်လည်း ပါ၏၊ ဖင်လန်လည်း ပါ၏၊ အိန္ဒိယလည်း ပါ၏၊ မလေးရှားလည်း ပါ၏၊ အင်ဒိုနီးရှားလည်း ပါ၏၊ ထိုင်းလည်း ပါ၏၊ မြန်မာလည်း ပါ၏။ နိုင်ငံပေါင်း(၂၀) ပါဝင်ခဲ့၏။ ထိုအထဲတွင် မြန်မာ တို့သည် ထူးထူးခြားခြား ထင်ပေါ်ခဲ့လေသည်။

ထိုအကြောင်းနှင့်စပ်လျဉ်း၍ အင်တာဗျူးတစ်ခုတွင် ဒေါက်တာခင်ရွှေက အောက်ပါအတိုင်း ပြောကြားခဲ့ကြောင်း သိရ သည်။

"ယခုပြိုင်ပွဲဟာ ကျွန်တော် စပွန်ဆာလုပ်ပြီး ကူညီပံ့ပိုးခဲ့တဲ့ တတိယမြောက်ပြိုင်ပွဲပါ။ ကျွန်တော် ပထမဆုံးပြုလုပ်ခဲ့တဲ့ ၁၉၉၂ခုနှစ် ဘန်ကောက်ဖိတ်ခေါ် မာရသွန်ပြိုင်ပွဲတုန်းကလည်း မြန်မာ့အားကစား အဖွဲ့ဝင် (၁၆) ဦးပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၀ခု၊ ငွေတံဆိပ် ၅ခုနှင့် ဂုဏ်ထူးဆောင် ဆုတံဆိပ်တစ်ခု ရရှိခဲ့ပါတယ်"

"အဲဒီတုန်းက ပြိုင်ပွဲဝင် မြန်မာအားကစား အဖွဲ့ဝင် ၁၆ ဦး စလုံး ဆုတံဆိပ် ရရှိခဲ့ခြင်းပါပဲ။ အဲဒီတုန်းက နိုင်ငံပေါင်း ၁၄နိုင်ငံမှ အားကစားသမားပေါင်း (၄၉၀၀)ပါဝင် ယှဉ်ပြိုင်ခဲ့ကြပါတယ်။ အဲဒီ ပြိုင်ပွဲဟာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေထဲမှာ ကျွန်တော် ပထမဆုံး စပွန်ဆာလုပ်ပြီး ကူညီပံ့ပိုးပေးခဲ့တဲ့ပွဲဖြစ်ပါတယ်"

"အဲဒီနောက် ၁၉၉၃ခုနှစ် ဘန်ကောက် မာရသွန်ပြိုင်ပွဲမှာ လည်း မြန်မာအားကစားအဖွဲ့ (၁၈)ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ အဖွဲ့က ရွှေတံဆိပ် (၈)ခု၊ ငွေတံဆိပ် (၅)ခုနဲ့ ကြေးတံဆိပ် (၄)ခု အပါ အဝင် ဆုတံဆိပ်ပေါင်း (၁၇)ခုရရှိခဲ့ပါတယ်"

"အခုလိုအောင်မြင်ခဲ့တာဟာ အားကစားသမားတွေကို ယခင် ကထက် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပြီး ကူညီပံ့ပိုးပေးခဲ့လို့နဲ့ အားကစားသမားတွေဘက်ကလည်း ဇွဲ စိတ်ဓာတ်ကြံ့ခိုင်မှု အပြည့် အဝနဲ့ စည်းစနစ်မှန်မှန် လေ့ကျင့်မှု အားကောင်းခဲ့လို့ ဖြစ်ပါတယ်"

ဤသို့ အောင်မြင်မှု ရရှိခြင်းနှင့်စပ်လျဉ်း၍ ဒေါက်တာခင်ရွှေ ... နခန်းမှာ အလွန်စေတနာပါလေသည်။ မြန်မာအားကစား အဖွဲ့ ... များ ဘန်ကောက်တွင်နေထိုင်စဉ် ကာလအတွင်းမှာလည်း ဟိုတယ် ... ဘည်းခိုနေထိုင် စားသောက်ရေးမှစ၍ သွားလာလည်ပတ်ရေး ... လိုလေသေးမရှိအောင် သူကပင် ထောက်ပံ့ကူညီခဲ့ကြောင်း ... ပါသည်။

မြန်မာအားကစားအဖွဲ့ဝင်အားလုံးကိုလည်း တစ်ဦးလျှင် ... ငွေ (၃၀၀၀)စီ ချီးမြှင့်ခဲ့ကြောင်း သိရပါသည်။ ထို့ပြင်သာမကသေး ... ကစားသမားများအတွက်ဆိုပြီး ဖီးကြမ်းငှက်ပျောသီးများကို ... ကုန်မှ ဘန်ကောက်အထိ စားရအောင်ဟု လေယာဉ်ပျံဖြင့် တကူး ... ယူသွားကြောင်း သိရပါသည်။

ဘန်ကောက် ဗိတ်ခေါ် မာရသွန်ပြိုင်ပွဲတွင် မြန်မာအားကစား အဖွဲ့ဝင်များ အောင်မြင်မှုများ ရရှိကြပြီးလျှင် ကမ္ဘာ့အလယ်တွင် ... မာတို့ ထည်ထည်ဝါဝါရှိခဲ့သဖြင့် မိမိအနေဖြင့် ငွေကုန်ကြေးကျ ... ကျိုးနပ်ခဲ့ကြောင်း ဒေါက်တာခင်ရွှေက အမြဲထာဝရ ကျေနပ်စွာ ... ယူပြောဆို လေ့ရှိပါသည်။

ယခုကဲ့သို့ စေတနာရှင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ သည် နိုင်ငံတော်အတွက် ကူညီပံ့ပိုးဆောင်ရွက်သွားနိုင်စေရန် ဒေါက်တာခင်ရွှေက နမူနာပြလိုက်သကဲ့သို့ဖြစ်သဖြင့် သူဌေးကြီးများ သည် နိုင်ငံတော်ကိုကူညီရန် သူသည်ပင်လျှင် "ချူဆိသဖွယ်" ဖြစ်နေ ကြောင်း မစဉ်းစားဝံ့ဝံ့ စဉ်းစားဝံ့ဝံ့ ဖြစ်ခဲ့ရပါကြောင်း တင်ပြပါသည်။

◆ ◆ ◆

# ဒေါက်တာခင်ရွှေနှင့်

# မြရိပ်ညို၊ မြန်မာတံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ ပုံရိပ်လွှာ

မြန်မာအားကစား လောကတွင် ဟိုနေရာ သည်နေရာတွေ မှာ ဒေါက်တာခင်ရွှေကို ရိပ်ကနဲ ရိပ်ကနဲ တွေ့၍ တွေ့၍ နေရပေရာ မပြောမဖြစ် ပြောရပေတော့သည်။ သူဘာကြောင့် အားကစား ဝါသနာပါသလဲ ဟု အချို့က သိပ်ပြီးသိချင်ကြပါသည်။ ထိုအထဲတွင် ကျွန်တော်လည်း ပါ၊ပါသည်။ ထိုကိစ္စကို ဒေါက်တာခင်ရွှေက ရိုးရိုး ကလေးပဲ ဖြေပါသည်။

"ကျွန်တော် အားကစားကို အရမ်းဝါသနာ ပါခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်တော်ဘဝ ငယ်ရွယ်စဉ်က ပံ့ပိုးပေးမယ့်သူနဲ့ မတွေ့ခဲ့ လို့ ကျွန်တော် အားကစား ချန်ပီယံ မဖြစ်ခဲ့ရပါဘူး"

"ကနေ့ ကျွန်တော်စီးပွားရေးလောကမှာ အထိုက်အလျောက် အောင်မြင်ခဲ့ရလို့ ကျွန်တော်တို့တိုင်းပြည်ကလူငယ်တွေကို ကျွန်တော့် လိုဘဝမျိုး မကြုံတွေ့ရလေအောင် မိမိတတ်နိုင်တဲ့ဘက်ကနေ အားပေးကူညီမယ်ဆိုပြီး ကူညီနေတာပါ"

"ပြီးတော့ ကနေ့ နိုင်ငံတော်အစိုးရဟာ ဈေးကွက်စီးပွားရေး

...ကုင့်သုံးကာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေး ...ည့် လျက်ရှိပါတယ်"

"ဒီလိုအားပေးတဲ့အတွက်လည်း ကျွန်တော်တို့ စီးပွားရေး ...ငန်းရှင်တွေ လွတ်လွတ်လပ်လပ် စီးပွားရေးလုပ်ခွင့်ကိုရရှိပြီး ...အောင်မြင်မှု ရရှိခဲ့ပါတယ်"

"နိုင်ငံတော်ဟာ အခုလို အားပေးချီးမြှင့်နေတာဟာ ပုဂ္ဂလိက ...ငန်းရှင်တစ်စုသာ ချမ်းသာတာထက် ချမ်းသာကြွယ်ဝတာထက် ...ယ်ဝအောင် လုပ်ဆောင်ပေးနေတာ မဟုတ်ပါဘူး။ ပုဂ္ဂလိက ...ငစ်စုမျှ ချမ်းသာကြွယ်ဝရုံနဲ့ နိုင်ငံတော်ဟာ ဖွံ့ဖြိုးတိုးတက်တဲ့ ...တ်ခိနိုင်ငံတော်ကြီး ဖြစ်ပေါ်မလာနိုင်ပါ ဘူး"

"အခြေခံ လူများစုဖြစ်တဲ့ တောင်သူ လယ်သမား၊ အလုပ် ...မား အပါအဝင် တိုင်းရင်းသား ပြည်သူအားလုံးရဲ့ လူမှုစီးပွားရေး ...င်ဆင့်ပြီး တစ်ဆင့် ဖွံ့ဖြိုးတိုးတက်ပါမှ ချမ်းသာသောနိုင်ငံ ကြွယ်ဝ ...ာလူမျိုးအဖြစ် တန်ဖိုးမြင့်မားလာမှာဖြစ်ပါတယ်"

"ဒါကြောင့် နိုင်ငံတော်ရဲ့ကျေးဇူးကို ပြန်လည်ပေးဆပ်တဲ့ ...နေနဲ့ အမျိုးသားရေး အမြင်ကျယ်ပြန့်စေရန် ကျွန်တော် တတ်နိုင် ...ဘက်က မြန်မာ့အားကစား အဆင့်အတန်း မြင့်မားရေးမှာ ...င်ဘပ် တစ်အား ပါဝင်ကူညီပံ့ပိုးပေးနေခြင်း ဖြစ်ပါတယ်"

အထက်ပါ စကားများထဲတွင် စကားထဲက ဇာတိပြဆိုသကဲ့ ...ှ သူ၏ဇာတိသည် ပြဆိုလျက်ရှိပါသည်။ ထိုဇာတိထဲတွင် သူ၏ဆန္ဒ ...် အကဲခတ်နိုင်ပါသည်။ သူ၏ဆန္ဒထဲတွင်လည်း နိုင်ငံတော်အပေါ် ...ါ လောကအပေါ် သူထားအပ်သော မေတ္တာ ကရုဏာ မုဒိတာ ...ကို ထပ်ဆင့်၍ ဆင့်ပွားအကဲခတ်နိုင်ပါသည်။

မြရိပ်ညိုတံခွန်စိုက်ပြိုင်ပွဲသည် အမျိုးသားတံခွန်စိုက်၊ အငယ် ...န်းတံခွန်စိုက် (၁၈)နှစ်အောက်၊ အသက်(၁၅)နှစ်အောက်၊ အသက်

(၁၂)နှစ်အောက် စသဖြင့် အတန်းများခွဲကာ ယှဉ်ပြိုင်စေသော ပြိုင်
ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်သည် အဘယ်ဖြစ်ပါသနည်း။

အဓိကရည်ရွယ်ချက်မှာ မျိုးဆက်သစ်လူငယ်များ ဖြစ်ထွန်း
ပေါ်ပေါက်လာပြီးလျှင် နိုင်ငံတော်ကို အထောက်အကူပြုနိုင်မ
ရည်ရွယ်သော အချက်ဖြစ်ပါသည်။

ဤတွင် မှတ်သားလောက်သော အချက်တစ်ချက်ကို များ
အရေးမကြီးလှသော်လည်း သူ၏ စိတ်မာတ်ကိုပေါ်လွင်အောင် သ
သေပြပါမည်။ အမျိုးသားတံခွန်စိုက် ချန်ပီယံရခဲ့သူ နှစ်ယောက်
ပတ်သက်၍ ဖြစ်ပါသည်။

ဝင်းထွန်းသိန်းဆိုသူနှင့် ဆွေမာဦးဆိုသူတို့သည် ချန်ပီယံ
လာသောအခါ သူ၏ မြရိပ်ညိုဟိုတယ်ဝန်ထမ်းများအား ပေးသော
လစာနှုန်းထားအတိုင်းပင် ထိုချန်ပီယံနှစ်ယောက်အား တစ်နှစ်
လစာငွေများ ထောက်ပံ့ခဲ့ခြင်းပင်ဖြစ်ပါသည်။ ၎င်းအပြင် ဒေါ်လ
ဝင်ငွေအပေါ်မှာလည်း အချိုးကျရမည့် အပိုဆောင်းငွေများကိုလည်
ဒေါ်လာနှင့်ပင် ဆုအဖြစ် ချီးမြှင့်ခဲ့ကြောင်း သိရပါသည်။

ဤသည်တို့မှာ ငွေပမာဏအားဖြင့် အတိုင်းအတာ မ
လှသော်လည်း ဒါနသူဌေးကြီးတစ်ဦး၏ နိုင်ငံအပေါ် အကွက်ကျ
ဒါနပြုပုံတို့ကို ပေါ်လွင်အောင် တင်ပြရခြင်းဖြစ်ပါသည်။

အထက်ပါ အချက်အလက်များကို အကျယ်အကျယ် တ
၍ နေရသည်မှာ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များတို့သည
စီးပွားရေးအရာတွင် နိုင်ငံတော်က နိုင်ငံတကာနှင့်ယှဉ်နိုင်အော
ဟူ၍ အခွင့်ထူးများ ပေးနေသကဲ့သို့ပင် ထိုအခွင့်ထူးရရှိသည်တို့
လည်း မိမိတို့ တတ်စွမ်းသမျှ နိုင်ငံတော်၏ကျေးဇူးကို ပြန်လည
ဆပ်သင့်ကြောင်းကို လည်းကောင်း၊ ဤသို့ဖြင့် နိုင်ငံတော်၏ကျေး
ကို ပြန်လည်ပေးဆပ်နေသူများ တစ်နေ့တစ်ခြား တိုးပွားလျှက်

ကြောင်းတို့ကို သက်သေပြသောအနေဖြင့်လည်းကောင်း ဒေါက်တာ င်မွှေကို နမူနာပြရခြင်း ဖြစ်ပါသည်။

ဤသို့ နိုင်ငံအကျိုးပြုသည်များကိုလည်း ကြားရသမျှသော ူအပေါင်းတို့က ဝမ်းမြောက်ဝမ်းသာ ရှိနေမည်ဖြစ်ကြောင်း အထူး င်ပြစရာ မလိုမတော့ပါ။ မြန်မာလူမျိုးတို့သည် အမျှဝေလျှင် သာဓု ေ်ါ်ဘတ်သော လူမျိုးများဖြစ်ပါသည်။ မုဒိတာအရာမှာ အလွန် ူးဆန်းသော သူများဖြစ်ပါသည်။

◆ ◆ ◆

# ရေကျော်မှာ ဒေါက်တာခင်ရွှေနှင့် တွေ့ဆုံခဲ့ရသော အင်တာဗျူးများ

ဒေါက်တာခင်ရွှေအကြောင်း ရေးသားထားသော သတင်းဂျာနယ်မဂ္ဂဇင်းတို့မှာ ကျွန်တော်လက်လှမ်းမီသမျှပင်လျှင် ဟိုတစ်ဒီတစ်စ အလွန်များပြားလှပါသည်။ ထိုအချက်အလက်တို့သည် နိုင်ငံသစ်တစ်ခုတည်ဆောက်နေရာတွင် နိုင်ငံတော်ကို အထောက်အကူပြုနေသော ပုဂ္ဂိုလ်တို့၏ ရုပ်ပုံလွှာများဖြစ်သကဲ့သို့ နိုင်ငံသစ်တစ်ခု၏ အောင်မြင်မှုမှတ်တမ်းများဟုလည်း တစ်နည်းအားဖြင့်ဆိုနိုင်ပါသည်။ ထို့ကြောင့် ဒေါက်တာခင်ရွှေ၏ ရုပ်ပုံလွှာဟုဆိုရသော်လည်း တစ်ပြိုင်တည်းမှာပင် နိုင်ငံသစ်တစ်ခု၏ ရုပ်ပုံလွှာအသစ်ဟုလည်း ဆိုနိုင်ပါသည်။

ဒေါက်တာခင်ရွှေနှင့်တွဲဘက်၍ မြရိပ်ညိုဟူသော စကားလုံးကလေးကလည်း အရိပ်သဖွယ် လိုက်၍ လိုက်၍နေပေသည်။ ၎င်းအပြင် ကမ္ဘာကျော် ကရဝိက်နန်းတော်ကြီးကလည်း ဒေါက်တာခင်ရွှေ၏ ရုပ်ပုံလွှာတစ်ခုအဖြစ် အများသိနေပါသည်။ ၎င်းအပြင် မင်္ဂလာဒုံ

ဥယျာဉ်မြို့တော်ကြီးကို တည်ဆောက်နေသော ဥယျာဉ်မှူးကြီးအဖြစ်
လည်း တစ်ဖက်တစ်လမ်းမှ ရှုမြင်နေရပါသည်။ ၎င်းအပြင် မင်္ဂလာဒုံ
မြို့နယ်ကြီးကို တည်ထောင်နေသော သူတစ်ယောက်အဖြစ်လည်း
သိမြင်သည်။ ဤသည်တို့မှာလည်း နိုင်ငံအကျိုးပြု ဒါန
ရှင်ကြီးတစ်ဦး၏ နောက်ခံ ပန်းချီကားများသဖွယ် မှတ်ယူရမည်
ဖြစ်ပါသည်။

လုပ်ငန်းတိုင်း လုပ်ငန်းတိုင်းတွင် အများနှင့်မတူ တစ်မူ
ထူးခြားသော သူ၏အတွေးများမှာ ရိုးရိုးစင်းစင်းနှင့် စိတ်ဝင်စားစရာ
ကောင်းလှပါသည်။

မြရိပ်ညိုဟိုတယ်နှင့်စပ်လျဉ်း၍ ထိုနာမည်ကလေးကို အဘယ်
ကြောင့် မှည့်ပါသနည်းဟုဆိုသောအခါ သူက အောက်ပါအတိုင်း
ရှင်းပြ ဖြေပါသည်။

“မြန်မာနိုင်ငံမှာ ဟိုတယ်တွေဖွင့်လှစ်တဲ့ အခါမှာ
နိုင်ငံခြားသားတွေ အမှတ်ရလွယ်အောင်ဆိုပြီး အင်္ဂလိပ်
နာမည်တွေပေးကြပါတယ်။ မြန်မာနာမည်က နိုင်ငံခြားသား
တွေအတွက် အသံထွက်ရော၊ မှတ်ရတာရော ခက်တာမို့
မြန်မာနာမည်ပေးရမှာ ကြောက်ကြပါတယ်”

“ကျွန်တော်ကတော့ အမှတ်ရခက်လည်း မတတ်နိုင်ဘူး။ ရဲရဲ
ဝံ့ဝံ့ပဲ မြရိပ်ညိုဆိုပြီး မြန်မာအမည်နဲ့ ဝင့်ကြွားစွာ ရပ်တည်နိုင်
ရန် မှည့်လိုက်တာပါ”

“မြရိပ်ညို ဟိုတယ်များရဲ့ဆောင်ပုဒ်ကတော့ ‘ချမ်းသာစေလို
အေးရိပ်ခို၊ မြန်မာ့မြရိပ်ညို’ ပါပဲ”

မြရိပ်ညိုဟိုတယ်များမှာလည်း လူတိုင်းစိတ်ဝင်စားခဲ့သော
ခေါင်းစဉ်တစ်ခုဖြစ်လေသည်။ ဇေကမ္ဘာကုမ္ပဏီသည် အမှတ် (၁)

စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်း ပြီးလျှင် အမှတ် (၂၃) (၂၅)၊ ကမ္ဘာအေးလမ်း ဗဟန်းတွင် မြရိပ်ညိုဟိုတယ် အမှတ် (၁) စူပရင်းဟူ၍ရှိ၏။ ၎င်းပြင် အမှတ် (၁၆-အေ) သုခဝတီလမ်း ရန်ကင်းမှာလည်း မြရိပ်ညိုဒီလတ်စ်တွင် ရှိပြန်၏။

ယခု လူသိများနေသော မြရိပ်ညိုရှိုင်ရယ်ဟိုတယ်မှာမူ ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံးနှင့် အကျိုးတူပူးပေါင်းပြီး လျှင် ဖွင့်လှစ်ခဲ့သော ဟိုတယ်ဖြစ်ကြောင်း သိရပါသည်။

◆ ◆ ◆

# ဒေါက်တာခင်ရွှေနှင့်

# သူ၏ ဝါသနာ

ဒေါက်တာခင်ရွှေ၏ ရုံးခန်းထဲတွင် ဆုတံဆိပ်အမျိုးမျိုးကို ...တွေ့ရသည်မှာလည်း အတော်ကလေး အံ့သြစရာဖြစ်ပါသည်။ ...ဥက္ကာဘူမိ ဆံတော်ရှင်များသာသနာကို တကျော့ပြန် ပြန်လည် ...ဖော်ရာတွင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ ဦးဆောင် ...ဖြင့် ဒေါက်တာခင်ရွှေကို ဘုရားဒါယကာကြီးအသွင် ကျွန်တော်၏ ...ဘ်တွင် အမြဲမြင်၍ မြင်၍သာ နေလေ့ရှိပါသည်။ သို့သော်လည်း ...သူသည် 'သူလည်းလေ လောကီသားပေမို့' ဟူသော ဆရာဇော်ဂျီ၏ ...ဗျာကလေးအတိုင်းပင် ဖြစ်ပါသည်။

သူ၏ရုံးခန်းထဲတွင် ဆုတံဆိပ်အမျိုးမျိုးတို့သည် သူ၏ဝါသနာ ...ကို ဖော်ညွှန်းလျက်ရှိပေသည်။ ဆုတံဆိပ်များမှာ အားလုံးလိုလိုပင် ...ဂေါက်သီးရိုက်ပြိုင်ပွဲများ၌ ရရှိခဲ့သောဆုများဖြစ်ကြောင်း အမှတ်မထင် သတိထားမိပါသည်။ ဆုတစ်ဆုတွင် 'အဝေးဆုံးရိုက်ချက်ဆု'ဟု ...မှည်းထိုးထားကြောင်း သတိထားမိပါသည်။

ဒေါက်တာခင်ရွှေ၏ ဝါသနာနှင့်စပ်လျဉ်း၍ သူ့စကားများ
အောက်ပါအတိုင်းဖြစ်ပါသည်။

"ဟောဟိုဆုက ကျွန်တော်ပြီးခဲ့တဲ့ (၄၉) ကြိမ်မြောက် တပ်မတော်နေ့ ဂေါက်ရိုက်ပြိုင်ပွဲတုန်းက စုစုပေါင်း (၆ ချက်နဲ့ ဗိုလ်စွဲခဲ့တဲ့ဆုလေ။ ပြီးတော့ ဟိုဘက်ကတော့ ပြီးခဲ့တဲ့ နှစ်တွေက မြန်မာဂေါက်ကလပ်အသင်းပြိုင်ပွဲတုန်းက ရခဲ့တဲ့ အဝေးဆုံး ရိုက်ချက်ဆုပါပဲ"ဟု သူက ပြောပြပါသည်။

သူ၏ လိပ်စာကဒ်ပြားကလေးမှာ ယခုအသစ်ဖြစ်ပါသည်။ ယခင့် ယခင်က အဟောင်းကလေးတစ်ခု ကျွန်တော်သိမ်းထားခဲ့ရာ ထို အဟောင်းကလေးသည် ၁၉၉၄ ခုနှစ်အထိ ဒေါက်တာခင်ရွှေ၏ ရုပ်ပုံလွှာကို အကဲခတ်နိုင်သည်ဟု ယူဆသဖြင့် အသေးအမွှားပင်ဖြစ် သော်လည်း မှတ်သားစရာများပါနေသဖြင့် ကျွန်တော်တင်ပြပါမည်။

သူ၏ လိပ်စာကဒ်ပြားကလေးသည် လူမှုရေးနယ်ပယ်တွင် သူ၏လှုပ်ရှားမှုများကို ရိုးတိုးရိပ်တိတ် တွေ့မြင်နိုင်သည်ဟု ကျွန်တော် ဆိုချင်ပါသည်။ သူသည် မြန်မာ့ကြက်တောင်ရိုက်အသင်းတွင်လည်း နာယကဖြစ်ကြောင်း ဖော်ပြနေ၏။ မြန်မာ့ဘောလုံး အဖွဲ့ချုပ်တွင် လည်း အမှုဆောင်ဖြစ်ကြောင်း ဖော်ပြနေ၏။ ၎င်းပြင် ရန်ကုန် မြင်းစီး အသင်းတွင်လည်း ဥက္ကဋ္ဌဖြစ်ကြောင်း ဖော်ပြနေ၏။ ၎င်းပြင် ကုက္ကိုင်း ရေကူးအသင်းတွင်လည်း ဥက္ကဋ္ဌဖြစ်ကြောင်း ဖော်ပြနေ၏။ ၎င်းပြင် မြန်မာ့ဂေါက်သီးရိုက်အသင်းတွင်လည်း အတွင်းရေးမှူးဖြစ်ကြောင်း ဖော်ပြနေ၏။ ၎င်းပြင် မြန်မာ့ဂေါက်သီးရိုက်အဖွဲ့ချုပ်တွင်လည်း ဘဏ္ဍာရေးမှူးဖြစ်ကြောင်း ဖော်ပြနေ၏။

အလွန်စုံလှ၏။ အလွန်အံ့ဖွယ်ကောင်းလှ၏။ အလွန်လှုပ်ရှား နိုင်၏။ ဤသို့ပင် ယူဆရတော့မည် ဖြစ်ပါသည်။

ဒေါက်တာခင်ရွှေသည် အားကစားနှင့်စပ်လျဉ်း၍ မိမိလည်း ဝါသနာထုံ၏။ တခြားသူတို့ကိုလည်း ဝါသနာထုံစေလို၏။ ထိုသို့ ဝါသနာရှင်များ မျိုးဆက်သစ်များအတွက်လည်း သူ၏ သဒ္ဒါတရားသည် အမြဲရှေ့ဆောင်လျက်ရှိနေကြောင်း သတိထားမိပါသည်။ ဤအချက်နှင့်စပ်လျဉ်း၍ သူ၏ပြောကြားချက်များမှာ အောက်ပါအတိုင်း ရိုးရိုးစင်းစင်းပင် ဖြစ်ပါသည်။

"ကျွန်တော်ငယ်ငယ်ကတည်းက အားကစားကို အရမ်း ဝါသနာပါခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်ဘဝ ငယ်ရွယ်စဉ်က ပံ့ပိုးပေးမယ့်သူ မြေတောင်မြှောက်ပေးမယ့်သူ မရှိခဲ့လို့ ကျွန်တော် အားကစား ချန်ပီယံတစ်ဦး မဖြစ်ခဲ့ပါဘူး။ ဒီကနေ့ ကျွန်တော် စီးပွားရေးလောကမှာ ကျွန်တော် အထိုက်အလျောက် အောင်မြင်မှုရခဲ့လို့ ကျွန်တော်တို့ တိုင်းပြည်က လူငယ်တွေကို ကျွန်တော်လိုဘဝမျိုး မကြုံတွေ့ရလေအောင် မိမိတတ်နိုင်တဲ့ဘက်က ကူညီအားပေးမယ် ဆိုပြီး ကူညီနေတာပါ"

"ပြီးတော့ ယနေ့ နိုင်ငံတော်အစိုးရဟာ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးကာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးတိုးမြှင့်လျက်ရှိပါတယ်။ ဒီလိုအားပေးတဲ့အတွက်လည်း အခုလို ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းရှင်တွေ လွတ်လွတ်လပ်လပ် စီးပွားရေး လုပ်ကိုင်ခွင့်ရပြီး အောင်မြင်မှုရခဲ့ပါတယ်"

"ဒါကြောင့် နိုင်ငံတော်ရဲ့ကျေးဇူးကို ပြန်လည် ပေးဆပ်တဲ့အနေနဲ့ ကျွန်တော် တတ်နိုင်တဲ့ဘက်က မြန်မာ့အားကစားလောက အဆင့်အတန်း မြင့်မားရေးမှာ တစ်တပ်တစ်အား ပါဝင်ကူညီပံ့ပိုးပေးနေရခြင်း ဖြစ်ပါတယ်"

ဤသည်တို့မှာလည်း နိုင်ငံအပေါ်ထားသော သူ၏စေတနာ

ကို သာမက တစ်ပြိုင်တည်းမှာပင် လူသားများအပေါ်၌ သူ ထားရှိ အပ်သော မေတ္တာတရားတို့ကို အကဲခတ်နိုင်ပါသည်။ ထိုအချက် အလက်များသည် ၁၉၉၄ ခုနှစ် မတိုင်မီက ဒေါက်တာခင်ရွှေ၏ ရုပ်ပုံလွှာ တစေ့တစောင်း ဖြစ်ပါသည်။ သူသည် ၁၉၉၅ခု ဇန်နဝါရီလ (၄)ရက်နေ့တွင်ကား နိုင်ငံတော်မှ ချီးမြှင့်ခဲ့သော လူမှုထူးချွန် ပထမ ဆင့်ကို ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ဤသည်မှာလည်း သူ့စေတနာ က သူ့ကိုအကျိုးပေးခြင်းသာ ဖြစ်လေသည်ဟု ယူဆရပါမည်။ စေတနာမှန်လျှင် ကံကောင်းသည်ဟု သူက သက်သေပြနေပါသည်။

အခွင့်အရေးဆိုသည်မှာ ကိုယ်က လက်ယပ်ခေါ်၍မလာ။ သူ့ဘာသာသူလာတတ်သော သဘောရှိလေသည်။ အလုပ်သည် သက်သေဖြစ်၏။

◆ ◆ ◆

# နိုင်ငံခြားသတင်းထောက်တစ်ဦး၏ ဒေါက်တာခင်ရွှေအပေါ် အမြင်

၁၉၉၅ ခု မတ်လ(၁၄)ရက်နေ့ထုတ် The Asian Wall Street Journal တွင် Barry Wain အမည်ရှိသော ဂျာနယ်သတင်းထောက်တစ်ဦး၏ ရေးသားချက်ကို တွေ့ရပါသည်။ ထိုမူရင်းဆောင်းပါးမှာ Enterpreneur Khin Shwe Builds an Empire in Burma ဟူ၍ဖြစ်ပါသည်။ ထိုဆောင်းပါးထဲတွင် သူ၏အကြောင်း တစေ့တစောင်းကို ရေးသားခြင်းဖြစ်သော်လည်း နိုင်ငံခြားသားတစ်ဦး၏ အမြင်ဖြစ်သဖြင့် မြန်မာလူမျိုးတစ်ယောက်အပေါ် မြင်ပုံမြင်နည်းများမှာ အခြားအခြားသော ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် အတုယူစရာဖြစ်နိုင်သကဲ့သို့ မျိုးဆက်သစ် မြန်မာလူငယ်များအတွက်လည်း လေ့လာစရာတစ်ခု ဖြစ်နိုင်ပါသည်။ ထိုအချက်ကို 'ပြည်ဟိန်း' ဆိုသူတစ်ဦးက ဘာသာပြန်ခဲ့ရာ ထိုဘာသာပြန်ချက်ကို မဂ္ဂဇင်းတစ်နေရာတွင် တွေ့ရှိရပါသည်။ အလွန် ဖတ်ရှု၍ကောင်းသဖြင့် ယခု ပြန်လည်ရည်ညွှန်း ကိုးကားတင်ပြလိုက်ပါသည်။ ဖတ်ရှုတော်မူကြပါ။

"သူသည် အလုပ်လုပ်လျှင် လိုလိုချင်ချင် စိတ်ပါလက်ပါ လုပ်တတ်ခြင်းက လုပ်ငန်းအောင်မြင်မှု၏ အကြောင်းရင်းဖြစ်သည် ဟု ဆိုနိုင်ပါသည်။

သူသည် လုပ်ရိုးလုပ်စဉ် သမားရိုးကျလုပ်ငန်းများ၌ စည်းကမ်း သတ်မှတ်ချက်ပြောင်းလဲလျှင် ပြောင်းလဲသလို ရှေ့နောက်မညီလျှင် မညီသလို ပြောင်းလဲသည့် အခြေအနေနှင့် အလိုက်သင့်လုပ်ကိုင်နေ သည်လည်းရှိသည်။ သာဓကပြရလျှင် စီးပွားရေးလုပ်ငန်း ကုမ္ပဏီ အများက ပဲလုံး ပဲခြမ်းမျိုးစုံကို နိုင်ငံခြားငွေရရန်အတွက် နိုင်ငံခြားပို့ရန် ဝယ်ယူကြသည်။ သူက ဟိုတယ်မှရသော ဒေါ်လာငွေဖြင့် နိုင်ငံခြားမှ ပြုပြင်ပြီး ယာဉ်များကို မှာယူတင်သွင်း၍ ပြည်တွင်း၌ ကျပ်ငွေရ အောင် ရောင်းချပေးသည်။

သူ့အဖို့ အတွေ့အကြုံ အလေ့အလာ စနစ်တကျရရှိမထား သော ဟိုတယ်လုပ်ငန်းကဲ့သို့ လုပ်ငန်းနယ်သစ်မျိုးကို စမ်းတဝါးဝါးဖြင့် နည်းလမ်းရှာကာ နည်းပေးလမ်းပြမရှိဘဲ လုပ်ကိုင်ရသဖြင့် အမှား အယွင်း အချွတ်အချော်များရှိခဲ့လိမ့်မည်ဟု ဝန်ခံသည်။

သူသည် အစိုးရပိုင် ဟိုတယ်လုပ်ငန်းများမှ အတွေ့အကြုံရှိ သော မန်နေဂျာများကို သူ့လုပ်ငန်းသစ်တွင် ငှားရမ်းကြီးကြပ်စေခဲ့ပြီး နောက် ထိုသူမျိုး ငါးယောက်တိတိကို ရပ်ဆိုင်းပြီးမှ အတွေ့အကြုံမရှိ သည့် ပြည်သူ့ဝန်ထမ်းဟောင်းတစ်ဦးကို ငှားရမ်းရရှိ၍ ကျေနပ်မှု တွေ့ရပုံကို ပြောပြသည်။"

"ဒီလူတွေဟာ ဧည့်သည်ကို ဘယ်လိုဂရုစိုက်ရမယ်ဆိုတာ မသိဘူးဗျ။ ညစ်ယူဖို့နည်းပဲ သူတို့သိကြတာ . ." ဟူ၍ ဖယ်ရှားလိုက် ရသော ဝန်ထမ်းဟောင်းများအကြောင်းကို ပြောပြသည်။

ဦးခင်ရွှေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့နှင့် သင့်မြတ်စွာဆက်ဆံရခြင်း၏ အရေးကြီးပုံကို သဘောပေါက်

နည်း၊ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများ ရှာကြံလိုသူများအတွက် နည်း ထိုကဲ့သို့ သင့်မြတ်ကြည်ဖြူစွာ ဆက်ဆံသင့်သည်ဟု သူက ကြည်သာ ရွှင်ပြစွာ အကြံပြုထောက်ခံပေးသည်။

"ကျွန်တော်က အင်မတန်ရိုးသား ရှင်းလင်းပါတယ်။ တရားဝင် နည်းလမ်းများနဲ့သာ ကျွန်တော် ပိုက်ဆံရတယ်။ တရားမဝင် တဲ့ နည်းလမ်းနဲ့ ခြူးပြားတစ်ပြားမှ ရတာမရှိဘူး . . . "

ဟုဆိုသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က သူ့အား ဖြောင့်မတ်မှန်ကန်သော စီးပွားရေးလုပ်ငန်း ရှင်တစ်ဦးအဖြစ် ပြီးခဲ့သော ၁၉၉၅ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ (လွတ်လပ်ရေးနေ့) ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်သည့် စာရင်းဖြင့် လူမှုထူးချွန်ဆု (ပထမဆင့်) ချီးမြှင့်ခဲ့လေသည်။

ကာကွယ်ရေးဝန်ကြီးဌာနက သူ့အား မြရိပ်ညိုဟိုတယ် ဖွင့်လှစ်ရန် ယခင် ကိုလိုနီခေတ် အဆောက်အအုံဟောင်းဖြစ်သော ဧည့်ဂေဟာဟောင်းကို အစပြု၍ ငှားရမ်းချထားပေးသည်။ လေညင်း သာယာပြီး အပေါ်စီးရှုခင်းရရှိသော ကိုလိုနီခေတ်က မောင့်ပလဲဆင့် က အမည်ပေးထားသော ကုန်းမြင့်ရပ်ကွက်ရှိ (၈)ဟက်တာ အကျယ် ရှိသည့် မြေပြင်ပေါ်၌ နောက်ထပ်သပ်ရပ်တင့်တယ်သော အဆောက် အအုံ သုံးခုကို ချပေးသည်။

ထိုအထဲမှ အဆောက်အအုံတစ်ခုမှာ မြို့တော်ဝန်နေထိုင်ဖူး သော အိမ်ဖြစ်သည်။ နိုင်ငံရပ်ခြားမှ နိုင်ငံတော်ဧည့်သည်များလည်း ဟိုတယ်များတွင် လာရောက်တည်းခိုစေကာ ဟိုတယ်ခကို အစိုးရ လည်း ကြာရှည်မထားဘဲ ၁၀ ရက်အတွင်း ပေးချေလေ့ရှိသည်။

ဦးခင်ရွှေသည် ကြေးရေတတ် မြန်မာတို့၏ အလေ့အထ အတိုင်း ရပ်ရေး ရွာရေး၊ အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းများ နှင့် အားကစားအဖွဲ့များသို့ ထိထိရောက်ရောက် လှူဒါန်းသည်။

သူကိုယ်တိုင်လည်း အားကစား အဖွဲ့ခုနစ်ဖွဲ့တွင် အမှုဆောင်လူကြီး တစ်ဦးအဖြစ် ပါဝင်သည်။

ဦးခင်ရွှေသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၌ ဤသို့ ကျွမ်းကျင်လိမ္မာစွာ ကိုင်တွယ်လုပ်ကိုင်နိုင်သော်လည်း မြန်မာနိုင်ငံ အတွင်းသို့ တံခါးဖွင့်ဝါဒအရ အလွယ်နှင့် စားရသောက်ရမည်ဟု မျှော်လင့်ချက်နှင့် အပြေးအလွှားရောကလာသော အကြံအဖန်သမား တို့နှင့် ဆက်ဆံရာတွင် ကား အကျပ်တွေ့ခဲ့ရသည်များရှိသည်။

> "ကျွန်တော် အတော်လေး အရိတ်ခံလိုက်ရလို့ ခံလိုက်ရတဲ့ အဖြစ်တွေကို ဦးနှောက်က မေ့ပျောက်သွားရင်တောင် နှလုံးသားက ယနေ့တိုင် သတိရနေပါတယ် . . ."

ဟူ၍ ပြန်ပြောတတ်သည်။

မြန်မာနိုင်ငံတွင်းသို့ စောစောစီးစီး ရောက်လာသူတို့မှာ မျှော်လင့်ချက်ကြီးကြီးမားမားပေးသော ကြားပွဲစားလို လူမျိုးများဖြစ် သည်။ တစ်နှစ်လျှင် ငွေသုံးသန်းဖိုးမျှ သူ၏ညှိ့ဝတ်မှုကို ခံစားကြပြီး နောက် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြသည်။ မြန်မာနိုင်ငံ ၏ ခေါင်း ဆောင်ပိုင်းနှင့် တွေ့ဆုံလိုပါသည်ဟုပြောသဖြင့် အလိုက် ဆက်သွယ်ပေးရသည်။ သို့သော် တွေ့လိုသူ၌ ဟုတ်ဟုတ်ငြားငြား ဆက်သွယ် ကူညီစရာ နတ္ထိ။ ထို့ကြောင့် 'ကျွန်တော့်မှာ ငွေလဲကုန် တယ်။ မျက်နှာလဲပျက်ရသေးတယ် . . .' ဟု သူကဆိုသည်။

ဦးခင်ရွှေသည် ပြည်ပသို့ မကြာခဏခရီးထွက်ရင်းက နိုင်ငံ တစ်ခုအရောက်တွင် သူ့ကိုယ်သူ စီးပွားရေးထိပ်တန်းပုဂ္ဂိုလ်တစ်ဦးဖြစ် သည်ဟုပြောသော တွဲဖက်လုပ်ကိုင်လိုသူတစ်ဦးနှင့်တွေ့ကာ နောက်ဆုံး တွင် ထိုသူမှာ ကုမ္ပဏီမရှိ၊ ရုံးမရှိ၊ ကားပင်မရှိသော လောင်းကစား သမားကြီးတစ်ဦးဖြစ်နေကြောင်း တွေ့ခဲ့ရဖူးသည်။

ဤကဲ့သို့ အထိနာပြီးနောက် နိုင်ငံခြားမှ လုပ်ကွက်စနည်းနာ

...သာသည်ဟုဆိုသော နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်များ ...း သူ့ဟိုတယ်တွင် တည်းခို၊ စားသောက်၊ ယာဉ်သုံးချများကို ...သလောက်ပေးချေစေတော့သည်။ စီးပွားရေးလုပ်ငန်းရှင် တကယ် ...ဘ်ရင် 'သူတို့ဟာ အဲဒီတော့မှ ပြေးကြတော့တာပဲ . . .' ဟု ...က ရယ်မောခွင့်လွှတ် ပြောဆိုတတ်ပါသည်။

နိုင်ငံတကာဆိုင်ရာ အတွေ့အကြုံနည်းသော မြန်မာတို့ ...က် ထိုအတွေ့အကြုံမျိုးကို ရရှိခဲ့သော ဦးခင်ရွှေသည် မည်သည့် ...မျိုးကို အားထုတ်တုပ၍ ယှဉ်ပြိုင်ရမည်ကို သဲသဲကွဲကွဲ သဘော ...က်ထားပြီ ဖြစ်သည်။

သူ့အမြင်၌ အမေရိကန်ပြည်ထောင်စုဆိုသည်မှာ အတိတ် ...င်ကျန်ခဲ့ပြီး အာရှတိုက်သည် အနာဂတ်ကို ကိုယ်စားပြုနေသည် ...၍ ဖြစ်သည်။ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များက သူ့အား ...ော့စတွန်၊ ဆန်ဖရန်စစ္စကို စသောမြို့ကြီးများ၏ သမိုင်းဝင် ...ဆောက်အအုံများကိုသာ ဖိတ်ကြား၍ ပြသကြသည်။ သူတို့သည် ...ေတ်ကိုနောက်ပြန်ဆွဲနေသူများဟု သူကမြင်သည်။

မြန်မာနိုင်ငံကို ခေတ်မီအောင် ကြိုးစားဆောင်ရွက်ရာတွင် ...ခြေလှမ်းသွက်ဖို့၊ မြန်ဆန်ဖို့မှာ အရေးကြီးနေသော အကြောင်း ...စ်ကြောင်းဖြစ်ပေသည်။ ဦးခင်ရွှေက -

'အမေရိကန်တွေဟာ အမဲသားဟင်း တစ်တုံးကို နှစ်နာရီ လောက်ကြာအောင် စားနေတယ်ဗျာ။ စင်ကာပူမှာဆိုရင် နာရီဝက်လောက်နဲ့ ဟင်း (၁၀) ပွဲလောက်စားပြီ . . .' ဟု သုံးသပ်ပြသည်။

အာရှတိုက်တွင်းမှာပင် ဦးခင်ရွှေအဖို့ မြန်မာနိုင်ငံအတွက် ...ပြုထိုက်သည်ဟု သူယူဆသော နိုင်ငံချင်းကွဲပြားမှုရှိသည်။ စိမ်းလန်း ...ပြည့်၍ ပတ်ဝန်းကျင်ကို ထိန်းသိမ်းသော စင်ကာပူကိုကြိုက်သည်။

ပတ်ဝန်းကျင်အခြေအနေ ဆိုးရွားသော နိုင်ငံမျိုးကို သူမကြိုက်ပေ

စင်ကာပူ နိုင်ငံမှာကား အစိုးရကလည်း တတ်သိလိမ္မာသည်။ နိုင်ငံကို သန့်ရှင်းအောင်၊ လုံခြုံမှုရှိအောင်ထားပြီး ရှေ့တန်းရောက် အမြန်လှုပ်ရှားနေကြသည်ဟု သူက မြင်သည်။

အမှန်စင်စစ်ကား ဦးခင်ရွှေသည် နိုင်ငံခြားနှင့် အထိအတွေ့ များလေ သူ့တိုင်းပြည်ကို သူ သဘောကျနေလေဖြစ်သည်။

'မြန်မာနိုင်ငံဟာ အခြားနိုင်ငံတွေထက် မချမ်းသာပေမယ့် သူတို့ထက်သာတဲ့အပိုင်းတွေ အများကြီးရှိပါတယ်' ဟု ပြောပြသည်။

ဦးခင်ရွှေသည် ကွယ်ဝသူဖြစ်ပါသည်။ ဇနီးနှင့် အတူ အသက် (၁၉)နှစ်အရွယ် သား၊ (၁၃)နှစ်အရွယ် သမီးတို့ပါဝင်သော မိသားစုမှာ နောက်ဆုံးပေါ် ဂျပန်ကားစီးနိုင်ပြီး ဂြိုလ်တုမှတစ်ဆင့် ဖမ်းယူသော ရုပ်မြင်သံကြားအစီအစဉ်များကို ကြည့်ရှုနိုင်သည်။ သည်နှစ်ထဲတွင် အိမ်သစ်သို့ပြောင်းရွှေ့နေထိုင်ကြမည်ဖြစ်သည်။

သူသည် ဝါသနာကြီးသော ဂေါက်သီးရိုက်ခြင်းကို တစ်ပတ် လျှင် နှစ်ကြိမ် သုံးကြိမ်မျှသာ ကစားနိုင်သည်။ ဟင်းဒီကက် (၁၂) ဖြင့် ကစားနိုင်သည်။ အခြားဝါသနာဖြစ်သော မြင်းစီးလေ့ကျင့်ခြင်းကို ကိုယ်အလေးချိန်များသဖြင့် လွန်ခဲ့သောနှစ်အနည်းငယ်က စွန့်လွှတ် လိုက်ရသောကြောင့် ဂေါက်သီးကိုသာ ကစားရခြင်းဖြစ်သည်။ သူ့မှာ နိုင်ငံခြားမှ မြင်းမျိုးကောင်း (၁၄) ကောင် မွေးထားသေးသည်။

သူသည် ယခုအခါ ရှေးဟောင်းအနုပညာပစ္စည်းစုဆောင်း ခြင်းကဲ့သို့ ငွေကြေးတတ်နိုင်သူတို့၏ ဝါသနာမျိုးကို လုပ်ကိုင်လျက်ရှိရာ

...ဦးစဉ်က မော်လမြိုင်မြို့တွင် နေခဲ့ရသောဘဝနှင့် ခြားနားခဲ့ပြီဖြစ်...ည်။

ကုန်သည်အလုပ်ဖြင့် အသက်မွေးသူဖခင်က သူတို့မောင်နှမ...ယောက်ကို စွန့်ပစ်ထားခဲ့၍ အမေကိုလုပ်ကျွေးရင်း ကြီးပြင်းခဲ့ရ...ည်။ ထို့နောက်ပိုင်းတွင် ကိုယ်ပိုင်အလုပ် လုပ်လိုဇောဖြင့် ရန်ကုန်သို့...က်ခဲ့သည်။ ၎င်းနောက် (၁၇)နှစ်အတွင်းမှာ သူ့ဘဝ အဖြစ်...က်တို့သည် ပြောင်းလဲခဲ့လေသည်။

ဦးခင်ရွှေသည် သူ့သားသမီးများကို စီးပွားကုန်သွယ်မှုကိစ္စ...က တက္ကသိုလ်ပညာအဆင့်ကိုယူ၍ အစကောင်းစေချင်သည်။ ...ဖြစ်သူကိုလည်း အဆင့်မြင့်ပညာရရှိစေရန်အတွက် အကောင်း...း ဖြစ်မည့်နေရာကို စေလွှတ်ရန် ရွေးချယ်ထားရာ ထင်သည့်...ကိုင်းပင် စင်ကာပူနိုင်ငံဖြစ်ပေသည်။

ဦးခင်ရွှေသည် ပုဂံ၊ မန္တလေးတို့တွင် နောက်ထပ်ဟိုတယ်များ...ဖွင့်ရန် ရည်ရွယ်ထားသည့်အပြင် အခြားလုပ်ငန်းများလည်း...ည်ဖြစ်ရာ နောင်ရေးအတွက် ပူပန်မှုရှိသည်ဟု သူ့ထံမှ မကြားရ။

သူသည် နိုင်ငံရေးစကားများကို လုံးလုံးရှောင်သည်။ သို့သော်...စိုးရ၏ လက်ရှိ စီးပွားရေးမူဝါဒများကို ချီးကျူးပြောဆိုသည်။

လက်ရှိအစိုးရကို မလိုလားသောအုပ်စုအပိုင်းက သူ့အား...မတော်အစိုးရ၏ ရင်းနှီးသောမိတ်ဆွေအဖြစ်မြင်သူရှိ၍ အစိုးရ...ပြောင်းအလဲဖြစ်လျှင် သူလည်း ကျဆင်းသွားနိုင်ဖွယ်ရှိသည်ဟု...သည်။ သူက စိုးရိမ်ပူပန်မှုမရှိချေ။

'ကျွန်တော်ကတော့ မပူပါဘူး။ ကျွန်တော် မဟုတ်တာလုပ်တာဆိုလို့ ဘာတစ်ခုမှ မရှိဘဲ'

ဟူ၍ သူက ရှိုးသားစွာဖြေလေသည်။

ဤသည်တို့မှာ နိုင်ငံခြားသား သတင်းထောက်တစ်ယော
က ပြန်လည်တင်ပြထားသော သူ၏အကြောင်းများ ဖြစ်ပေသည်

# ဈေးကွက်စီးပွားရေးနှင့် ဒေါက်တာခင်ရွှေ၏အမြင်

**…ိုးသားမှုသည် အဓိကဖြစ်သည်။**

"လူသေပေမယ့် နာမည်မသေဖို့လိုပါတယ်။ ကျားသေရင် …ားရေကျန်ရမယ်။ လူသေရင် နာမည်ကျန်ရမယ်။ စီးပွားရေး …ောကမှာ နာမည်သေသွားရင် ဘာမှဆက်ပြီး လုပ်လို့မရဘူး။ …ကြောင့် လူတွေမှာ ရိုးသားမှုဟာ အဓိကပဲလို့ ကျွန်တော်ပြောချင်ပါ …ယ်"

**…ီးပွားရေးမှာ ရိုးသားပါ၊ ကြိုးစားပါ။**

"ဘယ်လုပ်ငန်းပဲဖြစ်ဖြစ် စီးပွားရေးလုပ်တဲ့အခါမှာ ရိုးသားဖို့ …ိုပါတယ်။ ကြိုးစားဖို့လိုပါတယ်။ အလုပ်ကို ကျိုးကျိုးနွံနွံ လုပ်ရပါမယ်။ …ိုးသားပြီး ကြိုးစားနေတဲ့လူတစ်ယောက်ဟာ မကြာခင်ပဲ ထိပ်ဆုံးကို …ရောက်ရမှာ အမှန်ပါပဲ"

**နိုင်ငံခြားသားတွေက ဘာလိုချင်သလဲ၊**

"မြန်မာပြည်ကိုလာပြီးတော့ စီးပွားရေးလုပ်ကြတဲ့လူတွေ အများကြီးပါပဲ။ အဲဒီလူတွေဟာ ကျွန်တော်တို့ဆီက ဘာတွေလိုချင်သလဲ။ ဒါတွေကို ကျွန်တော် စဉ်းစားကြည့်ပါတယ်။ မြန်မာပြည်ကို လာကြတဲ့ စီးပွားရေးလုပ်ငန်းရှင် ပြည်ပကုမ္ပဏီတွေဟာ ကျွန်တော်တို့ ဆီက နည်းပညာတွေလည်း မလိုချင်ပါဘူး။ ကျွန်တော်တို့ဆီက ငွေအရင်းအနှီးတွေ ထုတ်ပေးဖို့လည်း မမျှော်လင့်ပါဘူး။ ကျွန်တော်တို့ ဆီက သူတို့လိုချင်တာ တစ်ခုပဲရှိပါတယ်။ အဲဒါကတော့ တခြား မဟုတ်ပါဘူး။ ရိုးသားမှုပါပဲ"

**ယခုနေ့ ရွှေခေတ်ရောက်ပြီ၊**

"ယခု နိုင်ငံတော်က တံခါးဖွင့်စီးပွားရေးစနစ်ကို ကျင့်သုံးနေ တာ လူတိုင်းအသိပါပဲ။ ဒီလို အချိန်အခါမျိုးမှာ ကျွန်တော်တို့တစ်တွေ ဟာ တီထွင်မယ်၊ ကြံဆမယ်၊ ပေါင်းသင်းဆက်ဆံရေးကောင်းမယ် အဆက်အသွယ်တွေကောင်းမယ်၊ ရိုးသားမယ်၊ ကြိုးစားမယ်ဆိုရင် တော့ နေ့ချင်းညချင်း တိုးတက်ကြီးပွားလာမှာ အမှန်ပါပဲ။

စီးပွားရေးဆိုတဲ့ ဒီရေတွေ နေ့ချင်းညချင်း တက်လာတာနဲ့ အမျှ ကျွန်တော်တို့ လုပ်ငန်းရှင်တွေဟာလည်း ကိုယ့်ကိုကိုယ် ယုံကြည် မှုရှိကြ ဖို့လိုပါတယ်။ Self-confidence ပေါ့"

**ကိုယ့်ကိုကိုယ် ယုံကြပါ၊**

"တစ်ချို့ဆိုရင်ပေါ့လေ။ ပညာတွေအများကြီးတတ်ပါတယ် ပညာတွေ ဘယ်လောက်ပဲတတ်တတ် နောက်လိုက်ပဲဖြစ်နေကြပါ တယ်။ စီးပွားရေးလောကမှာ တိုးတက်သွားတဲ့လူတွေကိုကြည့်စမ်းပါ။ ပြီးတော့ ချမ်းသာကြွယ်ဝသွားတဲ့လူတွေကို ကြည့်စမ်းပါ။ ပြီးတော့ ခေါင်းဆောင်ဖြစ်သွားသူတွေကို ကြည့်စမ်းပါ။ သူတို့တစ်တွေ

...ကြောင့် ဒီလိုဖြစ်သွားကြရသလဲ ကျွန်တော် လေ့လာကြည့်ပါ ...။ သူတို့မှာ ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့် ရှိနေကြလို့ပါပဲလို့ ...ရပါတယ်"

## ...ခွပ်ကောင်းအောင်လုပ်နည်း

"ကိုယ့်ကိုကိုယ် ယုံကြည်မှသာ သူ့ရဲ့ ဉပမိရှပ်က ပေါ်လာပါ ...။ ဉပမိရှပ်ကောင်းတာနဲ့အမျှ ကျက်သရေလည်း ရှိလာပါတယ်။ ...လို ကျက်သရေရှိလာတဲ့အခါမှာ ဘယ်ပဲသွားသွား ဘာပဲလုပ်လုပ် ...လုပ်တာထက်ပိုပြီး ခရီးရောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ...နေ့ မြန်မာ့စီးပွားရေးလောကဟာ အဟောင်းတွေနေခဲ့ပါပြီ။ အသစ် ...သစ်တွေ ဖြစ်ထွန်းလာပါပြီ။ ကနေ့ခေတ်ဟာ ရွှေခေတ်ပါပဲ"

## ...စုံးမမြုပ်ချင်ရင် ဒီလိုလုပ်

"စုံးစုံးမမြုပ်ချင်ရင် အမြဲကြိုးစားနေရမယ်။ အမြဲပဲ ကိုယ့် ...ရည်အချင်းကို ကိုယ်မြှင့်တင်နေရမယ်။ ဒါဟာ ပိုကောင်းတဲ့အလုပ် ...ဘွက် ကြိုတင်ပြင်ဆင်ခြင်းပါပဲ။ ဒီလိုမှ ကြိုတင်ပြင်ဆင် ...ထားရင်ပဲ ဖြစ်ဖြစ် ကြိုတင်တွေးတော ကြံဆမထားရင်ပဲဖြစ်ဖြစ် ...ဒို့လူဟာ ယနေ့ အရှိန်အဟုန်မြင့်မားစွာ စီးဆင်းလာတဲ့ စီးပွားရေး ...ရေကြီးရဲ့ အောက်မှာ စုံးစုံးမြုပ်ပြီး နောက်ကျကျန်နေပါလိမ့်မယ်"

## အနာဂတ်က လက်ယပ်ခေါ်နေတယ်

"ဒီကနေ့ အသစ်အဆန်းတွေ တစ်နေ့တစ်ခြား ပေါ်နေ ...ယ်။ သိပ္ပံပညာရပ်မှာပဲဖြစ်ဖြစ် ဝိဇ္ဇာပညာရပ်မှာပဲဖြစ်ဖြစ် အသစ် အဆန်းတွေဟာ အလျှိုအလျှို ပေါ်နေကြတယ်။ ဒါ့ကြောင့် ကိုယ့် ...ပ်ငန်းကို ကိုယ် တိုးတက်အောင် လုပ်ချင်တဲ့လူတွေဟာ တစ်နေ့ ...စ်နေ့မှာ လေ့လာစရာတွေ ဆည်းပူးစရာတွေ တစ်ပုံကြီးဖြစ်မနေ

ပါတယ်။ ဒီတော့ အပင်ပန်းခံပြီး လေ့လာဆည်းပူးမယ်ဆိုရင်တော့ အနာဂတ်ရဲ့ တိုးတက်မှုတွေဟာ ကျွန်တော်တို့ကို လက်ယပ်ခေါ်နေပါ တယ်။ အခွင့်အရေးဆိုတာက ကိုယ်က တောင်းဆိုလို့ မရပါဘူး။ ကိုယ်ကတောင်းဆိုလာရင် ကိုယ့်ဘက်ကလည်း အဆင်သင့်ဖြစ်နေ မယ်။ ဒါကလည်း ကိုယ့်တာဝန်ပါပဲ"

**မြန်မြန်တိုးတက်အောင်လို့ လုပ်ကြစို့**

အခု ကျွန်တော်တို့နိုင်ငံမှာ လောလောဆယ် ရင်ဆိုင်နေရတဲ့ ပြဿနာတွေကတော့ စီးပွားရေးအခြေခံဆိုင်ရာ အားနည်းချက်တွေ ပါပဲ။ ဥပမာအနေနဲ့ ပြောရမယ်ဆိုရင်တော့ ဆက်သွယ်ရေးကိစ္စမျိုး သယ်ယူ ပို့ဆောင်ရေးကိစ္စမျိုးတွေပါပဲ။

**နိုင်ငံတော်ကို တတ်နိုင်တဲ့ဘက်က ကျေးဇူးဆပ်ကြဖို့**

"ကနေ့ ကျွန်တော်တို့စီးပွားရေး ပုဂ္ဂလိကလုပ်ငန်းရှင်တွေ အခုလိုအောင်မြင်နေကြတာဟာ နိုင်ငံတော်ရဲ့ ကျေးဇူးကြောင့်ပဲ ဆိုတာ ဝန်ခံရမှာပါပဲ။ ကနေ့ နိုင်ငံတော်ဟာ ဈေးကွက်စီးပွားရေး စနစ်ကို ပြောင်းလဲကျင့်သုံးနေတာ နိုင်ငံတကာအသိပါပဲ။

နိုင်ငံပိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေကိုလည်း ပုဂ္ဂလိက စီးပွား ရေးဘက်ကို ပြောင်းလဲပေးတဲ့အတွက် ကျွန်တော်တို့ပုဂ္ဂလိက လုပ်ငန်း ရှင်တွေ အောင်မြင်မှုရတာ အမှန်ပါပဲ။

တကယ်လို့ နိုင်ငံတော်က စီးပွားရေး ဈေးကွက်စနစ်ကို မပြောင်းမလဲဘဲ အရင်အတိုင်းပဲ ဗဟိုချုပ်ကိုင်တဲ့စနစ်နဲ့ ဆက်လက် ချုပ်ကိုင်ပြီး ကျင့်သုံးနေမယ်ဆိုရင် ကျွန်တော်တို့ အခုလို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းကြီးဟာ ဘယ်လိုမှ တိုးတက်လာမှာ မဟုတ်ပါဘူး ဆိုတာ ဝန်ခံကြရမှာ အမှန်ပါပဲ။

ဒီတော့ ကတိညှာ ကတဝေဒီဆိုတဲ့ စကားကလေးအတိုင်း ... ကျွန်တော်တို့ကလည်း နိုင်ငံတော်ရဲ့ကျေးဇူးကို သိတတ်ပြီးတော့ ... ပြန်လည်ပေးဆပ်နေဖို့လိုတယ်ဆိုတာ မမေ့ကြဖို့ပါပဲ"

**...ောလာဟလတွေ မမှန်ဘူးဆိုတာ သိကြပြီ**

"၁၉၉၃ခုနှစ် နောက်ပိုင်းလောက်ရောက်မှပဲ တကယ့်စီးပွား ...လုပ်မယ့် လုပ်ငန်းရှင် အစစ်အမှန်တွေ ရောက်လာကြတယ်လို့ ...မှာပါပဲ။ စောစောပိုင်းကတော့ ကောလာဟလသတင်းတွေရဲ့ ...က်မှုကြောင့် မရောက်လာကြပါဘူး။ နောင်မှ ကောလာဟလ ...ားတွေဟာ ကောလာဟလပဲဖြစ်တယ် လုံးဝမမှန်ဘူးဆိုတာသိလို့ ...ကြတာပါပဲ"

◆ ◆ ◆

# ယခုတစ်ခေါက် သင် ကျိုက်ထီးရိုးသို့ ရောက်လာပါလျှင်

တစ်နေ့တည်းနှင့် ဆံတော်ရှင်စေတီ (၆)ဆူကို လှည့်လည်ဖူးမျှော်ပြီးစီးပါသည်ဟုဆိုလျှင် အံ့ဩကြပေလိမ့်မည် ထင်ပါသည်။

ကျိုက်ထီးရိုးစေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးနှင့် ရွှေထီးတော် တင်လှူပူဇော်ခြင်းလုပ်ငန်းအတွက် ကျိုက်ထီးဆောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပထံမှ ဩဝါဒခံယူပွဲကို ဇန်နဝါရီ (၂၈)ရက်နေ့၊ မွန်းလွဲ (၁၂)နာရီခွဲတွင် ကျင်းပပြီးနောက် သုဝဏ္ဏဘူမိဆံတော်ရှင် စေတီတော်တို့ကို လှည့်လည်ဖူးမြော်ကြည်ညို ကြသည်။

သက်တော် (၇၄)နှစ်ရှိပြီဖြစ်သော်လည်း ယခုတိုင် ကျန်းမာသန်စွမ်းလျက်ရှိသော ကျိုက်ထီးဆောင်းဆရာတော်ကြီးက တစ်တောင်ဆင်း၊ တစ်တောင်တက်။ တစ်ကုန်းဆင်း၊ တစ်ကုန်းတက်၊ တစ်တောဝင် တစ်တောထွက် လိုက်လံပြသနေစဉ် ဆရာတော်ကြီး၏ မျက်နှာတော်ကို အမြဲဖူးတွေ့နေကြဖြစ်သော်လည်း ထိုနေ့မှာ ပို၍ပို၍ ထူးနေသည်ဟု ကျွန်တော်ထင်နေမိပါသည်။ နောက်ကလိုက်ကြရသော ကျွန်တော်တို့ အကျိုးဆောင်အဖွဲ့ကို ဇေကမ္ဘာမှ ဒေါက်တာ

...နေ့က ဦးဆောင်လာခြင်းဖြစ်ရာ 'ဒါရိုက်တာမြတ်နိုင်' မှာလည်း ...ရာတော်ကြီးကိုယ်တိုင်က အထူးအရေးပေးကာ 'မောင်ဆန်နီကြီး' ...ဘဲပုံတွေ ရိုက်နိုင်သလောက် အများကြီးရိုက်ထားစမ်းကွာ' ဟု ...ရေးတယူပြောဆိုခြင်းခံရသူဖြစ်ရကား ဗီဒီယိုကင်မရာနှင့် တစ်မျိုး၊ ...ဘဲပုံကင်မရာနှင့် တစ်ဖုံ အလုပ်ရှုပ်နေရကား စကားပြောချိန်ပင် ...နေကြပါ။

ကျိုက်ထီးရိုးစေတီတော်ရင်ပြင်ပေါ်ရှိ ဟောင်းနွမ်းပျက်စီးနေသော အခင်းကျောက်ပြားများကိုဖယ်ရှား၍ ကျောက်ပြားအသစ်ခင်း...နံ စီစဉ်ဆောင်ရွက်နေကြောင်း ကိုယ်တွေ့မြင်ကြားရသည်မှာ ...တိုင်း ဝမ်းသာမဆုံးရှိနေကြပါသည်။ မကြာမီအချိန်တွင် ကျိုက်ထီးရိုး ...စေတီတော်မြတ်ကြီး ထီးတော်တင်ပွဲ အခမ်းအနားကို အောင်မြင်စွာ ...က်လက် ကျင်းပနိုင်ရေးအတွက် သတင်းနှင့်ရုပ်မြင်သံကြား အစီ...စဉ်များတွင် နှိုးဆော်ထားကြောင်း တွေ့ရရာ ဒေါက်တာခင်ရွှေ ...ဦးဆောင်သော သာသနာ့ အကျိုးတော်ဆောင်တွေ ကျိုက်ထီးရိုးမှ ...ပြန်လာသည်ကိုပင် အလှူရှင်တွေကဝမ်းမြောက်ဝမ်းသာ သတင်းမေး...ကြသဖြင့် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနေကြသော အလှူရှင်များအတွက် ဝမ်းသာဂုဏ်ယူမိပါတော့သည်။

## ကျိုက်ထီးရိုးအလှူတော်

### သာခု (၂၇)ကြိမ်ခေါ် ခဲ့ရခြင်းအကြောင်းရင်း

ကျိုက်ထီးရိုးဆံတော်ရှင်အတွက် ရွှေစင်ရွှေသား (၇)ပိဿာ အလှူတော်အမျှဝေသံ၊ သာဓုခေါ်သံတွေ ဘဝင်အထိ လျှံတက်သော နေ့ကိုလည်း မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။

နေရာသည် ကျိုက်ထီးဆောင်းဆံတော်ရှင် ပရဝုဏ်အတွင်းရှိ တန်ဆောင်းတစ်ခုအတွင်းမှာဖြစ်ပါသည်။ (လွန်ခဲ့သောနှစ်ပေါင်း ၃၀ လောက်က ထိုတန်ဆောင်းနေရာသည် ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးလွှမ်းခဲ့သော နေရာဖြစ်၏။ ထိုနေရာကား နွားစားကျက်နေရာသာ ဖြစ်ခဲ့ပါ၏။ ထိုနေရာကား လူဆိုး၊ သူခိုးများ ခိုအောင်းစရာနေရာဖြစ်ခဲ့ပါ၏။ ထိုနေရာတွင် ချုံနွယ်ပိတ်ပေါင်းများအကြားမှာ 'ငါးသုံးလီ'ကို တရားဟောရင်း ဆံတော်ရှင်သာသနာတော်ကြီး တစ်ကျော့ပြန်ထွန်းကားလာရန် အရိုး ကြေကြေ၊ အရေခန်းခန်း ကြိုးပမ်းအားထုတ်လာခဲ့သော ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးကို တစိမ့်စိမ့်ဖူးမြော်ရင်းမှာပင် ဆရာတော်ဘုရားကြီး၏အားထုတ်မှုများသည် ရွှေဖြစ်ဟောင်းအောက်မေ့ဖွယ်များ ဖြစ်နေမည်ဟု တွေးတောရင်း အမျှဝေကာ သာဓုခေါ် နေမိပါသည်။)

ကျိုက်ထီးဆောင်းဆံတော်ရှင်ကြီးကို ဗဟိုမဏ္ဍိုင်ပြုပြီးလျှင် သုဝဏ္ဏဘူမိရွှေမြေကြီး၏ ဆံတော်ရှင်သာသနာကြီး တစ်ကျော့ပြန် ပြန် လည်ထွန်းကားရန်ကြိုးပမ်းလာခဲ့သည်မှာ နှစ်ပေါင်း(၃၀) ကာလ ပတ်ဝန်းကျင်ကြာခဲ့ပြီးဖြစ်ရာ ယနေ့ယခု ဆံတော်ရှင်(၆)ဆူကို နေ့ချင်းပြီး ဘုရားဖူးနိုင်ရန် စီမံနေဆဲကာလမှာပင် ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးနှင့် ရွှေထီးတော်တင်လှူပူဇော်ခြင်း လုပ်ငန်းများအတွက် ဩဝါဒခံယူပွဲကို ထိုကျိုက်ထီးဆောင်းဆံတော်ရှင် ပရိဝုဏ်အတွင်းရှိ ဓမ္မပလ္လင်တန်ဆောင်းတွင် ကျင်းပခဲ့ရာ မထင်မှတ်ဘဲနှင့် ကျွန်တော်က 'အခမ်းအနားမှူး' ပြုလုပ်ခဲ့ရပါသည်။

ဒေါက်တာခင်ရွှေက ရွှေစင်(၅)ပိဿာ လှူမည်။ ရွှေသံလွင် ကုမ္ပဏီမိသားစုက ရွှေစင်(၁)ပိဿာ လှူမည်။ ထွန်းခေါင်ကုမ္ပဏီ ဦးအုန်း မြင့်မိသားစုက ရွှေစင်(၁)ပိဿာ လှူမည်ဟုဆို၏။ အံ့ဩစရာ အလှူ မဂ်လာပါပဲ။ ကိုယ်မလှူနိုင်သေးသော်လည်း လှူနိုင်သူများ၏

...ဝသံများအကြားတွင် သာခုခေါ်သူတစ်ဦးတော့ ဖြစ်ခဲ့ရပါ၏။ (...ောင်းပေစွ)

ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ...ာဂုဏ်ကို ဆင်ခြင်ရင်း (၉)ပါးသီလယူကြ၏။ အဂ္ဂမဟာသီရိသုဓမ္မ ...ဇောတဓရ ဒေါက်တာခင်ရွှေ ဇနီး ဒေါ်စန်းစန်းကြွယ်၊ သား ...သီဟ၊ သမီး မဖေဖင်လတ်တို့က ရွှေစင်(၅)ပိဿာတိတိ လှူဒါန်း၏။ ...သနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို ... လက်ခံ၏။ (သာခု ဝမ်းမြောက်ဝမ်းသာ ခေါ်ကြ၏)

၎င်းနောက် သီဟသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း၊ ဇနီး ...ဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီနှင့် သားမြေးတစ်စုတို့က ရွှေစင်(၁)ပိဿာ ထပ်မံလှူဒါန်းကြပြန်၏။ (သာခုခေါ်ကြရပြန်၏)။

၎င်းနောက် ထွဋ်ခေါင်ကုမ္ပဏီ ဦးအုန်းမြင့်၊ ဒေါ်စန်းမြင့်၊ ...မီး မအေးလှသူ၊ မမြသဲနုတို့က ရွှေစင် (၁)ပိဿာလှူဒါန်းပြန်၏။ ...ပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညီလှငယ်က လက်ခံ ...၏၊ (သာခု သာခု ခေါ်ကြရပြန်၏) ဤသို့ဖြင့် ထိုနေ့က သာခု၊ သာခု၊ ...သာခုပေါင်း အနည်းဆုံး (၂၇)ကြိမ်မက ခေါ်ခဲ့ရပါ၏။

ဤသို့ဖြင့် သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်ကျေးရွာ ...ကျိုက်ထီးဆောင်းဆရာတော်ကြီး သိတင်းသုံးရာကျောင်းမှ 'သာခုသံ' ...သည် ဘဝဂ်အထိ ညံလျက်ရှိပါတော့သည်။

◆ ◆ ◆

# ရွှေဘုံသာ
# ဆုတောင်းပြည့်စေတီတော်မြတ်
# ငွေပဒေသာပင် အလှူ

ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ် (ပြည်မြို့အနောက်ဘက်ကမ်း) ရွှေဘုံသာရွာတွင် တည်ရှိသော သမိုင်းဝင် (ရွှေဘုံသာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်တော်မူနေသော) ရွှေဘုံသာဆုတောင်းပြည့်စေတီတော်မြတ်ကြီးတွင် ဒေါက်တာခင်ရွှေက သိန်းငါးဆယ် ငွေပဒေသာပင်ကြီး စိုက်ပျိုးလိုက်ကြောင်း သိရပြန်ရာ ရွှေဘုံသာမှာသာမက ပြည်မြို့ အနောက်ဘက်ကမ်းက သတင်းသည် တစ်ပြည်လုံးပျံ့နှံ့သွားရလေသည်။

ရွှေဘုံသာမုနိစေတီတော်ကြီးတွင် (ရွှေဘုံသာမုနိ ရုပ်ရှင်တော်မြတ်ကြီး ဌာပနာတိုက်မှာ) ကိန်းဝပ်တော်မူနေကြောင်း အထောက်အထားများအရသိရပါသည်။ မဟာသက္ကရာဇ် - ၁၂၄၃ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် မြတ်စွာဘုရားသည် သေလာဂီရိတောင်ထိပ်သို့ ကြွရောက်တော်မူကြောင်းကိုလည်းကောင်း၊ ထိုကျောက်တောင်သည် ဧည္စဝတီမြို့ကြီး၏ အနောက်မျက်နှာ ကုလားတန်မြစ် (ကစ္ဆပနဒီမြစ်)

၏ အရှေ့ဘက်ကမ်းမှာ တည်ရှိကြောင်းကိုလည်းကောင်း၊ စန္ဒာသူရိယ
မင်းကြီး၏ လျှောက်ထားမှုကြောင့် မဟာမုနိရုပ်ရှင်တော်များ
သွန်းလောင်းခွင့်ရခဲ့ကြောင်းကို လည်းကောင်း၊ မဟာမုနိရုပ်ရှင်တော်
မြတ်ကြီးမှ ပိုလျှံသော ရတနာများ ဖြင့် ရှင်ကျော်မုနိ။ ရွှေဘုံသာမုနိ။
ဘုန်းအောင်မြင်မုနိဟူ၍ မဟာမုနိ(၃) ဆူသွန်းလောင်းတော်မူကြောင်း
ကို သည်းကောင်း၊ ထိုမုနိတော်များသည် ရွှေရင်ငွေ့တော် ခုနစ်မွေ့
ဦးခေါင်းတော်၌ တည်တော်မူကြောင်းကိုလည်းကောင်း အများသိပြီး
ဖြစ်ပါသည်။

မဟာမုနိ ရုပ်ရှင်တော်မြတ်များကို ၁၁၄၆-ခုနှစ်၊ ပြာသို
လပြည့်ကျော် (၁၁)ရက်၊ အင်္ဂါနေ့တွင် အိမ်ရှေ့မင်းဥပရာဇာ သီရိ
မဟာဓမ္မာဇယဘွဲ့ခံ သားတော်သီဟသူရ ပင့်ဆောင်တော်မူရာတွင်
မူလဒါယကာ စန္ဒာသူရိယမင်း၏ ဆုတောင်းရွှေပေချပ်ကို တွေ့ရ
ကြောင်း သိရပါသည်။

ယခု ပြည်မြို့ အနောက်ဘက်ကမ်း၊ ရွှေဘုံသာရွာတွင်
ကိန်းဝပ်တော်မူနေသော ရုပ်ရှင်တော်မြတ်ကြီး ဌာပနာထားသော
ရွှေဘုံသာစေတီတော်မြတ်ကြီးတွင် ထာဝရငွေပဒေသာပင် သိန်း
ငါးဆယ်စိုက်ထူ လိုက်သော ရန်ကုန်မြို့မှ သီရိသုဓမ္မ မဏိဇောတဓရ
ဒေါက်တာခင်ရွှေ (ဇေကမ္ဘာ) ဇနီး ဒေါ်စန်းစန်းကြွယ်၊ သား ကိုဇေသီဟ၊
သမီး မဇေဇင်လတ် မိသားစုတို့မှာ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး
ကို ပြန်လည်ဖော်ထုတ် မွမ်းမံပြင်ဆင်ရန် မူလပထမ ငွေသိန်းတစ်ရာ
ကိုတိ မ,တည်ငွေ လှူဒါန်းခဲ့သည်သာမက လက်ရှိ စိန်ဖူးတော်တွင်
စိန်အလုံးရေ(၃၃၃) လုံး+ပတ္တမြား(၃၃)လုံးလှူဒါန်းခဲ့သော မိသားစု
ဖြစ်ကြောင်း သိရှိရပါသည်။

◆ ◆ ◆

# ဘုရားတစ်ခါနှင့်

# ဘုရားဒကာ

ရွှေဘုံသာမုနိတွင် ဘုရားဒါယကာဖြစ်ပုံမှာ အလွန်ဆန်း သည်။ ရှေးဟောင်းဘုရားတစ်ဆူကို ပြုပြင်ပူဇော်လိုသဖြင့် ဒေါက်တာ ခင်ရွှေက အတွင်းရေးမှူး (၁) ထံ အကူအညီ တောင်းသည်။ ထိုအခါ အတွင်းရေးမှူး (၁) က ပုဂံရှိ ရှေးဟောင်းဘုရားတစ်ဆူဆူ ဆိုလျှင် ကောင်းမလားဟု အကြံပြုသည်။ သို့သော်လည်း ဒေါက်တာခင်ရွှေက ပုဂံဘုရားတွေလည်း လှူခဲ့ဖူးပါပြီ။ တခြားတစ်နေရာရာက ဘုရား တစ်ဆူဆူဆို ကောင်းမည်လားဟု စိတ်ကူးမိကြောင်း တင်ပြပါသည်။ သို့နှင့် အတော်ကလေး ရက်ကြာသွားသည်။

တစ်နေ့သောအခါ အတွင်းရေးမှူး (၁) က ဒေါက်တာခင်ရွှေ အား ပြည်တစ်ဘက်ကမ်းဘက်မှာတော့ ဟိုတုန်းက ရှေးဟောင်း ဘုရားတစ်ဆူရှိကြောင်း သိရသည်။ ကိုခင်ရွှေ သွားကြည့်ပါဟု ပြောပါသည်။ သို့နှင့် ဘယ်နေရာက ဘယ်ဘုရားမှန်း မသိဘဲနှင့် ညွှန်ကြားချက်အတိုင်း သွား၍ကြည့်ပါသည်။ ထိုအခါ ပြည်တစ်ဖက် ကမ်းကူးပြီးတော့မှ ရွှေဘုံသာမုနိမှန်း သိရ၍ အလွန် အံ့သြ ကြည်ညို

...သောပီတိ လှိုက်လှဲစွာ ဖြစ်ရကြောင်း ဒေါက်တာခင်ရွှေက သတိရ ...ိုး ပြန်၍ပြောတတ်ပါသည်။

သို့နှင့် ရွှေဘုံသာမုနိကို ပြုပြင်ရန် မ,တည်ငွေ သိန်း(၁၀၀)တိ ...တည်လိုက်ကြောင်း သိရပါသည်။ နောင်သောအခါ နိုင်ငံတော် ...ဦးဒိ၍ ပြုပြင်မွမ်းမံလိုက်သဖြင့် ရွှေဘုံသာမုနိ စေတီတော်မြတ်ကြီး ...လွန်လျှင် ကြီးကျယ်ခမ်းနား ထည်ဝါလာပါတော့သည်။ မူလ ...ည်ထားသူ ဒေါက်တာခင်ရွှေတို့ မိသားစုကလည်း နိုင်ငံတော်မှ ...ဆောင်၍ စိန်ဖူးတော်တင်သောအခါ စိန်အလုံးရေပေါင်း (၃၃၃) ...ဘုံသာမက ပတ္တမြားလုံးရေပေါင်း (၃၃)လုံးကိုလည်း အမှတ် ...သင် (သို့မဟုတ်) အမှတ်မထင် လှူခွင့်ရလိုက်သဖြင့် နောင်သော ...မှာ တွေးတိုင်း တွေးတိုင်း ကုသိုလ်ရ၍ ဝမ်းသာပီတိဖြစ်ကြောင်း ...းစပ်မိတိုင်း လှိုက်လှိုက်လှဲလှဲကြီး ပြန်၍ ပြန်၍ ပြန်ပြောတတ် ...သည်။ ပြောတိုင်း ပြောတိုင်းလည်း ကုသိုလ်များ အသစ် အသစ် ...သည်ဟု ခံစားရကြောင်း မကြာခဏ ကြားရပါသည်။

သို့နှင့် ကာလအတော်ကြာသွားပြန်သောအခါ ရွှေဘုံသာမုနိ ... ခနေ့စဉ်နေ့တိုင်း လစဉ်လတိုင်း ဝေယျာဝစ္စများကို လိုအပ်သလို ...ပ်နိုင်ရန် ငွေလိုနေလိမ့်ဦးမည်ဟု တွေးမိသဖြင့် ငွေပဒေသာပင် ...န်း (၅၀) သွားစိုက်ရအောင်ဗျာဟု ခေါ်သဖြင့် ကျွန်တော်လည်း ရွှေဘုံသာမုနိသို့ ရောက်သွားခဲ့ရပါသည်။

ကျွန်တော်တို့က တစ်ရက်ကြိုတင်၍ စောစောရောက်နေနှင့် ...သည်။ နောက်တစ်နေ့တွင် အတွင်းရေးမှူး(၁)သည် အလှူတော်ငွေ ...က်ခံရန်အတွက် တမင်လာလှည့်၍လာကြောင်း "သတင်းကောင်း" ...ားသိရပါသည်။ ဒေါက်တာခင်ရွှေက ဘုရားသို့ တစ်ခါလာပြီး ...က်ထပ်ပြန်၍ လှည့်မကြည့်တော့သော "ဘုရားတစ်ခါ" မဖြစ်လို ...ကြောင်း အစဉ်အမြဲ "ဘုရားဒါယကာ" သာ ဖြစ်လိုကြောင်း ထူးထူး

ဆန်းဆန်းပြောကြားတတ်သဖြင့် မြန်မာစာဆရာဖြစ်သော ကျွန်တော် လည်း သူ့စကားလုံးများကို တအံ့တသြ နားထောင်ရင်း သူ၏ သ လှုံ့ဆော်မှုကြောင့် နှုတ်မှလျှံထွက်လာသော စကားလုံးကို အံ့ဩနေ ပါသည်။ ကဗျာဆရာတွေ ဈာန်ဝင်စားလို့ စကားလုံးအသစ်တွေ ထွက်လာတာ ဒီလိုများ ဖြစ်လေမလားဟု လျှို့ဝှက်စွာ တွေးမိပါသေ သည်။

♦ ♦ ♦

# ဒေါက်တာခင်ရွှေနှင့်
# ကေလာသင္ဂီကာ

ကေလာသ မြသပိတ်ဟူ၍ ကြားဖူးသည်မှာ ကြာလှပါပြီ။ သို့သော်လည်း အချိန်အခါမရောက်သေး၍လား မသိ။ မရောက်ခဲ့ပါ။ ...ငံ့ ယခင် ၁၉၆၉ခုနှစ်လောက်က တစ်ကြိမ်ရောက်ဖူးပါသည်။ ...န်းအနားဝန်းကျင်တွင် ပိန္နဲသီးတွေ၊ သရက်သီးတွေ၊ ဒူးရင်းသီးတွေ ...ကြောင်း ကောင်းကောင်း မှတ်မိပါသည်။ ဆီးဖြူပင်ကြီးတစ်ပင်ကို ...သည်း ကောင်းကောင်း မှတ်မိပါသည်။ သို့သော်လည်း အတိတ်သည် ...န်ပြပမာဖြစ်နေ၏။ အိပ်မက်မဟုတ်သောအိပ်မက်တို့သည် ဝိုးတဝါး ...င်ခနေ၏။

ယခုတစ်ခေါက် ကေလာသသို့ ရောက်ခဲ့ပြန်သည်။ ...က်တာခင်ရွှေ၏ ကောင်းမှုကြောင့် ကေလာသတစ်ခွင်မှာ ကုသိုလ် ...န်းဆန်းရဖို့ ခြေရာတွေထပ်လျက်ရှိသည်။ ယခုတစ်ခေါက် ရောက် ...ိုန်သည်မှာလည်း အကြိမ်တစ်ရာမြောက်လား၊ နှစ်ရာမြောက်လား ...ိုးဘဝါးဖြစ်နေ၏။

၁၃၆၄ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၀)ရက်နေ့ ၂၀၀၂ခုနှ
မေလ(၁၁)ရက်၊ စနေနေ့တွင် အလှူတော်မင်္ဂလာ အခမ်းအနား
ကြောင်း သိရပါသည်။ ၁၂-၅-၂၀၀၂ မြန်မာ့အလင်းသတင်း
ကြေးမုံ သတင်းစာများတွင်လည်း သတင်းထူးများ ပါပြီးဖြစ်ပါသည
ထိုညက လွှင့်ထုတ်သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်လည
ကောင်း၊ မြဝတီရုပ်မြင်သံကြားတွင်လည်းကောင်း သတင်းရုပ်
များ ပါပြီးဖြစ်သဖြင့် နောက်တစ်နေ့ပြန်လာသောအခါ မေးကြသ
မှာ ဒုနှင့်ဒေး ဖြစ်တော့သည်။

ကေလာသအကြောင်း၊ တံခွန်တိုင်စေတီအကြောင်း၊ ဝင
ကျေးရွာအကြောင်း၊ ရာဇမုနိ (ခေါ်) ရာဇကုမာရ စေတီတေ
အကြောင်း၊ ရွှေစာရံစေတီတော်အကြောင်း၊ ရွှေဝါရောင် အပိုင်း
လမ်းမကြီးအကြောင်း စသည် စသည်တို့ဖြစ်သည်။

# ဇုတ်သုတ်သားနှင့်

# ရဟာတ်ယာဉ်

ခေါင်းစဉ်အရ ယခင့် ယခင်က ဇုတ်သုတ်သားတွေ ရဟာ
ယာဉ်ကို မမြင်ဖူးသယောင်ယောင် ဖြစ်နေ၏။ ထိုသို့မဟုတ်
ယခင့် ယခင်ကလည်း ရွှေဝါရောင်လမ်းမကြီး အပိုင်း (၁) ဖွင့်ခဲ့
ကလည်း မြင်ခဲ့ဖူးပြီ။ ၎င်းနောက် ရွှေဝါရောင်လမ်းမကြီး အပိုင်း
ဖွင့်စဉ်ကလည်း မြင်ခဲ့ဖူးပြီ။ သို့သော်လည်း ယခုတစ်ခေါက်
ယခင့် ယခင် မြင်ဖူးခြင်းနှင့် မတူ။ ရဟာတ်ယာဉ်ကြီးသည် ဇုတ်သ
အထက်တန်းကျောင်းကွင်းထဲသို့ တိုက်ရိုက်ကြီး၊ တည့်တည့်

...းသာခြင်း ဖြစ်သဖြင့် ဇုတ်သုတ်သားတွေ တအံ့တသြဖြစ်ကြရ၏။

နိုင်ငံတော်အကြီးအကဲများကို ကြိုဆိုနေကြသော ပရိသတ် ...ပါင်းတို့လည်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ စိတ်လည်း လှုပ်ရှားပုံရ ...သူတွေကလည်း လှုပ်ရှားနေကြ၏။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ...တွင်းရေးမှူး(၁)သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယ ...ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ...တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူ ...များ လိုက်ပါလျက် ထိုနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော် ...ဘတ်ယာဉ်ဖြင့် ထွက်ခွာကြရာ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ...င်းသုတ်စံပြကျေးရွာသို့ နံနက် ၈နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြ ...သည်။

ရှေးဦးစွာ အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် ကျိုက်ထီးဆောင်းဆံတော်ရှင် စေတီတော်သို့ ရောက်ရှိကြပြီး ဗုဒ္ဓ ...ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် စေတီ ...တော် အာရုံခံတန်ဆောင်း၌ ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာ ...ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပအား ပူဇော်ကန်တော့ကြသည်။

ရဟတ်ယာဉ်မှီအောင် ကျွန်တော်တို့သည် အခမ်းအနား ...င်းပမည့် ကေလာသတောင်မှတစ်ဆင့် ကားကို ဒုန်းစိုင်း၍ ...မောင်းလာရပါသည်။

မှီရုံကလေးရှိပါသည်။ ကားရောက်လျှင် ရောက်ချင်း နိုင်ငံ ...တော် အကြီးအကဲများ ဆင်းလာကြသည်။ ထိုအခါ ဒေါက်တာခင်ရွှေ ...သည် စောစောကတည်းက ဒါနပြုရန် ကြိုတင်ယူဆောင်လာသော

ငွေစက္ကူအသစ်စက်စက်များ ထည့်ထားသော ငွေဖလားကြီး
အတွင်းရေးမှူး (၁)သို့ လှူဒါန်းပါသည်။ ထိုအခါ အတွင်းရေးမှူး(၁)
မျက်နှာ ဝင်းကနဲ ဖြူးသွားသည်ကို ကင်မရာသမားဖြစ်သော ကျွန်တော်
က လှမ်း၍ အမိအရရိုက်လိုက်ပါသည်။

ထို့နောက် ကြိုဆိုနေကြသော ကျောင်းသူ၊ ကျောင်းသားများ
ဆရာ၊ ဆရာမများ၊ ဘင်ခရာတီးဝိုင်း အဖွဲ့များ ရှိရာသို့ အတွင်းရေး
မှူး (၁)သည် ငွေဖလားကြီးနှင့် လျှောက်သွားပါသည်။ ဒင်းနောင်
ပန်းပွားများနှင့် ကြိုဆိုနေကြသော ဘင်ခရာသမားများကို ဆုတော်ငွေ
များချီးမြှင့်ပါသည်။ ပြီးတော့ တန်းစီကြိုဆိုနေကြသော ကျောင်းသား
ကလေးများရှိရာသို့ လျှောက်သွားရင်း တစ်ယောက်ချင်း တစ်ယောက်
ချင်း၏ လက်ထဲသို့ ငွေအသပြာများကို စေတနာရှိရှိ မေတ္တာရှိရှိဖြင့်
တစ်ဦးချင်းဝေငှပေးပါသည်။ ကလေးတွေက အင်မတန် ကြွေနေရ
သည်။ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးတိုင်း အနင်းမခံရအောင် ပြေးရ လွှား
ရှောင်ရတိမ်းရ အတွေ့အကြုံများနေသောကြောင့် ကလေးများ
မချီးမွမ်းဘဲ မနေနိုင်ပါ။

လှူရ တန်းရမှ စားဝင် အိပ်ပျော်သော ဘုရားဒါယကာကြီး
လည်း ကလေးတွေအတွက် နိုင်ငံတော်အကြီးအကဲမှတစ်ဆင့် ဆုတော်
ငွေများ ချီးမြှင့်သဖြင့် ဝမ်းသာပီတိဖြစ်နေကြောင်း ရိုးရိုးကလေး အတ
ခတ်၍ ရနိုင်ပါသည်။

◆ ◆ ◆

# ကေလာသတောင်တော်ကို တစ်ခေတ် ပြောင်းလိုက်သူ

မင်္ဂလာနေ့ရက်မှာ ၁၃၆၄ခု၊ တန်ခူးလပြည့်ကျော် ၁၄ရက်၊ ၂၀၀၂ခုနှစ်၊ မေလ(၁၁)ရက် စနေနေ့ဖြစ်ပါသည်။ မင်္ဂလာအချိန်မှာ နံနက် (၉း၀၀) နာရီ ဖြစ်ပါသည်။ မင်္ဂလာနေရာမှာ အမှတ်(၃) နွေဥါရောင်လမ်းမကြီး၊ ကေလာသတောင်ခြေဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သည် အစိုးရအဖွဲ့က အဖွဲ့ဝင်ဝန်ကြီး များ၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူ များ လိုက်ပါလျက် ထိုနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော် လေယာဉ်ဖြင့် ထွက်ခွာကြရာ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ သုတ်သုတ်စံပြကျေးရွာသို့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြ သည်။

အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်

တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် အကြီးအကဲများက ကြိုဆိုကြပါသည်။ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေ့ဦးစွာ အတွင်းရေးမှူး (၁)နှင့် အဖွဲ့ဝင်များသည် ကျိုက်ထီး ဆောင်းဆံတော်ရှင် စေတီတော်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော် မြတ် အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် စေတီတော် အာရုံခံတန်ဆောင်း၌ ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပအား ပူဇော်ကန်တော့ကြသည်။

အခမ်းအနားအစီအစဉ်(၁)အရ နိုင်ငံတော် အကြီးအကဲများ သည် ဓမ္မပလ္လင်သို့ရောက်ရှိ၍ ဆံတော်ရှင် ကျိုက်ထီးဆောင်း စေတီ တော်မြတ်ကြီးအား ကန်တော့ကြပါသည်။ ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော်ကြီး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ အား ကန်တော့ကြပါသည်။

၎င်းနောက် ဆရာတော်ဘုရားထံမှ ကိုးပါးသီလများ ခံယူကြ ပါသည်။ အစီအစဉ်အရ ထိုမျှသာဖြစ်သော်လည်း ပီတိများကား ထိုမျှ မကပါ။ နိုင်ငံတော်အကြီးအကဲများက ဆရာတော်ကိုဖူးမြော်၍ ကြည်ညိုလျက်ရှိကြပါသည်။ ထိုအချိန်တွင် လှူဖွယ်များ လှူဒါန်းကြ ပါသည်။ လှူဒါန်းသည့်အထဲတွင် မောင်ပန်းမွေး၏ မသိသူကျော်သူ သိသူဖော်စား ကျိုက်ထီးဆောင်းငြိကာပေါင်းချုပ်ကြီးစာအုပ်လည်း ပါပါသည်။ ဇေကမ္ဘာမိသားစု၏ ဒါနဖြစ်ပါသည်။ ဆရာတော်သည် စာအုပ်များကို အလှူခံပါသည်။ ပြီးတော့ အားလုံးကို ထပ်ဆင့် ချီးမြှင့်ပါသည်။

◆ ◆ ◆

# ရွှေဝါရောင် လမ်းမကြီး

ထိုလမ်းမကြီးမှာ ကလေးသတောင်ခြေရှိ တောင်ကြီးကျေးရွာနှင့် ယက္ကန်းသည်မရွာတို့ကို ဆက်သွယ်သော လမ်းမကြီးဖြစ်ပါသည်။ အလျား(၅)မိုင်ခန့်ရှိပါသည်။ ရှေးယခင်က ဤနေရာသည် ယက္ကန်းသည်မ ရှင်ကြီးဗိမာန်တော်ဖြစ်သဖြင့် လမ်းဖောက်လျှင်လည်း လမ်းဖောက်သူကို ချက်ချင်းဒုက္ခပေးပါသည်။ ယခုကား ဆရာတော်နှင့်သက်ဆိုင်သော နာမ်လောကမှ ပုဂ္ဂိုလ်များ အပေးအယူတည့်သောကြောင့် လမ်းမကြီး အောင်မြင်သည်ဟု ရွာသားများက ပြောကြပါသည်။ ကျွန်တော်တို့က မသိ၍ မေးမြန်းသောအခါ ပြောဆိုကြသည်မှာ - ဖုန်းဆိုးမြေဘဝ၊ လမ်းဆိုး၊ လမ်းဟောင်းဘဝမှ လမ်းကောင်းလမ်းသစ်ဘဝသို့ သိသိသာသာ ပြောင်းလဲပေးခြင်းဖြစ်သဖြင့် တဲအိမ်ပေါ်မှ တိုက်အိမ်ပေါ်သို့ တင်ပေးလိုက်သကဲ့သို့ ယက္ကန်းသည်မ ဗိမာန်တော်ပိုင်ရှင်နတ်ကြီး ရှင်ကောင်းများက ကျေနပ်ပုံရကြောင်း၊ ရွာခံလူများက ပြောဆိုကြသဖြင့် တဲအိမ်ပေါ်မှ တိုက်အိမ်ပေါ်တင်ပေးသော စီမံကိန်းကို သဘောကျသဖြင့် ကောင်းပေစွ ကောင်းပေစွဟု သာဓုခေါ်ခဲ့ပါသည်။

ယခင့် ယခင်က ရွှေဝါရောင်လမ်းမကြီး အပိုင်း (၁) ဖွင့်ခဲ့ဖူး

၏။ အပိုင်း (၁) သည် ၄မိုင် ၇ဖာလုံရှိ၏။ အပိုင်း (၂) သည် ၈မိုင်ရှိ၏။
ယခု အပိုင်း (၃) သည် ၅မိုင်ရှိ၏။ အပိုင်း (၄) သည်လည်း မကြာမီ
ဖွင့်လှစ်ဦးမည်ဟု သိရ၏။ ထို့ကြောင့် ဘီးလင်းမြို့နယ် ရွှေဝါရောင်
လမ်းမကြီးမှာ မိုင်ပေါင်း ၂၀ရှည်ကြောင်း သိရပါသည်။ နိုင်ငံတော်က
ထောက်ပံ့ငွေ ကျပ် သိန်း (၁၀၀) နှင့် ကျိုက်ထီးဆောင်းဆရာတော်
ဘုရား ဦးဆောင်ပြီး ဘုရားဒါယကာ ဒေါက်တာခင်ရွှေ ဇေကမ္ဘာ
မိသားစု မ,တည်ငွေတို့ဖြင့် သိန်းပေါင်း(၂၅၀)ကျော် အကုန်ခံ
တည်ဆောက်ထားသဖြင့် ကိုယ့်အိမ်ရှေ့က လမ်းကလေးတောင်
ပေါက်ပြဲပျက်စီးနေတာ ကြိုးစားပမ်းစား ဖာထေးနေရသော ကျွန်တော်
တို့အဖို့ ထိုကုသိုလ်အလင်းကို ဝမ်းသာခြင်း ဖြစ်ရပါသည်။ ဤတွင်
သာခု ကိုးကြိမ်ခေါ်ခဲ့ရပါသည်။

## ပေပေါင်း ၁၆၅၀မြင့်သော ကေလာသတောင်

တောတောင်ထူထပ်၍ ခြေလျင်တက်ရသော လမ်းကလေး
မှာ ယခုအခါ လမ်းဒကာ ဒေါက်တာခင်ရွှေ ဇေကမ္ဘာမိသားစု၏
ကောင်းမှုကြောင့် ကျောက်စရစ်ခင်း ဘိလပ်မြေလမ်းမကြီးဖွေးဖွေးကို
မြင်ရသဖြင့် ခရီးရောက်အောင် လမ်းဖောက်ခဲ့သော လမ်းဒကာများ
နှင့်တကွ ရှာခံလူများ၏ လုပ်အားဒါနကို မမေ့မလျော့ သာခုခေါ်ခဲ့ရ
ပါသည်။

၎င်းနောက် အခမ်းအနားအစီအစဉ်အရ ကေလာသတောင်
တွင် တည်ရှိသော မြမျက်ရှင်မြတ်စွာဘုရားအား နိုင်ငံတော် အကြီး
အကဲများက မုနိမကိုဋ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ကျိုက်ထီးဆောင်း ဆရာတော် ဦးဆောင်၍ အတွင်းရေးမှူး (၁)က အမွှေးနံ့သာရည်များ ပက်ဖြန်းပူဇော်ပါသည်။

ဆရာတော်သည် ဝမ်းသာပီတိဖြင့် မြမျက်ရှင်ဋီကာကို …ံတစ်ပြက်ပြောကြားရာ များစွာမှတ်သားခဲ့ရပါသည်။ ရန်ကုန် ရွှေတိဂုံ ကုန်းတော်ပေါ်တွင် ပတ္တမြားမျက်ရှင်ဟူ၍ ကုန်းတော်၏ နေထွက်ရာ အရှေ့မျက်နှာတွင် တည်ရှိကြောင်း၊ ယခု ထိုတစ်ဆူတည်းသော မြတ်စွာဘုရား၏ ဆံတော်စစ်ကိန်းဝပ်တည်ရှိရာ ဤ ကေလာသတောင်တော်တွင်လည်း အရှေ့နေထွက်ရာမျက်နှာတွင် မြမျက်ရှင် …၍ ရှိကြောင်း၊ ရှေးအခါက ဤနေရာသည် "မှန်လျှင်စံ မမှန်လျှင်ခံ" … နာမည်ကြီးသော နေရာဖြစ်ကြောင်း၊ မှန်သူစံ၍ မမှန်သူခံရပြီး အမြန် "ကျောင်း"ရသော နေရာဖြစ်သောကြောင့် မှန်ကျောင်းဟူ၍ ခေါ်ဆိုကြောင်း၊အချို့ကလည်း မမှန်လျှင် "ကျောင်း"ဟု "မှန်ကျောင်း" … အဓိပ္ပါယ်ဖွင့်ခဲ့ကြောင်း၊ ယခုကား သာသနာတစ်ဝက် ဘုန်းရှင် …ာရှင် တစ်ဆက်ဖြစ်သောကြောင့် ယခုကဲ့သို့ သာသနာတော် ၂၅၀၀ တစ်ဝက်မှ ၅၀၀၀သို့ ဧကန် အမှန်ဆက်သည် ဖြစ်ကြောင်း၊ …ချင်းကို တိုတိုရှင်းရှင်း မိန့်ကြားခဲ့ရာ ကျွန်တော်တို့မှာ ကြားနာရုံနှင့်မျှပင် ကြက်သီးထမိပါသည်။ "မှန်ကျောင်း" ဒကာကြီး ဇေကမ္ဘာမိသားစုကား …ဘယ်မျှ ပီတိဖြစ်မည်ကို စိတ်မျက်စိဖြင့် မှန်းဆနိုင်ပါသည်။ ဒေါက်တာခင်ရွှေသည် မှန်ကျောင်း ပတ်ဝန်းကျင်တွင် မနုဿီဟ (၁၀၈) စီးကို ဒါယကာပြု လှူဒါန်းခဲ့ပါသေးသည်။

♦ ♦ ♦

# နေ့ရစ်တော့ ခေတ်ဟောင်း

အတွင်းရေးမှူး(၁)နှင့် နိုင်ငံတော် အကြီးအကဲများသည် ကေလာသဆံတော်ရှင် ရင်ပြင်တော်ပေါ်တွင် ဂန္ဓကုဋီစတိုက်တော် အသီးသီးတွင်တည်ရှိသော ကြေးသွန်းမြတ်စွာဘုရား ကိုယ်ပွားတော်များကို ရောင်တော်ဖွင့်၍ အမြဲထာဝရ တည်ထား ကိုးကွယ် ပူဇော်ခြင်း မင်္ဂလာကို စီရင်ကျင်းပပါသည်။

သောကြာထောင့်တွင် သိခီမြတ်စွာဘုရားကို ရောင်တော်ဖွင့်ခြင်း မင်္ဂလာ။ ၎င်းနောက် ကြာသပတေးထောင့်တွင် ဂေါတမမြတ်စွာဘုရားကို ရောင်တော်ဖွင့်ခြင်း မင်္ဂလာ။ ၎င်းနောက် တနင်္လာထောင့်တွင် ကကုသန္ဓ မြတ်စွာဘုရားကို ရောင်တော်ဖွင့်ခြင်းမင်္ဂလာ။ ၎င်းနောက် အင်္ဂါထောင့်တွင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ) ဇနီး ဒေါ်စန်းစန်းကြွယ်၊ သား ကိုဇေယျသီဟ၊ သမီး မဇေဇင်လတ်တို့ ကောင်းမှုဖြစ်သော ကောဏာဂမန မြတ်စွာဘုရားကို ရောင်တော်ဖွင့်ခြင်း မင်္ဂလာ ပြုလုပ်ကြပါသည်။

ဤသို့ဖြင့် ကြေးသွန်းမြတ်စွာဘုရား ရုပ်ပွားတော်များကို အမွှေးနံ့သာများဖြင့် ကျိုက်ထီးဆောင်းဆရာတော်ကြီးကို ဦးထိပ်ထား၍ အတွင်းရေးမှူး(၁)က အမွှေးနံ့သာများဖြင့် ပူဇော်ကန်တော့ပါသည်။

## ထီးမျှော် နတ်မျှော် စူဠာမုနိတံခွန်တိုင် စေတီတော်

ဆရာတော်ဘုရားကို ဦးထိပ်ထား၍ အတွင်းရေးမှူး (၁)က အမွှေးနံ့သာကို ဖအောင်သပြေများဖြင့် ပူဇော်ကန်တော့ပါသည်။ အောင်မြင်ခြင်း မင်္ဂလာအခမ်းအနားအဖြစ် ရွှေမိုး ငွေမိုးများကို ထိုတံခွန်တိုင် စေတီတော်ပေါ်မှ ရွာသွန်းဖြိုးရာ ဓာတ်ပုံလိုက်ရိုက်နေသော ကျွန်တော်တို့မှာ ပရိသတ်ကြီးကို အပြေးအလွှား ရှောင်ရှားရပါသည်။

## ရွှေမိုး ငွေမိုး သိန်း ၃၀

ဓမ္မဒါနပြုသောငွေမှာ မူလလျာထားချက် ၁၀ သိန်းရှိကြောင်း ရွှေမိုး ငွေမိုးသမားများထံမှ ကြားသိရပါသည်။ နောက်ထပ် ငွေလောက်သဖြင့် ၁၀ သိန်းလောက် ထပ်စိုက်ရသေးကြောင်း သိရပါသည်။

## ရွှေအစစ် ရွှေကြိုး

ၐင်းနောက် အခမ်းအနား အစီအစဉ်အရ ထီးမျှော် နတ်မျှော် စူဠာမုနိ တံခွန်တိုင်စေတီတော် ကမ္ပည်းကျောက်စာတော်ကို ရွှေကြိုး အစစ်ဖြင့်ဆွဲ၍ ဖွင့်လှစ်ကြောင်း ကျွန်တော် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ဟိုးတစ်နေ့ကတည်းက ဒေါက်တာခင်မွေ၏ ဇနီး

ဒေါ်စန်းစန်းကြွယ်မှ ရွှေကြိုးစစ်စစ်ကြီး ၁၅ကျပ်သားလား၊ ၁၀ ကျပ်သားလားမသိ။ ပန်းတိမ်မှာ သေသေချာချာ အပ်နှံနေကြောင်း ကြားသိခဲ့ရသဖြင့် ဩော် လက်စသတ်တော့ ဒီနေရာမှာ ပါရမီဖွင့်ကြတာကိုးဟု ဝမ်းသာ သာဓုခေါ်မိခဲ့ပါသည်။အလှူအတန်းတွင် လက်မတွန့်တတ်သော ဇနီးမောင်နှံဖြစ်သဖြင့် "နတ်ဖက်သည့်စုံတွဲ" ဟု တစ်ချို့က ပြောကြသည်မှာ မလွန်ပါ။

## မြသပိတ်ဆံတော်ရှင် စေတီတော်မြတ်ကြီး

ထိုအချိန်တွင် နေ့လယ် (၁၂)နာရီကျော်ပြီ ဖြစ်ပါသည်။ ခြစ်ခြစ်တောက်ပူနေသောနေမှာ ဘုရားတန်ခိုးကြောင့် မိုးအုံ့ပြီးလွှင်တိမ်ထူထပ်လျက်ရှိပါသည်။ ထို့ကြောင့် အတော်ကလေး အအိုက်အစပ် သက်သာပါသည်။ တော်ပါသေးသည်ဟု စဉ်းစားမိပါသည်။

မြသပိတ်တွင် နေ့လယ်စာ စားသုံး နေစဉ် ကျွန်တော်သည် ကေလာသတောင် မြသပိတ်တောင်တို့၏ ဘဝဟောင်း ဇာတ်လမ်းများကို ပြန်ပြောင်းစဉ်းစားမိပါသည်။

ကေလာသဆံတော်ရှင်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က ၈ ဝါမြောက်ကာလ မဟာသက္ကရာဇ် ၁၁၁ ခုနှစ် ပေါမန္တာဉတုတွင် သုဝဏ္ဏဘူမိသို့ကြွလာခဲ့စဉ်က ၇ ရက်တိုင်တိုင် သီတင်းသုံးတော် မူခဲ့သော နေရာဖြစ်ကြောင်း၊ ကျိုက်ထီးရိုးဆံတော် ဇင်းကျိုက်ဆံတော်၊ ဇွဲကပင်ဆံတော်၊ မြသပိတ်ဆံတော်၊ ကုသိနာရုံ ဆံတော် စသော ဆံတော်များကို ရသေ့အသီးသီးသို့ ဝေငှခဲ့ရာ နေရာ ဖြစ်ကြောင်း၊ ပြန်ပြောင်းစဉ်းစားမိပါသည်။

ယခင်က ဓမ္မပလ္လင်တည်ရာအရပ်သည်လည်း ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီး၏ အောင်မြေဖြစ်၍ ကျိုက်ထီးဆောင်း

ဆံတော်ရှင်စေတီတော်မှာလည်း ဆံတော်ရှင်စေတီတော်များအနက် အသမဦးဆုံးသော ဆံတော်ရှင်ဌာပနာရာဖြစ်သဖြင့် ထူးမြတ်ကြောင်း တွေးတောမိပါသည်။

ယခုအကြီးအကဲများ နားနေရာနေရာသည်လည်း မြသပိတ်တော်နှင့်တကွ ဆံတော်ရှင်အစစ် ဌာပနာထားသဖြင့် အလွန်ထူးမြတ်သော နေရာဖြစ်ပါသည်။ မြသပိတ်ဆံတော်ရှင်မှာ အရှင်ဂုဏာ သာကရ ထေရ်က ဦးဆောင်ပြီး ရှက္ခစိုးနတ် ဒါယကာပြု၍ ဆံတော်ရှင် ဌာပနာထားကြောင်း၊ ၎င်းနောက် မြတ်စွာဘုရားရှင်၏ ဣန္ဒာသယ သုံ့တရ မြသပိတ်တော် ဌာပနာထားကြောင်း ထိုမြသပိတ်တော်မှာ ဘုမ္မိ ဒေဝီမယ်တော်က ဘုရားရှင်အား လှူဒါန်းခဲ့သော မြေဆီမြေနှစ် သုံ့တရသည့် မြသပိတ်ဖြစ်ကြောင်း၊ ပြန်လည်တွေးတောမိပါသည်။

## ဂဝံစေတီတော်ကြီး

ကျွန်တော့်အလုပ်မှာ မှတ်တမ်းတင်ရသော အလုပ်ဖြစ်သဖြင့် အစ်ပါးသူတို့ နားနေသော်လည်း ရှုတ်တရက်မနားနိုင်ပါ။ ကင်မရာ အစ်လုံးဖြင့် အလုပ်များနေပါသည်။

နေ့လည်စာ စားသုံးပြီးသောအခါ ဝင်းကကျေးရွာသို့ ခရီး ဆက်ကြပါသည်။ အခမ်းအနား အစီအစဉ်အရ ရာဇမုနိ (ခေါ်) ရာဇကုမာရ စေတီတော်မြတ်ကြီးအား ထီးတော်တင် အခမ်းအနား မင်္ဂလာ ပြုလုပ်မည်ဖြစ်ပါသည်။

ထိုစေတီတော်မြတ်ကြီးမှာ စေတီတော်တစ်ခုလုံး ရွှေမှုမပျက် ဂဝံကျောက်ဖြင့် တည်ထားသည်သာမက ထီးတော်ကလည်း ဂဝံ စစ်စစ်ဖြစ်၏။ စိန်ဖူးတော် ငှက်မြတ်နားတော်တို့ကလည်း ဂဝံစစ်စစ်

ဖြစ်၏။ အလေးချိန်ပိဿာ ၅၀၀ကျော်ရှိသော ဂဝံကျောက်တစ်လုံး တည်းဖြင့် ထွင်းထုထားသော ထိုထီးတော်ကြီးကို အဘယ်ပုံ အဘယ် နည်းဖြင့် အပေါ်သို့ရောက်အောင် တင်မြှောက်ပူဇော်ထားသည်ကို ကျွန်တော့်ဉာဏ်သေးသေးဖြင့် စဉ်စား၍ မရပါ။ ဉာဏ်ကြီးသူ ပါရမီ ကြီးသူများသာ ပြုလုပ်နိုင်သော ကိစ္စဖြစ်ပါသည်။ ဘုန်းရှင် သမ္မာရှင် ပါရမီရှင်ကြီးများသာလျှင် ပြုလုပ်နိုင်သော ကိစ္စဖြစ်ပါသည်ဟု တွေးမိ ပါသည်။

## ရွှေကြိုးစစ်စစ်

ရာဇမုနိစေတီတော်မြတ်အား ပူဇော်ကန်တော့၍ မော်ကွန်း ကမ္ပည်းကျောက်စာကို ကျိုက်ထီးဆောင်းဆရာတော်မှ ဦးဆောင်၍ အတွင်းရေးမှူး (၁) က အမွှေးနံ့သာ အောင်သပြေများဖြင့် လှူဒါန်း ပူဇော်ပါသည်။ ရွှေကြိုးစစ်စစ်ဖြင့် ဆွဲ၍ ဖွင့်လှစ်လိုက်သောအခါ အလှူရှင်၏ မျက်နှာကို ကျွန်တော်သည် ပြေး၍မြင်ယောင်မိပါသည်။

## အလှူတော်

ကျိုက်ထီးဆောင်း ဆရာတော်ကြီး၏ သုဝဏ္ဏဘူမိ ဆံတော် ရှင်များ သာသနာတစ်ကျော့ပြန် သာသနာပြုလုပ်ငန်းများအတွက် ဘုရားဒါယကာ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေ ဇနီး ဒေါ်စန်းစန်းကြွယ်၊ သား ကိုဇေသီဟ၊ သမီး မဇေဇင်လတ်တို့မှ ငွေကျပ်သိန်းပေါင်း (၄၅၀)လှူဒါန်းပါသည်။ ထိုငွေကို အတွင်းရေးမှူး (၁) မှ တစ်ဆင့် ဆရာတော်ကြီးထံသို့ လှူဒါန်းခဲ့ပါသည်။

## ဇူတ္တလိ စာသင်ကျောင်းအလှူတော်

၎င်းနောက် ကျိုက်ထီးဆောင်းဆရာတော် ဦးဆောင်ဦးရွက်ပြု၍ ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

ဒေါ်က်တာခင်ရွှေ မိသားစုတို့ လှူဒါန်းသော ကျပ်ငွေသိန်း (၆၀)တန်ဖိုး ရှိ သုတ္တလိကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင် လွှဲပြောင်း ပေးအပ်လွှာကို ကျိုက်ထီးဆောင်းဆရာတော်ဘုရားက မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ထံသို့ ပေးအပ်လှူဒါန်းပါသည်။

## ရွှေမိုး ငွေမိုး အောင်ပွဲ

ထို့နောက် ကျိုက်ထီးဆောင်းဆရာတော်မှ ရေစက်ချ တရား တော်များ ချီးမြှင့်ပါသည်။ ထိုတရားတော်ထဲတွင် ကေလာသတောင်ခြေ အကြောင်း ကေလာသတောင်ပေါ်ရှိ ဆံတော်ရှင် စေတီတော်မြတ် အကြောင်းမှစ၍ တတိယသင်္ဂါယနာတင် အကြီးအမှူးဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်စေလွှတ်အပ်သော အရှင်သောဏ နှင့်ဥတ္တရမထေရ်နှင့် အရှင်ဥတ္တရမထေရ်အကြောင်းမှစ၍ ရှေးဟောင်းနှောင်း ဖြင့် ရှင်ပြန် လူပြန်များအကြောင်းမှစ၍ ဆွေတော်ရှစ်သောင်း မိုးတော်အပေါင်းတို့ကို ရေစက်သွန်းချ အမျှပေးဝေကြောင်း စသည် သည် ပါဝင်ပါသည်။

၎င်းနောက် ကျိုက်ထီးဆောင်းဆရာတော်ဦးဆောင်သည့် အတွင်းရေးမှူး(၁)နှင့် နိုင်ငံတော်အကြီးအကဲများသည် ရွှေစာရံစေတီ တော်မြတ်ကြီးကို ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော် စိန်ဖူးတော် များ တင်လှူပူဇော်ကြပါသည်။ ရွှာလုံးကျွတ်လာရောက်သော မင်္ဂလာ အခမ်းအနားကြီးဖြစ်ရကာ ကြိတ်ကြိတ်တိုး၍ နေပါတော့သည်။

အလှူမင်္ဂလာကျင်းပရာ မဏ္ဍပ်ခေါင်မိုးပေါ် အထိတက်၍ ငါးထောင်တန်၊ ငါးရာတန်၊ နှစ်ရာတန်၊ တစ်ရာတန်၊ ငါးဆယ်တန် သည်တို့ကို ကောက်ယူကြရာ သက်ဆိုင်ရာမှ အတော်ကလေး အလုပ် များသွားပါသည်။

အလှူပွဲတော်တွင် လူစည်ကားရန်အတွက် နှစ်ပတ်လော
ကတည်းက ဒေါက်တာခင်ရွှေက ကြိုတင်၍ ဝါဒဖြန့်ထားပါသည်။
ထိုအချက်မှာ အခြားမဟုတ်ပါ။ ရှေးရှေးကတည်းက ဤရွာတွင် ဤမျှ
ဤမျှ ကြီးကျယ်သောပွဲကြီး မလုပ်ခဲ့ဖူးသဖြင့် ယခုကဲ့သို့သော ပွဲကြီး
ပွဲကောင်းတွင် ရွှေမိုး ငွေမိုးကို (၁၀)သိန်း ကုန်ကုန်၊ သိန်း(၃၀)ကုန်ကု
ရွာသွန်းဖြိုးမည်ဟု ဝါဒဖြန့်ထားသောကြောင့် ဘုရားပွဲလာသူများ
အကြိုက်တွေ့သွားကြသဖြင့် ပွဲကြီးလမ်းကြီးမှာ မကြုံစဖူး ထူးကဲသွား
ပါသည်ဟု စဉ်းစားမိပါသည်။ ဘာပဲဖြစ်ဖြစ် ဒါနအရာမှာဖြင့် ရှေ
အသပြာ ပမာနမဟုတ်။ စေတနာသာ ပမာနဖြစ်သဖြင့် ဒေါက်တာခင်ရွှေ
၏ အလှူတော်ကြီးမှာ လူသိ နတ်သိ ဖြစ်သွားခဲ့လေသည်။

◆ ◆ ◆

# ဒဂုံမြို့သစ် (တောင်ပိုင်း) ဒေါင်မောဓိစေတီတော်မှ

# အမှုဝေယံ သာရခေါ်သံများ

ဒေါက်တာခင်ရွှေ အကြည်ညိုဆုံး ပုဂ္ဂိုလ်များထဲတွင် မြင်းခြံဆရာတော်ကြီးလည်း အပါအဝင်ဖြစ်ပါသည်။ မြင်းခြံဆရာတော်ဆိုသည်မှာ နိုင်ငံတော် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတဖြစ်ကြောင်း အများသိပြီးဖြစ်ပါသည်။

ဥက္ကဋ္ဌဆရာတော်ကြီး သက်တော်(၉၀)ပြည့် အခမ်းအနားကြီးကို အာရုံစိုက်လျက်ရှိသည်ကို မြင်တွေ့ကြရာ ဒီလောက်တောင်စီးပွားရေးလောကတွင် အလုပ်များနေသူတစ်ယောက်သည် အဘယ်ကြောင့် ဥက္ကဋ္ဌဆရာတော်ကြီးကိစ္စကို စိတ်ပူနေရပါသနည်းဟု စဉ်းစားမိသော် . . လက်စသတ်တော့ ဥက္ကဋ္ဌဆရာတော်ကြီးမှာ သက်တော်ကလည်း အလွန်ကြီးပြီဖြစ်သောကြောင့် တစ်ကြောင်း၊ ပြီးတော့မြန်မာနိုင်ငံ၏ အထွဋ်အထိပ်သံဃဥသျှောင် ဖြစ်သောကြောင့် တစ်ကြောင်း၊ (ပြီးတော့ ဘာရယ် ဟုတ်ဘူး သူ့စိတ်ထဲမှာ အသက်ကြီးကြီးသူ့အဖေကြီးတစ်ယောက်ကဲ့သို့ ခံစားမိသောကြောင့် တစ်ကြောင်း)၊

နှုတ်က ရှုတ်တရက် ထုတ်ဖော်မပြောသော်လည်း သူဘာကြောင့်
အကြည်ညိုကြီး ကြည်ညိုမှန်း နောင်မှ ကျွန်တော် ရိပ်မိပါသည်

ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးနှင့် ကျိုက်ထီးဆောင်း ဆရာ
တော်ဘုရားကြီးတို့ စကားဆွေးနွေးနေကြသည်ကို ဒေါက်တာခင်
သည် နံဘေးမှနေ၍ ကြည့်နေရင်း (ဝါ) ဖူးနေရင်းမှာပင် ထိုဆရာ
တော်ကြီး နှစ်ပါး သက်တော်ထင်ရှား ရှိစဉ်မှာ ငါကုသိုလ် ကောင်
ပြုလိုက်ရပြီဟူ၍ တွေးရင်းတွေးရင်း ပီတိဖြစ်နေကြောင်း သူမပြော
သော်လည်း ထိုသဘောပင်ဖြစ်ကြောင်း ကျွန်တော်လည်း လူ
မဟုတ်သဖြင့် တွေးမိနိုင်ပါသည် ဟုဆိုလျှင် မမှားနိုင်ပါ။

တစ်နေ့သောအခါ ဒေါက်တာခင်ရွှေသည် ဆရာတော်ကြီး
သွား၍ဖူးမြော်ရင်း ဒဂုံမြို့သစ်တောင်ပိုင်းက အောင်ဗောဓိစေတီတော်
ကြီး တည်ဆောက်နေသည်မှာ တန်းလန်းကြီးဖြစ်နေကြောင်း
ထို့ကြောင့် ဆရာတော်ကြီး ဆန္ဒအရ မွေးနေ့အမီ ထီးတော်တင်
ခက်ခဲနေကြောင်း၊ မဖြစ်နိုင်ကြောင်း ရှုတ်တရက်ကြားလိုက်ရသော
အခါ အလွန်စိတ်မကောင်းဖြစ်သွားကြောင်း ကျွန်တော့်အား
ပြောပြပါ သည်။

ထို့ကြောင့်ပင် သူသည် တန်းလန်းဖြစ်နေသော အောင်ဗော
စေတီတော်ကြီးသို့ ညကြီးသန်းခေါင်မှာပင် ချက်ချင်းအရောက်သွား
လေ့လာပါသည်။ ထို့နောက် မဖြစ်ဖြစ်အောင် လုပ်ပေးချင်တယ်
ဟု ဆိုပါသည်။ အမှန်မှာ အောင်ဗောဓိစေတီတော်ကြီးမှာ သူ့ဒါယက
နှင့်သူ ရှိပြီးဖြစ်ပါသည်။ သူ့ကိစ္စမဟုတ်မှန်း သူသိပါသည်။ သို့သော်
လည်း သူ၏တစ်ဟုန်ထိုးတက်လာသော သဒ္ဓါတရားကို သူကိုယ်တိုင်
မဟန့်တားနိုင်ပါ။ ထို့ကြောင့်ပင်လျှင် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်
ဆွေးနွေး၍ အဖြေရှာပါသည်။ ဤတွင် ပေါ်လာသောအဖြေမှာ
ဥက္ကဋ္ဌ ဆရာတော်ကြီးဆန္ဒအတိုင်း မွေးနေ့အမီ ထီးတော်တင်နိုင်

...ခဲ့ ဖြစ်ပေါ်လာပါတော့သည်။

ထိုအဖြေမှာလည်း အခြားမဟုတ်ပါ။ အချိန်မီပြီးစီးနိုင်ရန် ...အပ်နေသောငွေကိစ္စဖြစ်ပါသည်။သို့သော်လည်း အချိန်မီပြီးမလား ...ဘော့ မပြီးနိုင်သေးပါ။ သည်တော့ သူက အပြီးသတ်အထိ လိုအပ် ... ငွေသိန်း(၃၅၀) ကိုလည်း သူကပင် စိုက်ထုတ်၍ လှူပါမည်ဟု ...သည်။ အလှူရှင်စာရင်းထဲတွင် သူ့အမည်ပါရန် မလိုပါ။ ဆရာ ...ကြီး စိတ်ချမ်းသာဖို့ အဓိကဟု သူကဆိုပါသည်။ အလွန်အံ့ဩဖို့ ...င်းသော ကိစ္စကြီးဖြစ်ပါသည်။ တော်ရုံ တန်ရုံ သဘောထားကြီး ... သူဌေးတစ်ယောက် လုပ်နိုင်ခဲ့သော ကိစ္စကြီး ဖြစ်ပါသည်။ ...သော် သူကား ဘယ်ဆုတောင်း ဘယ်ရေစက်ကြောင့်မသိ။ လှူချင် ... လက်တို့ဖြစ်၍နေလေသည်။ ကျွန်တော် မအံ့ဩဘဲ မနေနိုင် ...။ ဤသို့ဖြင့် စေတီတော်ကြီးသည် အချိန်မီ ပြီးစီးသွားရကြောင်း ...နံတော်နှင့် လူတစ်ချို့သာသိပါသည်။ သူသည် ကြိတ်၍ ဝမ်းသာ ... ရှိနေသည်ကို မြင်ရပါသည်။ အံ့ဖွယ်ကောင်းလေစွ။

◆ ◆ ◆

# မမေ့နိုင်သော နေ့တစ်နေ့
# (သို့မဟုတ်)
# အောင်ဗောဓိစေတီ
# ထီးတင်သောနေ့

ထီးတင်သောနေ့တွင် ကျွန်တော်တို့လည်း သွားရောက်
ကုသိုလ်ယူကြပါသည်။

ပတ်ဝန်းကျင်မှာနှင်းတွေ၊ နှင်းတွေဝေ၍ ဝေ၍နေပါသည်
ရှတ်တရက် ဘာမှမမြင်ရပါ။ တော်တော်လေးကြာမှ နေရောင်ခြ
လာ၏။ နေရောင်ခြည်လာမှသာ နှင်းတွေပြေးလေ၏။ ပျောက်
၏။ ပရိသတ်တို့သည် နေခြည်မှာဝင်းနေသော အောင်ဗောဓိစေ
တော်ကို ဘွားကနဲတွေ့ရပေတော့သည်။

'နေ့'သည် (၂၅)ရက်နေ့။ တနင်္ဂနွေနေ့ဖြစ်၏။ 'လ' သ
ဖေဖော်ဝါရီလဖြစ်၏။ 'နှစ်' သည် (၂၀၀၁)ခုနှစ်၊ ခရစ်နှစ်ဖြစ်
ဒဂုံမြို့သစ် (တောင်ပိုင်း) အောင်ဗောဓိစေတီတော် ဥာပနာ
သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားဖြစ်ပါ
နံနက် (၇)နာရီ (၄၅)မိနစ်တွင် စတင်ပါ၏။

အခမ်းအနားသို့ နိုင်ငံတော်သံဃနာယကအဖွဲ့ဥက္က

ဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံ ဆရာတော် ဘဒ္ဒန္တသောဘိတ၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ၊ ကျိုက်ထီးဆောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ ဆရာတော်များအမှူးပြုသည့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြသည်။ ၎င်းပြင် နိုင်ငံတော်အကြီးအကဲများလည်း ကြွရောက်ကြပါသည်။

အောင်ဇောမိစေတီတော် ဌာပနာသွင်း မင်္ဂလာ အခမ်းအနားသို့ တက်ရောက်လျက် ဥက္ကဋ္ဌဆရာတော်ကို ပူဇော်ရန်အတွက် ကျိုက်ထီးဆောင်းဆရာတော်သည် ခရီးဝေးဖြစ်သော ကျိုက်ထိုမြို့နယ် သင်းခရိုင်၊ ဇုတ်သုတ်ကျေးရွာ၊ ဆံတော်ရှင်ကျိုက်ထီးဆောင်းမှ ကြွတက ကြွရောက်လာခြင်းဖြစ်သည်ဟု သိရပါသည်။

'နမောတဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့လိုက်သောအသံမှာ အခမ်းအနားစလိုက်ခြင်းဖြစ်ကြောင်း လူနတ်အပေါင်းသိသာကြောင်းဖြစ်ပါသည်။ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံမှ ငါးပါး သီလကိုခံယူထားပြီးသော ပရိသတ်တို့သည် လက်အုပ်ချီလျက် နှင့်ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များဖြင့် စေတီတော် ပရိဝုဏ်ကို ပက်ဖျန်းချည်နှောင်ကြသည်။ ကျိုက်ထီးဆောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီးကြသောအခါမှာကား ပရိသတ်အပေါင်းတို့၏ သာဓုခေါ်သံ သောသောည်းပါတော့သည်။

မင်္ဂလာအချိန်တွင် အလယ်ဌာပနာတိုက်၌ ဇောမိပင်နှင့် ရွှေပလ္လင်အောင်မြင်တော်မူဟန် ရုပ်ပွားတော်နှင့် ဌာပနာတော်များသွင်း လှူပူဇော်ကြပါသည်။ ပန်းလည်တိုင်တော်ကိုလည်း စိုက်ထူပူဇော်ကြပါသည်။ ထို့နောက် ဆရာတော်သံဃာတော်များက

'ဇယန္တော ဗောဓိယာမူလေ' အစချီသော အောင်ဂါထာနှစ်ပုဒ်ကို ရွတ်ဆိုပူဇော်ကြသည်။ 'ဗုဒ္ဓ သာသနံစိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီးသောအခါမှာ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပါသည်။

လေထဲမှာလွင့်ပျံလာသော ငါးရာတန်၊ နှစ်ရာတန်၊ တစ်ထောင်တန်ငွေစက္ကူများကို မက်မက်မောမော ဝမ်းပန်းတသာ အလုအယက် ကောက်ယူကြ၊ တိုးဝှေ့ကြသည်မှာလည်း အောင်နိမိတ်ဆောင်ချင်၊ အောင်အတိတ်ဆောင်ချင်၊ ကြည်ညိုချင်၊ ကိုးကွယ်ချင်သောကြောင့် ဖြစ်သည်ဟု အားလုံးက နားလည်ကြပါသည်။

ဉက္ကဋ္ဌဆရာတော်ကြီးသည် ငြမ်းအဆင့်ဆင့်ပေါ် အထိ ခိုမ တွဲယူ၍ တက်တော်မူပါသည်။ ဖူးမြင်ကြရသော ပရိသတ်တို့ရင်ထဲမှာ ကား မမ္မပီတိပွားကာ သံဃပီတိဖြင့် ဝမ်းသာရပါသည်ဟု ကိုယ်ချင်းစာ ကာ ပြောလိုက်ပါသည်။

'အောင် ပထဝီဗလသုန္ဒရီ၊ သဗ္ဗညုဗောဓိမဏ္ဍလ်' ဟူသော ကျိုက်ထီးဆောင်းဆရာတော်ကြီးရွတ်ဖတ်လိုက်သော အောင်ဂါထာ ကား ယနေ့ ယခုအထိ ရင်ထဲမှာ ပျံ့နှံ့ဆဲ။ မမေ့ဆဲ။ သတိရဆဲ။ ကြည်ညိုဆဲပါ။

◆ ◆ ◆

# လူသိနည်းသော
# လုပ်အားဒါနများ

အောင်ဇေယျာမိ စေတီတော်မြတ်ကြီး ထီးတော်ကြီးတင်ပွဲကား ပြီးသွားပေပြီ။ သို့သော်လည်း ကျွန်တော်တို့၏ရင်ထဲမှာကား လုပ်အား ဒါနတို့သည် ယခုအထိ မွှေးပျံ့နေဆဲဖြစ်ပါသည်။

ဥက္ကဋ္ဌဆရာတော်ကြီး မွှေးနေ့အမီ ထီးတော်ကြီးတင်နိုင်ရန် ဒေါက်တာခင်ရွှေက အာမခံလိုက်ပါပြီဆိုကတည်းက သူလည်းမအား တော့ချေ။ ကျွန်တော်တို့လည်း မအားတော့ချေ။ ပြီးတော့ ကျိုက်ထီး ဆောင်း ဆရာတော်ဘုရားကြီးလည်း မအားတော့ချေ။ အဘယ် ကြောင့်ဆိုသော် ထိုထီးတော်ကြီး ဒါယကာမှာ ဒေါက်တာခင်ရွှေ ဖြစ် သော်လည်း ကိုယ်တိုင်ကိုယ်ကျကြီးကြပ်ပြုလုပ်သူမှာ ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီး ဦးဆောင်သော ပါရမီရှင်များ ဖြစ်သောကြောင့် ဖြစ်ပါသည်။

ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးသည် ဦးဆောင် သက် အောင်ဇေယျာမိစေတီတော်မြတ်ကြီးအတွက် ထီးတော်ကြီးပြုလုပ် ခံ့ခံ့နှင့် ဆံတော်ရှင်ကျိုက်ထီးရိုး ထီးတော်ကြီးပြုလုပ်ချိန်တို့မှာ ထူးထူး ခြားခြား တိုက်ဆိုင်လျက်ရှိပါသည်။ ဆရာတော်ကြီးသည် ထီးတော် ကြီး နှစ်ခုကို အချိန်မီပြီးအောင် နေ့မအား ညမအား ဦးဆောင်ပြုလုပ်

နေကြောင်းတွေ့ရသောအခါ ကျွန်တော်တို့မှာ အလွန်ကြည်ညို အားကျမိပါသည်။

ထီးတော်ကြီးများ စိမ်ဖန်တီးနေသော နေရာမှာ ဆံတော်ရှင် ကျိုက်ထီးဆောင်း စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ အလုပ်ရုံ အတွင်းမှာဖြစ်ပါသည်။ ထိုအလုပ်ရုံကို ကျိုက်ထီးဆောင်းဆရာတော် ဘုရားကြီး၏ လက်ရင်းတပည့်ဖြစ်သော ဦးနာဂဒီပက နေ့မအိပ် ညမအိပ် အနီးကပ်ကြီးကြပ်ပါသည်။ ကျိုက်ထီးဆောင်းဆရာတော် ကြီးက ထီးတော်ကြီးအမြန်ပြီးအောင် နေ့နေ့ညည လာ၍ လာ၍ကြည့် နေတတ်သဖြင့် လုပ်အားပေးနေသူများက ညအချိန်ပင် မအိပ်မနေ လုပ်နေရသည်ကို တွေ့မြင်ခဲ့ရပါသည်။

ဆံတော်ရှင် ကျိုက်ထီးရိုး ထီးတော်ကြီးမှာ ရွှေစင်အတိ ထီးတော်ကြီးဖြစ်သဖြင့် အလွန်တာဝန်ကြီးပါသည်။ မူလက ဒေါက်တာခင်ရွှေက ရွှေစင်စစ်စစ် ၉ပိဿာတိတိ မ,တည်ပါသည် သို့သော်လည်း နောက်ထပ်အလှူရှင်များ ပွား၍ ပွား၍ လာသဖြင့် နောက်သို့ ဆုတ်၍ဆုတ်၍ ပေးခဲ့ကြရာ (၇)ပိဿာအထိသို့ ရောက်သွား ပါသည်။ နောက်ထပ် အလှူရှင်များလာသော်လည်း ကျိုက်ထီးရိုး ထီးတော်ကြီးတွင် ဒေါက်တာ ခင်ရွှေမိသားစုက ရွှေစင်စစ်စစ် (၇) ပိဿာပါဝင်ခဲ့ပါသည်။

ထူးဆန်းသည်မှာ ရွှေစင်ထီးတော်ကြီးကိုလည်း ကျိုက်ထီး ဆောင်းဆရာတော်ကြီးကိုယ်တိုင် ဆရာတော်ကြီး၏ စိတ်ကူး စိတ် သန်းများအတိုင်း ဆရာတော်ကြီးစိတ်တိုင်းကျ ပြုလုပ်ခြင်းဖြစ်သဖြင့် အလွန် အံ့ဩစရာကောင်းလှပါသည်။ အလှူရှင် ဒေါက်တာခင်ရွှေ အပါအဝင် အားလုံးတို့က ယခုထက်ထိ ပြောမဆုံးပေါင် တသသတောင် ဖြစ်၍ နေရပါတော့သည်။

◆ ◆ ◆

# ညလည်း မအိပ်
# နေ့လည်းမနေမှု

ဉက္ကဋ္ဌဆရာတော်ဘုရားကြီး၏ ထီးတော်ကြီး ပြီးစီးသွားသည့် နေ့တွင် ထီးတော်ကြီးကို ရန်ကုန်သို့ ပင့်ဆောင်ရပါသည်။ ထိုသို့ပင့်ဆောင်ရာတွင် ကျိုက်ထီးရိုးဆံတော်ရှင် ထီးတော်ကြီးက ရှေ့ကကြွပါသည်။ ပြီးမှ ဒုတိယကားတွင် အောင်ဗောဓိထီးတော်ကြီးက ကြွရပါသည်။ ရွှေဝင်းနောက်ဝင်းမှစ၍ မင်္ဂလာစေတီတော်ကြီးအထိ လုပ်အားဒါန လှူသူများမှာ ကျိုက်ထီးဆောင်း ပါရမီရှင်များသာ ဖြစ်ပါသည်။

ထီးတော်ကြီးကို ကြိုဆိုရန်အတွက် ဒေါက်တာခင်ရွှေသည် မိမိ၏ ဇေကမ္ဘာမိသားစုများနှင့်တကွ လုပ်အားပေးလှူသူများအားလုံးကို ကားကြီးကားငယ် အသွယ်သွယ်ဖြင့် ကျိုက်ထီးဆောင်း ဆံတော်ရှင်သို့ ညအိပ်ခေါ်သွားပါသည်။ ညအိပ်ဆိုသော်လည်း ညမအိပ်ရပါ။ တစ်ညလုံး အလုပ်ရှုပ်လျက်နှင့်ပင် မိုးစင်စင်လင်းရပါတော့သည်။

မနက်စောစော ဉနာရီလောက်ကတည်းက ပြင်ကြ ဆင်ကြနှင့် မနက်မိုးစင်စင်လင်းသောအခါ ထီးတော်ကြီးကို ရန်ကုန်သို့ ပင့်ဆောင်ရပါသည်။ ရန်ကုန်တွင် ရွှေတိဂုံစေတီတော်ကြီး အရှေ့

ဘက်မှခ်မှနေပြီး သက်ဆိုင်ရာအကြီးအကဲများမှ ကြိုဆိုနေမည်ဖြစ်ကြောင်း သတင်းရပါသည်။

ဆိုင်းသံဗုံသံများကြောင့် တစ်ရွာလုံးလည်း အိပ်ရလိမ့်မည်မထင်ပါ။ ရွှေဝင်း နောက်ဝင်းနှင့်။ မင်္ဂလာဆိုင်းနှင့်။ မင်္ဂလာစည်တော်နှင့်။ မင်္ဂလာမြောနှင့်။ အောင်သံပေး၍ အောင်တေးဆိုကာ လိုက်ခဲ့ကြပါသည်။

ကျိုက်ထီးဆောင်းဆရာတော်ကြီးသည် ထီးတော်ကြီးနှစ်ဆူကို ကန်တော့လျက် စစ်တောင်းတံတားကြီးအထိ လိုက်လာခဲ့ပါသည်။ စစ်တောင်းတစ်ဘက်ကမ်း မုပ္ပလင်သို့ရောက်သောအခါ ဆရာတော်ကြီးသည် ကားအောက်သို့ဆင်း၍ မြေကြီးမှာ ဆောင့်ကြောင့်ထိုင်ပြီးလျှင် ထီးတော်ကြီးများကို ကန်တော့ပါသည်။ အရှင်ဘုရား ရန်ကုန်သို့ကြွတော်မူရန်အတွက် ဤနေရာမှကန်တော့ပြီးနောက် သက်တော်ထင်ရှား ဆံတော်ရှင်များ တာဝန်ထမ်းဆောင်ရန် ဝေယျာဝစ္စများအတွက် တပည့်တော်အား ဤနေရာမှလှည့်၍ ပြန်ခွင့်ပြုပါဘုရားဟု သုံးကြိမ်တိတိ လျှောက်ထားပြီးနောက် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးမှ ဒေါက်တာခင်ရွှေ၏ လက်နှစ်ဖက်အား တောင်း၍ လက်ဝါးချင်းရိုက်ပြီးနောက် ဒီအချိန်ကစ၍ ဒကာဆုံးဖြတ်တာ ဘုန်းကြီးဆုံးဖြတ်တာနဲ့ အတူတူပဲ ကဲ ဒါကြောင့် ဒီအချိန်က ဒီထီးတော်ကို ဒကာကြီးမှ ဦးဆောင်ပင့်သွားပါဟု ကိုယ်စား သိဒ္ဓိပေးပြီး အမိန့်ရှိသွားသည်ကို တအံ့တဩ တွေ့မြင် ကြားသိခဲ့ရပါသည်။

နေခြစ်ခြစ်တောက်ထဲတွင် ဖိနပ်လုံးဝမစီးဘဲ ထီးတော်ကြီးကို ကန်တော့လျက် စစ်တောင်းတံတားကြီးအထိ လိုက်လာခဲ့သော ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးကို ကျွန်တော်တို့သည် ကန်တော့လျက် ရန်ကုန်သို့ ခရီးဆက်ခဲ့ပါသည်။ ဒေါက်တာခင်ရွှေသည် တစ်လမ်းလုံး အကျွေးအမွေးများဖြင့် တည်ခင်းပြုစုလျက်

...နှံ့သတ်အပေါင်းကို ဦးဆောင်၍ ထီးတော်ကြီးကို ရန်ကုန်အထိ ...ဆောင်၍ လာခဲ့သည်မှာ ပြန်ပြောလျှင် အပင်ပန်းခံနိုင်ပုံကို (ဝါ) ...သနာအပေါ် ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံး အားထည့် ...က် ငွေဒါနသာမက စေတနာအပြည့်ရှိသော ဒီလိုသူဌေးမျိုးကို ...ါင်းသင်းမိတာ ငါကံကောင်းတာပဲ ဟု တစ်ခါတစ်ခါသာမက ...ကြာမကြာလည်း တွေးမိပါသည်။

◆ ◆ ◆

## မယုံချင်စရာ

## တစ်ပတ်အတွင်း အပြီးတည်လိုက်သော

# မော်ကွန်းစေတီတော်၊ မော်ကွန်းကျောက်စာ

ဥက္ကဋ္ဌဆရာတော်ကြီးနှင့် ဒေါက်တာခင်ရွှေတို့ အကြောင်း ဆက်ပုံမှာ မော်ကွန်းစေတီတော်ကျောက်စာက သက်သေထူပါသည်။ ဆရာတော်ကြီး သက်တော် (၉၀) ပြည့် အထိမ်းအမှတ်အတွက် မော်ကွန်းကျောက်စာ စေတီတော်ကို နှစ်ပတ်အတွင်း ပြီးအောင် တည်ထားကိုးကွယ် ပူဇော်ခဲ့သဖြင့် ဤ၍ ဤမျှ လျင်မြန်သည်ကို အားလုံးက အံ့သြကြပါသည်။

၂၁-၃-၂၀၀၀ပြည့်နှစ်တွင် မော်ကွန်းစေတီတော် ဌာပနာ ရွှေထီးတော်တင်လှူပွဲနှင့် မော်ကွန်းကျောက်စာတော် ဖွင့်ပွဲအခမ်း အနားကြီးကို အလွန် စည်စည်ကားကား ပြုလုပ် ကျင်းပနိုင်ခဲ့ပါသည်။ ဥက္ကဋ္ဌ ဆရာတော်ကြီး၏မွေးနေ့တွင် ကျိုက်ထီးဆောင်းဆရာတော် ကြီးကလည်း သက်သက်လွတ်ဆွမ်း အားလုံးအတွက် ဒါနပြုခဲ့သဖြင့် သာသနာတော်အတွက် ပွဲကြီးပွဲကောင်းအဖြစ် အားလုံးက အသိ အမှတ်ပြုခဲ့ကြပါသည်။

ဥက္ကဋ္ဌဆရာတော်ကိုယ်တိုင် ကျိုက်ထီးဆောင်း ဆရာတော်

ဘုရားကြီးတွဲဖက်၍ အတွင်းရေးမှူး(၁) ဦးဆောင်ကာ နိုင်ငံတော် အကြီးအကဲများကိုယ်တိုင် တက်ရောက်၍ ဓာတ်တော် မွေတော်များ ဌာပနာသွင်းပူဇော်ပြီး ထီးတော်တင်လှူခဲ့ပါသည်။ ပတ်ဝန်းကျင်တစ်ခို င် အောင်စေ ပိုင်စေ အသံများ လေမှာအနံ့ ပျံ့နှံ့လျက်ရှိသည်မှာ ခုတိုင် မမေ့နိုင်ပါ။

၂၀၀၀ခုနှစ် မတ်လ(၂၁)ရက်နေ့သည် နိုင်ငံတော်သံဃမဟာ ယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ တိက မြင်းခြံမြို့ ကိုးဆောင်တိုက် ပဓာနနာယကဆရာတော် ဒ္ဒန္တသောဘိတ၏ သက်တော်(၉၀)ပြည့် နေ့ထူး နေ့မြတ်ဖြစ်သဖြင့် နေ့တွင် မွေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၂၆)ရပ်ကွက်၊ ပုလဲရတနာ ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်၌ သာသနာသမိုင်း င် အကြီးမားဆုံးသော မွေးနေ့အလှူတော်ကြီးကို ကျင်းပခဲ့ရာ ဒေါက်တာခင်ရွှေသည်လည်း သမိုင်းဝင် ဘုရားဒါယကာကြီးအဖြစ် ဝင်ခဲ့ရကြောင်း မှတ်တမ်းမတင်၍မရပါ။

◆ ◆ ◆

# ကျိုက်ထီးရိုး
# သမိုင်းစာမျက်နှာအသစ်များ

ငွေချမ်းသာသူတိုင်း အလှူချမ်းသာလိမ့်မည်၊ ဒါနချမ်းသာလိမ့်မည်ဟု မထင်ပါနှင့်။ ငွေနောက်လိုက်၍ ဘုရားမေ့နေသူများများစွာ ရှိပါသည်။ ထိုအထဲတွင် ဒေါက်တာခင်ရွှေပါလိမ့်မည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် သူသည် အလှူတစ်ခု မပြီးခင်ကတည်းက နောက်ထပ် အလှူသစ်တစ်ခုကို ရှာလျက်ရှိကြောင်း သိရသောကြောင့် ဤစကားကို ကျွန်တော်ပြောရဲခြင်းဖြစ်ပါသည်။ မဟုတ်လျှင် ရှက်စရာကြီးဖြစ်ပါသည်။ ယခုဟုတ်သဖြင့် ရှက်စရာမရှိပါ။

မမေ့နိုင်သော ဒါနခန်းများအကြောင်းပြောလျှင် ဆံတော်ရှင်ကျိုက်ထီးရိုးကြီး သမိုင်းအသစ်ရေးရာတွင် စာမျက်နှာအသစ်တွေ ထပ်၍ တိုးရပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကျိုက်ထီးဆောင်ဆရာတော်ဘုရားကြီးက ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီးကို ရွှေထီးအစစ်သာ တင်လှူပူဇော်ချင်ပါသည်ဟူ၍ နှုတ်မှဟလိုက်သောအခါ ဒေါက်တာခင်ရွှေက "သိပ်ကောင်းတာပေါ့ဘုရား၊ ရွှေထီးစစ်စစ်ဖြစ်ရအောင် တပည့်တော်က ရွှေစင် ရွှေကောင်း

သောတိတိလျှုပါမည် ဘုရား။ ကျောက်တုံးတော်ကြီး တစ်ကိုယ်လုံး
ရွှေချနိုင်အောင်လည်း ရန်ကုန်မှာရှိတဲ့ တပည့်တော် အသိုင်း
န်းထဲမှာ ကြေညာလိုက်လျှင် ချက်ချင်းအောင်မြင်သွားမှာပါ
ား" ဟု လျှောက်ထားလိုက်သောနေရာ မှာ ကုသိနာရုံဆံတော်ရှင်
ပြင်တော်ရှေ့မှာ ဖြစ်ပါသည်။ ထိုအချိန်သည် ည ၈နာရီ ၉နာရီ
ခ်ိန်လောက်ဖြစ်ပါသည်။

အဘယ့်ကြောင့် တိတိကျကျ မှတ်မိပါသနည်းဆိုသော် ထိုည
ကျိုက်ထီးဆောင်းဆရာတော်ကြီးကိုယ်တိုင် ဒေါက်တာခင်ရွှေ
ား ကုသိနာရုံ ဆံတော်ရှင်စေတီတော်မြတ်ကြီးကို ဖူးမြော်ရန်
ယ်မှ နှစ်ကြိမ်မြောက် ခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း
က်တာခင်ရွှေက ဝမ်းသာအားရ တဖွဖွပြောနေသောကြောင့်
စ်ကြောင်း၊ ဆရာတော်ဘုရားကြီး ရှေ့ဆောင်၍ ဆံတော်ရှင်
သိနာရုံကို ဖူးမြော်ရခြင်းဖြစ်သောကြောင့် တစ်ကြောင်း၊ အမှတ်
ရ ရှိနေခြင်းဖြစ်ပါသည်။

ထိုညက လျှောက်ထားချက်များအတိုင်း ဆံတော်ရှင်
ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို ရွှေသားစစ်စစ် ထီးတော်ကြီးဖြင့်
မိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် တင်လှူပူဇော်ပွဲကြီး တကယ်ဖြစ်
မြောက်သွားခဲ့ကြောင်း သတင်းကောင်းကို အများသိပြီးဖြစ်ပါသည်။
အကြောင်းကို ပြန်၍စဉ်းစားတိုင်း သမိုင်းစာမျက်နှာအသစ်တွင်
င် လှုပ်ရှားခဲ့သော ဘုရားဒါယကာကြီးအဖြစ် ဒေါက်တာခင်ရွှေ
ကျွန်တော် မှတ်မိနေခဲ့ပါသည်။

ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးသည် လွန်ခဲ့သော
ပေါင်း(၃၀)လောက်ကတည်းကပင် ကြီးမားသော ကောင်းမှုကြီး
စ်ခု ပြုလိုစိတ်ရှိခဲ့သည်။ ထိုစိတ် ထိုဆန္ဒမှာ တစ်ခြားမဟုတ်။

သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှား
ရှိတော်မူ စဉ်ကတည်းကပင် ကျန်ရစ်သော မကျွတ်မလွတ်သေးသော
ကျွတ်လမ်း လွတ်လမ်း မဝင်နိုင်သေးသော ဆွေတော် မျိုးတော်များ
အတွက် အမွေပေးသနားတော်မူခဲ့သော ဆံတော်ရှင် ကိန်းဝပ်တော်
မူသော ကျိုက်ထီးရိုး ဆံတော်ရှင် စေတီတော်မြတ်ကြီးကို မကြုံစဖူး
ထူးကဲလှစွာ ရွှေသား စင်စစ်ဖြစ်သော ရွှေထီးတော်၊ ရွှေငှက်မြတ်နား
တော်၊ ရွှေစိန်ဖူးတော်များကို တင်လှူပြီးလျှင် ရွှေစစ်စစ် ကိုယ်လုံးပြည့်
လှူတော်မူလိုခြင်းဖြစ်သည်။

ထိုဆန္ဒကို အမှတ်တမဲ့ (သို့မဟုတ်) အမှတ်ရှိရှိ ဖွင့်ဟလိုက်
သောအခါ ပဌာန်းဆက်ရှိသော ဘုရားဒါယကာကြီးသည်
ထိုကောင်းမှု အတွက် ရွှေ(၉)ပိဿာတိတိ မတည်ပါမည်ဘုရား
ရှင်းပြင် ခုနှစ်ရက် သားသမီးများထံမှ လှူဒါန်းသော ရွှေများ ငွေများ
မလုံလောက်လျှင် လိုသမျှ ရွှေငွေအားလုံးကို မိမိတစ်ဦးတည်း
တာဝန်ခံပါမည်။ ရှိသည့် စည်းစိမ်ပြုတ်သွားလည်း မမှုပါ
ဆံတော်ရှင် သာသနာကြီး တစ်ကျော့ ပြန် ဖွင့်ဖော်ရာတွင် မကြုံစဖူး
ထူးကဲစွာ ကြုံခွင့်ရသဖြင့် လှူခွင့်ရသဖြင့် လှူချင်ပါကြောင်း ရဲရဲကြီး
လျှောက်ထားလိုက်ပါသည်။

သူသည် ကိုယ့်စကားကို ကိုယ်တာဝန်ယူရဲသော သူတစ်ဦး
ဖြစ်သဖြင့် ထိုစကားအတွက် ကျွန်တော်သည် အံ့ဩခြင်း၊ ဝမ်းသာခြင်း
ကြည်နူးခြင်း၊ အကြိမ်ကြိမ် သာဓုခေါ်ခြင်းမှအပ တစ်ခြားမပြုလုပ်
နိုင်ခဲ့ပါ။

ဒေါက်တာခင်ရွှေ ရွှေ(၉)ပိဿာ မတည်ပြီးသည့်နောက်ပိုင်း
တွင် အသံကြားရုံနှင့် လှူချင်စိတ် တဖွားဖွားပေါ်တတ်သော မြန်မာ
လူမျိုးတို့၏ရိုးတွင်းချဉ်ဆီ စွဲကပ်နေသော ပါရမီအတိုင်း ရွှေ(၃) ပိဿာ
ဒါယကာ၊ ရွှေ(၁)ပိဿာ ဒါယကာ၊ ရွှေ(၄၃)ကျပ်သား ဒါယကာများ

အသီးသီးပေါ်ပေါက်လာကြသည်မှာ သူ၏သဒ္ဒါစိတ်က အများအတွက် (မပြောကောင်း ပြောကောင်း ပြောရလျှင်) "ချူဆီသဖွယ်" ဖြင်နေသောကြောင့်ဟု မဆိုစကောင်း ဆိုစကောင်း ဆိုလိုက်ချင်ပါသည်။

♦ ♦ ♦

# လူမသိသေးသော
# ကျိုက်ထိုက
# သာသနာ့အစည်းအဝေးကြီး

ဆံတော်ရှင် ကျိုက်ထီးရိုး ပွဲတော်ကြီးကျင်းပလျှင် လာသ ပရိသတ်အတွက် သက်သက်လွတ် ဒံပေါက် အထုပ်ပေါင်း (၂၀၀၀ စတုဒိသာ ကျွေးမည်ဟု သူက ကြေငြာလိုက်ပါသည်။

၂၀-၂-၂၀၀၁နေ့တွင် ကျိုက်ထိုမြို့ ပြည်ထောင်စုကြံ့ခိုင်ရေ နှင့် ဖွံ့ဖြိုးရေးအသင်း အသင်းအစည်းအဝေးခန်းမကြီးတွင် ဘက် မွမ်းမံ ပြုပြင်ရေး ညှိနှိုင်းအစည်းအဝေးကြီး ပြုလုပ်ကြရာ ကံကော ထောက်မသဖြင့် ကျွန်တော်နှင့် ဆရာမြတ်ခိုင်တို့လည်း တက်ရော ခွင့် ရခဲ့ကြပါသည်။

ထိုအချိန်တွင် ရွှေစင် ရွှေသားထီးတော်ကြီး အမြန်ပြီးစီးအော လည်း နေ့မနား ညမအား ပြုလုပ်နေကြောင်း ကျိုက်ထီးဆော အဖွဲ့ထံမှ သတင်းကောင်းများလည်း ရပြီးဖြစ်ပါသည်။ ထို့ကြော လည်း ထိုနေ့က အစည်းအဝေးကြီးမှာ တစ်ကျော့ပြန် သုဝဏ္ဏဘု ဆံတော်ရှင်သာသနာကြီး သာသနာ (၅၀၀၀) တည်တံ့အော ကြံဆောင်ခဲ့သော အစည်းအဝေးကြီးဖြစ်ကြောင်း အားလုံးက ဆ တူညီကြပါသည်။

လက်တွေ့ကျကျ အကျိုးဆောင်နေသူများမှာလည်း ကိုက်ထီးရိုး ရင်ပြင်တော်တစ်ခွင်တွင် အများမြင်နိုင်ကြပါသည်။ ရင်ပြင်တော်အသစ်ကြီး အမြန်ပြီးအောင်ဟူ၍ အဟောင်းအားလုံးကို ဖြို အသစ် အသစ် ပြုလုပ်ကြရာတွင် ထီးတင်ပွဲ အချိန်မီအောင်ဟု နေ့ခါရီကာလပတ်လုံး လုပ်နေကြောင်း ဒေါက်တာခင်ရွှေက အစည်းအဝေးတွင် တင်ပြပါသည်။

ရွှေထီးတော်တင် အခမ်းအနားအောင်ပွဲအဖြစ် ဒုလ္လဘ (၁၀၈) ပါး ဝတ်မည်ဟုလည်း သူက ဒါယကာပြုနေပြန်၏။ ပြီးတော့ ကြိုကြိုက်ခဲသဖြင့် မြိုင်ကြီးငူဆရာတော်ကိုလည်း သေသေချာချာ ပင့်မည်ဟု သိရကြောင်း သာမညဆရာတော်ဘုရားကြီးသည်လည်း ကြွတော်မူလိမ့်မည် ဖြစ်ကြောင်း၊ မွန်ပြည်နယ်တစ်ခွင် လူသိများ ကျော်ကြားလှသော ဝင်းစိန်ကျောက်တစ်လုံးဆရာတော်ကဲ့သို့သော ဆရာ တော်ကြီးများလည်း ကြွလိမ့်မည်ဖြစ်ကြောင်း၊ နိုင်ငံတော် သံဃ မဟာ နာယက ဆရာတော်ကြီးများလည်း အထူးကြွလိမ့်မည်ဖြစ် ကြောင်း အားပါးတရ သတင်းကောင်းများကို ကြားသိရပါသည်။

ရင်ပြင်တော်တစ်ခွင် လျှောက်လမ်းတစ်လျှောက်ကိုလည်း ကျောက်ကျောက်နှင့် အသစ်ခင်းမည်ဖြစ်ကြောင်း၊ အမြဲစိမ်းလန်း သော အပင်များကိုလည်း အပင်လိုက် ရွှေ့ပြောင်းကာ စိုက်လို ကြောင်း သူက တင်ပြပါသည်။

အလေအလွင့်မရှိအောင် ငွေသုံးမည် သုံးသင့်သုံးထိုက်သမျှ အားလုံးသုံးမည် သိန်း (၁၀၀၀) ကုန်ကုန် သိန်း (၂၀၀၀)ကုန်ကုန် ထူးထူး ကဲကဲ ကောင်းမွန်အောင် အစွမ်းကုန် မွမ်းမံမည်ဖြစ်ကြောင်း၊ ကမ္ဘာသိ စေတီတော်မြတ်ကြီးဖြစ်သဖြင့် ကမ္ဘာ့အဆင့်မီအောင် ကမ္ဘာလှည့်ခရီးသည်များ မျက်စိကို ဆွဲဆောင်နိုင်အောင် အစစ အရာရာ အဆင်ပြေအောင် တစ်ပြိုင်တည်း ပြုလုပ်သင့်ကြောင်း အကယ်၍ ဂေါပကအဖွဲ့မှ ငွေမစိုက်နိုင်လျှင် သူကစိုက်မည်ဖြစ်

ကြောင်း ရဲရဲကြီး အာမခံနေသည်မှာ သူ၏ အလှူအရာတွင် ရဲရင့်သောသူဖြစ်ကြောင်း လူကြီးများကအစ သိပြီးဖြစ်သဖြင့် သူ့စေတနာကို မည်သူမျှ မကန့်ကွက်ကြပါ။

ရွှေတိဂုံစေတီတော်ကြီး ထီးတော်တင်စဉ်က အတွေ့အကြုံရှိခဲ့သော ပုဂ္ဂိုလ်များကလည်း သူတို့၏အတွေ့အကြုံဖြင့် ကူညီပံ့ပိုးကြပါရန် သူက မေတ္တာရပ်ခံခဲ့ပါသည်။

ဟိုတစ်ကွက် ဒီတစ်ကွက် ဟိုတစ်ရောင် ဒီတစ်ရောင် ဖြစ်နေသော ကျိုက်ထီးရိုးရင်ပြင်တော်ကြီးကိုလည်း အကောင်းဆုံးဖြစ်သော ဂရင်းနိုက်ကျောက်ပြားများဖြင့် ထူးထူးခြားခြား ခင်းနေကြောင်း၊ ယခု ခင်းနေသော ကျောက်ပြားများမှာ နှစ်ပေပတ်လည်များဖြစ်သဖြင့် အလွန် ထူးခြားကြောင်း ရွှေတိဂုံရင်ပြင်တော်မှာပင်လျှင် တစ်ပေပတ်လည် ကျောက်ပြားများခင်းထားကြောင်း ယခု ကံထူးသောအချက်မှာ တရုတ်ပြည်မှ လောလောလတ်လတ် မှာယူရရှိထားသော ဆောက်လုပ်ရေးလုပ်ငန်းအသင်းပိုင် နှစ်ပေပတ်လည် ဂရင်းနိုက်ကျောက်ပြားများ ရှိကြောင်း ထိုကျောက်ပြားများသည် နှစ်ပေပတ်လည်ဖြစ်သဖြင့် အလွန်ထူးခြားကြောင်း သူက တွက်ချက်တင်ပြပါသည်။ ငွေ(၂၄)သိန်းတိတိလည်း သက်သာမည်ဖြစ်ကြောင်း အကောင်းတကာ့ အကောင်းဆုံးလည်း ဖြစ်မည်ဖြစ်ကြောင်းတင်ပြရာ အားလုံးက ရယ်မော ပျော်ရွှင်စွာ သဘောတူ လက်ခံကြပါသည်။ သူသည် အလှူမှာသာ ရဲသည်မဟုတ်။ သူ့အလှူကို အများလက်ခံနိုင်အောင် တင်ပြရာမှာလည်း နှုတ်ချိုသူ ပီယသိဒ္ဓိမြောက်သူဖြစ်ကြောင်း သိသာပါသည်။

ထိုနေ့က အစည်းအဝေးတက်ရောက်ကြသော နိုင်ငံတော်အကြီးအကဲများအပါအဝင် အားလုံးကပင် သူ့ ဒါနအတွက် ကြိုတင်သာဓုခေါ်ခဲ့ကြပါသည်။

◆ ◆ ◆

# ကျိုက်ထီးရိုးဆံတော်ရှင် ထီးတင်သောနေ့

တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ (၁၉-၁၁-၂၀၀၀) …ည့်နှစ်၊ တနင်္လာနေ့တွင် ကျိုက်ထီးရိုးဆံတော်ရှင် ရွှေထီးတော်၊ …ငှက်မြတ်နားတော်၊ ရွှေစိန်ဖူးတော် တင်လှူပွဲ အခမ်းအနားကြီးကို …မှာသိပြုလုပ် ကျင်းပခဲ့ပါသည်။

ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးသည် တနင်္ဂနွေနေ့ … ပင်လျှင် နတ်တောင်ထိပ်သို့ ရောက်နေခဲ့ပါသည်။ တနင်္လာနေ့ …နက် ၉နာရီအချိန်တွင် မင်္ဂလာအခါတော်ဖြစ်သဖြင့် နိုင်ငံတော် …အကြီးအကဲများက ဦးဆောင်ပြီးလျှင် ထီးတော်တင်မည်ဖြစ်သဖြင့် …ိးမတင်မီ နေ့များကပင်လျှင် လူတွေလာကြသည်မှာ အုံးအုံးကျွက် …ွက် ဆူဆူ ညံညံ ရှိနေပါတော့သည်။

အခမ်းအနားကို စိတ်ဝင်စားကြသူများထဲတွင် အမေရိကန်မှ …လာသော သမိုင်းသုတေသီ ပါမောက္ခ ဒေါက်တာ Elizabeth Moore …ကဲ့သို့သော စိတ်ဝင်စားသူများလည်း ပါရှိပါသည်။ သူ၏ လက်ထဲတွင် …လည်း Notes on Antiquities in Ramannadesa by Major R.C

Templeဟူသော စာအုပ်ဟောင်းကလေးတစ်အုပ်ကိုလည်း ကိုင်ထား
ကြောင်း ကျွန်တော်မှတ်သားမိပါသည်။

မင်္ဂလာဒုံ စက်မှုဇုန်မှာ ယက္ကန်းစက်ရုံကြီးတည်ဆောက်
လာကြသော တရုတ်ပြည်က ပညာရှင်များလည်း လာရောက်လေ့လာ
ဖူးမြော်ကြကြောင်း တွေ့ရပါသည်။ ကျိုက်ထီးရိုးဆံတော်ရှင်
ကျောက်တုံးကြီး တည်နေပုံမှာ တန်ခိုးတော်အရသာဖြစ်ကြောင်း
အားလုံးက တအံ့တသြ ပြောကြပါသည်။ စက်မှုသမားများ၊ သိပ္ပံသ
များ ဖန်တီးခြင်းငှာ မစွမ်းနိုင်သော အံ့ဖွယ်များမှာ အိပ်မက်ထဲတွင်
မထင်မှတ်နိုင် လောက်အောင်ထူးဆန်းသောကြောင့် ထေရဝါဒ
ဘာသာ သာသနာတော်ကြီးကို အထူးလေးစား အံ့သြမိပါကြောင်း
သူတို့နှုတ်ကပင် ပြောကြားသည်ကို နားဖြင့်ဆတ်ဆတ်ကြားခဲ့ရ
သည်။

ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီး ထီးတင်
မတိုင်မီ လပေါင်းများစွာကပင်လျှင် ကျိုက်ထီးဆောင်း ဆရာတော်ကြီး
နှင့်အတူ နေ့မနား ညမနား ပညာဒါန၊ လုပ်အားဒါန၊ ငွေဒါန စသည်
ဖြင့် ဒါန ပေါင်းစုံပါဝင်ခဲ့ကြသော ပြည်သူပြည်သားအပေါင်းတို့
အောင်ပွဲကြီးသည် သာသနာတော်ကြီး၏ အောင်ပွဲဖြစ်သကဲ့သို့ နိုင်ငံ
တော်ကြီး၏ အောင်ပွဲလည်းဖြစ်ကြောင်း မည်သူမျှငြင်း၍ မရနိုင်တော့
ပါ။ ထိုသို့သော ပါရမီရှင်များထဲတွင် ဒေါက်တာခင်ရွှေတို့ မိသား
သည်ကား အရေးကြီးသော နေရာတစ်နေရာမှ ပါဝင်လျက်ရှိကြောင်း
လူသိ နတ်သိဖြစ်ပါတော့သည်။

◆ ◆ ◆

# ပင်လယ်ထဲမှာ ဘိုးရဟာန်းကို သွားကန်တော့သော စွဲဘိုးတော်

ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးကို ဘိုးရဟာန်းဟူ၍ သူက ခေါ်ပါသည်။ သူ့စကားကို ကျိုက်ထီးဆောင်းဆရာတော်ဘုရားထံမှ ရရှိကြောင်း သူက ပြောပြပါသည်။ သူသည် ပင်လယ်ထဲသို့ထွက်၍ ဘိုးရဟာန်းကို ကန်တော့သည်မှာ နှစ်ကြိမ်ရှိပြီဖြစ်ကြောင်း ယခု သုံးကြိမ်မြောက်သွား၍ ကန်တော့မည်ဖြစ်ရာ ဦးပန်းမွှေး မရောက်ဖူး သျှင် လိုက်စေချင်ကြောင်း ပြောပြပါသည်။ မဲဆွယ်ပါသည်။ ကျွန်တော် ကား ဘိုးရဟာန်း ကိစ္စမှာ မဆွတ်ခင်ကပင် ညွတ်လျက်ရှိကြောင်း သူမသိချေ။

ရှေးအခါက ပင်လယ်ထဲသို့ ဘိုးရဟာန်းဖူးရန် ကျိုက်ထီးဆောင်း ဆရာတော်ကခေါ်သဖြင့် သူလိုက်သွားခဲ့ကြောင်း လမ်းတွင် လှေကလေး ငယ်ငယ်ထဲမှာ သူနှင့်ဆရာတော် နှစ်ပါးတည်းရှိကြောင်း နောက်က ကောက်မောင်းသူက မောင်းရုံသာမောင်းနိုင်ကြောင်း လှိုင်းလုံးများမှ သျှံတက်လာသော ရေများကြောင့် လောင်းလှေကလေးငယ်မှာ မြုပ်လုလု မြုပ်လုလုဖြစ်နေကြောင်း သူက ပြန်ပြောတတ်ပါသည်။

“ဒီဘုန်းကြီးတော့ ခက်တော့တာပဲ။ လောင်းလှေထဲက ရေတွေကို ငါသာ ခပ်မထုတ်လျှင်ဖြင့် လှေနစ်တော့မှာပဲ” ဟု သူက ပူပန်ပြီး ရေတွေကို အလျဉ်မီအောင် မမောမပန်း ခပ်ထုတ်ရသည်မှာ အလွန်ပင်ပန်းကြောင်း မိုးရေထဲမှာပင် ချွေးများထွက်ခဲ့ကြောင်း သူက ပြန်ပြောတတ်ပါသည်။

သူ၏ဖွဲ့ကို ဆရာတော်သည် ထိုတစ်ချက်တည်းနှင့်ပင် အသိ အမှတ်ပြုလိုက်လေသည်။ အဘယ့်ကြောင့်ဆိုသော် ဘိုးရဟန်းဖူးပြီး ရာမှ ပြန်လာသောအခါ အများပရိသတ်ရှေ့တွင် ဆရာတော်ကြီးက “ဒီဒါယကာကြီးကတော့ အလွန်ထူးတယ်။ သူ့ငွေးဆိုပြီးတော့ ပေါ့ပေါ့ မတွေးနဲ့။ သဒ္ဒါကလည်း ထက်သန်တယ်။ ဖွဲ့ကလည်းကောင်းတယ်။ သည်းညည်းလည်းခံနိုင်တယ်။ မိုးတွေရွာတော့ အရင့်အရင်က လက် ဟောင်းဒါယကာတွေ လှေသေးသေးလေးမှာ မနေရဲတော့ဘဲ လှေကြီး ကြီးပေါ် လုံခြုံအောင်ဆိုပြီး ခုန်တက်သွားကြတယ်။ ဒီဒါယကာတစ် ယောက်တည်းပဲ လောင်းလှေသေးသေးလေးထဲမှာ ဘုန်းကြီးနဲ့အတူ ကျန်ခဲ့တယ်။ ဒီတော့ ဒီတစ်ချီတည်းနဲ့ သူ့ကို စာမေးပွဲစစ်လိုက်တာ ဂုဏ်ထူးနဲ့ သူအောင်သွားတယ်။ ဒီတော့ ဒီနေ့ကနေစပြီး ဒီဒါယကာ ကိုစိတ်ချပြီ။ ကဲ ဒီနေ့ကနေစပြီးတော့ ဆံတော်ရှင်သာသနာမှာ ဒါယကာပြုပေတော့။ ငွေချမ်းတာတဲ့လူတွေ ဘယ်လောက်ပဲလာလာ ဘုန်းကြီးက ခွင့်မပြုခဲ့ဘူး။ အခု ဒီဒါယကာကျတော့မှ သူ့ဖွဲ့ကို ဘုန်းကြီးသဘောကျတယ်” ဟူ၍ ဆရာတော်က မိန့်တော်မူပြီး အများ ရှေ့တွင် ထိုနေ့ကစပြီး အခါအခွင့်ကြုံတိုင်း ထိုအကြောင်းကို ဂုဏ်တင် ပြောဆိုတတ်ပြီး သူ့အားလည်း “ဖွဲ့ဘိုးတော်” ဟု တင်စား ခေါ်ဝေါ်ခဲ့ပါသည်။ ဤကား သူ့အား ဆရာတော်ပေးသော ဘွဲ့တော် ဖြစ်လေသည်။

◆ ◆ ◆

# ဘိုးရဟန်း ပူဇော်ပွဲကြီးတွင် ဖွက်တော်ထဲနှစ်ခြင်း

ပြန်ပြောလျှင် အလွန်ရယ်စရာကောင်းသည်။ ဒီလောက် ခမ်းနားသာတဲ့ ဟိုးဟိုးကျော်သူဌေးကြီးက ဆံတော်ရှင်သာသနာကြီး အတွက် ဒါယကာပြုသဖြင့် ဇိမ်ရှိသည်ဟု အထင်မကြီးလိုက်ပါနှင့်။ သူဇိမ်မရှိသည်မှာ အမှန်ပင်ဖြစ်သည်။

ကျိုက်ထီးဆောင်းမှာ ညအိပ်ညနေ သွားရသောနေ့တွေ ညတွေ များလှသည်။ ခြင်ထောင်ဖြင့် ကောင်းကောင်းမအိပ်ရသော ညတွေလည်း များလှသည်။ တစ်ခါတစ်လေမှာ အိပ်သည်ဆိုသည်က သည်း ဆိုရုံကလေးမျှသာ ဖြစ်သည်။ ည ၂ နာရီလောက်အထိ ဆရာ တော်က ဓမ္မပလ္လင်တွင် တရားဟောနေတတ်သည်။ ပြီးတော့ ၃ နာရီ ကျော်လောက် ပြန်၍ထရပြန်သည်။ ဘယ်လိုလုပ်ပြီး ဇိမ်ရှိမှာလဲ။

ဇင်းကျိုက်တောင်လို ပေ၃၀၀၀/၄၀၀၀ မြင့်သော တောင် ကြီးများတွင် ညအိပ်ရသည်မှာ အသွားအပြန်နှင့် မောလွန်းလို့ ပတ်ဖတ်မော နေခဲ့ရပါသည်။

သူက ငွေလှူသော သူဌေးကြီးဖြစ်သဖြင့် သူများထက်ပိုပြီး ဇိမ်ခံအစားအစာတွေ သူက မစား။ အများစားသလိုပင် ပဲဟင်းနှင့် ချဉ်ပေါင်ဟင်းနှင့်။ သက်သတ်လွတ်မျှသာ ဖြစ်ပါသည်။ သို့သော် လည်း အံ့ဩစရာက မြိန်ရေယှက်ရေစားတတ်သည်။ ပြီးတော့ ထပ်၍ ထပ်၍ ထည့်၍ ထည့်၍ စားတတ်သည်။ သူစားပုံကိုကြည့်ပြီး ဆရာ တော်က ခဏခဏပြုံးသည်။

သူကလည်း ရယ်ကျဲကျဲနှင့် "ရန်ကုန်မှာတောင် ဒီလောက် စားလို့ မကောင်းဘူး" ဟု ပြောရင်း ထပ်၍ ထပ်၍ ထည့်တတ်သည်။ ဒါကိုပဲ ဆရာတော်က ခေါင်းတညိတ်ညိတ်လုပ်နေတတ်သည်။

"အေး မြရိပ်ညိုဟိုတယ်လို အကောင်းစားတွေ စားနိုင်တဲ့ သူဌေးကြီး၊ ကရဝိက်လိုအကောင်းစား ညစာခံပွဲကြီးတွေ လုပ်ခဲ့တဲ့ သူဌေးကြီး၊ မကုန်နိုင်မခမ်းနိုင် လှူတဲ့ သူဌေးကြီး၊ အေး . . . တို့များ သာသနာမှာ ယခုကဲ့သို့ နေ့မှန်းမသိ ညမှန်းမသိ၊ မောရကောင်းမှန်း မသိ၊ ပင်ပန်းရကောင်းမှန်းမသိ၊ သူများထက် ဝိတ်နှစ်ဆလောက် လေးတဲ့ ခန္ဓာကိုယ်ကြီးနဲ့ မညည်းမညူ တောင်ပေါ်တောင်အောက် အထပ်ထပ် အပြန်ပြန်တက်လို့ ဆင်းလို့ ဘုရားရှင် အမွေပေးထားတဲ့ ဆံတော်ရှင်များ သာသနာကြီး တစ်ကျော့ပြန်ဖွင့်ဖော်ရာမှာ ပါဝင်ခဲ့ တာ လူသိနတ်သိ ဖြစ်ပါသည်။

တစ်ခါက ဘိုးရဟန်းကျောင်းတော်သို့ အသွားတွင် ဗွက်နစ် နေသဖြင့် အားလုံးက ဝိုင်းဆွဲကြရကြောင်း ပြန်၍ ပြန်၍ ပြောရင်း ကြည်နူးစွာ ကြည်ညိုခဲ့ကြပါသေးသည်။

◆ ◆ ◆

# ပင်လယ်ထဲတွင် ရှင်ဥပဂုတ္တပြာသာဒ်ကြီး တည်ဆောက်ရန် ဒေါက်တာခင်ရွှေကြံစည်ခြင်း

ဘိုးရဟန်း စံမြန်းတော်မူရာ ကျောက်ဆောင်ကြီးမှာ အလွန်ထူးဆန်းကြောင်း အစဉ်အလာရှိပါသည်။

ပင်လယ်ဝ ငါးရှာထွက်သူတို့သည် ထိုနေရာကို ရှတ်တရက်ကာပ်ရဲပါ။ အဘယ့်ကြောင့်ဆိုသော် ညမှောင်မှောင် ကြယ်ရောင်မရှိသော ကာလများမှာ ထိုကျောက်ဆောင်ကြီးသည် အလင်းရောင်ဖြင့်ထိန်လင်းနေတတ်သောကြောင့်ဖြစ်ပါသည်။ ဘယ်လောက်သတ္တိကောင်းကောင်း မှောင်ထဲမှာလင်းနေသော ကျောက်ဆောင်ကြီးအနားသို့ မကပ်ရဲကြ။ ပြီးတော့ ကျောက်ဆောင်ကြီးမှာ ရေတက်ရေကျရှိသည်။ ဟိုဘက်ကမ်းက သောင်ထွန်းလျှင် ဒီဘက်ကမ်းမှာကျောက်ဆောင် ပေါ်စမြဲဖြစ်သည်။ ပြီးတော့ ဒီဘက်ကမ်းမှာသောင်ထွန်းလျှင် ဟိုဘက်ကမ်းမှာကျောက်ဆောင်ပေါ်စမြဲဖြစ်သည်။ ဤမျှထူးဆန်းသည်။

ယခုကား ကျောက်ဆောင်ကြီးမှာ နှစ်ဖက်စလုံး ပေါ်ထွန်းလျက်ရှိရာ သာသနာ (၂၅၀၀)တစ်ဝက် (၅၀၀၀) သို့ဆက်သော

ကာလဖြစ်သဖြင့် စုံပေါက်စုံပွင့်ဖြစ်သည်ဟု ဆရာတော်က မိန့်ကြား လေ့ရှိပါသည်။

ရသေ့ဘိုးသစ္စာအဖြစ် ကျိုက်ထီးဆောင်းဆရာတော်ကြီး သာသနာပြုစု (၁၃၆၈)ပတ်ဝန်းကျင်ကပင်လျှင် ထိုကျောက်ဆောင် ကြီး သည် ဆရာတော်ကြီး၏ သစ္စာပန္နက်စတင်ရာ ဖြစ်ပေသည်ဟု သိရပါ သည်။

သာသနာတော်ကြီးဖွင့်ဖော်ရာတွင် ဘိုးရဟန်းဖြစ်သော အရှင်ဥပဂုတ္တမထေရ်ကြီးထံ ဆုပန်ဆုယူသစ္စာပြုရကြောင်း၊ ရပ်ထဲ ရွာထဲမှာ ယခုတိုင် အမှတ်ရရ ပြောဆိုနေကြပါသေးသည်။

မိုးထဲလေထဲ လေ့စီးသွားသော အခါများတွင် လေ့နေရာ ကွက်ကွက်ကလေး ကွက်၍ မိုးမရွာကြောင်း မြေပြင်တစ်ခုလုံး မိုးတွေ အုံ့အုံ့ သဲသဲရွာနေကြောင်း၊ ထို့ကြောင့် အလုအယက်သမားများက မလုရဲတော့ ကြောင်းများကို မှတ်မှတ်ရရ ပြောဆိုကြပါသည်။

ကျောက်ဆောင်ကြီးမှာ ကျောက်ဖျာကြီးသဏ္ဌာန်ဖြစ်၏။ အတိအကျပြောရလျှင် ကျောက်ဖျာကြီးမှာ မြင်းကြီးတစ်ကောင်ကဲ့သို့ ထင် မှတ်ရ၏။ ဦးခေါင်းကြီးက ပင်လယ်ဘက်သို့ဦးတည်နေ၏။

ထိုကျောက်ဖျာကြီးသည် အလွန်ကြီး၏။ ထိုကျောက်ဖျာကြီး ကို ထွင်းဖောက်၍ ပန္နက်တိုင်ကြီးစိုက်လိုက်ရာ အတောင် ၃၀/၄၅ပေ ခန့်ရှိကြောင်း သိရပါသည်။ ရေပေါ်သို့ ပေါ်ထွက်နေသော အငုတ်မှာ ၁၅ ပေခန့်ရှိကြောင်း အထဲမှာ ပေ၄၀လောက် စူးနေကြောင်း သိရ ပါသည်။ ထိုပန္နက်တိုင်ကြီးပေါ်တွင် ရှင်ဥပဂုတ္တရဟန်းတော်မြတ်ကြီး ၏ ရုပ်ပွားတော်မြတ်ကြီးကို ကျိုက်ထီးဆောင်းဆရာတော်က အမိန့်ခံ ပြု၍ တည်ထားကိုးကွယ်ကြောင်း သိရပါသည်။

ထို ကျောက်ဖျာကြီးမှာ ဘေးပတ်ဝန်းကျင်တွင် သိမ်သမုတ်

ားသော သိမ်တိုင်များကဲ့သို့ သဘာဝကျောက်ဆွယ် ကျောက်တိုင် ား ၃၆ တိုင်တိတိရှိကြောင်း သိရပါသည်။

ထိုကဲ့သို့ ကျောက်တိုင် ၃၆တိုင်တို့ဖြင့် ခမ်းခမ်းနားနား တည်ရှိ းသော ထိုကျောက်ဖျာကြီးကို ဗဟိုပြု၍ ရေတက်ရေကျချိန်ပြီးလျှင် ကြီးကျယ်သော ပြာသာဒ်ကြီးတစ်ဆောင်ကိုလည်းကောင်း၊ အများ းနေရန် ဇရပ်ကြီးတစ်ဆောင်ကိုလည်းကောင်း၊ ပင်လယ်ရေတက် ရေကျနှင့် ချိန်ကိုက်လျှက် တိုင်းတာကာ ပန္နက်ရိုက်နေကြောင်း ိုယ်တိုင် တွေ့လိုက်ရသောအခါ သူ့စေတနာ ပင်လယ်သမုဒ္ဒရာကို ွန်တော် ရိပ်မိပါတော့သည်။

◆ ◆ ◆

# ရှင်ဥပဂုတ္တကိုယ်တော်ကြီး ဘယ်မှာရှိသလဲ

## ဒေါက်တာခင်ရွှေ၏သဘောထား

ဒေါက်တာခင်ရွှေတို့မိသားစုက ဦးဆောင်ဒါယကာပြု၍ ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးကို သွား၍ သွား၍ ပင်လယ်ထဲမှာ ကန်တော့သည်မှာ လေးကြိမ်တိတိ ရှိခဲ့ပြီဖြစ်ကြောင်း သိရပါသည်။

ယနေ့တိုင် သက်တော်ထင်ရှားရှိတော်မူနေသော ရှင်ဥပဂုတ္တ ကိုယ်တော်မြတ်ကြီး၏ စံမြန်းတော်မူသော ကြေးပြာသဒ်ကြီးသည် တောင်သမုဒ္ဒရာ၌ရှိကြောင်း အားလုံးက ပြောကြပါသည်။

ဒေါက်တာခင်ရွှေ၏ သဘောထားမှာ တောင်သမုဒ္ဒရာသည် အိန္ဒိယနှင့် နီးမလား။ သို့တည်းမဟုတ် သီရိလင်္ကာနှင့် နီးမလား။ သို့တည်းမဟုတ် စင်္ကာပူ၊ မလေးရှားနှင့် နီးမလား။ သို့တည်းမဟုတ် ဩစတြေးလျနှင့် နီးမလား။ စဉ်းစားကြစမ်းပါဟု သူကပြောပါသည်။

တောင်သမုဒ္ဒရာဆိုသည်မှာ မြန်မာပြည်၏ တောင်ဘက်တွင် ရှိကြောင်း။ သုဝဏ္ဏဘူမိသည် မုတ္တမပင်လယ်ကွေ့တွင်ရှိကြောင်း။ ထိုမုတ္တမပင်လယ်ကွေ့မှ ထွက်လိုက်လျှင် တောင်သမုဒ္ဒရာသို့ ရောက်

...င်ကြောင်း။ ဗုဏ္ဍလိမြသိန်းတန် ဆံတော်ရှင်ဆိုသည်မှာ ပင်လယ်ထဲ ...င်ရှိသော ပင်လယ်တစ်ဝက် ရေတစ်ဝက် ကုန်းတစ်ဝက် တည်နေ ...သော ဆံတော်ရှင်မြတ်ဖြစ်ကြောင်း သူကပြောပါသည်။

"အကယ်၍များ သက်တော်ထင်ရှား ရှင်ဥပဂုတ္တရဟန္တာ ...ယ်တော်မြတ်ကြီးသည် တောင်သမုဒ္ဒရာတွင် ရှိရိုးအမှန်ဖြစ်ခဲ့ပါလျှင် ...ခင့်ယခင်က တောင်သမုဒ္ဒရာထဲတွင် မည်သည့်တိုင်းပြည်အနီး ...နားတွင်ရှိစေကာမူ ယနေ့ ယခုကား ထေရဝါဒ ဗုဒ္ဓသာသနာမြတ် ...ကြီးသည် အေးချမ်းသာယာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ...င်သာ ထူးထူးခြားခြားကြီး ပွင့်လင်းလျက်ရှိသည်မှာ အမှန်ပင်ဖြစ် ...သာကြောင့် ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးသည် သာသနာ ...န်းကားရာ မြန်မာပြည် အနီးအနားက တောင်သမုဒ္ဒရာအနီးတွင် ...သာ မိမိ၏ကြေးပြာသဒ်ကြီးဖြင့် သာသာနာတော်ကြီးကို သာသနာ ...စ်ဝက် ၅၀၀၀သို့ဆက်ရန်စောင့်ရှောက်လျက် လက်ရှိအနေအထား ...ရ စံတော်မူနေမည်ဖြစ် ကြောင်း။ ဖြစ်နိုင်လျှင် မုတ္တမပင်လယ်ကွေ့ ...ရေတစ်ဝက် ကုန်းတစ်ဝက် ဆံတော်ရှင် အနီးအနားဝန်းကျင်က ...တောင်သမုဒ္ဒရာသာ ဖြစ်နိုင်ကြောင်း" ပြောဆိုသည်ကို ကြားလိုက်ရ ...သာအခါ သာသနာတော်နှင့် စပ်လျဉ်းသော သူ၏ ယုံကြည်မှု ...ဒ္ဓါတရားများကို မချီးမွမ်းဘဲ ပဲမနေနိုင်တော့ပါ။

သူ၏ စကားများမှာ မှန်နိုင်သည်ဖြစ်စေ မမှန်နိုင်သည်ဖြစ်စေ ...၏ သဒ္ဓါတရားကို သက်သေပြရာ ရောက်နေသည်ကား အမှန်ပင် ...ဖြစ်သည်ဟု ဝန်ခံရမည် ဖြစ်ပါသည်။

◆ ◆ ◆

# နှစ်ပေါင်း (၂၀၀၀) ကျော်က ဂဝံယဉ်ကျေးမှုကို

# ပြန်လည်ဖော်ထုတ်သူတစ်ဦး

ဆံတော်ရှင်များ သာသနာတော် အဦးအစမှာ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် အထွင့်အမြတ် အဦးအဖျား ဖြစ်ပါသည်။ ထို့ကြောင့် ပင်လျှင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးအား မြန်မာပြည်သို့ ဦးစွာ ပထမ ပင့်တော်မူလာသော (၇) နှစ်သား ရဟန္တာ အရှင်ဂဝံပတိ၏ အကြောင်းပြု၍ ဦးထိပ်ထားကာတည်ထားကိုးကွယ်သော ဂဝံဆင်းတုတော်များကို ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ ဆန္ဒအရ ရန်ကုန်သို့ ပထမဆုံးပင့်ဆောင်လာသူမှာလည်း ဒေါက်တာခင်ရွှေပင် ဖြစ်ပါသည်။

သူ၏ ဂဝံအစွဲအလန်းကို ကရဝိက်နန်းတော်ကြီးတွင်လည်း တွေ့နိုင်ပါသည်။ ကန်တော်ကြီးက ကရဝိက်နန်းတော် အဝင်ဝတွင်လည်း ထုထည်ကြီးမားသော ဂဝံများကို ရန်ကုန်တွင် ဦးစွာပထမ ထုလုပ်ခဲ့သူမှာလည်း သူပင်ဖြစ်ပါသည်။

ကရဝိက်နန်းတော် အဝင်ဝ တစ်ဖက်တစ်ချက်တွင် ဂဝံ

ကျား ရုပ်ကြီးကိုလည်းကောင်း၊ ဂဝံခြသေ့ရုပ်ကြီးကိုလည်းကောင်း ဂဝံဖြင့်ထုလုပ်ကာ တမြတ်တနိုး ထုလုပ်ထားသူမှာလည်း ရန်ကုန်တွင် သူပင် အစပထမဖြစ်ပါသည်။

ရင်းပြင် ဂဝံကို သူ့အဘယ်မျှလောက် ယုံကြည် စွဲလန်းပါ သနည်းဆိုလျှင် ပန်းတင်ခုံများကိုပင်လျှင် ဂဝံဖြင့်ပင် သူလုပ်ထား ခဲ့ကိသေးသည်။ ဖြစ်နိုင်လျှင် ဂဝံအုတ်တံတိုင်းများကိုပင် အခွင့်ကြုံ လျှင် သူကပြုလုပ်လိုက်သေးသည် ထိုအချက်ကို မင်္ဂလာဒုံဥယျာဉ် မြို့တော် အဝင်ဝရှိ ဂဝံအုတ်တံတိုင်းများက သက်သေခံလျက်ရှိပါ သည်။ ထို့ထက်မက ဂဝံအကြောင်းသက်သေပြရမည်ဆိုပါလျှင် ပဲခူး တွင် သူတို့ဇနီးမောင်နှံ တည်ထားကိုးကွယ်ထားသော မဟာအာနန္ဒာ စေတီတော်မြတ်ကြီးကို သက်သေပြရုံပင် ရှိပါတော့သည်။

ထိုမဟာအာနန္ဒာ စေတီတော်မြတ်ကြီးမှာ ထုထည်ကြီးမား သော ဂဝံကျောက်တုံးကြီးများကို အသုံးပြုလျက် စေတီတော်ကြီး တစ်ခုလုံး ဂဝံအတိ ဖြစ်လေသည်။ ထူးခြားသော သုဝဏ္ဏဘူမိ ဂဝံ သက်ရာများကြောင့် အချို့က ရှေးဟောင်းစေတီတော်မြတ်ကြီးဟုပင် ထင်ကြပါသေးသည်။

ထိုမျှသာမကသေး။ ဂဝံစေတီတော်မြတ်ကြီးတစ်ဆူကို သူပင် ဒါယကာပြု၍ တည်ထားကိုးကွယ်သေး၏။ ယင်းကွန်းသည်မရွာ (၁) အရက်သမရွာရှိ ရာဇကုမာရစေတီခေါ် စေတီတော်မြတ်ကြီး ဖြစ်၏။ ထိုစေတီတော်မြတ်ကြီးကား တစ်ဆူလုံး ဂဝံအတိ ပြီးသည် သာမက ထီးတော်ကလည်း ဂဝံထီးဖြစ်၏။ ငှက်မြတ်နားတော်က လည်း ဂဝံငှက်မြတ်နားတော်ဖြစ်၏။ စိန်ဖူးတော်ကလည်း ဂဝံ စိန်ဖူးတော်ဖြစ်၏။ ထိုစေတီတော်မြတ်ကြီးကို သူပင် ငွေကုန်ကြေး ကျခံ၍ ဒါယကာပြု၏။ ဦးဆောင်ညွှန်ကြားမှုကား ကျိုက်ထီးဆောင်း ဆရာတော်ကြီး၏ ဦးဆောင်ညွှန်ကြားမှုပင် ဖြစ်ပါသည်။

ကျိုက်ထီးဆောင်းဆရာတော် ဘုရားကြီး၏ ဖွင့်ဖော်လျက်ရှိသော သုဝဏ္ဏဘူမိ ဆံတော်ရှင်များ သာသနာတော်ကြီးတွင် သူသည် အန္တေဝါသိက တပည့်ကြီးဖြစ်၏။ ဒါယကာကြီး ဖြစ်၏။ နောင်
မရကြေးဟု သူက အခွင့်ကြုံတိုင်း ပြောလေ့ရှိပါသည်။

◆ ◆ ◆

# ရွှေတိဂုံစေတီတော်တွင် အပူဇော်ခံတော်မူမည့် ဂဝံဆင်းတု

# ဗုဒ္ဓရုပ်ပွားတော် မဟာအတုလရာဇသုခနှင့် ဂဝံရဟန္တာဆင်းတု (၉) ဆူ ပင့်ဆောင်လာသူ

ရွှေတိဂုံစေတီတော်ကြီး တနင်္ဂနွေထောင့်ရှိ ဦးဘရိုတန်ဆောင်းကို ယခုအခါ ထီးဒီပံတန်ဆောင်းဟူ၍လည်း ခေါ်ကြပါသေးသည်။ ထိုတန်ဆောင်းတွင် ဂဝံဆင်းတုတော် (၉) ဆူ အပူဇော်ခံနိုင်ရန် ထိုတန်ဆောင်းကြီးကို ဒေါက်တာခင်ရွှေကပင် ဒါယကာပြု၍ ပြုပြင်မွမ်းမံခဲ့ပါသည်။

အပူဇော်ခံထားသည့် ဂဝံဆင်းတုတော် ရုပ်ပွားတော်များထဲတွင် မဟာအတုလရာဇသုခ ရုပ်ပွားတော်ကြီးလည်းပါ၏။ ထိုရုပ်ပွားတော်ကြီးမှာ ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ အစီအမံပင်ဖြစ်ပါသည်။ မျက်လုံးတော်သည် မျက်ရှင်ဖြစ်ကြောင်း သိရပါသည်။ ထိုရုပ်ပွားတော်ကြီးတွင် ရှိသောစာသားမှာ "လေးဆူကုန်မြောက် ညာမိက ဆုကြီးသသော သုံးလောကထွဋ်တင် ကိုယ်စား ဆင်းတုရုပ်ပွား ရာဇသုခ"ဟူ၍ ဖြစ်ပါသည်။ ထိုစာသားကို ကျိုက်ထီးဆောင်းဆရာတော်၏ ဩဝါဒအရ ဒေါက်တာခင်ရွှေက ထည့်သွင်းပူဇော်ထားပါသည်။

ရှင်းပြင် ဂဝံဆင်းတုရုပ်ပွားတော် ကိုးဆူလည်း ရှိပါသေး
သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ညီတော်အာနန္ဒာ (သာသနာ့ ဓမ္မဘဏ္ဍာဂါရိက)

၂။ အရှင်အနုရုဒ္ဓါ (မဟာသက္ကရာဇ် ၁၀၇ ခုနှစ်တွင် သုဝဏ္ဏဘူမိ
သို့ ကြွရောက်လာပြီး ဆံတော်ရှင်သာသနာ အစပျိုးတော်မူ
ခဲ့သည်)

၃။ အရှင်မဟာကဿပ (ပရိယတ္တိသာသနာ၏အစ အရှင်မဟာ
ကဿပမထေရ် အကြီးအမှူးပြု၍ မဟာသက္ကရာဇ် ၁၄၈
ခုနှစ်တွင် ပထမသင်္ဂါယနာ တင်တော်မူခဲ့သည်)

၄။ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် (သာသနာသက္ကရာဇ်
၂၃၅ ခုနှစ်တွင် တတိယသင်္ဂါယနာကို အကြီးအမှူးပြု၍
တင်တော် မူခဲ့သည်)

၅။ အရှင်ဂဝံပတိ (မဟာသက္ကရာဇ် ၁၁၁ခုနှစ်တွင် ဗုဒ္ဓမြတ်စွာ
အား သုဝဏ္ဏဘူမိသို့ ပင့်တော်မူလာခဲ့သည်)

၆။ အရှင်မဟာဗုဒ္ဓဃောသမထေရ် (ပရိယတ္တိသာသနာ ပြန်လည်
ပွင့်ခြင်းအစ။ အေဒီ ၄ ရာစုတွင် ပိဋကတ်သုံးပုံကို သီဟိုဠ်မှ
မြန်မာနိုင်ငံသို့ ပင့်ဆောင်ပေးခဲ့သည်)

၇/၈။ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ် (သာသနာ
သက္ကရာဇ် ၂၃၅ ခုတွင် သုဝဏ္ဏဘူမိသို့ ကြွတော်မူလာပြီး
သုဝဏ္ဏ ဘူမိသာသနာ ပြန်လည်ဖော်ထုတ်တော်မူခဲ့သည်)

၉။ အရှင်အရဟံမထေရ် (ထေရဝါဒသာသနာကို အေဒီ ၁၀၅၆
တွင် ပုဂံမှတစ်ဆင့် မြန်မာပြည်တစ်ဝန်း ပျံ့နှံ့စေခဲ့သည်)

ဤသို့ တနင်္ဂနွေထောင့် အောင်မြေတွင် ဂဝံဆင်းတုတော်များ
အပူဇော်ခံနိုင်ခြင်းမှာ နိုင်ငံတော်အကြီးအကဲများ၏ ခွင့်ပြုချက်ကြောင့်
ဖြစ်ကြောင်း အလျဉ်းသင့်တိုင်း သူက တသသ ပြောပြတတ်ပါသည်။

◆ ◆ ◆

# သာသနာ ( ၅၀၀၀ )
# ရောင်တော်ဖွင့်

ကေလာသဆံတော်ရှင် သာသနာ ၅၀၀၀ ရောင်တော်ဖွင့် ိးမံချက်မတည်ငွေ သိန်း(၃၀၀)လှူဒါန်းသော ပွဲကြီးသည်ကား ာသနာ့သမိုင်းတွင် အလွန်ထူးခြားပါသည်။ ထိုမတည်ငွေ သိန်း ၁၀၀) ကိုလည်း ဒေါက်တာခင်ရွှေမိသားစုကပင် (၉-၇-၂၀၀၀) ည့်နှစ်တွင် အခမ်းအနားဖြင့် လှူဒါန်းကာ သာသနာ (၅၀၀၀) ရောင်တော်ဖွင့် ဒါနကြီး ပြုခဲ့ပါသည်။

မြန်မာဖြစ်ရတာ ဂုဏ်ယူသူများထဲတွင် ကျွန်တော်တို့လည်း ါပါသည်။ သို့သော်လည်း ထူးထူးခြားခြား မျိုးချစ်စိတ်ကို ပြနိုင်သူများ ဲတွင်ကား ဒေါက်တာခင်ရွှေသည် မြန်မာထဲတွင် ထိပ်တန်းတစ် နေရာမှာ ပါဝင်ပါသည်။ ဤကဲ့သို့သော သဒ္ဓါထက်သန်သည့် ုဂ္ဂလိက စီးပွားရေးသမားများသာ ဝိုင်းဝန်း ကူညီကြမည်ဆိုပါလျှင် ်နေ့တည်ဆောက်နေသော နိုင်ငံတော်အတွက် ပုဂ္ဂလိကကဏ္ဍသည် အလွန် လှပသော ပန်းချီကားတစ်ချပ် ဖြစ်လာပေလိမ့်မည်ဟု ်င်ပါသည်။

စီးပွားရေး ကိစ္စများတွင်ကား "ကိစ္စများမြောင် လူတို့ဘောင်" ဟူသော စကားအတိုင်း ကိစ္စတွေ များလှသဖြင့် အကျယ်ဆွေးနွေးမနေရာမရပါ။ ယခုစာတွင်ကား မျိုးဆက်သစ်တို့အတွက် အမျိုးဘာသာ သာသနာချစ်သူတစ်ယောက်အကြောင်း ဖောက်သည်ချနေခြင်း ဖြစ်ပါသဖြင့် သူ့ အကြောင်းစာကိုဖတ်ရ၍ မျိုးချစ်စိတ်ဓာတ် အမျိုး ဘာသာ၊ သာသနာချစ်သောစိတ်ဓာတ် ဖွံ့ဖြိုးလာလျှင် ဤစာကို ပြုရခြင်းနပ်ပြီ ဟု ယူဆပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် အလုပ်လုပ်ချိန်မှ အပ ရှိသမျှအချိန်အားလုံးကို အများအကျိုးဆောင် လုပ်ငန်းများတွင် နှစ်မြုပ်ထားသောကြောင့် ဖြစ်ပါသည်။ အထူးသဖြင့်ကား ဘာသာ၊ သာသနာကိစ္စတွင် ထိပ်တန်းမှပါဝင်နေသူ တစ်ယောက် ဖြစ်သောကြောင့် ဖြစ်ပါသည်။

♦ ♦ ♦

# ဆံတော်ရှင် (၆) ဆူ နေ့ချင်းဖူးနိုင်ရန် စီစဉ်နေသောသူ

ဆံတော်ရှင် (၆)ဆူကို နေ့ချင်းဖူးနိုင်ရန် ကျိုက်ထီးဆောင်း ဆရာတော်ကြီးက ဆန္ဒရှိကြောင်း သိလျှင်သိချင်း ချက်ချင်းအကောင် အထည်ဖော်သူမှာ ဒေါက်တာခင်မွှေဖြစ်သည်။ အချို့ကလည်း ငွေရှိ သော့ လှူနိုင်တာပေါ့ဗျာဟု ဆိုကြပါသည်။ ကျွန်တော့်အထင်ကား ငွေရှိ တိုင်း သာသနာရေးအလုပ် မလုပ်ကြပါ။ လုပ်သူအလွန်နည်းပါ သည်။ သူ့လို ငွေရှိသူတွေ မြန်မာအနှံ့ ရှိနေသော်လည်း သူ့လိုသဒ္ဓါရှိ သူ အရေအတွက်ကား အလွန်နည်းပါသည်။ ထိုအထဲတွင် သူသည် ထိပ်တန်းမှ ပါဝင်နေလေသည်။ ထို့ကြောင့် ငွေရှိတိုင်း သဒ္ဓါရှိသည်ဟု ကျွန်တော် မယူဆပါ။

ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးသည် လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ကတည်းကစ၍ သုဝဏ္ဏဘူမိ ဆံတော်ရှင် သာသနာတော်မြတ်ကြီးကို တကျော့ပြန် ပြန်လည်ဖော်ထုတ်ခဲ့သော် လည်း တစ်ဟုန်ထိုး မတိုးတက်ခဲ့ပါဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့် ဆိုသော် သူ၏ သဒ္ဓါအဟုန်ကြောင့် ဆံတော်ရှင်သာသနာကြီးသည်

သုဝဏ္ဏဘူမိတွင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကို သူစတင် ကိုးကွယ်သော လေးငါးနှစ်အတွင်းမှာပင် တစ်ဟုန်ထိုး မြန်မာအနှံ့ လူသိများလာသည်မှာ မငြင်းနိုင်သောအချက် ဖြစ်ပါသည်။

၁၉၆၉ ခုနှစ်လောက်တည်းက ကျိုက်ထီးဆောင်းဆရာတော် ဘုရားကြီး၏ ဖော်ထုတ်ခဲ့သော သုဝဏ္ဏဘူမိ ဆံတော်ရှင်သာသနာ တော်ကြီးသည် ယခု ငါးနှစ်အတွင်းမှာ မကြုံစဖူး ထူးကဲစွာ ဖွံ့ဖြိုးသော သည်မှာ ဒေသခံလူများသာမက တစ်ပြည်လုံး သိပြီးဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀)ကျော်က မြန်မာတို့ဂုဏ်ယူ ဖွယ်ရာ သုဝဏ္ဏရွှေမြေသို့ ဒေါက်တာခင်ရွှေ၏ ကောင်းမှုကြောင့် ရောက်လာသော မျိုးဆက်ဟောင်း မျိုးဆက်သစ်တို့မှာ များလှပါ သည်။

# ဆံတော်ရှင် (၆) ဆူကို
# နေ့ချင်းပြီး ပထမဆုံး ဖူးခဲ့ရသူများ

ဆံတော်ရှင်(၆)ဆူကို တစ်နေ့တည်းနှင့် အပြီးဖူးခဲ့ပါသည်ဟု ဆိုလျှင် အလွန်အံ့သြကြပေလိမ့်မည်။ ဟုတ်ပါ့မလားဟုလည်း တွေး ကောင်း တွေးပါလိမ့်မည်။ ထိုဖူးရသူများထဲတွင် ကျွန်တော်လည်းပါဝင် သဖြင့် ယခုအထိ ပြန်တွေးတိုင်း ကုသိုလ်ရဆဲဖြစ်ပါသည်။

ကျိုက်ထီးရိုးစေတီတော် ဘက်စုံ ပြုပြင် မွမ်းမံရေးနှင့် ရွှေထီးတော် တင်လှူပူဇော်ခြင်းလုပ်ငန်းအတွက် ကျိုက်ထီးဆောင်း ဆရာတော်ထံမှ ဩဝါဒခံယူပွဲ ပြုလုပ်ပါသည်။ ထိုပွဲကို သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သိပ္ပံနှင့်

နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဦးညီလှငယ်နှင့် အဖွဲ့တို့က ခေါင်းဆောင်ပြုပါသည်။ ထုံးစံအတိုင်းပင် ဆံတော်ရှင်ဘုရားဒါယကာကြီး ဒေါက်တာ ခင်ရွှေ၏ ကောင်းမှုဖြင့် ကျွန်တော်တို့ အုပ်စုမှာ ပါလာစမြဲဖြစ်ပါသည်။

ကောင်းစွာမှတ်မိပါသည်။ ထိုနေ့သည် ဇန်နဝါရီလ (၂၈) ရက်နေ့ ဖြစ်ပါသည်။ ၂၀၀၁ခုနှစ်ဖြစ်ပါသည်။ ထိုနေ့တွင် ဆရာတော်က ဦးဆောင်ပြီးလျှင် ကျွန်တော်တို့ကို ဆံတော်ရှင်များဖူးမြော်ရန် ခေါ် ဆောင်သွားကြပါသည်။

ဆရာတော်ကြီးမှာ သက်တော်အားဖြင့် (၇၄)နှစ်ကျော်ပြီဖြစ်သော်လည်း လမ်းလျှောက်သွားလျှင် ဆရာတော်ကိုမှီအောင် မနည်းလိုက်ရပါတယ်။ ကျွန်တော်က ပေါင် ၁၃၀ခန့်ရှိသော်လည်း ၁၆၀ကျော်သော ဒေါက်တာခင်ရွှေက ဆရာတော်အနားကပ်လျက် အမြဲမြန်ဆန် သွက်လက်လျက်ရှိပါသည်။ ကျွန်တော်တို့က နောက်ကျ၍ကျ၍နေ တတ်ပါသည်။ သဒ္ဓါအဟုန်ကြောင့် သူ့တွင် သိဒ္ဓိဝင်နေသလား မသိပါ။

တစ်တောင်ဆင်း၊ တစ်တောင်တက်၊ တစ်တောဝင်၊ တစ်တောထွက် တက်ကြ၏။ ဆင်းကြ၏။ သွားကြ၏။ လာကြ၏။ သို့သော်လည်း ဆရာတော်သည် မောပုံမရပါ။ ကျွန်တော်တို့က မောလှပြီ။ သို့သော် မငြီးရဲ။ ကြိုးစား၍လိုက်ကြရပါသည်။ ထိုနေ့က ဦးစွာ ပထမ ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်မြတ်ကြီးကို လက်ယာရစ် လှည့်ပတ်၍ ပူဇော်ကြပါသည်။ ပြီးမှ ခရီးဆက်ကြပါသည်။

ကား တစ်သီတစ်တန်းကြီးဖြင့် တစ်စုတစ်ဝေးကြီး သွားကြပါသည်။ ကျိုက်ဒေးယျံတောင်ကိုတက်ကြပြီး ကျိုက်ဒေးယျံဆံတော်ရှင်ကို ဖူးမြော်ကြသည်။ အထူးအဆန်းတွေ၊ အံ့ဩစရာတွေ၊ ပြန်ပြောစရာတွေ တစ်သီကြီးဖြစ်ပါသည်။ မိုးပျံကျောက်တုံးကြီးများမှစ၍

နတ်ရေထွက်မှစ၍ ကျောက်လိပ်ကြီးမှစ၍ အံ့ဖွယ်ရေရှူမှ သံဂုံပမယျမှစ၍ အများကြီး အများကြီးရှိပါသည်။ ယခုကား ပေ လကန် ဝကွက်၍ ချန်ခဲ့ပါအံ့။

ငင်းနောက် ကျွန်တော်တို့သည် ဝရုဏနာဂရာဇထူပဓေ တော်ကို ဖူးမြော်ရပါသည်။ ထိုဆံတော်ရှင် စေတီတော်မြတ်ကြီး ရှေးယခင်က ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်နေရာ ကျိုက်ထီးဆောင်း ဆရာတော်မြတ်ကြီး၏ ဖွင့်ဖော်မှုဖြင့် ပြန်လည်ပွင့်လင်းလာသော ဆံတော်ရှင်စေတီတော်မြတ်ကြီး ဖြစ်သဖြင့် ယခုခေတ်လူများ တော တင်ဖွယ် ဖြစ်ပါသည်။

ငင်းနောက် တစ်ဆက်တည်းမှာပင် ကေလာသတောင်ပေါ် တက်၍ တောင်ထွဋ်တောင်မြတ်တွင် ကေလာသဆံတော်ရှင်ကို ဖူးကြရပါသည်။ ငင်းနောက် မြသပိတ်ဆံတော်ရှင်ကို ဖူးကြရပါသည်။ အံ့ဖွယ်ကောင်းသော နောက်ကြောင်းဇာတ်လမ်းများကို ပြန်ပြော ပြောရန် စာမျက်နှာ နေရာမရပါသဖြင့် ယခု ကျော်လွှား၍ သွားပါအံ့။

ထိုဆံတော်ရှင် စေတီတော်မြတ် အပေါင်းတို့ကို ဖူးမြော်ပြီး နောက် ကျိုက်ထီးဆောင်း ဆရာတော်ကြီးသည် ကျိုက်ထီးဆောင်း ဆံတော်ရှင်တွင် နေတော်မူခဲ့ပါသည်။ ကျွန်တော်တို့တစ်စုသ ကျိုက်ထီးရိုး ဆံတော်ရှင်အထိ ခရီးစဉ်ဆက်ရပါသည်။

ဤတွင် ကျွန်တော်ပြောလိုသောအချက်မှာ သုဝဏ္ဏဘူမိတွင် ဆံတော်ရှင်(၆)ဆူကို နေ့ချင်းဖူးနိုင်အောင် ပြန်လည်ဖွင့်ဖော်သော ဦးဆောင်ဆရာတော်မှာ ကျိုက်ထီးဆောင်းဆရာတော်ဖြစ်ကြောင်း လည်းကောင်း၊ ဆရာတော်ပြုသမျှ ဒါနခန်း အခန်းခန်းတို့တွင် ထာဝရပဒေသာပင်စိုက်ထူထားသူမှာ ဒေါက်တာခင်ရွှေဖြစ်ကြောင်း လည်းကောင်း၊ ထိုကောင်းမှုများကြောင့် ကျွန်တော်တို့သည် ဆံတော်ရှင် (၆) ဆူကို နိုင်ငံတော်အကြီးအကဲများနှင့် အတူ

ပထမဦးဆုံးအကြိမ် နေ့ချင်းပြီး ဖူးမြော်ခဲ့ရသူများဖြစ်ကြောင်း မှတ်တမ်းတင်လိုပါသည်။

သည်လိုဆို ရှေးရှေးတုန်းကရော တစ်နေ့တည်းမှာ ဆံတော် (၆)ဆူကို နေ့ချင်းပြီး ဖူးရသူများ မရှိဘူးလားဗျာဟု စောဒကတက်ကြောင်း တက်ပါလိမ့်မည်။ ရှေးရှေးက မရှိခဲ့နိုင်ပါဟု ကျွန်တော် ဆိုလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆံတော်ရှင် (၆)ဆူ ရှာဖွေသူတို့ တော်ရုံသာ အဖတ်တင်ပါလိမ့်မည်။ ဆံတော်ရှင်(၆)တို့သည် အဘယ်နေရာမှာရှိသည်ဟူ၍ လည်းကောင်း၊ အဘယ်တောင်သို့ အဘယ်သို့ သွားရမည်နည်းဟူ၍ လည်းကောင်း၊ ဘယ်သူမှ မသိကြပါဟု ဆိုနိုင်ပါသည်။ သိသူများရှိပါသော်လည်း လမ်းခရီးအခက်အခဲကြောင့် မသွားနိုင်ကြပါ။ ယခုကား ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ သာသနာအပေါ် ထားအပ်သော ဇွဲ လုံ့လ သဒ္ဓါတရား ပါရမီကြီးမားထက်သန်လွန်းသောကြောင့်သာ ပြန်လည် ဖွင့်ဖော်လာရခြင်းဖြစ်ပါသဖြင့် တစ်ကြောင်း၊ လမ်းဒါယကာ အလှူဒါယကာမှာလည်း အနီးအပါးတွင် အသင့်ရှိနေသောကြောင့် တစ်ကြောင်း ယခုမှသာ ဆံတော်ရှင်(၆)ဆူကို နေ့ချင်းပြီး အလွယ်တကူဖူးမြော်နိုင်ကြောင်း တင်ပြလိုခြင်း ဆိုလိုရင်းဖြစ်ပါသည်။ သည့်အတွက် သဒ္ဓါထက်သန်သော အလှူဒါယကာကြီးအဖြစ် ဒေါက်တာခင်ရွှေကို အမြဲထာဝရ ကျေးဇူးတင်နေရမည်ဖြစ်ပါသည်။

◆ ◆ ◆

# သာသနာ့အကျိုးတော်ဆောင်

သူသည် စည်းရုံးရေးသမားကောင်းတစ်ဦးလည်းဖြစ်သည်။ ရန်ကုန်ရှိ သူ့စီးပွားရေးလောက ပတ်ဝန်းကျင်တွင်လည်းကောင်း၊ သူ့လူမှုရေးပတ်ဝန်းကျင်တွင် လည်းကောင်း၊ သုဝဏ္ဏဘူမိ ဆံတော်ရှင် သာသနာ့အကြောင်းကို အခွင့်အခါကြုံတိုင်း မမောနိုင် မပန်းနိုင် သူ ဝါဒဖြန့်နေသည်ကို အများသိဖြစ်ပါသည်။

ကိုယ်တိုင် လမ်းခင်းသော ကျိုက်ထီးဆောင်းဆရာတော် အကြောင်း၊ ကေလာသတောင်စွန်းက ကျောက်နဂါးကြီးအကြောင်း သက်တော် (၇၅)နှစ်ရှိပြီ ဖြစ်သော်လည်း သာသနာရေးအတွက် အိပ်ရေးပျက်ခံနိုင်သော ဆရာတော်ကြီးအကြောင်း၊ ဘားမဲ့စံကျောင်း အကြောင်း၊ တောင်ထိပ်က အံ့ဩဖွယ်ရာကောင်းသော မိုးပျံကျောက်တုံး များအကြောင်း၊ အံ့ဩဖွယ်ကောင်းလှသော ရေဂူအကြောင်း၊ ရေခမ်း ရာမှ ပြန်ထွက်လာသည့် တောင်ထိပ်က နတ်ရေကန်အကြောင်း အဝေးက ကြည့်လျှင် မြင်နိုင်သော တောင်စွန်းရွာကလေးအကြောင်း ကျောက်လိပ်ကြီး အကြောင်း၊ တောင်ထိပ်တွင် တရားအားထုတ်ခဲ့ သော ရဟန္တာဟု လူသိများလှသော ဘုန်းတော်ကြီး ဦးသီလ

အကြောင်း၊ လျှိုထဲက ရဟန္တာဂူကြီးအကြောင်း၊ မိုးကြိုးပစ်သော ကြောင့် ရေထွက်သော နတ်ရေထွက် အကြောင်း၊ ကျိုက်ထီးဆောင်း ဆရာတော် သစ္စာပြုလိုက်သဖြင့် တောင်ထိပ်မှ ကျောက်ကြားထဲက ထွက်လာသော ရေများအကြောင်း . . စသည် စသည်ဖြင့် နားထောင် သူက နားညောင်းမညောင်းမသိ။ သူကတော့ ပါးစပ်မညောင်းတမ်း ပြောလျက် ပြောလျက်သာ နေပါတော့သည်။

သူ၏လေသံ၊ သူ၏ အာသံ လျှာသံ၊ သူ၏ မျက်နှာအနေ အထား စသည် စသည်တို့ကို အကဲခတ်၍ သူ၏အတွင်းစိတ်ကို ကျွန်တော် အကဲခတ်နိုင်ပါသည်ဟု ပြောလိုက်လျှင် ကိုယ့်ကိုယ်ကိုယ် ဘက်တင်ရာရောက်လိမ့်မည်လား မသိနိုင်တော့ပါ။

ဤသို့ဖြင့် သူသည် ဆံတော်ရှင်သာသနာကြီးကို မသိသူ ကျော်သွား သိသူဖော်စားဟူ၍ ပြောလျက် ပြောလျက်သာ နေပါတော့ သည်။

◆ ◆ ◆

# ကေလာသတောင်ထိပ်က

# ရေကျော့မှာမိသားစု

တောင်စွန်းမြို့မှ ကေလာသတောင်ခြေအထိ ကားဖြင့်သွ
လျှင် ကားလမ်း(၃)မိုင်လောက် ရှိသည်ဟု ထင်ပါသည်။ တောင်
ရောက်သောအခါ တောင်ပေါ်ရောက်အောင် ရှေးဟောင်း ကျော
လှေကားကြီးတစ်ခု ရှိပါသည်။ ကျောက်ဖြင့် ဆစ်၍ ကျောက်သ
ထုထည်ဖြင့် ဆင့်၍ ဆင့်၍တင်ထားသေ
ကျောက်လှေကားထစ်များ မှ
ကေလာသတောင်ပေါ်အရောက်အထိ လှေကားထစ်ပေါင်း (၁၅၀
ခန့်ရှိကြောင်း အသေအချာ ရေတွက်ဖူးသူတို့က ပြောဆိုကြ ပါသည်

ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ ကြိုးပမ်းမှုကြောင့် ယ
အခါ ကေလာသတောင်ထိပ်အထိ ပထမတန်းစား ကားလမ်းကြ
ဖြစ်နေပါပြီ။

ရန်ကုန် မင်္ဂလာဒုံစက်မှုဇုန်က လမ်းခင်းစက် မြေထိုးစက်မ
၏ ကောင်းမှုကြောင့် ကျိုက်ထီးဆောင်းဆရာတော်ကြီးသည် တော
တွေ့လျှင် လမ်းဖောက်နိုင်ခဲ့သည်။ ချောင်းတွေ့လျှင် တံတားဆော

ခဲ့သည်။ ထိုအခါ ကုန်သမျှစရိတ်ကို ဒကာခံမည့်သူ ရှိနေသည်။ ဒကာသည် ဒေါက်တာခင်ရွှေမိသားစု ဖြစ်နေကြောင်း တစ်စတစ်စ သိလာရပါသည်။ ဤသို့ ကျွန်တော်မသိခင်ကတည်းက မည်၍ မည်မျှ သာသနာအတွက် ငွေတွေ အိတ်စိုက်လှူနေမှန်း ကျွန်တော် မခန့်မှန်း နိုင်ပါ။

## ဇုတ်သုတ်ရွာကို လမ်းသစ်ဖောက်ခြင်း

ဖွေးနေအောင် ကောင်းလှသောလမ်းမကြီးသည် ဇုတ်သုတ် ရွာကိုဖြတ်လျက် ကျိုက်ထီးဆောင်းဆံတော်ရှင်အထိ တွေ့မြင်နေရ သည်။ ထိုလမ်းကြီးဖွင့်ပွဲကို ကျွန်တော် ကြုံကြိုက်ခဲ့ဖူးသဖြင့် ဆရာ တော်၏ ဦးဆောင်မှုကိုသာမက ဒေါက်တာခင်ရွှေ၏ လမ်းဒကာ အဖြစ်ကိုလည်း သိခွင့်ရခဲ့ပါသည်။ သို့မှသာ ဆံတော်ရှင် ဘုရားများသို့ ဘုရားဖူးနိုင်နေလိမ့်မည်ဟု သူက ကြံကြံဖန်ဖန် တစ်ဆင့် စာသိုလ်ယူလိုက်ခြင်း ဖြစ်ပါသည်။

တစ်ချိန်က လှည်းပဒေါင်းနစ်အောင် ချိုင့်ဝှမ်းထူပြောခဲ့သော လမ်းတစ်လမ်းဖြစ်သည်။ တောင်စွန်းမှ ဇုတ်သုတ်၊ ဇုတ်သုတ်မှ ဘီးလင်း။ ထိုလမ်းကြီးသည် ယခုအခါ အချိန်အခါမရွေး ရာသီသုံးပါး မရွေး ဖြောင့်ဖြောင့်ဖြူးဖြူး သွား၍ စိတ်အေးလက်အေး ဘုရားဖူးနိုင် သည်မှာလည်း ဆရာတော့်ကောင်းမှုနှင့် ဒကာတော်ကောင်းမှုတို့ ကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ယနေ့ ယခုအခါ ကေလာသဆံတော်ရှင် တစ်ခေါက် (သို့မဟုတ်) ကျိုက်ထီးဆောင်းဆံတော်ရှင်တစ်ခေါက် ဘုရားဖူး မရောက်ကြလျှင် သာမညသွား ဘုရားဖူးခရီးသည်များပင် လျှင် စိတ်ထဲမှာ မကျေမနပ်ဖြစ်ကြရလေသည်။ ဤ၍ ဤမျှအထိ တောင်ထွဋ်ရှိ ဘောင်မြတ်တို့တွင် ဘုရားဖူးတွေရောက်အောင် သံလိုက် ခတ် ထည့်သွင်းပေးရာတွင် သူသည် အဓိက ပင်မဖြစ်လေသည်ဟု

ဆိုနိုင်ပါသည်။

ဗုဒ္ဓမြတ်စွာ ဗျာဒိတ်တော်များအရ သာသနာ ၂၅၀၀တစ်ဝက် ၅၀၀၀သို့ ဆက်ရာတွင် သာသနာတစ်ဝက် ရာဇာတစ်ဆက်ဟူသော စကားအရ ယခုအခါသည် သာသနာတော်ကြီး ဖွင့်ဖော်သောကာလ ဖြစ်သောအကြောင်းကို လည်းကောင်း၊ သုဝဏ္ဏဘူမိ ဆံတော်ရှင် သာသနာ တစ်ကျော့ပြန် ထွန်းကားလာကြောင်းကို လည်းကောင်း ယနေ့ဇုတ်သုတ်ရွာနှင့် ရှေးက ဇုတ်သုတ်ရွာတို့သည် မတူတော့သည့် အကြောင်း၊ ရှေးယခင်က ကေလာသသည် ခေတ်ဟောင်းတွင် နေခဲ့ပြီ ဖြစ်ကြောင်း၊ ယခု ကေလာသကား ခေတ်သစ်နှင့်လျော်ညီစွာ အဆင့် မြင့်မြင့် ရွှေရောင်တောက်နေပြီဖြစ်ကြောင်း အမြဲအာရုံပြုလျှင် သာသနာ့အကျိုးဆောင်အဖြစ် သူ့ကိုမြင်ရသောအခါ မည်သူမျှ မကူညီဘဲ မနေနိုင်ကြပါ။ ကြားရာ ကြုံရာမှ သူ့အား ကူညီကြသည် သာ ဖြစ်ပါသည်။

ကေလာသအစရှိသော တောင်ထွတ် တောင်မြတ်တို့တွင် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ လမ်းညွှန်မှုဖြင့် ဇေတဝန မိသားစုသည် မွန်ပြည်နယ်၊ ကရင်ပြည်နယ်များတွင် သုဝဏ္ဏဘူမိ ဆံတော်ရှင် သာသနာကြီး တစ်ကျော့ပြန် ဖွင့်ဖော်လျက်ရှိကြောင်း သတင်းစာများထဲတွင် မကြာ မကြာ တွေ့ရသော သတင်းများအရ သိရပါသည်။

♦ ♦ ♦

# ကေလာသနှင့်

# ဇေကာမ္ဘာ

ကေလာသဆံတော်ရှင်မှာ တိုက်ကုလားတောင်တန်းတွင် ဘည်ရှိပါသည်။ ပေ(၁၀၀၀)ကျော်မြင့်သော ကေလာသတောင်ကို ်းခလွန်းတောင်ဟုလည်း ခေါ်ကြပါသေးသည်။ ထိုတောင်၏ မြောက် ဘက်တွင် ကျိုးပင်ချောင်းဟူ၍ ချောင်းတစ်ချောင်းရှိသည်။ အနောက် ဘက်တွင် ဝင်းကချောင်းဟူ၍ ချောင်းတစ်ချောင်းရှိ၏။ ထို့ကြောင့် ာည်း တစ်ချို့က ချောင်းဝိုင်းတောင်ဟုလည်း ခေါ်ကြပါသေးသည်။

ထိုတောင်ပေါ်တွင် အဝေးမှလှမ်းကြည့်လိုက်လျှင်ပင် ရွှေရောင် ာင်းဝင်း ဖူးမြော်ရသောစေတီတော်မှာ ကေလာသဆံတော်ရှင် စေတီ တော်မြတ် ဖြစ်ပါသည်။ ထို ဆံတော်ရှင်စေတီတော်မြတ်ကြီးကို တောင်တစ်ခုလုံး ဘက်စုံပြုပြင်လိုက်သော ဒကာမှာ ဒေါက်တာခင်ရွှေ ဖြစ်ကြောင်း သိရပါသည်။

ကျိုက်ထီးဆောင်း ဆရာတော်၏ဦးဆောင်မှုဖြင့် ဇေကမ္ဘာမှ ာှူဒါန်းထားသော စက်ကြီးများ၏ အင်အားကိုသုံးလျက် လုပ်အားဒါန ပေးလှူနေကြသောသူများမှာ အနီးအနားဝန်းကျင်က စေတနာရှင်

များ ဖြစ်ကြောင်း သိရပါသည်။ ကိုယ့်စရိတ်ကိုယ်စား၍ ရွာလုံးကျွတ် ထွက်၍ လုပ်အားပေးနေကြသည်မှာ မကြုံစဖူးသော ပြောင်းလဲမှုကြီး ဖြစ်ပါသည်။

သွားရေး လာရေး ခဲယဉ်းလှသောကြောင့် ကေလာသစေတီ တော်ကြီးသည် ယခင်ကဘုရားဖူးများ အလာကျဲခဲ့သော်လည်း ယခု အခါကား နေရာမလပ် ခြေရာထပ်လျက်ရှိနေသည်။

ထိုတောင်ထိပ်တွင်ရှိသော သက်တမ်း (၁၀၀၀)ကျော် ညောင်ပင် ကြီးမှာလည်း အလွန်ထူးလှပေသည်။ ထိုတောင်ထိပ်က ညောင်ရိပ် တွင် အဆောက်အဦးအသစ်များ နေ့ချင်း ညချင်း ပေါ်လာရသည်မှာ ဇေကမ္ဘာ၏ကောင်းမှုနှင့် ရွာသားများ၏လုပ်အားနှင့် ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီး၏ ဦးဆောင်မှုတို့ဖြစ်ကြောင်း အားလုံးက သဘောပေါက်ကြပါသည်။ တောရိပ် တောင်ရိပ်၊ တောထိပ် တောင်ထိပ်က ဒါနခန်းများ ဖြစ်ပါသည်။

◆ ◆ ◆

# ဓူလပထမ
# မနသီဟာကြီးကိုမြင်ခြင်း

၁၉၃၁ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့သော သထုံဂေဇက်တီးယား င် ထုတ်ပြန်ကြေငြာချက်အရ အရက်သမရွာနှင့် ကေလာသ ောင်ခြေတို့တွင် လေးမြှားများ၊ ကျောက်ဆူးကြိုးများ၊ ဘော်အပိုင်း အစများ တူးဖော်ရရှိကြောင်း သိရပါသည်။

တောတောင်ရေမြေ အခြေအနေများကို ထောက်ထားလျှင် ည်း ရှေးအခါက ဤနေရာသည် ပင်လယ်ရေပြင်ဖြစ်ကြောင်း၊ ထို င်လယ်ရေသည် တဖြည်းဖြည်း ခြောက်ခမ်းလျက် ဆုတ်၍ ဆုတ်၍ ွားကြောင်း သိသာပါသည်။

ရှေးအခါက ရာမညတိုင်းတွင်ဖွားသော မင်းသားသူငယ်တို့ ကို သောဏုတ္တရဟု အမည်မှည့်ကြကုန်သည်။ ခပ်သိမ်းသော ဖွားသစ်စ သူငယ်တို့အား ရက္ခိုက်ဘီလူးဘေးမှ ကင်းဝေးစေခြင်းငှာ ပေ၌မထေရ် ဘို့ဖန်ဆင်းထားသော အရုပ်ကိုရေး၍ ဦးခေါင်း၌ ထားကုန်သည်။ မြို့၏ အရှေ့မြောက်ဘက် တောင်ထိပ်၌လည်း မထေရ်မြတ်တို့၏ မနုသီဟာရုပ်တုကြီး ထုလုပ်ထားရာ ယခုတိုင် မြင်နိုင်ပါသေးသည်ဟု

လွန်ခဲ့သော နှစ်ပေါင်း(၅၀၀)ကျော်က ဓမ္မစေတီ မင်းတရားကြီးသည် မျက်မြင်ကိုယ်တွေ့ မှတ်တမ်းတင်ခဲ့ကြောင်း ပဲခူးမြို့ ကလျာဏီ ကျောက်စာတွင် ဖတ်ရှုခဲ့ရပါသည်။ ကျွန်တော်က ထိုသို့ ဖတ်ရှုခဲ့ရ သဖြင့် ထို မနုဿီဟကြီးကို ဟိုကြည့် သည်ကြည့် တမော့မော့ ကြည့်၍ နေခဲ့သော်လည်း ဒေါက်တာခင်ရွှေကမူကား ထိုမနုဿီဟကြီးကို မြင်လျှင်မြင်ချင်း ဘယ်လူကမှ ဘာရာဇဝင်အထောက်အထားနှင့် တရား၍ နားချမနေရဘဲ သူ့သဒ္ဓါ သူ့ဖာသာသူ ဖြိုးဖြိုးမောက်၍ ဒီလို ဒီထိ မနုဿီဟကြီးမျိုးကို ကေလာသဆံတော်ရှင် တောင်တော်တစိုက်တွင် (၁၀၈) စီးလောက် ထပ်မံတည်ဆောက် ဖန်ဆင်းလိုက်ရလျှင် ကောင်း လိမ့်မည်ဟု ဆန္ဒပြုခဲ့ပါသည်။

မိမိက အထူးတလည် ဖိတ်ခေါ်တိုက်တွန်းရခြင်း မဟုတ်ပါ ဘဲ သူ့ဘာသာသူ သဒ္ဓါပေါက်လာသော အလှူတော်ဒကာ၏ အသံကို ကြားရသောအခါ ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးသည် ကျေနပ်နှစ်သိမ့်စွာ အပြုံးကြီး ပြုံးနေသည်ကို ကျွန်တော်သာမက အတူပါလာသော ဆရာဦးမြတ်ခိုင် အပါအဝင် အားလုံးကပင် ကောင်းကောင်းကြီး အကဲခတ်နိုင်ခဲ့ပါသည်။

မနုဿီဟ (၁၀၈) စီးသည် ကေလာသဆံတော်ရှင်ကြီးကို သာမက သာသနာ(၅၀၀၀)ကို စောင့် ရှောက်လျက် မြန်မာပြည်ကြီး တစ်ပြည်လုံးကို အန္တရာယ်ရန်စွယ်အပေါင်းမှ ကာကွယ်နေလိမ့်မည် ဖြစ်ကြောင်း အများက ယုံကြည်ကြပါသည်။

ဓမ္မစေတီမင်းကြီးသည် ပဲခူး ကလျာဏီကျောက်စာတွင် မှတ်တမ်းပြုထားကြောင်း ကျွန်တော်က ဒေါက်တာခင်ရွှေအား အမှတ်မထင် ပြောမိသောအခါ ထူးဆန်းသော တိုက်ဆိုင်မှုကို ဘုရား ဒကာကြီးသည် သူ့ဟာ သူ စဉ်းစားရင်း ပီတိဖြစ်နေမည်မှာ အမှန်ပင် ဖြစ်ပါသည်။

◆ ◆ ◆

# ကွက်တိ ကြိုတင်၍ပေးသော အိပ်မက်ကြောင့် ဘုရားဒါယကာဖြစ်လာရသူ

အိပ်မက်ကို ယုံသလားဟုမေးလျှင် အတော်ကလေး အဖြေရ ခက်ပါလိမ့်မည်။ သွေးလေချောက်ချား၍မက်သော အိပ်မက်လည်း ရှိပါသည်။ စွဲလန်းသောကြောင့် မက်သောအိပ်မက်လည်း ရှိပါလိမ့် မည်။ အိပ်မက်စောင့်နတ်က ပေးသောကြောင့် မက်သောအိပ်မက် လည်း ရှိပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ယခုအိပ်မက်ကား အလွန်ထူးပါ သည်။

## နိုင်ငံခြားတွင် မက်သော ပထမအိပ်မက်

ထိုအချိန်က ဒေါက်တာခင်မြွေသည် အလုပ်ကိစ္စတစ်ခုဖြင့် ဘရုတ်ပြည်သို့ အရေးတကြီး ထွက်ခွာသွားပါသည်။ ၎င်းနောက် အလုပ်ကိစ္စဖြင့်ပင် စင်္ကာပူ၊ မလေးရှား စသော ဒေသများသို့ သွားရပါ

သေးသည်။ ထိုနေ့ရက်များမှာ စီးပွားရေးကိစ္စသာမက တိုင်းပြည်အရေးကိစ္စများဟူ၍လည်း ဆိုနိုင်ပါသောကြောင့် များစွာ အားလပ်ချိန်မရပါ။ အိပ်မက်မက်ရန်လည်း တောင့်တမှုမရှိပါဟု သူကဆိုသည်။

"ဒီလောက်မအားတဲ့ကြားက ဘာမှအဆက်အစပ်မရှိဘဲ မက်တာပါပဲ။ အိပ်မက်ထဲမှာ တောင်ကြီးတစ်တောင် မြင်ရပါတယ်။ အဲဒီမှာ စေတီကြီးတစ်ဆူ ဖူးရပါတယ်။ စေတီကြီးကလည်း အတော်မြင့်တယ်။ အတောင် (၁၀၀) လောက် ရှိမလား မသိပါဘူး။ တောင်ကတော့ တောင်ပဲ ဒါပေမယ့် တောင်နာမည်တော့ မသိပါ။ စေတီတော့စေတီပါပဲ စေတီဘွဲ့တော်ကိုတော့ မသိပါ" ဟု သူက ပြန်ပြောပါသည်။

"အိပ်မက်က ပထမနေ့မက်တယ်။ ကျွန်တော်လည်း အမှတ်တမဲ့ပါပဲ။ အလုပ်ကများတော့ မေ့မေ့ပျောက်ပျောက်ပါပဲ။ ဒါပေမယ့် ထူးဆန်းတာက ဒုတိယနေ့မှာလည်း အိပ်မက်မက်ပြန်တယ်။ အိပ်မက်ကလည်း မနေ့ကအတိုင်း ထပ်တူထပ်မျှပါပဲ။ ဘာကြောင့်လည်း မသိဘူး" ဟု သူက ပြန်ပြောပါသည်။

"အိပ်မက်ကဗျာ. . .။ ငါးရက်တိတိ ဆက်တိုက် မက်ပါတယ်။ အင်မတန်ထူးတာပဲ။ ရုပ်ရှင်ထဲက တရုတ်ဇာတ်ကားအတွဲတွေလိုပါပဲ။ တစ်နေ့ပြီးတစ်နေ့ ဇာတ်လမ်း အဆက်အစပ်နဲ့ တိတိကျကျမက်တာ"ဟု သူကဆိုပါသည်။

"ဒီတော့ မြန်မာပြည်ပြန်ရောက်တော့ ဆရာတော်ကို သွားပြီလျှောက်ပါတယ်။ ဆရာတော်က တစ်ခွန်း တစ်ပါဒမှ ဖွင့်ဟလို့ မပြောပါ။ ပြီးတော့ ကဲ ဒကာလာပါ ဆိုပြီးတော့ ရှေ့က ကားနဲ့ထွက်သွားတယ်။ ဆရာတော်ခေါ်တော့ ကျွန်တော်လည်း လိုက်သွားတာပေါ့။ ဆရာတော်က တောင်တစ်တောင်အပေါ် တက်သွားတယ်။ တောင်ပေါ်ရောက်တော့မှ ဆရာတော်က ဆင်းတယ်။ ကျွန်တော်လည်း

ဆင်းလိုက်တယ်။ တကယ့်ကိုအံ့ဩစရာပါပဲဗျာ။ တောင်ကလည်း အိပ်မက်ထဲကအတိုင်းပဲ။ ပုံတူ ဆိုက်တူ။ စေတီကလည်း အိပ်မက်ထဲကအတိုင်းပဲ။ ပုံတူဆိုက်တူ။ ကျွန်တော်လည်း အံ့ဩလွန်းလို့ ဘာမှမပြောနိုင်တော့ပါဘူး" ဟု သူက ပြန်ပြောပါသည်။ သူ့အပြောကို နားထောင်ရင်း သူတော့မသိ ကျွန်တော်ဖြင့် နားထောင်ရင်း ကြက်သီးများထမိပါသည်။ ထိုအကြောင်းကို ပြန်ပြောလျှင် လွမ်း၍ လွမ်း၍နေပါသေးသည်။ သို့နှင့်ပင် သူသည် အိပ်မက်အရ ဆံတော်ရှင်ကေလာသကို ဘက်စုံပြုပြင်ခဲ့သော ဘုရားဒါယကာကြီး ဖြစ်လာခဲ့ပါသည်။

အိပ်မက်ထဲကတောင်သည် ကေလာသတောင်ဖြစ်ပါသည်။ အိပ်မက်ထဲက စေတီတော်မြတ်သည် ဆံတော်ရှင် ကေလာသဖြစ်ပါသည်။

## နိုင်ငံခြားတွင် မက်သော ဒုတိယအိပ်မက်

"ဒုတိယအိပ်မက်ကလည်း နိုင်ငံခြားမှာပဲ မက်တဲ့အိပ်မက်ပါပဲ။ အလုပ်ကိစ္စတစ်ခုနဲ့ သွားတုန်းမက်တာ။ ဒီလောက်မအားတဲ့ကြားကမက်တာကို အံ့ဩလို့မဆုံးဘူး။ အိပ်မက်ကလည်း ရိုးရိုးရှင်းရှင်းပါပဲ။ ကျိုက်ထီးရိုးစေတီတော်ကြီးကို မက်တယ်။ ပြီးတော့ အပေါ်တက်သွားတယ်။ ပြီးတော့ ထီးအဟောင်းကြီးကို မက်တယ်။ ပြီးတော့ ထီးအဟောင်းကြီးကို ပြုပြင်တယ်။ ပြီးတော့ အသစ်တင်တယ်။ ရွှေရောင်တင်းနေတာပဲဗျာ။ အခမ်းအနားတွေကလည်း အကြီးကြီး"ဟု သူက ပြန်ပြောပါသည်။

"ပိုပြီးဆန်းတာက မယုံလို့မရဘူးဗျ။ အိပ်မက်က (၃)ရက်တိတိ ဆက်မက်တယ်။ ပြီးတော့ အခန်းဆက် အိပ်မက်ရှည်ဗျ။ ခေတ်တော်ထူးတယ်ဗျာ" ဟု သူကပြန်၍ ပြောပါသည်။ သူ့အိပ်မက်

ကို သူပြန်၍ ပြောစဉ်က နေ့ရက်ကို တိတိကျကျ မမှတ်မိသော်လည်း သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်က ဖြစ်ကြောင်း ကျွန်တော်ကောင်း မှတ်မိပါသည်။

အဘယ့်ကြောင့် ထိုအိပ်မက်အကြောင်းကို ကျွန်တော် တင်စားရပါသနည်းဆိုလျှင် သက္ကရာဇ် ၂၀၀၁ခုနှစ်တွင် စိတ်ကူးမြဲ ကြံစည်ခြင်း လုံးဝမရှိဘဲနှင့် မမျှော်လင့်ဘဲနှင့်ပင် ကျိုက်ထီး ဆံတော်ရှင် ထီးတော်တင်ပွဲ အခမ်းအနား ပြုလုပ်ဖြစ်သော သူသည် ရွှေ(၅) ပိဿာလှူသော ဒါယကာဖြစ်လာသောကြောင့်ဖြစ် သည်။ ဤသည်မှာလည်း အိပ်မက်နှင့် ကွက်တိပင်ဖြစ်ပါသည်။ အိပ်မက်သည် တစ်နှစ်စောပါသည်။ ထို့ကြောင့် သက္ကရာဇ် ၂၀ ခုနှစ်ရောက်သောအခါမှ ထိုအိပ်မက်သည် အဓိပ္ပါယ်ရှိကြောင်း ရိပ်မိပါ သည်။ သူလည်း ရိပ်မိပါသည်။ ထို့ကြောင့်ပင် ထိုအိပ်မက် အဓိပ္ပါယ်ရှိကြောင်း ကျွန်တော် ပြန်ပြောင်း၍ ပြောရခြင်းဖြစ်ပါသည်။

## နိုင်ငံခြားတွင် မက်သော တတိယအိပ်မက်

တတိယအိပ်မက်မှာလည်း နိုင်ငံခြားမှာမက်သော အိပ်မက် ပင် ဖြစ်ကြောင်း သိရပါသည်။

“ထူးဆန်းတာက အိပ်မက်တွေက နိုင်ငံခြားသွားတုန်း မက်တာချည်းပဲ။ ဘာဖြစ်လို့ မြန်မာပြည်တုန်းကတော့ မမက်သလဲ မသိပါဘူးဗျာ။ ကြာတော့ အိပ်မက်တွေက မှန်လွန်းလို့။ နောင်များ ရင်တော့ အိပ်မက်မက်ရင် အိပ်မက်ထဲကအတိုင်း တစ်နေ့နေ့တော့ ဖြစ်တော့မှာပဲလို့ ယူဆရတော့မလို ဖြစ်နေပါပြီ”ဟု သူက ပြန်ပြော သည်။

"တတိယအိပ်မက်ကလည်း သကြိန်အကြိုနေ့က နိုင်ငံသွား နေခန်း မြန်မာပြည်မှာ သကြိန်အကျနှင့်အကြတ်နေ့က ထိုင်းနိုင်ငံ ဆက်ကမ်းခြေမှာ ရှိနေတယ်။ ပြီးတော့ သကြိန်အတက်နေ့ ရောက် တဲ့တော့ စကာ်ပူကို ခရီးဆက်ရပြန်တယ်။ စကာ်ပူမှာပဲ သကြိန် အတက်ရော နှစ်ဆန်းတစ်ရက်ရော ဆက်တိုက်ရှိနေတယ်။ အဲဒီရက် တွေမှာ ထိုင်းမှာရှိတုန်းက ပထမအိပ်မက်ကို မက်တယ်။ ပြီးတော့ မိုးလင်းသွားတယ်။ မိုးလင်းတော့ ခရီးဆက်ဖို့ ကိစ္စရှိလို့ စကာ်ပူကို ဆက်သွားတယ်။ စကာ်ပူရောက်တော့ သကြိန်အတက်နေ့ ရောက်နေ ပြီ၊ စကာ်ပူမှ ညအိပ်တယ်။ ဒီတော့ အဲဒီညမှာပဲ မနေ့ကညက ထိုင်းမှ မက်တဲ့ အိပ်မက်က ဒုတိယပိုင်းက အဆက်နဲ့ စကာ်ပူမှ ဆက်မက် တယ်။ တော်တော်အံ့ဩဖို့ ကောင်းတယ်။ စကာ်ပူမှာပဲ နှစ်ဆန်း တစ်ရက်နေ့ကို ရှိနေပြန်တယ်။ တစ်နေ့လုံး အလုပ်များနေတာပါပဲ။ မအားရပါဘူး။ အဲဒီညမှာပဲ မနေ့ညက မက်တဲ့ အိပ်မက်ကို တတိယ ပိုင်း အခန်းဆက် ဆက်မက်ပါတယ်။ အဲဒီအိပ်မက်တွေ အားလုံးဟာ ရုပ်မြင်သံကြားထဲမှ ကြည့်နေရသလိုပါပဲ။ အခုအထိ ထင်ထင်ရှားရှား ကြီး မှတ်မိနေတုန်းပါပဲ။ အဲဒီလို (၃)ရက်တိတိ ဆက်တိုက် မက်တဲ့ အိပ်မက်ပါပဲ။ စမက်တဲ့နေ့က သကြိန်အကြိုနေ့ပါပဲ။ ပြီးတော့ နေ့တိုင်း နေ့တိုင်း အခန်းဆက်ဆက်ပြီး ဆက်ပြီးမက်တာ (၅) ရက်တိတိပါပဲ ဗျာ"ဟု သူက ပြန်၍ ပြောပါသည်။

"အိပ်မက်ထဲမှာ ဒီလိုဗျ။ အိပ်မက်ထဲမှာ စေတီနှစ်ဆူ တွေ့ရ တယ်။ အဲဒီစေတီနှစ်ဆူကို ပြုပြင်ရတယ်။ ထီးတင်ရတယ်။ နေရာက တော့ အတိအကျမှတ်မိပါတယ်။ ဒါနဲ့ မြန်မာပြည်ပြန်ရောက်တော့ အိပ်မက်အကြောင်းကို အရင်ကလိုပဲ၊ ထုံးစံအတိုင်းပဲပေါ့ဗျာ။ ဆရာ တော်ကိုသွားလျှောက်ပါတယ်" ဟု သူက ဇာတ်ကြောင်းပြန်၍ နေပါ သည်။

"ဆရာတော်ကိုလျှောက်တော့ ဆရာတော်က ဘာမှမပြောဘူး ဗျ။ သိတဲ့အတိုင်းပါပဲ။ ဒီဆရာတော်က ထွေထွေလာလာ ဘာမှပြော လေ့မရှိဘူး။ ပြီးတော့လည်း ဘာလျှပ်ပါ။ ညာလျှပ်ပါ။ ဘာလုပ်ပေးပါ။ ညာလုပ်ပေးပါဆိုပြီး တစ်ခုမျှမပြောဘူးပါဘူး။ တစ်ခုခုကို ကျွန်တော် က သဒ္ဓါပေါက်လို့ လျှောက်လိုက်ရင်တောင်မှ အင်းမလှုပ် အဲမလှုပ် အကြာကြီးစဉ်းစားနေသေးတယ်။ အင့်မတန် အင်မတန် နားနား နားဆာလုပ်တော့မှ ကဲ . . . ဒကာက ဒီလောက်တောင် သဒ္ဓါပေါက် နေတော့မှတော့ လုပ်တော့ဆိုပြီး ခွင့်ပြုတာဗျ" ဟု သူက အမိပ္ပါယ်ရှင်း လေပြန်သည်။

"ကျွန်တော်က ဆရာတော်ကိုလျှောက်တော့ ဆရာတော်က ထုံးစံအတိုင်း ဘာမှမပြောဘဲ . . . . လာ ဒကာဆိုပြီး ကျွန်တော့်ကို ခေါ်သွားပါတယ်။ ဆရာတော်ကားက ရှေ့ကသွားတယ်။ ကျွန်တော် က နောက်ကလိုက်ပါတယ်။ ဒါနဲ့ အခုအားလုံးသိတဲ့ သောနုတ္တရစေတီ ညီနောင်ကို ရောက်တော့မှပဲ အဖြေပေါ်တော့တယ်"

"ဒီနေရာမှာ ဖြတ်သွားတာ အကြိမ်ပေါင်းမနည်းတော့ဘူး ဗျာ။ ဒီစေတီနှစ်ဆူကိုရှိမှန်း သတိတောင်မထားမိပါဘူး။ အမှတ် တမဲ့တော့ ကားပေါ်ကကြည့်လိုက်ရင် တစ်ဆူတော့တွေ့တယ်။ နှစ်ဆူ မတွေ့ဘူး။ အိပ်မက်ထဲမှာ နှစ်ဆူမက်ပြီးမှ သတိထားမိတာ။ ဒီနေရာ အတိအကျ။ ဒီစေတီပဲအတိအကျ။ ဒါနဲ့ ကျွန်တော်လည်း သောနုတ္တရ စေတီညီနောင်မှာ ဘုရားဒါယကာဖြစ်လာတော့ တာပါပဲ"ဟု သူက ပြန်၍ တသသပြောနေပါသည်။

"အံ့ရောဗျာ။ ကွက်တိပါပဲ" ဟု သူက သူ၏စကားကို လက်ခံ သတ်လိုက်ပါတော့သည်။

◆ ◆ ◆

# ဒေါက်တာခင်ရွှေနှင့် တစ်ပိုင်းတစ်စ မှတ်စုများ

သူ၏ကုသိုလ် ပြုပုံပြုနည်းများမှာလည်း နည်းလမ်းအသွယ်သွယ်ဖြစ်သည်။ လောကီ လောကုတ္တရာ ကုသိုလ်ဇာတ်လမ်းစုံလှသည်။

တစ်ရံရောအခါကလည်း နာမည်ကျော် ရုပ်ရှင်မင်းသားဟောင်းကြီး ဒိုင်ဗင်တင်လှဆိုသူ ရောက်လာ၍ သူသည် ဒိုင်ဗင်တင်လှဖြစ် ကြောင်း ပြောပြပါသည်။ အမှန်က မြင်ကတည်းက ဒိုင်ဗင်တင်လှမှန်း ဒေါက်တာခင်ရွှေက ချက်ချင်းမှတ်မိသည်ဟု ဆိုပါသည်။ သို့သော်လည်း ဝမ်းသာအားရဖြစ်၍ ပျော်ရွှင်စိတ်ဖြင့် "ခင်ဗျားသာ တကယ့် ဒိုင်ဗင်တင်လှ အစစ်ဖြစ်မယ်ဆိုရင် မော်တော်ဆိုင်ကယ်ပေါ်က နောက်ပြန် ကျွမ်းထိုးပြတတ်ရမှာပေါ့ဗျာ" ဟု ကောက်ကာငင်ကာ ပြောလိုက်ပါ သည်။

ထိုအခါ ဒိုင်ဗင်တင်လှကလည်း မော်တော်ဆိုင်ကယ် မရှိတော့ အခက်သားကလား ဟုပြောပြီး ဒေါက်တာခင်ရွှေ၏ မြင်းရုံထဲက မြင်းတစ်ကောင်ကို ယူစီးပြပြီး တကယ့်ကို မြင်းပေါ်မှ နောက်ပြန်

ကျွမ်းထိုး ဒိုင်ဗင်ထိုး၍ ပြလိုက်ပါသည်။ မင်းသားကြီးမှာ အသက် အရွယ်ကြီးလာပြီဖြစ်သဖြင့် ငယ်စဉ်ကလို မဟုတ်တော့ဘဲ စိတ်သာ ရှိပြီး လူက မလိုက်နိုင်တော့ပါ။ ထို့ကြောင့် ရုတ်တရက် ခါးနာသွား သည်ဟု ဆိုပါသည်။ ထိုအခါ ဒေါက်တာခင်ရွှေက ကျွန်တော်က ပျော်လို့ စမိတာပါဗျာ ဟု တောင်းပန်ပြီး ဆေးဖိုးဝါးခသာမက နောင် အခါမှာ ဒိုင်ဗင်တင်လှုနှင့် တွေ့တိုင်း တွေ့တိုင်း တတ်စွမ်းသမျှ ငွေထောက်ပံ့ရကြောင်း ရယ်ရယ်မောမော ပြန်၍ ပြန်၍ ပြောတတ် ပါသည်။

ဤတွင် သူ၏ ဟာသဉာဏ်ကိုသာမက ထိုဉာဏ်၏ နောက် ကွယ်တွင် ကပ်၍လိုက်ပါလာသော မေတ္တာတရားနှင့် သဒ္ဓါတရားတို့ပါ ပူးတွဲ၍ တွေ့လိုက်ရကြောင်း ကျွန်တော်ဆိုလိုခြင်း ဖြစ်ပါသည်။

ဒေါက်တာခင်ရွှေ၏ အမှတ်မထင် ပြုလိုက်သော ဒါနများနှင့် စပ်လျဉ်း၍ မှတ်စုမှတ်ရာ ထုတ်ထားရန် လုံလောက်သော လှုံ့လစိုက် ထုတ်ဖို့ မလွယ်လှပါ။

လမ်းကြုံရင်း လမ်းသွားရင်းမှာပင် အမှတ်မထင် ပြုသွား သော ဒါနတို့ကလည်း ဒုနဲ့ဒေးပင်။ ဒေါက်တာခင်ရွှေ၏ ကုသိုလ်တော် မှတ်တမ်းကိုပြုရန် ကျွန်တော်စာရင်းကောက်သော်လည်း များ၍ များ ၍ လာသဖြင့် ကုံလုံအောင် မကောက်ယူနိုင်ပါ။ ထို့ကြောင့် တစ်ပိုင်း တစ မှတ်စုများကို ကောက်ကာငင်ကာ ပြချင်ပါသည်။ အောက်တွင် ဖတ်ကြည့်ပါ။

**၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်၊ အင်္ဂါနေ့**

တံခွန်စိုက်ကြေးစား ဂေါက်ရိုက်ပြိုင်မည်။ အထောက်အကူ ဖြစ်ရေး ငွေများ လှူဒါန်းခဲ့။

ဘာဆာမြန်မာတိုဘက်ကိုး ကုမ္ပဏီလီမိတက်မှ ၁၉၉၆ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့မှ (၇)ရက်အထိ ရန်ကုန်ဂေါက်ကလပ်မှ ကျင်းပမည့် Asian Professional Golfers Association (APGA) ၏ မြန်မာ APGA တံခွန်စိုက် ကြေးစား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အထောက်အကူ ဖြစ်စေရန် အလှူငွေများကို ရန်ကုန် ဂေါက်ကလပ် အစည်းအဝေးခန်းမ၌ ဘာဆာမြန်မာတိုဘက်ကိုး ကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးခင်ရွှေနှင့် မန်နေဂျင်းဒါရိုက်တာ မစ္စတာဘမ်ဘန်း ဂုလစ်ယိုတို့က ရန်ကုန်ဂေါက်ကလပ် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သံ ပေးအပ်လှူဒါန်းသည်။

## ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်

ပုဂံမြို့ရှိ ဘုရား ပုထိုးများ ထိန်းသိမ်းပြုပြင် မွမ်းမံမှုလုပ်ငန်း (၃)နှစ်အပြီးဆောင်ရွက်မည်။ စေတနာရှင်များက ဘုရားပုထိုးများကို မိမိတို့စိတ်ကြိုက် ရွေးချယ်၍ ပြုပြင်မွမ်းမံစရိတ်များ လှူဒါန်းနိုင် ကြောင်း သတင်း။

ဇေကမ္ဘာဦးခင်ရွှေက မဟာစေတီဘုရားကြီး ပြုပြင်မွမ်းမံရန် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းခဲ့။

## ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအတွက် ပဌမအကြိမ် အလှူငွေပေးအပ်။

ဇေကမ္ဘာကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်ရွှေက ငွေများ လှူဒါန်းခဲ့။

**၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်**

မင်္ဂလာဒုံမြို့ပြဥယျာဉ်စီမံကိန်း စတင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ လျှဉ်းရှင်းလင်း။

ဇေကမ္ဘာကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးခင်ရွှေ က မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းများ သက်သာ ချောင်ချိရေးအဖွဲ့အတွက် ဖူဆိုအမျိုးအစား ဘတ်စ်ကားတစ်စီးကို ညွှန်ကြားရေးမှူးချုပ်သို့ ပေးအပ်လှူဒါန်းသည်။

**The New Light of Myanmar 21-2-1998**

U Khin Shwe and family donate US$ 40,000 for fitting a lift at Yangon University Diamond Jubilee Hall to Secretary-1 of the State Peace and Development Council General Khin Nyunt. U Khin Shwe and family donated K5 million for sports and social fund of the Higher Education Department.

**၁၉၉၈ ခုနှစ်၊ ဇွန်လ၊ (၈) ရက်**

တာမွေနှင့် သယ်န်းကျွန်းမြို့နယ်များတွင် အခြေခံပညာ ကျောင်းဆောင်သစ်များဖွင့်လှစ်။ ပညာရေးဝန်ကြီးဌာနသို့ လွှဲအပ်သည့် အတွင်းရေးမှူး (၁) တက်ရောက်ချီးမြှင့်။

ကျောင်းဆောင်သစ် တစ်ခုလုံးကို ကျောင်းဖွင့်အမီ (၄)လနှင့် အပြီး တည်ဆောက်ခဲ့ပြီး ကျောင်းရှိ ဆရာ/ဆရာမများအတွက် လစဉ်ထောက်ပံ့ငွေ (၁၀)နှစ်အတွက် ငွေများ လှူဒါန်း၏။ ဇေကမ္ဘာ ကုမ္ပဏီနှင့် ဇေကမ္ဘာဆောက်လုပ်ရေးမှ ဆောက်လုပ်လှူဒါန်းသည်။

ဘာမွေမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၂၆) ရှိ ဆရာ/ဆရာမများအား တစ်ဦးလ တစ်လ ကျပ်ငွေ (၁၀၀၀) နှုန်းဖြင့် ၁၀)နှစ်အတွက် ထောက်ပံ့ငွေများ လှူဒါန်းသည့် စာရွက်စာတမ်းများကို ပေးအပ်ခဲ့။

**၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်**

ပထမအကြိမ် မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော် ဖွင့်ပွဲ အခမ်းအနားတွင် ပါဝင်သော ကျောင်းသားကျောင်းသူများ ဆရာ/ဆရာမများနှင့် လုပ်အားပေးသူများအား နံနက်စာလှူဒါန်းသည့် အခမ်းအနားကို နံနက် (၇း၀၀)နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း အစည်းအဝေးခန်းမ (၁) ၌ ကျင်းပရာ အခမ်းအနားတွင် ပထမ အကြိမ် မြန်မာ့ရိုးရာ မြင်းခင်းသဘင်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဝင် ဦးခင်ရွှေ (မြရိပ်ညိုဟိုတယ်၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်) က နံနက်စာ ထည့်ထားသော ပလတ်စတစ်ဘူး (၁၅၀၀၀) ကို လှူဒါန်းခဲ့။

**၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်**

ထိုင်းနိုင်ငံ ဗန်ကောက် မာရသွန်ပြိုင်ပွဲဝင်မည့် အားကစားအဖွဲ့အတွက် နေထိုင်စားသောက်စရိတ် လေဆိပ်ခွန်နှင့် အားကစားအနွေးဝတ်စုံများကို ဦးခင်ရွှေ (ဇေကမ္ဘာ) က မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းခဲ့။

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးစာသင်တိုက် ပရိယတ္တိသဒ္ဓမ္မာနုဂ္ဂဟအသင်း ဧသက်ပန်သာသနာပြုအဖွဲ့ဝင်**

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်

(၇၇)၊ ဇေကမ္ဘာ ဦးခင်ရွှေ + ဒေါ်စန်းစန်းကြွယ် (မြရိပ်ညို) မိသားစု တို့သည် ရာသက်ပန် သာသနာပြုအဖွဲ့ဝင် ပရိယတ္တိ ငွေပဒေသာပင် ၌ ကျပ်ငွေ (သိန်းကိုးဆယ်) လှူဒါန်းလျက် ပရိယတ္တိ သဒ္ဓမ္မာနုဂ္ဂဟ အသင်းဝင်အဖြစ် ခံယူထားသူများ ဖြစ်သည်။

အထက်ပါ ထွေထွေလာလာ မှတ်စုများမှာ ဟိုတစ်စ ဒီတစ် ကောက်သင်းကောက် စုမိစုရာ မှတ်စုများသာဖြစ်ပါသည်။ သို့သော် လည်း ဒါနသူဌေးကြီး ဒေါက်တာခင်ရွှေသည် ရောက်ရာအရပ်မှာ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းလျက် အမျိုးဘာသာ သာသနာ အကျိုးကို သယ်ပိုးနေသူဖြစ်ကြောင်း ဖော်ပြရင်း နိုင်ငံတော်သစ် တည်ဆောက်ရာတွင် သူသည် မိမိတတ်စွမ်းရာ နေရာမှ ကူညီပံ့ပိုး လျက်ရှိကြောင်း သူ၏သဘောသဘာဝနှင့် သူ၏ စိတ်နေစိတ်ထားတို့ ကို ပေါ်လွင်ထင်ရှားအောင် မီးမောင်းထိုး၍ပြခြင်းသာ ဖြစ်ပါသည်။

◆ ◆ ◆

# ပြည်မြန်မာက

# ဖေကာမှာ

အချို့ကလည်း ဒေါက်တာခင်ရွှေတစ်ယောက် အလှူရေစက် သက်နှင့်မကွာ ဒီလောက်ကြီးတောင် လှူနေပုံထောက်တော့ ရွှေဟောင်း ရတနာသိုက် တစ်ခုခုပဲ လူမသိ သူမသိ တူးဖော်ရရှိလေ ရော့သလား။ (သို့တည်းမဟုတ်) ကျောက်ပဲအောင်လေရော့သလား။ သို့တည်းမဟုတ်) ချဲထီပဲ ပေါက်လေရော့သလား။ စသည် စသည် အားဖြင့် ထွေထွေလာလာ တွေးကြပါသည်။ သောင်းပြောင်းထွေလာ ပြောကြပါသည်။ စပ်မိစပ်ရာ မေးကြပါသည်။ စပ်စပ်စုစု လုပ်ကြပါ သည်။

### သူ့ အကြောင်း ချမ်းသာသလဲ

ဤတွင် သူသည် ကျောက်အောင်လို့လည်း ချမ်းသာတာ မဟုတ်။ ချဲထီပေါက်လို့လည်း ချမ်းသာတာမဟုတ်။ ရွှေဟောင်း ရတနာသိုက်ကြီးတစ်ခုခုကို အချောင်ရလိုက်လို့လည်း မဟုတ်။ သူ၏ဉာဏ် သူ၏ လုံ့လ၊ သူ၏ ဝီရိယတို့သည် သူ၏ ပါရမီအလျောက်၊

သူ၏ရိုးသားမှုအလျောက်၊ သူ၏ ကြိုးစားမှုအလျောက် အပင်ပေါက် လာကြောင်း အသီးသီးလာကြောင်း အပွင့်ပွင့်လာကြောင်း သူက မကြာခဏ ပြောဆိုလေ့ရှိပါသည်။ ဤသည်မှာလည်း အနာဂတ်ကို တာဝန်ယူမည့် မျိုးဆက်သစ်ကလေးများကို နည်းကောင်း လမ်းကောင်း လမ်းကြောင်းမှန်ကို ပြောခဲ့ခြင်းဖြစ်ကြောင်း သူက မကြာခဏ ဖွင့်ဟ ဝန်ခံလေ့ရှိပါသည်။

ထိုအကြောင်းနှင့်စပ်လျဉ်း၍ သူ၏ သတ္တိနှင့် သူ၏ သဘော တို့ ကိုပေါ်လွင်အောင် သူ၏လုပ်ရပ်တို့ကို လက်လှမ်းမီသလောက် ပြန်၍ ပြောမှ သင့်တော်ပါလိမ့်မည်။

သူသည် ခေတ်သစ်မှာ ရှင်သန်လာသူဖြစ်သည်။ သူသည် ခေတ်ဟောင်းနှင့် ခေတ်သစ် နှစ်ခုကြားမှ ပေါက်ဖွားလာသော နွံထဲမှ ကြာဖြစ်သည်။

## ထိပ်ဆုံးက လူတစ်ယောက်

စီးပွားရေးကို လက်ဦးအောင် လုပ်လိုကြသော စီးပွားရေး သမားများ ပေါ်ပေါက်လာချိန်တွင် ပုဂ္ဂလိကစီးပွားရေး နည်းပညာ များကို ပြန်လည်လေ့လာသူများ များပြားလာချိန်တွင် ဒေသခံ စီးပွား ရေးသမားများ ပေါ်ပေါက်လာခဲ့ပါသည်။ ထိုအချိန်တွင် သူသည် ထိပ်ဆုံးတစ်နေရာတွင် ပါဝင်ခဲ့သူ ဖြစ်ပါသည်။

## လုပ်ငန်းပေါင်းစုံ

တကယ်တော့ သူသည် အင်ဂျင်နီယာစာမေးပွဲ အောင်ခဲ့သူ တစ်ယောက်သာဖြစ်ပါသည်။ သို့သော်လည်း သူသည် ဆောက်လုပ် ရေး လုပ်ငန်းများကိုသာမက ခရီးသွားလုပ်ငန်းများကိုလည်း လုပ် လိုက်သေးသည်။ ကုန်ထုတ်လုပ်ငန်းများကိုလည်း လုပ်လိုက်သေး

သည်။ ဤသို့ဖြင့် စီးပွားရေးဈေးကွက်ကြီး အနည်မထိုင်သေးခင် ကာလများတွင် သူသည် လုပ်ငန်းပေါင်းစုံကို လုပ်ခဲ့သူဖြစ်သည်။

## အသက် (၄၃)နှစ်အရွယ်

ထိုအချိန်က သူသည် ဘာမှ မကြီးသေး။ အသက် (၄၃) နှစ် ပတ်ဝန်းကျင်လောက်ပဲ ရှိသေးသည်။ သို့သော်လည်း သူသည် သတိကြီးသူဖြစ်သည်။ ထို့ကြောင့်ပင် သွားသတိ လာသတိ လုပ်သတိ သတိ အမျိုးမျိုးထူထောင်ကာ ကိုယ်ထူကိုယ်ထကြိုးစားရင်း ကုမ္ပဏီကြွယ် သူဌေးတစ်ယောက် ဖြစ်လာခဲ့သည်။

ပြည်တွင်းပြည်ပ အခြေအနေများကို သူလေ့လာခဲ့သည်။ ထိုအခါ ငါတို့တိုင်းပြည်သည် စီးပွားရေးလောကမှာ သိပ်ပြီး နောက်ကျနေသည်ဟု သိလျှင်သိချင်း အလွန်တုန်လှုပ်ခဲ့ကြောင်း သူကပြောပြဖူးတတ်ပါ သည်။

"ကျွန်တော်တို့တစ်တွေဟာ အတွေ့အကြုံမှာလည်း သိပ်ပြီး နောက်ကျနေပါပြီ။ပြီးတော့ နည်းပညာတွေမှာရော သိပ်ပြီးနောက်ကျ နေပါပြီ။ ဒီတော့ ကျွန်တော်တို့ အပြင်းအထန် ကြိုးစားမှသာ ကျွန်တော်တို့သားသမီးတွေ အသက်ကြီးလာတဲ့အခါမှာ သူတို့ခေတ်မှာ မြန်မာပြည်ကြီးဟာလည်း နိုင်ငံတကာ အဆင့်ကို ရောက်သွားပါလိမ့်မယ်"

ဤသို့သူက ဝန်ခံပါသည်။

"အခုကျွန်တော်တို့ လုပ်နေတာကလည်း ကျွန်တော်တို့ အတွက် သက်သက်မဟုတ်ပါဘူး။ လူလားမမြောက်သေးတဲ့ ကျွန်တော်တို့ရဲ့ သားနဲ့သမီးနဲ့အတွက် ဖြစ်ပါတယ်။ သူတို့ဟာ မျိုးဆက် သစ်တွေပါပဲ"

ဤသို့သူက မကြာခဏပြောတတ်သည်။

## (၈) နှစ် အတွေ့အကြုံ

သူသည် နိုင်ငံတော်က စီးပွားရေးလုပ်ငန်းများကို ဖြန့်ထည့် ထူထောင်နေသောအချိန်နှင့် ကြုံကြိုက်သူဖြစ်သည်။ ဤတွင် သူသည် တံတားဆောက်ခြင်း၊ လူနေအဆောက်အအုံများ ဆောက်ခြင်း စသော လုပ်ငန်းများဖြင့် (၈)နှစ်တာကာလပတ်လုံး အတွေ့အကြုံများ ထူထောင်ခဲ့လေသည်။

## မျက်စိပွင့်လာခြင်း

သို့နှင့် ၁၉၈၈ ခုနှစ်သို့ ရောက်၍ ကိုယ်ပိုင်လုပ်ငန်းများကို လုပ်ကိုင်သောအခါများမှာလည်း စင်စစ်အားဖြင့် သူ၏ ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းများတွင် သူ့ကို အလုပ်အပ်သူများသည် အစိုးရဌာန သက်သက်များသာ ဖြစ်နေသေးသည်။ သို့သော်လည်း နိုင်ငံတော်ကို တပ်မတော်ကဆက်လက်၍ တာဝန်ယူလိုက်သော ကာလများတွင် တံခါးဖွင့်လာခြင်းနှင့်အတူ သူ၏မျက်စိများလည်း ပွင့်လင်းလာခဲ့လေသည်မှာ အမှန်ပင်ဖြစ်လေသည်။

## အံ့သြစရာ

သို့နှင့် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ သူပထမအကြိမ် သွားလိုက်ကတည်းက သူသည် မယုံနိုင်အောင် ပြောင်းလဲသွားခဲ့သေးသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သော အရှေ့တောင်အာရှ နိုင်ငံများတွင် စီးပွားရေး ကျားကြီးများကို သူမြင်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ မိုးထိအဆောက်အအုံများကိုလည်း သူတွေ့လာခဲ့သည်။ မယုံနိုင်လောက်အောင် စည်ကားသော ကုန်ပဒေသာဆိုင်ကြီးများကိုလည်း သူအားကျလာခဲ့သည်။

သို့ဖြင့် သူ့စိတ်တို့သည် မြန်မာစိတ် ဇာတိမာန်စိတ်ဝင်လာခဲ့သည်။ နိုင်ငံခြားအတွေ့အကြုံများကို ပြန်ပြောတိုင်းမှာ "ဒဲ့စရာဗျာ" ဟု သူက ပြန်၍ ပြန်၍ အားတက်သရောပြောတတ်သည်။

## အမည်သညာ ဇေကမ္ဘာ

၁၉၈၉ခုနှစ်တွင် ဇေကမ္ဘာကုမ္ပဏီကို သူတည်ထောင်လိုက်သည်။ သူ၏ အရင်းအနှီးများမှာ အခြားမဟုတ် အိုးအိမ်နေရာလုပ်ငန်းမှ သူအမြတ်ရထားသော ငွေများဖြစ်သည်။ ထိုငွေ ကျပ်သိန်း(၅၁)ကို ကုမ္ပဏီတည်ထောင်ရန် အရင်းအနှီးလုပ်လိုက်သည်။ ထိုကုမ္ပဏီနာမည်ကိုလည်း ဇေကမ္ဘာဟု အမည်သညာ မှည့်ခေါ်လိုက်ပါသည်။

သူ၏ 'ဇေ'ဟူသောစကားတွင် သူ၏ သားနှင့်သမီးတို့အမည်များကို ထည့်သွင်းထားသည်။ သူ၏သားသည် မောင်'ဇေ' သီဟဖြစ်၏။ သူ၏သမီးသည် မ'ဇေ'ဇင်လတ်ဖြစ်၏။ ထို သားနှင့်သမီးအမည်များကို အဖျားဆွတ်၍ ယူလိုက်ပြီးလျှင် "ဇေကမ္ဘာ" ဟူသောအမည်သညာကို အသေအချာ မှည့်လိုက်ခြင်း ဖြစ်ပါသည်။

## နေရာတကာ ဇေကမ္ဘာ

ဇေကမ္ဘာကုမ္ပဏီသည်ရန်ကုန်မြို့၏ တည်ဆောက်မှုလုပ်ငန်းအမျိုးမျိုး၌ ပါဝင်လာသည်။ စင်ကာပူကုမ္ပဏီတစ်ခုမှ တည်ဆောက်သည်ဖြစ်သော အခန်း (၄၅၀)ကျော်ပါမည့် ဟိုတယ်ကြီးဆောက်လုပ်ငန်း တွင်လည်း ဇေကမ္ဘာပါဝင်လာသည်။

ဂရင်းပြင် ဇေကမ္ဘာသည် ကုန်းတွင်းပိုင်း ရေနံရှာဖွေမှုပြုလုပ်ရန် ဝင်ရောက်လာကြသော နိုင်ငံတကာ ရေနံကုမ္ပဏီများ၏ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း တစ်ဖက်တစ်လမ်းက ပြုလုပ်လာ

သည်။ ၎င်းပြင် ဇေကမ္ဘာကုမ္ပဏီသည် ပြင်ပမှ ပြည်တွင်းသို့ လာရောက်လည်ပတ်ကြသော ခရီးသွားလုပ်ငန်း ဧည့်ကြိုလုပ်ငန်း တစ်ခုကိုလည်း ဖွင့်လှစ်လိုက်ပြန်လေသည်။ ၎င်းပြင် ဇေကမ္ဘာကုမ္ပဏီ သည် အင်ဒိုနီးရှားကုမ္ပဏီတစ်ခုက ဦးဆောင်ပြီး ဒေါ်လာ(၈)သန်း တန်ဖိုးရှိသည့် စီးကရက်စက်ရုံ လုပ်ငန်းတွင်လည်း (၄၅%) အစု ရှယ်ယာ ဝင်လိုက်သေးသည်။ ၎င်းပြင် ဇေကမ္ဘာကုမ္ပဏီသည် ရန်ကုန် မြို့၏ အပြင်ဘက်တစ်နေရာတွင် ဟက်တာ (၄၀၀)ကျယ်ဝန်းသော မြေလွတ်မြေရိုင်းကြီးတစ်ခုကို ငှားရမ်းပြီးလျှင် သီဟိုဠ်ပင်နှင့် သရက်ပင်များ စိုက်ပျိုးပြီး နိုင်ငံခြားကို ပို့ဖို့လည်း လုပ်ဆောင်လိုက် ပြန်သေးသည်။ ဤသို့ဖြင့် နေရာတကာမှာ ဇေကမ္ဘာ ဖြစ်၍လာသည်။

## အနှစ်(၂၀)စာချုပ်

ဇေကမ္ဘာသည် နေရာတကာမှာ အသေအချာ ပါလာပြီး နောက် ၁၉၉၃ခုနှစ်တွင် ဟိုတယ်လုပ်ငန်းတစ်ခု လုပ်ဖို့ရန်အတွက် နှစ်(၂၀) စာချုပ် ချုပ်ဆိုလိုက်သောအခါ ဇေကမ္ဘာ၏ စွန့်စားမှုကြီး အဖြစ် အားလုံးက တအံ့တဩဖြစ်ကြရလေသည်။ ဤသို့ဖြင့် စွန့်စား တတ်သော ဇေကမ္ဘာသည် မကြောက်မရွံ့ 'စွန့်'ခဲ့သဖြင့် 'စား' ခဲ့ရ လေသည်။ ဤသို့ဖြင့် ဇေကမ္ဘာက စွန့်၍ စားခဲ့ရသော်လည်း မစွန့် သဖြင့် မစားရသော သူတို့သည် နောက်မှာကျန်ရစ်ခဲ့သည်။ ဤသို့ဖြင့် ဇေကမ္ဘာသည် ထိပ်တန်းသို့ ခြေတစ်လှမ်းတက်ခဲ့လေသည်။

♦ ♦ ♦

# သာသနာပြု

## ဧကာမှာ

စီးပွားတက်လာသောအခါ အချို့တို့သည် မာန်တက်လာတတ်သည်။ ငါ ငါ ဟူ၍ ဖြစ်လာတတ်သည်။ လက်မတစ်ထောင်ထောင် ရှိလာတတ်သည်။ သို့သော်လည်း ဒေါက်တာခင်ရွှေကား အမြင့်သို့တက်လာသော စပါးပင်သည် မိမိ၏ပြည့်ဝသော အသီးအနှံများဖြင့် မြေသို့ ဦးညွတ်၍နေသကဲ့သို့ ငွေရေးကြေးရေး ပြည့်ဝသာသော်လည်း ဘဝကိုမေ့သူမဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အလုပ်လုပ်ရင်း လှူ၊ လှူရင်း အလုပ်လုပ်၊ ဤသို့ဖြင့် ခြေလှမ်းတစ်လှမ်းပြီး တစ်လှမ်းတက်ခဲ့သူဖြစ်ရာ သူ၏ ငွေများသည် နိုင်ငံတော်က ပေးအပ်သော အခွင့်အရေးများကြောင့် ရလာသောငွေများဖြစ်သဖြင့် နိုင်ငံတော်သို့ ပြန်လည်လှူဒါန်းရန် သူသည် သတိမေ့သူမဟုတ်ချေ။

သူသည် အလုပ်တစ်ဘက် ဘုရားတစ်ဘက်နှင့် အရှေ့သို့တက်ခဲ့သူဖြစ်သည်။ ၂၀၀၁ခုနှစ်တွင် သူ၏အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ကိုရေးသားမည်ကြံသောအခါ ဘာကစကိုင်ရမှန်း မစဉ်းစားတတ်ပါ။

ဤတွင် သူသည် ကျိုက်ထီးဆောင်းဆရာတော် သာသနာပြုရာတွင် ထူးထူးခြားခြား ပါရမီဖြည့်နေသူတစ်ဦးအဖြစ် သိမြင်ခဲ့သဖြင့် သူ၏ ရုပ်ပုံလွှာကို ရေးသားရန် ပုံကြမ်းထုတ်နိုင်ခဲ့သည်။

## ဘွဲ့တွေ ဘွဲ့တွေ

ဒေါက်တာခင်ရွှေသည် ၁၉၉၄ ခုနှစ်က လူမှုထူးချွန် ဒုတိယအဆင့် ချီးမြှင့်ခံရ၏။ ၁၉၉၅ ခုနှစ်တွင် လူမှုထူးချွန် ပထမဆုချီးမြှင့်ခံရ၏။ ၁၉၉၈ ခုနှစ်တွင် သီရိသုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်ခြင်းခံရ၏။ ၁၉၉၈ ခုနှစ်က ဝါရှင်တန်တက္ကသိုလ်မှ စီးပွားရေးပါရဂူဘွဲ့ ချီးမြှင့်ခံရသူလည်း ဖြစ်၏။ ထို ၁၉၉၈ ခုထဲမှာပင် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း၊ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ စီးပွားရေးပါရဂူဘွဲ့ ချီးမြှင့်ခံရသူလည်း ဖြစ်၏။

## သာသနာရေးအတွက်

ဒေါက်တာခင်ရွှေ၏ သာသနာရေးဆိုင်ရာ လှူဒါန်းမှုများမှာ အံ့ဖွယ်ဖြစ်၏။ ရှင်သာမဏေ ၁၂၂၈ပါးနှင့် သီလရှင် ၂၃၄ပါးတို့ကို တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးခဲ့၏။ စာသင်သား သာမဏေ အပါး(၃၀)ကိုသာမက ရှင် (၁၀၀၀)၊ ရှင် (၁၆၅၀)၊ ရှင် (၂၀၀၀) ရှင် (၄၅၀၀) တို့ကိုလည်း တစ်ဦးတည်း ဒါကာခံ၍ ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ပြီးလျှင် ပစ္စည်းလေးပါး ထာဝရလှူဒါန်းကြောင်း သိရပါသည်။

## တစ်ကျော့ပြန်

သာသနာတော် ၂၅၀၀မှ သာသနာ ၅၀၀၀တည်တံ့အောင် ရည်ရွယ်၍ သထုံဒုံ တိုင်းနှစ်စုံကို သုဝဏ္ဏဘူမိဆံတော်ရှင် သာသနာတော်ကြီး တစ်ကျော့ပြန် ပြန်လည်ထွန်းလားအောင် သာသနာပြုနေသော ပုဂ္ဂိုလ်ထူးလည်းဖြစ်သည်။

## ဒါန တစေခေ သိန်းသန်းကူခဲ့

ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ထွန်းကားစေရန် ရည်သန်
ခဲ့က် ကျောင်း၊ ကန်၊ ဘုရား၊ ဇရပ်၊ တန်ဆောင်း စသည့် သာသနိက
အဆောက်အအုံများ မွမ်းမံ တည်ဆောက်ခြင်းအပါအဝင် ဗုဒ္ဓ
သာသနာတော်ထွန်းကားမှုကို အထောက်အကူဖြစ်စေမည့် သာသနာ
ရေးဆိုင်ရာ လှူဒါန်းမှုများကို ကျပ်ငွေသိန်းပေါင်း (၆၉၄၇၀) ကျော်
ငွက်ထုတ်အကုန် အကျခံ လှူဒါန်းခဲ့ပါသည်။

## ဗောင်းတော်ချုပ်

ပေါ်လွင်ထင်ရှားသော လှူဒါန်းမှုများအဖြစ် တွံတေးမြို့နယ်
ဘွင် ဗောင်းတော်ချုပ်စေတီတော်အား အသစ်တည်ထားခဲ့သည်။

## အလွှမ်းဆွတ်ရွာ

သန်လျင်မြို့နယ်၊ အလွှမ်းဆွတ်ကျေးရွာ၊ ရှေးဟောင်း
ဗောင်တော်ဦးစေတီအား ပြန်လည်ပြုပြင်မွမ်းမံ၍ ထီးတော်အသစ်
တင်လှူခဲ့သည်။

## ပုဂံမျှော်

ရှေးဟောင်းပုဂံဘုရားပုထိုးများဖြစ်သည့် မဟာစေတီနှင့်
ပုဂံမျှော်စေတီတော်များအား မူလပုံစံမပျက် အသစ်ပြန်လည် ပြုပြင်
မွမ်းမံခဲ့သည်။

## ရွှေဘုံသာမုနိ

ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်ရှိ ပြုပြင်စောင့်ရှောက်သူ
ကင်းမဲ့နေသဖြင့် ပျက်စီးယိုယွင်းလျက်ရှိသော ရှေးဟောင်း မုနိလေးဆူ
ဝင် ရွှေဘုံသာမုနိစေတီတော်အား ကျပ်ငွေသိန်း(၁၀၀)ကျော် စေတည်

၍ တင့်တယ်ကြည်ညိုဖွယ်ဖြစ်အောင် ပြန်လည်ပြုပြင်မွမ်းမံခဲ့ပြီး ရွှေထီးအသစ် တင်လှူခဲ့သည်။

## ပေါင်းကူးတံတား

သာသနာတော် သုဝဏ္ဏဘူမိ သထုံမှ ပုဂံသို့ပြန့်ပွားလာပြီး နောက် သထုံ-ဒဂုံ တိုင်းနှစ်စုံတွင်း ဆံတော်ရှင် သာသနာ တစ်ကျော့ ပြန် ပြန်လည်ထွန်းကားရန် ရည်ရွယ်၍ သာသနာ့ပေါင်းကူးအဖြစ် ပုဂံနှင့်ပဲခူးကို ပေါင်းစပ်၍ မဟာအာနန္ဒာဗောဓိစေတီတော်ကို တည်တော် မူခဲ့၏။

## ပုဂံနှင့် ပဲခူး

ပုဂံက အာနန္ဒာမှာ အရှင်အရဟံလက်ထက် ကျန်စစ်သား မင်းကောင်းမှုဖြစ်၏။ ပဲခူးက မဟာစေတီကြီးမှာ ဟံသာဝတီ ပဲခူးက ဘုရင့်နောင်မင်းတရားကြီး၏ ကောင်းမှုဖြစ်၏။

## ဓေကာမ္ဗာမိသားစု

ထို့ကြောင့် ပုဂံနှင့် ပဲခူးကို ပေါင်းစပ်လိုက်၏။ အာနန္ဒာနှင့် မဟာစေတီကို ပေါင်းကူးလိုက်၏။ သို့နှင့် မဟာအာနန္ဒာစေတီကြီးဖြစ် ပေါ်လာ၏။ ကျိုက်ထီးဆောင်းဆရာတော်က ညွှန်ကြား၏။ ဒေါက်တာ ခင်ရွှေနှင့်ဇနီး ဒါစန်းစန်းကြွယ်၊ သား ကိုဇေယျာ၊ သမီး ဇေဇင်လတ် တို့က ဒါကာပြု၏။ သိန်း (၇၀၀၀) ကုန်ကျ၏။

## မင်္ဂလာဒုံဥယျာဉ်မြို့တော်

မင်္ဂလာဒုံ ဥယျာဉ်မြို့တော်တွင် မြို့ဦးစေတီများ ပေါ်ပေါက် လာအောင် ကြိုးစားခဲ့၏။ သို့ဖြင့် ရွှေတိဂုံ ပုံတော်ပွားစေတီ၊ မဟာ မြတ်မုနိပုံတော်ပွားစေတီ၊ ကေလာသပုံတော်ပွားစေတီ၊ ဓမ္မရာဇ

ုတော်ပွား စေတီ၊ ကျိုက်ထီးရိုး ပုံတော်ပွားစေတီ၊ ကျိုက်ထီးဆောင်း ုတော်ပွား စေတီ စသည်တို့ ဖြစ်ထွန်းလာ၏။ မြေတန်ဖိုး အပါအဝင် သိန်းပေါင်း (၂၇၀၀၀) ကျော် ယခုအထိ ကုန်ကျလျက်ရှိသည်။

## ရှိသမျှလှူ

သာသနာတော် ၂၅၀၀ မှ သာသနာတော် ၅၀၀၀တည်တံ့ အောင် ဆံတော်ရှင်သာသနာကို ဦးဆောင် သာသနာပြုနေသော ကျိုက်ထီးဆောင်းဆရာတော်၏ သာသနာ ၅၀၀၀ ရောင်တော်ဖွင့် လုပ်ငန်းများအတွက် (၂၀၀၀) ပြည့်နှစ်အထိ ငွေသား သိန်းပေါင်း (၃၀၀၀)ကျော် ပါဝင်ထား၏။

ရင်းပြင် မြေတူးစက် (၂)စီး၊ မြေသယ်စက် (၁)စီးတို့အပြင် လိုအပ်သမျှ ဘိုလပ်မြေလှူ၏။ အုတ် ကျောက် လှူ၏။ သံချောင်း လှူ၏။ ငွေလှူ၏။

## ကေလာသမှာ ရွှေတိဂုံ

ကေလာသ တောင်ထိပ်ပေါ်တွင်လည်း ရွှေတိဂုံပုံတော်ပွား စေတီတော်တစ်ဆူတည်လျှက်ရှိ၏။

## အခဓာတ်လမ်းစုံ

ဤကား (၂၀၀၀) ပြည့်နှစ်အထိ သာသာနာရေးဆိုင်ရာ ဆောင်ရွက်ချက်များဖြစ်၏။ အခြား အခြားသော လူမှုရေးနှင့် အထွေထွေလုပ်ငန်းများပါ အများအပြားပင်ဖြစ်၏။ အလှန်အံ့ဖွယ် ကောင်း၏။ သဒ္ဓါ၊ သီလ၊ လုံ့လ၊ ဝီရိယနှင့် ပြည့်စုံသူဖြစ်၏။ မော်လမြိုင်မှလာခဲ့၏။ မော်လမြိုင်သား ဇာတိဖြစ်၏။ အဖေ ဦးစောညွန့်ဖြစ်၏။ အမိ ဒေါ်ဒေါင်း ဖြစ်၏။ ဇေကမ္ဘာကုမ္ပဏီလီမိတက် ၏ အုပ်ချုပ်မှု ဒါရိုက်တာဖြစ်၏ဟု သိရပါသည်။

ဤသို့ဖြင့် ဇေကမ္ဘာသည် သာသနာပြု ဇေကမ္ဘာဟု အသေ
အချာ လူသိလာခဲ့ပါတော့သည်။ ဤသို့သိအောင်လည်း ဇေကမ္ဘာ
သည် နေရာတကာတွင် ဘယ်နေရာမှာ ဘာလိုနေသလဲ။ ဘာလုပ်
မလဲ စသည်အားဖြင့် ဒါနခန်းဖွင့်ရန် အမြဲရှာကြံလျက်ရှိကြောင်း
သတိထားမိ ပါသည်။ ထို့ကြောင့်ပင်လျှင် သာသနာရေးနှင့် ဇေကမ္ဘာ၊
ဇေကမ္ဘာနှင့် သာသနာရေးသည် ဘယ်လိုနည်းနှင့်မှ ခွဲခြား၍ မရနိုင်
တော့ချေ။

♦ ♦ ♦

# ဒေါက်တာခင်ရွှေလာလျှင် ပုန်းနေရင် ကောင်းမလား

ထိုစကားမှာ ကျိုက်ထီးဆောင်းဆရာတော်၏ နှုတ်ထွက်စကား ဖြစ်ပါသည်။ "ဒေါက်တာခင်ရွှေလာလျှင် ငါ့ကိုတော့ တစ်ခုခုလျှောက်တော့မှာပဲ။ စောစောက လျှောက်ထားလို့ လုပ်ဆောင်ချက်တွေတောင် မပြီးသေးဘူး။ နောက်ထပ် ဘာများ ထပ်လျှောက်ဦးမည်နည်း။ လျှောက်ထားသမျှတွေကလည်း သာသနာ့အကျိုးဖြစ်လေတော့ ဘုန်းကြီးတို့မှာ ရှောင်နေလို့လည်းမရ။ ဒီတော့ နေ့မအား ညမအား သုပ်ရလွန်းလို့ ဝိဇ္ဇာတောင် ရေထဲနှာခေါင်းပိတ်ပြီး ငုပ်ပြီး ရှောင်နေရရင် ကောင်းမလားလို့တောင် တွေးမိတယ်" ဟု ကျိုက်ထီးဆောင်းဆရာတော်က မိန့်တော်မူပါသည်။ ထိုမိန့်တော်မူချက်ထဲတွင် ဝမ်းသာကြည်နူးခြင်းနှင့်တကွ ဓမ္မရသတို့ပါ ရောပြွမ်းလျက် ဒကာဖြစ်သူအားရေကူးညာတင် ချီးမွမ်းဂုဏ်မြှောက်ခြင်းဖြစ်ကြောင်း ကျွန်တော်တွေးစားမိပါသည်။

ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကြီး ပြီးသည်၏ နောက်ပိုင်းတွင်တား

ဆံတော်ရှင်များ သာသနာသည် ပို၍ ပို၍ ပွင့်လင်းလာကြောင်း သိသာလှပါသည်။

ယခုအခါ ဘုရားဖူးတို့သည် ဆံတော်ရှင်များကို အလွယ်တကူ သွားရောက်ဖူးမြော်နိုင်ပါသည်။ ဤသို့ဖူးမြော်နိုင်အောင် ဦးဆောင်သူ ကျိုက်ထီးဆောင်းဆရာတော်နှင့် ဘုရားဒါယကာ ဇေကမ္ဘာမိသားစု တို့၏ အရိပ်သည်လည်း အစဉ်အမြဲ အရိပ်ထင်လျက်ရှိလေသည်။

ကျိုက်ထီးဆောင်းမှ ကေလာသဆံတော်ရှင်သို့လည်းကောင်း မြသပိတ်ဆံတော်ရှင်သို့ လည်းကောင်း ကတ္တရာခင်းလမ်းကြီးသည် (၈) မိုင်ခန့် ရှည်လျားလေသည်။ ထိုလမ်းမကြီးကို ရွှေဝါရောင် လမ်းမကြီး အပိုင်း(၂)ဟု ခေါ်ဆိုကြပါသည်။

ရွှေဝါရောင်လမ်းမကြီး အပိုင်း(၁)ဆိုသည်မှာ ဘီးလင်းမြို့မှ ကျိုက်ထီးဆောင်းရွာအထိ တည်နေသော လမ်းသစ်ကြီးကို ဆိုလိုပါ သည်။ ထိုလမ်းမှ တောက်လျှောက်ဝင်လာလျှင် ကျိုက်ထီးဆောင်းဆံ တော်ရှင်ဘုရားသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပါသည်။ ထိုသို့ရောက် အောင် လမ်းဖောက်ရန် ဒေါက်တာခင်ရွှေသည် ကြံစည်ခဲ့လေသည်။

ဘီးလင်းမှ တောင်စွန်းအထိ လမ်းသည်လည်း ယခင့် ယခင် က ကောင်းသင့်သလောက် ကောင်းခဲ့ပါသည်။ ကာလကြာသောအခါ ပျက်စီး၍ လာခဲ့ပါသည်။ သို့သော် ကျိုက်ထီးဆောင်းဆရာတော်သည် ဦးဆောင်ပြီးလျှင် ဒေသခံ ပြည်သူပြည်သားတို့၏ လုပ်အားဒါနဖြင့် နိုင်ငံတော်က ကူညီ၍ ဖောက်လုပ်ခဲ့သောကြောင့် ထိုကတ္တရာလမ်း သစ်ကြီးကိုလည်း ၄-၄-၂၀၀၀ပြည့်နှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထိုလမ်းမကြီးကိုပင် ရွှေဝါရောင်လမ်းမကြီး အပိုင်း(၁)ဟု ခေါ်ခဲ့ကြပါ သည်။

တစ်ပြိုင်တည်းမှာပင် ယခင့် ယခင်က မရှိခဲ့သေးဘူးသော

လမ်းသစ်ကြီးတစ်ခု ပေါ်ပေါက်လာပါသေးသည်။ ထိုလမ်းကြီးမှာ မိုင် ၃ဖာလုံရှိသော လမ်းကြီးဖြစ်ပါသည်။ ထိုလမ်းသည် အရက်သမ ရွာမှ ကျိုက်ထိုအထိ ရောက်ပါသည်။ ထိုလမ်းသည် ရွှေဝါရောင် လမ်းမကြီး အပိုင်း(၃)ဖြစ်ပါသည်။

ရွှေဝါရောင်လမ်းမအသစ်ကြီးမှာ အပိုင်း(၁)သည် (၈)မိုင်ရှည် ၏။ ၁၂ပေကျယ်၏။ ကတ္တရာလမ်းဖြစ်၏။ ၄-၁၂-၂၀၀၀ပြည့်နှစ်တွင် စတင်ဖောက်လုပ်ခဲ့၏။ ၁၅-၃-၂၀၀၁တွင် ပြီးစီးခဲ့၏။ (၃)လမျှသာ ကြာခဲ့၏။ ထိုလမ်းမကြီးကို ဖဲကြိုးဖြတ်ကာ ၁၉-၃-၂၀၀၁ ရက်နေ့ တွင် ဖွင့်လှစ်ပေးခဲ့ပါသည်။

ထို့နောက် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးသည် ကျောက်စာတိုင်ကို အမွှေးနံ့သာများ ပက်ဖြန်း၍ နိုင်ငံအတွက် ဆုတောင်းခဲ့ကြပါသည်။

ထိုသို့သော လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့ ဖွင့်ပွဲတို့တွင် နိုင်ငံတော်က အစစအရာရာ ကူညီပါသည်။ ဒေသခံပြည်သူများကို ဥာန်းဆက် ဖော်၍ သာသနာပြုရာတွင် ကျိုက်ထီးဆောင်း ဆရာ တော်ဘုရား၏ မေတ္တာကြောင့် ရွာလုံးကျွတ် လုပ်အားဒါန လှူသည် များလည်း ရှိပါသည်။ ဆရာတော် လုပ်သမျှကို နှစ်သိမ့်ကြည်နူး လျက် ပီတိကိုစားကာ ပင်ပင်ပန်းပန်း၊ ကြိုးကြိုးစားစား ရှာထားသော ငွေကိုနှမြောခြင်းမရှိ၊ မတွန့်မတို တွင်တွင်ထုတ်လျက် ရက်ရက် ရောရောကြီး ဒါနပြုနေသူမှာ ဆရာတော်၏ တပည့်ကြီးဖြစ်သော သုဝဏ္ဏဘူမိ ဆံတော်ရှင်များ တစ်ကျော့ပြန် ဘုရားဒကာကြီး ဒေါက်တာခင်ရွှေပင် ဖြစ်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါ သည်။

◆ ◆ ◆

# ပင်လယ်ဝတွင် ရွှေမိုးငွေမိုး ရွာသွန်းခြင်း

ဘယ့်နှယ်ဗျာ။ ပင်လယ်ဝမှာ ရွှေမိုး ငွေမိုး ထူးထူးဆန်းဆန်း ရွာသွန်းဖြိုးရသနည်းဟု မေးကောင်း မေးပါလိမ့်မည်။ အဖြေမှာ မိုးပြီး သား ဖြစ်ပါသည်။ ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးကို ပင်လယ်ဝအထိ ထွက်၍ လှေကလေးနှင့်သွားပြီး ထူးထူးခြားခြား ကန်တော့ကြရာတွင် ရေလမ်းတစ်လျှောက်မှာ ပင်လယ်ဝအထိ ငွေပဒေသာ ရွှေပဒေသာ ဝေဝေဖြာသော မင်္ဂလာဖြင့် ရွှေမိုး ငွေမိုး အကြိမ်ကြိမ် ရွာသွန်းဖြိုးခဲ့ပါ သည်ဟု ဆိုလိုပါသည်။

ထုံးစံအတိုင်းပင် ဖြစ်ပါသည်။ ကျိုက်ထီးဆောင်းဆရာတော် ဘုရားကြီးက လောင်းလှေကလေး၏ ရှေ့ဆုံးမှထိုင်ပါသည်။ သို့မဟုတ် မတ်တပ်ရပ်လျက် လိုက်ပါလာပါသည်။ နောက်ဘက်နား က ဒေါက်တာခင့်ရွှေက ထိုင်ပါသည်။ သူ့အနီးတွင် ငှက်ပျောတုံး ကလေးများဖြင့် ငွေပဒေသာပင် ချက်ချင်း ချက်ချင်း ပြုလုပ်ပေးသူ များက ထိုင်ပါ သည်။ ပြီးတော့ ကျွန်တော် ထိုင်ပါသည်။ ပြီးတော့ နောက်ဆုံးနားမှာ စက်လှေ သမားထိုင်ပါသည်။ ဤသို့ဖြင့် ပင်လယ်ဝ သို့ လှေကလေးဖြင့် ထွက်ခဲ့ကြပါသည်။ ဤတွင် သုဝဏ္ဏဘူမိ ဆံတော်

ရှင်ကြီး သာသနာကို ဖွင့်ဖော်ရာတွင် အံ့ဖွယ်ကောင်းသော ဆရာ တော်နှင့်တကွ အံ့ဖွယ်ကောင်းသော ပါရမီရှင်များနှင့်အတူ အံ့ဖွယ် ကောင်းသော ဒကာများအကြောင်းက မပါမဖြစ် ပါလာပါတော့ သည်။

"ပင်လယ်ထဲမှာ ရှင်ဥပဂုတ္တကို သွားကန်တော့ကြမလို့တဲ့။ လိုက်မလား"ဟု ဒေါက်တာခင်ရွှေက မေးပါသည်။ အလွန်ထူးဆန်း သဖြင့် လိုက်ပါမည်ဟုပင် ချက်ချင်းဖြေမိလိုက်ပါသည်။ ကျိုက်ထီးဆောင်း ဆရာတော်ကြီးကိုယ်တိုင်ဦးဆောင်၍ ပင်လယ်ဝသို့ လှေကလေးနှင့် ထွက်ကာ ပင်လယ်ထဲအထိ သွားကန်တော့မည်ဟုဆိုတော့ ပို၍လိုက် ချင်လာပါသည်။

ပင်လယ်ထဲသို့ လှေကလေးများနှင့် ထွက်လာကြရာ မိုးက အဆက်မပြတ်ရွာနေသဖြင့် လှေကလေးမှာ ရေတွေဝင်ပြီး လှေ မြုပ် သနီးပါးဖြစ်ရာ လှေထဲကရေတွေကို လက်မောင်းပြုတ် မတတ် ပက်ထုတ်နေစဉ်မှာ ဆရာတော်က လှေဦးမှာ မတ်တတ်ရပ်လျက် ရှင်ဥပဂုတ္တကိုယ်တော်ကြီးရှိရာအရပ်သို့ မျက်နှာမူကာ ရှိခိုးနေကြောင်း ဒေါက်တာခင်ရွှေက ပြောပြနေပါသည်။ ဟိုးတစ်နှစ်က အံ့ဖွယ်အတွေ့ အကြုံကြောင့် ယခုနှစ်လည်း 'သွားကြစို့'ဟု၊ 'မြင်ဖူးအောင်' ဟု ဒေါက်တာခင်ရွှေက သတင်းပေးခြင်းဖြစ်ပါသည်။ တောင်သမုဒ္ဒရာတွင် ကြေးပြာသာဒ်နှင့် စံစားနေတော်မူသော ရှင်ဥပဂုတ္တ ရဟန္တာမြတ်ကြီး ရှိရာ ပင်လယ်ထဲထိ လှေနှင့်ထွက်မည်ဖြစ်သဖြင့် အထူးစိတ်ဝင်စား သော်လည်း ကျွန်တော့်မှာ ရေမကူးတတ်သဖြင့် ခပ်လန့်လန့်ပင်။

'ကုသိုလ်ဆန်းဆန်းယူကြရအောင်' ဟု ဆရာတော်က မိန့်တော်မူပါသည်။ 'ငရဲဆန်းဆန်းမယူကြဖို့ သတိပြု' ဟုလည်း မိန့်တော်မူပါသည်။

စူဠပုဒ္ဓဂုဏ်ကိုရသော 'ဘိုးရဟန်း'ဟု ဆရာတော်က ပြောပါ

သည်။ ရှင်ဥပဂုတ္တရဟန္တာမြတ်ကြီးအကြောင်း သိသင့်သလောက် သိသော်လည်း ရှင်ဥပဂုတ္တကိုယ်တော်ကြီးကို 'ဘိုးရဟန်း'ဟု ခေါ်ဝေါ် သုံးစွဲသော အသုံးအနှုန်းကို မြန်မာပြည်မှာ ဘယ်မှာမှ (ကျွန်တော်) မကြားခဲ့ဖူးပါ။

ဆရာတော်ကမူကား 'ဘိုးရဟန်း'ကို သွားကန်တော့တာ ယခု နှစ်ပါဆိုလျှင် (၁၄)ကြိမ်၊ (၁၄)နှစ်ရှိပြီဟု မိန့်ကြားပါသည်။ ဆံတော် ရှင်များသာသနာဖွင့်ဖော်ရာတွင် ပထမဦးစွာ 'ကျိုက်ထီးဆောင်း' ထီးတော်ကို တည့်ရ မတ်ရသည်။ ဤတွင် 'ဘိုးရဟန်း'ကို ပင့်ရသည်။ 'ဘိုးရဟန်း' သည် သင်္ဂါယနာတင်တာကိုလည်း ကာကွယ်စောင့်ရှောက် ပေးခဲ့သည်။ မည်သူမျှ မကာကွယ်နိုင်တာကို 'ဘိုးရဟန်း'က ကာကွယ် နိုင်ခဲ့သည်။ ထို့ကြောင့် 'ဘိုးရဟန်း'ကို ပင့်ရသည်။ ယခုသွား၍ ကန်တော့ကြမည်ဟု ဆရာတော် မိန့်ကြား ပါသည်။

စက်တပ်ထားသော လှေကလေးတွေနှင့် လူအပြည့်အလျှံ တင်ကာ 'ဇုတ်သုတ်ရွာ' မှ တစ်ဆင့် အောင်လံတွေ လွှင့်ထူပြီး အောင်စည်အောင်မောင်းတွေတီးကာ ရွာလုံးကျွတ်ထွက်၍ ပင်လယ်ဝ သို့ ထွက်ကြ သည်။

'ဇုက္ကလိမြသိန်းတန်' ဆံတော်ရှင်မှာ ရေတစ်ဝက် ကုန်း တစ်ဝက်တည်နေသည်မှာ ဆန်းကြယ်လှ၏။ ထိုမှတစ်ဆင့် တော် တော်ကြီးဝေးသော တောင်သမုဒ္ဒရာသို့ 'ဘိုးရဟန်း'ကို ကန်တော့ မည့်ရက်သို့ ရောက်သောအခါ ပင်လယ်စပ်မှာ သောင်ကလေး၊ ကျွန်း ကလေး အလိုလို ထွန်းလာသည်။ ထိုသောင်ကလေး၊ ကျွန်းကလေး မှာ အုန်းပွဲ၊ ငှက်ပျောပွဲ အစုံအလင်ဖြင့် ရေမတက်လာခင် လူပေါင်း ရာထောင်သွား၍ ကန်တော့ ကြသည်။ ရေတွေတက်လာသောအခါ ရေထဲမှာ၊ လေထဲမှာ၊ မိုးသည်းသည်းမှာပင် ပင်လယ်ဝမှ ပြန်လာခဲ့ကြ ပါသည်။

ဘိုးရဟန်းထံ အသွားမှာလည်းကောင်း၊ အပြန်မှာလည်းကောင်း၊ ဒေါက်တာခင်ရွှေက ငါးရာတန်၊ တစ်ထောင်တန်ငွေစက္ကူများကို ငှက်ပျောတုံးလှေကလေးတွေပေါ် မှာ အောင်လံစိုက်ထူ၍ လှူကာ ရေမှာ မျှောခဲ့ရာ အနည်းဆုံး သိန်း (၃၀) ကျော်ပါသည်။

'အံ့ဖွယ်ဘိုးရဟန်း' နှင့် 'အံ့ဖွယ်ဆရာတော်' 'အံ့ဖွယ်ဒကာ များပါလား' ဟု တွေးမိပါသည်။

♦ ♦ ♦

# ညညတွင် ခြသေ့်ဟိန်းသံ ကြားရသည်ဆိုသော

# စေတီညီနောင်

သူကပဲ က်ကောင်းတာလား။ သို့တည်းမဟုတ် သမိုင်းကြောင်းကပဲ က်ကောင်းတာလား မသိ။ အိပ်မက်အရ ဒေါက်တာခင်ရွှေသည် စေတီညီနောင်ကို ရှာဖွေတွေ့ရှိ၍ တည်ထားကိုးကွယ်ခြင်းနှင့်အတူ သုဝဏ္ဏဘူမိ ရွှေမြေကိုလည်း ပြန်လည်တူးဖော်ခြင်းဖြင့် အမျိုးသား ဇာတိမာန်စိတ်ကို နှိုးဆွပေးလိုက်လေသည်ဟု ဆိုလျှင် ဆိုနိုင်ပါသည်။

သမိုင်းကြောင်း အထောက်အထားများကို ပြန်လည်တူးဖော်ခြင်းသည် မျိုးချစ်စိတ် ရှင်သန်ထက်သန်ရေးအတွက် ကြီးစွာသော အထောက်အပံ့ကြီးတစ်ရပ် ဖြစ်ကြောင်း အများသိပြီး ဖြစ်ပါသည်။

သမိုင်းကြောင်းကို ပြန်၍ မဖော်ဘဲနှင့် ဇာတိမာန်ဂုဏ်ရည်သည် ဘယ်ကမှ လာလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် အမျိုးဂုဏ်၊ ဘာသာဂုဏ်၊ သာသနာဂုဏ်သည် ရာဇဝင်သမိုင်းကြောင်းတို့နှင့် နှီးနွယ်၍ နေလေသည်။

၂၀၀၁ခုနှစ်၊ ဇွန်လ (၅)ရက်၊ အင်္ဂါနေ့ထုတ်၊ မြန်မာ့အလင်း

သတင်းစာ၊ ကြေးမုံသတင်းစာများတွင် ပါရှိလာသည့် သောနုတ္တရ စေတီညီနောင် ထီးတော်တင်ပွဲ သတင်းများနှင့် ပတ်သက်၍ အလွန် ထူးဆန်းသော မိုးပျံပေါင်းကူးတံတားကြီးပေါ်မှနေ၍ စေတီညီနောင် နှစ်ဆူကို ထီးတော်တင်လှူပုံ ဓာတ်ပုံများ ပါရှိပါသည်။

ရှေးအခါက မမြင်ဘူးသေးသော မိုးပျံပေါင်းကူး တံတားကြီး များ ဖြစ်သဖြင့် အလွန်ထူးဆန်းနေ လေသည်။ ထီးတော်၊ ငြမ်းတော် နှင့်တကွ ပေါင်းကူးတံတားများတို့ကို အလှလည်းကြိုက်၍ စိတ်ကူး လည်းကောင်းပြီး ငွေလည်း မနှမြောသော ဒေါက်တာခင်မွေကပင် ဆောက်လွင်ခဲ့လေသည်။

သောနုတ္တရစေတီညီနောင်၏ ဆွဲဆောင်မှုသတင်းကြောင့် တစ်ကြောင်း၊ အဆိုပိုင်သော မန္တလေးသိန်းဇော်၏ ဓမ္မသီချင်း ကျိုက်ထီးဆောင်း တေးသံများကြောင့် တစ်ကြောင်း၊ မြန်မာပြည် အနှံ့အပြား တောင်ပေါ် မြေပြန့်မကျန် ကျိုက်ထီးဆောင်း ကျိုက်ထီး ဆောင်းဟူသော အသံများနှင့်အတူ သုဝဏ္ဏဘူမိ ဆံတော်ရှင် သာသနာတော်ကြီး တစ်ကျော့ပြန် ဖွင့်ဖော်မှု ကြီးကျယ်သလောက် ဒါနသူဌေးကြီးတို့၏ ထောက်ပံ့မှုကလည်း အလွန်ကြီးကျယ်လှပါ သည်။

သောနုတ္တရစေတီရှေ့မှာ ရှေးဟောင်း ခြသေ့ကြီးတစ်ကောင် ရှိရာ ထိုဂဝံကျောက်တုံးကြီးမှာလည်း ခေါင်းမပါ အမြီးမပါပဲ တုံးတိတိ ကြီးကို ဆရာတော်က ရှာဖွေတွေ့ရှိခဲ့လေသည်။ အလွန့် အလွန် ရှေးကျသော ထိုဂဝံခြသေ့ကြီးကို ဆရာတော်၏ တပည့် ပါရမီရှင်များ က ပြန်လည်ထုတ်ဖော် အသက်သွင်းကာ သောနုတ္တရ စေတီညီနောင် ၏ရှေ့တွင် ဆရာတော်၏ ညွှန်ကြားချက်အရ တည်ထားခဲ့လေသည်။

ဆီမီးထွန်းနိုင်သည်။ ပန်းလှူနိုင်သည်။ သို့သော် ခြသေ့ကြီး ပေါ် မတက်ရဟူသော စာသားကလေးကလည်း အထူးအဆန်းပင်။

တစ်ချို့ကလည်း တက်တော့ဘာဖြစ်သလဲဟု ဆိုကြပြန်သည်။ ဘာဖြ
သည် တော့ အသေအချာမသိပါ။ ညညကျလျှင် ရွာထဲကလူ
မအိပ်ရ။ အိပ်ရေးပျက်လှသည်ဟု ဆိုပါသည်။ ဘာ့ကြောင့်လဲ
. . . မေးသောအခါ ညညမှာ ဒီနေရာမှာ ခြင်္သေ့ဟိန်းသံ
ကျယ်ကျယ်လောင်လောင်ကြီး ကြားကြားနေရတယ်ဗျာဟု ဆိုကြ
သည်။

တကယ်က ထိုနေရာမှာ ရွာလယ်ခေါင်ဖြစ်သဖြင့် ဘာခြင်္သေ့
မှ ရှိပုံမရ။ ရှိခဲ့လျှင်လည်း ထိုရှေးဟောင်းရုပ်ကြွင်း ခြင်္သေ့ကြီး
ဖြစ်နိုင်ပါသည်ဟု ထင်ကြေးပေးကြပြန်သည်။ ဤသို့ဖြင့် ညညရော
လျှင် ထ၍ ထ၍ ဟိန်းသည်ဆိုသော ခြင်္သေ့ကြီးမှာ လူသိများခဲ့
သည်။

ဘာပဲဖြစ်ဖြစ် သောနုတ္တရစေတီညီနောင် ပရိဂုဏ်ကြီး တင်
လုံးသည် အားလုံးက ဂရုတစိုက် ပြုကြရသော သာသနာပြု
တစ်ခုအဖြစ် လူသိများခဲ့လေသည်။ ဒါယကာပြုခဲ့သော ဒေါက်တာ
ခင်ရွှေကား ခေါင်းမော်၍ မဆုံးနိုင်တော့ပေ။

◆ ◆ ◆

# ရဟန္တာသမုတ်ခဲ့သော ရွှေဟောင်း ကလျာဏီသိမ်ကြီးကို ဒေါက်တာခင်ရွှေပင် ဒါယကာဖြစ်ပြန်သည်

အစဉ်အလာကြီးမားလှသော အရှင်သောဏနှင့် အရှင် ဥတ္တရမထေရ်မြတ်ကြီးတို့သည် ကောင်းကင်ခရီးမှ ကြွကာ တစ်နေ့တည်းမှာပင် နေ့ချင်းပြီး သိမ်ကြီး(၃)သိမ် သမုတ်ခဲ့ကြောင်း သိရပါသည်။

ယခုအခါ ကျိုက်ထီးဆောင်းဆရာတော်၏ ညွှန်ကြားချက်အရ ရွှေဟောင်းသိမ်တိုင်ကြီးများကို သောနုတ္တရညီနောင် စေတီအနီးတွင် ကံကောင်းစွာ ရှာဖွေတွေ့ရှိထားခဲ့ပါသည်။ သို့သော်လည်း ပြုပြင်မည့် ဒါယကာရောက်လာသည်အထိ စောင့်နေရသည်ဟု သိရပါသည်။ ရွှေရွှေက အလှူရက်ရောသော သူဌေးတွေ ဝင်လာမစဲ တသဲသဲရှိခဲ့သော်လည်း ဆရာတော်က ဘယ်သူ့ကိုမှ ပြုပြင်ခွင့် မပြု။ ခနပလေ့စေဟု မိုးထဲ ရေထဲ ပစ်၍ထားခဲ့လေသည်။ ပြုပြင်မည့်သူ လာလိမ့်မည်ဟု ဆိုပါသည်။ ထိုစကားသည် ရွှေစကားဖြစ်ပါသည်။

ဒေါက်တာခင်ရွှေက အိပ်မက်အရဟု လိုက်၍ရှာရာ တွေ့ရှိ

သော သောနုတ္တရ စေတီညီနောင်ကို ပြန်လည်ပြုပြင် ပူဇော်ရင်းမှာ မူလ ကလျာဏီသိမ်တော်ကြီးကိုလည်း ပြန်လည်ပြုပြင်ခဲ့လေသည်။ ဆရာတော်ကလည်း ခွင့်ပြုခဲ့သည်။

ဒေါက်တာခင်ရွှေ မိသားစုတို့က သိန်းပေါင်း(၁၁၀) မတည်သည်။ ACE ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးတင့်ဆန်း ဇနီး ဒေါက်တာ ဒေါ်ဌေးဌေးမြိုင်တို့က သိန်း(၃၀)လှူဒါန်းခဲ့လေသည်။ ဤသို့ဖြင့် ဇုတ်သုတ်ရွာ စသော ရှေးဟောင်း သုဝဏ္ဏဘူမိ နေရာဟောင်းတွင် ကလျာဏီသိမ်ကြီး ထည်ထည်ဝါဝါ ပေါ်ထွန်းလာခဲ့သည်။ ယခုအခါတွင်ကား ကျိုက်ထီးဆောင်းဆရာတော် တူးဖော်လိုက်သော သမိုင်းဟောင်း လမ်းကြောင်းကိုလိုက်၍ ဇုတ်သုတ်ရွာကြီးသည် စံပြရွာကြီးဖြစ်လာ၍ လမ်းသစ်နှင့်တန်ဆောင်းသစ်နှင့် သိမ်သစ်နှင့် အလွန်ခံ့ညားနေလေသည်။ မြို့ဟောင်း ရွာဟောင်းတို့ တစ်ခေတ်ပြောင်း၍ မြို့သစ် ရွာသစ်တို့ ဖြစ်လာသည်နှင့်အမျှ ပြည်နယ်တို့သည်လည်း မြို့ကြီးနှင့်မခြား ဖွံ့ဖြိုးမှု၊ တိုးတက်မှုဆီသို့ ရှေ့ရှုနေလေသည်။ ဤသို့ နိုင်ငံသစ် တည်ဆောက်ရာတွင်လည်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တို့၏ ကူညီပံ့ပိုးမှုသည် နိုင်ငံသစ် အတွက် အရေးကြီးကြောင်း အားလုံးက သဘောပေါက်လျက် ရှိကြပါသည်။

◆ ◆ ◆

# ဆင်တစ်ပါ၊ မြင်းတစ်ပါရှိသော ဘိုးရဟန်းရွာတွင် တပ်တော်ဦးစေတီ တည်ပြန်ခြင်း

ဘိုးရဟန်းဆိုသည်မှာ အများသိပြီးဖြစ်သော အရှင်ဥပဂုတ္တ ဗဟုဿုတ မထေရ်မြတ်ကြီး ဖြစ်ပါသည်။

ကျိုက်ထီးဆောင်းဆရာတော်ကြီးက ကြည်ညို ရှိသေစွာဖြင့် ဘိုးရဟန်းဟု ပြောလေ့ရှိရာ ပထမတော့ ဘာမှန်းမသိ။ နောက်တော့မှ ရှင်ဥပဂုတ္တ ကိုယ်တော်မြတ်ကြီးကို ဘိုးရဟန်းဟု ကြည်ညိုစွာ ခေါ်တော်မူကြောင်း သိရပါသည်။ ထိုအခါ အားလုံးကပင် ဘိုးရဟန်းဟု လိုက်၍ခေါ်ကြသဖြင့် ရန်ကုန်သားတွေအဖို့ အတော်ကလေး သုံးဆန်းသော စကားလုံးကလေးတစ်လုံး ဖြစ်နေပါသည်။

နှစ်စဉ်နှစ်တိုင်း ဘိုးရဟန်းကိုယ်တော်မြတ်ကြီးကို ပင်လယ်ဝ အထိ သွား၍ ကိုယ်တိုင်ကိုယ်ကျ ကန်တော့လေ့ရှိရာ ယခုအချိန်ပါ ဆိုလျှင် (၁၆)ကြိမ် ရှိပြီဟု ဆိုပါသည်။ ဤစာရေးသည့်အချိန်တွင် ဒေါက်တာခင်ရွှေက ဘိုးရဟန်းကန်တော့ပွဲသို့ လေးကြိမ်တိတိရောက်

ဖူးခဲ့ပြီး ဖြစ်ပါသည်။ ကျွန်တော်ကား ဒေါက်တာခင်မွှေ၏ ကောင်း
ကြောင့် သုံးကြိမ် ရောက်ခဲ့ဖူးပြီး ဖြစ်ပါသည်။

ဘိုးရဟန်းကန်တော့ရန် အသွား လှေထွက်သော ဆိပ်တ
ရွာကလေးကို ဘိုးရဟန်းရွာဟု အားလုံးက ခေါ်ဆိုကြပါသည်။
ဘိုးရဟန်းရွာတွင် ဆံတော်ကြို တပ်တော်ဦးစေတီပောင်းတင်
ရှေးကတည်းက ရှိခဲ့ပါသည်။ ထိုဆံတော်ကြို တပ်တော်ဦးစေတီ အ
အနားတွင် အလွန်ရှေးကျသော ဆင်တပ် မြင်းတပ်များ ရှိပါ သည်
ဆင်တပ် မြင်းတပ်ဆိုသည်မှာလည်း ဂဝံကျောက်တုံးကြီးတွေပေါ်
ဆင်ရုပ်ကြီးတွေ မြင်းရုပ်ကြီးတွေ ထုလုပ်ထားပြီး ထိုကျောက်တုံးကြ
များကို ဆင့်ကာဆင့်ကာ စီကာ စီကာ ဂဝံအုတ်တံတိုင်းကြီး လုပ်ထား
ကြောင်း တွေ့ရရာ ဆင်တပ် မြင်းတပ်ဆိုသည်မှာ ထို ရှေးဟောင်း
ဂဝံအုတ်တံတိုင်းကြီးကိုပင် ဆိုလိုကြောင်း တွေ့ရှိရပါသည်။

ထိုကဲ့သို့ ရှေးကျသော ဆင်တပ် မြင်းတပ် ဂဝံအုတ်တံတိုင်း
မြို့ရိုးကြီးများကို အလွန်ရှေးကျသော နေရာများတွင် တွေ့ရကြောင်း
သုတေသီတို့ထံမှ သိရပါသည်။ ထို ဆင်တပ် မြင်းတပ်မျိုးကို ရှေးဟောင်း
သီရိခေတ္တရာ မြို့ဟောင်းတွင်လည်း တွေ့ရကြောင်း သိရပါသည်။
ထိုကဲ့သို့ အလွန်ရှေးကျသော ဂဝံလက်ရာများကို သန်လျင်
ကျောက်တန်းမြို့နှင့် ကျိုက်ပါဒကြီးဆံတော်ရှင် ပတ်ဝန်းကျင်တွင်
လည်း တွေ့ရကြောင်း သိရပါသည်။

ထို ဘိုးရဟန်းရွာ ဆံတော်ကြို တပ်တော်ဦးစေတီကိုလည်း
ပြုပြင်ရန် အချိန်ရောက်ပြီထင်ပါရဲ့ဟု တွေးမိပါသည်။ အဘယ်
ကြောင့်ဆိုသော် ဒကာတော်မှာလည်း အခြားမဟုတ်။ ဒေါက်တာခင်မွှေ
ပင် ဖြစ်၍နေပြန်လေသည်။

အံ့စရာကောင်းသည်မှာ ဒေါက်တာခင်မွှေသည် မိသားစုနှင့်
တစ်ခွန်းတစ်ပါဒမျှ ငွေရေးကြေးရေးမှစ၍ အလှူဒါန ဟူသမျှ

ခတိုင်ပင်ပဲ မိမိသဒ္ဓါပေါက်သောနေရာတွင် မိမိသဒ္ဓါရှိသလောက် လှူ၍ လှူ၍ နေသည်ကို တွေ့၍ တွေ့၍ နေရသော်လည်း မိသားစု အားလုံးက ပြန်၍ ပြောတိုင်း ပြောတိုင်း ဝမ်းသာအားရ ရှိကြကြောင်း သိရရာ အလွန်လိုက်ဖက်ညီသော "နတ်ဖက်တဲ့ မိသားစု" ဟူ၍ပင် ခတွေးမိပါတော့သည်။

♦ ♦ ♦

# ပြည်နယ် ဖွံ့ဖြိုးမှုအတွက် ဒါနခန်းများ

ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးသည် လောက လူသားအပေါင်းတို့၏ အကျိုးစီးပွားအတွက် လမ်းသစ်များ ဖောက်ခဲ့ကြောင်း၊ လမ်းဟောင်းများကို ပြုပြင်မွမ်းမံပေးခဲ့ကြောင်း၊ ဇင်းအဖြင်ပတ်ဝန်းကျင် ကျေးရွာလူထု အကျိုးစီးပွားအတွက် သောက်ရေသုံးရေ များ ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ ရှိခဲ့ကြောင်း၊ ဇင်းဖြင်ပတ်ဝန်းကျင်ကျေးရွာရှိ ကလေးသူငယ်များ ပညာတတ်မြောက်ရေးအတွက် လိုအပ်သော စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်း အခါအားလျော်စွာ လိုအပ်သော ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ခြင်း ဆရာ ဆရာမများအားလည်း လိုအပ်သော ထောက်ပံ့ကူညီမှုများ ပြုပေးခြင်းစသော လောကတ္ထစရိယာနှင့် ဉာဏတ္ထစရိယာတို့ကို ဖြင့်ကျင့်လျက်ရှိကြောင်း သိရသဖြင့် အလွန် ကြည်ညိုမိပါသည်။

ဆရာတော်ပြုသမျှတို့ကို "နောင်တ မရစတမ်း" ဟူသော အမိဋ္ဌာန်ဖြင့် လိုအပ်သမျှ ငွေရေးကြေးမှစ၍ ဒါနကြီးပြုလျက်ရှိသော အလှူဒကာကြီးမှာ ဒေါက်တာခင်ရွှေ ဖြစ်နေကြောင်း တွေ့ရသော အခါ သာဓုမခေါ်ဘဲ မနေနိုင်တော့ပါ။

ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီးသည် မွန်ပြည်နယ် အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် စေတီတော်များကို ပြုပြင်မွမ်းမံ ပြန်လည်တည်ဆောက်သောအခါများတွင် လည်းကောင်း၊ ရွှေထီးတော်မြတ် စသည်တို့ တင်လှူသောအခါများတွင် လည်းကောင်း၊ ရွှေသင်္ကန်းတော်များကပ်လှူခြင်း၊ လမ်းဖောက်ခြင်း စသော ကိစ္စများ တွင် လည်းကောင်း၊ အာရုံခံတန်ဆောင်းများ ပြုပြင်မွမ်းမံတည်ဆောက် ရာတွင် လည်းကောင်း၊ လိုအပ်သည့်နေရာများတွင် ရှေးဟောင်း စေတီပုထိုးများ ပြုပြင်မွမ်းမံရာတွင် လည်းကောင်း၊ စေတီတော် အသစ်များ တည်ထားကိုးကွယ်ရာတွင် လည်းကောင်း၊ သာသနာပြု လုပ်ငန်းများ အစဉ်တစိုက် ပြုလုပ်နေကြောင်း လေ့လာတွေ့ရှိရပါ သည်။

ထိုလေ့လာချက်နှင့်အတူ ကုန်ကျသမျှ ဘိလပ်မြေ၊ အုတ်၊ သဲမှစ၍ ငွေရေး ကြေးရေး အပါအဝင် လမ်းကြိတ်စက်ကြီးများ မြေဖို့ စက်ကြီးများ စသည်တို့ကို ဒကာပြုနေသူတစ်ယောက်သည် ရှိကို ရှိရမည်ဟု တွေးမိခဲ့ပါသည်။

ထိုဒကာသည် အမည်မဖော်ဘဲ နေခဲ့သော်လည်း နောင် အခါမှ ဒေါက်တာခင်ရွှေ မိသားစုမှန်း သိလိုက်ရပါသည်။ အံ့ဖွယ် ကောင်းလေစွဟု ပြောရုံမှတစ်ပါး အခြားစကား ရှာ၍ မရနိုင်တော့ပါ။

◆ ◆ ◆

# ဘာသာရေးကြောင့် လောကီရေးရာ စီးပွားရေးရာ လုပ်ဆောင်မှုများ အားနည်းသွားနိုင်ပါသလား

"တပည့်တော် ဘာသာရေးတွေဘက်မှာ အချိန်တွေ သိပ်သုံး ထားတော့ လောကီဘက်မှာ အတော်ကလေး အားလျော့သွားပါ တယ် ဘုရား။ စီးပွားရေးလောကမှာ လောဘကလေးတော့ မပါလို့ က မရပါဘူး ဘုရား။ ဒီလို တပည့်တော် တစ်ခါတစ်ခါ တွေးမိပါ တယ် ဘုရား" ဟူ၍ ဒေါက်တာခင်ရွှေက ကျိုက်ထီးဆောင်းဆရာ တော် ဘုရားဆီသို့ လျှောက်ထားခဲ့ပါသည်။ တစ်ရံရောအခါက ဖြစ်ပါ သည်။

ထိုအခါ ဆရာတော်က ပြုံးပါသည်။ ပြီးတော့မှ -

" ဒကာရယ် လောကမှာ လောဘမရှိရင် ဆရာတော်တောင် ဘုရားတွေ တစ်ဆူပြီး တစ်ဆူ ဘယ်လိုလုပ်ပြီး တည်မှာလဲ"

ဟူ၍ ပြန်လည်ဖြေကြားခဲ့ပါသည်။ ထိုအခါ ဒေါက်တာခင်ရွှေ က ကျေနပ်နှစ်သိမ့်စွာဖြင့် တပည့်တော် သဘောပေါက်ပါပြီ ဘုရားဟု ပြန်လည်လျှောက်ထားခဲ့ပါသည်။

ကျွန်တော်သည် ဒေါက်တာခင်ရွှေ၏ စီးပွားရေးလုပ်ငန်းများ

ကို မြင်တိုင်း မြင်တိုင်း ထိုစကားကလေးကို ပြန်၍ ပြန်၍ သတိရမိပါ
သည်။ ဒေါက်တာခင်ရွှေအနေဖြင့် စီးပွားရေးလုပ်ငန်းများ အဘယ်
ကြောင့် အောင်မြင်နေကြောင်း၊ အဘယ်သို့သော အတွေးအခေါ်များ
နှင့် လုပ်ကိုင်သောကြောင့် အောင်မြင်လျက်ရှိပါသနည်းဟု ကျွန်တော်
ကြာ မကြာ တွေးမိပါသည်။

အဖြေမှာ ရှင်းပါသည်။

"ဗုဒ္ဓရဲ့ တရားတော်ကို သက်ဝင်ယုံကြည်ပြီး ဗုဒ္ဓရဲ့ အဆုံး
အမနဲ့အညီ နေထိုင် ကျင့်ကြံ လုပ်ကိုင်လို့ အောင်မြင် ခြင်း
ဖြစ်ပါတယ်။"

ဟု ဒေါက်တာခင်ရွှေက ပြန်၍ ဖြေခဲ့ပါသည်။

ဒေါက်တာခင်ရွှေ၏ လောကီရေးသည် ဘာသာရေးကြောင့်
ဘာမှမထိခိုက်ပါ။ ထို့အတူ သူ၏ လောကုတ္တရာ အရေးသည်လည်း
လောကီအရေးကြောင့် သဒ္ဓါတရား တွန့်ဆုတ်သွားသည်ဟူ၍ မရှိခဲ့
ကြောင်း အကဲခတ်မိပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည်
ဘက်ထရီ အိုးများကဲ့သို့ သူ့အကန့်နှင့်သူ အကန့်ကလေးတွေလုပ်၍
လောကကြီးကို ကန့်သတ်နေထိုင်သောကြောင့် ဖြစ်ပါသည်ဟု
တွေးမိပါသည်။

စီးပွားရေးလုပ်ငန်းများအပေါ် ဒေါက်တာခင်ရွှေ ဘယ်လိုမြင်
ပါသလဲဟု အမေးရှိခဲ့ရာ သူက ရိုးရိုးကလေးပင် ပြန်၍ ဖြေပါသည်။

"စီးပွားရေးလုပ်ငန်းတွေဆိုတာက ဖျဉ်းကတိုးတို့
ကျွန်းတို့ဆိုတဲ့ သစ်တွေထဲက ကျွန်းရဲ့အရောင်နဲ့ တူတယ်လို့
ကျွန်တော် ပြောချင်ပါတယ်။ ကျွန်းရဲ့ အရောင်ဟာ အဝါ
လည်း မဟုတ်ပါဘူး။ ပြီးတော့ အညိုရောင်လို့လည်း မဆိုနိုင်
ပါဘူး။ ပြီးတော့ အစိမ်းရောင်လည်း မဟုတ်ပါဘူး။ ပြောရ
အလွန်ခက်ပါတယ်။ ရွှေရောင်လည်း မဟုတ်ပါဘူး။ အရောင်
မျိုးစုံ ရောယှက်နေတယ်လို့ထင်ပါတယ်"

"ဒီသဘောအတိုင်းပါပဲ။ စီးပွားရေးဆိုတာကလည်း ကျွန်
အရောင်ပြောဖို့ခက်သလို ခက်လှပါတယ်။ နက်နဲပါတယ်
ပြီးတော့ သိမ်မွေ့ပါတယ်"

ဤသို့ ဒေါက်တာခင်ရွှေက ဥပမာ ဥပမေယျတွေနှင့် ပြန်
ပြောသောအခါ ကျွန်တော်လည်း နဂိုကမှ သူ့အကြောင်းစဉ်းစား
မျက်စိလည်နေခဲ့ရာ ယခုကဲ့သို့ သူပြောလိုက်သောအခါ ပို၍ မျက်
လည်သွားပါတော့သည်။ သို့သော်လည်း သူ့မှာ ဖြေဆေးရှိပါသည်
ထို ဖြေဆေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"ဘာမဆို ကိုယ်တွေ့ကြုံမှ သိရတာတွေ အများကြီး
ဥပမာပြောရရင် ကျွန်တော် ငယ်ငယ်တုန်းကအကြောင်း
ပြန်ပြောရမှာပဲ။ လူတိုင်းသိတဲ့ ဥပမာပါပဲ။ ကျွန်တော်
ငယ်ငယ်တုန်းက ဘာလဲလို့ စပ်စုတတ်တဲ့အရွယ်တုန်း
ပေါ့။ မီးဆိုတာ ဘာမှန်း မသိခဲ့ပါဘူး။ အဲဒီ အရွယ်က သုံးနှ
သားအရွယ်လို့ ဆိုပါစို့။ အဲဒီတုန်းကပေါ့ ရာဘာစေး
တစ်စကို မီးနဲ့ရှို့ပြီး လက်ပေါ် တင်ကြည့်တယ်။ တစ်ခါ နှစ်
သုံးခါလောက် တင်ကြည့်ခဲ့ပါတယ်။ လက်ဖမိုးပေါ် တင်လိုက်
တဲ့အခါ ပူသွားပါတယ်။ ပြီးတော့ မီးလောင်ရာ အမာရွတ်
ထင်ပြီး ကျန်ခဲ့ပါတယ်။ အဲသည်လို မီးဆိုတာ ပူတယ်လို့
သိပြီးတဲ့နောက်မှာ ဒီလိုထပ်ပြီး ကျွန်တော်တို့ဟာ မလုပ်တော့
ပါဘူး"

"အဲဒီ့ ဥပမာအတိုင်းပါပဲ။ ကျွန်တော်တို့ စီးပွားရေးသမားတွေ
ဟာ စီးပွားရေးလုပ်တဲ့အခါမျိုးမှာလည်း အဲဒီ့သဘော
သဘာဝတွေကို တွေ့တွေ့နေရပါတယ်။ ကျွန်တော်တို့
တစ်ကိုယ်လုံး မှာ အမာရွတ်တွေ ပေါ့နော်။ စီးပွားရေး
ဒဏ်ရာဒဏ်ချက်တွေ လို့ ဆိုနိုင်ပါတယ်။ အဲဒီ့ စီးပွားရေး
ဒဏ်ရာဒဏ်ချက်တွေကို ကျွန်တော်တို့က သင်ခန်းစာ ယူ

မယ်။ သင်ခန်းစာယူ တယ်ဆိုတာကလည်း စောစောက ပြောသလိုပေါ့။ မီးနဲ့ကစားသလိုပါပဲ။ နောက်ထပ် အမာရွတ် ထပ်ပြီး မဖြစ်ရအောင် ကြိုးစား ရမှာပါပဲ"

ဤသို့ဖြင့် ဒေါက်တာခင်ရွှေသည် ငယ်ဘဝ၏ သင်ခန်းစာများကို ကြီးဘဝ၏ ဒဿနများအဖြစ် ပြုပြင်ယူနိုင်ခဲ့လေသည်။ ဤသို့ဘဝအထွေထွေမှ ကြုံလေသမျှ ဆုံလေသမျှတို့ကို သင်ခန်းစာယူတတ်သောကြောင့်လည်း သူသည် လောကီ လောကုတ် နှစ်ဖြာသော နေရာတို့တွင် အောင်မြင်မှုရခြင်းဖြစ်သည်ဟု မှတ်ချက်ချနိုင်ပါသည်။

သူ၏ ဒဿနများသည် အလွန် အဖိုးတန်လေသည်။ ဥပမာအားဖြင့် ပြောရလျှင် အချိန်ဟူသော စကားကလေးမှာ လူတိုင်းသိပြီးသား ဖြစ်ပါသည်။ သူ၏ "အချိန်" အပေါ် ထင်မြင်ချက်မှာ တစ်မူထူးခြားလှပါသည်။

ဤသို့ဖြင့် ဒေါက်တာခင်ရွှေသည် ကွက်တိအောင်မြင်ဖို့ရန်အတွက် အချိန်ကို ကွက်တိ ဆုံးဖြတ်နိုင်သောစွမ်းရည်ထူးကို ပိုင်ဆိုင်နိုင်အောင် ကြိုးစားခဲ့သူဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။ ထို့ကြောင့်လည်း သူသည် အောင်မြင်ခဲ့သည်ဟု ထပ်ဆင့်၍ တွေးတောနိုင်ပါသည်။

ဤသည် ဤသည်တို့မှာ ဘာသာရေးဘက်ကို သိပ်ပြီး ကိုင်းရှိုင်းသည်ဟူ၍ လောကအရေးဘက်ကို မပေါ့မဆ နေတတ်ထိုင်တတ်သောကြောင့် လောကီ၏ အောင်မြင်မှုများနှင့်အတူ လောကုတ္တရာ ရတနာပန်းကိုလည်း ဒါနသူဌေးကြီးအဖြစ် ရယူခဲ့သော သူတစ်ယောက်၏ စကားများဖြစ်သဖြင့် မျိုးဆက်သစ်တို့ သင်ခန်းစာယူထိုက်သည်ဟု ဆိုလျှင် မှားလိမ့်မည်မထင်ပါ။

♦ ♦ ♦

# မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အစုရှယ်ယာများလှူဒါန်းခြင်း

ဒီလောက် အလုပ်များသည့်ကြားထဲက သူသည် စာနယ်ဇင်း ဆရာများနှင့် တွေ့ဆုံရန် စိတ်ကူးပေါက်သေးသည်။ ဘာပဲဖြစ်ဖြစ် စာပေနှင့် စာနယ်ဇင်းပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး၍ အကြံဉာဏ် များ တောင်းခံရလျှင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် အနေဖြင့် ကောင်းမည်ဖြစ်ကြောင်း သူစိတ်ကူးရခဲ့ပါသည်။

ဘာသာရေးကိစ္စများနှင့် မင်္ဂလာဒုံဥယျာဉ်တွင် မြို့တော်ဦး စေတီများ သတင်းကျွတ်အမိ ဌာပနာသွင်းပွဲတော်များ ကျင်းပရန် စိုင်းပြင်းနေသည့်ကြားထဲက စာနယ်ဇင်းဆရာများကို သူသတိရသေး သည်မှာ မဆန်းပါ။ သူသည် တစ်ရံရောအခါက မြရိပ်ညိုမဂ္ဂဇင်းဟူ၍ မဂ္ဂဇင်းတစ်စောင်ကို ထုတ်ဝေသူအဖြစ် ထုတ်ဝေခဲ့သေးကြောင်း ကျွန်တော် အမှတ်ရလာပါသည်။

သို့နှင့် ၂၃-၇-၂၀၀၂ခုနှစ်တွင် မင်္ဂလာဒုံဥယျာဉ်မြို့တော် ဇေကမ္ဘာခန်းမ၌ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေ ဇေကမ္ဘာနှင့် အမှုဆောင်အဖွဲ့သည် စာနယ်ဇင်းပညာရှင်များ

နှင့် တွေ့ဆုံနိုင်ခဲ့လေသည်။ သည်နေရာမှာလည်း ကျွန်တော်ပြောလို သည့် အချက်တစ်ချက်က ခေါင်းထဲဝင်လာပါသည်။ ထိုအချက်သည် အခြား မဟုတ်ပါ။ ဆံတော်ရှင်များ ဖွင့်ဖော်လျက်ရှိသော ဒါယကာကြီး တစ်ဦး၏ ခေါင်းထဲတွင် အစဉ်အမြဲရှိနေသော ဒါနပါရမီအကြောင်း ပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မူလကတည်းက သူ လေးစားပြီးဖြစ်သော စာပေပညာရှင်များနှင့်တွေ့ဆုံသောအခါ မူရင်း ရည်ရွယ်ချက်ဖြစ်သော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအတွက် အကြိုဉာဏ်တွေဘာတွေ မတောင်းခံမီကတည်းကပင် သူ၏စေတနာ အလျောက် သူတို့ ဦးပိုင်လီမိတက်မှ ငွေ (၁၀)သိန်းကို အလှူအဖြစ် ဦးစွာလှူဒါန်းခဲ့လေသည်။ ထိုအချက်မှာ သူ့စေတနာ စရိုက်ပင် ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အကြံများ ရသည် မရသည် ဟု အပထား သူက ဒါနခန်းကို ဦးစွာ ပြခဲ့သောကြောင့် ကျွန်တော်က လည်း သူ့ကို ရောက်ရာအရပ်မှာ ဒါနသူဌေးကြီးအဖြစ် မြင်၍ မြင်၍ နေကြောင်း ပြောခဲ့ရခြင်း ဖြစ်ပါသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအနေဖြင့် အမျိုးသား စီးပွားရေးလုပ်ငန်းကြီးတွင် အများပြည်သူတို့ ယုံကြည်စိတ်ချစွာ ပါဝင် ၍ အကျိုးခံစားနိုင်ရန်အတွက် အစုရှယ်ယာများကို အများပြည်သူ များသို့ ရောင်းချနေကြောင်း စာပေရှင်များသို့ သူက တင်ပြပါသည်။ ဤတွင် ရှယ်ယာတစ်စုသည် ပရီမီယမ်ကြေးအပါအဝင် တစ်သောင်း လေးထောင်ဖြစ်ကြောင်းပြောရင်း စာပေပညာရှင်များအဖွဲ့သို့ ငွေကျပ် (၁၀) သိန်း လှူခဲ့ပါသည်။

ထိုအခါ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး ငွေအင်အားတောင့် တင်း အမြဲတမ်း ရှိးသားစွာ ကြံစည်ကြိုးစားလျက်ရှိသော ရန်ကုန် တက္ကသိုလ်က သမိုင်းပါမောက္ခဟောင်း ပညာရှင်ဒေါက်တာ ခင်မောင်ညွန့် နှင့် အမျိုးသားစာပေပညာရှင် မောင်ဆုရှင်တို့က ပေးသင့် မပေးထိုက်

သော အကြံဉာဏ်များကို ပညာရှင်ပီပီ အသုံးချနိုင်အောင် ပေးနေစဉ် မှာပင် မောင်ဆုရှင်က အကြံပေါက်၍ -

"အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီကို အားပေးရာလည်း ရောက်အောင် ပွဲဦးထွက်အနေအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးလည်း အစုရှယ်ယာ လုပ်ငန်းတွင် ရှေ့ရေးအတွက် ပါဝင်နိုင်အောင်ဟူ၍ ဥက္ကဋ္ဌ ဒေါက်တာခင်မွေအမှူး ပြုသော အမှုဆောင်အဖွဲ့ဝင်များ သဘောတူညီချက်ဖြင့် လှူဒါန်းသော ထိုငွေ (၁၀)သိန်းကို အစုရှယ်ယာများ ဝယ်၍ စုဆောင်းထားရလျှင် ကောင်းမည် လား"

ဟု အကြံပေးလိုက်ပါသည်။

ထိုအခါ ဒါနအရာမှာဖြင့် ချက်ဆို နားခွက်က မီးတောက် လျက် ရှိသော ဒေါက်တာခင်မွေက -

ကောင်းလှပါပြီဗျာ။ ငွေမလောက်၍ ဖြစ်နေရင် အစုရှယ်ယာ တစ်ရာတိတိ ဝင်ဖို့အတွက် လိုတဲ့ငွေကို ကျွန်တော်ကပဲ အမှုဆောင် အဖွဲ့ကို တင်ပြပါ့မယ်။ သူတို့ကလည်း သဘောတူမှာပါပဲ။ စေတနာ ကောင်းသူတွေပါပဲဗျာ။ စာပေကောင်းကျိုးအတွက် လှူဒါန်းရတာ စာပေပညာရှင်တွေ အဆင်ပြေလေလေ စာကောင်း ပေကောင်းတွေ ပြုစုနိုင်လေ လေမို့လို့ တကယ်လို့များ အမှုဆောင်အဖွဲ့က ငွေကျပ် (၁၀) သိန်းပဲ အရင်က ဆုံးဖြတ်ထားတဲ့အတိုင်း လှူပါမယ်လို့ ဆိုရင် တော့ ကျွန်တော်ကပဲ တာဝန်ယူပြီးတော့ လိုနေတဲ့ ငွေကျပ် (၄) သိန်းကို ကျွန်တော်အိတ်ထဲက စိုက်ပြီး လှူပါ့မယ်ဗျာ"

ဟူ၍ ပဟောဒိုင်းဒိုင်းကြီး ပြောချလိုက်သောအခါ အားလုံး ကပင် အံ့အားလည်း သင့်သွား၏။ ဝမ်းလည်း မြောက်သွားကြ၏။ သောသောညံသွားသော ခန်းလုံးပြည့် လက်ခုပ်သံများက သက်သေခံ

# အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်တွင် ဒေါက်တာခင်ရွှေဥက္ကဋ္ဌဖြစ်ခြင်း

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ ဆိုသည်မှာ အခြား မဟုတ်ပါ။ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းက ကြီးမှူးပြီး အလုပ်အမှုဆောင် အသစ်များရွေးချယ်လျက် ပြန်လည် ဖွဲ့စည်းခဲ့သော ကုမ္ပဏီတစ်ခုဖြစ်သည်ဟု သာမန်ဆိုရပါမည်။ သို့သော် လည်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီသည် သာမန်ရိုးရိုးကုမ္ပဏီ အနေအထားမှာ မရှိပါ။ ပို၍ အဆင့်မြင့်ပါသည်။ ပို၍ ခိုင်မာပါသည် ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံဆောက်လုပ် ရေး လုပ်ငန်းရှင်များအသင်းက ကြီးမှူးပြီးလျှင် ပုဂ္ဂလိက စီးပွားရေး ကဏ္ဍ တိုးတက်မြင့်မားရေးကို ဦးတည်လျက် အများပိုင်ကုမ္ပဏီတစ်ခု အဖြစ် ဖွဲ့လိုက်သောကြောင့်ဖြစ်ပါသည်။ ထိုနေ့သည် ၂၉-၆-၂၀၀၂ ဖြစ်ကြောင်း ကျွန်တော် မှတ်မှတ်သားသားရှိပါသည်။

ထိုအဖွဲ့ကိုဦးဆောင်ပြုနေသူများမှာ မြန်မာနိုင်ငံတွင် ထိပ်တန်းကျကျ အောင်မြင်နေသည့် စီးပွားရေး လုပ်ငန်းရှင်များဖြစ် ကြောင်း သိရပါသည်။

သူတို့သည် တစ်ဦးချင်း တစ်ဦးချင်း စီးပွားရေးလုပ်ငန်းတို အထက်တန်းကျကျ အောင်မြင်နေသူများဖြစ်ပါသည်။

"ပုဂ္ဂလိက စီးပွားရေးကဏ္ဍကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းကာ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အရှိန်အဟုန် ပြင်းပြင်းထန်ထန် လုပ်ကိုင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက် အင်အားဖြင့်မရနိုင်။ အများလက်တွဲ ညီညီ ပူးပေါင်းဆောင်ရွက်မှ မြန်မာသည် ကမ္ဘာမှာ ထိပ်ရောက်မည်ဟု မျိုးချစ်စိတ်အရင်းခံ၍ လက်တွဲပူးပေါင်းခြင်း ဖြစ်ကြောင်း"

အမျိုးသားဦးပိုင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြောကြားပါသည်။

အမှုဆောင်အဖွဲ့တွင် ပါဝင်သောသူများမှာ စိတ်တူ ကိုယ်တူဖြစ်ကြသူများဖြစ်ပါသည်။ အဖွဲ့၏ အလုပ်အမှုဆောင် ကော်မတီတွင် ဥက္ကဋ္ဌမှာ ဒေါက်တာ ခင်ရွှေ ဖြစ်လာပါသည်။ အစည်းအဝေးတွင် မဲဖြင့်တင်မြောက်ရာ ၂၂ မဲမှာ ၂၁ မဲဆွတ်ခူးရရှိလျက် ဥက္ကဋ္ဌ အဖြစ် သူးထူးခြားခြား ရွေးကောက်ခံခဲ့ရပါသည်။ သူ၏ တစ်သက်တာ ဘဝ နှိုးသားမှုအခြေခံသော ကြိုးစားမှုနှင့် ဘာသာတရား၏ ဆိုဆုံးမမှု တို့သည် အများ၏ စိတ်ကို သံလိုက်ပမာ ဆွဲဆောင်လျက်ရှိကြောင်း သိသာပါသည်။

အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် သူနှင့် စိတ်တူကိုယ်တူ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြပါသည်။

ဒုတိယဥက္ကဋ္ဌ ဦးဒွေးမြင့် (ယုဇနကုမ္ပဏီ)၊ ဒုတိယဥက္ကဋ္ဌ ဦးအိုက်ထွန်း (ဒိုလ်ပစ်ကုမ္ပဏီ)၊ အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့် (အေးရိပ်မွန်ဆောက်လုပ်ရေးကုမ္ပဏီ)၊ အတွင်းရေးမှူး ဦးဇော်ဝင်း

(အရှက်ဦးဆောက်လုပ်ရေး)၊ အတွင်းရေးမှူး ဦးစိန်သစ် (Tosta Gropu Co., Ltd)၊ ဘဏ္ဍာရေးမှူး ဦးတင့်ဆန်း (ACE Construction)၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသန်းမြင့် (High Rise Construction)၊ စာရင်းစစ်မှူး ဦးကိုကိုထွေး (တော်ဝင်မိသားစုကုမ္ပဏီ) စာရင်းစစ် ဒေါက်တာဇော်ထွန်း (Universal Group)၊ စာရင်းစစ် ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ)တို့ ဖြစ်ပါသည်။

သူတို့သည် တစ်ဦးချင်းအနေထားအားဖြင့် စီးပွားရေး လုပ်ငန်း အောင်မြင်နေသည့် ထိပ်တန်း ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါသည်။

"မြန်မာတို့သည် စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရာတွင် စိတ်ဝမ်းကွဲကြသော အလေ့အထ ရှိသည်ဟု ရှေးကဆိုကြသော်လည်း ယခုအခါ ထိုသို့မဟုတ်ဘဲ စိတ်ဝမ်းညီညီ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍသည် နိုင်ငံ တကာနှင့် ရင်ဘောင်တန်းလာမည်ဖြစ်သောကြောင့် ခေတ်မီတိုးတက်သော နိုင်ငံကြီးအတွက် အမျိုးသားတို့က နိုးနိုးကြားကြားဖြင့် ယခုကဲ့သို့ စိတ်ဝမ်းမကွဲဘဲ လက်တွဲခဲ့ရခြင်းဖြစ်ကြောင်း"

ဒေါက်တာခင်ရွှေက ပြောကြားခဲ့ပါသည်။

♦ ♦ ♦

# အာရှဒေသတွင် စီးပွားရေးနဂါးများ အမောက်ထောင်လျက်ရှိစဉ်
# မြန်မာ့စီးပွားရေးလောက၏ ဆင်ကြီးများ

ဤသို့ဖြင့် မြို့တော်သတင်းစာက ရေးလိုက်သောအခါ ကျွန်တော်လည်း သဘောကျသွားပါသည်။ အများပြည်သူတို့၏ အစုရှယ်ယာဖြင့် အောင်မြင်အောင်လုပ်မည့် ဒေါက်တာ ခင်ရွှေသည် သည်း မြန်မာနိုင်ငံ၏ အောင်မြင်နေသည့် စီးပွားရေး လောက၏ ဆင်ကြီးပင်ဖြစ်ကြောင်း ဝန်ခံရမည်ဖြစ်ပါသည်။

အစုရှယ်ယာလုပ်ငန်း ခေါင်းဆောင် ဒေါက်တာ ခင်ရွှေမှာ စီးပွားရေးဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို နှစ်ကြိမ်တိတိ ကမ္ဘာ့တက္ကသိုလ် ကြီးများက ချီးမြှင့်ခြင်းခံရသူဖြစ်သောကြောင့် နိုင်ငံတကာ စီးပွားရေး လောကတွင် သူသည် မြန်မာကျော်သာမက ကမ္ဘာကျော် ဖြစ်စပြုလာ ပြီ ဖြစ်ပါ သည်။

သံသရာဒါနအဖြစ် သူလှူခဲ့သမျှသော ငွေပေါင်းမှာ အကြမ်း ဖျင်းအားဖြင့် သိန်းပေါင်း (၁၀၀၀၀၀) ကျော်ပြီဖြစ်သကဲ့သို့ စီးပွားရေး လောကတွင်လည်း သူသည် များစွာ အောင်မြင်နေသူဖြစ်ပါသည်။ မြရိပ်ညိုဟိုတယ်၊ ကရဝိက်နန်းတော်၊ ဇေကမ္ဘာဆောက်လုပ်

ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်လုပ်ငန်း၊ ရန်ကုန်စက်မှုဇုန်လုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ ဂေါက်တွင်းလုပ်ငန်း၊ စီးကရက်လုပ်ငန်း စသော လုပ်ငန်းတို့အပြင် မြန်မာနိုင်ငံဆောက်လုပ်ရေးအသင်းတွင်လည်း သူသည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက်ရှိသည်။ ရှင်းပြင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတို့တွင်လည်း သူသည်ပင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက်ရှိပါသည်။ ရှင်းပြင် ယခုလည်း အမျိုးသားဦးပိုင်လီမိတက်တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူလာပြန်သဖြင့် ၂၄နာရီသည် သူ့အတွက် မလုံလောက်၊ နာရီ ၃၀ လောက်မှ လုံလောက်မည်ဖြစ်ပါသည်။

## ဆောက်လုပ်ရေးလုပ်ငန်းဥက္ကဋ္ဌ

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌအဖြစ် သူတာဝန်ယူလျက်ရှိသော သူ၏သက်တမ်းကာလတွင် အသင်းကြီးသည် ထူးထူးခြားခြား အောင်မြင်တိုးတက်လာကြောင်း သက်ဆိုင်သူတို့က ပြောကြားကြပါသည်။

သူ၏လက်ထက်တွင် မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း အဆောက်အဦးကြီးသည်လည်း နိုင်ငံတကာအဆင့်မီ ခမ်းခမ်းနားနားကြီး ထည်ထည်ဝါဝါကြီး ပေါ်ပေါက်လာခဲ့ပါသည်။ နောင်သောအခါ အသင်းကြီး၏ အဆောက်အဦကြီးသည် ဒေါက်တာခင်ရွှေလက်ထက်တွင် စတင်ဖြစ်ထွန်းခဲ့သည်ဟု ဆောက်လုပ်ရေးလုပ်ငန်းသမိုင်းတွင် မှတ်တိုင်တစ်တိုင်ဖြစ်ပေလိမ့်မည်။

အမြင်ကျယ်သူပီပီ သူသည် သူ့လက်ထက်တွင် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းကြီး၏ နှစ်ပတ်လည် အထူးမဂ္ဂဇင်းကြီးကိုလည်း ထုတ်လုပ်စေခဲ့အောင် လှုံ့ဆော်ခဲ့သည်။ ဤသည်မှာလည်း စာနယ်ဇင်းတို့၏ မီဒီယာအကူအညီသည် လုပ်ငန်းရှင်

များအတွက် အရေးပါကြောင်း သူသဘောပေါက်သောကြောင့် ဖြစ်ပါသည်။

## အသစ်ဖွဲ့ခြင်း

အသစ်ဖွဲ့စဉ်က အမျိုးသား စီးပွားရေးဦးပိုင်လီမိတက် ဟု ခေါ်ဆိုခဲ့ပါသည်။ နောင်သောအခါ အမျိုးသားဦးပိုင်ဟု ခေါ်ဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။ ၎င်းနောက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်ဟု ပြောင်းလဲခေါ်ဝေါ်ကြပါသည်။ ရေရှည် ရည်မှန်းချက်များမှာ စီးပွားရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်လိုခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် အများပြည်သူတို့သည် စီးပွားရေးလုပ်ငန်းများတွင် ပိုမို ပါဝင်လာအောင် နှိုးဆော်လိုခြင်းဖြစ်ကြောင်း၊ ၎င်းပြင် ပြည်တွင်း ပြည်ပ ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းများ ဆောင်ရွက်လိုခြင်းဖြစ် ကြောင်း၊ ၎င်းပြင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ၏ အကျိုးစီးပွားများကို အများပြည်သူများ မျှဝေခံစားနိုင်စေရန် ကြိုးပမ်းလိုခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီကို ပြန်လည်အသစ်ဖွဲ့ရကြောင်း သိရပါသည်။ ရည်ရွယ်ချက်ကောင်း သလောက် စေတနာကောင်းသော သူများတို့သည် အမျိုးသားတို့ တိုးပွားဖို့ရန်အတွက် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီတွင် အင်အားစုစည်းကြခြင်း ဖြစ်သည်ဟု သိရပါသည်။

◆ ◆ ◆

# ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်ဟု သက်သေပြလိုက်သော

# **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်**

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်သည် တိုင်းပြည်၏လိုအပ်ချက်အရ ပေါ်ပေါက်ရခြင်းဖြစ်ကြောင်း ဒေါက်တာခင်ရွှေက ပြောကြားပါသည်။

"ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ သိသိသာသာ တိုးတက်လာစေချင်ကြောင်း၊ ၎င်းပြင် တိုင်းပြည်၏ စီးပွားရေး သိသိသာသာ ဖွံ့ဖြိုးတိုး တက်လာစေချင်ကြောင်း၊ ထို့ကြောင့် ဤကဲ့သို့ကောင်းမြတ်သော လုပ်ငန်းများတွင် အများပြည်သူတို့ တစ်ဦးချင်းစီ ပါဝင်စေလိုကြောင်း၊ အကျိုးအမြတ်ကိုလည်း အများပြည်သူတို့ မျှဝေခံစားစေလိုကြောင်း"

ဒေါက်တာခင်ရွှေက ပြောကြားခဲ့ပါသည်။

ဤတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး၏ အဆိုအဆုံးမ

အောက်တွင် ဘဝရှင်သန်လျက် ကြီးပွားတိုးတက်ခဲ့သော ဒေါက်တာခင်ရွှေက ...

"ကျွန်တော်တို့အတွက်တော့ ငွေကြေးဥစ္စာက မလိုတော့ပါဘူး။ လူ့ဘဝ သက်တမ်းအရလည်း သိပ်ပြီး ကြာကြာနေရမှာ မဟုတ်ပါဘူး။ ဒီတော့ ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက်တွေကို မွန်မြတ်တဲ့အမွေ လက်ဆောင်ပေးခဲ့ချင်ပါတယ်။ အဲဒါက စီးပွားရေးလုပ်ငန်း အတွေ့အကြုံများဖြစ်ပါတယ်။ ဒီတော့မှပဲ ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက်တွေအတွက် စီးပွားရေး အနာဂတ်ဟာ ထွန်းပြောင်လာမှာပါ။ နိုင်ငံတကာမှာ ဝင်ဆံ့လာမှာပါ။ နိုင်ငံတကာမှာ ရင်ဘောင်တန်း ယှဉ်ပြိုင်ထိုးဖောက် နိုင်အောင် ကျွန်တော်တို့ အုတ်မြစ်ချကြိုးပမ်းနေတာပါ"

ဟု ပြောကြားခဲ့ပါသည်။

♦ ♦ ♦

# မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ
# ဒေါက်တာခင်ရွှေ၏ သဘောထားအမြင်

မြန်မာနိုင်ငံသား ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏အခန်းကဏ္ဍသည် မြန်မာ့သမိုင်းတွင် အရေးပါသည်ဟု ဆိုနိုင်ပါသည်။

ဒေါက်တာခင်ရွှေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသော အသင်းကြီးသည် ဆဋ္ဌမအကြိမ်မြောက် အသင်းသားစုညီ အစည်းအဝေးကို ၃-၈-၂၀၀၂ စနေနေ့က ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ကျင်းပရာ အိမ်ရာစီမံကိန်းဆိုင်ရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

ရှေးဦးစွာ နှုတ်ခွန်းဆက်စကားကို အသင်းကြီး၏ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြောကြားခဲ့ပါသည်။ ဤသို့ပြောကြားရာတွင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၏ သဘောထားတို့မှာ အသင်းကြီး၏ သဘောထား ဖြစ်သည်သာမက နိုင်ငံသစ်တစ်ခု၏ တည်ဆောက်နေ

သော ကာလအတွင်း ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တို့၏ နိုင်ငံတော်အပေါ် ထားအပ်သော မေတ္တာ စေတနာကိုလည်း တစေ့တစောင်း ရှုမြင်နိုင်သဖြင့် ဒေါက်တာခင်ရွှေ၏ နှုတ်ခွန်းဆက်စကားကို ဖော်ပြမှ သင့်လျော်လိမ့်မည် ထင်ပါသည်။ အောက်တွင် တဆိတ်လောက် ဖတ်ကြည့်စေချင်ပါသည်။

"အတွင်းရေးမှူး (၁) ကိုယ်တိုင် ဂရုတစိုက် စေတနာထားလျက် အနီးကပ် ကြီးကြပ်ပေးခြင်းကြောင့် အသင်း၏ ကျစ်လစ်သော ဖွဲ့စည်းမှု ခိုင်မာသော စည်းလုံးမှုနှင့် စွမ်းဆောင်မှုများမှာ တစ်နေ့တခြား တိုးတက် မြင့်မားလာကြောင်း"

"ယခုဆိုလျှင် အသင်းကြီး၏ စည်းရုံးမှုအောက်တွင် အသင်းသား (၉၀၀) ကျော်အထိ စုစည်းစည်းရုံးလာနိုင်သဖြင့် အသင်း၏စွမ်းဆောင်မှုအား ပိုမိုထက်မြက် မြင့်မားလာသည်သာမက နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ဘာသာ၊ သာသနာရေး၊ လူမှုရေး၊ အားကစား၊ ပညာရေးနှင့် စီးပွားရေး စသည့် နိုင်ငံတော်ဖွံ့ဖြိုးရေး ကဏ္ဍအသီးသီးတွင် နိုင်ငံတော်နှင့်အတူ လက်တွဲလျက် အသင်းကြီးသည် အင်ပြည့် အားပြည့် ပူးပေါင်း ဆောင်ရွက်လျက်ရှိနေပါကြောင်း"

"နိုင်ငံတော်၏ ဘာသာရေး သာသနာရေးဆိုင်ရာ ချီးမြင့် ထောက်ပံ့ခြင်းများ၊ သာသနာ ၂၅၀၀မှ ၅၀၀၀တိုင်တိုင် အရှည်တည်တံ့စေရန် ကြိုးပမ်း ဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များက အများဆုံး

ပါဝင် လျှုဒါန်းခဲ့ပြီး တည်ဆောက်ပြုပြင်မှုများတွင် နိုင်ငံ တော်အပိုင်းက လမ်းညွှန်မှုပြုသည့်အတိုင်း ပါဝင် ကောင်းမှုပြုခဲ့ကြောင်း"

"အားကစားကဏ္ဍ အပိုင်းတွင်လည်း မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌက အနီးကပ် ကြီးကြပ်မှု ပေးလျက်ရှိသဖြင့် အားကစား ကဏ္ဍ အသီးသီးတွင် အထိုက်အလျောက် တိုးတက်မှုရရှိ လာပြီး အလားအလာကောင်းများ တွေ့မြင်နေရပြီ ဖြစ်ကြောင်း"

"မည်သည့်ခေတ်ကာလနှင့်မျှ မတူဘဲ အားကစားနည်းများနှင့် အားကစားသမားများအား ထောက်ခံအားပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ် ကြောင်း။ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင် များအနေဖြင့် အားကစားအဖွဲ့ချုပ်အသီးသီးတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများအဖြစ် တာဝန်ယူလျက်ရှိပြီး လူအား ငွေအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် လျက်ရှိကြောင်း"

"ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်း အမြစ် (Human Resources) များ ဖြစ်ထွန်းစေရန် အဓိက လိုအပ်သော နိုင်ငံတော်ကိုအကျိုးပြုမည့် အသိပညာရှင် အတတ်ပညာရှင် ပညာတတ်များ ပေါ်ထွန်းစေရန် အခြေခံမှအစ အဆင့်မြင့်ပညာ ရေး နယ်ပယ်အထိ အချိုးကျကျ တိုးတက်လာစေ

ရန် ကြိုးပမ်း ဆောင်ရွက်နေမှုများတွင်လည်း မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအနေဖြင့် စာသင်ကျောင်းများ တည်ဆောက်ပေးခြင်း၊ ပညာရေးရန်ပုံငွေမများ ထည့်ဝင် လှူဒါန်းခြင်း အပါအဝင် တစ်တပ်တစ်အား ပံ့ပိုးဆောင်ရွက်မှုများစွာကို နိုင်ငံတော်နှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း"

"မြို့ပြဖွံ့ဖြိုးရေးကဏ္ဍ၌ အခြေခံတည်ဆောက်မှု (Infrastructure) ကဏ္ဍတွင်လည်း ၁၉၈၉ခုနှစ်မှ ယနေ့အထိ ပြည်သူအများ အိုးပိုင် အိမ်ပိုင်ဖြင့် နေနိုင်ရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် *သမ်းပန်းဆက်သွယ်မှု အဆင်ပြေလွယ်ကူစေရေး* အတွက် လူနေအိမ်ရာများ တည်ဆောက်ပေးခြင်း၊ သမ်းတံတားများ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခြင်း အပါအဝင် အခြေခံ တည်ဆောက်မှုများကို ပမာဏကြီးကြီးမားမားဖြင့် နိုင်ငံတော်က ဆောင်ရွက်ပေးလျက် ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း"

"စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ တိုးတက်လာသဖြင့် လူနေမှုအဆင့်အတန်းများလည်း တိုးတက်မြင့်မားလာကြောင်း ယနေ့ဆိုလျှင် ပုဂ္ဂလိကတစ်ဦးချင်း၏ လူမှုဘဝနှင့် ဝင်ငွေအချိုးအစားမှာ ရှေးကထက် များစွာကွာခြားလျက် တိုးတက်မြင့်မားလာသည်ကို တွေ့ရကြောင်း"

"ယင်းအနက် ၁၉၉၈ခုနှစ်တွင် အမျိုးသား

ဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီလီမိတက်ကို အများပိုင် ကုမ္ပဏီသို့ ဖွဲ့စည်းပေးခဲ့ကြောင်း"

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်ကို နိုင်ငံတကာတွင် ထင်ပေါ်လျက်ရှိသော ကုမ္ပဏီစုကြီးများကဲ့သို့ ကုမ္ပဏီကြီးဖြစ်အောင် ဆောက်လုပ်ရေး လုပ်ငန်းရှင်များအား အင်အားဖြည့် ဖွဲ့စည်း၍ ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း"

"ယင်းအဖွဲ့ကို စီးပွားရေးလုပ်ငန်းရှင်များသာမက အများပြည်သူ စုပေါင်းပါဝင်ခွင့်ရှိသည့် အများပိုင်အဖြစ် ထူးခြားသော ဝိသေသများဖြင့် ဖွဲ့စည်းထားကြောင်း"

"တစ်ဦး တစ်ယောက် တစ်ဖွဲ့ တစ်သင်း အတွက်သာ အကျိုးရရှိမှုမျိုး မဟုတ်ဘဲ အများအကျိုးအတွက် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အစုရှယ်ယာများ ခေါ်ယူစုဆောင်း၍ အမြတ်ငွေများ ခွဲဝေခံစားသွားမည်ဖြစ်ကြောင်း"

"အများပိုင် အနေဖြင့် ပုဂ္ဂလိက ကုမ္ပဏီများ ဖြစ်သော National Holding Services Company. National Holding Industrial Company. National Holding Development Company နှင့် National Holding Trading Company စသည့် ကုမ္ပဏီများကို တိုင်းရင်းသား လုပ်ငန်းရှင်များက တစ်ဖက်၊ National Industrial Holding Limited မှ တစ်ဖက်ဖြင့် ဖွဲ့စည်းပြီး နိုင်ငံတော်အကျိုး၊ အမျိုးသားအကျိုးကို ကျယ်ကျယ်ပြန့်ပြန့်

ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ကတိပြုအပ်ပါကြောင်း"

ဖြင့် ရှင်းလင်းတင်ပြပါသည်။

## အသင်းကြီး၏အလှူတော်ငွေ

ဒေါက်တာခင်ရွှေ ဥက္ကဋ္ဌပြုလုပ်သော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် ဖြစ်ပေါ်လာခြင်းသည် နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်ကြောင်းနှင့် တကွ အင်အားအပြည့်ရှိသော ပုဂ္ဂလိက လုပ်ငန်းရှင်တို့၏ မေတ္တာနှင့် စွမ်းအားကို ခေတ်မီနိုင်ငံတော် တည်ဆောက်ရာတွင် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး အဆုံးအမဖြင့် ရပ်တည်လာ ခဲ့သော အသင်းကြီးဖြစ်သဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်ထွန်းကားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သည့် သာသနာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းက လှူဒါန်းသော ငွေသိန်း (၂၀၀)ကို အသင်း ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များက အတွင်းရေးမှူး (၁) ထံသို့ ပေးအပ်လှူဒါန်းပြီး ထိုနေ့က အစည်းအဝေး ပထမပိုင်း အစီအစဉ် ရပ်နားခဲ့ပါသည်။

အစီအစဉ် ရပ်နားခဲ့သော်လည်း ကျွန်တော်၏အတွေးများသည်ကား မရပ်နားနိုင်ခဲ့ပါ။

ဒေါက်တာခင်ရွှေသည် သူရောက်ရာအရပ်တွင် ဘာသာရေး၊ သာသနာရေးအလှူတော်ငွေများကို သူလှူလျှင်လှူ၊ သူမလှူလျှင်

လည်း တစ်ပါးသူတို့လှူချင်အောင်ပြုကြောင်း အကဲခတ်မိပါသည်။

အခါများစွာပင်လျှင် သူသည် အများကိုပါဝင်နိုင်အောင်ဟု သူကပင်လျှင် အလှူတော်ငွေများကို စတင် လှူဒါန်းလိုက်သဖြင့် သူ့နောက်က တစ်ပြုံကြီးပါလာကြောင်း အမြဲတမ်းလိုလို တွေ့မြင်ရပါသည်။ ဤသည်မှာလည်း ခုနစ်ရက်သားသမီးတို့ ကုသိုလ်ကောင်းမှုတို့ အရေး တိုင်းရေးပြည်ရေး စိတ်ဝင်စားအောင် သူကပင်လျှင် လက်တို့ လိုက်ခြင်းဖြစ်ကြောင်း သိရသည်နှင့်အတူ သူ၏အတွင်းစိတ်ကိုလည်း လက်တို့စရာမလိုတော့ဘဲ ကျွန်တော်ကောင်းစွာ အကဲခတ်နိုင်ပါတော့သည်။

◆ ◆ ◆

# ရတနာ့ဆင်ဖြူတော်နှင့် လေးပြင်လေးရပ်မှ

# ဒါယကာဝန်းမောင်နှံများ

ရှေးရှေးတုန်းက စာများတွင် လေးပြင်လေးရပ်မှ သူဌေးကြီး (၄) ဦးဟူသော စကားကို ဖတ်ရှုဖူးပါသည်။ ထိုစကားလုံးသည် ရတနာ ဆင်ဖြူတော်များနှင့်အတူ ပြန်လည်ပေါ်ပေါက်လာခဲ့ကြောင်း သတိထားမိပါသည်။ မြန်မာစကား သမိုင်းကြောင်း စိတ်ဝင်စားသူ တစ်ယောက် အနေဖြင့်လည်းကောင်း၊ ဆင်ဖြူတော်များသမိုင်း ကြောင်း စိတ်ဝင်စားသူ အနေဖြင့်လည်းကောင်း၊ လေးပြင်လေးရပ် သူဌေးများ ဟူသော စကားလုံးကို စိတ်ဝင်စားခြင်းလည်း ပါဝင်သည် ဟု ဆိုချင်ပါသည်။

၂၁-၇-၂၀၀၂ တနင်္ဂနွေနေ့သည်ကား ထူးခြားသော နေ့ တစ်နေ့ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ရတနာ့ဆင်ဖြူတော် ဘွဲ့အမည် နာမံတော်ပေးအပ်ခြင်း နာမကရဏမင်္ဂလာအခမ်းအနား ကျင်းပ ပြုလုပ်ခဲ့သောကြောင့် ဖြစ်ပါသည်။

အစီအစဉ်အရ အခမ်းအနားမှူးက ရတနာဆင်ဖြူတော်၏ သိင်္ဂီမာလာဘွဲ့အမည် နာမံတော်ကို ဖတ်ကြားကြေငြာပါသည်။ ထို့နောက် အောင်သိဒ္ဓိဂါထာတော်များကိုရွတ်ဆို၍ ရတနာဆင်ဖြူတော်ကို သိဒ္ဓိတင်ပေးပါသည်။ မင်္ဂလာငွေခရု သုံးကြိမ်သံပြိုင်မှုတ်ပါသည်။ ထို့နောက် နိုင်ငံတော်အကြီးအကဲတို့က ရတနာဆင်ဖြူတော်အား သိင်္ဂီမာလာဟူသော ဘွဲ့အမည်စာတန်းကို ဖွင့်ချည်ပေးကြပါသည်။

ဆက်လက်၍ လေးပြင်လေးရပ်မှ သူဌေးသူကြွယ် ဇနီးမောင်နှံတို့က ရတနာဆင်ဖြူတော် ရိက္ခာတော်အတွက် အလှူငွေများ လက်ဖွဲ့ကြရာတွင် . . . . .

(၁) မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဇေယျာ ဒေါက်တာခင်ရွှေနှင့် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းကြွယ်တို့ကလည်းကောင်း၊

(၂) သီဟသုဓမ္မ မဏိဇောတဓရ လူမှုထူးချွန် ပထမဆင့် ရွှေသံလွင် ဦးသိန်းဝင်းနှင့် ဇနီး သီရိသုဓမ္မသိင်္ဂီတို့ကလည်းကောင်း၊

(၃) သီရိသုဓမ္မမဏိဇောတဓရ ရွှေပင်ငွေပင် ဦးသန်းထွန်းနှင့် ဇနီး ဒေါ်အေးမြင့်တို့က လည်းကောင်း၊

(၄) သီရိသုဓမ္မမဏိဇောတဓရ စိန်နှင့်စန်း ကုမ္ပဏီပိုင်ရှင် ဦးစိန်လှဝင်းနှင့် ဇနီး ဒေါ်ဖြူဖြူခင်တို့က လည်းကောင်း လက်ဖွဲ့ငွေများ ပေးအပ်ကြပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ခံက လက်ခံပါသည်။

ထို့နောက် နဝရတ်ကိုးပါး၊ နံ့သာရေငါးပါး၊ ပရိတ်ရည်တို့ဖြင့် "သိင်္ဂီမာလာ" ရတနာဆင်ဖြူတော်အား မင်္ဂလာရေစင် သွန်းဖြန်းပေးပါသည်။

ထိုအချိန်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ "သိင်္ဂီမာလာ" ရတနာဆင်ဖြူတော် ဂုဏ်ရည်ပြ မင်္ဂလာဩဘာရတုကို ဖတ်ကြားပါသည်။ "သိင်္ဂီမာလာ" ရတနာဆင်ဖြူတော်အား အစာ

အဟာရများ ကျွေးမွေးပါသည်။

ထို့နောက် ရတနာ ဆင်ဖြူတော် ရှာဖွေရေးအဖွဲ့၊ ရတနာ ဆင်ဖြူတော် သယ်ဆောင်ရေးအဖွဲ့၊ ရတနာဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့၊ ရတနာဆင်ဖြူတော် ကျန်းမာရေး စောင့်ရှောက် ရေးအဖွဲ့နှင့် ရတနာဆင်ဖြူတော်ဆောင် ဆောက်လုပ်ရေးအဖွဲ့ တို့အား ဆုငွေများ ချီးမြှင့်ပေးအပ်ပါသည်။

ထို့နောက် ရတနာဆင်ဖြူတော် ဘွဲ့အမည် နာမံတော် ပေးအပ်ခြင်း၊ နာမကရဏ မင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပါသည်။

ရတနာဆင်ဖြူတော်သည် အဆင်တန်ဆာများဖြင့် ဝတ်ဆင် ထားသဖြင့် အလွန်ပင် ကျက်သရေရှိကြောင်း အများကပြောကြားကြ ပါသည်။ ထို့အတူပင်လျှင် လေးပြင်လေးရပ်မှ ဒါယကာကြီး လေးဦး တို့မှာလည်း အလွန်ပင် ထည်ထည်ဝါဝါရှိလှပါသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့၏ ဒါယကာကြီးများသည် လေးပြင် လေးရပ် ဒါယကာကြီးများစာရင်းတွင် ထိပ်ဆုံးက ပါဝင်လျက် သာသနာ့အကျိုးဆောင်အဖြစ် ရပ်တည်လျက်ရှိပါတော့သည်။

ဤသည်မှာလည်း ရိုးသား၍ ကြိုးစားခဲ့သော သူတစ်ယောက် ဖြစ်သောကြောင့် လူငယ်မျိုးဆက်သစ်များအတွက် အတုယူစရာ ဇာတ်လမ်းတစ်ခုဖြစ်ပါသည်။

◆ ◆ ◆

# ရန်ကုန်မြို့တော်၏ ဦးခေါင်းပိုင်းမှ ထူးခြားသောကုသိုလ်များ

မင်္ဂလာဒုံဥယျာဉ်မြို့တော်သည် ရန်ကုန်မြို့တော်ကြီး၏ ဦးခေါင်းပိုင်းမှာ တည်ရှိသဖြင့် ရန်ကုန်မြို့တော် ဦးခေါင်းပိုင်းမှ ကုသိုလ်များဟု တင်စားရခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့တော်၏ ဦးခေါင်းပိုင်းတွင် စေတီဆင်းတုတော်များ ထူးထူးခြားခြားကြီး ပေါ်ပေါက်လာအောင် စွမ်းဆောင်နိုင်ခြင်းသည် မထူးခြားဟု ဘယ်သူမှ မပြောရဲပါ။ အလွန်ထူးသည်ဟု မြင်ရသူ အပေါင်းတို့က အံ့ဩဝမ်းသာ ပြောဆိုသည်ကိုသာ ကြားရ၍ ကြား၍နေ ရပါသည်။

ဒေါက်တာခင်ရွှေသည် သူဦးဆောင်၍ တည်ထားကိုးကွယ် အပ်သော စေတီတော်များ ဆင်းတုတော်များကို မင်္ဂလာဒုံဥယျာဉ် မြို့တော်သို့ လာရောက်သူတိုင်းအား ကုသိုလ်ဆင့်ပွားရအောင်ဟု မမောနိုင် မပန်းနိုင် ကုသိုလ်ဝေငှနေလေ့ရှိသည်မှာ သူ၏ ထူးခြားမှု ပင်ဖြစ်ပါသည်။

ဒေါက်တာခင်ရွှေနှင့် တွေ့ဆုံတိုင်းပင်လျှင် သူသည် ဘယ်

လောကပင် နေပူစေကာမူ ထီးဆောင်းရန် သတိမရ၊ တည်ထား ကိုးကွယ်အပ်သော စေတီတော်များ အနေအထားကို လှည့်လည် ကြည့်ရှု ပြသလေ့ရှိပါသည်။ အားလုံးကုန်ကျငွေပေါင်း စုစုပေါင်း သိန်း(၃၀၀၀)ကျော် ရှိမည်ဖြစ်ကြောင်း ထပ်ဆင့်၍ သိရပါသည်။

၁၇-၁၀-၂၀၀၂ ခုနှစ်နေ့တွင် ဒေါက်တာခင်ရွှေသည် လုပ်ငန်းခွင်များ အားလုံးလိုလို လက်စသိမ်းပြီဖြစ်သဖြင့် လုပ်အားဒါန ပြုသူအပေါင်းတို့ကို သူ၏ ဇေကမ္ဘာရုံးခန်းအတွင်းသို့ ခေါ်ဆောင်ကာ ဆုငွေများ ပေးကမ်းပါသည်။ ၎င်းတွင် ကျိုက်ထီးဆောင်း ဆရာတော် ဘုရားကြီး၏လက်ရင်းတပည့်များနှင့်တကွ ယောဂီများ အများအပြား ပါကြပါသည်။ ထိုအချိန်တွင် သူပြောကြားသော စကားအချို့မှာ မှတ်သားဖွယ်ရာဖြစ်ပါသည်။ အောက်တွင် ကောက်နုတ်ဖော်ပြပါ သည်။

> "ဘုရားစေတီ တည်ထားခြင်းကိစ္စမှာ ငွေချမ်းသာတိုင်း လုပ်နိုင်သော ကိစ္စမဟုတ်ပါ။ ကုသိုလ်ကောင်းမှု ပါရမီအဆက်ဆက် ပဋ္ဌာန်းဆက် ရှိမှသာ ဆုံဆည်း ကြုံကြိုက်ရခြင်းဖြစ်သည်"
>
> "ဘုရားစေတီ တည်ထားကိုးကွယ်ရန် အခွင့်အရေး ရရှိရန်မှာ မလွယ်ကူပါ။ အလွန် ကုသိုလ်ထူးမှ သာ ပြုခွင့်ရပါသည်။ မြန်မာနိုင်ငံတွင် ထူးခြားမွန်မြတ်သည့် ဆရာတော်ကြီးများနှင့် သာသနာပြုပုဂ္ဂိုလ်ကြီးများ ပေါ်ထွန်းခဲ့၍ တတ်စွမ်း သမျှ သာသနာပြုခဲ့ကြပါသည်"
>
> "ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီး မှာကား အတိတ်ဘဝ ပါရမီအဆက်ဆက်နှင့် ယခု ပစ္စုပ္ပန်မျက်မှောက်ဘဝတွင် ကျင့်ကြံအားထုတ်မှု

တို့ကြောင့် မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာ တော်ကြီး စတင်အခြေချရာ ပွင့်လန်းရာ သထုံ ဒဂုံ သုဝဏ္ဏဘူမိ သာသနာ့အမွေအနှစ်များကို ဖွင့်ဖော် လျက် ယခု တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နေ သည်ကို ကျွန်တော်တို့သည် ကံကောင်း၍ ကြုံကြိုက် ခဲ့ ရပါသည်"

"မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ မြို့ဦးဖြစ် သော မြို့၏ဦးခေါင်းပိုင်းတွင် ယခု တည်ထားကိုးကွယ် လျက်ရှိသော ပုံတော်ပွားဘုရားစေတီ ခြောက်ဆူတို့မှာ ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ လမ်းညွှန်မှု ဩဝါဒများနှင့်အညီ ပြုလုပ်ရခြင်းဖြစ်ပါသည်"

"ဆရာတော်ကြီး၏ သာသနာပြု ကုသိုလ် ကောင်းမှု အစုစုတို့တွင် ခင်ဗျားတို့ ကျွန်တော်တို့ အားလုံး ငွေဒါန၊ လုပ်အားဒါန၊ ပညာဒါန၊ ဝေယျာဝစ္စ ဒါန စသည်အားဖြင့် မိမိကျရာ နေရာမှ ပါဝင် ဆောင်ရွက်ခွင့်ရခြင်းမှာ နည်းနည်းနောနော ကုသိုလ်ကံများ မဟုတ်ကြပါဟု သဘောပေါက်စေ လိုပါသည်။ အတိတ်ပါရမီကလည်းရှိမှ ပစ္စုပ္ပန်ဆက် ကလည်းရှိမှ ပြုလုပ်နိုင်သော ကိစ္စဖြစ်ပါသည်"

"ကျွန်တော်တို့သည် ရှေးဘဝက ကုသိုလ် ကောင်းမှုများရှိခဲ့၍ ယခုကဲ့သို့ ပြုလုပ်နိုင်ကြပါသည်။ နောင်ဘဝအဆက်ဆက်တွင်လည်း ယခုထက်ပို၍ ပို၍ ကုသိုလ်ကောင်းမှုများလုပ်နိုင်အောင် မမေ့ မလျော့ကြဘဲ ဆံတော်ရှင် သာသနာတော်ကြီး သုဝဏ္ဏဘူမိမှာ တစ်ကျော့ပြန် ပြန်လည် ဖွင့်ဖော်

ပေးလိုက်ပြီဖြစ်သော ကျိုက်ထီးဆောင်းဆရာတော် ဘုရားကြီး၏ မေတ္တာ စေတနာ အရိပ်အာဝါသကို ခိုလှုံကြပြီးလျှင် လုပ်ခွင့်ရတုန်း အချိန်အခါလေး မှာ လုပ်ခွင့်ဟူသော စကားကလေးကို စဉ်းစားကြ ပြီးလျှင် နောင်သောအခါ မလုပ်လိုက်ရလေခြင်း၊ မလှူလိုက် ရလေခြင်း၊ ငါတို့ မပါလိုက်ရလေခြင်း စသည်ဖြင့် နောင်တမရကြလေအောင် နောင်တ မရကြစတမ်း ကျွန်တော်တို့ ကြိုးပမ်းကြပါစို့"

◆ ◆ ◆

# အစဉ်အလာကောင်းသော
# မင်္ဂလာဒုံ ဥယျာဉ်မြို့တော်

သုဝဏ္ဏဘူမိတွင် ဂဝံယဉ်ကျေးမှုကြီး တခန်းတနား ထွန်းကားခဲ့ကြောင်း ကျိုက်ထီးဆောင်းဆံတော်ရှင် ဂဝံလက်ရာများသည် သက်သေကောင်းဖြစ်လေသည်။ ကျိုက်ထီးဆောင်းဆရာတော်ဘုရားကို အကြောင်းပြု၍ ကျိုက်ထီးဆောင်းမှ ဂဝံရုပ်တု ဆင်းတုတော်များ ရန်ကုန်မြေသို့ ပထမဦးစွာ ပင့်ဆောင်လာခဲ့သူမှာလည်း မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ကြီး တည်ဆောက်နေသည့် ဒေါက်တာခင်ရွှေပင် ဖြစ်ပါသည်။

ပုဂ္ဂိုလ်ခင်မှ တရားမင်သည်ဟူသော စကားသည် အတော်ကလေး ထိရောက်လေသည်။ အဘယ့်ကြောင့်ဆိုသော် ကျိုက်ထီးဆောင်း ဆရာတော်၏ အန္တေဝါသိကာ တပည့်ကြီးဖြစ်သော ဒေါက်တာခင်ရွှေသည် ဆရာတော်ကြီး၏ ဆံတော်ရှင် သာသနာများ ဖွင့်ဖော်ရာတွင် ကိုယ်ရော စိတ်ပါ ပုံ၍ ပါဝင်ခဲ့ကြောင်း သက်သေကောင်းများရှိခဲ့ပါသည်။ ထို့ကြောင့်ပင် ကျိုက်ထီးဆောင်းက ဂဝံလက်ရာများကို ရန်ကုန်သို့ ရန်ကုန်သားတွေမြင်ဖူးအောင် ပထမဆုံး ငွေကုန် ခံ၍ ပင့်လာသူမှာ ဒေါက်တာခင်ရွှေပင်ဖြစ်ပါသည်။

၁၃၂၆ခု၊ ဝါဆိုလဆန်း (၉)ရက်၊ ၉-၇-၂၀၀၀ပြည့်နှစ်တွင် ဂဝံရုပ်တုတော်များ၊ ဆင်းတုတော်များသည် မင်္ဂလာဒုံဥယျာဉ်မြို့တော်သို့ ဦးစွာပထမ ကြွတော်မူလာပါသည်။ ထိုမှတစ်ဆင့် ရွှေတိဂုံစေတီတော်ကြီး၏ မြောက်ဘက်စောင်းတန်းအနီး တနင်္ဂနွေထောင့်ရှိ ဦးဘရီတန်ဆောင်းတွင် တည်ထားလျက် ထာဝရအပူဇော်ခံမည် ဖြစ်ပါသည်။

၉-၇-၂၀၀၀၊ တနင်္လာနေ့တွင် ကျင်းပသော ကေလာသဆံတော်ရှင် သာသနာ ၅၀၀၀ ရောင်တော်ဖွင့် စီမံချက် အခမ်းအနားတွင် ဒေါက်တာခင်ရွှေမိသားစုတို့သည် မတည်ငွေ သိန်း(၃၀၀) လှူဒါန်းခဲ့ပြီးနောက် ဂဝံဆင်းတုတော်များသည် ရွှေတိဂုံကုန်းတော်ပေါ်တွင် ထာဝရ တည်ထားကိုးကွယ်ရန်အတွက်လည်း ဦးဘရီတန်ဆောင်းကြီးကို ရရှိအောင်လည်းကောင်း၊ ရရှိပြီးနောက် ပြုပြင်မွမ်းမံရန်အတွက်လည်းကောင်း၊ ပြုပြင်မွမ်းမံပြီးနောက် ဂဝံဆင်းတုတော်များ ထာဝရအပူဇော် ခံတော်မူရန်အထိ ဒေါက်တာခင်ရွှေက တာဝန်ယူခဲ့ပါသည်။

ဤသို့ဖြင့် ၁၆-၁၀-၂၀၀၀ပြည့်နှစ် တနင်္လာနေ့ ညနေ ၆နာရီ ၂၅မိနစ်အချိန်တွင် မင်္ဂလာဒုံဥယျာဉ်မြို့တော်တွင် ယာယီစံတော်မူနေသော ဂဝံရုပ်ပွားတော်များနှင့် ဆင်းတုတော်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့်သို့ ပင့်ဆောင်တော်မူလာခဲ့ပါသည်။ ဤသို့ဖြင့် တနင်္ဂနွေထောင့်က ဦးဘရီတန်ဆောင်းကြီးသည်လည်း ထီးဒီပံတန်ဆောင်းကြီးအဖြစ် လူသိများခဲ့လေသည်။

ထိုတန်ဆောင်းကြီး၏ ရှေ့တစ်ဖက်တစ်ချက်တွင် ကျိုက်ထီးဆောင်းမှ ပါရမီရှင်များ ထုလုပ်သော ဂဝံကျားရုပ်ကြီးနှင့် ဂဝံခြင်္သေ့ကြီးကလည်း ဘုရားဖူးများကို ဆွဲဆောင်လျက်ရှိပါသည်။ တန်ဆောင်းထဲတွင်လည်း မဟာအတုလရာဇသုခ ဘွဲ့တံဆိပ် သတော်မူသော

ဂဝံဆင်းတုရုပ်ပွားတော်ကြီးနှင့်တကွ ရဟန္တာဂဝံဆင်းတုတော်များ (၉)ဆူတိတိ အဖူးမြော်ခံ စံတော်မူလျက်ရှိ၏။ သွားရောက်၍ ဖူးမြော်နိုင်ကြပါသည်။ ဖူးတိုင်း ဖူးတိုင်းလည်း ကုသိုလ်ရတိုင်း ရတိုင်း အလှူရှင် ဒေါက်တာခင်ရွှေတို့ မိသားစုလည်း ကုသိုလ်ရနေမည်ဟု မစဉ်းစားဘဲ သိနိုင်ပါသည်။

◆ ◆ ◆

# စေတနာမှန်၍

# ကံကောင်းသူ

ကျိုက်ထီးဆောင်းဆရာတော်ကြီး ရန်ကုန်သို့ကြွလာစဉ်မှာ နှစ်ရက် သုံးရက် ကြာသွားလေသည်။ ထို့ကြောင့် ဆရာတော်ကြီးနှင့် စပ်လျဉ်းသမျှ ဒကာတော်ဖြစ်သော ဒေါက်တာခင်ရွှေမှာ ပါရမီဖြည့်ရန် အပါးတွင် အစဉ်အသင့် နေစမြဲဖြစ်ပါသည်။ ထိုနေ့က ညတော်တော်နက်သောအခါ သူ့ခမျာ ညောင်းသည်ထင်ပါရဲ့။ ဝလွန်းသော ခန္ဓာကိုယ်ကြီးကို တစောင်းကလေးစောင်းကာ နံရံကိုမှီလျက် ဆရာတော်ကြီးကိုအရိုအသေပြုလျက် မနီးလွန်း မဝေးလွန်းနေရာမှာ နေပါသည်။ ထိုအခါ ဆရာတော်က ဒကာလည်း ပင်ပန်းရောပေါ့ မိန့်တော်မူပါသည်။ ထိုအခါမှ ပင်ပန်းသောကြောင့်မဟုတ်။ တင်ပါးတွင် သွေးစုနာကြီးပေါက်နေရာ ပေါက်လျက် ပြည်တစို့စို့ ထွက်နေသောကြောင့်ဟု သိလိုက်ရသောအခါ သူ၏ သည်းခံနိုင်မှုနှင့် ဇွဲကို အံ့ဩမိပါတော့သည်။

ထိုအခါမှ သူလည်း မခံလွန်းနိုင်တော့သဖြင့် ဆေးရုံသို့ တက်၍ ကုရပါသည်။ ညှော်သည်တွေလာလွန်းလို့ နေကောင်းပါ

သည်။ မလာကြပါနှင့်။ သွေးစုနာကြောင့် သိပ်ပြီးညှော်မခံနိုင်ကြောင်း ရင်းနှီးသူများကို ခပ်ရှက်ရှက်နှင့် ဖွင့်ဟပြောရပါသည်။ ထိုအချိန်တွင် ဘာပဲဖြစ်ဖြစ်ဟု သတင်းမေးရအောင် ကျွန်တော်တို့ရောက်သွားပါ သည်။

ထိုအခါ သူက ဝမ်းသာအားရဖြင့် နေပါဦး နေပါဦးဟု အတော်ကြီးမိုးချုပ်သည်အထိ ဆွဲထားပါသည်။ အဘယ့်ကြောင့် ဆိုသော် သူသည် ဆေးရုံမှာနားနေရင်း ဆရာတော်ကြီးနှင့် ယခင် အပတ်က တွေ့ဆုံခဲ့စဉ်က အသံဖမ်းသွင်းယူခဲ့သော ကက်ဆက်ခွေ (၂) ခွေကို သူကိုယ်တိုင်လည်း အကြိမ်ကြိမ်နားထောင်ပြီးဖြစ်ကြောင်း ယခုလည်း ကျွန်တော့်အား နားထောင်စေချင်သဖြင့် သူက အကြိမ် ကြိမ်ဖွင့်၍ ပြပါသည်။

အခွေ(၂)ခွေတွင် တစ်ခုသောအခွေမှာ ဆရာတော်ကြီး၏ ငယ်စဉ်ကအကြောင်းများ၊ ဆရာတော်ကြီး၏ ကျင့်စဉ်များအကြောင်း ဆရာတော်ကြီးကိုယ်တိုင် ပြောကြားချက်များပါရှိပါသည်။ သိဒ္ဓိ မဟိဒ္ဓိ အကြောင်းတို့သာမက မြတ်စွာဘုရားအလိုတော်ကျ အားထုတ်ချက် များတို့ကိုလည်း သိကောင်းစရာ ဟောကြားထားသော အခွေဖြစ်ပါ သည်။ အမှန်မှာ တကူးတကဟောသည်မဟုတ်ပါ။ ဆရာတော်ပြော သည်ကို ကိုကျော်အောင်က အသံသွင်းစက်ကလေး ချထား၍ အသံ ဖမ်းယူထားခြင်းသာဖြစ်ပါသည်။ ထိုအခွေသည်လည်း ဆရာတော်၏ ထေရုပ္ပတ္တိနှင့်ကျင့်စဉ်များပါဝင်နေသဖြင့် အားလုံးအတွက် အထောက် အကူဖြစ်လိမ့်မည်ဖြစ်ကြောင်း သူ၏ သွေးစုနာကလေးကို ခပ်ဖွဖွ ထိုင်ရင်း ကျွန်တော့်အား ပြောကြားသည်ကို ကျွန်တော်ကောင်းစွာ မှတ်မိပါသည်။

နောက်တစ်ခွေမှာ ပို၍ထူးဆန်းပါသည်ဟု သူကပြောပါ သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအခွေမှာ ကျွန်တော့်မှာ အသံဖမ်း

စက်မပါသွားသဖြင့် မဖမ်းယူနိုင်ခဲ့ပါ။ ကိုကျော်အောင်၏ တောင်းမှု ကြောင့် အသံဖမ်းထားသော အခွေဖြစ်ရကား ကျွန်တော့်အား လက်ဆောင်ပေးမည်ဟု သူက သွေးစုနာကို ဂရုမထားနိုင်ဘဲ ပြောနေ ပါသည်။ ကျွန်တော်ကား လူမမာကို အားနာလှပါပြီ။ သို့သော်လည်း သူက အားမနာပါနှင့်ဟု ပြောနေသဖြင့် အားနာ၍မရတော့ပါ။ အတော်ကလေး ညနက်လာပြီ ဖြစ်သဖြင့် နာရီကလေးကို မသိမသာ ကြည့်ရင်း နားထောင်ရပါသည်။

ဒုတိယအခွေမှာ ကျွန်တော့်အတွက် သီးသန့်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် "ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ မောင်ပန်းမွေးရေ" ဟူသော ခေါင်းစဉ်ဖြင့် ဆရာတော်ကြီးကိုယ်တိုင် ဓမ္မပလ္လင်တွင် ဟောကြားတော်မူသော တရားတော်ကြီးဖြစ်ကြောင်း သူက မမောနိုင် မပန်းနိုင် ပြန်၍ ပြောနေပါသည်။ ပြီးတော့လည်း ထိုအခွေ နှစ်ခွေကို ကျွန်တော့်အား အပြီးအပိုင် လက်ဆောင်ပေး လိုက် ပါသည်။

ဩော် . . . သွေးစုနာပေါက်လို့ ဆေးရုံတက်ပြီးနေရတဲ့ လူမမာတစ်ယောက်ဆီ လူမမာသွားမေးလိုက်သောအခါ လူမမာက လူမမာ လာမေးသူကို ဘုရားအကြောင်း တရားအကြောင်း ပြောရ၍ မမောနိုင်မပန်းနိုင် စိတ်ပျော်ရွှင်နေသည်ကို တွေ့ရသောကြောင့် . .

ဩော် . . လောကကြီးမှာ ဒီလိုသဒ္ဓါထက်သန်တဲ့ လူတွေ လည်း ရှိသေးတာကိုးဟု တွေးတောရင်း စေတနာမှန်လျှင် ကံကောင်း မည် ဟူသော စကားကလေးကို အမှိုက်ပွါယ်ဖော်၍ နေမိပါတော့သည်။

◆ ◆ ◆

# ဆေးရုံပေါ်က လူမမာနှင့် ရွှေတိဂုံစနေထောင့်က ဗောဓိပင်

ဒေါက်တာခင်ရွှေမှာ ဆေးရုံတက်သော်လည်း စိတ်က မဖြောင့်။

"မနက်စောစောမှာ ဆရာတော်ကြီး စနေထောင့်မှာ ကြွလာလိမ့်မယ်။ ပြီးတော့ အတွင်းရေးမှူး(၁)က ဗောဓိပင်(၉)ပင် စိုက်လိမ့်မယ်။ သိပ်ထူးဆန်းတယ်။ သိပ်ပြီးတိုက်ဆိုင်တယ်။ ကျွန်တော်တော့ မသွားနိုင်ဘူးဗျာ။ ဒီသွေးစုနာကြီးက"

ဟုပြောရင်း ဒေါက်တာခင်ရွှေသည် ကျွန်တော့်အား စာရွက်တစ်ရွက် ပေးပါသည်။

ထိုစာရွက်မှာ ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ ပြောကြားချက်ဖြစ်ပါသည်။ ဆရာတော်ကြီးပြောသမျှကို ကျွန်တော်က နောက်ကလိုက်၍ ရေးရပါသည်။ ထိုရေးသားချက်မှာ ရွှေတိဂုံ စနေထောင့်က ဗောဓိပင်(၉)ပင်နှင့်စပ်လျဉ်းသော နောက်ကြောင်းများ ဖြစ်ပါသည်။

ထိုအကြောင်းများကို သိရအောင်ဟု စာစီပြီးလျှင် မနက်စောစောရောက်အောင်သွားပြီး ပေးရန်ဖြစ်ပါသည်။ ပြီးတော့ လိုအပ်

လျှင် မိတ္တူစောင်ရေ တစ်ရာ နှစ်ရာလောက်ပွားထားပြီး လိုအပ်သူ အများသိအောင် ဝေငှရန်ဖြစ်ပါသည်။ ထူးခြားရှားပါးသော ဗောဓိပင် ကိုးမျိုးကို ကျိုက်ထီးဆောင်းဆရာကြီးသည် မည်သို့ စုဆောင်းထားရ ကြောင်း၊ မည်သို့ရရှိကြောင်း၊ နောင်လာနောင်သားများ သိရှိစေရန် ဖြစ်ကြောင်း၊ ဆရာတော်ကြီးက အထပ်ထပ်မှာကြောင်း ကျွန်တော့် အား မှာကြားနေပါသည်။

"ကျွန်တော့်ကိုယ်စားသွားပြီးတော့ ဗောဓိ ပင် အခမ်းအနားကို ကြည့်စမ်းပါဗျာ။ ပြီးတော့ ဗောဓိပင်ရဲ့ ထူးခြားပုံတွေကို လူတွေသိအောင် ပြောစမ်းပါဗျာ။ ကျွန်တော်ကတော့ သွေးစုနာက မကျက်သေးတော့ မလိုက်နိုင်ဘူးဗျာ။ ကျွန်တော့် ကိုယ်စား သွားပါဗျာ"

ဟု အထပ်ထပ် မှာကြားနေပါသည်။

ဤတွင် ကျွန်တော်သည် သူ့ကိုယ်စား လွှတ်သဖြင့် သူသည် ဒီလောက်ကြီး သွေးစုနာကြီး ကိုက်ခဲနေလို့ ဆေးရုံတက်ခွဲနေရတာ တောင် လူမမာသွားမေးတာ သွေးစုနာအကြောင်း မပြောဘဲ ကျိုက်ထီးဆောင်း ဆရာတော်ကြီး ရွှေတိဂုံ စနေထောင့်မှာ ဗောဓိပင် (၉) ပင် စိုက်ပျိုးသည့် အခမ်းအနား အဆင်ပြေအောင် စိတ်ပူနေ ကြောင်း သိရသဖြင့် သူ့အစား ကိုယ့်ကိုကိုယ် အားမလို အားမရ ဖြစ်မိပါသည်။

အကယ်၍သာ ကျွန်တော်သည် သူကဲ့သို့ မြန်မာကျော် သူဌေးကြီးတစ်ယောက် ဖြစ်နေခဲ့ပါလျှင် သူကဲ့သို့များ စိတ်ထား ဘာသာ သာသနာအပေါ် ထားမှထားနိုင်ပါ့မလားဟု ကြံကြံဖန်ဖန် တွေးတောနေမိပါတော့သည်။

◆ ◆ ◆

# သဒ္ဒါတရားကို တိုင်းတာနိုင်သော ပြဒါးတိုင်
# သီပွဲဆရာတို့မထွင်နိုင်

အများသိသည့်အတိုင်းပါပဲ။ ဒေါက်တာခင်ရွှေသည် သူလုပ်သမျှ အလုပ်များကို အကောင်းဆုံးလုပ်သည်။ ဒုတိယအကောင်းဆုံး မလုပ်။ ပထမအကောင်းဆုံးကိုသာ သူလုပ်သည်။

> "ဇေကမ္မာသည် သေချာသည်။ ဇေကမ္မာသည် မသေချာလျှင်မလုပ်။ သေချာမှလုပ်သည်"

ဟု ကျိုက်ထီးဆောင်းဆရာတော်ကြီးက ခဏခဏ မိန့်တတ်ပါသည်။

ယခုလည်း ရန်ကုန် မင်္ဂလာဒုံဥယျာဉ်မြို့တော်တွင် ရွှေတိဂုံဆံတော်ရှင်ပုံတော်ပွား၊ ကျိုက်ထီးရိုးဆံတော်ရှင် ပုံတော်ပွား၊ ကျိုက်ထီး ဆောင်းဆံတော်ရှင် ပုံတော်ပွား၊ ကေလာသဆံတော်ရှင် ပုံတော်ပွား၊ ပုဂံမွေ့ရာဇေကပုံတော်ပွားနှင့် မန္တလေး မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ် ပုံတော်ပွားများ တည်ထားကိုးကွယ်ခြင်းကို အများ ပြည်သူတို့အတွက် ဖြစ်သဖြင့် နိုင်ငံတော်အကြီးအကဲများကပင် အကူအညီပေး ခြင်း ဖြစ်သည်ဟု ကြွန်တော်သဘောပေါက်ပါသည်။

၂၂-၉-၂၀၀၂ ခုနှစ် တနင်္ဂနွေနေ့ နေ့လယ် ၁နာရီအချိန်လောက်တွင် အတွင်းရေးမှူး(၁)သည် နိုင်ငံတော်အကြီးအကဲများနှင့်အတူတကွ ကြွရောက်လျက် မင်္ဂလာဒုံမြို့တော်ဦးစေတီတော်များကို ကြွရောက် ကြည်ညိုပြီးလျှင် လိုအပ်သောညွှန်ကြားမှုများကို ပြုလုပ်ခဲ့ပါသည်။

ကံကောင်းထောက်မသဖြင့် ကျွန်တော်လည်း ထိုမြို့တော်ဦးစေတီများကို ဖူးမြော်ရင်း ရောက်ရှိနေခဲ့ပါသည်။

မင်္ဂလာဒုံမြို့တော်ဦးစေတီများမှာ အဝေးကပင် လှမ်း၍ မြင်နိုင်ပါသည်။

အရင်က ကွင်းပြင်ကြီးသည် ယခုအခါ ရွှေဝါရောင် စေတီတော်တွေ နေရောင်အောက်တွင် တောက်ပနေသည်ကို မြင်ရတိုင်း မင်္ဂလာဒုံမြို့နယ်က လူအပေါင်းတို့မှာ မနက်စောစော ဘွားကနဲ တွေ့လိုက်ရလျှင် ရုတ်တရက်ပင် အံ့သြ၍သွားကြောင်း ပြောဆိုကြပါသည်။

ဒေါက်တာခင်ရွှေသည် ရွှေတိဂုံဆံတော်ရှင်ပုံတော်ပွားကို ထုထည်ကြီးမားစွာ တည်ဆောက်ထားခဲ့ပါသည်။ သူ၏ဆန္ဒမှာ တတ်နိုင်သမျှ ပုံတူ ပုံတော်ပွားဖြစ်အောင် ကြိုးစားထားပါသည်။

"ငွေဘယ်လောက် ကုန်ကုန် အရေးမကြီးပါ။ ငွေဆိုတာ ရှာလျှင်ရပါသည်။ ဘုရားတည်သည် ဆိုသည်မှာ ကံကောင်းလွန်းမှ လုပ်ခွင့်ရတာပါ"

ဟု သူကပြောတိုင်း ကျွန်တော်သည် သူ၏သဒ္ဓါကို လေးစားမိပါသည်။

သူသည် သုဝဏ္ဏဘူမိသို့ မြတ်စွာဘုရား ကြွတော်မူလာပုံမှစ၍ ဆံတော်ရှင်များ သမိုင်းနှင့်အတူ သုဝဏ္ဏဘူမိတွင် စတင်အခြေချခဲ့

သော ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်ကြီး၏ ဇာတ်ကြောင်းများကို ထူးထူးခြားခြားဖြစ်အောင်ဟု ပန်းချီဆေးရေးများကို ရုပ်တုရုပ်ကြွများနှင့် ရောကာ ရွှေတိဂုံစေတီတော်ကြီး၏ လိုဏ်ခေါင်းအပေါ် ပိုင်းတွင် အာကာသကြီးသဖွယ်ဖြစ်အောင် ဖန်ဆင်းပြီးလျှင် ဘုရားဖူး တွေ ပို၍ ပို၍ ကြည်ညိုနိုင်အောင်ဟု ကြိုးစားနေကြောင်း တွေ့ရပါ သည်။

သူနားလည်ထားသော တစ်ကျော့ပြန် ဖွင့်ဖော်လာသည့် သုဝဏ္ဏဘူမိ ဆံတော်ရှင်ကြီး၏ သမိုင်းလမ်းကြောင်းကို ယခုခေတ်တွင် ပြန်လည် ဖွင့်ဖော်လာခြင်းကို အလကားနေရင်း ဖွင့်ဖော်ခြင်း မဟုတ်ကြောင်း၊ ဘုရားရှင်အလိုတော်ကျ သာသနာ ၂၅၀၀တစ်ဝက် ၅၀၀၀သို့ ဆက်ရာတွင် သာသနာတစ်ဝက် ဘုန်းသမ္ဘာရှင်တစ်ဆက်ဖြစ်ကြောင်း လုပ်ချင်တိုင်းလုပ်၍ မရကြောင်း၊ စွဲစွဲလန်းလန်းကြီးသည်းသည်းမည်းမည်းကြီး ဝီရိယစိုက်ကာ ပြောဆို၍ ပြောဆို၍သာနေပါတော့သည်။

"ဘုရားဖူးတို့ကလည်း ယခုခေတ်သည် သာသနာတော်ကြီး ရွှေခေတ်မဟုတ်။ စိန်ခေတ်ကြီး ဖြစ်ကြောင်း သဘောပေါက်စေလိုပါသည်"

ဟု သူက ခဏခဏ ပြောပါသည်။

"ဆံတော်ရှင် စေတီတော်များသည် သာသနာ ၂၅၀၀ မတိုင်မီက ချုံနွယ်ပိတ်ပေါင်းများကြားတွင် ညှိုးငယ်စွာစံစားနေရမည်ဖြစ်ကြောင်း၊ သာသနာတစ်ဝက်ကျော်မှသာ ဖွင့်ဖော်နိုင်ခြင်း ဖြစ်ကြောင်း ဘုရားရှင် ကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ်က ဗျာဒိတ်တော်ထားခဲ့ကြောင်း"

ခဏခဏပြောလေ့ရှိပါသည်။ ထို့ကြောင့်လည်း ထိုအကြောင်းကို မမွှသိချင်း စပ်ဆိုသီကုံးသော မန္တလေးသိန်းဇော်ကိုလည်း သူများစွာ အလေးထားပါသည်။

မြို့တော်ဦးစေတီတော်များကို ၁၉-၁-၂၀၀၀ပြည့် ၁၃၆၁ခုနှစ် ပြာသိုလဆန်း(၄)ရက်၊ တနင်္ဂနွေနေ့တွင် ပန္နက်တော်တင်အခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါသည်။ ယခု ၁၀-၁၁-၂၀၀၂ခုနှစ်၊ တနင်္ဂနွေနေ့တွင် ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနား ပြုလုပ်ခဲ့ပါသည်။

အကယ်၍များ မင်္ဂလာဒုံဥယျာဉ်မြို့တော်ဦး စေတီတော်များကို သွားရောက်၍ မဖူးမြော်ဖူးပါလျှင် ဤ၍ ဤမျှ ကြီးကျယ်ခမ်းနားသော ပုံတော်ပွားစေတီတော်(၆)ဆူကို နေ့ချင်း ညချင်းဆိုသလို ပြီးမြောက်အောင် လုပ်ဆောင်နိုင်သော သူ၏ သဒ္ဓါတရား၊ သူ၏ လုံ့လ၊ သူ၏ ဖွဲ့တို့ကို ချီးမွမ်းစရာ အကြောင်းမရှိပါ။

မကြုံစဖူးပါ။ မြင်မှသာ ယုံနိုင်ဖွယ်ရာရှိပါသည်။ လူတစ်ယောက်၏ သဒ္ဓါတရားကို တိုင်းတာနိုင်သော ပြဒါးတိုင်ကို သိပ္ပံဆရာတို့ မတီထွင်နိုင်ကြပါ။

◆ ◆ ◆

# သာသနာ (၂၅၀၀) တစ်ဝက် (၅၀၀၀) သို့ ဆက်နိုင်ရန် ရည်စိတ်သန်၍ ရွှေမိုးငွေမိုးရွာသွန်းဖြိုးခြင်း

ဖိတ်ကြားလွှာကိုမြင်လိုက်ကတည်းက အလွန်ကြီးကျယ်မှန်း သိသာပါသည်။ ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော်ဦး ဇမ္ဗူဥသျှောင် မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံဌာပနာသွင်း အလှူတော်မင်္ဂလာ အခမ်းအနားဖိတ်ကြားလွှာဖြစ်ပါသည်။

ဖိတ်စာမှာ အလွန်ကြီးကျယ်လှပသေသပ်စွာ ပြုလုပ်ထား၍ အထူးစိတ်ဝင်စားမိပါသည်။ အလှူမင်္ဂလာနေရာမှာ ရန်ကုန် မင်္ဂလာဒုံ ဥယျာဉ်မြို့တော် ဇေကမ္ဘာရုံးချုပ်ဖြစ်ကြောင်း၊ မင်္ဂလာအချိန် နံနက် ၁၀နာရီဖြစ်ကြောင်း။ မင်္ဂလာနေ့မှာ ၂၀၀၂ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်၊ တနင်္ဂနွေနေ့ဖြစ်ကြောင်း သိရပါသည်။ အဘယ့်ကြောင့်ဆိုသော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ ကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူပြီး ရန်ကုန်မြို့ မင်္ဂလာဒုံမြို့ တော်ဦး လေးဆူဓာတ်ပုံ ရွှေတိဂုံဆံတော်ရှင်ပုံတော်ပွား၊ မန္တလေး မဟာ မြတ်မုနိပုံတော်ပွား၊ လေလာသဆံတော်ရှင်ပုံတော်ပွား၊ ပုဂံဓမ္မရာဇက ပုံတော်ပွား၊ ကျိုက်ထီးရိုးဆံတော်ရှင်ပုံတော်ပွားနှင့်

ထီးမျှော် နတ်မျှော် တံခွန်တိုင်စေတီတော်တို့ကို ဥာပနာသွင်း အလှူတော်မင်္ဂလာကို ကျင်းပမည်ဖြစ်ကြောင်း သတင်းကောင်းသိရှိရသောကြောင့်ဖြစ်ပါသည်။

သို့ဖြင့် အခမ်းအနားမတိုင်ခင်ကတည်းက အကြိမ်ကြိမ်သွားရောက်လေ့လာပါသည်။ ရောက်တိုင်း ရောက်တိုင်း ထူးထူးခြားခြား သဒ္ဓါစိတ်များ ပွား၍ ပွား၍လာစမြဲ ဖြစ်ပါသည်။

## ဂဝံမုခ်ဦးကြီး

မုခ်ဝမှာ ဂဝံထုထည်ကြီးဖြစ်၏။ ဤမျှကြီးသော ဂဝံမုခ်ကြီးကို ရန်ကုန်မြို့တွင် အလွန်တွေ့ရခဲသည်။ အုတ်တံတိုင်းမှာလည်း အုတ်ရိုးရိုးမဟုတ်ဘဲ ဂဝံကျောက်များဖြစ်နေသည်။ ၎င်းပြင် ကျိုက်ထီးဆောင်း ဆံတော်ရှင် ပုံတော်ပွားကလည်း ဂဝံများထုထည် ကြီးမားစွာဖြင့် တည်ဆောက်ထားကြောင်း တအံ့တဩတွေ့ရသည်။ ဒီလိုလက်ရာမျိုး ရန်ကုန်တွင်တွေ့ရန် သိပ်ခက်လှပါသည်။

မဟာမြတ်မုနိရုပ်ရှင်တော်ပုံတော်ပွား စံတော်မူသည့်ဌာနမှာလည်း မန္တလေးပုံစံအတိုင်းပင် တအံ့တဩဖူးတွေ့ရပါသည်။

## လှူလှုပ်သည့် ထန်းပင်များ

အခမ်းအနားပြင်ဆင်နေကြသော လူတို့မှာလည်း ပျားပန်းခတ်မျှ လူးလာပျံသန်းနေကြပါသည်။ ယခင်က မြေပြင်နေရာတွင် ထန်းပင် ကြီးများ နေ့ချင်း ညချင်းတွေ့ရပါသည်။ ထိုထန်းပင်ကြီးများမှာ အပင်လိုက် စက်အင်အားဖြင့် ရွှေ့ယူစိုက်ပျိုးကြောင်း တအံ့တဩသိရပါသည်။

## နေ့ချင်းစိုက်သည့် မြက်ခင်း

၎င်းပြင် ဘယ်နေရာမှာမှ ဘုရားရင်ပြင်ပုရဝုဏ်တွင် မတွေ့နိုင်သော ဂျပန်မြက်ခင်းစိမ်းများနှင့်တကွ ပန်းပင်များ နေ့ချင်းညချင်း အပြီး စိုက်ပျိုးထားကြောင်း တွေ့ရပါသည်။ စေတနာနှင့် သဒ္ဓါနှင့် ငွေဒါနနှင့် အင်အားကြီးစွာ ပေါင်းစပ်လိုက်သောအခါ ဤ၍ ဤမျှ ကြီးကျယ်ခမ်းနားသော စေတီတော်ပုထိုးတော်ကြီးများ နေ့ချင်းညချင်း ပေါ်လာရခြင်းဖြစ်သည်ဟု စဉ်းစားမိပါသည်။

## ခါတ်ပေါင်းစုံ

အခမ်းအနားပြုလုပ်သော နေ့တွင် ထင်သည်ထက်ပင်ပို၍ ကြီးကျယ်ခမ်းနားကြောင်း တွေ့ရသည်။ 'ဇမ္ဗူဥသျှောင်မြတ်ဘုန်းခေါင် ခါတ်ပေါင်းစုံ' ဟူသော ဘွဲ့တော်မှာ စေတီတော်များနှင့် ရုပ်ပွားတော်များကို ခြုံငုံ၍ ဘွဲ့တံဆိပ်တော်ခတ်နှိပ်ထားခြင်းဖြစ်သည်ဟု သိရပါသည်။

နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဖွင့်ပြီးသည့်နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာ ပဏ္ဍိတ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလဆောက်တည်ကြပါသည်။

၎င်းနောက် ဥာပနာတော်များ ဆက်လပ်လှူဒါန်းကြပါသည်။ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပါသည်။ ၎င်းနောက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တ ပညာဒီပထံမှ အနုမောဒနာနှင့် ရေစက်ချတရားချီးမြှင့်သည်ကို နာယူမှတ်သားကြပါသည်။

## အံ့ဖွယ်

ဥပုသ်ဝင်အချိန်အခါ ဥပနာသွင်းအခမ်းအနားမှာ အများနှင့်မတူ အလွန်ထူးခြားပါသည်။ အဘယ်ကြောင့်ဆိုသော် ဥပနာသွင်းရသော စေတီတော် မြတ်မှာ တစ်ဆူတည်းမဟုတ်ဘဲ (၇)ဆူတိတိ တစ်နေ့တည်း ဥပနာ ခြင်း ဖြစ်သောကြောင့် အလွန်ထူးခြားသည်ဟု ဆိုရခြင်းဖြစ်ပါသည်။ တစ်နေရာတည်းတွင် စေတီတော်ကြီး (၇)ဆူကို တစ်နေ့တည်းမှာ ဥပနာသွင်း အလှူတော်ကြီး ကျင်းပနိုင်သည်မှာ အံ့ဖွယ်ဖြစ်ပါသည်။

ကျိုက်ထီးဆောင်းဆရာတော်ဘုရားမှ ဦးဆောင်ပြီးလျှင် ဥပနာတော်များအား ရွှေတိဂုံစေတီအား လက်ယာရစ်တစ်ပတ် လှည့်လည် ပူဇော်ကြပါသည်။

## ရွှေတိဂုံ ပထမ

ဥပနာသွင်း မင်္ဂလာအခမ်းအနားကျင်းပရာတွင် ဦးစွာပထမ ရွှေတိဂုံ ပုံတော်ပွားဥပနာတိုက်သို့ သတ္တဝါဥာနနှင့် ဓာတ်တော် မွေတော်များ ဥပနာကြပါသည်။ ၎င်းနောက် အောင်မြင်ခြင်း အထိမ်း အမှတ်အဖြစ် ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပါသည်။

## မဟာမုနိ ဒုတိယ

၎င်းနောက် မန္တလေးမဟာမြတ်မုနိပုံတော်ပွားစေတီတော် ဥပနာတိုက်သို့ သတ္တဝါဥာနနှင့် ဓာတ်တော်မွေတော်များ ဥပနာသွင်း ပူဇော်ကြပါသည်။ ၎င်းနောက် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုး ဒုတိယအကြိမ် ရွာသွန်းဖြိုးပါသည်။

## ကေလာသ တတိယ

ဂုဏ်နောက် ကေလာသပုံတော်ပွားစေတီတော် ဌာပနာတိုက်သို့ သတ္တဌာနနှင့် ဓာတ်တော် မွေတော်များ ဌာပနာသွင်း ပူဇော်ကြပါသည်။ ဂုဏ်နောက် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် တတိယ အကြိမ်မြောက် ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပါသည်။

## ကျိုက်ထီးဆောင်း စတုတ္ထ

ဂုဏ်နောက် ကျိုက်ထီးဆောင်းပုံတော်ပွား ဌာပနာတိုက်သို့ သတ္တဌာနနှင့် ဓာတ်တော် မွေတော်များဌာပနာသွင်း ပူဇော်ကြပါသည်။ ဂုဏ်နောက် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် စတုတ္ထ အကြိမ်မြောက် ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပါသည်။

## ကျိုက်ထီးရိုး ပဉ္စမ

ဂုဏ်နောက် ကျိုက်ထီးရိုးဆံတော်ရှင်ပုံတော်ပွား ဌာပနာတိုက်သို့ သတ္တဌာနနှင့် ဓာတ်တော်မွေတော်များ ဌာပနာသွင်းပူဇော်ကြပါသည်။ ဂုဏ်နောက် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ပဉ္စမအကြိမ်မြောက် ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပါသည်။

## ဓမ္မရာဇက ဆဋ္ဌမ

ဂုဏ်နောက် ပုဂံဓမ္မရာဇကပုံတော်ပွားစေတီတော် ဌာပနာတိုက်သို့ သတ္တဌာနနှင့် ဓာတ်တော်မွေတော်များ ဌာပနာသွင်းပူဇော်ကြပါသည်။ ဂုဏ်နောက် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ဆဋ္ဌမ အကြိမ်မြောက် ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပါသည်။

## တံခွန်တိုင် သတ္တမ

ရင်းနောက် ထီးမျှော် နတ်မျှော် တံခွန်တိုင်စေတီတော် ဥာပနာတိုက်သို့ သတ္တဥာနနှင့် ဓာတ်တော်မွေတော်များ ဥာပနာသွင်း ပူဇော်ကြပါသည်။ ရင်းနောက် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် သတ္တမအကြိမ်မြောက် ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပါသည်။

## ရွှေမိုး (၇)ကြိမ်ရွာ

ရွှေမိုး ငွေမိုး တစ်ကြိမ်ရွာသည်ကိုတွေ့ဖူးပါသည်။ ယခုကဲ့သို့ (၇)ကြိမ်တိုင်တိုင် ရွာသွန်းဖြိုးသည်ကိုကား တွေ့ရခဲလှပါသည်။ တစ်ထောင်တန်များ၊ ငါးရာတန်များ စသည်များ အလွန်များပြားလှပါ သဖြင့် ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးသော ပရိသတ်တွေမှာ အချို့အချို့မှာ ငွေငါးသောင်း ခြောက်သောင်းအထိ ရသည်ကိုပင် အံ့စဖွယ်တွေ့ရှိ၍ ဝမ်းသာရပါသည်။

## အံ့ရှိမှ အောင်မည်

အလွန်ခြစ်ခြစ်တောက်ပူသော နေပူထဲတွင် အောင်ပြီ အောင်ပြီဟု မင်္ဂလာကြွေးကြော်ခြင်းများတို့ကို မိုးမြေသိမ့်သိမ့်ကြား နာရသည်မှာ အလွန်အံ့ဖွယ်ဖြစ်သည်။ နေပူသည်ကိုလည်း မမှုဘဲ ငွဲနပဲဖြင့် ကြည်ညို ဖူးမြော်ကြသော ပရိသတ်ကြီးမှာ အလွန်များပြား လှပါသည်။

## မိုးပျံတံတားများ

အထူးခြား ဆုံးအဖြစ် မှတ်တမ်းတင်ရမည်မှာ မိုးပျံပေါင်းကူး တံတားကြီးဖြစ်ပါသည်။ ရွှေတိဂုံပုံတော်ပွား စေတီတော်မြတ်ကြီးသည် မြေပြင်မှ ထီးတော်အထိ (၁၀၈)ပေမြင့်ပါသည်။ ရင်းအပြင် အခြား

သော စေတီတော်များမှာလည်း ဘုရားတော်အတော်ကလေးမြင့်ကြ ပါသည်။

**သဒ္ဓါအစီက**

ထိုထိုသော စေတီတော်၊ ပုထိုးတော်များ (၇)ဆူကို တစ်ဆက်တည်း ပေါင်းကူးတံတားထိုးထားသည်မှာ ဇေကမ္ဘာကုမ္ပဏီ ဖြစ်သောကြောင့်သာ လူအား၊ ဉာဏ်အား၊ ငွေမနေအား တတ်စွမ်းသောကြောင့်သာ ပြုလုပ်နိုင်ခြင်းဖြစ်ပါလိမ့်မည်။ ထိုအချက်တို့ကို ဖြစ်မြောက်အောင် လှုံ့ဆော်မှုသည်လည်း အလွန့်အလွန် ထူးခြားသော သဒ္ဓါတရားဦးဆောင်မှုကြောင့်သာဖြစ်လိမ့်မည်ဟု အားလုံးက တွက်ဆကြပါသည်။

**မော့ကြည့်လိုက်လျှင်**

မိုးတိမ်များကြားတွင် မြင့်မားလှသော ပေါင်းကူးတံတားကြီးများသည် ရွှေတိဂုံပုံတော်ပွား ဌာပနာတိုက်မှတစ်ဆင့် မဟာမြတ်မုနိပုံတော် ပွားဆီသို့ ထိုးထားသည်။ တစ်ဖန် တစ်ဆက်တည်းမှာပင် ကေလာသ ဆံတော်ရှင်ပုံတော်ပွားသို့ ပေါင်းကူးတံတားကြီး ထိုးထားပြန်သည်။ ထိုမှတစ်ဆင့် ပေါင်းကူးတံတားကြီးသည် ကျိုက်ထီးဆောင်းပုံတော်ပွားသို့ ထပ်ဆင့်၍ ထိုးထားပါသည်။ ထိုမှတစ်ဆင့် ပေါင်းကူးတံတားသည် ကျိုက်ထီးရိုးပုံတော်ပွားသို့ ထပ်ဆင့်၍ ထိုးထားပါသည်။ ထိုမှတစ်ဆင့် ပေါင်းကူးတံတားသည် ဓမ္မရာဇကပုံတော်ပွားသို့ ထပ်ဆင့်၍ ထိုးထားပါသည်။

**ထူးခြားသော မြင်ကွင်း**

မော့ကြည့်လိုက်လျှင် တအံ့တဩမြင်တွေ့ရမည်ဖြစ်သော

ပေါင်းကူးတံတားပေါ်တွင် ကျိုက်ထီးဆောင်းဆရာတော်က ဦးဆောင်၍ ဘုရားဒကာ အပေါင်းတို့က စေတနာရှင်များခြံရံလျက် ထိုမြင့်မြင့်မားမား ပေါင်းကူး တံတားပေါ်မှပင် တစ်ထောင်တန်တွေ၊ ငါးရာတန်တွေ ပလူပျံနေအောင် ရွှေမိုး ငွေမိုးရွာနေသော မြင်ကွင်းကြီးကိုမြင်ရသည်ကပင်လျှင် အံ့သြစရာဖြစ်လောက်ပါသည်။

## မိုးတိမ်ကြားမှာ

မိုးတိမ်များကြားတွင် ငှက်ကလေးများကဲ့သို့ ပျံသန်းနေကြသော ငွေပဒေသာတို့သည် ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်ကြီး ထွန်းကားလျက်ရှိသော မြန်မာနိုင်ငံတော်ကြီးတွင် တစ်ကျော့ပြန် ဖွင့်ဖော်လျက်ရှိသော သုဝဏ္ဏဘူမိဆံတော်ရှင်များ သာသနာတော်ကြီးနှင့် တကွ သာသနာ ၂၅၀၀မှ ၅၀၀၀သို့ ဆက်လျက်ရှိသော ယခုခေတ် သာသနာတော် စိန်ခေတ်ကြီးတွင် သာသနာရောင်ဝါ ကမ္ဘာပျံ့နှံ့မည့် အတိတ်ဆောင်သည့်နိမိတ်ဖြစ်ကြောင်း စဉ်းစားရင်း တွေးတော ကြည်ညိုမိပါသည်။

## အမျှဝေသံ သာဓုခေါ်သံ

အမျှဝေသံများတို့နှင့်တကွ သာဓုခေါ်သံတို့ အကြိမ်ကြိမ် အဖန်ဖန် ကြားနေရသည်ကပင်လျှင် ခြစ်ခြစ်တောက်ပူလျက်ရှိသော နေမင်းကိုပင် အာခံလျက် သာသနာတော်ကြီးအတွက် သဒ္ဓါ ယုံကြည် ကြည်ညိုစိတ်ရှိကြသော ပါရမီရှင်အပေါင်းတို့အတွက် နှစ်ထောင်း အားရ ဂုဏ်ယူမိပါသည်။

◆ ◆ ◆

# အမျှဝေသ သာစုခေါ်သံနှင့်တကွ
# နိဂုံးအမှာစကား

ယခုအထိ ရေးခဲ့သမျှတို့သည် အမှန်ပင်ဖြစ်ပါသည်။ ဤစာကိုရေးရာတွင် သူဌေးတစ်ယောက်၏ အပေါ်ယံကြောကိုကြည့်၍ ရေးခြင်း မျိုးမဟုတ်ပါ။ အတွင်းသဘောကို အရင်းကျကျ သိပြီးမှသာလျှင် ရေးသင့်ရေးထိုက်သောကြောင့် ရေးလိုက်ခြင်းဖြစ်ပါသည်။ မသိသည်ကို မရေးပါ။ သိသည်ကိုသာ ရေးပါသည်။ မဟုတ်သည်ကို မရေးပါ။ ဟုတ်သည်ကိုသာ ရေးပါသည်။ အတုယူစရာကိုသာ ရေးပါသည်။ အတုမယူစရာကို မရေးပါ။ ကောင်းမှုမြတ်နိုး ကောင်းအောင်ကျိုးဖို့အတွက် ဖြစ်ပါသည်။

## မျိုးဆက်သစ်တို့အတွက်

ဤစာကို ဖတ်၍ မျိုးဆက်သစ် လူငယ်များတို့သည် အမျိုးဘာသာ၊ သာသနာအပေါ် မိမိတို့ စွမ်းအားရှိသမျှ ထောက်ပံ့ကြမည် ဆိုလျှင် ယနေ့တည်ဆောက်နေသော နိုင်ငံသစ်ကြီးလည်း မုချအောင်မြင် ရမည်ဖြစ်ပါသည်။

## ရေးခွင့်ကြုံ

ဒေါက်တာခင်ရွှေ၏ အနီးကပ်လေ့လာချက်များမှာ တော်ရုံတန်ရုံ သိဖို့မလွယ်ပါ။ ထို့အတူ အကဲခတ်ဖို့လည်း မလွယ်ပါ။ ကျွန်တော်ကား ကံကောင်းထောက်မစွာ ကျိုက်ထီးဆောင်းသာသနာတော်ကြီးတွင် ပါဝင်ခွင့်ရသဖြင့် သိခွင့်ရခြင်း ဖြစ်ပါသည်။

## သာသနာအတွက်

ဒေါက်တာခင်ရွှေသည် ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး ဖွင့်ဖော်လျက်ရှိသော သုဝဏ္ဏဘူမိ ဆံတော်ရှင် သာသနာတော်ကြီး အရှိန်အဟုန်ဖြင့် သာသနာ ၂၅၀၀တစ်ဝက် ၅၀၀၀ သို့ ဆက်ရန် ရည်စူးလျက်ရှိသမျှ လူအင်အား ငွေအင်အားဖြင့် သာသနာပြုသည်ကို လူသိသောအခါလည်း ရှိ၏။ လူမသိသောအခါလည်းရှိ၏။

## မှတ်တမ်း

မှတ်တမ်းတင်ထားသော ကိစ္စများလည်းရှိ၏။ မှတ်တမ်းမဝင်လိုက်သော ကိစ္စများလည်းရှိ၏။ လူသိ သူသိ အားလုံးသိ လှူသော အလှူများလည်း ရှိ၏။ လူမသိ သူမသိဘဲ နတ်တွေသာသိသော အလှူ တွေလည်း အများ ကြီးရှိ၏။

## ပါရမီ လူမသိ

သူသည် မိမိလှူသမျှကို လိုက်၍ ကြွားနေသူတစ်ယောက် မဟုတ်ပါ။အလှူငွေထုပ်ကြီး ဘုတ်ကနဲလှူလိုက်မှသာလျှင် ထိုငွေထုပ်သည် သူလှူလိုက်သော ငွေထုပ်ကြီးဖြစ်ကြောင်း သိရပါတော့သည်။ ကြို၍လည်း မသိရပါ။

## သဒ္ဓါရှေ့ဆောင်

လှူမည်ဟုလည်း ပြောလေ့မရှိပါ။ သဒ္ဓါပေါက်သောအချိန်တွင် သဒ္ဓါပေါက်သလောက် လှူလိုက်ပါသည်။ ပြီးတော့ လှူရန်နောက်တစ်ခု ရှာပြန်ပါသည်။ ဤသို့ဖြင့် ပညာရေးလောကတွင်လည်းကောင်း၊ အားကစားလောကတွင်လည်းကောင်း၊ စီးပွားရေးလောကတွင်လည်းကောင်း၊ ကြီးပွားရေးလောကတွင်လည်းကောင်း သူမလှူဘူးသော အလှူ မရှိသလောက် ဖြစ်ပါသည်။ အထူးသဖြင့် ဘာသာရေးလောကတွင်ကား သူသည် အလွန်အကြူး အထူးခြားဆုံး

လျှာဒါန်းနေသူတစ်ယောက် ဖြစ်ပါသည်။

## သူ့ဘာကြောင့် ချမ်းသာသလဲ

သူရရှိသော ငွေများသည် နိုင်ငံတော်၏ ကျေးဇူးကြောင့် ရရှိ ခြင်းဖြစ်သည်။ ကိုယ်ပိုင်အရည်အချင်းမှာ သူ၏ ဇွဲ လုံ့လနှင့် ရိုးသားမှု၊ ကြိုးစားမှုတို့သာဖြစ်ပါသည်။

## ရိုးရိုးကြီး

သူသည် အလှူအတန်းဆိုင်ရာ ဂုဏ်ထူး ဘွဲ့ထူးများလည်း အများကြီး အများကြီး ရထားပါသည်၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု များလည်း အများကြီး အများကြီး ရထားပါသည်။ စီးပွားရေး ထူးချွန်မှုတွင်လည်း ကမ္ဘာ့တက္ကသိုလ်များက ဘွဲ့ထူးဂုဏ်ထူးတွေ အကြိမ်ကြိမ် ချီးမြှင့်ထားခံရသူ ဖြစ်ပါသည်၊ သို့သော်လည်း သူသည် အနေရိုး၏။ စိတ်ကလည်း ရိုး၏။ သို့သော် ရိုးလျက် ခေတ်ရှေ့ပြေး သူ ဖြစ်၏။

## နောင်တမရကြေး

သူ့တွင် မေတ္တာရှိ၏။ ပြီးတော့ သစ္စာလည်းရှိ၏။ ပြီးတော့ သူ့ တွင် သီလရှိ၏။ သမာဓိရှိ၏။ ပညာရှိ၏။ ထိုသုံးပါးကိုအခြေခံ၍ သူသည် နိုင်ငံတော်၏ကောင်းမှုကြောင့် ရရှိလာသော ငွေများကို နိုင်ငံတော်၏အကျိုးအတွက် လည်းကောင်း၊ ဘာသာ သာသနာ၏ အကျိုးအတွက် လည်းကောင်း ကုန်သွားပါစေ နောင်တမရကြေးဟု ခံယူထားသောသူလည်းဖြစ်ပါသည်။

## နွံ့ထဲကကြာ

သူသည် ငယ်စဉ်က ဆင်းရဲပင်ပန်းစွာ မိဘကိုလုပ်ကျွေးရင်း ကျောင်းနေခဲ့ရ၏။ သို့သော်လည်း သူသည် နွံ့ထဲက ကြာတစ်ပွင့်ဖြစ် လာခဲ့၏။

## ငွေ (၁၀၀၀) နှင့် ကျေးဇူးတော်သား

ဤသို့ဖြင့် ရန်ကုန်လာစဉ်က သူ့တွင် ငွေ (၁၀၀၀)သာ ပါလာခဲ့၏။ ယခုသူချမ်းသာသမျှတို့သည် နိုင်ငံတော်၏ကျေးဇူးကြောင့် ဖြစ်ကြောင်း သူက အမြဲဝန်ခံလေ့ရှိသည်။ ထို့ကြောင့်ပင် နိုင်ငံတော်က ဦးဆောင်လျက်ရှိသော အမျိုးဘာသာ သာသနာကိစ္စတို့အတွက် သူသည် နောက်မဆုတ်တမ်း ဦးဆောင်လှူဒါန်းနေသူလည်း ဖြစ်ပါသည်။

## ကောင်းမှုမြတ်နိုး

မျိုးဆက်သစ်များသည် သူ့ထံမှ နာခံမှတ်သားစရာ မြောက်မြားစွာရှိပါသည်။ ခေတ်ပြိုင် လူကြီးလူငယ်များတို့သည်လည်း သူ့ထံမှ နည်းယူစရာတွေ မြောက်မြားစွာရှိပါသည်။ ထိုအချက်တို့ကို ဤစာကို ဖတ်၍ ကောင်းသောအတုကို ယူစေချင်ပါသည်။

## အကောင်းအဆိုး

ဒေါက်တာခင်ရွှေ၏ အကောင်းဟူသမျှကိုသာ ရေးထားသည်။ သူ့တွင် အဆိုးများကော မရှိတော့ဘူးလားဟု စာဒကတက်ကောင်းတက်ပါလိမ့်မည်။

## ကျွန်တော့်သဘောထား

ကျွန်တော်သည် အများ ပရိသတ်အတုယူစရာကောင်းသော အချက်များကိုသာ ထုတ်နုတ်၍ သာသနာပြု ရေးသားပါသည်။ ကျွန်တော်သည် သန်းခေါင်စာရင်းကောက်သူလည်း မဟုတ်ပါ။ ၎င်းပြင် သူ၏ အကောင်းအဆိုးကို ဆုံးဖြတ်မည့် ယမမင်းကြီးလည်း မဟုတ်ပါ။

## ဒါနသူဌေးကြီး

ကျွန်တော်သည် ခေတ်ပြိုင်ကာလတွင် ပေါ်ပေါက်ခဲ့သော

ဒါနသူဌေးကြီးတစ်ဦး၏ ဒါနခန်းများကိုသာ နောင်လာ နောင်သားတို့ သိအောင် မှတ်တမ်းတင်သူဖြစ်ပါသည်။ ထို့ကြောင့် စာရင်းစစ် တစ်ယောက်ကဲ့သို့ အသေးစိတ် မတင်ပြနိုင်ပါ။

## အတုခိုးစရာ ရုပ်ပုံလွှာ

သူ၏ ရုပ်ပုံလွှာထဲတွင် သူ၏ ဖွဲ့ လုံ့လတို့ကို အတုခိုးရပါမည်။ သူ၏ ရိုးသားမှု၊ ကြိုးစားမှုကို အတုယူရပါမည်။ သူ၏ အမျိုးဘာသာ သာသနာအတွက် စွမ်းဆောင်ပုံတို့ကို အတုယူရပါမည်။ သာသနာ တော်ကြီး ဖွံ့ဖြိုးရန်အတွက် အသက်ဇိုးအိမ် စည်းစိမ်ပုံ၍ ယုံထားပုံ တို့ကို အတုခိုးရပါမည်။

## နိုင်ငံတော်ကျေးဇူး

သူ၏ နိုင်ငံတော်အပေါ် ကျေးဇူးဆပ်ပုံတို့ကို အတုခိုး ရပါ မည်။ သူ၏ မိဘဆွေမျိုးအပေါင်းအသင်းများပေါ်တွင် ကျေးဇူး သိတတ်ပုံတို့ကို အတုယူရပါမည်။

## မေတ္တာ သစ္စာ

သူ၏ အလုပ်အကိုင်၊ အပေါင်း အသင်းများအပေါ် မေတ္တာ ထားပုံ၊ စေတနာထားပုံ၊ ခွင့်လွှတ်တတ်ပုံ၊ ကရုဏာထားပုံ၊ မုဒိတာ ထားပုံတို့ကို အတုယူရပါမည်။

## သူဘယ်လိုလူလဲ

ဤသို့ ဤသို့ဖြင့် သူ့တွင် အတုယူစရာတွေ ရှိပါသည်။ ထို အတုယူစရာများပေါ်လွင်အောင် သူ၏ စိတ်နေစိတ်ထား ရုပ်ပုံလွှာ ကိုပေါ်အောင်ကိုသာ ကျွန်တော် ကြိုးစားအားထုတ်ပါသည်။

## မိဘလုပ်ကျွေးသူ

ဤသို့ဖြင့် သူသည် ဖခင်က စွန့်ပစ်သွားသော်လည်း ကံ ဉာဏ် ဝီရိယကိုအားကိုးခဲ့သော လူတစ်ယောက်ဖြစ်၏။ သူသည် ငွေ(၁၀၀၀) တည်းနှင့် ရန်ကုန်သို့ တက်လာခဲ့ပြီးလျှင် ယခုအခါ ရွှေရတနာ ငွေရတနာ ကုဋေကုဋာတို့ဖြင့် ဝေဝေဖြာနေသူဖြစ်၏။

## ရိုးသား ကြိုးစား

သူသည် ဆင်းရဲမွဲတေသောဘဝမှ ရိုးသားမှုဖြင့် ကြိုးစားခဲ့သူ ဖြစ်၏။ သူသည် မိဘကိုလုပ်ကျွေးခဲ့သူဖြစ်၏။

## ချစ်တတ်သူ

သူသည် ဆရာသမားများကို ရိုသေသူဖြစ်၏။ သူသည် အမျိုးဘာသာ သာသနာကို ချစ်ပါသည်ဟုမပြောဘဲ ချစ်နေသူဖြစ်၏။

## ကျေးဇူးသိသူ

သူသည် နိုင်ငံတော်ကို ကျေးဇူးဆပ်သောအားဖြင့် ယခု (၂၀၀၀) ခုနှစ်အထိ ငွေသိန်းပေါင်း (၁၅၀၀၀)ကျော်ကို အမျိုး၊ ဘာသာ၊ သာသနာအတွက် လှူဒါန်းခဲ့သူဖြစ်၏။ သူသည် အလုပ် သမားပေါင်း (၅၀၀၀) ကျော်ကို နေ့စဉ် ထမင်းကျွေးနေသူဖြစ်၏။

## စာတွေ့မဟုတ်

သို့သော်လည်း သူသည် ကြွားကြွားဝါဝါမနေ။ ရိုးရိုးကလေး နေ၏။ သူ့ငွေးဆိုတော့လည်း မမြင် ဘူးလျှင်မသိ။ မြင်ဘူးသူမှသိ၏။

သူ၏ စိတ်၏ ရိုးသားဖြောင့်မတ်မှုကို လည်းကောင်း၊ လူ၏ မေတ္တာ ကရုဏာ မုဒိတာ ရှိမှုကိုလည်းကောင်း အခြေခံ၍ မျိုးဆက် သစ်များသည် သူကဲ့သို့ ကြိုးစားရန် (သို့မဟုတ်) သူ့ကို အခြေခံ၍

သူ့ထက်ပို၍တော်သော မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရန် (သို့မဟုတ်) သူ့ထက်ပို၍ နိုင်ငံတော်ကိုကျေးဇူးဆပ်နိုင်သော သူများ ပေါ်ပေါက်လာစေရန် (သို့မဟုတ်) သူ့ကို အားကျ၍ အမျိုးဘာသာ သာသနာ၏အကျိုးကို သူ့ထက်ပို၍ သယ်ပိုးနိုင်စေရန် မျိုးဆက်သစ်များအား စာတွေ့ ငါတွေ့အသိများကို ပေးလိုသဖြင့် ဤစာကို ရေးရခြင်းဖြစ်ပါသည်။ မျိုးဆက်သစ်များတို့သည် ဤစာကို ဖတ်၍ ဒါနသူဌေး၊ သီလသူဌေး၊ ပညာသူဌေး၊ စေတနာသူဌေးများ ဖြစ်နိုင်ကြပါ စေသတည်း။ နိုင်ငံတော်၏ အကျိုးကို သယ်ပိုး ဆောင်ရွက်ကျေးဇူး ဆပ်နိုင်ကြပါစေသတည်း။ အမျိုး၊ ဘာသာ၊ သာသနာကို ပလ္လင်ဆောက်၍ ဂုဏ်မြှောက်နိုင်ကြပါစေသတည်းဟု ရည်ရွယ်ရင်း သစ္စာမှန်ပါသည်။ ဤမှန်သော သစ္စာစကားကြောင့်၊ ဤမှန်သော သစ္စာစကား၏ တန်ခိုး တေဇော်အာနုဘော်ကြောင့် . . . . . .

. . . . . . . . . . .

**မောင်ပန်းမွေး**